## မင်းကွန်း

# ဝိပဿနာဒီပနီ

သာသနာ့အလင်းစာပေဌာန

အမှတ်-၈၆၊ ရွှေတိဂုံဘုရားကြီးဈေး၊ ရန်ကုန်

မင်းကွန်း–ပဋိပတ္တိသာသနာပြု

''ကျိုက္ကစံ ဦးပဏ္ဍိစမ္မ-ဆရာကြီး ဦးမြတ်ကျော်''

ရေး

# ဝိပဿနာဒီပနီ

မူလ-မင်းကွန်းဇေတဝန်ဆရာတော်ဘုရားကြီး

ထည့်သွင်း၍ ပြင်ဆင်၍

မင်းကွန်းတိုက်အုပ်

မအူပင်–ငါးကြီးဂရက်–ဆရာတော်

အရှင်ဝါယမ

ကြီးကြပ်ပြင်ဆင်သည်။

ဒုတိယအကြိမ် ပုံနှိပ်ခြင်း

သက္ကရာဇ် ၁၃၁၇-ခုနှစ်

( မူပိုင်-မှတ်ပုံတင်ပြီး )

**သာသနာ့အလင်း စာပေဌာန**

အမှတ် ၇၆-ရွှေတိဂုံဘုရားကြီးဈေး-ရန်ကုန်

ခေတ်-စာပုံနှိပ်လုပ်ငန်း၊ အမှတ်-၉၀၊ ကွမ်းခြံတန်း၊ ကြည့်မြင်တိုင်၊



သာဂရပြည်–ယိုဒယားပြည် နှင့် မြန်မာပြည်-မြို့ နယ်အရပ်ရပ်၌
ပဋိပတ္တိ သာသနာတော်မြတ်ကို ပြုစုဟောပြတော်မူသော

ဓမ္မကထိက ကျိုက္ကစံ–ဦးပဏ္ဍိဓမ္မ ပုံတော်။

# မာတိကာ

ဦးရေနံပါတ် — စာမျက်နှာနံပါတ်

## မူလကဏ္ဍ


၁ ရတနတ္တယ ပဏာမစသည်ကို ပြဆိုခြင်း.... .... ၁
၂ နိဗ္ဗာန်သွား ခရီးလမ်းကို ခွဲခြား၍ ပြဆိုခြင်း .... ၃
၃ သာသနာ ၃-ရပ်ကို သိမှတ်ရန် ပြဆိုခြင်း.... .... ၇
၄ ဒေသနာနည်း ၃-ပါးကို စဉ်းစားရန် ပြဆိုခြင်း .... ၁၀
၅ စာတတ်သူ,မတတ်သူတို့၏အထူးကို ပြဆိုခြင်း .... ၁၃
၆ ဒါန,သီလနှင့်,ဘာဝနာအရကို ပြဆိုခြင်း.... .... ၁၈
၇ သီလ၏သဘောသွားကို မှတ်သားရန် ပြဆိုခြင်း .... ၂၀
၈ သမာဓိနည်းလမ်းကို ခွဲခြမ်း၍ ပြဆိုခြင်း.... .... ၂၃


## ဝိသောဓနကဏ္ဍ


၉ ပဋိပဒါ ၄-ပါးကို မှတ်သားရန် ပြဆိုခြင်း .... ၂၇
၁၀ ပလိဗောဓ ကြီး,ငယ်ကို သိလွယ်ရန် ပြဆိုခြင်း .... ၃၀
၁၁ သပ္ပါယ ၇-ပါးကို မှတ်သားရန် ပြဆိုခြင်း .... ၃၃
၁၂ အန္တရာယ် ၅-တန်ကို ဝေဘန်၍ ပြဆိုခြင်း .... ၃၄
၁၃ ပဓာနိယင်္ဂ ၅-ပါးကို ခွဲ၍ ပြဆိုခြင်း .... .... ၃၉
၁၄ ကျောင်းအင်္ဂါ ၅-ပါးကို မှတ်သားရန် ပြဆိုခြင်း .... ၄၀
၁၅ အပရိဟာနိယ ၇-ပါးကို မှတ်သားရန် ပြဆိုခြင်း .... ၄၃
၁၆ ဆရာစစ်,ဆရာမှန်ကို ကျမ်းဂန်နှင့် ပြဆိုခြင်း .... ၄၆
၁၇ ဆရာ၏ဂုဏ်ကျေးဇူးကို သိသာရုံ ပြဆိုခြင်း .... ၄၈
၁၈ ကမ္မဋ္ဌာန်းတောင်းရပုံကို အမြွက်မျှ ပြဆိုခြင်း .... ၅၂


## ဘူမိကဏ္ဍ


၁၉ ပရမတ်ရုပ်နာမ်ကို သိမှတ်ရန် ပြဆိုခြင်း.... .... ၅၄
၂၀ ခန္ဓာ ၅-ပါးကို မှတ်သားရန် ပြဆိုခြင်း .... .... ၅၈
၂၁ အာယတန ၁၂-ပါးကို ခွဲခြား၍ ပြဆိုခြင်း .... ၆၂
၂၂ ဓာတ် ၁၈-ဖြာကို ရှင်းလင်းစွာ ပြဆိုခြင်း .... ၆၅
၂၃ ဣန္ဒြေ ၆-တန်ကို ဝေဘန် ပြဆိုခြင်း .... .... ၆၉
၂၄ သစ္စာလေးထွေကို ခွဲဝေ၍ ပြဆိုခြင်း .... .... ၇၂
၂၅ ပဋိစ္စသမုပ္ပါဒ်ကို သိမှတ်ရန် ပြဆိုခြင်း .... .... ၇၈

# မာတိကာ

ဦးရေနံပါတ် | စာမျက်နှာနံပါတ်


၂၆ ပရမတ္ထနှင့် အဝိနိဗ္ဘောဂ စသည်တို့ကို ပြဆိုခြင်း .... ၈၃
၂၇ လက္ခဏာရေး ၃-ပါးကို မှတ်သားရန် ပြဆိုခြင်း .... ၈၇
၂၈ ကိလေသာအရပ်ရပ်ကို ပေါင်းစပ်၍ ပြဆိုခြင်း .... ၉၀

## အာရမ္ဘ ကဏ္ဍ

၂၉ ၆-ဒွါရ,အာရုံ၌ ဝိပဿနာရှုမှတ်ပုံကို ပြဆိုခြင်း .... ၉၃
၃၀ ရှုမှတ်သော အာရုံ,ဒွါရ သဘာဝ ပါဝင်ပုံကို ပြဆိုခြင်း ၉၆
၃၁ သတိပဋ္ဌာနနှင့် ဝိပဿနာပုဒ်အရကို ပြဆိုခြင်း .... ၁၀၁
၃၂ သတိပဋ္ဌာန ဥဒ္ဒေသနှင့် အာနာပါနပဗ္ဗကို ပြဆိုခြင်း ၁၀၅
၃၃ ဆောင်ပုဒ်လင်္ကာနှင့် ဣရိယာပထပဗ္ဗကို ပြဆိုခြင်း.... ၁၀၈
၃၄ သမ္ပဇညတရားကို ပိုင်းခြား၍ ပြဆိုခြင်း .... ၁၁၁
၃၅ ဝေဒနာစသော သတိပဋ္ဌာန် ၃-ပါးကို ပြဆိုခြင်း .... ၁၁၃
၃၆ ထမင်းစား,ဆေးသောက်ရာ၌ ရှုမှတ်ပုံကို ပြဆိုခြင်း ၁၁၇
၃၇ ကွမ်းတရာစားရာ၌ ရှုမှတ်ပုံကို ပြဆိုခြင်း .... ၁၂၁
၃၈ ဝိပဿနာရှုမှတ်မှု၌ သတိပြုရန်ကို ပြဆိုခြင်း .... ၁၂၅

## ယထာဘူတ ကဏ္ဍ

၃၉ နာမရူပပရိစ္ဆေဒနှင့် ပစ္စယပရိဂ္ဂဟဉာဏ်ကို ပြဆိုခြင်း ၁၂၉
၄၀ သမ္မသနဉာဏ်အခဏ်းကို ခွဲခြမ်း၍ ပြဆိုခြင်း .... ၁၃၆
၄၁ ဥဒယဗ္ဗယဉာဏ် ၂-ပါးကို ခွဲခြား၍ ပြဆိုခြင်း .... ၁၃၉
၄၂ အန္တရာယ်ဖြစ်တတ်မှုကို မဟာနာဂ ဝတ္ထုဖြင့် ပြဆိုခြင်း ၁၄၃
၄၃ ဘင်ဉာဏ်၏အဓိပ္ပါယ်ကို သိလွယ်ရန် ပြဆိုင်း .... ၁၄၇
၄၄ ဘယ,အာဒီနဝနှင့် နိဗ္ဗိဒါဉာဏ် ၃-ပါးကို ပြဆိုခြင်း ၁၅၀
၄၅ သင်္ခါရုပေက္ခာဉာဏ် ၃-ပါးကို မှတ်သားရန် ပြဆိုခြင်း ၁၅၃
၄၆ အနုလောမ,ဂေါတြဘူနှင့်မဂ်ဉာဏ်စသည်ကိုပြဆိုခြင်း ၁၅၆
၄၇ ပစ္စဝေက္ခဏာဉာဏ်နှင့် ဖိုလ်ဝင်စားပုံကို ပြဆိုခြင်း ၁၆၁
၄၈ ဝိမောက္ခ ၃-ပါးနှင့် အရိယာ ၇-ပါးပြားပုံ ပြဆိုခြင်း ၁၆၄

## မဂ္ဂပဟာန ကဏ္ဍ

၄၉ ကိလေသာအစဉ်နှင့် သံယောဇဉ်ပယ်ပုံကို ပြဆိုခြင်း ၁၆၇
၅၀ ကိလေသာ ၁၀-ပါးနှင့် မိစ္ဆတ္တ ၁၀-ပါးပယ်ပုံကို
ပြဆိုခြင်း .... .... .... .... ၁၆၉

# မာတိကာ

ဦးရေနံပါတ် စာမျက်နှာနံပါတ်

၅၁ လောကဓမ္မနှင့် မစ္ဆရိယပယ်ပုံကို ပြဆိုခြင်း .... ၁၇၁
၅၂ ဝိပ္ပလ္လာသတရား ၁၂-ပါးပယ်ပုံကို ပြဆိုခြင်း .... ၁၇၃
၅၃ ဂန္ထလေးပါးနှင့် အဂတိလေးပါးပယ်ပုံကို ပြဆိုခြင်း ၁၇၅
၅၄ အာသဝ,ဩဃနှင့် ယောဂတရားပယ်ပုံကိုပြဆိုခြင်း ၁၇၆
၅၅ နီဝရဏ ၅-ပါးနှင့် ပရာမာသပယ်ပုံ ပြဆိုခြင်း .... ၁၇၈
၅၆ ဥပါဒါန်နှင့် အနုသယ ပယ်ပုံကို ပြဆိုခြင်း .... ၁၇၉
၅၇ မလနှင့် ကမ္မပထ ပယ်ပုံကို ပြဆိုခြင်း.... ...... ၁၈၀
၅၈ အကုသလ စိတ္တုပ္ပါဒ ပယ်ပုံကို ပြဆိုခြင်း .... ၁၈၂

## သပ္ပုရိသ ကဏ္ဍ

၅၉ ပစ္စဝေက္ခဏာဖြစ်ဟန်နှင့် ပထမဉာဏ်ကို ပြဆိုခြင်း ၁၈၄
၆၀ ဒုတိယ,တတိယနှင့်,စတုတ္ထပစ္စဝေက္ခဏာဉာဏ်ကို ပြဆိုခြင်း .... .... .... .... ၁၈၇
၆၁ ပဥ္စမနှင့် ဆဋ္ဌမဟာပစ္စဝေက္ခဏာဉာဏ်ကိုပြဆိုခြင်း ၁၉၀
၆၂ သတ္တမ ပစ္စဝေက္ခဏာနှင့် ဝိစိကိစ္ဆာကိုပြဆိုခြင်း .... ၁၉၃
၆၂ အရိယာ၏ကုန္ဒြေ ယဉ်ကျေးမှုကို ဝတ္ထုတို့ဖြင့်ပြဆိုခြင်း ၁၉၆
၆၄ အရိယာအသွင်၌ မြင်ရုံဖြင့်သိနိုင်,မသိနိုင်ပုံကို ပြဆိုခြင်း .... .... .... .... ၁၉၉
၆၅ အရိယာသောတာပန်၏ အင်္ဂါလေးပါးကို ပြဆိုခြင်း ၂၀၃
၆၆ မင်ဖိုလ်နှင့်စပ်၍ ပြောအပ်,မပြောအပ်သည်ကို ပြဆိုခြင်း ၂၀၅
၆၇ အရိယာသောတာပန်ဟု သိနိုင်ရန်ကို ပြဆိုခြင်း .... ၂၀၈
၆၈ အရိယာ ၂-မျိုးပြားသည်ကို မှတ်သားရန် ပြဆိုခြင်း ၂၁၁
၆၉ ရဟန္တာလေးပါးတို့ ယုံမှားခြင်း ဖြစ်ဟန်ကို ပြဆိုခြင်း ၂၁၃
၇၀ လမ်းမှန်နှင့် လမ်းမှား၏ ခြားနားပုံကို ပြဆိုခြင်း .... ၂၁၅

## နာနာနယကဏ္ဍ

၇၁ လက္ခဏာ,ရသ စသည်တို့၏အဓိပ္ပါယ်ကို ပြဆိုခြင်း ၂၁၉
၇၂ ဗောဓိပက္ခိယ အဓိပ္ပါယ်ကိုသိလွယ်ရန် ပြဆိုခြင်း .... ၂၂၃
၇၃ လွယ်လွယ်နှင့်သိပုံကို သိသာရုံ ပြဆိုခြင်း .... ၂၂၆
၇၄ ပါရမီ,အရှယ်,ခေဇာ်တို့ကို တွက်စစ်၍ ပြဆိုခြင်း.... ၂၃၀

# မာတိကာ


| ဦးရေနံပါတ် | | စာမျက်နှာနံပါတ် |
|---|---|---|
| ၁၅ | သာသနအမွေ ယုတ်,မြတ် ၂-ပါးကိုခွဲခြား၍ ပြဆိုခြင်း | ၂၃၄ |
| ၁၆ | ကျွဘ်လွတ်ပုံအစဉ်ကို ဆင်ခြင်ရန် ပြဆိုခြင်း .... | ၂၃၇ |
| ၁၇ | ပေါက်ရောက်ရန်ကာလကို အဖွင့်မျှ ပြဆိုခြင်း .... | ၂၃၉ |
| ၁၈ | သတိပဋ္ဌာန်ကျေးဇူးဂုဏ်ကို သိသာရုံ ပြဆိုခြင်း .... | ၂၄၂ |
| ၁၉ | ပုထုဇန် ၂ မျိုးပြားသည်ကို မှတ်သားရန် ပြဆိုခြင်း | ၂၄၇ |
| ၂၀ | မာရ်စစ်သည်ဆယ်တပ်ကို သိမှတ်ရန် ပြဆိုခြင်း .... | ၂၅၀ |
| ၂၁ | သတိပြုရန်အခါ်းခါ်းတို့ကို ခွဲခြမ်း၍ ပြဆိုခြင်း.... | ၂၅၄ |
| ၂၂ | ကျမ်းပြီးအဆုံး နိဂုမ်းဂါထာပါဠိအနက်ကို ပြဆိုခြင်း | ၂၅၇ |

# နိဒါန်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ရှေးဦးသိရန် စသည်ကို ပြဆိုရာ

# မူလကဏ္ဍ

## နိဒါန်းစကားနှင့် စဉ်းစားရန် အချက်ကို ပြဆိုခြင်း

မြတ်စွာဘုရား သာသနာတော်မြတ်ကြီးနှင့် တွေ့ကြုံဆဲအခါ၌ အရေးကြီးစွာ အားထုတ်ရန်မှာ၊ သက္ကာယဒိဋ္ဌိပြုတ်၍ ခန္ဓာနာမ်ရုပ်တို့ အလျင်အမြန် ငြိမ်းချုပ်စေခြင်းငှါ၊ ဝိပဿနာအလုပ်တရသာလျှင် စင်စစ်ကေန် အမှန်မုချ ပဓာန ဖြစ်ကြောင်းများကို၊ မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပေသည်။

ဤကဲ့သို့ ဟောကြားတော်မူသောကြောင့်၊ရှေးရှေးသော ကျမ်းတတ်အကျော်ဖြစ်ကြသည့် ဆရာတော်ဘုရားကြီးတို့သည်၊ အနည်းနည်းသော ဝိပဿနာ ကျမ်းတို့ကို၊ အခဏ်း ခဏ်း ဝေဘန် ရေးသားကြသဖြင့် များစွာရှိနေခဲ့ကြပေသည်။

ထိုထို ဝိပဿနာကျမ်းဂန်တို့၌ အတန်တန်ညွှန်ပြခဲ့ရာ၊ သတိပဋ္ဌာန် နည်းလမ်းဖြင့် ခွဲခြမ်းစိတ်ဖြာ၍၊ရှင်းလင်းသေချာစွာ အစအဆုံး လုပ်ထုံးလုပ်နည်းများမှာ၊ အစဉ်အတိုင်း မပါမရှိဘဲ စပ်ဆိုင်မိရာ၌၊ အနည်းငယ်ထည့်သွင်း ရေးသားတော်မူခဲ့ကြပေသည်။

ယခုအခါ၊ သတိပဋ္ဌာန် ပါဠိတော်၌ လာသော နည်းလမ်းများကို၊ မန္တလေးမြို့ စစ်ကိုင်းတောင်၊ ငါတို့ ကျေးဇူးရှင် ဖြစ်တော်မူသော၊ မင်းကွန်းဇေတဝန်တောရ ဆရာတော်ဘုရားကြီးသည်၊ အသီးအသီး ရေးသားတော်မူခဲ့ပေသည်။

ဤကျမ်းကြီးများ၏အဓိပ္ပါယ်ကို၊သင်ပုန်းကြီး မဂ်လာသုတ်လောက်မျှ သင်ဘူးကြသော၊ သူငယ်, သူငယ်မတို့ပင်လျှင် အလွယ်နှင့် သိမြင်နိုင်စေရန်၊ စိမ့်ခဲ့ထွင်၍ **ဂမ္ဘီရဉာဏပကာသနီကျမ်း, နိဗ္ဗာနမဂ္ဂဒီပနီကျမ်း**ကြီးများကို၊ ငါတို့ ရေးသားလိုက်ပေသည်။

ထို ကျမ်းကြီးများကို ကြည့်ရှု၍ စမ်းသပ် အားထုတ်ဘူးကြသော သူတို့တွင်၊ အချို့မှာ ယုံကြည်သဘောကျ၊ အချို့မှာ အတော်အတန်

# နိဒါန်း

အကျိုးခံစားရ၍၊ အချို့မှာ ပေါက်ရောက် အောင်မြင်ကြလေရာ၊ မွန်, မြန်မာ, ရှမ်း, တောင်သူ, ခမင်, ယိုးဒယား, တရုပ်,ကုလား စသည်ဖြင့်၊ လူမျိုးများစွာပင် ပါဝင်ကြလေသည်။

ယခုအခါ၊ **ဂမ္ဘီရဏ္ဍပကာသနီ,နိဗ္ဗာနမဂ္ဂဒီပနီကျမ်း** ၌ ပါသော အဓိပ္ပါယ် အရ၊ အားထုတ်ပုံ သက်သက်ကို အကျယ် ရေးသားရန်၊ ကော့ကရိတ်မြို့-မဏိကာရုံ ဆရာတော် ဘုရားကြီး တိုက်တွန်း၍၊ ထို ကျမ်းများ၏ အဓိပ္ပါယ်ကို မွန်ဘာသာ,ရှမ်းဘာသာ, ယိုးဒယားဘာသာ ဖြင့် လွယ်စွာ ကူးယူနိုင်ရန်၊ အကျဉ်းချုပ် စီမံရေးသားတော်မူပါဟု၊ မုဒုံမြို့ ကျောင်းဒကာ ကိုမြရင်၊ ဘီလင်းကျောက်တွင်းမြို့ ဓမ္မကထိက ဆရာညို၊ ဘန်ကောက်မြို့ ဆရာနွယ် စသည်တို့က တောင်းပန်ကြ လေသည်။

၍ကဲ့သို့ တိုက်တွန်း တောင်းပန်သည်များကို ဆင်ခြင်စဉ်း စားရာ၊ ယခုအခါ၊ သတိပဋ္ဌာန် နည်းလမ်းဖြစ်သော ဝိပဿနာ ကမ္မဋ္ဌာန်းကို၊ ကြိုးပမ်းအားထုတ်ကြရာ၊လူမျိုးများစွာပင်လျှင် အောင်မြင်ပေါက်ရောက် ကြသဖြင့်၊ နောက် အနာဂတ် ကာလ၌ လွန်စွာမှတိုးပွါး၍၊ ပဋိပတ္တိ သာသနာတော်ကြီး စည်ပင်ထွန်းကားလိမ့်မည်ဟု၊ ယုံကြည်ခြင်း ဖြစ်မိ ပေသည်။

ယုံကြည်ရပုံ အချက်များမှာ၊ အမေရိကန်,အင်္ဂလန်နှင့် ပါရစ်စသော အနောက်တိုင်း နိုင်ငံကြီးများ၌ပင်၊ ဗုဒ္ဓဘာသာဝင် အသင်းရှိလေရာ၊ ယခုအခါ၊ ဂျာမန် ရုရှားနှင့် ဂန္ဓာရတိုင်းများ၌၊ဗုဒ္ဓဘာသာတရားကိုသာ ယူကြရန်ဟု စီမံသည်ကို ကြားရသဖြင့်၊ အခြား ဂျပန် အိန္ဒိယ စသော တိုင်းပြည်များ၌မူကား၊လွန်စွာပင် ပြန့်နှံ့ထင်ရှားရန်ရှိနေပေ၏။

ထို့ကြောင့်၊ လူအမျိုးမျိုးတို့ဘာသာ အက္ခရာဖြင့်၊ လွယ်ကူစွာ ကူးယူ နိုင်ကြစေရန်၊ ရည်သန်းရိုးရင်း နှလုံးသွင်း စိတ်ထား၍၊ ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး ရေးသားသော ကျမ်းနှင့်၊ ငါတို့ရှေးက ရေးသားသော ကျမ်းများကို တသားတည်း ချုံးကျဉ်းလျက်၊အသစ်ဖြစ် သော အဓိပ္ပါယ်သဘောတို့ကို ပါ ထည့်သွင်းပြီး၊ **ဝိပဿနာဒီပနီ** မည် သော ကျမ်းကို၊ ယခုတဖန် ထပ်မံတည်ထွင်၍ စီရင်ရေးသားပေအံ့ သတည်း။

# နိဒါန်း

**စဥ်းစားရန်အချက်။** ၁။ သဒ္ဒါနည်းအရကိုမယူမူ၍ အနက်အဓိပ္ပါယ်ကိုသာ အလိုရှိအပ်၏ဟူ၍၊ ကဗ်ါ အဋ္ဌကထာ၌ လာသော စကား။ သဒ္ဒါကိုအလိုမရှိ အနက်အဓိပ္ပါယ်ကိုသာ ဟောကြားပါဟူ၍၊ ရှင်သာရိပုတ္တရာအလောင်း လျှောက်ထားသော၊ ဓမ္မပဒအဋ္ဌကထာများကို ထောက်သဖြင့်၊ ဝိပဿနာအရာမှာ အနက်သဘောကိုသာလိုရင်းဟု နှလုံးသွင်းအပ်၏။ **အချုပ်မှာ၊** မိမိတို့ လူမျိုးအလိုက် ပြောဆိုကြသော ဘာသာစကားများကို၊ လိုရင်းဖြစ်သော ဒုက္ခ, သမုဒယ, နိရောဓ, မဂ္ဂ သစ္စာလေးပါးတို့၏ တပါးပါးထင်မြင်ရာ၊ သဒ္ဒါအနက်ဟု မှတ်သားအပ်ပေသည်။

၂။ ထို့ကြောင့်၊ ယခုရေးသားမည်ဖြစ်သောကျမ်းသည်၊ သဘောအနက်ကို ဟွက်ကွက်ကွင်းကွင်း ထင်လင်းသိသာအောင်၊ ခန္ဓာ, နာမ်, ရုပ်, ပရမတ်ကို ပညတ်မှဖေါ်ထုတ်၍၊ ဟုတ်မှန်သော သဘာဝဓမ္မကို၊ ယထာဘူတကျနစေရန် ဝေဘန်စိတ်ဖြာလျက်၊ ရှင်းလင်းစွာပြဆိုရသော ဝိပဿနာ၏ အရာဖြစ်ပေ၍၊ အနက်အဓိပ္ပါယ် ပေါ်လွင် ထင်ရှားသော ဘာသာစကားကိုသာ၊ များစွာရေးသားရပေလိမ့်မည်။

၃။ ဤကဲ့သို့သောအရာမျိုး၌၊ နောက်မှ ရေးသားရသော ကျမ်းဂန်များသည်၊ ရှေးက ရေးသားပြီးသောကျမ်းဂန်များ၌ မထင်ရှားကွယ်ဝှက်ရာကို သိသာပေါ်လွင်စေရန်၊ ကြံဖန်ခွဲခြမ်း၍ ဉာဏ်စွမ်းသတ္တိ ရှိသည့်အလျောက်၊ ထွင်းဘောက် ရေးသားရသည်ဟု၊ မုံရွာမြို့ လယ်တီဆရာတော်ဘုရားကြီး မိန့်ကြားမြွက်ဟတော်မူပေသည်၊

၄။ ထိုစကားအရကို များစွာသဘောကျ နှစ်သက်လှသဖြင့်၊ ရှေးက ရေးသားပြီးဖြစ်သောကျမ်းဂန်များ၌ အဓိပ္ပါယ်မထင်ရှား၍၊ သိသာပေါ်လွင်အောင် ပြဆိုရမည့်အရာများကို၊ ဉာဏ်အားထင်မြင်သလောက် ထည့်သွင်းချဲ့ထွင်၍၊ စီစဉ်ရေးသားရပေလိမ့်မည်။

၅။ ယခုကဲ့သို့သင့်ရာများ၌ အကျယ်ရေးသားသော်လည်း။ လူမျိုးများစွာတို့၏ ဘာသာအက္ခရာနှင့်၊ ရှင်းလင်းလွယ်ကူစွာ ကူးယူနိုင်ကြစေခြင်းငှါ၊ ပါဠိဒေသနာများကို အနည်းငယ် လိုရင်းမျှသာ ထည့်သွင်း၍၊


# နိဒါန်း

အကျဉ်းမျှ အနက်ပေးသည်ဖြစ်ရာ၊ အကျယ်ပါဠိကို အလိုရှိသောသူတို့မှာ၊ အထက်ပါညွှန်ပြခဲ့သော ကျမ်းကြီးများကို ကြည့်ရှုကြပါလေ။

၆။ ဤဝိပဿနာကျမ်းသည်၊ ရဟန်း, ရှင်, လူ, ယောကျ်ား, မိန်းမ ကြီးငယ် ရှယ်လတ် စာမတတ်သောသူများပင်လျှင်၊ အဓိပ္ပါယ် ပေါ်လွင်ထင်ရှား၍၊အများနားလည်အောင် ရေးသားရသဖြင့်၊ စကား အထပ်ထပ်ပါခြင်း။သဘောကျ သိလွယ်စေရန်ဖြစ်သော စကားတို့ကိုသာ၊ များစွာအသုံးပြုခြင်းစသည်ဖြင့် ပါရှိပေလိမ့်မည်။

၇။ ထိုကဲ့သို့ ပါရှိသောအရာများ၌၊ မိမိတို့၏ သဘောအယူအဆနှင့် မတူမျှမညီညွတ်ခြင်း၊ အသုံးအနှုန်းစကား ကွဲပြားခြင်း၊အနက်ပေးပုံခြားနားခြင်း စသည်များကြောင့်၊အဖြစ်တင်စကားမပြောကြားသေးဘဲ၊ သဘာဝတရား၏ အမှန်အမှားကိုသာလျှင်၊ သမ္မာဉာဏ်ရှေ့ထား၍ စဉ်းစားသိရှိကြစေခြင်းငှါ၊ ရှေးဦးစွာဘော်ပြလိုက်ရပေသတည်း။

**နိဒါန်းစကားနှင့် စဉ်းစားရန်အချက်ကို ပြဆိုခြင်းပြီး၏။**



# ဝိပဿနာဒီပနီကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ရတနတ္တယ ပဏာမစသည်ကို ပြဆိုခြင်း

**နာထံ ဝန္ဒိယ သမ္ဗုဒ္ဓံ၊ ဝိပဿနတ္တ ဒေသကံ။**
**နာသကံ ပူဇိတံ ဓမ္မံ၊ သံဃံ ဝိကန်·နင်္ဂဏံ။ ။**
**နယံ ဂရူ ယေဘုယျေန၊ ဩဝါဒါစေရ·နုဂ္ဂဟော။**
**ယာစိတော ဥပါသကေန၊ နာနာဒေသ နိဝါသိနာ။ ။**
**နာနာကုလာန မတ္ထာယ၊ ဝိပဿနတ္တဒီပနိံ။**
**အာရဘိဿာမိ ယံဂန္ထံ၊ ဥဇုံ သိက္ခေထ သာဓဝေါ။ ။**

အဖ်ာ၊ ငါသည်။ နာထံ၊ ငြမ္မာ,နတ်,လူ၊ သုံးဘုံသူတို့၊ ကြည်ဖြူညွတ် ပျောင်း၊လည်းလျောင်း၍၊ ပုန်းအောင်း မှီခိုရာအစစ်၊ ကေန္တဖြစ်တော်မူထ သော။ ဝိပဿနတ္တဒေသကံ၊ နိဗ္ဗာန်သွားလမ်း၊ ဝိပဿနာကမ္မဋ္ဌာန်း၏၊ ထူး ဆန်းနက်ကျယ်၊ သဘောအဓိပ္ပါယ်ကို၊ သိလွယ်စေ၍၊ နည်းဖြာဖြာဖြင့်၊ ကောင်းစွာပိုင်းခြား၍ ဟောကြားတော်မူတတ်သော။ သမ္ဗုဒ္ဓံ၊ ဒုက္ခ,သမု ဒယ,နိရောဓနှင့်၊ မဂ္ဂသညာ၊ လေးသစ္စာကို၊ ကောင်းစွာသိမြင်၊ ဘုရားရှင် ကိုယ်။ နာသကံ၊ အမိုက်လေးပါး၊ မှောင်ကြီးကျသို့၊ မောဟထုထဲ၊ ဃနခဲကို၊ ပေါက်ခွဲ ဖျက်ဆီးတော်မူထသော။ ပူဇိတံ၊ ဘုရားအစ၊ သပ္ပ ပဏ္ဍိတာ၊ အရိယာအပေါင်း၊ သူတော်ကောင်းတို့သည်၊ နှစ်ထောင်း မိတ် ခတ်၊ သောမနဿဖြင့်၊ အမြဲမပြတ်၊ ပူဇော်အပ်တော်မူထသော။ ဓမ္မဉ္စ၊ မဂ်, ဖိုလ်,နိဗ္ဗာန်၊ မွေကြွန်ဟု၊ မှန်ကန်ဖြောင့်မတ်၊ ဆယ်ပါးသော တရားတော် မြတ်ကိုလည်း။ ဝိကန်၊ ပညတ်,ပရမတ်၊ နှစ်ရပ်ရောနှော၊ တရားသဘောကို၊ မပျတ်လေသလော၊ ဟုတ်လေသလောဟု၊ တွေးတောဆဝါး၊ ဆယ့် ခြောက်ပါးနှင့်၊ ရှစ်ပါးကန်ခါ၊ ယုံမှားခြင်း ဝိစိကိစ္ဆာတို့မှ၊ စင်ကွာမနှောက်

လွှန်မြောက်တော် မူထသော။ အနဂ်ဏ်၊မောဟ အဝိဇ္ဇာ အစဖြာသည့်၊ ကိလေသာမှုမှေး၊ အညစ် အကြေးတို့မှ၊ ကင်းဝေးကြည်ဖယ်၊ သန့်ရှင်းစင်ကြယ်တော် မူထသော။ သံဃာ့၊ မဂ်လေး, ဖိုလ်ဂလေး၊ ချောထွေးပေါင်းစပ်၊ ရှစ်ပါးသော အရိယာသံဃာတော် အရှင်မြတ်ကိုရင်း။ဝန္ဒိယ၊ သုံးတန်စေတနာ၊ ညီမျှစွာဖြင့်၊ ကြည်သာညွှတ်နူး၊ ရှိခိုးဦး၍။—

မေ၊ ငါ့အား။ ယေဘုယျေန၊ ကျေးဇူးကြီးမားများသောအားဖြင့်။ နယံ- ပရိ ယတ္တိနယံ၊ ပရိယတ္တိဓမ္မ၊ နည်းနယကို။ အနုဂ္ဂဟော၊ သဒ္ဒ အဋ္ဌ၊အဓိပ္ပါယတို့၊ ကျနစေ့ငှ၊ အာချံပြု၍၊ ကြည့်ရှုချီးမြှောက်တော် မူကြကုန်သော။ ဂုရူစ၊ မန္တလေးမြို့၊ ဒုတိယ–ရွှေကျင်သာသနာပိုင်၊ မဥ္ဇူကိုင်အလားကျော်ထင်ရှားသည့်၊မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီး, တတိယ–ရွှေကျင် သာသနာပိုင်၊ ခုံခိုင်ကြီးမား လွှန်ထင်ရှားသည့်၊ ကျိုက္ကစံ ဆရာတော် ဘုရားကြီး, လောမြို့၊ ရတနာပုံတောရ ဆရာတော်ဘုရားကြီး တို့ကိုရင်း။ မေ၊ငါ့အား။ ယေဘုယျေန၊ ကျေးဇူးကြီးမား၊ များသောအားဖြင့်။ သြဝါဒံ၊ ဗုဒ္ဓမြတ်စွာ၊ သာသနာ၌၊ ကောင်းစွာနေနည်း၊ နိသျည်းနှင့်၊သီးသီးများလှ၊ အသုံးအမကို။ အနုဂ္ဂဟော၊သနားသမှု၊ အာချံပြု၍၊ ကြည့်ရှုချီးမြှောက်တော် မူကြကုန်သော။ အာစေရေစ၊ ရန်ကုန်မြို့၊ ဘဟန်း ကျောင်းတော်ရာ ဂိုဏ်းချုပ် ဖြစ်တော်မူသော၊ ရွှေကျင် ဆရာတော် ဘုရားကြီး, မော်လမြိုင်မြို့–ရွှေကျင်ဂိုဏ်းချုပ်ဖြစ်တော်မူသော မဟာမြိုင် ဆရာတော်ဘုရား ကြီး တို့ကိုရင်း။—

မေ၊ ငါ့အား။ ယေဘုယျေန၊ကျေးဇူးကြီးမား၊များသောအားဖြင့်။ နယံ- ပဓာန နယံ၊ ပဓာနအရာ ၊များလှစွာတွင်၊ ဝိပဿနာလုပ်နည်း၊ နိသျည်းကို။ အနုဂ္ဂဟော၊ ယထာ ဘူတာ၊ သဘာဝကို၊ ကျကျ နန၊ လက် ဆုပ် ရအောင်၊ ညွှန်ပြချီးမြှောက်တော် မူကြကုန်သော။ ဂုရူစ၊ မန္တလေး- စစ်ကိုင်းတောင်၊ မင်းကွန်း ဇေတဝန် ဆရာတော်ဘုရားကြီး၊ ပဲခူးမြို့- သံတော်တွင်း ဆရာတော်ဘုရား တို့ကိုရင်း။ ဝန္ဒိယ၊ သုံးတန်စေတနာ၊ ညီမျှစွာဖြင့်၊ ကြည်သာညွှတ်နူး၊ ရှိခိုးဦး၍။—

နာနာဒေသ နိဝါသိနာ၊အထူးထူးသော မြို့ရွာခရိုင်၊နိုင်ငံဒေသ အရပ်ရပ် တို့၌၊အမြဲမပြတ်နေထိုင်လေ့ရှိသော။ဥပါသကေန၊ဖြင်သစ်ပြည် ဘိုးလင်း ကျောက်တွင်းမြို့၊ ဓမ္မကထိကဆရာညို, ယိုးဒယားပြည်–ဘန်ကောက်မြို့၊ ဓမ္မကထိက ဆရာနွယ်, မြန်မာပြည်–မုဒုံမြို့၊ ကျောင်းတကာ မောင်မြရင် စသော ဒါယကာအပေါင်းသည်။ ယာစိတော၊ အသစ်ထုပ်မံ၊ ရေးသား

ရန်ကို၊ ကြိမ်ဖန်မလပ်၊ တောင်းပန် အပ်သည်ဖြစ်၍။ ဝါ၊ တောင်းပန် အပ်သောကြောင့်။ ဝါ၊ တောင်းပန်အပ်သော။ အဟံ၊ ငါသည်။ နာနာ ကုလာနံ၊ မွန်,ရှမ်း,မြန်မာ၊ အစဖြာသျက်၊ ဂန္ဓာရ တိုင်းသား၊ ယိုးဒယား, ခမင်၊ ထုံပြင် လော, ယွန်း၊သီဟိုဠ်ကျွန်းနှင့်၊ ခေါ်ညွန်း ဂျာပန်၊ အင်္ဂလန်, ဟိန္ဒူ၊ ဇမ္ဗူတလွှား၊ အထူးထူးသော လူမျိုးများတို့၏။ အဏ္ဏာဝယ၊ မိမိတို့ ဘာသာ၊ အက္ခရာဖြင့်၊ လွယ်စွာရေးတင်၊ ရှုဆင်ခြင်လျက်၊ အစဉ်မပြတ် ကျင့်ကြံသွား၍၊ မဂ်,ဖိုလ်, နိဗ္ဗာန်တိုင်အောင်သော အကျိုးများကြံ စေ ခြင်းငှါ။ ဝိပဿနဒ္ဒဒီပနီ၊ နိဗ္ဗာန် သွားလမ်း၊ ဝိပဿနာ ကမ္မဋ္ဌာန်း၏၊ ထူးဆန်းနက်ကျယ်၊ သဘော အဓိပ္ပါယ်ကို၊ သိလွယ်စေငှါ၊ နည်းဖြာဖြာ ဖြင့်၊ ထင်စွာဖွင့်ပြ၊ ဖြောင့်မှန် လှသည့်၊ နာမ သညာ၊ သကတ်လာ ကြောင့်၊ **ဝိပဿနာဒီပနီ**အမည်ရှိသော။ ဝါ၊ ပရမတ်ရုပ်နာမ်၊ ဖြစ်ပျက် ဟန်ကို၊ ဖန်ဖန်စေ့ငု၊ ဉာဏ်စက္ခုဖြင့်၊ ကြည့်ရှု အားထုတ်နိုင်ရန် နည်း လမ်း၊ အခမ်းခမ်းကို၊ ခွဲခြမ်းဝေဘန်၍၊ ပြဆိုရာ ပြဆိုကြောင်း ဖြစ်သော ကြောင့်၊ **ဝိပဿနာဒီပနီ** အမည်ရှိသော။ ယံဂန္ထံ၊ အကြင်သတိပဋ္ဌာန် နည်းလမ်း၊ ဝိပဿနာ ကမ္မဋ္ဌာန်းကျမ်းကို။ အာရဘိဿာမိ၊ ပရဝှန်၊ အတ္တုံကြံသနတ်၊ ကင်းပကြွည်ဖယ်၊ စိတ်ရည်ရွယ်ပြီး၊ မကျယ်မကျဉ်း၊ ပေါင်းရုံးချဉ်း၍၊ လိုရင်းသဘာဝ၊ ထင်ရှားပြလျက်၊ ပဓာနအချုပ်၊ ဖွင့် ပေါ်နှုတ်၍၊ အားထုတ်ပြုပြင်၊ စီရင်ရေးသားပေအံ့။ သာဓဝေါ၊ မဂ်ဖိုလ် ရရန်၊ နည်းလမ်းမှန်ကို၊ ရှာကြံ စုဆောင်းကြသည့်၊ သူတော်ကောင်းဖြစ် ကုန်သော။ တုမှေ၊ သင်တို့သည်။ တံဂန္ထံ၊ ထိုသတိပဋ္ဌာန်နည်းလမ်း၊ ဝိပဿနာ ကမ္မဋ္ဌာန်းကျမ်း၌၊ ခွဲခြမ်းဖွင့်ဆို၊ သဘော အဓိပ္ပါယ်ကို။ ဥဇုံ၊ မကွေ့မထောင့်၊ ဖြောင့်ဖြောင့်မတ်မတ်။ သိက္ခထ၊ လုလ္လမယုတ်၊ နောက် မဆုတ်ဘဲ၊ အမြဲကျင့်ကြံ အားထုတ်ကြကုန်လော။

ရတနတ္တယ ပဏာမစသည်ကို ပြဆိုခြင်းပြီး၏။

---

နိဗ္ဗာန်သွားခရီးလမ်းကို ခွဲခြမ်း၍ ပြဆိုခြင်း

**ကတမော စ ဘိက္ခဝေ အသင်္ခတ ဂါမိမဂ္ဂေါ၊ အယံ ဝိပဿနာ ဝုစ္စတိ ဘိက္ခဝေ အသင်္ခတဂါမိမဂ္ဂေါ။**

(သံယုတ်ပါဠိတော်)

ဘိက္ခဝေ၊ ရဟန်းတို့။ အသင်္ခတဂါမိမဂ္ဂေါ၊ အသင်္ခတနိဗ္ဗာန်သို့သွား သောလမ်းသည်။ ကတမော စ၊ အဘယ်နည်းဟူမူကား။ ဘိက္ခဝေ၊ ရဟန်း

တို့။ အယံ ဝိပဿနာ၊ ဤပရမတ်ရုပ်နာမ်၏ ဖြစ်ပျက်ဟန်ကို၊ အခွန်သိအောင် ရှုမှတ်ခြင်းကို။ အသန်တဂါမိမဂ္ဂေါ၊ အသန်တ နိဗ္ဗာန်သို့သွားသောလမ်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤပါဠိတော်၌၊ နိဗ္ဗာန်သွားလမ်းသည်၊ ဝိပဿနာအလုပ်တခု သာဟုလာ၏။ ဓမ္မစကြာ ပါဠိတော်စသည်၌၊ မဂ္ဂင်ရှစ်ပါးဟုလာ၏။ စရိယပိဋကပါဠိတော်စသည်၌၊ပါရမီ ၁၀–ပါး၊ ပုညကြိယာ ၁၀–ပါးဟုလာ၏။ ယက္ခသံယုတ်အရ၊ ဝိသုဒ္ဓိမဂ်၌၊ သီလ, သမာဓိ, ပညာ ၃–ပါးဟုလာ၏။ ဤသို့စသည်ဖြင့်၊ အနည်းနည်းအဖုံဖုံ လာသောကြောင့်၊ ဒါန ပြုရုံ၊သီလစောင့်ရုံနှင့်လည်း၊ နိဗ္ဗာန်သို့ရောက်နိုင်သည်ဟု မှတ်ထင်တတ်ကြလေသည်။

ယခုလိုကျမ်းဂန်တို့၌၊ နည်းလမ်းပြ များပြားသော်လည်း၊ ဟုတ်မှန်တိုင်း ဉာဏ်သွားပါလျှင်၊ သဘာဝတရားမှာ တသားတည်းညီမျှလေ၏။ ထို့ကြောင့်၊ ဒါန,သီလနှင့် နိဗ္ဗာန်ကိုမရဟု မဆိုသင့်၊ ရသည်ဟူ၍ပင်ဆိုရပါ၏။သို့သော်၊ဒါန, သီလများမှာ ဝေးသောအကြောင်းဖြစ်၍၊ ဝိပဿနာမှာ နီးသောအကြောင်းဖြစ်သည်ဟု မှတ်ယူအပ်၏။

ဥပမာအားဖြင့်၊ မြစ်တဖက်ကမ်းသို့ လှေနှင့်သွား၍ ရောက်ရာ၌၊ လှေကြောင့် ရောက်သည် ဟူ၍၎င်း၊ တက်ကြောင့် ရောက်သည် ဟူ၍၎င်း၊ လှော်ခတ်သောကြောင့် ရောက်သည်ဟူ၍၎င်း၊ ဆိုချင်ရာ ဖြစ်နိုင်သဖြင့် အကြောင်း ၃–မျိုးရ၏။ တဖန်၊အဆက်ဆက်မကင်းနိုင်သော အကြောင်းတွေကိုလိုက်လျှင်၊ လွန်စွာပင် များပြားလေ၏။

များပြားပုံမှာ၊ လှေခုတ်သောသစ်သည် မြေ၌ပေါက်သဖြင့် မြေလဲအကြောင်းမကင်း၊မြေသည် ရေကိုမှီရသဖြင့် ရေလဲ အကြောင်းမကင်း၊ လှေခုတ်သော သူလဲ အကြောင်း မကင်း၊ ဒါးပုဆိန်လဲ အကြောင်းမကင်း၊ သွေးသော ကျောက်လဲ အကြောင်းမကင်း၊ ဒါးပုဆိန်လုပ်သော ပန်းဘဲသမားလဲ အကြောင်းမကင်း၊ ၎င်းကိုမွေးသော မိဘလဲ အကြောင်းမကင်း၊ ဤသို့စသည်ဖြင့် လိုက်နေပါလျှင်၊ ကုန်ဆုံးခြင်းမရှိနိုင်ပေ။ သို့သော်၊ ကမ်းတဖက်သို့ ရောက်ခြင်း၏ အနီးဆုံး အကြောင်းတခုတည်းကိုသာယူပါလျှင်၊ လှော်ခတ်ခြင်းတမျိုးတည်းကိုသာ ရရှိလေတော့၏။ယခုပြခဲ့သော ဥပမာသည်၊ လွန်စွာမှ သိသာထင်ရှားလှသဖြင့်၊ ၎င်းမှထောက်ဆ၍ မီးရထား, မီးသင်္ဘော, လှည်း စသည်တို့နှင့် သွား၍ရောက်ရာ၊ဥပမာအမျိုးမျိုးတို့ကိုပင် ဉာဏ်အမြင် ပွင့်လင်းကြပါလေ။

ထို့အတူ၊ နိဗ္ဗာန်သို့ရောက်နိုင်သော၊ ဒါန,သီလ စသည့် အကြောင်းအမျိုးမျိုးတို့ကိုလိုက်၍ မကုန်နိုင်သဖြင့်၊အနီးဆုံး အကြောင်းတရသာယူပါလျှင်၊ ဝိပဿနာအလုပ်တခုပင် ရှိသည်ဟု မှတ်ယူပါက၊ ကျမ်းဂန်သဘောချင်းညီမျှ၍၊ ယထာဘူတ ကျကြောင်းကို ကောင်းကောင်းကြီးယုံကြည်သင့်လှပေသည်။

**ဓမ္မာ ဒုဝိဓော နိပ္ပရိယာယ ဓမ္မော ပရိယာယ ဓမ္မောတိ။**

ဓမ္မော၊တရားသည်။ နိပ္ပရိယာယဓမ္မော၊မုချတရားလည်း တပါး။ ပရိယာယ ဓမ္မော၊ ပရိယာယ်တရားလည်း တပါး။ ဣတိ၊ ဤသို့။ ဒုဝိဓော၊ နှစ်ပါးအပြားရှိ၏။

ဤသို့ စသည်ဖြင့် လာသော၊ဣတိဝုတ် အဋ္ဌကထာ၏ အဓိပ္ပါယ်မှာ၊ တရားသည်၊ မုချတရား, ပရိယာယ် တရားဟူ၍ ၂–ပါး အပြားရှိ၏။ ထို ၂–ပါးတို့တွင်၊ မဂ်လေးပါး,ဖိုလ်လေးပါး,နိဗ္ဗာန်ဟူသော လောကုတ္တရာတရား ၉–ပါးသည်၊ မုချတရားမည်၏။ ဝိဝဋ္ဋနိဿိတဖြစ်သော ဒါန, သီလ,သမထ စသော ကုသိုလ်မျိုးသည်၊ပရိယာယ်တရားမည်၏။ ဤသို့ လာရှိသဖြင့်၊ဝဋ္ဋနိဿိတဖြစ်သော ကုသိုလ်မျိုးမှာ၊ ပရိယာယ်တရားသို့ပင် မပါဝင်တော့ပေ။ထိုအဋ္ဌကထာ၏ အဓိပ္ပါယ်အရဖြင့်၊ဝိပဿနာတခုသာလျှင် ပရိယာယ်တရားမှ လွတ်ကင်းလေတော့၏။

ဤနေရာ၌ စောဒနာရန် ရှိသည်မှာ၊ ပရိယာယ်ဟူသည်၊ အနက်တူ သဒ္ဒါကိုရင်း၊အဓိပ္ပါယ်တူ အနက်ကိုရင်း၊ အကြောင်းတူကိုရင်း ခေါ်ဆိုသဖြင့်၊ ဒါန,သီလ စသောတရားများလည်း၊အကြောင်းတပ်တူ ဖြစ်၏။ လောကုတ္တရာမည်သည်၊ အားထုတ်ရသော တရားမျိုးမဟုတ်၊ လောကီတရားကိုသာ အားထုတ်ရ၏။

ဥပမာအားဖြင့်၊ ရွှေစစ် ငွေစစ်ကိုအလိုရှိလျှင်၊ ရွှေသတ္တု ငွေသတ္တု ရိုင်းကို၊ခွတ်ဆေးတို့ဖြင့် အညစ်အကြေးစင်အောင် ကျိုချက်ထုတ်နုတ်မှ ရွှေစစ် ငွေစစ်ကို ရနိုင်သကဲ့သို့။ထို့အတူ လောကီပရိယာယ် တရားများကိုကျင့်မှ၊ လောကုတ္တရာ မုချတရားကိုရနိုင်သည်ဟု ထင်မှတ် စောဒနာရန်ရှိပေ၏။

ထိုစောဒနာချက်ကို ရှင်းလင်းရန် သောခနာမှာ၊ဥပမာပြ၍ ယူတ္တိပင် ရသော်လည်း၊ သဘာဝကျနမှ မုချဟုယူသင့်ပေ၏။ ပရိယာယ်တရားကို ကျင့်က၊ မုချတရားကို ရသည်ဟု ဆိုလျှင်၊ သရက်စေ့ကိုဒိုက်က ဗိန္ဓပင် ပေါက်သည်ဆိုသကဲ့သို့ဖြစ်နေရာ၏။

တဖန် အကြောင်းတစိပ် တူသည်ကိုယူဆ၍ တင်ပြသောဥပမာ၌၊ ရွှေသတ္တု၊ ငွေသတ္တုရိုင်းကို၊ ခတ်ဆေးတို့နှင့် အညစ်အကြေးထုတ်မှ၊ ရွှေစစ် ငွေစစ်ဖြစ်နိုင်သည်ဆိုရာ ဟုတ်မှန်ပါ၏။ ထိုသော်၊ ရွှေစစ် ငွေစစ်မှ၊ မူလမျိုးမှန်သော သတ္တုရိုင်းကြောင့်မုချဖြစ်၏။ ခတ်ဆေးမှာ အကြောင်း မကောင်းရုံသာဖြစ်၏။

ယခုလို မူလမျိုးမှန် မပါဘဲ၊ အကြောင်းတစိပ်တူသော ခတ်ဆေးမျိုး ကိုသာ ကျိုချက်ပါလျှင်၊ ရွှေစစ် ငွေစစ် မဖြစ်လာနိုင်ပေ။ ထို့ကြောင့် ရွှေစစ် ငွေစစ်မှာ မုချအကျိုး၊ အညစ်အကြေး ကင်းသည်မှာ ပရိယာယ် အကျိုးဖြစ်၏။ ဤကဲ့သို့ယူဆမှ တင်ပြသောဥပမာ၌၊ မုချ, ပရိယာယ်ဟူ သော အကြောင်းအကျိုးညီမျှ၍၊ ဟုတ်မှန်သော သဘောရကျနိုင်ပေသည်။ ယခုပြခဲ့သော အဓိပ္ပါယ်ယူဆပုံကို မှတ်သား၍၊ သံလုံး ပြဒါးလုံး သိန္ဓ ပေါက်အောင်ထိုးသော ဥပမာစသည်တို့၌လည်း၊ ဉာဏ်ကြီးသလောက် ချဲ့တွင်ပြီး၊ သဘောမှန် ယူနည်းကို အသီးသီး သိမြင်ကြပါလေ။

စင်စစ်အခွန်မှာ၊ နိဗ္ဗာန်ကို ပေါက်ရောက်ရာ၌၊ ဒါန,သီလ,သမထမှာ၊ ပညတ်ကိုသာ အာရုံပြုသဖြင့်၊ သာသနာနှင့်တွေ့ဆုံပြီး၊ ယုံကြည်သောလူ နတ် ပြဗ္ဗာဖြစ်ခြင်းသည် မုချအကျိုးမည်၏။ ဒါန,သီလ,သမထနှင့် နိဗ္ဗာန် ကိုရသည်ဆိုခြင်းမှာ ပရိယာယ်အကျိုးမည်၏။

ဝိပဿနာဉာဏ်မှာမူကား၊ ပရိယာယ်၌ မပါဝင်ဘဲ၊ လောကီပင်ဆိုရ သော်လည်း၊ ပရမတ်ကို အာရုံပြုသဖြင့်၊ မဂ်,ဖိုလ်,နိဗ္ဗာန်ကို ရခြင်းသည်၊ မုချအကျိုးမည်၏။ ပရိယာယ်အကျိုးဟူသည်၊ သွယ်ဝိုက်သော အာနိ သံသ အကျိုးများဖြစ်၍၊ နိပ္ပရိယာယအကျိုးဟူသည်၊ တိုက်ရိုက်ဖြစ်သော မုချအကျိုးရင်းဖြစ်၏။ သဘောမှာ၊ ပရိယာယ် ပညတ်အကြောင်းခံလျှင်၊ ပရိယာယ် ပညတ်အကျိုးကိုသာရ၍၊ မုချ ပရမတ်အကြောင်းခံမှ၊ မုချ ပရ မတ်အကျိုးကိုရနိုင်သည်ဟု မှတ်ယူအပ်ပေသည်။

**ဣဓ ဘိက္ခဝေ ဘိက္ခု သမာဒိဋ္ဌိံ ဘာဝေတိ၊ ဝိဝေက နိဿိတံ ဝိရာဂနိဿိတံ နိရောဓနိဿိတံ ဝေါဿဂ္ဂပရိဏာမိံ။ အယံ ဝုစ္စတိ ဘိက္ခဝေ အသင်္ခတဂါမိမဂ္ဂေါ။**

(သံယုတ်ပါဠိတော်)

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ ဝိဝေက နိဿိတံ၊ ရာဂဆိတ်ခြင်းကို မှီသော။ ဝိရာဂ နိဿိတံ၊ ရာဂကင်း

ခြင်းကို မှီသော။ နိရောဓနိဿိတံ၊ ရာဂချုပ်ငြိမ်းခြင်းကို မှီသော။ ဝေါဿဂ္ဂပရိဏာမိံ၊ နိဗ္ဗာန်သို့ စိတ်လွှတ်ခြင်း၌ ညွှတ်သော။ ဝါ၊ ရာဂကင်းသော စိတ်၏ ရင့်ကျက်ခြင်းဖြင့်၊ ရာဂကိုစွန့်လွှတ်သော။ သမာဓိန္ဒြိ°၊ သမာဓိန္ဒြေ ပညာ၊ ဝိပဿနာကို။ ဘာဝေတိ၊ ပွါးများရှုမှတ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤသို့ပွါးများရှုမှတ်သော၊ သမာဓိန္ဒြေပညာ ဝိပဿနာကို။ အသင်္ခတဂါမိမဂ္ဂေါ၊ အသင်္ခတ နိဗ္ဗာန်သို့သွားသောလမ်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

**အဓိပ္ပါယ်ကား။** မဂ္ဂင်ရှစ်ပါး၌လည်း၊ သမာဓိန္ဒြေမဂ္ဂင်ဟူသော ဝိပဿနာပညာသည် ဦးစီးနာယကဖြစ်၍၊ ၎င်းသမာဓိန္ဒြေဝိပဿနာပညာ အလုပ်ကို အားထုတ်ပါလျှင်၊ သီလ, သမာဓိ ခေါ်သော မဂ္ဂင် ၇-ပါးတို့သည်၊ နိဗ္ဗာန်သွားလမ်းခရီး၌၊ သဘောအားဖြင့် တပြိုင်နက်တချက်တည်း၊ ပါဝင်ပြီးစီးသည်ဟု ဆိုလို၏။

ထို့ကြောင့် နိဗ္ဗာန်သွား ခရီးလမ်းကို၊ အနည်းနည်း ခွဲခြမ်းဝေဘန်၍ ကျမ်းဂန်တို့၌ အတန်တန်ပြဆိုရာတွင်၊ ဖြောင့်မှန်နီးကပ်သောအကြောင်းတခုကိုသာ ယူပါလျှင်၊ ဝိပဿနာပညာ တခုပင်ရှိတော့သည်ဟု ဆိုခဲ့ပေ၏။ ယခု ပြဆိုခဲ့သော ပါဠိ အဋ္ဌကထာ၊ ဥပမာ, ဥပမေယျ အဓိပ္ပါယ် ယူဆပုံတို့ဖြင့်၊ သဘောဥာဏ် မရှင်းလင်းနိုင်ကြသေးပါမူ၊ ပလိဗောဓ အရာနှင့် ဝိဇ္ဇာစရဏသမ္ပန္နအရာကို ဆင်ခြင်ပါလျှင်၊ အမှန်ပင်သိမြင်သင့်လှပေသတည်း။

နိဗ္ဗာန်သွားခရီးလမ်းကို ခွဲခြမ်း၍ ပြဆိုခြင်းပြီး၏။

## သာသနာ ၃-ရပ်ကို သိမှတ်ရန် ပြဆိုခြင်း

ယခုအခါ သာသနာနှင့်စပ်၍၊ သိမှတ်ရန် အချက်များမှာ၊ အလုံးစုံသော ဘုရားရှင်တို့၏ အဆုံးအမတော် ဟူသမျှသည်၊ သာသနာမည်၏။ ထိုသာသနာတော်သည်၊ အမည်အားဖြင့်များသော်လည်း၊ ဤနေရာ၌ ပရိယတ္တိ,ပဋိပတ္တိ, ပဋိဝေဓဟူသော၊ သာသနာ ၃-ရပ်ကိုသာ သိမှတ်အပ်ပေသည်။

ထိုသာသနာ ၃-ရပ်တို့တွင်၊ ပိဋကတ်သုံးပုံသည်၊ ပရိယတ္တိသာသနာမည်၏။ ပိဋကတ်သုံးပုံ၌လာသော အဓိပ္ပါယ်နည်းလမ်းမှန်ကို၊ ကျင့်ကြံအားထုတ်ခြင်းသည်၊ ပဋိပတ္တိသာသနာမည်၏။ ကျင့်ကြံ အားထုတ်၍ ပေါက်ရောက်သော မဂ်ဖိုလ်နိဗ္ဗာန်သည်၊ ပဋိဝေဓသာသနာမည်၏။

ဤကဲ့သို့ ပိဋကတ်၌ သာသနာ ၃-ရပ်ကိုပြသော အစဉ်ရှိနေသဖြင့်၊ ပရိယတ်ကို သင်ကြားတတ်မြောက်မှ ပဋိပတ်ကိုကျင့်ကြံတတ်၍၊ ပဋိဝေဓကိုပေါက်ရောက်နိုင်သည်ဟု၊ အပြောအဆို အထင်အမှတ် မှားနေကြ၏။ ၎င်းအဓိပ္ပါယ်မျိုးကို ယုံကြည်စေခြင်းငှါ၊ လှေခါး ၃-ထစ်စသော ဥပမာတို့ဖြင့် ပြကြလေရာ၊ ထိုအတိုင်း ဟုတ်မှန်ပါလျှင်၊ စာမတတ်သောသူတို့မှာ၊ မဂ်,ဖိုလ်ကို မရနိုင်ဟူသော အဓိပ္ပါယ်မျိုးဖြစ်၍ နေလေတော့သည်။

ယခုလို အနာမျိုး၌၊ ဥပမာပြ၍ ယုဉ်တွဲပင်ရသော်လည်း၊ သဘာဝ ကျနမှ မှုချ ဟု ယူသင့်သည်များကို၊ မြဲမြံစွာ မှတ်သား အပ်ပေ၏။ ပရိယတ်၏ သဘောမှာ၊ ပဋိပတ်လမ်းခုနှက်ကို၊ကျင့်ကြံကတ်ရန် သိမှုသာ လိုရင်းဖြစ်ပေ၏။ ထို့ကြောင့် သင်ကြား၍ သိသည်ဖြစ်စေ၊ ဟောပြောသံကိုကြား၍ သိသည်ဖြစ်စေ၊ အဘူတချုပ်ဖြစ်၍၊ ကျင့်ကြံပုံ နည်းလမ်းကိုသိလျှင်၊ပရိယတ်အနေတွင် ပါဝင်ပြီးစီးသည်ဟု ယုံကြည်စွာမှတ်ယူကြပါလေ။

**ဒွေ ဟေတူ ဒွေ ပစ္စယာ၊ သာဝကဿ သမ္မာဒိဋ္ဌိယာ ဥပ္ပါဒါယ။ တတ္ထ ယော စ ပရတော ဃောသော၊ ယော စ အဇ္ဈတ္တံ ယောနိသော မနသိကာရော၊ ဣမေ ဒွေ ပစ္စယာ။**

(ပေဋကောပဒေသပါဠိတော်)

သာဝကဿ၊ တရားတော်ကို ကြားရသောသာဝကအား။ သမ္မာဒိဋ္ဌိယာ၊ ဝိပဿနာသမ္မာဒိဋ္ဌိ, မဂ်သမ္မာဒိဋ္ဌိ၏။ ဥပ္ပါဒါယ၊ ဖြစ်ခြင်းအကျိုးငှါ။ ပစ္စယာ၊ အထောက်အပံ့တို့သည်။ ဒွေ၊ နှစ်ပါးတို့တည်း။ ဟေတူ၊ အကြောင်းတို့သည်။ ဒွေ၊ နှစ်ပါးတို့တည်း။ တတ္ထ၊ထိုအကြောင်းနှစ်ပါး, အထောက်အပံ့ နှစ်ပါးတို့တွင်။ ယော စ ပရတော ဃောသော၊ အကြင် သစ္စာနှင့်ညီတရား သူတပါးဟောပြောသံကို ကြားရသောစကား တပါး။ ယော စ အဇ္ဈတ္တံ ယောနိသော မနသိကာရော၊အကြင်ကြားနာရတိုင်း၊မှိမှိ ကျင့်သောအကြောင်းဖြင့်၊နှလုံးသွင်းမှုခြင်း တပါး။ ဣမေ ဒွေ၊ဤနှစ်ပါးတို့ ကို။ ပစ္စယာ၊ အထောက်အပံ့တို့ဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။

**ယာ ပရတော ဃောသေန ဥပ္ပဇ္ဇတိ ပညာ၊ အယံ ဝုစ္စတိ သုတမယီပညာ။ ယောနိသော မနသိကာရေန ယာ ဥပ္ပဇ္ဇတိ ပညာ၊ အယံ ဝုစ္စတိ စိန္တာမယီပညာ။ ဣမေ ဒွေ ဟေတူ။ ။**

ပရတော ဃောသေန၊ သူတပါးဟောပြောသံကို ကြားသောကြောင့်။ ယာ ပညာ၊အကြင်ပညာသည်။ ဥပ္ပဇ္ဇတိ၊ဖြစ်၏။အယံ၊ဤပညာကို။ သုတမယီပညာ၊ သုတမယပညာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ယောနိသောမနသိကာရေန၊ ကြားနာရတိုင်း မှိမှိသင့်သော အကြောင်းကို နှလုံးသွင်းမှုခြင်း ကြောင့်။ယာ ပညာ၊အကြင်ပညာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ အယံ၊ဤပညာကို။စိန္တာမယီပညာ၊စိန္တာမယ ပညာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဣမေ ဒွေ၊ ဤ ၂-ပါးတို့ကို။ ဟေတူ၊ အကြောင်းတို့ဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။

ဤသို့စသည်ဖြင့်လာသော ပါဠိတော်အရ၊ ပရိယတ်ကို သင်ကြား၍ သိခြင်းသည်လည်း၊ ဆရာသမားစသော သူတပါးတို့ထံမှ ကြားသိရသဖြင့်၊ ထိုသင်အံလေ့ကျက် ဆောင်ရွက်မှတ်သားသော ပရိယတ် တရားသည်၊ပရတောဃောသ-ဟူသော အကြောင်း အထောက်အပံ့များသို့ပင် သက်ဝင်ရောက်ရှိလေကော့သည်။

ယခု ပြဆိုခဲ့သော ပါဠိဒေသနာနှင့် အဓိပ္ပါယ်လာ စကားအရဖြင့်၊ ပရိယတ်ကျမ်းဂန်မွေ့ကိုမသင်ရဘဲ၊ဟောပြောသံကို ကြားနာမှတ်သားရရုံမျှနှင့် ကျင့်ကြံအားထုတ်သဖြင့်၊ လောကုတ္တရာ မဂ်, ဖိုလ်, နိဗ္ဗာန်သို့ ပေါက်ရောက်သောဝတ္ထုသက်သေများကို ထင်ရှားစွာရေးသားပြဆိုပေအံ့။

ဝိသာခါကျောင်းအမသည် ၇-နှစ်အရွယ်က သောတာပန်ဖြစ်သည်၊ စာပေ ကျမ်းဂန်ကိုမူ သောတာပန် မဖြစ်မီက သင်ကြားသည် မလာ၊ ကျောင်းအမဖြစ်မှ သံဃာကို ကြည်ညိုဘတ်အောင် သင်ကြားသည်ဟု လာ၏။ တဖန် ပဏ္ဍိတသာမဏေ သံကိစ္စသာမဏေစသည်တို့၊ ၇-နှစ်အရွယ်က ရဟန္တာဖြစ်ကြောင်းလာ၏။ စာသင်ရသည်ဟု မလာပေ။

တဖန် အသက်အရွယ်ကြီးမှ၊ ရဟန်းပြုကြသောသူတို့၊ ဂန္ထဓုရကို မဆောင်နိုင်၊ ဝိပဿနာဓုရကိုသာ ဆောင်ပါမည်ဟု လျှောက်ထားပြီး၊ မြတ်စွာဘုရား ဟောကြားသော ကမ္မဋ္ဌာန်း တရားကိုသာ မှတ်သား၍ ကျင့်ကြံအားထုတ်ကြသဖြင့်၊ မဂ်ဖိုလ်ရ သောသူတို့မှာ၊ လွန်စွာပင်များလေ၏။

တဖန် သာဝတ္ထိပြည်၌၊ လူနေအိမ်ခြေ ၇-ကုဋေရှိရာ၊ ၅-ကုဋေမှာ အရိယာဖြစ်ကြောင်း လာ၏။ စာသင်ရသည်ဟု မလာပေ။ ။တဖန် အရှင်စူဠပန္ထကသည်၊ နောင်တော်ထံ၌၊ ဂါထာတပုဒ်ကို၊ ဝါတွင်း ၃-လ၊ ပတ်လုံးသင်အံ၍မရ၊ ဘုရားထံသို့ရောက်သောအခါ၊ရဇော ဟရဏံ-ဟု၊ ခေတ္တ ရွတ်ဆိုရုံမျှနှင့်၊ ပဋိသမ္ဘိဒါ ၄-ပါးနှင့် အဘိညာဉ်တို့ပါ ခြံရံလျက်၊ ရဟန္တာကြီးဖြစ်၍၊ ပိဋကတ် သုံးပုံကို၊ အလုံးစုံ တတ်မြောက် လေ၏။ ဤဝတ္ထုများကို ထောက်၍၊ စာမတတ်သော်လည်း မဂ်ဖိုလ်သို့ ပေါက်ရောက်နိုင်သည်ကို၊ ယုံကြည်စွာ မှတ်ယူသင့်လှပေသည်။

ဤပြဆိုခဲ့သော ဝတ္ထုသက်သေများအရ၊ ဥပမာဖြင့်ထောက်ဆ၍ သိရန်မှာ၊မြတ်စွာဘုရားသည် ဆေးဆရာကြီးဖြစ်ကြောင်း ဝန်ခံဟောကြားတော်မူသော၊ မဟာဘိသဏ္ဍ တိကိစ္ဆက ဒေသနာ၌၊ ပုထုဇန် သတ္တဝါ

သည်၊လူနာနှင့်တူ၏။ရာဂ,ဒေါသစသော ကိလေသာသည်၊အနာရောဂါနှင့်တူ၏။ တရားတော်သည် ဆေးကောင်း ဝါးကောင်းနှင့်တူ၏။မြတ်စွာဘုရားသည်၊ ဆေးဆရာနှင့်တူ၏ ဟုလာရှိပေသည်။

## တိကိစ္ဆကောတိ ဘိက္ခဝေ တထာဂတဿေတံ အဓိဝစနံ။

ဘိက္ခဝေ၊ ရဟန်းတို့။တိကိစ္ဆကောတိ ဟူ၍၊ ဆေးဆရာကြီးဟူသော အမည်သည်။ တထာဂတဿ၊ ငါဘုရား၏။ အဓိဝစနံ၊ အမည်ပေတည်း။

ဤသာသနာတော်အရ၊လောက၌ ဆေးဆရာနှင့် လူနာတို့ရှိသည့်တွင်၊ ဆေးဆရာသည် ဆေးကျမ်း ခေတ်ကျမ်း စသည်တို့ကို ကျွမ်းကျင်၍ ရောဂါပျောက်ရန် သိမှုသာ လိုရင်းဖြစ်၏။ လူနာသည် ကျမ်းစာများကို မတတ်၍ မသိသော်လည်း၊ ဆရာပေးသော ဆေးဝါး ခေတ်စာကိုစားမှုသာလိုရင်းဖြစ်၏။ ထို့ကြောင့်ဆရာက ကောင်းစွာတတ်မြောက်ပါလျှင် ရောဂါသည် အမှန်ပျောက်နိုင်လေ၏။

**ဤအတူပင်လျှင် တပည့်ယောဂီက စာမသင်ရ၍ မသိသော်လည်း၊ ကမ္မဋ္ဌာန်းလုပ်ငန်း၌ နားလည်သော ဆရာ၏စကားကို လိုက်နာမှတ်သား၍၊ ကျင့်ကြံသွားပါလျှင်၊ အမှန်ပင် မဂ်ဖိုလ် နိဗ္ဗာန်ကိုရနိုင်လေ၏။ ထို့ကြောင့် ယခုပြဆိုခဲ့သောပါဠိတော်အလာ ဥပမာ,ဥပမေယျနှင့် အဓိပ္ပါယ် အသူအဆ၊ ဝတ္ထု၊ သက်သေများကို သိကြသဖြင့်၊ စာမတတ်သော်လည်းမဂ်ဖိုလ်ရနိုင်ကြောင်းကို ကောင်းကောင်းကြီး ယုံကြည်သင့်လှပေသတည်း။**

**သာသနာ ၃-ရပ်ကိုသိမှတ်ရန် ပြဆိုခြင်းပြီး၏။**

---

## ဒေသနာနည်း ၃-ပါးကို စဉ်းစားရန်ပြဆိုခြင်း

မြတ်စွာဘုရား ဟောကြားတော်မူသော ပိဋကတ်သုံးပုံသည် ဒေသနာမည်၏။ ထိုဒေသနာသည် နည်းအားဖြင့် များပြားသော်လည်း၊ ဤနေရာ၌ ဒေသနာကြမနည်း,ပဋိစ္စသမုပ္ပါဒ်နည်း, ပဋိပတ္တိကြမနည်းဟူသော ၃-ပါးကိုသာ မှတ်သားအပ်၏။ ကမ္မဋ္ဌာန်း အားထုတ်သော ယောဂီ ပုဂ္ဂိုလ်သည်၊ ၎င်းနည်း ၃-ပါး၏ အဓိပ္ပါယ်များကို နားလည်ကွဲပြားစေ၍၊ မမှားမယွင်းအောင် ကျင့်ကြံရလေသည်။ ထို့ကြောင့် နည်း ၃-ပါး၏ သဘောများကို ဆင်ခြင်စဉ်းစားကြစေရန် အမြွက်မျှရေးသားပြဆိုပေအံ့။

ထို ၃-ပါးတို့တွင်၊ လောက ဝေါဟာရသို့လိုက်၍၊ အမည် သညာနှင့် သရုပ်သဏ္ဌာန်တို့ကို ရှေ့နောက် အစဉ်ထား၍ ဟောကြားခြင်းသည်၊ ဒေသနာကြမနည်းမည်၏။ ဓမ္မသဘာဝတို့၏ ဖြစ်စဉ်အတိုင်းကိုသာ ဟောကြား

ခြင်းသည်၊ ပဝတ္တိက္ကမနည်းမည်၏။ အားထုတ်ကျင့်ကြံပုံ အစဉ်ကိုသာ ဟောကြားခြင်းသည်၊ ပဋိပတ္တိက္ကမနည်းမည်၏။

ဥပမာကား၊ "ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ" စသည်ဖြင့်၊ ဣရိယာပုထ် ၄-ပါးကို ဟောတော်မူရာ၊ သွား,ရပ်,ထိုင်,လျောင်း ဟူသော အမည်သညာ၊ ၁-ခု ၂-ခု ၃-ခု ၄-ခုဟူသော သချင်္ချာ၊ ရှေ့,နောက် အလယ်ဟူသော အစဉ်များသည်၊ ဒေသနာက္ကမ မည်၏။ သွားခြင်းအမူအရာတခု၌၊ ကျေးဇူးပြုခြင်း,လက္ခဏာ တူခြင်းတို့ကြောင့် တကွပေါင်းသင်း၍ဖြစ်သော သဘောများသည်၊ ပဝတ္တိက္ကမမည်၏။ သွားခြင်းအမူအရာ ဖြစ်ပေါ်ဆဲ၌၊သွားကာမျှထင်ရှားသော သဘောကိုသိအောင်၊ သွားတယ်ဟု အနှတ်ပြုခြင်းသည်၊ ပဋိပတ္တိက္ကမ မည်၏။

ယခုပြဆိုခဲ့သောနည်းကိုအစဉ်မှီး၍၊ သတိပဋ္ဌာန်, သမ္မပ္ပဓာန်စသော ဗောဓိပက္ခိယဒေသနာ၊ ခန္ဓာ, အာယတန,ဓာတ်, ပဋိစ္စသမုပ္ပါဒ် ဒေသနာစသည်တို့၌၊ ဒေသနာက္ကမနည်း၊ ပဝတ္တိက္ကမနည်း၊ ပဋိပတ္တိက္ကမ နည်းတို့၏ အဓိပ္ပါယ်သဘောများကို၊ ကွဲပြားအောင်မှတ်သား၍၊ ကျင့်ကြံပွါးများအားထုတ် ရှုမှတ်၍ သွားကြရမည်။

ဤကဲ့သို့မဟုတ်ဘဲ၊ ဒေသနာက္ကမနည်းကို၊ ပဋိပတ္တိက္ကမနည်း ထင်မှတ်၍၊ သွားဘာကို မှတ်ရှုပြီးမှ၊ရပ်တာကို ရှုမှတ်ရမည်။ ကာယာနုပဿနာပြီးမှ၊ ဝေဒနာနုပဿနာကို ရှုမှတ်ရမည်။ ရူပက္ခန္ဓာကို ရှုမှတ်ပြီးမှ၊ ဝေဒနာက္ခန္ဓာကို ရှုမှတ်ရမည်ဟု၊ အစဉ်အတိုင်း ယူဆ အားထုတ်နေပါလျှင် ယထာ ယထာ ဝါပနဿ ကာယော ပဏိဟိတော ဟောတိ၊ တထာ တထာ နံ ပဇာနာတိ။-ဟူသော သတိပဋ္ဌာန် ဒေသနာနှင့် ဆန့်ကျင်၍နေလေ၏။

ဝါပန၊ တနည်းသော်ကား။ ယထာသထာ၊ အကြင် အကြင်သို့သောအခြင်းအရာအားဖြင့်။ အဿ၊ ထိုယောဂီပုဂ္ဂိုလ်၏။ ကာယော၊ ခန္ဓာကိုယ်သည်။ ပဏိဟိတော၊ အမျိုးမျိုး ပြုပြင်ပြောင်းလဲ၍ထားအပ်သည်။ ဟောတိ၊ ဖြစ်၏။ ဘထာ တထာ၊ ထိုထိုသို့သော အခြင်းအရာအားဖြင့်။ နံ၊ ထိုပြုပြင်ပြောင်းလဲသမျှသော၊ ခန္ဓာကိုယ် အမူအရာသဘောကို။ ပဇာနာတိ၊ သိ၏။

အဓိပ္ပါယ်ကား၊ ဘယ်အမူအရာကို အရင်မှတ်မည်၊ ဘယ်အမူအရာကိုနောက်မှ မှတ်မည်ဟု အာချုံမပြုဘဲ၊ ဖြစ်ပေါ်ဆဲ အမူအရာကိုသာ သိအောင် မှတ်ရမည်ဟု ဆိုလိုသည်။ ။ဘဖန် စိတ်တချက်၌ တပြိုင်

နက် အဟုတကွ ဖြစ်သော ပဝတ္တိက္ကမအစဉ်ကို၊ တွေးတော ဆင်ခြင်၍ ကြံစည်သုံးသပ် ရှုမှတ်နေပါလျှင်၊ ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ-စသော သတိပဋ္ဌာန် ဒေသနာဘော်။ ဒိဋ္ဌေ ဒိဋ္ဌမတ္တံ၊ သုတေ သုတမတ္တံ-စသော ဗာဟိယသုတ်ဒေသနာတော်များနှင့် ဆန့်ကျင်၍ နေပြန်လေ၏။

အဓိပ္ပါယ်ကား။ ။သွားဆဲ, ရပ်ဆဲ, ထိုင်ဆဲ, အိပ်ဆဲ၌၊ သွားတယ်, ရပ်တယ်, ထိုင်တယ်, အိပ်တယ်, ဟု သိရမည်။ မြင်ရာ, ကြားရာ, နံရာ, စားရာ, ထိရာ, သိရာတို့၌၊ မြင်ရုံမျှ, ကြားရုံမျှ, နံရုံမျှ, စားရုံမျှ, ထိရုံမျှ, သိရုံမျှသာဖြစ်ပါစေဟု ဆိုလို၏။

ဤနေရာ၌ စဉ်းစား ဆင်ခြင်ရန်မှာ၊ ဒေသနာက္ကမနည်း မည်သည်၊ ဘယ်တရားက-ရှေ့၊ဘယ်တရားက-နောက်ဟု၊အမှတ်ပြုနေပါလျှင်၊မဖြစ်မီက ကြိုတင်နေ၍၊ ကိုယ့်သဘော ပါဝင်နေသဖြင့်၊ ထင်ရှားဖြစ်ဆဲ ဟုတ်မှန်တိုင်းသော၊ယထာဘူတသို့ပင် မကျလေ။အတူတကွဖြစ်သော တရားသဘောတို့ကို၊ တွေးတော ဆင်ခြင်နေပါလျှင်၊ ဖြစ်ပြီး လွန်ပြီးသည်ကို၊ ကြံစည်နေသဖြင့်၊ ထင်ရှားဖြစ်ဆဲ ဟုတ်မှန်တိုင်းသော၊ ယထာဘူတသို့ပင် မကျမရောက်လေ။

## ယထာဘူတန္တိ ယထာသဘာဝံ ယထာအဝိဂ္ဂတိ အဖွေ့။

(မူလပဏ္ဏာသ အဋ္ဌကထာ။)

ယထာဘူတန္တိ၊ ယထာဘူတံ-ဟူသည်ကား။ ယထာသဘာဝံ၊ တစုံတယောက်သောသူ မပြုမပြင်၊ သဘောအတိုင်းပင်တည်း။ ယထာအဝိဂ္ဂ၊ မိမိပကတိ ရှိတိုင်းပင်တည်း။ ဣတိအယံ အဖွေ့၊ ဤကားအနက်။

အဓိပ္ပါယ်ကား။ ။ဝိပဿနာဟူသည်၊ ပရမတ် သဘောတရားဖြစ်၍၊ ယထာဘူတမည်၏။ယထာဘူတဟူသည် မဖြစ်သေး ဖြစ်ပြီးသည်တို့ကို၊ ကြံစည်တွေးတောခြင်း မရှိဘဲ၊ထင်ရှားဖြစ်ဆဲ သဘောကိုသာ သိရသဖြင့် သွားခိုက်, ရပ်ခိုက်, မြင်ခိုက်,ကြားခိုက်၌၊ သွားတယ်,ရပ်တယ်, မြင်တယ်,ကြားတယ် ဟုမှတ်လျှင်၊ ဖြစ်ဆဲ ထင်ရှားရှိသော သွားခြင်း, ရပ်ခြင်း,မြင်ခြင်း, ကြားခြင်း သဘောမျှကို၊ အမှန်သိ၏ဟု ဆိုလိုသည်။

ဤနေရာ၌ အထက်ပါ အဓိပ္ပါယ် သဘောများကို အကျဉ်းအားဖြင့် မှတ်သားသိရှိစေခြင်းငှါ၊လင်္ကာဆောင်ပုဒ်ကို ပြဆိုပေအံ့။ ။ဒေသနာနည်းကို လွဲလျှင်၊လွဲတတ်သည်။ ဒေသနာ နည်းအတိုင်း သွားလျှင်၊မှားတတ်သည်။

**အဓိပ္ပါယ်ကား။** ။ဒေသနာနှင့်လည်း မလွဲစေရ၊ ဒေသနာနည်းအဘိုင်းလည်း မကျစေဘဲ၊ ပရမတ္ထမေ့ သဘာဝကို၊ ဟုတ်မှန်သော ယထာဘူတအတိုင်း သိမြင်အောင် အားထုတ်ရမည် ဟု ဆိုလို၏၊

ဥပမာကား။ ။လောက၌ လက်သမား ဆရာသည်၊ သစ်ရိုင်းကို လေးမျှောင့်ရှစ်မျှောင့် အလိုရှိသောအခါ၊ မဲနယ်ဆိုးသော မျဉ်းကြိုးဖြင့် မှတ်သား၍၊ လိုသည်ကို ချန်ထားပြီး၊ မလိုသည်ကို ပယ်ရှားလေ၏။ ထိုအခါ မျဉ်းကြိုးရာလည်း မထင်ရှားပေ၊ ၎င်းလက်သမားဆရာသည် မျဉ်းကြိုးမပါဘဲလည်း အလိုရှိရာကို ဖြောင့်မတ်စွာ ရမည်မဟုတ်၊ မျဉ်းကြိုးရာ ထင်နေပြန်ကလည်း ချောမွေ့ ပြေပြစ်ခြင်းမဖြစ်။ ထို့ကြောင့် မျဉ်းကြိုးကို ဆရာတင်၍၊ မျဉ်းကြိုးရာမထင်အောင် ခုတ်ရွေပါမှ၊ ဖြောင့်မတ်ချောမွေ့စွာ ရရှိနိုင်လေသည်။

ဤအတူပင်လျှင်၊ ဝိပဿနာ ကမ္မဋ္ဌာန်းခွင်သို့ဝင်ပြီး၊ အားထုတ်သော ယောဂီပုဂ္ဂိုလ်သည်၊ ဒေသနာကိုပင် ဆရာတင်၍ ဒေသနာ အစဉ်လည်း ယင်၍မနေစေဘဲ ပရမတ်သဘောကိုသိမြင်အောင် ထင်ရှားဖြစ်ပေါ်ဆဲ အမှုအရာကိုသာ ရှုမှတ်ရလေ၏။ ဒေသနာတိ ပညတ္တိ-ဟူသည်ကို သတိပြု စဉ်းစားသင့်ပေသည်။

ထို့ကြောင့် ဒေသနာတော်၏ နည်း ၃-ပါးကို နားလည်ကွဲပြားအောင် ပိုင်းခြားမှတ်သား နိုင်ကြစေခြင်းငှါ၊ ပါဠိ၊ အဋ္ဌကထာ၊ ဥပမာလင်္ကာများ နှင့် သဘောသွားအဓိပ္ပါယ်တို့ကိုပါ၊ ထင်ရှားစွာ ရေးလိုက်သဖြင့်၊ အားထုတ်သော ယောဂီများသည် အဖန်ဖန် ဆင်ခြင်စဉ်းစား၍ ဝိပဿနာ နည်းလမ်း မမှားရအောင် ပွါးများရှုမှတ် သင့်လှပေသတည်း။

**ဒေသနာနည်း ၃-ပါးကို စဉ်းစားရန် ပြဆိုခြင်း ပြီး၏။**

---

## ခံတတ်သူ မခံတတ်သူတို့၏ အထူးကိုပြဆိုခြင်း

ယခုအခါ ဗဟုသုတ ရှိသောသူနှင့်၊ ဗဟုသုတ မရှိသောသူ နှစ်ဦးတို့၏ တခြားရ ထူးပုံကို သိသာရုံ ပြဆိုပေအံ့။ ဤဘဝ ဤသာသနာ၌၊ စာပေ ကျမ်းဂန်ကို သင်အံလေ့ကျက် ဆောင်ရွက်မှတ်သား၍၊ အကြားအမြင် များသောသူတယောက်။ သင်အံလေ့ကျက် ဆောင်ရွက် မှတ်သားခြင်း မရှိ၍၊ အကြားအမြင် နည်းပါးသူတယောက်၊ ထိုပုဂ္ဂိုလ် နှစ်ယောက်တို့ တရားကိုအတူအားထုတ်ပါလျှင်၊ အကြားအမြင်များသူက အမြန်ပေါက် ရောက်မည်ဟု ထင်တတ်ကြ၏။ သို့သော် သဘောနှန်ကိုဆိုလျှင်၊ အကြား အမြင်နည်းပါးသူက၊ အမြန်ပေါက်ရောက်သည်ဟု မှတ်ယူအပ်ပေ၏။

ဝတ္ထုသက်သေဖြင့် သိရန်မှာ၊ အရှင် သာရိပုတ္တရာသည် အကြား အမြင်များ၍ ဉာဏ်ပညာကြီးမား၏။ အရှင်မောဂ္ဂလာန်သည် အကြား အမြင်မများ၍ ဉာဏ်ပညာနည်းပါး၏။ ထိုမထေရ် နှစ်ပါးတို့တွင်၊အရှင် သာရိပုတ္တရာသည် ၁၅-ရက် အားထုတ်မှ ပြီးမြောက်၏။ အရှင်မောဂ္ဂ လာန်မှာ ၇-ရက်နှင့် ပြီးမြောက်သည်ကို ထောက်၍ သိနိုင်ပေသည်။

အဋ္ဌကထာတို့၌၊ ဥပမာပြသည်မှာ၊ လောက၌ ရှင်ဘုရင်နှင့် ဆင်းရဲ သား ခရီးသွားကြရာ၊ ရှင်ဘုရင်မှာ၊ ရွှေတော်ပြေး ရွှေဝမ်း နောက်ဝမ်း စသော အစီအမံတို့ပြင်ဆင်ရန်များခြင်း။ဆင်းရဲသားများမှာ၊လွယ်အိတ် နှင့်ဒါးလောက်သာ ယူရန်ရှိသဖြင့်၊ပြင်ဆင်ရန် နည်းပါးခြင်းတို့ကြောင့်၊ ရှင်ဘုရင်မှာ နောက်ကျ၍၊ ဆင်းရဲသားမှာ အရင်ရောက်သကဲ့သို့။ ထို့အ တူပင်လျှင် အရှင်သာရိပုတ္တရာမှာ၊ဆင်ခြင်ရန် အသိဉာဏ်များ၍ နောက် ကျ၏။ အရှင်မောဂ္ဂလာန်မှာ၊ ဆင်ခြင်ရန် အသိဉာဏ်နည်းပါး၍ အရင် ပေါက်၏ဟု လာရှိပေသည်။

ဤအဋ္ဌကထာနည်းအရ၊ ယုတ္တိသင့်မျှသော ဥပမာကား၊ လမ်းတွင် အသိမိတ်ဆွေရှိသူ၊ အသိမိတ်ဆွေမရှိသူ နှစ်ဦးတို့ ခရီးသွားကြရာ၊အသိ မိတ်ဆွေရှိသောသူမှာ၊ လမ်းရှိမိတ်ဆွေများ နှုတ်ဆက်ခြင်း၊ ခေါ်ငင် ခြင်းပြုကြ၍ စကားပြန်ရခြင်း၊နားရခြင်းများကြောင့် နောက်ကျ၍။အသိ မိတ်ဆွေ မရှိသူမှာ၊နှုတ်ဆက်သူ မရှိသဖြင့် စကားပြန်ခြင်း နားခြင်းမပြု ရသောကြောင့် အရင်ရောက်သကဲ့သို့။ ထို့အတူ ပင်လျှင်၊ အရှင်သာရိ ပုတ္တရာမှာ၊ ဆင်ခြင်ရန်များ၍ နောက်ကျ၏။ အရှင်မောဂ္ဂလာန်မှာ ဆင် ခြင်ရန်နည်းပါး၍ အရင်ပေါက်၏ဟု မှတ်ယူအပ်ပေသည်။

ဤနေရာ၌ အသိမိတ်ဆွေများကို စကားမပြန် မနားနေဘဲ၊အမြန်သွား လျှင် အရင်ရောက်သကဲ့သို့။ ဉာဏ်ဖြင့်မဆင်ခြင်ဘဲ၊ အလျင်အမြန် အား ထုတ်သော်၊ အရင်ပင် ပေါက်ရောက်နိုင်သည် မဟုတ်ပါလောဟု ထင် မြင်ဘတ်၏။ ထိုထင်မြင်ချက်၌၊ အသိမိတ်ဆွေတဦးက နှုတ်ဆက်သည် ကို၊ စကားမပြန်ဘဲ သွားပါသျှင်၊ လောကတွင် မိတ်ဆွေတို့၏ ဝတ္တရား ပျက်ကွက်၏။ သို့သော် အပျက်ခံမည်ဆိုလျှင် ဖြစ်တန်ရာသော်လည်း၊ လောကုတ္တရာ မေ့သဘောမှာ မူကား၊ ဤသို့ ဖြစ်နိုင်သော တရားမျိုး မဟုတ်ပေ။

ယုံကြည်ရန်သာကေမှာ၊ အရှင်သာရိပုတ္တရာအလောင်းသည်၊ အရှင် အသဿဇိထံ၌။ယေဓမ္မာ ဟေတုပ္ပဘဝါ–စသော တရား ဂါထာကိုနာရာ၊

နှစ်ပါဒနှင့် သောတာပန်ဖြစ်၍၊ ၎င်းဂါထာဆုံးသောအခါ၊ တရားဟော ခြင်းကို ရပ်ဆိုင်းပါတော့ဟု လျှောက်ထား၏။ ဤသို့ လျှောက်ထားခြင်း မှာ၊ အထက် မဂ်ဖိုလ်ကို မလိုချင်၍မဟုတ်၊ လိုချင်သော်လည်း မရနိုင် သေးသောကြောင့်ဖြစ်၏။ ။အဘယ်ကြောင့် ဆိုသော်၊ အသိဉာဏ်တိုး ပွါးလာ၍ တရား၌စိတ်ငြိမ်အောင် မထားနိုင်ခြင်းဖြစ်၏။ လောကုတ္တရာ ဟူသည်၊ အနတ္တသဘောဖြစ်၏။ ကိုယ့်အလိုအတိုင်း ဖြစ်ပါလျှင် အနတ္တ ဟူ၍ပင် မဆိုသင့်ပေ။ ထို့ကြောင့် အရှင် သာရိပုတ္တရာ အလောင်း လျှောက်ထားသော စကား၊အနတ္တသဘောများကို စဉ်းစား၍ ယုံမှားခြင်း ကင်းသင့်လှပေသည်။

တဖန် ဤကဲ့သို့ ဖြစ်နေပါလျှင်၊ ကျမ်းဂန် မသင်သော သူကပင် ကောင်းသေး၏။ ကျမ်းဂန်သင်သောသူမှာ ကျေးဇူးမများဘဲ အချည်းနှီး အလကားဖြစ်၍၊ ပင်ပန်းရုံရှိသည်ဟု ထင်တတ်ကြ၏။ ထိုထင်မြင်ချက်၌ မိမိမဂ်ဖိုလ်ရရန်မှာ၊ ကျမ်းဂန် ဗဟုသုတအတွက် အနှောင့်အယှက်ပင် ဖြစ်၍ ကျေးဇူးမများ၊ သူတပါးအတွက်နှင့် အဆက်ဆက် ကြီးပွါးရန် မှာ၊ ကျမ်းဂန်ကို သင်ကြားသဖြင့်၊ လွန်စွာပင် ကျေးဇူး များသည်ဟု မှတ်သားအပ်၏။

အထက်ပါ စကား၌၊ ဗဟုသုတ များ၍ မဂ်ဖိုလ် တရား၏ အနှောင့် အယှက်ဖြစ်ပုံ ဝတ္ထုများမှာ၊ မူလပဏ္ဏာသ သဗ္ဗာသဝသုတ်အဖွင့်၌လာ သော၊ ရဟန်း ငါးရာတို့ ပရိယတ္တိကိုမှီ၍ မာန ထောင်လွှား နေသဖြင့်၊ မြတ်စွာဘုရား ပယ်ရှားတော်မူရ၏။ပေါဋ္ဌိလ မထေရ်ကြီးသည် ပရိယတ္တိ မာန် ထက်သန်နေသဖြင့်၊မြတ်စွာဘုရား ပယ်လှန် မောင်းမဲတော်မူရ၏။

၎င်းပြင်၊ မဟာသိဝ မထေရ်ကြီးသည်၊ ပရိယတ္တိကို မာနထားပြီး၊ မဂ် ဖိုလ်တရားကို ခဏနှင့်ရမည်ဟု အားထုတ်ရာ၊ လွန်စွာ ဆင်းရဲပင်ပန်း မြည်တမ်း ငိုကြွေးလျက်၊အနှစ် ၂၀-ကြာမှ ပေါက်ရောက်ခြင်း။ ကဿပ မြတ်စွာဘုရား၏ သာသနာ၌၊ ကပိလ ရဟန်းကြီးသည် ထန်သည်းသော ပရိယတ္တိမာန်ဖြင့်၊ အမှန်ကို အမှား၊အမှားကို အမှန်ဟု၊ ဘောက်ပြန်ချွတ် ယွင်း ပြုမိခြင်းကြောင့်၊ သေသည်၏ အခြားမဲ့၌၊ မိမိနှင့်တကွ အသူခြင်း ဘူမျှသော နှစ်မ အမေနှင့်၊ တပည့်ဒကာတွေပါ အဝီစိငရဲ၌ ကျရောက် ရခြင်း။ ဤသို့စသည်ဖြင့်လာသော ဝတ္ထုသက်သေကို ထောက်ဆလျက် အနှောင့်အယှက်ဖြစ်ပုံများကို မှတ်သားသိရှိအပ်ပေသည်။

တဖန် ပရိယတ်ကျမ်းဂန်ကို သင်ကြားရ၍သူတပါးအတွက် ကျေးဇူး များပုံမှာ၊ အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်၏ ဆရာတို့သည်၊ တပည့် တမဂ် တဖိုလ်ရသောအခါ၊ ကမ္မဋ္ဌာန်းကိုဆိုင်းထားပြီး၊ ကျမ်းဂန်များကို သင်ကြားပေးပြီးမှ အထက် မဂ်ဖိုလ်တရားကို ညွှန်ကြားပြသပေ၏။ ထို အရှင် တတိယ သင်္ဂါယနာတင်ခဲ့၍၊ယခုထက်ထိ အဆက်ဆက် ကျေးဇူး များနေပေသည်။

၎င်းပြင် ဤကျမ်းကို ရေးသားသော အရှင်သည်လည်း ကျမ်းဂန်ကို မသင်ဘူးလျှင်၊ယခုကဲ့သို့ သူတပါး နားလည်အောင် ရေးသားခြင်း,ဟော ပြောခြင်း မပြုတတ်ပေရာ၊ယခုမှာ အတော်အတန် သင်ကြားဘူး၍ သူတ ပါး နားလည်အောင် ရေးသားခြင်း,ဟောပြောခြင်း ပြုတတ်ပေ၏။

အရှင်မောဂ္ဂလိပုတ္တတိဿမထေရ် တမဂ် တဖိုလ် ရသောအခါ၊ ပရိ ယတ်ကို မသင်ကြားဘဲ၊မဂ်ဖိုလ်အဆုံးသို့ ရောက်သွားပါလျှင်၊ ပရိယတ်၌ ကိုယ့်အကျိုးမမြင် အချည်းနှီးထင်၍ သင်ကြားတော့မည် မဟုတ်သဖြင့်၊ တမဂ် တဖိုလ်မျှနှင့် ဆိုင်းထားပြီး ကျမ်းဂန်ကို သင်ကြားပေးရသည်ဟု အဋ္ဌကထာ၌ လာ၏။ ထို့ကြောင့် ပရိယတ်သည် ကိုယ့်အတွက်မှာ အနှောင့် အယှက်ဖြစ်၍၊ သူတပါး အတွက်သာ ကျေးဇူး များသည်ဟု ဆိုခဲ့ပေသည်။

ဥပမာကား၊ ဗဟုသုတရှိသော ပုဂ္ဂိုလ်သည်၊ လူကောင်း အိပ်မက် သည်နှင့်တူ၏။ဗဟုသုတမရှိသောသူသည်၊လူအ အိပ်မက်သည်နှင့်တူ၏။ လူကောင်းသည် အိပ်မက်သည်ကို မိမိလည်းသိ၏၊ သူတပါးကိုလည်း ပြောကြားတတ်၏။သူအသည် အိပ်မက်သည်ကို မိမိကားသိ၏၊ သူတပါး ကိုမူကား မပြောကြားတတ်ပေ။

ထို့အတူ ဗဟုသုတရှိသောသူမှာ မိမိလည်းသိ၏၊ သူတပါးကိုလည်း ဟောပြောတတ်၏။ ဗဟုသုတမရှိသောသူမှာ မိမိကားသိ၏၊ သူတပါး ကိုမူကား မဟောပြောတတ်ပေ။ တနည်းအားဖြင့်၊ ဗဟုသုတရှိသောသူ သည်။ဘုရားနှင့်တူ၏။ ဗဟုသုတမရှိသောသူသည်၊ ပစ္စေကဗုဒ္ဓါနှင့်တူ၏။ ဥပမေယျကို နောက်ဥပမာအတိုင်း နှိုင်းယှဉ်၍ သိမြင်ကြပါလေ။

ယခုပြဆိုခဲ့သော အဓိပ္ပါယ်မှာ၊ ပရိယတ်ပညာသည် သူ့နေရာနှင့်သူ ကျေးဇူးများသည်မှာ လွန်စွာပင် သိသာ ထင်ရှားလှပေ၏။ ဤပရိယတ် တရားသည်၊ လောက၌လွန်စွာ ဘုန်းတန်ခိုးကြီးမားခြင်းကို ဖြစ်စေတတ် ၏။ထို့ကြောင့် ယထာဘူတဉာဏ်သွားလျှင် မိမိပရိသတ်နှင့်တကွ သာသ

နာတော်၏ အကျိုးစီးပွါးကို၊ လွန်စွာကြီးမားအောင် ရွက်ဆောင်တတ်ပေ၏။ ယထာဘူတဉာဏ်မသွားလျှင်၊ မိမိပရိယတ်နှင့်တကွ သာသနာတော်၏ အကျိုးစီးပွါးကို၊ လွန်စွာဆုတ်ယုတ် ပျက်ပြားအောင် ပြုတတ်လေ၏။ သတိပြုရန်အချက်ပေတည်း။

ပရိယတ် မသင်ကြားရဘဲ၊ ယထာဘူတဉာဏ်သွားသောသူမှာ၊ ပရိယတ် မရှိစေကာမူ၊ မိမိပရိယတ်နှင့်တကွ သာသနာတော်၏ အကျိုးစီးပွါးကို၊ အလွန်ကြီးမားအောင် မဆောင်ရွက်နိုင်သော်လည်း၊ အတန်အသင့် ဆောင်ရွက်နိုင်၍ ဆုတ်ယုတ် ပျက်စီးရန်မှာ အနည်းငယ်မျှမရှိနိုင်တော့ပေ။

ပရိယတ်ဉာဏ် နည်းပါးသောသူမှာ လွဲမှားနေသော်လည်း၊ အမှန်ရောက်အောင် ပြုလုပ်ရန်လွယ်ကူပေ၏။ ပရိယတ်ဉာဏ် ကြီးမားသောသူမှာ လွဲမှားနေလျှင်၊ ဆေးမှားသောရောဂါကို အကုရ ခက်သကဲ့သို့၊ အမှန်ရောက်အောင် ပြုလုပ်ရန်မှာ လွန်စွာမှ ခက်ခဲလှပေသည်။

ဥပမာကား၊ လောက၌ စိန် ဆေး ဒါန်းစသော သတ္တုများသည်၊ နားလည်သောသူမှာ သတ္တိအကျိုးကို အမျိုးမျိုး ခံစားရသော်လည်း၊ နားမလည်သောသူမှာမူကား၊ အသက်ပင် ဆုံးရှုံးရသကဲ့သို့။ ထိုအတူပင်လျှင် ပရိယတ်သည်လည်း ယထာဘူတဉာဏ် သွားသောသူမှာ၊ နိဗ္ဗာန်တိုင်အောင် အကျိုးကို ဆောင်နိုင်သော်လည်း၊ ယထာဘူတဉာဏ် မသွားသောသူမှာမူကား၊ အပါယ်သို့ လားရတတ်ပေသည်။

ဤသဘောမျိုးကိုရည်၍ စာမှာ တတ်သော်လည်း၊ကိုယ်မှာ မတတ်လျှင် ဂါဟတ်ကိုက်တတ်၏။ စာမှာမတတ်သော်လည်း ကိုယ်မှာတတ်လျှင်၊ ဂါဟတ္တကင်းပြတ်၏ဟု ဆေးဆရာကြီးတို့ မိန့်ဆိုတော် မူကြဟုန်သည်။

**ဂန္ထေ ဉာတေပိနော ကာယေ၊ ဂါဟောဂါဟတိပုဂ္ဂလံ။**
**ဂန္ထေ ဉာတေ အ ဉာတေဝါ၊ ကာယေဉာတေ ဝိဂစ္ဆတိ။**

ဂန္ထေ၊ ပရိယတ်ကျမ်းဂန်ကို။ ဉာတေပိ၊ ဘယ်လောက်ပင် တတ်မြောက်ပါသော်လည်း။ ကာယေ၊ သဘောဉာဏ်စွဲ၊ ကိုယ်စိတ်ထဲ၌။ နော ဉာတေ၊ ပရမတ်မျက်စိဖြင့် အမှန်ကို မသိသည်ရှိသော်။ ဂါဟော၊ တဏှာ,မာန, ဒိဋ္ဌိ ၃-ပါး၊ ဂါဟတရားသည်။ ပုဂ္ဂလံ၊ ပညာတ် သိကြား၊ ပုဂ္ဂိုလ်များကို၊ ဂါဟတိ၊ ဖမ်းယူလေ၏။ ဂန္ထေ၊ ပရိယတ်ကျမ်းဂန်ကို

ဉာတော ဝါ၊ တတ်မြောက်သော်ငှင်း။ အ ဉာတော ဝါ၊ မတတ်မြောက်သော်ငှင်း။ ကာယေ၊ သဘောဉာဏ်စွဲ၊ ကိုယ်စိတ်ထဲ၌။ ဉာတော၊ ပရမတ်မျက်စိဖြင့် အမှန်ကိုသိသည်ရှိသော်။ ဂါယော၊ တဘာ့ဗာ,မာန,ဒိဋ္ဌိ ၃-ပါး၊ ဂါဟတရားသည်။ဝိဂစ္ဆတိ၊ကင်းပြတ်လေ၏။

ယခု ပြဆိုအပ်သော စကားရပ်ဖြင့်၊ စာမတတ်သော သူက စာတတ်သော သူထက် မဂ်ဖိုလ်ရ လျင်မြန်သည်မှာ ယေဘုယျဖြစ်၏။ စာတတ်သူက လျင်မြန်သည် မှာလည်း အနည်းငယ် ရှိပေသေးသည်။ ထို့ကြောင့် စာမတတ်သောသူတို့ စိတ်ထက်သန်ကြလျက် လမ်းမှန်သော ဝိပဿနာတရားကို၊ ယုံကြည်စွာ စိတ်ထား၍ ပွါးများ ရှုမှတ်သင့်လှပေသတည်း။

စာတတ်သူ-မတတ်သူတို့ကို ပြဆိုခြင်းပြီး၏။

---

## ဒါန,သီလနှင့် ဘာဝနာအရကို ပြဆိုခြင်း

ယခု ပြဆိုခဲ့သော စကားအရပ်ရပ်၌၊ ဒါန,သီလ,သမထတို့နှင့်စပ်၍၊ အကျိုးမနပ်သကဲ့သို့ ဖြစ်နေသဖြင့်၊ အချို့သောသူတို့၏စိတ်၌ သံသယ မကင်း ရှိဘတ်ပေ၏။ ထို့ကြောင့် အရာဌာနအားလျော်စွာ နှလုံးသွင်းနိုင်ကြစေရန် ရှင်းလင်း၍ ပြဆိုပေအံ့။

ဝိပဿနာ အားထုတ်ရာ၌၊ ဒါန,သီလအလုပ်များကို၊ ပယ်ဖြုတ်ထားရမည်ကဲ့သို့ ရေးသားသည်မှာ၊အကုသိုလ်တရားကဲ့သို့ အပါယ်သို့လားစေတတ်သောကြောင့် မဟုတ်ပေ။ အချုပ် သဘောမှာမူကား၊ ပေဘူလတောင်သို့ ရောက်သွားပါလျက်နှင့် ပတ္တမြားရတနာကိုမကောက်ဘဲ၊ ဒါးသွေးကျောက်ကို ကောက်ယူနှားသော ယောကျ်ားမိုက်ကဲ့သို့။ နိဗ္ဗာန်ကို ရနိုင်သော သာသနာကြီးနှင့် တွေ့ကြုံပါလျက်၊ဒါန,သီလလောက်များနှင့် နှစ်သက်တင်းတိမ်ကာ သာသနာကုန်ဆုံး၍ သွားပါက၊ တွေ့ကြုံကျိုးမနပ်ဘဲ လူဖြစ်ရှုံးသွားမည်ပိုးသောကြောင့်ဟု မှတ်အပ်၏။

ကုသိုလ်တရားနှင့် အကျိုးပေးပုံများမှာ၊တိုက်ရိုက်အားဖြင့်ယူပါလျှင်၊ ဒါန,သီလသည် လူ,နတ်ဟူသော ကာမဘုံသို့ ရောက်နိုင်၏။ ဘာဝနာ နှစ်မျိုးတွင်၊ သမထ ဘာဝနာသည် ရူပ, အရူပဟူသော ဗြဟ္မာဘုံသို့ ရောက်နိုင်၏။ ဝိပဿနာ ဘာဝနာသည်သာလျှင် နိဗ္ဗာန်သို့ရောက်နိုင်လေသည်။

ဥပမာကား၊ လောက၌ အသက်မွေးရန် ရောင်းဝယ်ကြသော ကုန်သည်တို့တွင်၊ ငွေရင်းနည်းပါးလှ၍ ပခုံးထမ်း ခေါင်းရွက် သူတို့မှာ၊

[illegible]ာခေါက်ပေါက်မှ တရက်စာ နှစ်ရက်စာ ရနိုင်သဖြင့်၊ နေ့ရက်ရှိသမျှ အလုပ်ဒုက္ခနှင့်မကင်း၍ တသက်လုံး ချမ်းသာခြင်းကို မရနိုင်ပေ။ ငွေရင်း အသင့်အဘင့်ရှိ၍ လှေငယ် လှည်းငယ်နှင့် ရောင်းသောသူတို့မှာ၊ တခေါက်ပေါက်မှ တလစာ တနှစ်စာ ရနိုင်သဖြင့်၊ လ နှစ် ရှိသမျှ အလုပ်ဒုက္ခနှင့်မကင်း၍ တဘဝလုံး ချမ်းသာခြင်းကို မရနိုင်ပေ။

ငွေရင်းများ၍ မီးရထား မီးသင်းဘော တည်ထောင်နိုင်သူတို့မှာ တခေါက်ပေါက်လျှင် သားစဉ် မြေးဆက်သုံး၍ မကုန်အောင် ရနိုင်သဖြင့်၊ မြေပိုင် စက်ပိုင် စသော သူဌေးကြီးများဖြစ်လျက် အလုပ်နှင့်ပတ်သက်သော ဒုက္ခကင်းပြီး၊ တသက်လုံး ချမ်းသာခြင်းသုခကိုသာခံစား၍ နေရလေတော့သည်။

ဤဥပမာအတူ ဒါန,သီလ,အထမြောက်မှု ကာမဘုံ၌ တဘဝ နှစ်ဘဝ စသည်မျှ ချမ်းသာရ၍။ သမထဘာဝနာ အထမြောက်ပါမူ၊ရူပဘုံ,အရူပဘုံ၌ ကမ္ဘာ-၁၀၀,ကမ္ဘာ-၂၀၀ စသည်မျှ ချမ်းသာပြီး၊ အရှိန်ကုန်သောအခါ၊ အပါယ်ရွာသို့ပင် ပြန်ရောက်ရလေ၏။ ဝိပဿနာ အထမြောက်ပါမူကား၊ အပါယ်လားခြင်းစသော ဒုက္ခခပ်သိမ်းမှ တခါတည်း အပြီးတိုင် အေးငြိမ်းချမ်းသာ ရလေတော့၏။ ဤဥပမာကိုခိုး၍ ဆေးရိုးကုန်,ဆေးကုန်,အဝတ်အထည်ကုန်,ရွှေကုန်,ကျောက်ကုန်စသော ဥပမာတို့ဖြင့်လည်း၊အကျယ်တခင့်ဖွင့်၍ သိသင့်လှပေတော့သည်။

**လိုရင်းအချုပ်မှာ၊ ဝိပဿနာအလုပ်ကို အားထုတ်ဆဲ အခိုက်၌သာလျှင်၊ လုပ်ငန်း မတွင်အောင် ပိတ်ပင်ခြင်းဖြစ်၍ ရှောင်ကြဉ်ကြ၏။ ဝိပဿနာအားမထုတ်သေး အားထုတ်ပြီးသူတို့မှာ အလိုရှိသမျှပင်လျှင် ဒါန,သီလများကို ပြုလုပ်ရပေ၏။ ဝိသာခါ အနာထပိဏ် စသည်တို့ကို ထောက်ရှုပါလေ။**

**ယခုပြဆိုခဲ့သော အဓိပ္ပါယ်များ အရဖြင့် ဒါန, သီလ, ဘာဝနာဟူ၍၎င်း၊ သီလ, သမာဓိ ပညာဟူ၍၎င်း၊ မဂ္ဂင်ရှစ်ပါးဟူ၍၎င်း၊ ဤသို့စသည်အားဖြင့် နိဗ္ဗာန်ရောက်ကြောင်း တရားတို့ များပြားနေသော်လည်း၊ ဓမ္မသဘောမှာမူကား ဝိပဿနာကိုအားထုတ်ရာတွင် အလုံးစုံ ပါဝင်ပြီးစီးနိုင်သဖြင့်၊ ဝိပဿနာ အလုပ်တခုကိုသာလျှင် အားထုတ်ရမည်ဟု ဆိုလို၏။**

ပြီးစီးပုံမှာ၊ သိက္ခာနှင့် သာသနာကိုပြသောအရာ၊ မဂ္ဂင်ရှစ်ပါးကိုပြသောအရာ၊ ဝိသုဒ္ဓိအစဉ်ကိုပြသောအရာတို့၌၊ သီလ,သမာဓိ,ပညာ၃-ပါးသာရ၏။ ထို ၃-ပါးတို့တွင် **သီလ** ဟူသည် မကောင်းသော ကာယကံ အမှု, ဝစီကံမှုတို့ကို လုံခြုံအောင် စောင့်ရှောက်ခြင်း သဘောဖြစ်၏။ **သမာဓိ**ဟူသည် မကောင်းသောမနောကံမှုကို မတွေးတော မကြံစည်

တည်ကြည်ခြင်း သဘောဖြစ်၏။ **ပညာ** ဟူသည်မှာ အမှန်ကိုသိခြင်း သဘောဖြစ်၏။

ဤသို့ဖြစ်လေရာ၊ ဝိပဿနာရှုမှတ်သောအခိုက်၌ ကာယကံ ဝစီကံမှုကို လွန်ကျူးခြင်းမရှိ၍ သီလလုံခြုံသည်မည်၏။ တဖန် ဝိပဿနာရှုမှတ်သောအခိုက်၌၊ မနောကံမှုကို လွန်ကျူးခြင်းမရှိ၍ သမာဓိ တည်သည်မည်၏။ ထို့ကြောင့် ဝိပဿနာရှုမှတ်သော စိတ်တချက်၌ တပြိုင်နက်ပြီးစီးနိုင်ပေသည်။

**ယောစ တတ္ထ သံဝရဋ္ဌော အယံ အဓိသီလသိက္ခာ၊**
**ယောစ တတ္ထ အဝိက္ခေပဋ္ဌော အယံ အဓိစိတ္တသိက္ခာ၊**
**ယောစ တတ္ထ ဒဿနဋ္ဌော အယံ အဓိပညာသိက္ခာ။**

(ပဋိသမ္ဘိဒါမဂ်ပါဠိတော်)

တတ္ထ၊ ထိုတခုတည်းသော ဝိပဿနာ စိတ္တုပ္ပါဒ်၌။ ယောစ သံဝရဋ္ဌော၊ အကြင်စောင့်ရှောက်ခြင်းအနက်။ အယံ၊ ဤစောင့်ရှောက်ခြင်းအနက်သည်။ အဓိသီလသိက္ခာ၊ အဓိသီလ သိက္ခာမည်၏။ တတ္ထ၊ ထိုဝိပဿနာစိတ်၌။ ယောစ အဝိက္ခေပဋ္ဌော၊အကြင်မပြန့်လွင့်ခြင်းအနက်။ အယံ၊ ဤမပြန့်ခြင်းအနက်သည်။ အဓိစိတ္တသိက္ခာ၊အဓိစိတ္တသိက္ခာမည်၏။ တတ္ထ၊ ထိုဝိပဿနာစိတ်၌။ယောစ ဒဿနဋ္ဌော၊ အကြင်မြင်ခြင်းအနက်။ အယံ၊ဤမြင်ခြင်း အနက်သည်၊အဓိပညာသိက္ခာ၊အဓိပညာသိက္ခာမည်၏။

ဒါန,သီလ,ဘာဝနာ၊ သီလ,သမာဓိ,ပညာစသည်ဖြင့် ကျမ်းဂန်တို့၌လာသောကြောင့် **ဒါနအစ,သီလအလယ်,ဘာဝနာ အဆုံးဟူ၍ငင်း၊ သီလအစ,သမာဓိအလယ်,ပညာအဆုံးဟူ၍ငင်း၊**။ဤသို့စသော အစဉ်အလာကိုမှတ်သား၍၊ငင်းအတိုင်း အားထုတ်ရသည်ဟု ထင်မြင်ရန်ရှိပေ၏။ဤနေရာ၌သဘောကိုညှိပါလျှင်ရေတွက်သောသချာမှာဒေသနာက္ကမသာဖြစ်၏။ ကျင့်စဉ်မှာ ထိုကဲ့သို့ အစ,အလယ်, အဆုံးဟုမရှိဘဲ တချက်ထဲ ပြီးစီးသောကြောင့်၊**ဒါနအစ,မဂ်ပထမ,သီလရှေးဦးစွာ**ဟု ဆိုသာပေသည်။

**အဓိပ္ပါယ်မှာ၊** တစုံတခုသော ပစ္စည်းဝတ္ထုကို လှူကပ်သောအခါ၊ ကပ်တယ်ဟု ဝိပဿနာဖြင့် ရှုမှတ်ပါလျှင်၊လှူကပ်သောဒါနနှင့် ရှုမှတ်သော ဝိပဿနာစိတ်အတူတကွ ဖြစ်လေရာ၊ထိုအခိုက်မှာ ကာယကံ,ဝစီကံ ဒုစရိုက်လည်းကင်းစင်သဖြင့် သီလပါဝင်သည်ဟုဆိုလို၏။ ထို့ကြောင့် ယခုပြဆိုခဲ့သော အဓိပ္ပါယ်သွားနှင့် ပလိဗောဓစသော သဘောများကိုဆင်ခြင်၍ ဉာဏ်အမြင် ပွင့်လင်းသင့်လှပေသတည်း။

ဒါန,သီလနှင့် <u>ဘာဝနာအရကို</u> ပြဆိုခြင်းပြီး၏။

## သီလ၏သဘောသွားကို မှတ်သားရန် ပြဆိုခြင်း

သီလသည်၊ ကာယဒုစရိုက်, ဝစီဒုစရိုက်တို့ မဖြစ်အောင် စောင့်ရှောက်ခြင်း သဘောအားဖြင့် တပါးတည်း ဖြစ်သော်လည်း၊ ဝိသုဒ္ဓိမဂ်ပဋိသမ္ဘိဒါမဂ် ကျမ်းတို့၌ အရေအတွက်နှင့် အမျိုးအမည်တို့မှာ များပြားစွာလာရှိပေ၏။ ထိုသီလတို့ကို ပေါင်းရုံးအကျဉ်းချုံး၍ ဤကျမ်း၌ ဝိပဿနာနှင့်ဆိုင်ရာ သီလများကိုသာလျှင် အမြွက်မျှ ရေးသား ပြဆိုပေအံ့။

သီလတို့သည်၊ လူတို့၏သီလ, ရဟန်းတို့၏သီလဟူ၍ နှစ်ပါးအပြားရှိကုန်၏။ ထိုနှစ်ပါးတို့တွင် လူတို့၏သီလမှာ၊ ငါးပါးသီလ,ရှစ်ပါးသီလ, ဆယ်ပါးသီလဟူ၍ သုံးမျိုးရှိရာ၊ အလိုရှိသော သီလတမျိုးမျိုးကို ခံယူဆောက်တည်၍ ဝိပဿနာကို အားထုတ်နိုင်၏၊ ဝိပဿနာ အားထုတ်ဆဲအခါ၌ သီလပျက်ကွက်စရာမဖြစ်နိုင်ပေ၊ ထို့ကြောင့် သီလလုံခြုံ၍ ပြည့်စုံသည်မည်တော့၏။

ဤနေရာ၌ ကမ္မဋ္ဌာန်းအားထုတ်ရန် ဟောပြောသောအခါ၊ ကမ္မဋ္ဌာန်းကို နေနေသာသာ၊ သီလကိုပင်လုံခြုံအောင် စောင့်ရှောက်ပါဦးဟု အချို့သူတို့မှာ ပြောတတ်၏၊ ယခုလိုပြောရာ၌၊ ကမ္မဋ္ဌာန်းခွင်သို့မဝင်မီ၊ ရှေးဦးစွာကြိုတင်၍ လပေါင်းနှစ်ပေါင်းများစွာ သီလကိုဆောက်တည်၍၊မကျိုးမပေါက်အောင် စောင့်ရှောက်နိုင်ပါမှ၊ ကမ္မဋ္ဌာန်းကို အားထုတ်ကောင်းသကဲ့သို့ မှတ်ထင်ဟန်ရှိနေပေသည်။ ထို့ကြောင့် ၎င်းစကားကိုယုံကြည်မိသောသူတို့မှာ ကမ္မဋ္ဌာန်းကို အားမထုတ်ဝံ့ကြလေကုန်။

သဘောအားဖြင့်မူကား၊ ကမ္မဋ္ဌာန်းတရားကို နှလုံးမသွင်း သေးဘဲတည်မြဲဖြစ်သော ပကတိလူများမှာ၊ လပေါင်းနှစ်ပေါင်းကို မဆိုထားဘိ၊ တနေ့တရက် လောက်မျှပင်လျှင် ငါးပါးသီလကို လုံခြုံအောင် ရှောင်ကြဉ်ရန်မှာ လွန်စွာခဲယဉ်းလှပေ၏။ ကမ္မဋ္ဌာန်းကို အားထုတ်ဆဲ အခါမှာမူ ကောင်းစွာလုံခြုံနိုင်လေ၏။ ဤကဲ့သို့ လုံခြုံသည်ကို သီလပြည့်စုံသည်ဟုဆိုရလေ၏။ ထို့ကြောင့် ကမ္မဋ္ဌာန်းဝိပဿနာကို နှလုံးမသွင်းမီရှေးအတိုင်း၌ လွန်ကျူးပြစ်မှား၍ ပျက်ပြားနေသော သီလများအတွက်နှင့် မဂ်ဖိုလ်တရား၏ အနှောင့်အယှက် မဖြစ်နိုင်ပေ။

အနှောင့်အယှက် မဖြစ်နိုင်ပုံများမှာ၊ ခိုးသားငါးရာတို့သည်၊သံကိစ္စသာမဏေ၏ တရားကိုနာစဉ် နိဗ္ဗာန်သို့ဝင်ရလေ

သာသနာရေးဦးစီး
စာကြည့်တိုက်
ကမ္ဘာအေး၊ ရန်က

တံငါသည်ယောကျ်ားသည်၊ မြတ်စွာဘုရား၏ တရားကိုနာစဉ် နိဗ္ဗာန်သို့ ဝင်ရလေ၏။၎င်းပြင် မြတ်စွာဘုရားကို ရန်သူထင်၍ လေးနှင့်ပစ်မည်ဟု ချိန်ရွယ်နေသော၊ ကုက္ကုဋမိတ္တမုဆိုးနှင့် သား ၇-ယောက်တို့ တရားကို နာရသဖြင့် မဂ်ဖိုလ်ကို သိမြင်ကြလေ၏။ အင်္ဂုလိမာလသည် ကိုးဆယ့်ကိုးယောက်သော မင်းတို့ကိုသတ်ပြီး၊ မိခင်ကိုသတ်ရန် လိုက်နေစဉ်၊ ဘုရားရှင်တရားကိုနာရ၍ မဂ်ဖိုလ်ကို မျက်မှောက်ပြုရလေ၏။ ထိုကဲ့သို့သောဝတ္ထုတို့မှာ လွန်စွာများပြားလေသည်။

ဤကဲ့သို့ အထက်ပါဝတ္ထုများမှာ၊ မဂ်ဖိုလ်ကိုရနိုင်ရန် တရားကိုနှလုံးမသွင်းမီရှေးအခါ၌ သီလလုံခြုံနေသည်မရှိ၊ တရားကို နှလုံးသွင်းစဉ်၌ ရှောင်ကြဉ် လုံခြုံမှုသည်သီလပြည့်စုံသည်မည်၏။ ထို့ကြောင့် ဝိပဿနာရှုမှတ်ဆဲဖြစ်သော စိတ်အစဉ်၌၊ကာယဒုစရိုက်,ဝစီဒုစရိုက်တို့ကို မလွန်ကျူးဘဲ ရှောင်ကြဉ် လုံခြုံမှုကို၊သီလပြည့်စုံသည်ဟု ယုံကြည်စွာမှတ်ယူကြပါလေ။ဤကား၊ လူတို့နှင့်စပ်သော သီလကိုပြဆိုခြင်းတည်း။

ရဟန်း သာမဏေများ၏ သီလတို့တွင်၊ရဟန်းတော်တို့မှာ စတုပါရိသုဒ္ဓိ သီလလုံ၍ လေးပါးလုံးကိုပြည့်စုံစေရာ၏။ ထိုလေးပါးတို့တွင်၊ပါတိမောက္ခသံဝရ သီလလုံ၍ ဝိပဿနာကိုအားထုတ်လျှင်၊ ကြွင်းသောသီလသုံးပါးမှာ ပြည့်စုံလေတော့၏။ ပါတိမောက္ခသံဝရသီလ၌လည်း၊ ဒေသနာကံ,ဝုဋ္ဌာနကံအတိုင်း ပြုလုပ်ရ၏။ ဝုဋ္ဌာနကံပြုပြီးလျှင်၊ ဒေသနာကံမှာ သစိတ္တကအတွက် ပျက်ကွက်ရန်မရှိ၊ အစိတ္တက အတွက်လည်း နှောင့်ယှက်ခြင်းမရှိနိုင်ဘဲ ခိုင်မြဲလေတော့သည်။

ဤနေရာ၌ သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိစသည်ဖြင့် အဋ္ဌကထာ၌လာသောကြောင့်၊ အလုံးစုံသော သီလစင်ကြယ်အောင် ကြိုတင်၍ သုစ်သင်ရှင်းလင်းနိုင်မှ ဝိပဿနာဖြစ်မည်ကဲ့သို့ မှတ်ထင်တတ်၏။ သို့သော်၊ ဧဝံပုဂ္ဂလာ အနာပတ္တိ-ဟု လာရှိသောကျမ်းဂန်အရ၊ ဘုရားနှင့် ပစ္စေကဗုဒ္ဓါမှ တပါး၊ရှင်သာရိပုတ္တရာ, ရှင်မဟာကဿပစသော ရဟန္တာမထေရ်ကြီးများ ပင်လျှင်၊ အစိတ္တက အာပတ်မျိုးမှာ အခါခပ်သိမ်း မလုံခြုံနိုင်ဟု အဓိပ္ပါယ်လာသဖြင့်၊ ဝိပဿနာအားထုတ်သော ယောဂီရဟန်းများမှာ၊ အစိတ္တကအာပတ်အတွက် မပျက်ကွက်ဘဲ ခိုင်မြဲပြည့်စုံသည်မည်၏။

သာမဏေ၏ သီလများမှာ၊လိင်,ဒဏ်,သေခိယလုံလျှင်ပြည့်စုံလေ၏။ အမှတ်တမဲ့ သတိမေ့လျော့သဖြင့် လွန်ကျူးလိုသောစိတ်မရှိဘဲ၊မှားယွင်း

ပြုလုပ်မိ၍ ညှိုးနွမ်းသော သီလများမှာ၊ အစိတ္တက အာပတ်မျိုးကဲ့သို့ပင် ဖြစ်၍၊ မဂ်ဖိုလ်ကို ဖိတ်ပင်တားမြစ်ခြင်း မပြုနိုင်ပေ။

အသျှင်းမှာ၊ ပစ္စယသန္နိဿိတ သီလခေါ်သော ပုတီးစိပ်မှု ပစ္စဝေက္ခဏာ ဆင်ခြင်မှုမပြုလျှင် သီလမစင်ကြယ်ဟု ထင်တတ်၏။ ဤနေ့ရာ၌၊ ကျောင်း, သင်္ကန်း, ဆွမ်း, ဆေး ဟူသော ပစ္စည်းလေးပါးကို ဆင်ခြင်မှုသည်ပစ္စဝေက္ခဏာမည်၏။ဝိပဿနာအားထုတ်၍ နာမ်ရုပ်ကို ဆင်ခြင်မှုသည် မဟာပစ္စဝေက္ခဏာမည်၏ဟု ကျေးဇူးရှင် မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီး မိန့်တော်မူ၏။ သဘောမှာ၊ ပစ္စည်းကို ဆင်ခြင်မှုသည် ပညတ်ဖြစ်၏။ နာမ်ရုပ်ကို ဆင်ခြင်မှုသည် ပရမတ်ဖြစ်၏။ ထို့ကြောင့် သီလစင်ကြယ်၏ဟု မှတ်ယူပါလေ။

ရင်းပြင်“ဝတ္တံ အ ပရိပူရေန္တော၊သီလံ န ပရိပူရတိ”စသည်ဖြင့် ခန္ဓက တို့၌လာရှိ၍၊ ဝတ်ကြီး ဝတ်ငယ်နှင့် မပြည့်စုံလျှင် သီလမလုံခြုံဟု ထင်တတ်ကြ၏။ ဆရာဝတ် တပည့်ဝတ်မှာ လွန်စွာ များပြား၍၊ တရားကို အားမထုတ်သောသူတို့ပင်လျှင် မပြည့်စုံနိုင်ပေ။ ထို့ကြောင့် ပလိဗောဓ မဖြစ်ရန် သီလပြည့်စုံစေရန်ဖြင့်၊တောင်းပန်ခွင့်ပြုထားလျှင် သီလပြည့်စုံ သည်ပင် ဖြစ်လေတော့၏။

တဖန်လည်း၊ ရှုတင်အကျင့်မရှိလျှင် မဂ်ဖိုလ်သို့ မဝင်နိုင်ဟု၊ မိလိန္ဒ ပဥှာကျမ်း၌လာသဖြင့်၊ ရှုတင်အကျင့်မပါလျှင် ဝိပဿနာမဖြစ်ဟု ထင်တတ်၏။ သို့သော် ကျင့်နိုင်လျှင် သာ၍ကောင်းမွန်၏။ အကယ်၍ ယခု အားထုတ်ဆဲ၌ မကျင့်နိုင်သော်လည်း၊ လွန်ခဲ့သောဘဝအခါ သံသရာတို့က မကျင့်ဘူးသူ မရှိနိုင်သဖြင့်၊ ထိုလွန်ခဲ့သော ရှုတင်မျိုးပင်လျှင် ယခု အခါတွင်ပါဝင်ပြီး၊မဂ်ဖိုလ်ကို အောင်မြင်နိုင်သည်ဟု ယုံကြည်စွာမှတ်ချ ကြပါလေ။ ဤကား ရဟန်းသာမဏေတို့နှင့်စပ်သော သီလကိုပြဆိုခြင်း တည်း။

သီလ၏သဘောသွားကို မှတ်သားရန် ပြဆိုခြင်းပြီး၏။

## သမာဓိနည်းလမ်းကို ခွဲခြမ်း၍ ပြဆိုခြင်း

သမာဓိဟူသည် စိတ်တည်ကြည်မှုကိုဆို၏။ ထိုသမာဓိသည် သမထ နှင့်ယှဉ်သောသမာဓိ၊ ဝိပဿနာနှင့်ယှဉ်သော သမာဓိဟူ၍ နှစ်ပါးရှိ၏။ ထိုနှစ်ပါးတို့တွင်၊သမထလေးဆယ်တွင် တပါးပါးကိုအားထုတ်၍ ဥပစာ ရသမာဓိ,အပ္ပနာသမာဓိ စသဖြင့် ဈာန် သမာပတ် လောကီအဘိညာဉ်

ငါးပါးတိုင်အောင် အားထုတ်မှုသည်၊သမထနှင့်ယှဉ်သော သမာဓိမည်၏။ ၎င်းသမာဓိမှတဆင့် ဝိပဿနာသို့တက်၍ မဂ်ဖိုလ်ရသောလမ်းသည်၊ သမထယျာနိကလမ်း မည်၏။

ဝိပဿနာအလုပ်နှင့် အတူပါသော သမာဓိသည်၊ ဝိပဿနာနှင့်ယှဉ်သော သမာဓိမည်၏။ ထိုသမာဓိကို ခဏိက သမာဓိဟု ခေါ် ဆို၏။ ၎င်းသမာဓိနှင့် ဝိပဿနာပွါး၍ မဂ်ဖိုလ်ရသော လမ်းသည်၊ ဝိပဿနာယျာနိကလမ်း မည်၏။ သုဒ္ဓဝိပဿနာဟု ဆိုလိုသည်။ ထိုနှစ်လမ်းတို့တွင်၊ သမထယျာနိကလမ်းမှာ၊လမ်းရှည်ဖြစ်၍ ကြာမြင့်၏။ ဝိပဿနာယျာနိကလမ်းမှာ၊ လမ်းတိုဖြစ်၍ လျင်မြန်၏။ သို့သော် ဝိပဿနာ နည်းမှန်ကို အားမထုတ်ဘူးသေးလျှင် ပြောင်းပြန်ဟု မှတ်ထင်ကြလေသည်။

ဤအဓိပ္ပါယ်များကို ထောက်ထားရန်မှာ၊ သမထယျာနိက လမ်းအရဖြင့် အားထုတ်ကြသော သူတို့သည်၊ တလ, နှစ်လ ကြာ၍မှ အရောင်အလင်း နိမိတ်ထင်မြင်ရန် ခဲယဉ်းသဖြင့်၊ ဝိပဿနာယျာနိကလမ်းအရ အားထုတ်၍ ဆယ်နှစ်ရွယ်ရှိ သူငယ်မတို့ပင်လျှင်၊ ၅-ရက်, ၇-ရက်မျှနှင့် အရောင်အလင်း နိမိတ်ထင်မြင်သည်များကို ကြားသိရဘူးပေသည်။

ထိုသမာဓိ ကမ္မဋ္ဌာန်းကို အားထုတ်၍ ဈာန်အဘိညာဉ် ရသောသူကို မဆိုထားဘိ၊ အတော်အတန်မျှ ထက်သန် တည်ကြည်လာ၍ မျက်နှာပွင့်လင်း လာဘ်များခြင်း စသော အကျိုးဖြစ်ပေါ်လျှင် ဝိပဿနာကိုပင် မယုံနိုင်သောစိတ်ဖြစ်တတ်သည်မှာ၊လွန်စွာမှ သိသာထင်ရှား၍ များပြားလှသည်ကို ပစ္စက္ခ မျက်မြင်များနှင့် ဒေဝဒတ် စသော ဝတ္ထုသွားကို ထောက်ထားသင့်ပေ၏။

စဉ်းစားရန်မှာ၊ ၎င်းသမာဓိလမ်းဖြင့် ဆုံးခမ်းပေါက်ရောက်၍ မပျက်စီးအောင် စောင့်ရှောက် နိုင်ပါလျှင်၊ အထက်ဆုံး အကနိဋ္ဌ ဗြဟ္မာဘုံသို့ ရောက်၍ ကမ္ဘာပေါင်း ရှစ်သောင်း လေးထောင် အသက် ရှည်၏။ သို့သော် ပေါက်ရောက်နိုင်ရန် ခဲယဉ်းသည့်အပြင်၊ ပေါက်ရောက်လျှင်လည်း၊ စောင့်ရှောက်ရန် ခဲယဉ်းလှသဖြင့် ခဏခြင်းပင် ပျက်စီးတတ်သည်မှာ၊ ကာဏ်းမလင် ရှင်လူထွက်ဝတ္ထု, ဟာရိတဝတ္ထု, ဒေဝဒတ်ဝတ္ထုထောက်ရှု၍ သိသင့်လှပေ၏။

ဤသမာဓိ မျိုးသည်၊ သာသနာပ အခါ၌ အမြတ်ဆုံးဟု ဆိုရ၏။ သာသနာတွင်း၌ မူကား၊ ဝိပဿနာကိုသာ အမြတ်ဟု ဆိုရပေ၏။ စင်စစ်အားဖြင့် လောက၌ မြတ်စွာဘုရားတို့ ပွင့်တော်မူသည်မှာ၊ ဝိပဿနာ

အလုပ်ကို အားထုတ်ရန်သာဖြစ်၏။ သမထအလုပ်မှာ မူကား၊ လောကဥ္စ ဘုရား မပွင့်သော်လည်း၊ အစဉ်သဖြင့် တည်ရှိနေသော ဓမ္မဘာတရားမျိုး ဖြစ်ကြောင်းများကို၊မြတ်စွာဘုရား ဟောကြားတော်မူသည်မှာ၊ လွန်စွာမှ ထင်ရှားလှပေသည်။

ထင်ရှားပုံမှာကား၊ သမ္မပ္ပဓာန်လေးပါးတွင် မရဘူးသေးသောတရားကို ရအောင် အားထုတ်ရမည်ဟု ဆိုသဖြင့်၊ မရဘူးသေးသော တရားကိုလျှင် ဝိပဿနာ၏အာနိသင် မဂ်တရားပင်ဖြစ်၏။ သမထတရားမှာမူကား၊ သတ္တဝါ ဟူသမျှသည် အနည်းဆုံးအားဖြင့် တကမ္ဘာ,တကမ္ဘာ၌၊ တခါတခါ အထက်ဗြဟ္မာကြီးများ ဖြစ်ရကုန်၏။

ဗြဟ္မာ မည်သည်မှာလည်း၊ သမထတရား ပေါက်ရောက်မှ ဖြစ်နိုင်သဖြင့်၊ လွန်ခဲ့သော ကမ္ဘာပေါင်းကပင် အသင်္ချေအနန္တ များပြား၍ လူသတ္တဝါကို မဆိုထားဘိ၊ ယခုအခါ ပဋ္ဋက်,ခြပုန်းဖြစ်ကြသော အပါယ်လေးပါး၌ ကျနေကြသည့် သတ္တဝါ ဟူသမျှတို့ပင်လျှင်၊ ဗြဟ္မာဖြစ်ခဲ့ရသော ဘဝပေါင်းမှာ၊ အသင်္ချေ အနန္တ များပြားကြောင်းကို ကောင်းကောင်းကြီး သိသင့်လှပေသည်။

ဤကဲ့သို့ သတ္တဝါဟူသမျှ အလုံးစုံတို့ ဗြဟ္မာကြီးတွေ ဖြစ်ဘူးပုံကို၊ ကမ္ဘာပျက်ခါနီး အနှစ်တသိန်းခန့်တွင်၊ လောကဗြူဟာ နတ်သားသည် လှည့်လည်ဆော်ဩ၍၊ ခုံ-အချင်းတို့၊ ဤနေ့မှ အနှစ်တသိန်း လွန်လျှင် ကမ္ဘာကြီး ပျက်စီးလိမ့်မည်။ ကမ္ဘာ မပျက်နိုင်သော ဗြဟ္မာဘုံသို့ ရောက်အောင်၊ မေတ္တာ,ကရုဏာ,မုဒိတာ,ဥပေက္ခာ ဟူသော ဗြဟ္မဝိုရ် တရားလေးပါးကို ပွါးများကြပါဟု သတိပေးလေ၏။

ထိုစကားကို ကြား၍၊ ထိတ်လန့် ကြောက်ရွံ့သောအားဖြင့်၊ အသီးအသီး ပွါးများခြင်း၊ အပရာပရိယကံ ထောက်ပံ့ခြင်းအားဖြင့် ဗြဟ္မာဘုံသို့ အကုန်ပင်လားရ၏။ သံသရာ၌ ကြည်လည်ခဲ့ရာ၊ သတ္တဝါဟူသမျှသည်၊ အပရာပရိယကံ လွတ်ကင်းသောသူ တဦးတယောက်မျှမရှိဟု ဝိသုဒ္ဓိမဂ်၌ မိန့်တော်မူသည်။

သမာဓိ အာနိသံအားဖြင့်၊ ဤမျှလောက် ဗြဟ္မာဖြစ်ခဲ့ရသော ဘဝများပြားသော်လည်း၊ မောဟတရားပိတ်ကာနေ၍၊ ယခုအခါ၌ မသိမမြင်ဘဲ ပြောလို့ပင် မယုံနိုင်အောင် ဖြစ်နေကြပေ၏။ ထို့ကြောင့် ၎င်းသမထ အကျိုးများမှာ၊ စင်စစ် အားကိုးရာမဖြစ်ဘဲ၊ ပျက်စီးတတ်သော တရားမျိုး

သာမည်ပေ၏။ သို့သော် လက်ရှိခံစားနေရဆဲသူတို့မှာ၊ လွန်စွာမွန်မြတ်၏ဟု ထင်မှတ်၍ နေတတ်ကြလေသည်။

သာဝကတ္ထုမှာ၊ အခါတပါး၌ ရူပဗြဟ္မာကြီးတဦးသည်၊ မြတ်စွာဘုရားထံသို့လာ၍၊ နတ်,လူအပေါင်းသည် ရင်ဝ၌ လှံစူး၍၊ ထိပ်ဦး၌ မီးလောင်သောသူကဲ့သို့ ကာမရာဂကိုပယ်ခြင်းငှါ၊ ရူပဗြဟ္မာတို့၏ ချမ်းသာကိုရအောင် အားထုတ်သင့်ပါသည်ဟု လျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားက၊ လူ,နတ်,ဗြဟ္မာ ပုထုဇန်သတ္တဝါဟူသမျှသည်၊ ရင်ဝလှံစူး ထိပ်ဦးမီးလောင်သကဲ့သို့၊ သက္ကာယဒိဋ္ဌိကို ပယ်ခြင်းငှါ ဝိပဿနာကို အားထုတ်ရမည်ဟု ဟောကြားတော်မူ၏။ လိုရင်းမှာ၊ ကာမချမ်းသာ၊ ရူပချမ်းသာ၊ အရူပချမ်းသာ ဟူသမျှပင်လျှင် ပျက်စီးခြင်းဒုက္ခနှင့်မကင်း၍၊ထိုချမ်းသာမျိုးကို ရစေတတ်သော ကုသိုလ်မျိုးကိုပယ်၍၊ တကြိမ်ရပြီးက ပျက်စီးခြင်းမရှိသော ကုသိုလ်မျိုးကို ပြုရမည်ဆို၏။

လောကီဟူသည်၊ လူ,နတ်နှင့် ရူပချမ်းသာကို မဆိုထားဘိ၊အရူပချမ်းသာမျိုးပင်သော်လည်း အရှိန်ကုန်လျှင်ပျက်စီး၍ အပါယ်လေးပါးသို့ပြန်ရကြောင်းလာရှိပေ၏။ဤကိုရည်၍၊ **(ယနေ့ ဗြဟ္မာဖြစ်၍ တဝင်းဝင်း၊ နက်ဖန် ဝက်စားကျင်းမှာ တရှုပ်ရှုပ်)**ဟု မိန့်ဆိုကြကုန်၏။ထို့ကြောင့် ဝိပဿနာနှင့်အတူပါသော ခဏိကသမာဓိကိုသာ ယခုအခါ၌ အားထုတ်ရန် သင့်လှပေသတည်း။

သမာဓိနည်းလမ်းကို ခွဲခြမ်း၍ ပြဆိုခြင်း ပြီး၏။

**မူလကဏ္ဍ ပြီး၏။**

## သုဓ်သင်မှုစသည်ကို ပြဆိုရာ
## ဝိသောဓန ကထာ

### ပဋိပဒါ ၄-ပါးကို မှတ်သားရန် ပြဆိုခြင်း

ယခုအခါ၌ ဝိပဿနာ အားထုတ်သော ပုဂ္ဂိုလ်တို့သည်၊ ရှေးအဘို့၌ ဆန့်ကျင်သော တရားတို့ကို သုဓ်သင်နိုင်ရန် သိသင့်သဖြင့်၊ သုဓ်သင် သင့်သောတရားဘို့ကို ပြဆိုရာ၏။ ထိုတရားအပေါင်းတို့တွင် ပဋိပဒါဟူ သည်ကား၊ ဒုက္ခပဋိပဒါ ဒန္ဓာဘိည, ဒုက္ခပဋိပဒါ ခိပ္ပါဘိည, သုခပဋိပဒါ ဒန္ဓာဘိည, သုခပဋိပဒါ ခိပ္ပါဘိညဟူ၍ ၄-ပါးရှိ၏။ အဓိပ္ပါယ်ကား၊ ဆင်းရဲပင်ပန်းစွာကျင့်ရ၍ အသိဉာဏ်နှေးခြင်း၊ ဆင်းရဲ ပင်ပန်းစွာကျင့် ရ၍ အသိဉာဏ်မြန်ခြင်း၊ ချမ်းသာ လွယ်ကူစွာ ကျင့်ရ၍ အသိဉာဏ် နှေးခြင်း၊ ချမ်းသာလွယ်ကူစွာကျင့်ရ၍ အသိဉာဏ်မြန်ခြင်း ဟုဆိုလို၏။ နာမရူပပရိစ္ဆေဒဉာဏ်မှစ၍ အနုလောမဉာဏ် တိုင်အောင်သော အခါ သည် အကျင့်မည်၏။ မဂ်ဖတ်ဖြစ်ပေါ်မှုသည် အသိဉာဏ်မည်၏။

ဤပဋိပဒါ ၄-ပါးတို့ဖြစ်ခြင်း အကြောင်းရင်း,အကြောင်းဖျား ၂-ပါး တို့တွင်၊ အကြောင်းရင်းဖြစ်ပုံကား၊ ဝိပဿနာကို အားထုတ်သည်မှ သင်္ခါရုပေက္ခာ ဉာဏ်တိုင်အောင်၊ ဉာဏ်တိုင်း ဉာဏ်တိုင်း၊ ဆင်းရဲငြိုငြင် ပင်ပန်းစွာ ကိလေသာကို ခွါရခြင်းသည်-ဒုက္ခပဋိပဒါမည်၏။ ကိလေသာ ကိုခွါပြီး၍ ဝိပဿနာ ပရိဝါတ်နေသည်ရှိသော်၊ မဂ်ပေါ်လာခဲခြင်းသည် ဒန္ဓာဘိညမည်၏။ ထိုမှပြန်သောအားဖြင့်၊ ဝိပဿနာကို အားထုတ်သည်မှ သင်္ခါရုပေက္ခာဉာဏ် တိုင်အောင်၊ ဉာဏ်တိုင်း ဉာဏ်တိုင်း၊ ချမ်းသာ လွယ်ကူစွာကိလေသာကို ခွါရခြင်းသည်-သုခပဋိပဒါမည်၏။ ကိလေသာ ကိုခွါပြီး၍ ဝိပဿနာ ပရိဝတ်နေသည်ရှိသော်၊ မဂ်ပေါ်လွယ်ခြင်းသည် ခိပ္ပါဘိညမည်၏။

အကြောင်းဖျားဖြစ်ပုံမှာ၊ အင်္ဂုတ္တိုရ်အဋ္ဌကထာ၌၊ ရှေးအခါ ကုသိုလ် ပြုစဉ် လောဘ,ဒေါသခြိရှိလျှင် ဒုက္ခပဋိပဒါဖြစ်၏။ လောဘ,ဒေါသ မခြိ ရှိလျှင် သုခပဋိပဒါဖြစ်၏။ ရှေးအခါတွင် ဝိပဿနာ အလေ့အလာ နည်း ပါးခဲ့လျှင် ဒန္ဓာဘိညဖြစ်၏။ ဝိပဿနာ အလေ့အလာများခဲ့လျှင် ခိပ္ပါ ဘိညဖြစ်၏ဟု၊ အတိတ်အကြောင်းကို ဆိုလို၏။

ဝိသုဒ္ဓိမဂ်၌၊ သပ္ပါယကိုမှီဝဲရလျှင် သုခပဋိပဒါလည်းဖြစ်၏၊ ခိပ္ပါဘိညာလည်းဖြစ်၏။ အသပ္ပါယကိုမှီဝဲရလျှင် ဒုက္ခပဋိပဒါလည်းဖြစ်၏၊ ဒန္ဓာဘိညာလည်းဖြစ်၏။ ပလိဗောဓအရာ၌လည်း ထိုအတူပင်တည်း။ ဤသို့စသည်ဖြင့် ပစ္စုပ္ပန်အကြောင်းကို များစွာပြဆို၏။ အတိတ်အကြောင်းလည်း အနည်းငယ်လာရှိပေသည်။ သို့သော် ဤသပ္ပါယ အသပ္ပါယနှင့် ပလိဗောဓ စသည်များတို့ကို နောက်မှ ထင်ရှားစွာ ပြဆိုပေအံ့။

ထိုပဋိပဒါ ၄-ပါးတို့တွင်၊ ကျင့်ဆဲအခါ၌ ဒုက္ခပဋိပဒါနှင့် တွေ့ကြုံနေလျှင် ရောဂါဖြစ်သည်ထင်ပြီး၊ ကမ္မဋ္ဌာန်းကို စွန့်လွှတ် တတ်ကြကုန်၏။ စင်စစ်မှာ ရောဂါမဟုတ်၊ ဝိပဿနာကြောင့် ပေါ်လာသော ဒုက္ခပဋိပဒါမျိုးဖြစ်၏။ ရောဂါနှင့် ဒုက္ခပဋိပဒါကို ခြားနား၍သိလိုလျှင်၊ ရောဂါမှာ ဝိပဿနာရှုမှတ်ခြင်းကို ရပ်ထားသော်လည်း ပျောက်၍မသွား၊ ဒုက္ခပဋိပဒါမှာ ရှုမှတ်ခြင်း ရပ်ထားသော် ပျောက်သွားလိမ့်မည်။ ထို့ကြောင့် ဤကဲ့သို့ ပဋိပဒါနှင့် တွေ့သောအခါ ရဲဝံ့ထက်သန်စွာ စိတ်ကို ထား၍ အားထုတ်ရလေသည်။

ဥပမာကား၊ စစ်မြေပြင်သို့ရောက်သော သူရဲကောင်းသည်၊ ရန်သူတဘက်၏ လက်နက်ထိမှန်၍ စစ်မြေပြင်၌သေလျှင်၊ ကောင်းရာဂတိသို့ ရောက်သည်ဟုမှတ်ထင်ပြီး ဘိစီး၍တိုက်သကဲ့သို့။ ကမ္မဋ္ဌာန်းစွင်ဟူသော စစ်မြေပြင်သို့ တက်သော ယောဂီပုဂ္ဂိုလ်သည်၊ ဒုက္ခပဋိပဒါနှင့် တွေ့၍ ထိုအခါသေလျှင် မြတ်ရာသို့ရောက်မည်ထင်ပြီး၊ တွင်တွင်ကြီးအားထုတ်ရလေသည်။ တဖန် အခက်အခဲနှင့်တွေ့၍ မသေရဲဘဲ ရှောင်လွှဲလိုက်ပါလျှင်၊ တလှမ်းဆုတ် တအားယုတ် ဆိုသကဲ့သို့၊ နောင်အခါတွင် မိမိဘက်၌ လက်နက်စစ်သားတို့ အင်အားများသော်လည်း၊ နေထားမကျဖြစ်ရာတွင်၊ ဆင်ခြင်ဉာဏ်မထုတ်ဘဲ တိုက်ပွဲတိုင်း နောက်ဆုတ်လိုသော စိတ်ရှိသကဲ့သို့၊ တကြိမ်တည်း အထမမြောက်ဘဲ ကြောက်ရွံ့နောက်ဆုတ်လိုက်ပါလျှင် **"တခါမအောင်-ဆယ်ခါမအောင်"** ဆိုသကဲ့သို့၊ အလိုလို ကြောက်ရွံ့ နောက်ဆုတ် တတ်၏။ ထို့ကြောင့် တရှိန်တည်း အားထုတ်ရလေသည်။

ဤပဋိပဒါအရာ၌ သုခပဋိပဒါ ခိပ္ပါဘိညာများမှာ၊ ဝိပဿနာ၏ ဆန့်ကျင်ဘက်မဟုတ်၍၊ အထူးရေးသားရန် မလိုပေ။ ဒန္ဓာဘိညာကိုမူကား၊ ဒုက္ခပဋိပဒါ, သုခပဋိပဒါတို့ဖြင့်ကျင့်၍ အသိဉာဏ် နှေးခဲ့လျှင်၊ ဆင်ခြင်

တွေးတောပြီး သို့လောသို့လောဖြစ်တတ်သဖြင့်၊ သိသင့်သော အဓိပ္ပါယ်ကို အနည်းငယ်ပြဆိုပေအံ့။

ဒန္ဓာဘိညပုဂ္ဂိုလ် များသည် အကျင့်တရားပြီးဆုံးသော်လည်း၊ အသိဉာဏ်နှေး၍ မဂ်ဖိုလ်ဟူသော အသိဉာဏ်ပေါ် ခဲခြင်းမှာ၊ သဒ္ဓါနှင့်ပညာ၊ သမာဓိနှင့် ဝီရိယတို့မညီမျှဘဲ၊ဘခရက လွန်ကဲခြင်း,ယုတ်လျော့ခြင်းတို့ကြောင့်ဖြစ်၍ စွန့်ပစ်ခြင်းမပြုသင့်ပေ။ ဆိုခဲ့သောတရား ၄–ပါးတို့ညီမျှလျှင်၊ခဏချင်းပင် အသိဉာဏ် ဖြစ်ပေါ်နိုင်၏။ အကယ်၍ စွန့်လွှတ်ထွက်သွားပါလျှင်၊နောင်အခါများတွင် သာလွန်ပိုမို၍ပင် ခက်ခဲခြင်း ဖြစ်တတ်လေသည်။

ဥပမာကား၊ စောင်းတီးသင်ရန် လာသော တပည့် ၂–ယောက်ကို ဆရာကမေးရာ၊တယောက်မှာမတီးဘူးကြောင်း၊တယောက်မှာ တေလေတုံလောက် တီးတတ်ကြောင်း ပြောရာ၊လုံးလုံး မတီးသေးဘူးသောသူက ဆရာခ ၅ဝိ–ပေးရမည်၊ တေလေတုံလောက် တီးတတ်သူက ၁၀ဝိ–ပေးရမည်ဟု ပြောပြလေ၏။ထိုအခါ မတီးဘူးသေးသောသူကို ၅ဝိ–တောင်း၍ တေလေတုံလောက် တီးတတ်သော ကျွန်တော်ကို ၂ဝိ, ၃ဝိ–မျှတောင်းသင့်ပါလျက်နှင့်၊ အဘယ်ကြောင့် ၁၀ဝိ–တောင်းပါသနည်းဟု မေးသဖြင့်၊ လုံးလုံး မတီးတတ်သော သူမှာ၊ ဆရာ ပြသည့်အတိုင်းသာ တီးမည်၊ မင့်မှာ တေလေတုံနှင့် အချိန်ကုန်နေ၍ အပုံကြီးဖျက်ရဦးမည်။ သို့အတွက် ဖျက်ခ,သင်ခ နှစ်ဆပေါင်းပြီး ၁၀ဝိ–တောင်းကြောင်းပြောဆိုလေသည်။

ထို့အတူပင်လျှင် နောက်ထပ် အားထုတ်သောသူတို့မှာ၊ ဝိပဿနာလမ်းစဉ်အတိုင်း ရှုမှတ်၍မသွားဘဲ၊ ရှေးက ထင်မြင်ခဲ့ဘူးသော အာရုံများကိုသာ စဉ်းစားမြော်လင့်၍ နေတတ်သဖြင့်၊ ကြံစည် ဆင်ခြင်သော အတွေးမျိုးကိုပင် အသိအမြင်ဟု မှတ်ထင်တတ်လေ၏။ ဤကဲ့သို့ စိတ်ရှိနေသောသူများမှာ၊ဆရာသမားတို့ ပြောသည်ကို မယုံကြည်နိုင် ဖြစ်တတ်လေ၏။ ၎င်းအဓိပ္ပါယ်မျိုးကိုရည်၍“ကုဒိုဇ်မဲပုက် အပြင်ခက်၊ကမ္မဋ္ဌာန်းခွင်ပျက် အပြောခက်”ဟူ၍ မိန့်ဆိုကြကုန်၏။ ထို့ကြောင့် တချိန်တည်းပြီးစီးအောင် အားထုတ်ရလေသည်။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌၊ သပ္ပါယ အသပ္ပါယနှင့် ပလိဗောဓတို့သည်၊ ဝိပဿနာ၏ ရှေ့အဘို့၌ရှိ၍ နောက်အဘို့၌ မရှိခြင်း၊ ရှေ့အဘို့၌ မရှိဘဲ

နောက်အတိုင်း ရှိခြင်းဖြစ်လျှင်၊ ရောနှောသော မိဿကဖြစ်၍၊ ပဋိပဒါလည်း ရောပြွမ်းနေ၏ဟု လာသဖြင့်၊ ဒုက္ခပဋိပဒါသည် ပင်လျှင် အကြီးအငယ် အနည်းအများ ဉာဏ်မြင်အားဖြင့်၊ အမျိုးမျိုးအစားစား ဖြစ်တတ်လေရာ၊ ပုဂ္ဂိုလ်များစွာကို မဆိုထားဘိ တဦး တယောက် တည်း၌ပင် အနည်းနည်းရှိကြလေသည်။

ဤကဲ့သို့ တဦးတယောက် ထည်းပင်လျှင် အနည်းနည်း ရှိသည်မှာ၊ အခါတပါး၌ အရှင်မောဂ္ဂလာန်အား မဂ်ဖိုလ်၏ ပဋိပဒါများကို အရှင်သာရိပုတ္တရာ မေးမြန်းရာ၊ အောက်မဂ်၃မှာ၊ သုခပဋိပဒါ ခိပ္ပါဘိညဖြစ်၍၊ အထက်မဂ် ၁-ပါးမှာ၊ဒုက္ခပဋိပဒါ ဒန္ဓာဘိညဖြစ်ကြောင်း ဖြေကြားလေ၏။ရှင်သာရိပုတ္တရာကိုမေးပြန်ရာ ၄-မဂ်စလုံးပင် သုခပဋိပဒါ ခိပ္ပါဘိည ဖြစ်ကြောင်း မိန့်တော်မူ၏။

**ထိုကဲ့သို့ အရှင်မောဂ္ဂလာန်အား ပဋိပဒါကွဲပြားနေသည်ကို ထောက်ထားပါက၊ ပစ္စုပ္ပန်အကြောင်းသာ ပဓာနဖြစ်သည်ကို ယုံကြည်ခြင်း ရှိသင့်လှပေသည်။**

သဘောအားဖြင့်မူကား၊ ဒုက္ခပဋိပဒါ, သုခပဋိပဒါ,ဒန္ဓာဘိည, ခိပ္ပါဘိညဖြစ်ခြင်း၏။ လွန်ခဲ့သော အကြောင်းတို့မှာ များစွာအရေးမကြီးလှ၍၊ သုခ ပဋိပဒါ ခိပ္ပါဘိည ဖြစ်နိုင်ကြရန်၊ ပစ္စက္ခ အားထုတ်ဆဲ ပစ္စုပ္ပန်အကြောင်းဖြစ်သော၊အသပ္ပါယနှင့် ပလိဗောဓများကို ကင်းရှင်းအောင်ပယ်ရှားပြီး၊ သပ္ပါယ ၇-ပါးကို မှီဝဲ၍ စွဲမြဲထက်သန်စွာ ရှုမှတ်အပ်ပေသည်။

လိုရင်းအဓိပ္ပါယ်မှာ၊ ဝိပဿနာအလုပ်ကို အားထုတ်သောအခါ၊ ဒုက္ခပဋိပဒါ ဒန္ဓာဘိညမျိုးနှင့် တွေ့ကြုံသော်လည်း တုန်တုန် လှုပ်လှုပ် နောက်ဆုတ် ကြောက်ရွံ့ခြင်းမရှိဘဲ၊ "ရိုးကြော,အရေ၊ ကြွင်းလေစေ၊ ကုန်စေသား, အသွေး။ အသက်ကိုမှ၊မည္ဘာရ၊ သမ္ဘဥ္စခန်လေး"ဟူသော ဝီရိယ အင်္ဂါလေးပါး၊ ကာယေစ ဇီဝိတေစ အနပေက္ခော ဟောတိ။ ။ကာယေစ၊ ကိုယ်၌၎င်း။ ဇီဝိတေစ၊ အသက်၌၎င်း။ အနပေက္ခော၊ ငဲ့ကွက်ညှာတာခြင်း မရှိသည်။ဟောတိ၊ ဖြစ်၏။-ဟူသော ပဋိသမ္ဘိဒါမဂ် ပါဠိတော်များနှင့်အညီ၊ တည်ကြည်ခိုင်မြဲသော စိတ်ထားဖြင့် ကြီးမားထက်သန်သော အဟုန်နှင့် အစွမ်းကုန် အားထုတ်ရလေသတည်း။

**ပဋိပဒါ ၄-ပါးကို မှတ်သားရန်ပြဆိုခြင်း ပြီး၏။**

# ပလိဗောဓ ကြီးငယ်ကို သိလွယ်ရန် ပြဆိုခြင်း

ပလိဗောဓ-ဟူသည်၊ဝိပဿနာတရားကို ဝိတ်ပင်ဆီးတား၍နှောင့်ယှက် ဖျက်ဆီးခြင်းများဖြစ်၏၊ထိုပလိဗောဓသည် သဘောအားဖြင့် နှောင့်ယှက်ခြင်း တပါးတည်းဖြစ်သော်လည်း၊ အကြီးအငယ်ဟူ၍ နှစ်မျိုးနှစ်စားရှိ၏။ ထိုနှစ်မျိုးဘို့တွင် ပလိဗောဓကြီးသည် သရုပ်အားဖြင့် ၁၀-ပါး၊ပလိဗောဓငယ်သည် ၅-ပါးအပြားရှိပြန်၏။

### ၁၀-ပါး အမည်ကား

(၁) **အာဝါသ ပလိဗောဓ၊** နေရာအတွက် ကြောင့်ကြခြင်း။

(၂) **ကုလ ပလိဗောဓ၊** ပြုစုလုပ်ကျွေးသူအတွက် ကြောင့်ကြခြင်း။

(၃) **လာဘ ပလိဗောဓ၊** ရပြီး မရသေးသော ပစ္စည်းအတွက် ကြောင့်ကြခြင်း။

(၄) **ဂဏ ပလိဗောဓ၊** အပေါင်းအဖေါ်အတွက် ကြောင့်ကြခြင်း။

(၅) **ကမ္မ ပလိဗောဓ၊** အမှုကြီးငယ်အတွက် ကြောင့်ကြခြင်း။

(၆) **အဒ္ဓါန ပလိဗောဓ၊** ခရီးသွားရန်အတွက် ကြောင့်ကြခြင်း။

(၇) **ဉာတိ ပလိဗောဓ၊** ဆွေမျိုး, မိဘ, ဆရာ, တပည့်အတွက် ကြောင့်ကြခြင်း။

(၈) **အာဗာဓ ပလိဗောဓ၊** ရောဂါဝေဒနာအတွက် ကြောင့်ကြခြင်း။

(၉) **ဂန္ထ ပလိဗောဓ၊** စာအံ သင်ကြား ပို့ချ ဟောပြော ရေးသားရန်များအတွက် ကြောင့်ကြခြင်း။

(၁၀) **ဣဒ္ဓိ ပလိဗောဓ၊** ပုထုဇန်တို့ရရှိသောတန်ခိုး အဘိညာဏ်ကို ပြရန်အတွက် ကြောင့်ကြခြင်း။

ဤသို့ ၁၀-ပါးအရကို မှတ်သားပါလေ။

### ၅-ပါး အမည်ကား

(၁) ဆံမှုတ်ဆိတ်ရိတ်၍၊ ခြေသည်း,လက်သည်း ပယ်ခြင်း။

(၂) သင်္ကန်း,အဝတ်စသည်များစုတ်ပြတ်လျှင် ချုပ်စပ်ဖါထေးခြင်း။

(၃) ဟောင်းနွမ်းသော သင်္ကန်း,အဝတ် စသည်များကို ဖွပ်လျှော် ထပ်ဆိုးခြင်း။

(၄) ညစ်ပေသော သဝိတ်, ပုဂံ စသည်များကို စင်ကြယ် သန့်ရှင်းအောင် ပြုလုပ်ခြင်း။

(၅) ဆွိပ်,ရာ,နေရာ စသည်များကို ပြုပြင်ခြင်း။

ဤသို့ ၅-ပါး အရကို မှတ်သားပါလေ။

ဤပလိဗောဓများမှာ၊ ရဟန်းဖြစ်လျှင် ရဟန်းနှင့်ဆိုင်ရာ၊ လူဖြစ်လျှင် လူနှင့်ဆိုင်ရာကို ပြုလုပ်၏။ အဓိပ္ပါယ်မှာ၊တရားအားထုတ်ဆဲအခါ၌ စိတ်မအေးစိတ်မချ၍ ကြောင့်ကြခြင်းဟူသမျှကင်းပြီး၊ထိုကိစ္စများအတွက်နှင့် ငဲ့ကွက်ခြင်းကင်းရန် စိတ်၌ ပယ်ရှင်းထားရုံမျှ ဖြစ်ပေ၏။ ထိုပလိဗောဓတို့ကို အလုပ်ခွင်သို့မဝင်မီ ဓေးဦးစွာကြိုတင်၍ သုတ်သင် စီမံရမည်ဟု ဆိုလိုသည်။ ပလိဗောဓကြီးမှာ၊ အလုပ်ဝင်သည်ကစ၍ ထွက်သွားသည်တိုင်အောင် ကြဉ်ရှောင်ရ၏။ ပလိဗောဓငယ်မှာ ၁၀-ရက်, ၁၅-ရက် အားထုတ်မိ၍ မှတ်ပုံနည်း အချိုးကျသဖြင့်၊ အတော်အသင့် သမာဓိရမှ ထပ်မံပြုလုပ်ရသော် မထောင်းတာလှပေ။ အချို့သူမှာ ၅-ရက်, ၇-ရက် လောက်နှင့်ပင် မှတ်ပုံနည်းကို သဘောကျတတ်၏။

အထူးမှာ၊ကုလပလိဗောဓနှင့်,ဉာတိပလိဗောဓ,ဂဏပလိဗောဓတို့၌၊ အလုပ်ခွင်သို့ အတူဝင်၍ အားထုတ်နေသော ဆရာ တပည့်၊ ဉာတိဆွေမျိုး အပေါင်း အသင်းများမှာ ပလိဗောဓ မဟုတ်ပေ။ အတူ အားထုတ်သူမဟုတ်သော ဆရာ တပည့် ဉာတိဆွေမျိုး အပေါင်းအသင်း စသည်တို့မှာ၊နှောင့်ယှက်ခြင်း ပလိဗောဓမျိုးဖြစ်ပေသည်။

ထို့ကြောင့်၊ အားထုတ် နေဆဲအခါ၌၊ စကားပြောသံကို ကြားခြင်း မြင်ရခြင်းများ မရှိအောင်ပင် လွတ်ကင်းရပေ၏။ အယုတ်ဆုံးအားဖြင့်၊ အကောင်း အဆိုး အမျိုး မျိုးသော အကြောင်းတို့ကို မကြား မသိမှ လွတ်ကင်းနိုင်၍၊ကြားလောက်သောအရပ်၌ပြောဆိုခြင်း၊တဆင့်မှာခြင်း စာပေးခြင်းများကိုပင် မပြုမလုပ်ရပေ။ဤဆိုခဲ့ပြီးသောပလိဗောဓများကို ပယ်ရှားနိုင်လျှင် သုခပဋိပဒါ ခိပ္ပါဘိညဖြစ်၍ မပယ်ရှားနိုင်လျှင် ဒုက္ခပဋိပဒါ ဒန္ဓာဘိညဖြစ်တတ်၏။ သဘောအားဖြင့် သက်ရှိ သက်မဲ့ ဟူသော အပြင် ဝတ္ထုများက နှောင့်ယှက်သည် မဟုတ်၊ မိမိ၏ အတွင်း စိတ်က မပြတ်၍ ဖြစ်ရသဖြင့်၊ မိမိက မပြတ်လျှင် ပလိဗောဓက အလိုလိုမပြတ်၊ မိမိက ပြတ်လျှင် ပြတ်နိုင် လေတော့၏။ ထို့ ကြောင့်၊ ကြောင့် ကြ ခြင်း လွတ်ကင်းအောင် သုတ်သင်ရှင်းလင်းသင့်လှပေသတည်း။

**ပလိဗောဓကြီးငယ်ကို သိလွယ်ရန် ပြဆိုခြင်းပြီး၏။-**

## သပ္ပါယ ၇-ပါးကို မှတ်သားရန် ပြဆိုခြင်း

သပ္ပါယေ သတ္တ သေဝေထ။- ဟူသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာအရ၊ ကမ္မဋ္ဌာန်း အားထုတ်သော ယောဂီပုဂ္ဂိုလ်သည်၊ အသပ္ပါယ ၇-ပါးကို ပယ်ရှား၍၊သပ္ပါယ ၇-ပါးကို မှီဝဲရမည်ဆို၏။

**၇ ပါးဟူသည်ကား၊**

(၁) နေထိုင်ရာဟူသော-**အာဝါသ၊**
(၂) စားသောက်ရန် သွားလာ ယှဉ်ဝင်ရသော-**ဂေါစရ၊**
(၃) အကြောင်းရှိ၍ ပြောဆိုရသော -**ဘဿ၊**
(၄) အတူနေ အပေါင်းအဖေါ် ဟူသော-**ပုဂ္ဂလ၊**
(၅) စားသောက်ဘွယ်ဟူသော-**ဘောဇန၊**
(၆) အပူ,အအေးဟူသော-**ဥတု**။
(၇) သွား, ရပ်, ထိုင်, လျောင်း ဟူသော-**ဣရိယာ၊**

**ဤသို့သရုပ်အပြား ၇-ပါးကို မှတ်သားအပ်ပေသည်။**

အဓိပ္ပါယ်ကား၊မိမိနှင့် မသင့်လျော်၍ သဘောမကျသောနေရာသည် အသပ္ပါယ၊ သဘောကျသော နေရာသည် သပ္ပါယ၊ ဝေးကွာလွန်း, နီးကပ်လွန်း၍ သမာဓိ ပျက်လွယ်သော မြို့ရွာသည် အသပ္ပါယ၊ မဝေးလွန်း,မနီးလွန်း၍ သမာဓိ မြဲအောင် စောင့်ရှောက်နိုင်သော မြို့ရွာသည် သပ္ပါယ၊ သမာဓိ ပျက်တတ်သော စကားသည် အသပ္ပါယ၊ သမာဓိ မပျက်တတ်သော စကားသည် သပ္ပါယ၊ တရားချင်းသဘော မတူသော သူသည် အသပ္ပါယ၊သဘော တူသော သူသည် သပ္ပါယမည်၏။

ဤအတူပင်သျှင်၊ မိမိနှင့်မသင့်လျော်၍ သဘောမကျသော အစာမျိုးသည် အသပ္ပါယ၊ သဘောကျ နှစ်သက်သော အစာမျိုးသည် သပ္ပါယ၊ မသင့်သောဥတုသည် အသပ္ပါယ၊ သင့်သောဥတုသည် သပ္ပါယ၊မသင့်သော ဣရိယာ ပုထ်သည် အသပ္ပါယ၊ သင့်သော ဣရိယာ ပုထ်သည် သပ္ပါယမည်၏။ သဘောမှာ၊ စိတ်အလိုမကျ မချမ်းသာ၍ ဝိပဿနာ မတွင်မှုသည် အသပ္ပါယ၊စိတ်အလိုကျ ချမ်းသာ၍ ဝိပဿနာတွင်အောင် အားထုတ်နိုင်မှုကို သပ္ပါယ ဟုဆိုလိုသည်။

အထူးမှာ၊ဘဿ-ဟူသောပုဒ်အရ၊ဝိသုဒ္ဓိမဂ်၌ ကမ္မဋ္ဌာန်းနှင့်လျော်လျှင် သပ္ပါယဟုလာ၏။ ၎င်းကျမ်း၌ တရားပေါ စာအံမှုမျိုးသည် ဂန္ထပလိဗောဓဟုလာ၏။ သဘိပဋ္ဌာန်ပါဠိတော်၌၊ ပြောလျှင် ပြောတယ် သိ-ဟု

လာ၏။ သဗ္ဗိုဟ် စသော အဘိဓမ္မာကျမ်းတို့၌၊ ဝစီကံမျိုးကို ဘာဝနာ မဟုတ်ဟုဆို၏။ ဤကဲ့သို့ အနည်း နည်း လာသဖြင့်၊ အသီးသီး သဘော ကွဲပြား သည်ဟု ယူဆရန်ရှိနေတတ်ပေ၏။ညီမျှအောင်ညှိပုံမှာ၊ဆရာက မေးမြန်းသောအခါ၊အားထုတ်ပုံ, ဉာဏ်ထင်မြင်ပုံ အခြင်းအရာကို၊ ဖြေး ဖြေးသာသာ သတိမကွာအောင်ပြော၍၊ တပါးသောစကားကို မပြောရ ဟု ယူပါလျှင်၊ ကွဲလွဲဆန့်ကျင်ခြင်းမဖြစ်နိုင်ဟု မှတ်ယူအပ်ပေသည်။

ရင်းပြင် ဘောဇနသပ္ပါယအရာ၌၊အစားအသောက် ခေါင်းပါးအောင် ကျင့်ခြင်း၊ကောင်းသောအစာကိုရှောင်ခြင်းလုံးလုံး ယမင်းဟင်းစသော အစာမျိုးကိုမစားဘဲ၊သစ်ဥ သစ်ရွက်များကိုစား၍ ကျင့်ခြင်းများရှိသဖြင့် မှန်ရာကို သိရန် ခဲယဉ်း တတ်ပေ၏။ သို့သော် သဘောမှာ၊ မေတ္တာ, ကရုဏာဟူသည် အသက် ရှိသောသူ၏ သန္တာန်၌သာ ဖြစ်နိုင်ခြင်း၊ ဘုရားအလောင်းတော်ကြီးကို စောင်းတီး၍ ပြရခြင်း စသည် များကို စဉ်းစားဆင်ခြင်ရန်သင့်လှပေ၏။

တဖန် သာဝတ္ထိပြည်အနီး၊ မာတိကာရွာကြီး၌ ခိုမှီးနေထိုင်၍ တရား အားထုတ်ကြသော ရဟန်းများ၊ကြိုက်နှစ်သက်သော အစာကိုမစားရ၍ ကြာမြင့်နေရာ၊အလိုရှိသောအစာကိုမှီဝဲရမှ၊အောင်မြင်ကြောင်းလာသည် မှာလည်း၊လွန်စွာမှ သိသာထင်ရှားလှပေ၏။ဘုရားရဟန္တာတို့ လမ်းကို လိုက်သောသူမှာ၊ဘုရားရဟန္တာတို့ တားမြစ်ရှောင်ရှားသည်ကိုပယ်ပြီး၊ ဘုရားရဟန္တာတို့ မှီဝဲသော အတိုင်း နှစ်သက်ရာကို မှီဝဲရမှ သုခပဋိပဒါ ခိပ္ပါဘိညဖြစ်၍၊ နှစ်သက်ရာကို မမှီဝဲရလျှင် ဒုက္ခပဋိပဒါ ဒန္ဓာဘိညဖြစ် တတ်လေ၏။ စင်စစ်မှာ အစာကိုမပယ်ရ၊ ကိလေသာကိုသာ ပယ်ရ၏။ ကိလေသာဟူသည် အစာကမဖြစ်ဘဲ စိတ်ကသာ ဖြစ်သည်များကိုသတိ ထားဆင်ခြင်၍ သိမြင် ယုံကြည်သင့်လှပေသတည်း။

သပ္ပါယ ၇-ပါးကို မှတ်သားရန် ပြဆိုခြင်းပြီး၏။

---

အင်္ဂါရယ် ၅-တန်ကို ဝေဘန်၍ ပြဆိုခြင်း။

**သဂ္ဂမောက္ခာနံ အန္တရာယံ ကရောန္တီတိ အန္တရာ ယိကာ။**

ယေဓမ္မာ၊အကြင်တရားတို့သည်။သဂ္ဂမောက္ခာနံ၊နတ်ရွာ နိဗ္ဗာန် ချမ်း မင်္ဂဖိုလ်တို့၏။ အန္တရာယံ၊ ဘေးရန် အန္တရာယ်ကို။ ကရောန္တိ၊ ပြုတတ် ကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ တေဓမ္မာ၊ ထိုတရားတို့သည်။ အန္တရာ ယိကာ၊အန္တရာယ်မည်ကုန်၏။

ဤသို့စသည်ဖြင့် လာဂ်သော ဝိနည်းပါဠိတ်အဋ္ဌကထာအရ၊ အန္တရာယ်တို့သည်။ ၁-**ကမ္မန္တရာယ်**၊ ၂-**ကိလေသန္တရာယ်**၊ ၃-**ဝိပါကန္တရာယ်**၊ ၄-**ဥပဝါဒန္တရာယ်**၊ ၅-**အာဏာဝီတိက္ကမန္တရာယ်** ဟူ၍၊ ၅-ပါးအပြား ရှိကုန်၏။

**ထို ၅-ပါးတို့တွင်**

**ကမ္မန္တရာယ်** ဟူသည်၊အမိကိုသတ်ခြင်း၊အဘကိုသတ်ခြင်း၊ရဟန္တာကို သတ်ခြင်း၊ဘုရားကို သွေးစိမ်းတည်အောင်ပြုခြင်း၊ သံဃာကို သင်းခွဲခြင်း ဟူ၍ ၅-ပါးရှိ၏။ ၎င်း ၅-ပါးသည် ဘဝမခြားဘဲ အပါယ်ငရဲသို့ လားရသောကြောင့်၊ ပဉ္စာနန္တရိယ ကံလည်း မည်၏။

၎င်းပြင်၊ သောတာပန် စသော အရိယာ ဘိက္ခုနီမ ကိုင်း၊ ဆန္ဒမတူသော ပုထုဇန်ဘိက္ခုနီမကိုင်း၊ကာမဖြင့်ပြစ်မှားလျှင် ပဉ္စာနန္တရိယကံနှင့်တူစွာ အပြစ်ကြီး၏။ ကမ္မန္တရာယ်ပင်မည်၏။ အသူးမှာ၊ ရဟန္တာဘိက္ခုနီမကို ပြစ်မှားလျှင် ချက်ခြင်းပင် မြေမျို၍ အဝီစိသို့ သွားရ၏။ ဥပလဝဏ်ကို ပြစ်မှားသော သူဌေးသား နန္ဒကို ရှုပါလေ။ဆန္ဒတူသော ပုထုဇန် ဘိက္ခုနီမကို ပြစ်မှားရာ၌ နိဗ္ဗာန်ကိုတားမြစ်၏။ နတ်ရွာကိုကား မတားမြစ်ပေ။

တဖန် အမိ,အဘ သတ်သောကံမှာ၊အလောင်းကိုသတ္တိဟိတ်၍ သရဏဂုဏ်သီလ ဆောက်တည်ပြီး၊ ကောင်းမှု ပြုသွားလျှင်၊ လောဟကုမ္ဘီလောက်တွင် ကျရောက်၍ သက်သာခွင့်ရသေး၏၊ အဇာတသတ်မင်းကိုရှုလေ။ ကြွင်းကံများမှာ သက်သာခွင့်မရ အဝီစိသို့ကျလေ၏။

**ဤကား ကမ္မန္တရာယ်၏ အဓိပ္ပါယ်တည်း။**

**ကိလေသန္တရာယ်** ဟူသည်၊ ဒိဋ္ဌိကြီး ၃-ပါးဖြစ်၏။ ထို ၃-ပါးတို့တွင်၊ လောက၌ ကောင်းမှု, မကောင်းမှုမရှိဟု ကံကိုပယ်ခြင်းသည်-အကရိယ ဒိဋ္ဌိမည်၏။ ကောင်းမှု,မကောင်းမှုကားရှိ၏၊ခံစားမှုကားမရှိ၊ ပြုပြီးပျောက်၏ဟု အကျိုးကိုပယ်ခြင်းသည်-နတ္ထိကဒိဋ္ဌိမည်၏။ ကမ္ဘာလောကသည်၎င်း၊ သတ္တဝါသည်၎င်း၊ ထာဝရ တည်သော ဘုရား၊ ဗြဟ္မာကြီးများ ဖန်ဆင်း၍ဖြစ်၏၊ သေလျှင် ဖန်ဆင်းသူထံသို့ သွားရ၏၊ ရှေ့ဘဝ, နောက်ဘဝမရှိ၊ မိဘစသည်တို့၏ ကျေးဇူးလည်း မရှိဟု အကြောင်းကိုပယ်ခြင်းသည်-အဟေတုကဒိဋ္ဌိမည်၏။

ဤဒိဋ္ဌိ ၃-ပါးသည်၊ အလွန် ကိလေသာများသဖြင့် နတ်ရွာနိဗ္ဗာန်ကို တားမြစ်၏။ ကမ္ဘာပျက်သော်လည်း မပျက်သော စကြဝဠာခွာသို့ပြောင်း၍၊ အပါယ်လေးပါး၌ အမြဲခံရသောကြောင့် နိယတမိစ္ဆာဒိဋ္ဌိလည်း မည်၏။ ၎င်းပြင် သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိစသော ၆၂-ပါးသော ဒိဋ္ဌိတို့သည်၊ ထိုဒိဋ္ဌိကြီးများမှ ဖြစ်ပွါးကြကုန်၏။ အထူးမှာ ၆၂-ပါးသော ဒိဋ္ဌိတို့သည်၊ ဒိဋ္ဌိကြီး ၃-ပါးမှသာ ဖြစ်ပွါးနိုင်သည် မဟုတ်၊ သက္ကာယဒိဋ္ဌိမှလည်း ဖြစ်ပွါးနိုင်ကြလေ၏။ ဤဒိဋ္ဌိများသည် ကိလေသာနည်းပါးသဖြင့် နိဗ္ဗာန်ကို တားမြစ်၏။ နတ်ရွာကိုကား မတားမြစ်ပေ။

ထိုဒိဋ္ဌိများသည်၊ ကမ္မဿကတသမ္မာဒိဋ္ဌိအယူရှိသော ဗုဒ္ဓဘာသာတို့ပင် အမြဲရှိနေ၍၊ သက္ကာယဒိဋ္ဌိကို အပါယ်မျိုးစေ့ဟု ခေါ် ဆိုလေ၏။ ဝိသုဒ္ဓိမဂ်စသောကျမ်းဂန်တို့၌၊ ကာမဂုဏ်ငါးပါးကိုလိုက်စား၍ တရားမကျင့်နိုင်ခြင်းသည်၊ သဿတဒိဋ္ဌိဖြစ်၍ နိဗ္ဗာန်မှ ကျန်ရစ်သဖြင့်၊ ဩလီယန္တိ ပုဂ္ဂိုလ်မည်၏။ ကျင့်သော်လည်း လွဲနေခြင်းသည် ဥစ္ဆေဒဒိဋ္ဌိဖြစ်၍၊ နိဗ္ဗာန်ကို လွန်ပြေးသဖြင့် အတိဓာဝန္တ ပုဂ္ဂိုလ်မည်၏။ ဟုတ်မှန်တိုင်းကျင့်ခြင်းသည်၊ ဝိပဿနာသမ္မာဒိဋ္ဌိဖြစ်၍ နိဗ္ဗာန်သို့ရောက်သဖြင့်၊ စက္ခုမန္တ ပုဂ္ဂိုလ်မည်၏ဟု လာရှိပေသည်။ ထို့ကြောင့်၊ **‘ရေ့-မိစ္ဆာ၊ သာ-ဒိဋ္ဌိ, နိဗ္ဗာန် ကကျူး-ဖြူးရောက်, ရေ့လျှင်-ပတ်၊ တင်းလျှင်-ပြတ်, မရေ့ မတင်း-စောင်းကြိုးညှင်း’’**ဆိုသည်များကို သတိထားပြီး၊ ကိလေသာ့ တရားကို ပယ်ရှားသင့်ပေသည်။

**ဤကား-ကိလေသာအန္တရာယ်၏ အဓိပ္ပါယ်တည်း။**

**ဝိပါကန္တရာယ်** ဟူသည်၊ တိဟိတ်မှတပါး၊ ဒွိဟိတ်, သုဂတိအဟိတ်, ဒုဂ္ဂတိအဟိတ်များဖြစ်၏။ ဤဒွိဟိတ်စသော စိတ်ဖြင့် ဖြစ်လာသော လူ,တိရစ္ဆာန်တို့မှာ၊ ဈာန်,မဂ်ဖိုလ်,နိဗ္ဗာန်ကို တားမြစ်တတ်၍၊ ဝိပါကန္တရာယ်မည်၏။ ဒါန,သီလစသော ကုသိုလ်များကို အားထုတ်ပါလျှင်၊ လူ့ရွာနတ်ရွာကိုမူကား မတားမြစ်နိုင်ပေ။

ထိုဝိပါကန္တရာယ်၌ ပါဝင်သော ဟိတ်တို့တွင်၊ အမိဝမ်းတွင်းက ပါလာသော မျက်ဗိကန်း, နားပင်း, ဆွံ့, အ, နပုလ်း, ပဏ္ဍုပ်, ဥဘတော ဗျည်းတို့မှာ၊ သုဂတိအဟိတ်ဖြစ်၍၊ ဆင်,မြင်း,ကျွဲ,နွား,ခွေး,ဝက်,ကြက်, ငှက်,မျောက်စသော သတ္တဝါတို့မှာ ဒုဂ္ဂတိအဟိတ်ဖြစ်၏။ ၎င်းတို့တွင်၊ ကြေးသား အငြိုက ကမ္မဋ္ဌာန်းထင်ခြင်း၊ ဖါးငယ် တရားနာခြင်း၊ မျိုင်း သီလစောင့်ခြင်း၊ မျောက်ဒါနပြုခြင်း စသည် တို့ကြောင့်၊ နတ်ပြည်သို့

ရောက်သည်ကို ထောက်သဖြင့်၊ သုဂတိ အဟိတ်ပုဂ္ဂိုလ်တို့ နတ်ပြည် ရောက်နိုင်ရန်မှာ လွန်စွာမှ ထင်ရှားလှပေသည်။

ဒွိဟိတ်မှာ၊ ဈာန်မဂ်ဖိုလ်ကို တားမြစ်သော်လည်း၊ တိဟိတ်နှင့် မခြား မနားဖြစ်ပေ၍၊ မြတ်စွာဘုရားတို့သာလျှင် သိနိုင်သောအရာဖြစ်၏။ ဘုရား မှတပါး၊ ရဟန္တာကြီးများသော်မှလည်း သိနိုင်သော အရာမဟုတ်သည် မှာ၊ ရှင်ရူဒ္ဓဘန်စသော ဝတ္ထုသွားဖြင့် ထင်ရှားသောကြောင့်၊ ယခုအခါ ရဟန်း,ရှင်,လူတို့သည် ဒွိဟိတ်,တိဟိတ်နှင့်စပ်၍ စိတ်တွင်မျှ ဥပါဒ်ခြင်း မရှိသင့်ပေ။

ဤလောက၌ ဘုရားပွင့်ရသည်မှာ၊ အရိယာဖြစ်ရန် ပွဲကြီး၊ အပါယ် စသော သံသရာဒုက္ခမှ ကျွတ်လွတ်ရန်ပွဲကြီးဖြစ်၍၊ တိဟိတ်ပုဂ္ဂိုလ်တို့ သာ လွန်စွာများကြောင်း၊ကျမ်းဂန်တို့၌ လာရှိပေ၏။ သာဝတ္ထိပြည်၌ အိမ်ခြေ ၇–ကုဋေရှိရာ၊ ၅–ကုဋေမှာ အရိယာဖြစ်၍၊၁–ကုဋေ ဗုဒ္ဓဘာသာ၊ ၁–ကုဋေမှာ ဒိဋ္ဌိအမျိုးမျိုးဟု ဆိုလေ၏။ ထိုကြောင့် ယခုအခါ အရိယာ ပုဂ္ဂိုလ်မရှိသလောက် ကွယ်ပျောက်နေသည်ဟု ထင်ရသည်မှာ၊ ၂ ဒွိဟိတ် ဟူသော ဝိပါကန္တရာယ် အတွက်မဟုတ်၊ တိဟိတ်ဖြစ်လျက် ဒွိဟိတ် ထင်ပြီး၊ သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိဟူသော ကိလေသာတို့ နှိပ်စက်တိုင်း သဖြင့်၊ ကျွတ်ပွဲ လွတ်ပွဲကြီးနှင့် လွဲချော်၍ နေကြကြောင်းကို ကောင်း ကောင်းကြီး ယုံကြည်သင့်လှပေသည်။

### ဤကား-ဝိပါကန္တရာယ် အဓိပ္ပါယ်တည်း။

**ဥပဝါဒန္တရာယ်** ဟူသည်၊အရိယာဖြစ်သော လူ,ရှင်,ရဟန်းတို့ကို စွပ်စွဲ ကဲ့ရဲ့ခြင်းမျိုးဖြစ်၏။ အရိယာသည် အာစာရ အရိယာ, ဒဿနအရိယာဟူ၍ နှစ်မျိုးပြား၏။ ထိုနှစ်မျိုးတို့တွင်၊ ကျင့်ဆဲဖြစ်သော သူသည်-အာစာရအရိယာမည်၏။ကျင့်၍ တမဂ် တဖိုလ် ပေါက်ရောက် သောသူသည်–ဒဿနအရိယာမည်၏။ စွပ်စွဲကဲ့ရဲ့ခြင်းသည်လည်း၊အန္တိမ ဝတ္ထုဖြင့်ဆိုခြင်း၊ဂုဏ်ကိုဖျက်ဆီးခြင်းဟူ၍ နှစ်မျိုးပင်ရှိ၏။ ထိုနှစ်မျိုးတို့ တွင်၊ ဤသူသည် ရဟန်းမဟုတ်၊ ဤအကျင့်သည် ဈာန်,မဂ်,ဖိုလ်, နိဗ္ဗာန် ရောက်ကြောင်းမဟုတ်၊ ဤတရားသည် ဈာန်,မဂ်,ဖိုလ်,နိဗ္ဗာန်မဟုတ် ဆို ခြင်းသည်၊အန္တိမဝတ္ထုဖြင့် စွပ်စွဲသည်မည်၏။ဤသူ၌အကျင့်မရှိ၊ ဤသူ၌ ဈာန်,မဂ်,ဖိုလ်တရားမရှိဟု ဆိုခြင်းသည်၊ ဂုဏ်ကိုဖျက်ဆီးသည်မည်၏။

ဤကဲ့သို့ ပြောဆိုမိလျှင်၊ ၎င်းက အပြစ်ကိုသိသည်ဖြစ်စေ မသိသည် ဖြစ်စေ၊ ပဉ္စာနန္တရိယကံနှင့်မခြား လွန်စွာ အပြစ်ကြီးမားလှ၍၊ နတ်ရွာ

နိဗ္ဗာန်ကို မြစ်တားလျက် အပါယ်သို့ လားရလေ၏။ ရှင်ဒဗ္ဗကို ပြစ်မှား သောရဟန်းများနှင့် ကပိလစသော ဥစ္စတို့ကို ထောက်ရှု၍ သိသင့်လှ ပေ၏။ ၎င်းကံကို အရိယူပဝါဒကံဟူ၍လည်း ခေါ်ဆိုလေ၏။ အထူးမှာ အရိယာဟု သိနိုင်ရန် လွန်စွာမှ ခဲယဉ်းလှသဖြင့်၊ မပြစ်မှားမိကြလေ အောင် အထူးပင် သတိထားအပ်လှပေသည်။

ထိုကံသည် အပြစ်ကြီးသော်လည်း ကန်တော့လျှင်ရ၏။ ကန်တော့ပုံ မှာ၊ နေရာနီးလျှင် ကိုယ်တိုင်သွားရောက်ရ၏။ ဝေးလျှင် တဦးတယောက် ကိုစေလွှတ်ရ၏။ ကန်တော့အပ်သူမရှိလျှင် အတူနေကိုပြောရ၏။ အတူ နေမရှိလျှင် နားလည်သူ တဦးတယောက်ကို ပြောရ၏။ ထိုအခါ နားလည် သူက သင်မဒိုးရိမ်နှင့် သည်းခံပါတယ်ဟု ပြောပြီး၊ မိမိက အမည်နှင့် အပြစ်ကိုဖော်ပြပြီး၊ နေရပ်ကိုမှန်းဆ၍ တောင်းပန်ရ၏။ အသက်မရှိလျှင် နေရာ, ညောင်းစောင်း, သင်းချိုင်းရာသို့သွား၍ တောင်းပန်ရ၏။ ဤကဲ့သို့ ကန်တော့တောင်းပန်လျှင် အပြစ်မှလွတ်ကင်း၍၊ နတ်ရွာနိဗ္ဗာန်ကို တား မြစ်ခြင်းမရှိပေ။ ထိုကဲ့သို့မှ ကန်တော့တောင်းပန်ခြင်းမပြုမူလျှင် နိဗ္ဗာန် ကိုမဆိုထားဘိ၊ နတ်ရွာကိုပင်မြစ်တား၍၊ သေသောအခါ အပါယ်သို့လား ရတော့သည်။

ရှေးအခါ၊ ဆွမ်း ခံသော ရဟန်း ၂-ပါးတို့ ယာဂု ပူပူကို ရသဖြင့်၊ မထေရ်ကြီးက လေနာ အတွက်ကြောင့် တုံးပေါ်သို့ သပိတ် တင်ပြီး စောင်း၍သောက်ရာ၊ မထေရ်ငယ်က စိတ်ဖြင့်ကဲ့ရဲ့ပြစ်မှား၏။ ကျောင်းသို့ ရောက်သောအခါ၊ မထေရ်ကြီးက အားကိုးရာ တရားရှိ မရှိ မေးလျှင် သောတာပန် ဟုပြောရာ၊ ရဟန္တာကိုပြစ်မှား၍ အထက်တရားကို တား မြစ်ပြီဟု မထေရ်ကြီးကပြော၏။ ထိုအခါ မထေရ်ငယ် ကန်တော့ဝန်ချ၍၊ အထက်မဂ်ကိုရလေ၏။ ၎င်းပြင် အရှင်ကစ္စည်း မထေရ်အား စိတ်ပြစ် မှား၍၊ ယောကျ်ား အဖြစ်မှ မိန်းမ ဖြစ်သွားသော မဏ္ဍကသည်၊ ဝန်ချ ကန်တော့၍ ပကတိပြန်ဖြစ်လေ၏။ အရှင်ဝိလိန္ဒဝစ္ဆမထေရ်အား၊ လှည်း သမား နှုတ်ပြစ်မှား၍၊ ဝိတ်ချင်းသီးများ ကွက်ချေး ဖြစ်သွားရာ၊ ဝန်ချ ကန်တော့သော အခါမှ ပကတိ ဖြစ်လာ၏။ ထို့ကြောင့် ဤကံသည် အပြစ်ကြီးသော်လည်း၊ ကုသနည်းမှာ လွယ်သဖြင့်၊ ငြိတွယ်ခြင်း ရှိလိမ့် မည်ဟု ယုံမှားဘွယ် ကင်းသင့် လှပေသည်။

**ဤကား-ဥပဝါဒန္တရာယ်၏အစီပွါယ်တည်း။**

**အာဇာနီတိက္ကမန္တရာယ်** ဟူသည်၊ ဝိနည်း ပညတ်တော်ကို လွန်းကျူး ခြင်းဖြစ်၍၊ သူများ၌ လုံးလုံးပင် လွတ်ကင်း နိုင်၏။ ရဟန်း သာမဏေများမှာလည်း လွန်ကျူးလိုသော စေတနာရှိမှ ဖြစ်နိုင်လေရာ၊ ဒေသနာကို ဝဏ္ဏနကို သရဏဂုဏ် ဒဏ်များကို၊ အား မထုတ်မီပင် သုခ်သင်ရန် လွယ်ကူ၍ မခဲယဉ်းလှ။ အားထုတ်နေသော အတွင်း၌လည်း လွန်ကျူးခြင်း မဖြစ်နိုင်သဖြင့်၊ စိတ်ဖြူကင်း သံသယ ရှင်းလင်းပြီး၊ ထန်သည်းသော သမာဓိနှင့် လွန်စွာ၌ အားထုတ် သင့် လှပေတော့သည်။

**ဤကား-အာဇာနီတိက္ကမန္တရာယ်၏ အဓိပ္ပါယ်ပေတည်း။**
အန္တရာယ် ငါးတန်ကို ပြဆိုခြင်းပြီး၏။

---

## ပဓာနိယင် ၅-ပါးကို ခွဲခြား၍ ပြဆိုခြင်း

ပဉ္စင်္ဂုတ္တရပါဠိတော်၌၊ သဒ္ဓေါ ဟောတိ တထာဂတဿ ဗောဓိံ စသည်ဖြင့် ပဓာနိယင်တရား ၅-ပါးလာရှိပေ၏။

**၅-ပါး ဟူသည်ကား**

၁-မြတ်စွာဘုရား၏ ဉာဏ်တော်ကို ယုံကြည်ခြင်း-**သဒ္ဓါ**၊ ၂-အနာ ရောဂါကင်းခြင်း-**အပ္ပါဗာဓ**၊ ၃-ဘောက်ကျစ်စဉ်းလဲမရှိခြင်း-**အမာ ယာဝီ**၊ ၄-လွန်စွာအားထုတ်ခြင်း-**အာရဒ္ဓဝီရိယ**၊ ၅-ရုပ်ခဲ နာမ်ခဲကို ဘောက်ခွဲ သိမြင်ခြင်း-**ဥဒယတ္ထဂါမိနီ** ဟူ သည်တည်း။ ကမ္မဋ္ဌာန်း အလုပ်အောင်မြင်ခြင်း၏ အကြောင်းဟု ဆိုလိုသည်။

**အဓိပ္ပါယ်ကား-ဤအင်္ဂါငါးပါးတို့တွင်**

၁—ဘုရားကိုယုံကြည်မှုဆိုရာ၌၊ဘုရား,သံဃာနှင့် ဆရာကိုပါယူရ၏။ ဗုဒ္ဓဘာသာ လူမျိုးတို့မှာ၊ ပကတိ အားဖြင့် သရဏဂုဏ် တည်နေ၍၊ တရားကို အားထုတ် သူတို့မှာ ရတနာ သုံးပါးကို ယုံကြည်ပြီး ဖြစ်၏။ သို့သော် တရား အားထုတ်သောအခါ၊ ဟောပြောသော ဆရာကိုငှင်း၊ အားထုတ်သော တရားကိုငှင်း၊ မယုံကြည်ရှိတတ်၍၊ အားထုတ်နေဆဲ အခါမှာပင်၊ မိမိတို့ကြားနာဘူး သိရှိမှတ်သားဘူးသည်များနှင့် နှိုင်းသည် ပြီး၊ မတူလျှင် အလွဲဟုမှတ်ထင်သုက်၊ မနှစ်သက်နိုင်ဘဲ အချိုးတွက်သွား တတ်လေသည်၊ အားထုတ်သောတရားနှင့် ဆရာသမားကိုယုံကြည်လျှင် ဘုရားကို ယုံကြည်ရာ ရောက်၏။ လောက၌ အင်း, အိုင်,ခါးလှဲ, လက်ဖွဲ့

စသော လောကီအတတ်များပင်၊မယုံလျှင် မဖြစ်နိုင်သကဲ့သို့၊လောကုတ္တရာ၌လည်း၊နည်းလမ်းမှန်၍ ပါရမီကံရှိသော်လည်း၊မယုံကြည်လျှင် မဖြစ်နိုင်ပေ။ ထို့ကြောင့် ကမ္မဋ္ဌာန်း ဆရာနှင့် ဟော ပြောသော တရားကို ယုံကြည်ရမည်ဟု ဆိုလိုသည်။

၂-အနာ ကင်းမှု ဆိုရာ၌၊ လုံးလုံး ရောဂါ ကင်းသူမှာ၊ဤသာသနာ၌ ရှင်ပါကုလ တပါးသာရှိ၏။ ထို့ကြောင့် ကြီးမားသော ရောဂါမှတပါး၊ အစားမပျက် အသွားမပျက်သော နာတာရှည်များမှာ၊ ပါရမီဖြစ်နိုင်၍၊ သာမညရောဂါများမှာ၊သင့်သောဆေးဝါးကိုမှီဝဲလျှင် ဖြစ်နိုင်လေသည်။

၃-လိမ်လည်ခြင်း ကင်းမှုဆိုရာ၌၊ မေးမြန်းသောအခါ ဟုတ်မှန်တိုင်းကိုသာပြောရ၏။မရှုမမှတ်ဘဲနှင့် ရှုမှတ်၏၊မထင်မမြင်ဘဲနှင့် ထင်မြင်၏၊ ဤသို့စသည်ဖြင့် လိမ်၍မပြောရ။ ၎င်းပြင်၊ ဝိပဿနာ၏ အန္တရာယ် ဖြစ်တတ်မှုများကို ပြောဆိုပြုလုပ်ကြွားနာမိလျှင်၊ဝိပဿနာ ဆုတ်ယုတ်တတ်သဖြင့် ဖွင့်ထုတ်၍ ပြောရ၏။ပြော၍ ဆရာသိလျှင် ပြင်ဆင်ပေးတတ်၏။ မပြောဘဲ ထိမ်ဝှက် လိမ်လည်ထားလျှင်၊စိတ်များဘောက်ပြန် ယိမ်းယိုင်သဖြင့်၊မထင်မြင်နိုင်။ ထို့ကြောင့် စိတ်ကိုဖြောင့်မတ်စွာထား၍ ဟုတ်မှန်တိုင်းပြောကြားရလေသည်။

၄-လွန်စွာအားထုတ်မှုဆိုရာ၌၊ပဋိပဒါအခန်းတွင်ပြဆိုခဲ့သောတိုင်း၊ ဝီရိယအင်္ဂါ ၄-ပါးနှင့် ညီညွတ်အောင် ရွတ်ရွတ်ချွန်ချွန်၊အလွန်အားထုတ်မှုမျိုးဖြစ်၏။ ပါရမီပြည့်ဝ၍ ဉာဏ်ကြီးလှသော်လည်း၊ ဝီရိယယုတ်လျော့နေလျှင် စိတ်ပြော့ ညံ့ဖျင်း၍၊ တလအတွင်း အောင်မည့် သူမှာ၊ ၂-လ ၃-လစသည်ဖြင့် ကြန့်ကြာတတ်၏။မအောင်ဘဲသော်လည်း နေတတ်၏။ ထို့ကြောင့်၊ဝီရိယဝတော ကိံ နာမ ကမ္မံနသိဇ္ဈတိ-ဟု ကျမ်းဂန်၌ပြသော အတိုင်း၊ ဝီရိယကို ကြီးစွာပြုက အဘယ်အမှုမပြီးဘဲ ရှိအံ့နည်း။ ပြီးရမည်ဟူသော စိတ်ဓာတ်ဖြင့်၊ ယောကျ်ားမြတ်တို့၏ ဆန္ဒမျိုးကို ဖြစ်စေလျက်၊ မပေါက် မရောက်လျှင် ငါမနေ၊ သေလျှင်မြတ်၏ဟု ဆိုင်းရပ် တန့်နားခြင်းမပြုဘဲ၊ ဝီရိယမှု ကမ်းကုန်အောင် တဟုန်တည်း အားထုတ်ရလေသည်။

၅-ရုပ်ခဲ,နာမ်ခဲကို ဘောက်ခွဲ သိမြင်မှုဆိုရာ၌၊ နောက်က ပြခဲ့သော အင်္ဂါလေးပါးနှင့် ညီညွတ်စွာ အားထုတ်၍၊ နာမ်, ရုပ်တို့၏ ခဏမစဲ တဖွဲဖွဲဖြင့် အမြဲဖြစ်ပျက် နေသော၊ ဝိပဿနာ ၄-ဆင့် မြောက်သည့် ဥဒယဗ္ဗယ ဉာဏ်ကို သိမြင်သည် မည်၏။ ဤဉာဏ်သို့ ရောက်ခဲ့ပါလျှင်

ယခုဘဝတွင် မဂ်, ဖိုလ်, နိဗ္ဗာန်ကို ရထိုက်သော တိဟိတ်ပုဂ္ဂိုလ်ဟု မှတ်ယူအပ်ပေသည်။

**ဒွိဟိတ် ဉာဏ်ကင်း**—ဆိုသောစကားအရ၊ ဒွိဟိတ်ပုဂ္ဂိုလ်မျိုးမှာ၊ ထိုကဲ့သို့ နာမ်ရုပ်တို့ဖြစ်ပျက်သည်ကိုမြင်သော ဥဒယဗ္ဗယဉာဏ်သို့မရောက်နိုင်။ ထို့ကြောင့်၊ ဤဉာဏ်သည် ဒွိဟိတ်,တိဟိတ်ဟု သိနိုင်ရန် ပိုင်းခြားသော ဉာဏ်မည်၏။ဒွိဟိတ်ပုဂ္ဂိုလ်မှာ ယခုကဲ့သို့ ဉာဏ်မျိုးသို့ မရောက်နိုင်သော်လည်း၊ ဒုတိယ ဘဝ၌ တိဟိတ် ပုဂ္ဂိုလ် ဖြစ်နိုင်ရန်၊ သုံးဆင့်မြောက်သော သမ္မသနဉာဏ် တပိုင်းတစ်သို့ မှုကား ရောက်နိုင် သဖြင့်၊ ဝိပဿနာ အလုပ်ကို အားထုတ်ရ၏။ ဤဉာဏ်မျိုးကို ရသော တိဟိတ်ပုဂ္ဂိုလ်မှာ၊ နိဗ္ဗာန်လမ်း ငါးပုံတွင် လေးပုံသို့ ရောက်ပြီဖြစ်၍၊ စကြာမင်းလောင်း၏ကိုယ်ဝန်ကို စောင့်ရှောက်သကဲ့သို့။အာရုံမပျောက်မပျက်စိတ် မကွက် ရအောင်၊ ပလိဗောဓကို အထူး ပယ်ရှား၍၊ ၇-ပါးသော သပ္ပါယကို မှီဝဲလျက်၊ ခိုင်မြဲသော ဝီရိယ ကိုထားပြီး၊ တရှိန်တည်း အားထုတ်ရလေသတည်း။

**ပဓာနိယင် ငါးပါးကို ပြဆိုခြင်းပြီး၏။**

---

**ကျောင်းအင်္ဂါ ငါးပါ ကို မှတ်သားရန် ပြဆိုခြင်း၊**

**"ကထဉ္စ ဘိက္ခဝေ သေနာသနံ ပဉ္စင်္ဂသမန္နာဂတံ ဟောတိ"**

စသည်ဖြင့် ပါဠိတော်အလာ၌၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ စကားအရ၊ တရားအားထုတ်သော နေရာများသည် အင်္ဂါငါးပါးနှင့် ညီမျှစေရာ၏။

**အင်္ဂါငါးပါးဟူသည်ကား၊**

၁။ ဆွမ်းခံရွာ အခန့်သင့်ခြင်း။

၂။ နေ့အခါ ပရိသတ် မရောယှက်ဘဲ ညဥ့်အခါ အသံဆိတ်ခြင်း။

၃။ မြွေ,ကင်း,မှက်,ခြင် စသော ဘေးရန်မရှိခြင်း။

၄။ ပစ္စည်းလေးပါးအတွက် ကမ္မဋ္ဌာန်းအလုပ်နှင့် မျှတအောင် ရရန် မခဲယဉ်းခြင်း။

၅။ ကမ္မဋ္ဌာန်းဆရာ ရှိခြင်းများ ဖြစ်လေသည်။

ဤ ငါးပါးတို့တွင်၊ ဆွမ်းခံရွာ အင်္ဂါသည် ဂေါစရ သပ္ပါယနှင့်တူ၏။ အထူးမှာ၊ မိမိနေရာတွင် ချက်ပြုတ်ခြင်း၊လာရောက်ပို့နိုင်ခြင်းဖြစ်၍ လွယ်ကူ၏။ အသံဆိတ်ခြင်းမှာ၊ သမထ အလုပ်၌ လွတ်ကင်းမှ ဖြစ်နိုင်၏။

ဝိပဿနာ အလုပ်၌မူကား၊ မလွတ်ကင်း သော်လည်း ပြည့်စုံခြင်း ဖြစ်နိုင်၏။ လွတ်ကင်းလျှင် သာ၍ပင် သင့်ပေသည်။ ဘေးရန် မရှိခြင်းမှာ၊ နေရာ ထိုင်ခင်းကို ရှင်းလင်းသုတ်သင်၍၊ သတိနှင့် ယှဉ်ပြီး ခြင်ထောင်များနှင့် နေလျှင် ပြည့်စုံသည် ပင်ဖြစ်၏။ ပစ္စည်း လေးပါး အတွက်မှာ၊ ဤတရားမျိုးကို လိုလား နှစ်သက်၍ အားထုတ်ကြသော ရပ်ကွက်များ၌ ခဲခက်ခြင်း မရှိနိုင်သဖြင့်၊ လွယ်လင့်တကူပင် ပြည့်စုံနိုင်လေ၏။ လူများလည်း ဆိုင်ရာ ပြည့်စုံအောင် ပြုလုပ်ရန်မှာ၊ သိသာထင်ရှားလှပေတော့သည်။

ကမ္မဋ္ဌာန်းဆရာ ရှိခြင်းဆိုသည်မှာ၊ လိုရင်းပဓာနဖြစ်၍ အနည်းငယ် ချဲ့ထွင်ပြဆိုပေအံ့။ ကမ္မဋ္ဌာန်းကိုအားထုတ်သောသူသည်၊ ရဟန္တာရှိလျှင် ရဟန္တာထံမှာ တောင်းယူရ၏။ ရဟန္တာမရှိလျှင် အနာဂါမ်, သကဒါဂါမ်,သောတာပန်ထံမှာ တောင်းယူရ၏။ဤကဲ့သို့ အရိယာပုဂ္ဂိုလ်များကို မရနိုင်မှ၊ယထာ ဘူတ ကျအောင် လမ်းမှန်ကို ပြနိုင်သော ဗဟုသုတ ပုဂ္ဂိုလ်ထံမှာ တောင်းယူရ၏။ထိုကဲ့သို့ ပုဂ္ဂိုလ်မျိုးကိုမရမှ ကျမ်းဂန်ကို ရှုဆ၍ သဘာဝမှန်ကန်အောင်၊ ကျင့်ကြံအားထုတ်ရလေသည်။

ယခုအခါ၊ကမ္မဋ္ဌာန်းအားထုတ်ကြသောသူတို့မှာ၊ များသောအားဖြင့် လောကဂုဏ် ကြီးမားသောပုဂ္ဂိုလ်များကိုသာ အားထားမှီခို ကြည်ညို ဆည်းကပ်လိုကြကုန်၏။ ဥပမာအားဖြင့်၊ အမွှာမွှာ,အရွာရွာသို့ အရောက် အပေါက်များ၍ ဒေသန္တရ ပုဂ္ဂိုလ်ဟု ဆိုရငြားသော်လည်း၊ကိုယ်တိုင် တခါတခေါက်မျှ မရောက်ဘူးသေးသော အရပ်များ၌ ပြောကြားသော် ငင်း၊ သွားသော်ငင်း၊ ငမ်းတဝါးဝါး ဖြစ်တတ်လေ၏။

ထို့အတူပင်လျှင်၊ နာမည်ကျော်ကြား ဘုန်းတန်ခိုးကြီးမား၍၊ လွန်စွာ ဂန္ထဂန္ထရ ဗဟုသုတ များသဖြင့်၊ အပြော အဟော ကောင်းသည်ဟု ဆိုရငြားသော်လည်း၊ကိုယ်တိုင် အားထုတ်ခြင်း,သိမြင်ခြင်း မရှိဘူးသေးသော၊တရားအရာ၌မူကား၊ ကွဲပြား ပိုင်နိုင်အောင် ဉာဏ်မမြင်၍၊ ကျမ်းဂန်ချင်း အဆိုမညီဟု ထင်ရသော အချက်တို့တွင်၊ သဘောချင်း မဆန့်ကျင်အောင် သုတ်သင် ရှင်းလင်းရန်မှာ၊ လွန်စွာမှ ခက်ခဲလျက် ချော်လွဲယွင်းမှား၍ စမ်းတဝါးဝါး ရှိတတ်လေသဖြင့်၊ ဆရာ ဟူသောအင်္ဂါ၌ မပါမဝင်ချေ။ ဤကဲ့သို့ ကျမ်းဂန်တတ်ခြင်းစသော လောကီ ဂုဏ်များပင် မရှိငြားသော်လည်း၊ ပရမတ် ရုပ်,နာမ်တရားကို ဉာဏ်အားထင်မြင်အောင် ကမ္မဋ္ဌာန်းသို့ဝင်၍၊ ကိုယ်တိုင် အားထုတ်ဘူးသောသူမှ ဆရာ

မည်သဖြင့်၊ ထိုကဲ့သို့သော ပုဂ္ဂိုလ်မျိုးထံမှာ နည်းနာခံ၍ အားထုတ်မှ ဆရာ ရှိခြင်းဟူသော အင်္ဂါပြည့်စုံသည်ဟု ယုံကြည်စွာ မှတ်သား၍၊ ၎င်းဂုဏ်အင်္ဂါနှင့် ညီညွတ်သော ဆရာများကို ရှာကြံပြီး၊ အာနန်ဖန် အားထုတ်သင့်လှပေသတည်း။

ကျောင်းအင်္ဂါ ငါးပါးကို ပြဆိုခြင်း ပြီး၏။

---

## အပရိဟာနိယ ၇-ပါးကို မှတ်သားရန် ပြဆိုခြင်း

### အပရိဟာနိယတရားဟူသည်

၁။ ဘုရား၌ ရိုသေခြင်း။
၂။ တရား၌ ရိုသေခြင်း။
၃။ သံဃာ၌ ရိုသေခြင်း။
၄။ အကျင့်သီလ၌ ရိုသေခြင်း။
၅။ စိတ်တည်ကြည်မှု၌ ရိုသေခြင်း။
၆။ အပေါင်းအဖော် ကောင်းစွာရှိခြင်း။
၇။ ဆုံးမသောစကားကို နာယူလွယ်ခြင်း။

**ဤ ၇-ပါးသည်၊ ကမ္မဋ္ဌာန်းတရား မဆုတ်ယုတ်ဘဲ တိုးပွါးနိုင်ခြင်းကြောင့်၊ အပရိဟာနိယတရားဟူ၍ အဂုတ္တိုရ်ပါဠိတော်၌ လာရှိပေ၏။**

ထို ၇-ပါးတို့တွင်၊ အပေါင်းအဖော်ကောင်းဟူသော ကလျာဏမိတ္တ ရှိလျှင်၊ အစ, ငါးပါးမှာ ပြည့်စုံနိုင်ခြင်း ထင်ရှား၍၊ ကလျာဏမိတ္တနှင့် သော ပစ္စုသတာ နှစ်ပါးကိုသာ အနည်းငယ်ပြဆိုပေအံ့။ ကလျာဏမိတ္တ ဟူသည်။ ကျောင်းအင်္ဂါတွင်ပြခဲ့သော ကမ္မဋ္ဌာန်းဆရာမျိုးကိုဆို၏။ ဝိသုဒ္ဓိ မဂ်၌၊ ချစ်ခင်ဘွယ် အရိုအသေ ပြုအပ်ခြင်းစသော ဂုဏ်များရှိရမည်ဟု လာ၏။ သို့သော် ဘုရားရှင်တို့သာ အကုန် ပြည့်စုံနိုင်၍၊ အခြားသော ပုဂ္ဂိုလ်တို့မှာ နည်းမှန်ကိုရရှိပြီး ပြသပါလျှင်၊ ဝိပဿနာနှင့်စပ်သော ဆိုင် ရာဂုဏ်များမှာ လုံလောက်စွာ ရှိနိုင်ပေသည်။

**အထူးမှာ။** အရှင် မောဂ္ဂလိပုတ္တတိဿ၏ ဆရာသည်၊ ရောက်စ ဖြစ်သော တပည့်ပြုစုသည့် မျက်နှာသစ်ရေများကို ပယ်ရှား၍၊ တပါး ရေဖြင့် အသုံးပြုခြင်း။ ဆရာဖြစ်သော သာမဏေငယ်သည်၊ ပေါဋ္ဌိလ မထေရ်ကြီးအား အပြေးသွား၍ ရေကန်ထဲသို့ ဝှမ်းထိုးချရမည်ဟု ပြော ခြင်း။ ဤသို့စသည်ဖြင့် ဝတ္ထုများစွာ လာရှိပေသည်။ ထိုအဘူ တပည့်ဖြစ် သူတို့၏ ဆန္ဒ ထက်သန်ပုံ စိတ်ခိုင်ပုံနှင့် ခန္တီဂုဏ် စသည်များ ရှိ, မရှိဟု သိနိုင်ရန် စမ်းသပ်လိုသဖြင့်၊ သဘောကို သိပြီးဖြစ်သော ပုဂ္ဂိုလ်များ၌ သော်လည်း၊ ထင်ယောင်ထင်မှား ဖြစ်ဘွယ်ရာ၊ ခြေဦးအစမှာ တစုံတခု ကို ပြုလုပ် ပြောဆိုတတ်လေ၏။ ထိုကဲ့သို့ စမ်းသပ်၍၊ စိတ်ခောက်ခြမ်း

ထက်သန်သော ဆန္ဒစသည်များကို ထောက်ချင့်ပြီး၊ သင့်တင့်သည်ဟု အထင်ရသောအခါ၊ ကောင်းမွန်စွာ ခွဲခြမ်းလျက်၊ ကမ္မဋ္ဌာန်း တရားကို ညွှန်ကြား နည်းပေးတော်မူကြလေသည်။

ယခုကဲ့သို့ ဖြောင့်မှန်သော ကမ္မဋ္ဌာန်းနည်းကိုရရှိ၍၊ ဆည်းကပ် လာသောတပည့်အား၊ ညွှန်ကြား ပြသနိုင်သောဆရာသည်၊ နောဝါ ဌာနေ နိယောဇယေ-ဟူသော ဂုဏ်အင်္ဂါနှင့်ညီစွာ၊ ဝိပဿနာ၏ အရာမဟုတ်၍ ဆုတ်ယုတ် ပျက်စီးတတ်သောအချက်၌ မြစ်တားလျက်၊ အကျိုးတရားတို့ တိုးပွါးမည့်အရာများတွင်၊ ကိုယ်တိုင်ပင် အမှုကြီး,ငယ်ကို ဆောင်ရွက် စောင့်ရှောက်ခြင်းများဖြင့် ဝတ်တရားအတိုင်း ပြုစုကြလေသည်။

ဤကဲ့သို့ ပြုစုသောအရာ၌၊ တပည့်ဖြစ်သူမှာ ဂုဏ်သိမ်နည်း၍၊ ဆရာ ဖြစ်သူက ဂုဏ်သိမ်ကြီးနေပါလျှင်၊ စိတ်ထဲတွင် အားနာခြင်းများ ဖြစ်တတ်လေ၏။ ၎င်းစကားရပ်၌ သိမှတ်ရန်ဝတ္ထုမှာ၊ ပဏ္ဍိတသာမဏေ တရားအားထုတ်၍ အလုပ်ကိစ္စ ပြီးလုဆဲအခါတွင်၊ အရှင် သာရိပုတ္တရာ ရောက်လာ၍ ဆွမ်းပေးလိုက်လျှင်၊ အောင်မြင်မည့်အလုပ်မှ ဆုတ်ယုတ် ပျက်စီး သွားမည်ကြောင့်၊ မြတ်စွာဘုရား ကြွရောက်၍ ကျောင်းအပြင် တံခါးပေါက်၌ ရပ်တည်စောင့်ရှောက်တော်မူလေ၏။

ထိုအခါ၊ နတ် သိကြားနှင့် ဂြိုဟ်နက္ခတ်များပါ၊ အပြင်ရန် မနှောင့်ယှက်ရ အောင် စောင့်ရှောက်လျက်၊ နေနတ်သားက နေကိုဆွဲထားသဖြင့်၊ အောင်မြင် ပေါက်ရောက်၍၊ ဆွမ်းဘုဉ်းပေးပြီးလောက်မှ နေကိုလွှတ်လိုက်ရာ၊ ညနေအခါ ဖြစ်သွားလေ၏။ ဤကဲ့သို့ ရှင်သာရိပုတ္တရာ ဆွမ်းခံကျွေး၍၊ မြတ်စွာဘုရားက စောင့်ရှောက်ပြုစုသော ဝတ္ထုတို့ကို ထောက်ထား၍၊ အားနာတတ်သောတပည့်များကို တရားသဖြင့်ဟောကြားပြီး၊ ကလျာဏ မိတ္တအင်္ဂါတွင်ပါသော ဆရာတို့၏ကျင့်ဝတ်များကို မချွတ်မယွင်းအောင် ပြုစုသင့်လှပေသတည်း။

**ဤကား-ကလျာဏမိတ္တ၏ အဓိပ္ပါယ်တည်း။**

သောဝဓာနတာ၏ အဓိပ္ပါယ်မှာ၊ လွန်စွာမှ များပြား လှပေ၏။ သို့သော် ဤနေရာ၌ ကမ္မဋ္ဌာန်းနှင့်စပ်သော စကားမျိုးကိုသာ မှတ်ယူ အပ်ပေသည်။ အချုပ်မှာ၊ ဆရာပြောသောစကားကို ဝရဇိန်မိုးကြိုးသွား ပမာ လွန်စွာကျိုးနွံလျက်၊အနည်းငယ်မျှ မကျူးလွန်မိစေရန် မြဲမြံခိုင်ခံ့၍ တာဝန်းတည်းဖြင့်လျှင် တည်တန့် လိုက်နာရပေသည်။

သတိပြုရန်မှာ၊ ပုဂ္ဂိုလ်သဏ္ဍာဝါတို့သည်၊ ပကတိသောအခါ၌ ဘယ်မျှပင် ဆရာ၏စကားကို လွယ်ကူစွာ နာယူမှတ်သား၍၊ သောဝစ္စသေတာဂုဏ်များနှင့် ပြည့်စုံစေကာမူ၊ ကမ္မဋ္ဌာန်းကိုယူပြီး အားထုတ်လျှင်၊ မာယူပမဥ္စ ဝိညာဏံ ဆိုသည့်အတိုင်း၊ စိတ်ဝိညာဏ် ဖြားယောင်း လှည့်ပတ်သဖြင့်၊ ဆရာဆုံးမသည်ကိုပင် မနာမယူနိုင်ဘဲ အလွဲလွဲတွေးတော မှတ်ထင်တတ်လေ၏။

အလွဲလွဲ ထင်တတ်ပုံမှာ၊ အားထုတ်စ အခါ၌ နည်းလမ်း အရကိုသဘောမကျသေးပေ၍၊ မရှုတတ်၊ မမှတ်တတ်သဖြင့်၊ စိတ်လွင့်၊ စိတ်လေပြီး ရှုပ်ပွေခြင်းဖြစ်လျက်၊ အလုပ်မှ ထွက်ချင်တတ်၏။ ၎င်းမှ တက်၍ဆက်လက်ရှုမှတ်နိုင်သဖြင့်၊ အတော်အသင့် အချိုးကျ၍ သမာဓိရသောအခါ၊ နိမိတ်များထင်လာလျှင် ကောင်းသောအာရုံ၌ ဝမ်းမြောက် နှစ်သက်ပြီးနေသဖြင့် ပျက်ကွက်၏။ မကောင်းသော အာရုံ၌ ထိတ်လန့်ကြောက်ရွံ့ပြီး အားမထုတ်ဝံ့ ဖြစ်တတ်လေ၏။

ထိုအာရုံများကိုပယ်ရှား၍ တည်ကြည် ငြိမ်သက်သော သမာဓိအားကြောင့်၊ ဉာဏ်များပေါ်ပြီးလျှင်၊ ဒုက္ခပဋိပဒါ သမားတို့အား၊ ကြီးမားသော သင်္ခါရဒုက္ခတရားကို မြင်လာလျှင်၊ ရောဂါဝေဒနာဟုမှတ်ထင်ပြီး၊ ဆရာပြောသည်ကိုပင် မယုံကြည်ဘဲ ၊ချော်လွဲမှားယွင်းသော နှလုံးသွင်းသဖြင့်၊ အတင်းပင် ထွက်ပြေးတတ်ကြလေသည်။

ဤကဲ့သို့ ဆရာ၏စကားကိုပယ်ရှား၍၊ အတင်းထွက်သွားသောသူများမှာ၊ မကြာမီအတွင်းတွင် မှားယွင်းသည်ဟု သတိရခြင်း၊ ချက်ခြင်းပင်ပြန်၍ အားထုတ်လိုခြင်း စိတ်များဖြစ်တတ်၏။ ထိုကဲ့သို့ ဖြစ်ပွါးသော်လည်း၊ ဆရာသမားကိုရင်း၊ ဒုက္ခတရားကိုရင်း၊ ကြောက်ရွံ့သော စိတ်စွဲနေသဖြင့်၊ အားထုတ်ခြင်း မဖြစ်နိုင်ဘဲ တသက်လုံး ချော်လွဲတတ်ပေသည်။

နည်းယူရန်ဝတ္ထုမှာ၊ မြတ်စွာဘုရား လက်ထက်က၊ အဌကထာနှင့်တကွ ပိဋကတ်သုံးပုံကို အာဂုမ်နှုတ်တက် ဆောင်လျက်၊ တပည့်တပန်းငါးရာတို့၏ ဆရာဖြစ်သော ပေါဋ္ဌိလမထေရ်ကြီးသည်၊ ၇-နှစ်သားဖြစ်သော သာမဏေငယ်ထံ၌ ကမ္မဋ္ဌာန်းတောင်းသောအခါ၊ ဆရာ၏စကားကို မှတ်သား နာယူနိုင်ပါ့မလားဟု မေးရာ၊ အသက်ပင် သေရပြင်းစေကာမူ၊ နာယူပါမည်ဟု ၀န်ခံသဖြင့်၊ အမြန်ပြေးသွားပြီး ကန်ထဲကိုဆွမ်းငုံး

ချဟုခိုင်းလေရာ၊ မြန်စွာသွား၍ ငှါးမ်းထိုးမည်အပြုတွင်၊ ချက်ခြင်းပင်ပြန်လာဟုပြောသဖြင့်၊ အမြန်ပင်လှမ်း၍ ပြန်သွားလေသည်။

ဤပေါင်ဦလမထေရ်ကဲ့သို့၊ ဆရာ၏စကားကို တခွန်းတည်းနှင့် တည့်မှသာလျှင်၊ ကမ္မဋ္ဌာန်းအလုပ် အောင်မြင် ပေါက်ရောက် နိုင်လေ၏။ ထို့ကြောင့် အားမထုတ်မီ စုံစမ်းမေးမြန်း၍၊ နည်းလမ်းမှန်ပြီဟုယုံကြည်ပြီး၊ အားထုတ်သောအခါ၊ ဘယ်လိုပင်ရှုပ်ထွေ၍ နိမိတ်တွေ ဘယ်လိုဘဲ ထင်ထင်၊ဒုက္ခပဋိပဒါ၌ဖြစ်သော သင်္ခါရဒုက္ခကို ဘယ်မျှပင်ညာတ်၌သိမြင်စေကာမူ၊ ဆရာကပြန်ဆိုမှ ပြန်မည်ဟု တည်ကြည်စွာစိတ်ထားပြီး၊ဆရာ၏စကားကို ဝရဇိန်စက်သွားပမာ ခံ့ညားရှိသော၍၊ အသက်ပင် သေသွားသော်လည်း၊ တခွန်းတည်းလိုက်နာလျက်၊ မြဲမြံစွာ အားထုတ်ရလေသည်၊ ဤကား၊ သောဝစ္စဿတာ၏ အဓိပ္ပါယ်တည်း။

**အပရိဟာနိယ ၇-ပါးကို ပြဆိုခြင်း ပြီး၏။**

---

## ဆရာစစ် ဆရာမှန်ကို ကျမ်းဂန်နှင့် ပြဆိုခြင်း

ကမ္မဋ္ဌာန်းဘာဝနာ၌၊ဆရာစစ် ဆရာမှန်ကို၊ မူလပဏ္ဏာသအဋ္ဌကထာအရ၊ သီလေခသုတ် အဖွင့်တွင်လာသော အကျဉ်းချုပ် အဓိပ္ပါယ်မှာ၊ ပုထုဇန်ဖြစ်ကုန်သော လူ,ရဟန်းတို့၏လည်း၊ တရားဒေသနာကို ကြားနာရကုန်၍၊ သစ္စာ ၄-ပါးတရားကို သိကြကုန်သည် သာလျှင်တည်း။ ထို့ကြောင့် ၅-ပါးအာရုံ ကာမဂုဏ်ညွှံတွင်း၌ နစ်မြုပ်နေသော ပုထုဇန်သည်၊ထုတ်ဆယ် ကယ်တင်နိုင်၏ ဆိုသဖြင့်၊ ထိုစကားသည် မသင့်ဟု အပြစ်တင်ရန် ရှိလေသည်။

ယိုသို့ စောဒကဆရာဆိုတိုင်း မမှတ်အပ်။ အမှန်အားဖြင့်၊ ထိုထုတ်ဆယ်ကယ်တင်သောအရာ၌၊ မြတ်စွာဘုရားသည်သာလျှင် ထုတ်ဆယ်ကယ်တင်တော်မူ၏။ ဥပမာကား၊ မင်းစေအပ်သော အမိန့်အာဏာစာကို ဘတ်သောသူကဲ့သို့၊ ဤအတူပင်လျှင် တရားဓမ္မကို ဟောပြသောပုဂ္ဂိုလ်တို့သည်၊ ချီးမွမ်းရုံမျှကိုသာ ရနိုင်ကြ၏ဟု မှတ်အပ်ပေသည်။

ဥပမာစကားအရကို၊ အကျယ်အားဖြင့် မှတ်သားရန်မှာ။ မင်းသည် ဇနပုဒ်အရပ်သို့ အမိန့်အာဏာစာကို စေအပ်သည်ရှိသော်၊ ထိုဇနပုဒ်၌ နေသောလူတို့သည်၊ အမိန့်အာဏာစာကို ဘတ်ခြင်းငှါ မစွမ်းနိုင်သဖြင့်၊ စွမ်းနိုင်သောသူကို ဘတ်စေ၍၊ အကြောင်းကို ကြားနာ သိရှိလေသော်၊ မင်း၏ အာဏာပေဟု ရိုသေကြကုန်၏။ ဘတ်သောသူ၏ အာဏာဟု၊

ကြားသောသူတို့အားမဖြစ်၊ ဘက်သော သူသည်ကား၊ ဖြတ်ဖြတ် သားသား၊ ချွဲ,သလိပ် ကင်း၍၊ ရှင်းလင်းပါပေသည်ဟု ချီးမွမ်းရုံမျှကိုသာ ရရှိနိုင်ပေရာ၏။

ဤဥပမာအတူပင်လျှင်၊ရှင်သာရိပုတ္တရာ အစရှိကုန်သော၊နိဗ္ဗာန်လမ်းပြ ခေမ္မကထိက ဆရာတို့သည်၊ ကမ္မဋ္ဌာန်း တရားကို ဖြောင့်မှန်စွာ ဟောကြားတက်ကုန်သော်လည်း၊ ရေးအပ်ပြီးသော မင်း၏ အာဏာကို ဘတ်သောသူကဲ့သို့။ မြတ်စွာဘုရား ဟောကြား အပ်ပြီးသော တရားကိုပင် ဟောကြားသည် ဖြစ်လေရာ၊ အာဏာမှာ မင်း၏ အာဏာ ဖြစ်သကဲ့သို့။ တရားတော်သည်ကား၊ မြတ်စွာဘုရား၏ တရားတော်သာမည်၏။

ထို့ကြောင့် ပုထုဇန် အရိယာဟု မခွဲခြမ်း၊ ရဟန်း, ရှင်, လူ ဘယ်သူမဆို ဟောကြားသော တရားကို နာရ၍၊ သစ္စာ ၄-ပါး သိမြင်သူကို၊ ဘုရားရှင်သာလျှင် ထုတ်ဆယ်ကယ်တင်သည်ဟုမှတ်အပ်ကုန်၏။တရားလမ်းမှန်ကို ပြသည့် ခေမ္မကထိက ဆရာတို့သည်ကား၊ ပညတ်,ပရမတ် မရှုပ်ထွေး မရောစပ်အောင်၊ ဖြတ်ဖြတ်သားသား ကွဲပြားသန့်ရှင်းသဖြင့်၊ ထင်လင်းစွာ ဟောကြား ပြသပါပေသည်ဟု၊ ချီးမွမ်းရုံမျှ ကိုသာလျှင် ရနိုင်ကြ၏ဟု မှတ်ယူအပ်ပေသည်။

ထို့ကြောင့် စောဒကဆရာ အပြစ်တင်ရန်ရှိသော အချက်များသည်၊ အပြစ်မထင်ဘဲ အနှမ်ပင် ဖြစ်ကြောင်းစသည်ဖြင့်၊သံလေခသုတ် အဖွင့်၌၊ အကျယ်တခင့် လာရှိပေ၏။ အထူးမှာ၊ ဤအဋ္ဌကထာ၌၊ ပုထုဇန်တို့၏ တရားကိုနာရ၍၊ အရိယာဖြစ်နိုင်သည်ဆိုရာတွင်၊ ဒေသနာကျမ်းဂန်ကို အတော်အတန် သင်အံရမိ၍၊ ဝိပဿနာ လမ်းမှန်ကို၊ ဥဒယဗ္ဗယဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ်များ ထင်မြင်အောင် အားထုတ်ဘူးသူကို မှတ်ယူအပ်၏။

ဒေသနာဉာဏ် ထက်သန်သော်လည်း၊ ဥဒယဗ္ဗယ ဉာဏ်လောက်မျှ ထင်အောင် အားမထုတ်ဘူးသေး၊ဥဒယဗ္ဗယဉာဏ်မျှလောက် အားထုတ်၍ ထင်မြင်သော်လည်း၊ ဒေသနာကျမ်းဂန်ကို၊အယူအဆ မှန်ကန်အောင် အတော်အတန်မျှ မသင်ကြားဘူးသေးသော ပုထုဇန်များမှာ၊ သူတပါးတို့အား အရိယာအဖြစ်သို့ရောက်ရန်၊ဖြောင့်မှန်အောင် ဟောကြားညွှန်ပြခြင်းငှါ မစွမ်းနိုင်ကြပေ။

ယခုအခါ၊အချို့သောမြို့ရွာများတို့၌၊ အချို့သော ပုဂ္ဂိုလ်တို့သည်၊ လူ **ဆရာထံမှ ရဟန်းများတပည့်ခံ၍ အားမထုတ်ကောင်း၊မိန်းမဆရာထံမှာ**

ယောက်ျားများ တပည့်ခံ၍ အားမထုတ်ကောင်း၊ ဤသို့စသည်ဖြင့် အမျိုးမျိုးမှတ်ယူ ပြောဆိုတတ်ကြလေ၏။ ထိုကဲ့သို့ မှတ်ယူပြောဆိုခြင်းသည်၊ လောဘဂိုဏ်ကိုင်ခြင်း၊ မာနအစွမ်းနှင့် ပုဂ္ဂိုလ်ကို စွဲလမ်းခြင်းတို့ကြောင့် ဖြစ်ကြလေ၏။

ကမ္မဋ္ဌာန်း အရာ၌၊ သင့်ရာပါပုဂ္ဂိုလ်နှင့် မာနစသည်ကို စွန့်လွှတ်၍၊ ဓမ္မသဘော ဘက်သို့ သာလျှင် ကိုင်းညွတ် ရလေ၏။ ထို့ကြောင့် ဓမ္မသဘောကိုဆိုရလျှင်၊ နည်းလမ်းမှန်ကို မပြနိုင်ခဲ့သော်၊ ဆရာတော်ကြီး အထံ၌ပင် အားထုတ်ရန်မသင့်၊ နည်းလမ်းမှန်ကို ပြနိုင်ပါမူ၊ သူငယ်မကလေးများ အထံ၌ပင် သော်လည်း၊ ဆရာတော်ကြီးများက နည်းယူ၍ အားထုတ်သင့်လေသည်။

ဥပမာအားဖြင့်၊ငွေကိုအလိုရှိသောသူသည်၊သူဆင်းရဲထံ၌ရှာ၍မရဘဲ လူချမ်းသာထံ၌ ရှာဖွေရနိုင် သကဲ့သို့ရှင်း၊ ခရီးသွားလိုသော သူသည်၊ မရောက်ဘူးသောသူကိုမေး၍ မသိဘဲ၊ရောက်ဘူးသောသူကိုမေးမှ သိနိုင်သကဲ့သို့ရှင်း။ ဤသို့စသော ဥပမာနှင့်တူစွာ၊ ဥပမေယျအလာကို ချွတ်ကာ မှတ်ယူသင့်လှပေ၏။

ဝတ္ထုအားဖြင့် မှုကား၊ မြတ်စွာဘုရား လက်ထက်၌၊ ပိဋကတ်သုံးပုံ ဆောင်သော ပေါဋ္ဌိလမထေရ်ကြီးသည်၊ ၇-နှစ်သား သာမဏေငယ် အထံ၌ တပည့်ခံ၍ အားထုတ်နိုင်၏။ ဂိုဏ်းအသီးသီးတို့၏ဆရာကြီးဖြစ်၍၊ သမထနည်းလမ်း၌ ဆုံးခမ်းတိုင် ပေါက်ရောက်သော၊ မဟာနာဂမထေရ်ကြီးသည်၊ တပည့်ငယ် ဓမ္မဒိန္နအထံ၌နည်းခံ၍ အားထုတ်နိုင်၏။ သာမာဝတီမည်သောမိဖုရားကြီးသည်၊ကျွန်မခုဇ္ဇုတ္တရာထံ၌နည်းခံရလေသည်။

ဤသို့ပြဆိုခဲ့သောကျမ်းဂန် အဋ္ဌကထာ၊ ဥပမာ ဥပမေယျနှင့်၊ ဝတ္ထုသာဓကတို့ကိုထောက်ဆ၍၊ သဘာဝဓမ္မကိုဖြောင့်မှန် ကျနအောင် နည်းပေးညွှန်ပြနိုင်ပါလျှင်၊ လူဒကာ, ဒကာမနှင့်၊ ဘိုးသူတော်,မယ်သီလတို့၏အထံ၌သော်လည်း၊ အသီးသီးသော လူ ရှင်,ရဟန်းတို့သည်၊ နိဗ္ဗာန်သွားလမ်းကမ္မဋ္ဌာန်းကို၊ ယုံကြည်စွာ ကြိုးပမ်းအားထုတ်သင့်လှပေသတည်း။

**ဆရာစစ် သရာမှန်ကို ပြဆိုခြင်း ပြီး၏။**

---

## ဆရာ၏ကျေးဇူးဂုဏ်ကို သိသာရုံ ပြဆိုခြင်း

မြတ်စွာဘုရားသည်၊ သက္ကတိုင်း ကပိလဝတ်ပြည်၊ သာကီဝင်မင်းတို့၏ သဏ္ဍာရ-မည်သော နိဂုမ်း၌ သီတင်းသုံးနေစဉ် အခါ၊ အရှင်အာနန္ဒာ

ဆည်းကပ်လာ၍၊ **ဥပမှ မိဒံ ဘန္တေ ပြဟ္မစရိယဿ ယဒိဒံ ကလျာဏ မိတ္တတာ**-စသောစကားဖြင့် လျှောက်ထားလေ၏။

ဘန္တေ၊ မြတ်စွာဘုရား။ ဣဓ၊ ဤသာသနာတော်၌။ ယဒိဒံကလျာဏ မိတ္တတာ၊ အကြင်ကလျာဏ မိတ်ကောင်း၊ အပေါင်းအဘော် ဟူသော ဆရာသမားရှိသည်၏ အဖြစ်သည်။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤသို့ ကလျာဏ မိတ်ကောင်းရှိသည်၏ အဖြစ်သည်။ ပြဟ္မစရိယဿ၊ မြတ်သော မဂ်ဖိုလ် အကျင့်အား။ ဥပမုံ၊ ထက်ဝက်အတို့ ပြီးစီး၍၊ ကျေးဇူးကြီး လှပါသည် ဘုရား။

ထိုအခါ မြတ်စွာဘုရားက၊ **မာ ဟေဝံ အာနန္ဒ အဝစ၊ မာ ဟေဝံ အာနန္ဒ အဝစ**-ဟု တားမြစ်တော်မူ၏။ ။အာနန္ဒ၊အာနန္ဒာ။ ဧဝံ၊ ဤသို့ မြတ်သော မဂ်ဖိုလ်အကျင့်အား၊ ကလျာဏမိတ္တအတွက်၊ ထက်ဝက် ကျေးဇူးများ၏ဟူသောစကားကို။ မာအဝစ၊ သင် မဆိုလင့်။ ။ဤသို့ နှစ်ကြိမ်ဆင့်၍ တားမြစ်တော်မူပြီးလျှင်။ **သကလမေဝ ဟိဒံ အာနန္ဒ ပြဟ္မစရိယဿ ယဒိဒံ ကလျာဏ မိတ္တတာ**-ဟူ၍ ဆရာ၏ကျေးဇူးများ ကို၊ထပ်မံဟောကြားတော်မူ၏။

အာနန္ဒ၊အာနန္ဒာ။ဣဓ၊ ဤသာသနာတော်၌။ ယဒိဒံကလျာဏမိတ္တတာ၊ အကြင်ကလျာဏ မိတ်ကောင်းရှိသည့်၏ အဖြစ်သည်။အတ္ထိ၊ ရှိ၏။ဣဒံ၊ ဤသို့ကလျာဏမိတ်ကောင်း ရှိသည်၏ အဖြစ်သည်။ ပြဟ္မစရိယဿ၊ မြတ်သော မဂ်ဖိုလ်အကျင့်အား။ သကလမေဝ၊ အလုံးစုံအတို့ ပြီးစီး၍၊ ကျေးဇူးကြီးလှသည်သာလျှင်တည်း။

ဤသို့ဟောကြားတော်မူသောဒေသနာအရ၊ဆရာ၏ကျေးဇူးကြီးမားလှ သည့်ကိုသိရှိအပ်ပေ၏၊ ကလျာဏမိတ္တ-ဟူသည်၊ကမ္မဋ္ဌာန်းဆရာပင်ဖြစ် ၏။ ဤကမ္မဋ္ဌာန်းဆရာဟူသော ကလျာဏ မိတ္တအစစ်မှာ၊မြတ်စွာဘုရား ဖြစ်၏။ မြတ်စွာဘုရားမှတပါး၊ ရှင်သာရိ ပုတ္တရာမှစ၍၊ ယခုကာလသို့ တိုင်အောင်၊ အဆက်ဆက် ယူဆောင်ပြီး၊ ကမ္မဋ္ဌာန်း နည်းပေးကြသော ဆရာတို့သည့်လည်း။ ကလျာဏမိတ္တတွင် ပါဝင်၍ အလွန်ပင် ကျေးဇူး ကြီးလှကုန်၏။

**ယော စေါ ဝက္ကလိ ဓမ္မံ ပဿတိ၊ သော မံ ပဿတိ၊ ယော ဓမ္မံ နပဿတိ၊ သော မံ န ပဿတိ။**

ဝက္ကလိ၊ချစ်သား ဝက္ကလိ။ ယောခေါ၊အကြင်သူသည်ကား။ ဓမ္မံ၊တရားစစ် တရားမှန်ကို။ ပဿတိ၊ မြင်၏။ သော၊ ထိုသူသည်။ မံ၊ငါဘုရားကို။ ပဿတိ၊မြင်၏။ ယော၊ အကြင်သူသည်။ ဓမ္မံ၊ တရားစစ်တရားမှန်ကို။ န ပဿတိ၊ မမြင်။ သော၊ထိုသူသည်။ မံ၊ငါဘုရားကို။ န ပဿတိ၊မမြင်။

**အဓိပ္ပါယ်ကား။** ။တရားမှန်ကိုမြင်မှ၊ဘုရားမှန်ကိုမြင်၏။ တရားမှန်ကို မမြင်လျှင်၊ ဘုရားမှန်ကိုမမြင်ဟုဆို၏။ ဤနေရာ၌၊ တရားမှန်ကိုတွေ့လျှင်၊ မြတ်စွာဘုရားနှင့် စကြာဝဠာ ပင်ကွာခြားသော်လည်း၊ အနီးအနား၌ ကပ်နေသည်မည်၏။ တရားမှန်ကိုမတွေ့လျှင်၊ မြတ်စွာဘုရား၏ သင်္ကန်းစွန်ကိုဆွဲကိုင်ထားသော်လည်း၊ စကြာဝဠာခြားသည်ထက် ဝေးကွာနေသည်မည်၏ဟုဆိုသဖြင့်၊ တရားမှန်ကိုသိက၊ ဘုရားမှန်ကိုသိသည်မှာ အံ့ဆုံးမကုန်သော ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်အစဉ်ကို ဉာဏ်၌ထင်မြင် သိရှိမှုမျိုးဟုဆိုလိုသည်။

ထိုကဲ့သို့ တရားမှန်သိလျှင်၊ ဘုရားရှင်၏ဂုဏ်ကျေးဇူးတော်ကို သာသိသည်မဟုတ်သေး။ တရားတော်၏ဂုဏ်ကျေးဇူး၊ သံဃာတော်တို့၏ ဂုဏ်ကျေးဇူးနှင့် ကမ္မဋ္ဌာန်းဆရာ၏ ဂုဏ်ကျေးဇူးများကိုလည်း၊ အထူးပင်သိမြင်ထင်လင်း၍လာလေ၏။ ယခုလိုဆရာ၏ ကြီးမားသော ကျေးဇူးဂုဏ်အင်ကို၊ ဉာဏ်၌သိမြင်လာခဲ့သော်၊ ဘိုးသူတော်,မယ်သီလနှင့် သူငယ်မကလေးတို့၏ အထံ၌ပင် နည်းခံ၍ အားထုတ်ရ စေကာမူ၊ ထိုဆရာဖြစ်သူတို့၏ကျေးဇူးဂုဏ်ကို၊ အံ့ဆုံး မကုန်အောင်ပင်လျှင် ထင်မြင်သိရှိ၍လာကြလေတော့သည်။

ယခုပြဆိုခဲ့သော အဓိပ္ပါယ်များအရ၊ ဝဋ္ဋဒုက္ခဘုံဘဝမှ လွတ်မြောက်၍ မဂ်ဖိုလ် နိဗ္ဗာန်သို့ ရောက်အောင်၊ ပို့ဆောင် လမ်းပြတော် မူကြသော၊ ကလျာဏမိတ္တ ဖြစ်သည့် ဆရာသမားတို့အား၊ များပြားသော သတ္တိဂုဏ်ကြောင့်၊ ကျေးဇူးတင်ပုံ သာဓကဝတ္ထုတို့ကို သတိပြုစဉ်းစား၍၊ နည်းယူမှတ်သားသင့်လှပေသည်။

ခေမာဒေဝီမိဖုရားသည်၊ ရှေးအခါတွင်၊ မိမိကိုယ်ကို နတ်သမီးအသွင်ဖြင့်၊ လူပြည်တွင် အချောဆုံး အလှဆုံး ထင်ပြီး ခင်မင် နှစ်သက်နေရာ၊ မြတ်စွာဘုရားက၊ အသုဘကိုဟောကြားသဖြင့်၊ စိတ်နှင့်ဆန့်ကျင်၍ ဘုရားရှင်ကိုပင် မတွေ့လိုမမြင်လိုဘဲ၊ ရှောင်လွှဲနေလေရာ၊ ဗိမ္ဗိသာရမင်းကြီးက၊ သဘင်သည်များအား၊ ဝေဠုဝန်ဥယျာဉ်၏ ဂုဏ်ကျေးဇူးကို ချီးကျူးသီဆိုဘွဲ့ရန်စေခိုင်းလိုက်သဖြင့်၊ တာဝတိံသာ နတ်ပြည်က နန္ဒဝန်ဥယျာဉ်မျှမက၊ နှစ်သက်ပျော်မွေ့ဘွယ် ကောင်းလှကြောင်းဖြင့် စပ်ထားသည်ကို၊ သဘင်သည်များနှင့် နန်းတွင်းသူ,နန်းတွင်းသားတို့ သီဆိုကြရလေ၏။

ထိုအခါ ခေမာမိဖုရားသည်၊ ဥယျာဉ်ကို ကြည့်ရှုရန်၊ ဆွမ်းခံချိန်အခါတွင် သွားရော၊ မြတ်စွာဘုရား ဘန်ဆင်းထားသော၊ နတ်သမီးမျှ လှပသည့် သူငယ်မများကိုမြင်သဖြင့်၊အံ့အားသင့်စွာ ကြည့်နေစဉ်၊ အိုခြင်း,နာခြင်း, သေခြင်းများကိုမြင်၍၊ မိမိကိုယ်ကို အသုဘဟုဆင်ခြင်မိလေ၏။ ထိုအခါ အသုဘတရားကိုဟော၍၊ ရုပ် နာမ် သဘောထင်ပြီး မင်္ဂဖိုလ်တရားမှန်ကို သိမြင်လျှင်၊ရှေးအခါတွင်မှားမိသည်များကို သည်းခံတော်မူရန်တောင်းပန်လျှောက်ထားလေသည်။

ရင်းပြင်၊အရှင်သာရိပုတ္တရာသည်၊ရှေးဦးစွာ ကလျာဏမိတ္တဖြစ်သော ဆရာ အရှင်အဿဇိအား၊ ကြီးမားသော ကျေးဇူးဂုဏ်ကိုအာရုံပြု၍၊တစုံတခုသော မြို့ရွာသို့ရောက်သောအခါ၊ဆရာ အရှင်အဿဇိ ဘယ်အရပ်မှာရှိသလဲဟုမေးမြန်း၍၊ တောင်အရပ်မှာ ရှိသည်ဆိုလျှင်၊တောင်အရပ်ကို ခေါင်းပြုအိပ်၏၊ မြောက်အရပ်မှာ ရှိသည်ဆိုလျှင်၊မြောက်အရပ်ကို ခေါင်းပြုအိပ်၏။

ဤကဲ့သို့ အရှင်အဿဇိရှိရာ အရပ်တိုင်းကို၊ခေါင်းပြု၍ အိပ်ရာပြောင်းသည်ကို၊အကြောင်းမသိသော ရဟန်းများက၊ ပုဏ္ဏားဇာတ် အစွဲကြောင့် အိပ်ရာမမြဲသည်ဟု ကဲ့ရဲ့ပြစ်မှားကြသဖြင့်၊ကလျာဏမိတ္တဖြစ်သောဆရာ၏ ကျေးဇူးကြီးမားသည်ကို၊ ပူဇော်လိုသော စိတ်ထားကြောင့်၊ အိပ်ရာပြောင်းလဲခြင်း များသည်ဟု၊ မြတ်စွာဘုရား ဟောကြားပြီး၊ ကျေးဇူး သိတတ်သောသူတို့တွင် အမြတ်ဆုံးဟု ဧတဒဂ်ထားတော်မူလေသည်။

ထို့မှတပါးလည်း၊ သာမာဝတီ မိဖုရားကြီးသည်၊မိမိအား ဥတ္တရမင်းကြီးချစ်မြတ်နိုးသဖြင့်၊ နေ့တိုင်းနေ့တိုင်း ပေးသနားသော ပန်းဘိုးရှစ်သပြာတွင်၊လေးသပြာကို ခုဇ္ဇုတ္တရာယူထားပြီး၊လေးသပြာဘိုးမျှသာ ဆက်သလေရာ၊တနေ့သောအခါ၌ သုမနပန်းသည်မှာ၊ မြတ်စွာဘုရားနှင့် သံဃာတော်တို့အား၊ ဆွမ်းများ လှူဒါန်းသည်ကို ကူညီပြုစုကာ တရားတော်ကို နာရသဖြင့်၊ လွယ်လင့်တကူပင်လျှင် သတ္တာလေးပါးကို သိမြင်လေ၏။

ဤကဲ့သို့ တရားမှန်ကိုသိမြင်ရသဖြင့်၊ရှေးကလိုပန်းဘိုး လေးသပြာကို မယူဘဲ၊ အချိန်လွဲ နေမြင့်သောအခါမှ၊ ရှစ်သပြာဘိုး ပန်းများစွာကို ယူလာ၍၊ နေမြင့်ခြင်း,ပန်းများခြင်း အကြောင်းအရာကို မေးမြန်းသည်တွင်၊

လိမ်လည်ထိမ်ချန်ခြင်းမပြုဘဲ၊ ဟုတ်မှန်တိုင်းသောစကားဖြင့်၊တရားထူး သိမြင်ကြောင်းများပါ ပြောကြားလေ၏။

ထိုအခါ အသပြာ ယူထားခြင်း၊ နေမြင့်ခြင်းများကို အပြစ်မထားဘဲ၊ တရားဟောကြားရန် တောင်းပန်သဖြင့်၊ နံ့သာနှင့်ရောသော ရေများကို ချိုးပြီး၊အမျိုးမျိုးသော တရားကို ဟောကြားလေရာ၊သာမာဝတီနှင့် တကွ မောင်းမ ငါးရာတို့၊ သစ္စာလေးပါးကို သိမြင်ရ၍၊ ကျွန်မ ခုဇ္ဇုတ္တရာအား ဆရာထား၍၊ ခံ့ညားရိုသေစွာ လုပ်ကျွေးပြုစုကြလေ၏။ ဤဝတ္ထုများကို ထောက်ထားပြီး၊ ဆရာ၏ ကျေးဇူးကြီးမားအင်ကို ထင်မြင်သိရှိ သိသင့် လှပေသတည်း။

**ဆရာ၏ကျေးဇူးဂုဏ်ကို ပြဆိုခြင်းပြီး၏။**

---

## ကမ္မဋ္ဌာန်းတောင်းရပုံကို အမြွက်မျှ ပြဆိုခြင်း၊

ကမ္မဋ္ဌာန်းအားထုတ်ရာ၌၊တောင်းပုံ ပေးပုံများနှင့်စပ်၍သိမှတ်ရန်မှာ။ မြတ်စွာဘုရားထံ၌ အားထုတ်သူတို့သည်၊ တောင်းမှု ပေးမှုကို အထူးမပြုကြဘဲ၊ဂန္ထဓုရ,ဝိပဿနာဓုရနှစ်ပါးလုံးကိုသော်၎င်း၊တပါးကိုသော်၎င်း ပွါးများရမည်ဟု၊ မြတ်စွာဘုရား မိန့်တော်မူသောအခါ၊ ဝိပဿနာဓုရကို ပွါးများမည် လျှောက်ထားလျှင်၊ သင့်လျော်ရာ ဟောကြားသဖြင့်၊ မယွင်းမှားအောင်၊ မှတ်သားပြီး အားထုတ်ကြလေ၏။

မြတ်စွာဘုရားလက်ထက်၌၊ ပေါဋ္ဌိလမထေရ်ကြီး သာမဏေငယ်ထံ တွင်၊ အဝဿယော မေ ဟောဟိ အာစရိယ။–ဟုတောင်းလေ၏။ ။ အာစရိယ၊ ဆရာကလေး။ **တွံ**၊ သင်သည်။ မေ၊အကျွန်ုပ်၏။အဝဿယော၊ မှီခိုရာသည်။ ဟောဟိ၊ ဖြစ်ပါလော။ ဤသို့တောင်းသောအခါ၊ အပေါက် ၆–ခုရှိသော တောင်ပို့အတွင်း၌ ဖွတ်ကိုမိအောင်၊ ငါးပေါက်ကိုပိတ်၍ ဖမ်းဟု နည်းပေး၏။ဒွါရ ငါးပေါက်ကိုပိတ်၍မနောဒွါရက စိတ်ကိုဖမ်းဟု ဆိုလို၏။ ။ဝိသုဒ္ဓိမဂ်လာ၊ ဆရာ မဟာနာဂမထေရ်ကြီးသည်၊ တပည့် ဓမ္မဒိန္နထံ၌၊ ပေါဋ္ဌိလမထေရ်ကြီးကဲ့သို့ပင် တောင်း၏၊ ပေးမှုမှာ အထူး မလာပေ။

၎င်းအဋ္ဌကထာပြသည့်မှာ၊ မြတ်စွာဘုရားအားသော်၎င်း၊ ကမ္မဋ္ဌာန်း ဆရာအားသော်၎င်း၊မိမိကိုယ်ကိုအပ်နှင်းရမည်ဟုလာ၏။ပေးမှုမှာ အထူး

မလာပေ။ ငါတို့၏ကျေးဇူးရှင်ဖြစ်သော **မင်းကွန်းဆရာတော်ဘုရားကြီး** သည်လည်း၊ တောင်းမှု,ပေးမှုကို အထူးမပြုပေ။ ထို့ကြောင့် ငါတို့ရှေးက ရေးသားသော ကျမ်းများ၌၊ တောင်းခြင်း, ပေးခြင်း ကို မထည့်သွင်း လိုက်ပေ။

ယခုအခါ၊ ကမ္မဋ္ဌာန်းဆရာတို့သည်၊ များသော အားဖြင့် တောင်းမှု, ပေးမှုကိုပြုကြကုန်၏။ **မင်းကွန်းဆရာတော်ဘုရား** ၏ အချို့တပည့်များ သည်လည်း ဆရာတော်ကိုလျှောက်ထား၍ တောင်းမှု,ပေးမှုများကို ပြုကြ လေသည်။

အထက်ပါနည်းအစဉ်ကို စဉ်းစားဆင်ခြင်ရာ၊ အဋ္ဌကထာ၌လာသော ကြောက်ဘွယ်ရာ အာရုံများကို တားမြစ်ခြင်း၊ ပဋိညာဉ် ဝန်ခံ စကား ကြောင့်၊ အားထုတ်သူ၏စိတ်များကို ချုပ်ထားခြင်းစသော အကျိုးရှိပေ၏။ ထို့ကြောင့်၊ အလိုရှိသူတို့ နည်းယူ ပြုစေခြင်းငှါ၊ ပါဠိ, အဋ္ဌကထာနည်း ဆရာကြီးတို့၏သဘောနှင့် မခြား၊ တောင်းပုံ,ပေးပုံများကို၊ မြန်မာစကား သက်သက်ဖြင့် အမြွက်မျှပြဆိုပေအံ့။

အရှင်ဘုရား၊ ဘုရားတပည့်တော်အား၊ ကမ္မဋ္ဌာန်းတရားကို ပေးသနား တော်မူပါအရှင်ဘုရား။ အရှင်ဘုရားဆိုဆုံးမတိုင်း လိုက်နာ၍ ကောင်းမွန် စွာ နေထိုင် အားထုတ်ပါမည် အရှင်ဘုရား။ ဘုရားတပည့်တော်၏ ခန္ဓာ ကိုယ်ကို၊ ရတနာသုံးပါးအားရင်း၊ ဆရာသမားအားရင်း၊ စွန့်လွှတ်လှူဒါန်း ပါ၏အရှင်ဘုရား။ ဤကား ကမ္မဋ္ဌာန်းတောင်းပုံတည်း။

ကမ္မဋ္ဌာန်းပေးပုံမှာ၊ သမထကမ္မဋ္ဌာန်း ဖြစ်လျှင်၊ ဆရာပြုလုပ်သူတို့ သဘောကျပြီး၍၊ လေ့လာ အားထုတ်ဘူးသော နည်းအတိုင်းပင် ဆုံးမ ဟောပြောရ၏။ ဤကျမ်း၌ပါရှိသော ဝိပဿနာကမ္မဋ္ဌာန်းဖြစ်လျှင်၊ မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်,စိတ် ဟူသော ဒွါရ၊ အာရုံ ၆-ပါးကို၊ ပကတိ ဖြစ်ပွါး၍ ထင်ရှားသောအတိုင်းသိနိုင်ရန် သတိပဋ္ဌာန် ၄-ပါးနှင့် အချိုး အစားကျအောင် ရှုမှတ်ဟု ပြောရမည်။

ဤနေရာ၌ ဆုံးမသတ်ပေးရန်အချက်များမှာ၊ ယခုပြဆိုသော ဝိသောခန ကဏ္ဍာနှင့်တကွ၊ လွန်စွာမှများလှ၍၊ သင့်လျော်စပ်ဆိုင်ရာ ဌာနများတွင် ယူငင်ပြီး၊ သဘာဝအစဉ်ကျအောင် ဟောပြဆုံးမရာ၏။ အထူးမှာ၊ လွန် ကျူး ခဲ့ဘူးသော အကုသိုလ်တရားကြောင့်၊ ယုံမှားခြင်း ဖြစ်နေပါလျှင်၊

အင်္ဂုလိမာလဝတ္ထု၊ ခိုးသား ၅၀၀-ဝတ္ထု၊ တံငါသည်ဝတ္ထု၊ မုဆိုးဝတ္ထု စသည်များနှင့် သံသယကင်းသွားအောင်၊ ဟောကြားပယ်ဖျောက်ပါလေ။ အားထုတ်ပုံ နည်းလမ်းအရမှာ၊ အာရက္ခကဏ္ဍ၌ပါရှိသော အတိုင်းပင် ဉာဏ်အမြင် ရှင်း၍ ပွင့်လင်း ကွဲပြားအောင် ၊ပုဂ္ဂိုလ်အား လျော်စွာ ထောက်ထားပြီး ဟောပြောသင့်ပေသည်။ဤကားကမ္မဋ္ဌာန်းပေးပုံတည်း။

ကမ္မဋ္ဌာန်း တောင်းပုံ,ပေးပုံကို ပြဆိုခြင်း ပြီး၏။

**ဝိသောဓနကဏ္ဍ ပြီး၏။**

---

**ဉာဏ်၏တည်ရာဘုံစသည်ကို ပြဆိုရာ**

# ဘူမိကဏ္ဍ

## ပရမတ် ရုပ်,နာမ်ကို သိမှတ်ရန် ပြဆိုခြင်း

ယခုအခါ၊ ဝိပဿနာအလုပ်တွင်၊ သုခ်သင် ရှင်းလင်းရန်ကို ပြပြီး၍၊ ဝိပဿနာ၏ဘုံဖြစ်သော ရှုမှတ်ရန်အာရုံသဘောအမျိုးမျိုးကို ပြဆိုပေအံ့။ ထိုအာရုံတို့တွင်၊ ရုပ်နာမ်ဟူသည် သရုပ်သင်္ချာ အားဖြင့်၊ ရုပ် ၂၈-ပါး နာမ် ၅၃-ပါးရှိ၏။ ထိုရုပ်နာမ်တို့သည်၊ အမည်အားလျော်စွာ၊ လက္ခဏာ အသီးသီး ရှိကြသော်လည်း၊ တခု တည်းသော သဘော အချုပ်မှာ၊ "ရုပ္ပတီတိ ရူပံ၊နာမတီတိနာမံ" ဆိုသဖြင့်၊ဖောက်ပြန်ခြင်းသဘောသည် ရုပ်၊ညွှတ်ခြင်းသဘောသည်-နာမ်မည်၏။ဖောက်ပြန်ခြင်း၌၊သီတေနာပိ၊ ရုပ္ပတိ၊ ဥဏှေနာပိ ရုပ္ပတိ၊ စသည်ဖြင့် လာရှိရာ၊ အအေးကြောင့်လည်း ဖောက်ပြန်၏၊အပူကြောင့်လည်း ဖောက်ပြန်၏ဟု မှတ်ယူခြင်း များကြလေသည်။ ဤနေရာ၌၊ အေးသဖြင့်လည်း ဖောက်ပြန်၏၊ ပူသဖြင့်လည်း ဖောက်ပြန်၏ဟု ယူပါလျှင်၊အေးခြင်းသည်ပင်-ရုပ်၊ပူခြင်းသည်ပင်-ရုပ် ဟု အဓိပ္ပါယ် ရသဖြင့်၊ သာ၍သင့်သည် ဟုထင်ပေ၏။ညွှတ်ခြင်း၌ ရုပ် အာရုံ,စိတ်အာရုံ အမျိုးမျိုးသို့ ညွှတ်ကိုင်းသော သဘောသည်ပင်-နာမ် မည်၏။ ဝိပဿနာ ဟူသည်၊ရုပ်တရား တခုစီ,တခုစီ၊ နာမ်တရား တခုစီ, တခုစီ မယူဘဲ၊ ကလာပသမ္မသန ဆိုသဖြင့်၊ဆိုင်ရာ ရုပ်အပေါင်း, နာမ် ပေါင်းကိုတခါတည်း ယူရလေသည်။

ထိုရုပ်နာမ်တို့တွင်၊ ရုပ်၌ကလာပ် တခု ဟူသည်၊ ပထဝီ, တေဇော, အာပေါ,ဝါယော မဟာဘုတ်လေးပါး၊ဝဏ္ဏ,ဂန္ဓ,ရသ,ဩဇာ ဥပါဒါရုပ်

လေးပါး။ ၎င်း ၈ ရှစ်ပါး အပေါင်းကို ကလာပ်တစည်း၊ ကလာပ်တခုခေါ်၏။ ၎င်း၈ရှစ်ပါးသည်၊ဖြစ်အတူ ပျက်အတူ မကွဲမပြားကြ၍၊ အဝိနိဗ္ဘောဂလည်း မည်၏။ တဖန် ၎င်း၈ရှစ်ပါးကို၊ ပကတိ မျက်စိ နှင့် မမြင်နိုင်အောင် သေးငယ်လှ၍၊ ပရမာဏုမြူဟုခေါ် ပြန်၏။သဉ္ဇာန်ဖြဲ၍မထင်ဘဲ၊ ပရမတ်တခုဖြစ်သော သဘောခဲမျှသာဟုဆိုလိုသည်။

ဤသို့လျှင်သဘောမျှဖြစ်သော၊ပရမတ်ခတ်ခဲခေါ်သည့်ရုပ်ကလာပ် ပရမာဏုမြူပေါင်းသည်၊ခြေဘလှမ်း,တလှမ်းကိုဘယ်လှမ်း,လှမ်းတယ်ဟု မှတ်သောဉာဏ်၏ အာရုံ ကြွ,ဆောင်,ရှောင်,လွှတ်,ချ,နှင်း ၆–၌ာန, ထင်ချက်၊ ခြေဘ ါး အပြင်မှ ထိပ်တိုင်အောင် အဆင့်ဆင့်, အစပ်စပ်, အပိုင်းပိုင်း ပြတ်၍၊ တကိုယ်လုံး ရုပ်ကလာပ် ပရမာ ဏုမြူပေါင်း တတင်း မျှရှိ၏။ ၎င်း တဘင်းလျှင် ယခုသူတို့ သုံးစွဲသော အတိုင်း၊ လက်မပေါင်း (၅၇၂၀) တထောင့် ခုနစ်ရာ့ နှစ်ဆယ့်ရှစ် လက်မရှိ၏။ တလက်မကို၊မုယောနှင့်မြှောက် ၇–ခုရ၏။၎င်း ၇–မုယောကို၊ ဥက္ကောင်းသန်း ၇–ကောင်နှင့်မြှောက် (၄၉) ရ၏။ ၎င်း ၄၉–ကို၊ ၇–လိက္ခာနှင့် မြှောက် (၃၄၃) သုံးရာ့ လေးဆယ့် သုံးရ၏။ ၎င်း ၃၄၃–ကို၊ ရထရေဏုမြူ ၃၆–နှင့်မြှောက်၊ (၁၂၃၄၈) တသောင်း နှစ်ထောင့် သုံးရာ့ လေးဆယ့် ရှစ်ရ၏။ တဖန် ၎င်း ၁၂၃၄၈–ကို၊ တဇ္ဇာရီမြူ ၃၆ – နှင့် မြှောက် ( ၄၄၄၅၂၈ ) လေးသိန်း လေးသောင်း လေးထောင့် ငါးရာ့ နှစ်ဆယ့်ရှစ်ရ၏။ ၎င်း ( ၄၄၄၅၂၈ ) ကို၊ အဏုမြူ ၃၆-နှင့် မြှောက် (၁၆၀၀ ၃၀၀၈) တကုဋေ ခြောက်သန်း သုံးထောင့်ရှစ်ရ၏။ ၎င်း ၁၆၀၀ ၃၀၀၈–ကို၊ ပရမာဏုမြူ ၃၆–နှင့်မြှောက် (၅၇၆၁၀၈၂၈၈) ကုဋေ ငါးဆယ့် ခုနစ်ကုဋေ ခြောက်သန်း တသိန်း ရှစ်ထောင့် နှစ်ရာ့ ရှစ်ဆယ့်ရှစ် ရ၏။၎င်းသည် တလက်မ အလျား သင်္ချာမည်၏။

ထို့နောက် ဒု–သင်္ချာလည်း ဤမျှ၊ အစောက်–သင်္ချာလည်း ဤမျှဖြစ်၍၊ အလျား သင်္ချာကို၊ ဒု–သင်္ချာနှင့်မြှောက်၊ (၃၃၁၉,၁၀၇၅၉၅၁,၂၂၉၀ ၉၄၄ ) ပကောဋိ–သုံးထောင့် သုံးရာ့ တဆယ့်ကိုး ပကောဋိ၊ ကုဋေ–ခုနစ်သောင်း ငါးထောင့် ကိုးရာ့ ငါးဆယ် ကုဋေ၊ နှစ်သန်း နှစ်သိန်း ကိုးသောင်း ကိုးရာ့ လေးဆယ့် လေး ရ၏။ ၎င်း ဒုသင်္ချာ မြှောက်ရဂဏန်းကို၊ အစောက် သင်္ချာနှင့် မြှောက် ( ၁၉၁၂၁၁, ၇၇၁၃၄၂၇, ၆၄၅၆၇၈၂, ၅၇၄၃၈၇၂ ) ကောဋိပကောဋိ–ဘသိန်း ကိုးသောင်း တထောင့် နှစ်ရာ့ တဆယ် ကောဋိ ပကောဋိ။ ပကောဋိ– ခုနစ်သန်း

ခုနှစ်သိန်း တသောင်း သုံးထောင် လေးရာ နှစ်ဆယ့်ခုနစ် ပကောဋိ၊ ကုဋေ ခြောက်သန်း လေးသိန်း ငါးသောင်း ခြောက်ထောင် ခုနစ်ရာ ရှစ်ဆယ့်နှစ် ကုဋေ၊ ငါးသန်း ခုနစ်သိန်း လေးသောင်း သုံးထောင် ရှစ်ရာ ခုနှစ်ဆယ့်နှစ် ရ၏။ တလက်မ စတုရန်း ပရမာဏုမြူပေါင်း သင်္ချာ ဖြစ်၏။

ဂုင်းသင်္ချာကို တတင်း၏ လက်မပေါင်း သင်္ချာ (၁၇၂၀) တထောင် ခုနစ်ရာ နှစ်ဆယ့်ရှစ်နှင့်မြှောက်၊ (၃၃,၀၄၁၂၂၁၂,၀၀၀၂၈၇၁,၇၃ ၃၀၂၀၀,၅၄၁၀၀၀၁၆)နဟုတ–သုံးဆယ့်သုံးနဟုတ၊ကောဋိ ပကောဋိ– လေးသိန်း တသောင်း နှစ်ထောင် နှစ်ရာ ဟဆယ့်နှစ် ကောဋိ ပကောဋိ၊ ပကောဋိ–ရှစ်သန်း ရှစ်သိန်း နှစ်ထောင် ကိုးရာ ခုနစ်ဆယ့်တစ် ပကောဋိ၊ ကုဋေ–ခုနစ်သန်း သုံးသိန်း သုံးသောင်း နှစ်ရာ ရှစ်ဆယ့်ရှစ် ကုဋေ၊ ငါးသန်း လေးသိန်း တသောင်း ရှစ်ရာ တဆယ့်ခြောက် ပရမာဏုမြူ ဖြစ်၏။

ယခုပြဆိုခဲ့သောရုပ်ကလာပ်သည်၊သိလွယ်စေရန် ရုပ် ၈–ပါးကို တစည်းခေါ်သော၊ အဋ္ဌကကလာပ်မျှသာဖြစ်၏။ အသက်ရှိ၍ ရုပ် ၉–ခုကို တစည်းပြုသော ဇီဝိတနဝက ကလာပ်၊ ကာယပသာဒရှိ၍ရုပ် ၁၀–ခုကို တစည်းပြုသောကာယဒသက ကလာပ်၊ ဤသို့စသည်ဖြင့် သက်ရှိဟ်စသော၊ အဘိဓမ္မာကျမ်းတို့၌ လာသည့် ကလာပ်စည်း အစဉ်များကို လည်း၊ ဒေသနာဉာဏ်ယှဉ်၍ ထင်မြင်သိရှိအပ်ပေသည်။

ဤသို့ ရေတွက်ပြခဲ့သော ရုပ်ကလာပ် ပရမာဏုမြူပေါင်းသည်၊ ခြေတလှမ်းအရ ၆–ဋ္ဌာနတွင်၊ ရှေးဦးစွာ ကြွသော ဋ္ဌာနတခု၌ပင် အလုံးစုံ ပါဝင်သဖြင့်၊ ရုပ်သမ္မသနဉာဏ် တဘက်ကမ်းသို့ ရောက်သော ယောဂီ ပုဂ္ဂိုလ်၏ ဉာဏ်တွင် ၊၆–ဋ္ဌာန၌ဖြစ်သော ရုပ်ကလာပ် အစဉ်တို့ကိုပင် ထင်မြင်သိရှိလေတော့သည်။

ထိုရုပ် ကလာပ်ကဲ့သို့ပင်လျှင်၊နာမ် ကလာပ်လည်း အတူတကွပါဝင် လေ၏။နာမ်ကလာပ်ဝင်ပုံမှာ၊ခြေတလှမ်း၌ ရုပ်ထင်ချက် ၆–ဋ္ဌာနတွင်၊ ကြွခြင်းရုပ်ဖြစ်ရာ၊ရှေးဦးစွာကြွလိုသောသဘောဖြစ်၏။ဂုင်းကြွလိုသော သဘောသည်၊ နာမ်တရားတို့တွင် စေတနာမည်၏။စေတနာဖြစ်သည်ရှိ သော်၊ **ဖဿ, စေတနာ, သညာ, ဧကဂ္ဂတာ, ဇီဝိတိန္ဒြိယ, မနသိကာရ**

ဟူသော စေတသိက် တို့လည်း ဖြစ်ကုန်၍၊ ရုပ်ကလာပ် ကဲ့သို့ပင်လျှင် မြောက်ပွါးသိမြင်သင့်ပေသည်။

ထို့ကြောင့် အရေအတွက် သင်္ချာသရုပ်တို့ကို မလိုက်ဘဲ၊ ဝိပဿနာ အလုပ်ဖြစ်သော ပရမတ် နာမ်ရုပ်တို့၏ သဘော အချုပ်ကို ပြဆိုလျှင်၊ **ကြွတာ-ရုပ်၊ကြွချင်တာ-နာမ်ဖြစ်၍**အလုံးစုံ ဖြစ်တိုင်း ဖြစ်တိုင်းသော အမှုအရာများ၌၊ နာမ် ရုပ်နှစ်ပါး၏ သဘောသွားကို မှတ်သားအပ်ပေ၏။ ဤအဓိပ္ပါယ်သည်**"နာမံ ဂန္တုကာမတာယ ရူပံ ဂန္တတိ"**စသည်ဖြင့် ဝိသုဒ္ဓိမဂ်၌လာသောအရ၊ သဘာဝ အကြောင်းအကျိုးစပ်၍ ပရမတ် ရုပ် နာမ်တို့ ပကတိဖြစ်နေဟန်ကို ပြခြင်းမည်၏။

ဤပရမတ် နာမ်ရုပ်ကို၊ ဝိပဿနာအလုပ်၌ကား၊ တခုစီပိုင်းခြားရ၍ တပါးစီပင် ခွဲရ၏။ ခွဲပုံမှာ သွားခြင်း ဖြစ်ပေါ်၍ သွားတယ်ဟု မှတ်ရာ၊ သွားတာ-ရုပ်၊မှတ်တာ - နာမ်ဟုခွဲရ၏။ ကာယာနုပဿနာ သတိပဋ္ဌာန် အရ၊ ရုပ်ကို ရှုသည်မည်၏။ သွားသောအခါ၊ သွားတယ်ဟု မှတ်ရာ၌၊ သွားချင်တဲ့ စိတ်ပါသော်လည်း မထင်ရှား၍ ဝိပဿနာ မရှုမှတ်သေး ပေ။ စိတ်နှင့်နာမ်ဟူသည် အတူတူပင် ဖြစ်၏။

ထို့အတူ၊ သွားချင်တဲ့ စိတ်ဖြစ်သည်ကို၊ သွားချင်တယ်ဟု မှတ်၍၊ သွားချင်တာနာမ်၊မှတ်တာလဲ-နာမ်ဟုခွဲရ၏။စိတ္တာနုပဿနာ သတိပဋ္ဌာန် အရ၊နာမ်ကိုရှုသည်မည်၏။ ယခုပြခဲ့သော အဓိပ္ပါယ်အရ၊ လောကကြီး တခုလုံး၌ နာမ်,ရုပ်နှစ်ပါးသာရှိ၏၊နာမ်,ရုပ်နှစ်ပါးသာဖြစ်ပျက်၏။မျက်စိ တမှိတ်ခန့်၌၊ ကုဋေ တသိန်း မကဖြစ်၏ ဟူသော ကျမ်းဂန် များနှင့် ထောက်ထားသင့်ပေ၏။သွား,ရပ်,ကွေး,ဆန့်,မြင်,ကြား စသည်ကို မှတ် ခြင်းသည်၊ နာမ်ရုပ်ကို ပိုင်းခြား သိမြင်သည်ဟု ယုံကြည်စွာ မှတ်သား အပ်ပေသည်။

**ဒိဋ္ဌေ သတိ ပဿာမီတိ သံလက္ခဏံ ကရောန္တော သစေ ပဿတော နာမရူပံ ဝဝတ္ထပေတိ နာမ၊ ဣမသ္မိံ နာမရူပေ ကေ ကာလေ ကေက္ခဏော ဥပ္ပန္နနာရဟ အတ္တဒိဋ္ဌိယာ ပဟာနေ ကင္ခုတ္တာ ရုက္ခံ ဟိ ဘဂဝတာ၊ ဧွမမ္ဘာ အဘိညေယျာ၊ နာမဋ္ဌ ရူပဋ္ဌာတိ အယံ အဘိညာ၊**

(ပေဋကောပဒေသအဋ္ဌကထာ။ ။နံပါတ်-၂၂။)

ဒိဋ္ဌေ၊ မြင်သည်။ သတိ၊ ရှိသော်။ ပဿာမီတိ၊ မြင်၏ဟူ၍။ သံလက္ခဏံ၊

ကောင်းစွာမှတ်ခြင်းကို။ ကရောန္တော၊ ပြုသည်ရှိသော်။ သခေ်ပတော၊ အကျဉ်းအားဖြင့်။ နာမရူပံ၊ နာမ်ရုပ်ကို။ ဝဝတ္ထပေတိနာမ၊ ပိုင်းခြားသည် မည်၏။ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ ဣမသ္မိံ နာမရူပေ၊ဤနာမ် ရုပ်၌။ကေကာလေ၊တခုသောကာလ၌။ ကေကွဏေ၊ တခုသောခဏ၌။ ဥပ္ပန္နာရဟ အတ္တဒိဋ္ဌိယာ၊ဖြစ်ခြင်းငှါထိုက်သော အတ္တဒိဋ္ဌိကို။ ပဟာနေ ကဗ္ဗတ္တာ၊ တပြိုင်နက် ပယ်သည်၏ အဖြစ်ကြောင့်တည်း။ တသ္မာ၊ ထို ကြောင့်။နာမဥ္စ၊နာမ်ကိုရင်း။ရူပဥ္စ၊ရုပ်ကိုရင်း။ ဒွေခမ္မာ၊နှစ်ပါးသောတရား တို့ကို။ အဘိညေယျာ၊ သိအပ်ကုန်၏။ ဣတိ၊ ဤသို့။ ဘဂဝတာ၊ မြတ်စွာ ဘုရားသည်။ဝုတ္တံဟိ-ဝုတ္တံဧဝ၊ဟောတော်မူအပ်သည်သာလျှင်တည်း။

ယခုပြဆိုခဲ့သော ထင်ရှားရုပ်နာမ် သမ္မသနဉာဏ်ကို သိလိုလျှင်၊ အထက်တွင် ပါသော ကလာပ်ပေါင်းသင်္ချာကို၊ ဝိပဿနာဇော ၇-ကြိမ်နှင့် မြောက်ပွါး၍ မှတ်သား သိရှိသင့်လှပေသတည်း။

**ပရမတ် ရုပ်,နာမ်ကို ပြဆိုခြင်း ပြီး၏။**

---

## ခန္ဓာငါးပါးကို မှတ်သားရန်ပြဆိုခြင်း

### ဝိပဿနာ၏အာရုံဖြစ်သော ခန္ဓာဟူသည်

၁- ရူပက္ခန္ဓာ ၃- သညက္ခန္ဓာ

၂- ဝေဒနက္ခန္ဓာ ၄- သင်္ခါရက္ခန္ဓာ

၅-ဝိညာဏက္ခန္ဓာ ဟူ၍ ၅-ပါး အပြားရှိ၏။

ယို ၅-ပါးတို့တွင်၊ ရုပ်တရား အပေါင်းသည်၊ ရူပက္ခန္ဓာ မည်၏။ စေတသိက် ၅၂ ပါးတွင်၊ ဝေဒနာသည် ဝေဒနက္ခန္ဓာ မည်၏။ သညာ သည် သညက္ခန္ဓာမည်၏။ ကြွင်းသော စေတသိက် ၅၀-သည် သင်္ခါ ရက္ခန္ဓာမည်၏။ဗိတ် ၈၉-ပါး အကျယ် ၁၂၁-ပါးသည် ဝိညာဏက္ခန္ဓာ မည်၏။

အသျှင်ဘုရား၊ခန္ဓာ ၅-ပါးဟူသည်၊နာမ်,ရုပ် နှစ်ပါးပင်ဖြစ်၍၊ခန္ဓာဟူသည် မှာ၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန်ကာလ ၃-ပါး၌ ဖြစ်သော နာမ် ရုပ် အပေါင်းမည်၏။သဘောမှာ၊ခန္ဓာ ၅-ပါးကို သိအောင်အားထုတ်မှုသည်၊ ဝိပဿနာရှုသည်မည်၏။ သိအောင်အားထုတ်မှုဆိုရာ၌၊ခန္ဓာတို့၏ အမည် သညာဖြင့် စိတ်မှာ ကြံစည်တွေးတောခြင်းမျိုးမဟုတ်၊ နာမ်ရုပ်သဘော များ ထင်ရှားဖြစ်ပေါ်ခိုက်ကို၊ ပကတိအတိုင်း သိအောင်လိုက်၍ ရှုမှတ် ရလေသည်။

**ဘူတံ ဘူတတော ပဿတိ**။ ။ဘူတံ၊ထင်ရှား ဖြစ်ပေါ်သည်ကို။ ဘူတတော၊ထင်ရှားဖြစ်ပေါ်သောအားဖြင့်။ပဿတိ၊ရှုမှတ်၏။

**ဘူတန္တိ ခန္ဓပဉ္စကံ**။ ။ဘူတန္တိ၊ထင်ရှား ဖြစ်ပေါ်ခြင်း ဟူသည်ကား။ ခန္ဓပဉ္စကံ၊ ခန္ဓာ ၅-ပါးတည်း။ဤသို့ ပဋ္ဌာသ ပါဠိ, အဋ္ဌကထာတို့၌ လာရှိသည့်အတိုင်း၊ခန္ဓာ ၅-ပါးဟူသည်၊သဘောအားဖြင့် ထင်ရှားပေါ်လာ၍၊ ထိုထင်ရှားသော သဘောအတိုင်းကို မှတ်မှုသည်သာလျှင်၊ ဝိပဿနာရှုသည်မည်၏။တွေးတောကြံစည်၍ရှုမှတ်လျှင်၊သဘောအားဖြင့်မထင်ရှား၍၊ ပရမတ် ခန္ဓာများကို မမိဘဲ၊ ပညတ် ခန္ဓာမျှကိုသာ သိရှိနိုင်လေ၏။

ပရမတ်သဘောအားဖြင့် ထင်ရှားပုံမှာ၊ကွေးခြင်း,ဆန့်ခြင်းဖြစ်ခိုက်၌၊ လှုပ်ရှားခြင်း သဘောထင်ရှား၏။ ၎င်းလှုပ်ရှားခြင်းသည်၊ ဝါယောဓာတ်မည်၏။ဝါယောဓာတ်ဖြစ်လျှင်၊အဝိနိဗ္ဘောဂရုပ် ၈-ပါး ပါဝင်၍၊ထိုကွေးခြင်း,ဆန့်ခြင်းသဘောသည်၊ **ရူပက္ခန္ဓာ**မည်၏။ဤသို့ ကွေး,ဆန့်ခြင်း ဖြစ်သောအခါ၊ ကွေး,ဆန့်လို့ ကောင်းတဲ့ သဘော၊ မကောင်းတဲ့ သဘော၊ ကောင်း,မကောင်းဟု မသိသာတဲ့ သဘော ၃-ပါးတွင်၊တပါးပါးထင်ရှား၏၊ ထိုသဘောများသည်၊ **ဝေဒနက္ခန္ဓာ**မည်၏။

တဖန်ကွေး,ဆန့်ခြင်းဖြစ်သော သဘောကို၊ကွေး,ဆန့်တယ် ဟူ၍ပင် လျှင်၊လောကတွင် အမှတ်အသားအားဖြင့် ထင်ရှား၏၊၎င်းမှတ်သားခြင်း သဘောသည်၊ **သညက္ခန္ဓာ**မည်၏။ ထိုအတူ ကွေး,ဆန့်ခြင်းကို ပြုသောအခါ၊ကွေးမယ်,ဆန့်မယ်ဟုစေ့ဆော်အားထုတ်ခြင်း သဘောထင်ရှား၏၊ ၎င်းအားထုတ်ခြင်း သဘောသည်၊ **သင်္ခါရက္ခန္ဓာ**မည်၏။ ယခုလိုကွေး, ဆန့်ခြင်းဖြစ်၍၊ကွေးတယ်,ဆန့်တယ်ဟု မှတ်သောအခါ၊ ကွေးတာ,ဆန့်တာကို သိခြင်း သဘောထင်ရှား၏၊ ၎င်းသိခြင်းသဘောသည်၊ **ဝိညာဏက္ခန္ဓာ** မည်၏။ ဤသို့လျှင် ခန္ဓာ ၅-ပါး ဟူသည်၊ ပရမတ် သဘောအားဖြင့် ထင်ရှားသည်မည်၏။

ထို့ကြောင့်၊ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌၊ **ရုပ္ပနလက္ခဏံ ရူပံ၊ ဝေဒယိတလက္ခဏံ ဝေဒနံ၊ သဉ္ဇာနနလက္ခဏံ သညံ၊ အာယူဟနလက္ခဏာ သင်္ခါရာ၊ ဝိဇာနနလက္ခဏံ ဝိညာဏံ** ဟု မိန့်တော်မူ၏။ရုပ္ပနလက္ခဏံ၊ ပူ,အေး လှုပ်ရှားစသောအားဖြင့်၊ဖောက်ပြန်ခြင်း သဘောတရားသည်။ ရူပံ၊ရူပက္ခန္ဓာမည်၏။ဝေဒယိတလက္ခဏံ၊ကောင်းဆိုး ၂-ပါးစသောအားဖြင့်၊ခံစားခြင်းသဘောတရားသည်။ ဝေဒနံ၊ ဝေဒနက္ခန္ဓာမည်၏။ သညာ

နုနံ့ လက္ခဏံ၊ ကွေး,ဆန့်စသား၊အမည်အားဖြင့်၊ မှတ်သားခြင်း သဘော တရားသည်။သညာ့၊သညကွန္ဓာမည်၏။အာယူဟန လက္ခဏာ၊ကွေး,ဆန့် စသား၊ညွှတ်သောအားဖြင့်၊ စေ့ဆော်အားထုတ်ခြင်း သဘောတရား တို့သည်။သင်္ခါရာ၊ သင်္ခါရက္ခန္ဓာမည်ကုန်၏။ဝိဇာနန လက္ခဏံ၊ကွေး,ဆန့် စသား၊မှတ်သောအားဖြင့်၊သိခြင်းသဘောတရားသည်။ဝိညာဏံ၊ ဝိညာ ဏက္ခန္ဓာမည်၏။

ဤသို့လာသော ပါဠိတော်အရ၊ သဘောမျှ ဖြစ်သော ခန္ဓာတို့ကို ဝိပဿနာရှုမှတ်သောအခါ၊ **ဖေဏပိဏ္ဍူပမံ ရူပံ**-စ သည်ဖြင့်၊ ဥပမာ ပြသကဲ့သို့။မိမိစိတ်က ကြံဆပြီး၊ကသိုး တခြားစီခွဲ၍ မတွေးတော မဆင် ခြင်ရ၊ဉာဏ်၌ထင်မြင်သောခန္ဓာတို့၏သဘောအစဉ်ကို၊ ဥပမာ တင်ရန် မျှသာဖြစ်၏။ ဓမ္မသဘာဝကို ဥပမာပြသည်မှာ၊ ဤမျှမက လွန်စွာမှ များလှပေသည်။

ထိုကဲ့သို့ များလှ၍၊**ဘာရာ ဟဝေ ပဉ္စက္ခန္ဓာ**–စသည်ဖြင့်ရင်း၊**နတ္ထိ ခန္ဓာ သမာ ဒုက္ခာ**-စသည်ဖြင့် ရင်း၊ ထောင်သောင်းမကသော ဥပမာ တို့ဖြင့်၊ ခန္ဓာ၏ သဘောများကို ဟောကြားတော်မူ၏။ခန္ဓာ ၅–ပါးသည်၊ စင်စစ် မုချအားဖြင့် လွန်စွာလေးလံလှသော၊ ဝန်ထုပ် ဝန်ပိုးကြီးများနှင့် တူကုန်၏၊ ခန္ဓာ ၅–ပါးနှင့်တူသော ဆင်းရဲဒုက္ခမည်သည် မရှိဟုဆို၏။ သဘောမှာ၊ ဝိပဿနာရှုမှတ်၍၊ ပရမတ် အစဉ်ကို ဉာဏ်၌ ထင်မြင် လာသော အချက်များပေတည်း။

ယခုလို ဉာဏ်ထင်မြင်လာအောင် အားထုတ်ရန်မှာ၊ ခန္ဓာ ၅–ပါးဟူ သည်၊အကျဉ်းအားဖြင့်၊နာမ်,ရုပ် ၂-ပါးသာဖြစ်၏၊နာမ်,ရုပ် ၂-ပါးတို့တွင် သမထသမားမှာ၊ ဝိပဿနာသို့ တက်သောအခါ၊တည်ကြည် ငြိမ်သက် လာသောစိတ်ကို ပိုင်နိုင်စွာသိပြီးမှ၊ မှီရာ ဟဒယဝတ္ထုကို ရှာကြံ၍ ရှုရ သဖြင့်၊ နာမ်ကို ရှေးဦးစွာရှု၍၊ ရုပ်ကို နောက်ရှုသည်မည်၏။ ဝိပဿနာ သမားမှာမူကား၊နာမ်,ရုပ် ၂–ပါးတွင်၊ပကတိသဘောအားဖြင့် ရုပ်သာ ထင်ရှား၍၊ နာမ်ကား မထင်ရှားပေ။ ဝိပဿနာဟူသည်၊ ထင်ရှားရာကို သာ အားထုတ်ရသဖြင့်၊**ရုပ်ကိုရှေးဦးစွာရှု၍**၊နာမ်ကိုနောက်မှ ရှုသည် မည်၏။ သမထမှာ နာမ်ကစသည်။ဝိပဿနာမှာ ရုပ်ကစသည်ဟု ဆိုလို ၏။သို့သော်၊ သမထသမားသည်လည်း၊ ဝိပဿနာသို့ ရောက်သောအခါ တွင်၊ **ရုပ်ကပင်** စရ၍အတူအမျှဖြစ်လေ၏။

ဤကဲ့သို့ ဝိပဿနာအလုပ်၌ ရုပ်ခန္ဓာကိုပင် ရှေးဦးစွာရှုမှတ်၍၊ သိမ်မွေ့သော နာမ်ခန္ဓာများ ရုတ်တရက် မထင်မြင်သေးသော်လည်း၊ ထင်ရှားသောရုပ်ခန္ဓာကိုပင် အကြိမ်များစွာရှုမှတ်ရ၏။ ထိုကဲ့သို့ရုပ်ကို အဖန်ဖန် ရှုမှတ်နေလျှင်၊ နာမ်ခန္ဓာတို့သည် ဖဿ၏အစွမ်းအားဖြင့်၎င်း၊ ဝေဒနာ၏ အစွမ်းအားဖြင့်၎င်း၊ ဝိညာဏ်၏အစွမ်းအားဖြင့်၎င်း၊ အလိုလိုပင်ထင်ရှား ပေါ်လာတတ်၏။ တပါး ပေါ်လာလျှင်လည်း၊ နာမ်ခန္ဓာ ၄-ပါးလုံးပင် တချက်တည်း ပါဝင် ပြီးစီးလေတော့သည်။

ဥပမာအားဖြင့်၊ မှန်ကြည့်သောသူသည်၊ မှန်၌ မြုမှုန်များ၍ မျက်နှာရိပ် မထင်ရှားခဲ့သော်၊ မှန်ကိုသာ အဖန်ဖန်ပွတ်တိုက်၍၊ မှန်၌ရှိသော မြုမှုန် ကင်းစင်လျှင်၊ မျက်နှာရိပ်သည် အလိုလို ထင်လာသကဲ့သို့ မှတ်အပ်၏။ ၎င်းဥပမာ၌၊ ရုပ်ခန္ဓာသည် မှန်နှင့်တူ၏။ နာမ်ခန္ဓာသည် မျက်နှာရိပ်နှင့် တူ၏။ ကိလေသာသည် မြုမှုန်နှင့်တူ၏။ ရုပ်ခန္ဓာကိုသာ အကြိမ်များစွာ ရှုမှတ်မှုသည်၊ မှန်ကိုသာ အဖန်ဖန် ပွတ်တိုက်သည်နှင့် တူ၏။ ဤသို့ မှတ်ယူပါလေ။

**နာမရူပေ ဟိ ဥပ္ပဇ္ဇမာနေ၊ န ကေဝလံ နာမရူပမတ္တမေဝ ဥပ္ပဇ္ဇတိ၊ အထခေါ ရူပံပိ ဥပ္ပဇ္ဇတိ ဝေဒနာပိ သညာပိ သင်္ခါရာပိ ဝိညာဏံပိ ဥပ္ပဇ္ဇတိ၊ ဣဒံ ခန္ဓပဉ္စကံ ဘူတံနာမ၊**

(ပေဋကောပဒေသ အဋ္ဌကထာ နံပါတ် ၂၃။)

ဟိ သစ္စံ၊ မှန်၏။ နာမရူပေ၊ နာမ်ရုပ်သည်။ ဥပ္ပဇ္ဇမာနေ၊ ဖြစ်သည်ရှိသော်။ ကေဝလံ၊ သက်သက်။ နာမရူပမတ္တမေဝ၊ နာမ်ရုပ်မျှ သည်သာလျှင်။ န ဥပ္ပဇ္ဇတိ၊ ဖြစ်သည်မဟုတ်သေး။ အထခေါ၊ စင်စစ်သော်ကား။ ရူပံပိ၊ ရူပက္ခန္ဓာသည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဝေဒနာပိ၊ ဝေဒနက္ခန္ဓာသည် ၎င်း။ သညာပိ၊ သညက္ခန္ဓာသည်၎င်း။ သင်္ခါရာပိ၊ သင်္ခါရက္ခန္ဓာတို့သည် ၎င်း။ ဝိညာဏံပိ၊ ဝိညာဏက္ခန္ဓာသည်၎င်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဣဒံခန္ဓပဉ္စကံ၊ ဤခန္ဓာ ၅-ပါးအပေါင်းသည်။ ဘူတံနာမ၊ ထင်ရှားဖြစ်နေသည်မည်၏။

ခန္ဓာတို့သည်၊ ရုပ်ခန္ဓာ ၁-ပါး, နာမ်ခန္ဓာ ၄-ပါးဟု ၅-ပါးပြားသော်လည်းဖြစ်သောအခါ တပါးစီမဟုတ်၍၊ အားထုတ်ရာ၌ မရှုရပေ။ ရုပ်ခန္ဓာကို ရှေးဦးစွာ ရှုရမည်ဆိုရာ၌၊ ဉာဏ်အားထင်ရှားသည်ကိုသာ ပြခြင်း ဖြစ်၏။ ဖြစ်မှုမှာကား၊ ရုပ်ခန္ဓာဖြစ်ရာ၌၊ နာမ်ခန္ဓာ ၄-ပါးလုံးပါ၍၊ နာမ် ခန္ဓာ ၁-ပါးဖြစ်ရာ၌၊ နာမ်ခန္ဓာ ၄-ပါးလုံးပါ၏။ ဥပမာအားဖြင့်၊ အရသာ

၄-မျိုး, ၅-မျိုးထည့်စွက်၍ချက်သော ဟင်းလျာကိုစားရာ၌လွန်ကဲသော အရသာတရ ထင်ရှားသကဲ့သို့ မှတ်အပ်ပေ၏။

ဤကဲ့သို့ထင်ရှားသော ရုပ်ခန္ဓာတရကို ရှုမှတ်ရာ၌၊ခန္ဓာ ၅-ပါး ပါဝင်ပုံမှာ၊ ကွေးခြင်းကို၊မှတ်သောအခါ၊ကွေးတာ-ရူပက္ခန္ဓာ၊ကွေးလို့ကောင်းတာ မကောင်းတာ-ဝေဒနက္ခန္ဓာ၊ကွေးတယ်မှတ်တာ-သညက္ခန္ဓာ၊ကွေးမယ် အားထုတ်တာ-သင်္ခါရက္ခန္ဓာ၊ ကွေးတယ်သိတာ-ဝိညာဏက္ခန္ဓာ။ ထိုအတူ ရှုမှတ်သော အမူအရာဟူသမျှတို့၌ သဘာဝပါဝင်ပုံကို သိမြင်ကြသဖြင့်၊ ရုပ်ခန္ဓာကို ရှုရာ၌ ခန္ဓာ ၅-ပါး၊ နာမ် ခန္ဓာကို ရှုရာ၌ ခန္ဓာ လေးပါး လုံးကိုလည်း တပြိုင်နက် တချက်တည်း သဘော အားဖြင့် သိပြီးဖြစ်သည်ဟု ယုံကြည်ခြင်း ရှိသင့်လှပေသတည်း။

ခန္ဓာ ၅-ပါးကို ပြဆိုခြင်း ပြီး၏။

## အာယတန ၁၂-ပါးကို ခွဲခြား၍ ပြဆိုခြင်း

အာယတန တရားတို့သည်၊စက္ခု,သောတ,ဃာန,ဇိဝှါ,ကာယ,မန-ဟု အဇ္ဈတ္တိက အာယတန ခြောက်ပါး၊ ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ, ဓမ္မ-ဟု ဗာဟိရ အာယတန ခြောက်ပါး။ ဤသို့ ၁၂-ပါး ရှိကုန်၏။ မျက်စိ,နား,နှာခေါင်း, လျှာ,ကိုယ်,စိတ်၊အဆင်း, အသံ, အနံ့, အရသာ, အတွေ့,သဘော-ဟု ဆို၏။ အဇ္ဈတ္တိက အာယတနကို၊ ဒွါရခြောက်ပါး။ ဗာဟိရ အာယတနကို၊ အာရုံခြောက်ပါးဟု မှတ်သားအပ်ပေသည်။

ဤအာယတန တရားသည်၊ ဝိညာဏ် ၆-ပါး၏မှီရာ အာရုံအားဖြင့် ၁၂-ပါး ပြားသော်လည်း၊အကျဉ်း အားဖြင့် မူကား၊ စိတ်,စေတသိက်, ရုပ်,နိဗ္ဗာန်ဟူသော ပရမတ်တရား လေးပါးလုံး ပေါင်း၍၊ မနာယတန ထိုက်သောတရားနှင့်၊ ဓမ္မာယတန ထိုက်သော တရား တစိတ်ကို-နာမ်၊ ကြွင်းသောအာယတနတို့ကို ရုပ်၌ ရေတွက်၍၊အချုပ်အားဖြင့် နာမ်,ရုပ် နှစ်ပါးသာ ဖြစ်လေ၏။ထိုအာယတနတို့၏ သဘာဝအဓိပ္ပါယ်မှာ၊ စက္ခာယတနဟူသည်၊စက္ခုပသာဒခေါ်သောမျက်စိဖြစ်၏။ ပစ္စယ,ဂတိ,နိကာယ, ပုဂ္ဂလ ဟူသောအကြောင်း၊ လားရာအပေါင်း၊ ပုဂ္ဂိုလ်တို့၏ အပြားအားဖြင့်မူကား၊ အပိုင်းအခြားမရှိ၊ အလွန်ပင်များပြားလေ၏။ သောတ, ဃာန,ဇိဝှါ,ကာယဟူသော အာယတနလေးပါးတို့၌လည်း၊စက္ခု အတူ

ပင်မှတ်အပ်ပေ၏။ ဗိတ်ကျဉ်း-၈၉၊ အကျယ် ၁၂၁-ပါးသည်၊ မနာယတန မည်၏။ အကြောင်း,အကျင့် စသော ဝဋ္ဋ ပဋိပဒါ အပြားအားဖြင့်ကား၊ လွန်စွာပင် များပြားလေသည်။

ဤနေရာ၌၊ ဩဠာရိကရုပ်နှင့် သုခုမရုပ်ခွဲပုံမှာ၊ ရုပ် ၂၈-ပါးတို့တွင်၊ စက္ခု,သောတ, ဃာန, ဇိဝှါ, ကာယ ပသာဒရုပ် ၅-ပါး၊ ရူပ,သဒ္ဒ,ဂန္ဓ ရသ,ပထဝီ, တေဇော, ဝါယော-ဟူသော ဖောဋ္ဌဗ္ဗဝိသယ ၇-ပါး၊ ပေါင်း ၁၂-ပါးသည်၊ ဩဠာရိကရုပ် မည်၏။ အာပေါ, ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ, ဟဒယရုပ်, ဇီဝိတရုပ်, အာဟာရရုပ်, ပရိစ္ဆေဒရုပ်, ကာယဝိညတ်, ဝစီဝိညတ်,လဟုတာ, မုဒုတာ,ကမ္မညတာ,ဥပစယ,သန္တတိ, ဇရတာ, အနိစ္စတာ၊ ဤ ၁၆-ပါးသည်၊ သုခုမရုပ်မည်၏။

ယခုပြဆိုခဲ့သော အာယတနတို့၏ဖြစ်ပွါးနေပုံသဘောများကို၊ ဥပမာ အားဖြင့်မှတ်သားရန်မှာ၊ စက္ခု,သောတ,စသော အဇ္ဈတ္တိက အာယတန ခြောက်ပါးသည်၊ နေရာဌာနဖြစ်သော၊ ရွာပျက်ကုန်း, ဈေးရုံ, ဆိပ်ကမ်း ကြီးများနှင့်တူ၏။ ရူပ,သဒ္ဒ စသော ဗာဟိရ အာယတန ခြောက်ပါး သည်၊ နေ့သိုင်သွားလာသော သူခိုး လူဆိုးများနှင့်တူ၏။ တူပုံမှာ၊လော ကဌ်၊ မြို့,ရွာ,ဈေးရုံ စသည်များသို့၊ သူခိုး,လူဆိုးတို့ ဝင်ရောက် ဖျက်ဆီး သောအခါ၊ဗရမ်းဗတာ ဆုံးရှုံးပျက်စီးသကဲ့သို့။ ထို့အတူ အတွင်း အာယ တနနှင့် အပြင်အာယတနတို့သည်၊ အမြဲထာဝရပင် တွေ့ဆုံ၍နေကြကုန် ၏။ တွေ့ဆုံတိုင်း တွေ့ဆုံတိုင်းပင်လျှင်၊ အပြင်အာယတနတို့က အတွင်း အာယတနတို့ကို နှိပ်စက်ဖျက်ဆီးသည်မည်၏။ ဖျက်ဆီးပုံမှာ၊မျက်စိနှင့် အဆင်းသည်၊ အမြဲတွေ့ဆုံနေ၏။ တွေ့ဆုံသောအခါ၊ နှစ်သက်ဘွယ်ဟု ထင်လျှင်-လောဘဖြစ်၏။ မနှစ်သက်ဘွယ်ဟု ထင်လျှင်- ဒေါသဖြစ်၏။ လောဘ,ဒေါသဟူသည်၊ အပါယ်လေးပါးသို့ဆောင်တတ်သဖြင့်၊ မျက်စိ သည် ရူပါရုံအဆင်းတို့ဖြင့် နှိပ်စက်ဖျက်ဆီးသည်မည်၏။ ထို့ကြောင့်၊ **စက္ခုံ ဘိက္ခဝေ ဟညတိ မနာပါ မနာပေဟိ ရူပေဟိ။**-ဟု ဟော တော်မူ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ စက္ခုံ၊ မျက်စိသည်။ မနာပါ မနာပေဟိ ရူပေဟိ၊ နှစ်သက်ဘွယ် မနှစ်သက်ဘွယ်ဖြစ်ကုန်သော အဆင်းတို့ဖြင့်။ ဟညတိ၊ လောဘ,ဒေါသဖြစ်၍ အပါယ်လေးပါး၌ နစ်အောင် နှိပ်စက် ညှဉ်းဆဲ ရလေ၏။

ဤသို့စသည်ဖြင့်၊ ကျယ်ဝန်းစွာ ဟောတော်မူသော ဒေသနာအရ၊ မျက်စိအား အဆင်းနှိပ်စက်ပုံကို သိအပ်ပေ၏။ ၎င်းပြင်၊ ပါပသ္မိံ ရမတိ မနော-ဟူသောဒေသနာအရ၊ ဝိပဿနာဖြင့် မပြုပြင်သော ပကတိပုထုဇဉ်တို့၏စိတ်သည်၊ အကုသိုလ် မကောင်းမှုဖြစ်သော အာရုံ၌သာလျှင်၊ ပျော်နှင့် မွေ့လျော်သည်ဆို၏။ တဖန် ဝိပဿနာကင်းလျှင်၊ မျက်စိနှင့်မြင်ရာ၌၊ မျက်စိ,အဆင်း,မြင်ခြင်း သုံးပါးကို နှိပ်စက်သည်မည်၏။ မျက်စိစသည်ကို နှိပ်စက်က၊ ဆင်းရဲဒုက္ခကို နှိပ်စက်သည် မည်၏။ ဆင်းရဲကို နှိပ်စက်လျှင် ဘယ်တော့မှ၊ ဒုက္ခဝဋ်မှ မလွတ်နိုင်ဟု ဟောတော်မူ၏။

**ယော စက္ခုံ အဘိနန္ဒတိ။ ဒုက္ခံ သော အဘိနန္ဒတိ။ ယော ဒုက္ခံ အဘိနန္ဒတိ၊ အပရိမုတ္တော သော ဒုက္ခသ္မာတိ ဝဒါမိ။**

(သံယုတ်ပါဠိတော်။)

ယော၊ အကြင်သူသည်။ စက္ခုံ၊ မျက်စိကို။ အဘိနန္ဒတိ၊ နှိပ်သက်၏။ သော၊ ထိုသူသည်။ ဒုက္ခံ၊ ဆင်းရဲကို။ အဘိနန္ဒတိ၊ နှိပ်သက်သည် မည်၏။ ယော၊ အကြင်သူသည်၊ ဒုက္ခံ၊ ဆင်းရဲကို။ အဘိနန္ဒတိ၊ နှိပ်သက်၏။ သော၊ ထိုသူသည်။ ဒုက္ခသ္မာ၊ သံသရာဝဋ်မှ။ အပရိမုတ္တောတိ၊ ဘယ်တော့မှ မလွတ်နိုင်ဟူ၍။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။

အဆင်းကို နှိပ်သက်ရာ၊ မြင်ခြင်းကို နှိပ်သက်ရာတို့၌လည်း၊ ထိုအတူပင် ဟောတော်မူပေ၏။ ဤကဲ့သို့မြင်ခြင်းစသည်၌၊ နှိပ်သက်ခြင်းမရှိရအောင်၊ စက္ခုံ အဘိဇ္ဈေယျံ၊ ရူပါ အဘိဇ္ဈေယျာ-စသည်ဖြင့် လာသော ပဋိသမ္ဘိဒါမဂ်-အဘိဇ္ဈေယျသုတ်အရ၊ မျက်စိကို မျက်စိဟု၊ အဆင်းကို အဆင်းဟု သူ့သဘောအတိုင်းသိရမည်၊ သိလျှင် နှိပ်သက်ခြင်းစသည်တို့ မဖြစ်ဟု ဆိုလိုသည်။

ထိုကဲ့သို့ သိအောင် လုပ်ရန်မှာ၊ စက္ခုနှင့် ရူပါရုံ တွေ့ဆုံသောအခါ၊ နှိပ်သက်ခြင်း ကိလေသာစသည်တို့ဖြစ်တတ်၍၊ ကိလေသာ မဖြစ်အောင် တားမြစ်ခြင်းပေတည်း။ သဘောမှာ အတွင်း,အပြင်အာယတနတို့ပေါင်းဆုံခြင်းသည်၊ ရှည်စွာဖြစ်ခြင်း၊ သံသရာကို ချဲ့ထွင်ခြင်းများလှ၍၊ အာယတနမည်၏။ ၎င်းအာယတနတို့မှ ယိုစီး၍ ထွက်ကျသည့် သဘောကို ကိလေသာဟုဆို၏။ ၎င်းကိလေသာကို သတိဖြင့်တားမြစ်စောင့်ရှောက်၍၊ ပညာဖြင့် ပိတ်ဆို့ရမည်ဟု အဇိတအား မြတ်စွာဘုရား ဟောကြားတော်မူ၏။

**သတိ တေသံ နိဝါရဏံ၊ သောတာနံ သံဝရံ ဗြူမိ၊ ပညာယေတေ ပိဓိယျရေ။**

သတိ၊ သတိသည်။ တေသံ၊ ထိုယိုစီးသောတဏှာတို့ကို။ နိဝါရဏံ၊ တားမြစ်နိုင်၏။ သတိံ၊ သတိကို။ သောတာနံ၊ ယိုစီးသောတဏှာတို့၏။ သံဝရံ၊ အစောင့်အရှောက်ဟူ၍။ ဗြူမိ၊ ငါဘုရား ဟောကြားတော်မူ၏။ ယေ၊ အကြင်ကိလေသာတို့သည်။ သဝန္တိ၊ ယိုစီးကုန်၏။ တေ၊ ထိုကိလေသာတို့ကို။ ပညာယ၊ ပညာဖြင့်။ ပိဓိယျရေ၊ ပိတ်ဆို့အပ်ကုန်၏။

ဤဒေသနာ၌၊ ကိလေသာ မဖြစ်အောင် သတိဖြင့် စောင့်ရှောက်၍၊ ပညာဖြင့် ပိတ်ဆို့ရမည်မှာ။မြင်သောအခါ မြင်တယ်ဟု မှတ်ခြင်းဖြစ်၏။ သတိဖြင့် မှတ်လျှင်၊မှတ်တိုင်းပင် ဓမ္မသဘောကို ပညာဖြင့်မြင်၍၊ပညတ်မဝင်၊ကိလေသာစင်သည်ဟုဆိုလို၏။ ထို့ကြောင့်၊ မြင်လျှင်, မြင်တယ် မှတ်ဟု ဒေသနာ အရပ်ရပ်၌၊သတိကို ခေါင်းတပ်ပြီး အထပ်ထပ် ဟောတော်မူသည်။

**ယခုပြဆိုခဲ့သော စက္ခုနှင့် ရူပါရုံတို့၏ ဖြစ်ပျက်နေပုံ အလုံးစုံသော အကြောင်းအကျိုးကို အမျိုးမျိုးထောက်ဆ၍၊ သောတ, သဒ္ဒ,စသော အာယတနတို့၏ သဘောများကိုလည်း၊ ဉာဏ်သွားတိုင်းချဲ့ထွင် သိမြင်လျက်၊ ပညတ်မဝင်၊ကိလေသာ ကင်းစင်စေရန်၊ အဖန်ဖန်အထပ်ထပ် မနားမရပ်ဘဲ၊ မပြတ်မလပ် ရှုမှတ်သင့်လှပေသတည်း။**

**အာယတန ၁၂-ပါးကို ပြဆိုခြင်း ပြီး၏။**

---

## ဓာတ် ၁၈—ဖြာကို ရှင်းလင်းစွာ ပြဆိုခြင်း

အတ္တနော သဘာဝံ ဓာရေတီတိ ဓာတု။ ။ယောခမ္မော၊အကြင်စက္ခုစသောတရားသည်။ အတ္တနော၊မိမိ၏။ သဘာဝံ၊သဘောကို။ ဓာရေတိ၊ဆောင်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သောခမ္မော၊ ထိုစက္ခုစသောတရားသည်။ ဓာတု၊ ဓာတ်မည်၏။ ။အချုပ်မှာ၊ မိမိ၏ ကိစ္စသဘောလက္ခဏာကိုသာဆောင်တတ်သောကြောင့်ဓာတ်မည်၏။ တနည်း၊အတ္တစသည်တို့ ကင်းဆိတ်သောကြောင့်လည်း ဓာတ်မည်၏။ဤသို့စသည်ဖြင့် လွန်စွာပင် အနက်များပြားလေသည်။

ထိုဓာတ်တို့သည်၊အရေအတွက်များသော်လည်း၊ ဝိပဿနာတရား၌ သဘောတူအကျဉ်းချုံး၍ မှတ်သားရန်မှာ၊ စက္ခုဓာတ်, သောတဓာတ်, ဃာနဓာတ်, ဇိဝှါဓာတ်, ကာယဓာတ်, မနောဓာတ်ဟူ၍ ဒွါရအားဖြင့်

၆-ပါး၊ ရူပဓာတ်, သဒ္ဒဓာတ်, ဂန္ဓဓာတ်, ရသဓာတ်, ဖောဋ္ဌဗ္ဗဓာတ်, ဓမ္မဓာတ်ဟူ၍ အာရုံအားဖြင့် ၆-ပါး၊ စက္ခုဝိညာဏဓာတ်, သောတဝိညာဏဓာတ်, ဃာနဝိညာဏဓာတ်, ဇိဝှါဝိညာဏဓာတ်, ကာယဝိညာဏဓာတ်,မနောဝိညာဏဓာတ်ဟူ၍ ဝိညာဏဓာတ် ၆-ပါး။ဤသို့ ၁၈-ပါးရှိကုန်၏။

၎င်းဓာတ် ၁၈-ပါးကို၊စိတ်,စေတသိက်,ရုပ်,နိဗ္ဗာန်ဟူသော ပရမတ်တရား လေးပါးနှင့် ပေါင်းသည်ရှိသော်၊ စက္ခု, သောတ, ဃာန,ဇိဝှါ, ကာယဟူသော ပသာဒရုပ် ၅-ပါး၊ရူပ,သဒ္ဒ,ဂန္ဓ, ရသ,ပထဝီ,တေဇော, ဝါယော ဟူသော ဝိသယရုပ် ၇-ပါး။ ဤ ၁၂-ပါးသည်၊ ဩဠာရိကရုပ်မည်၏။ ထိုရုပ်တို့တွင်၊ စက္ခုစသောရုပ် ၅-ပါးသည်၊ စက္ခုဓာတ်စသည်မည်၍၊ပထဝီစသော ဘူတရုပ်သုံးပါးသည်၊ဖောဋ္ဌဗ္ဗဓာတ်မည်၏။

ကုသလဝိပါက် အကုသလဝိပါက်ဖြစ်သော စက္ခုဝိညာဏ်ဒွေးသည်၊ စက္ခုဝိညာဏဓာတ် မည်၏။ ထို့အတူ၊ သောတ, ဃာန,ဇိဝှါ, ကာယဝိညာဏ်ဒွေးတို့သည်၊ အသီးအသီး ဝိညာဏဓာတ်မည်၍၊ ပဉ္စဝိညာဏဓာတ် ငါးပါး ဖြစ်၏။ ကျန် ဓာတ် သုံးပါးတွင်၊ ပဉ္စဒွါရာဝဇ္ဇန်းနှင့်၊ သမ္ပဋိစ္ဆိုင်းဒွေး၊ ၎င်းသုံးပါးသည်၊မနောဓာတ်မည်၏။ ဝိညာဏက္ခန္ဓာမှ တပါး၊ နာမ်ခန္ဓာ သုံးပါးသည်၊သုခုမရုပ် ၁၆-ပါးနှင့်၊ အသင်္ခတ နိဗ္ဗာန်ဓာတ်၊၎င်း ၂၀-သည်၊ဓမ္မဓာတ်မည်၏။ကြွင်းသော ကုသိုလ်စိတ် ၂၁-ခု၊ အကုသိုလ်စိတ် ၁၂-ခု၊ အကုသလဝိပါက် ဥပေက္ခာ သန္တီရဏ တခု၊ ကုသလဝိပါက် သောမနဿ သန္တီရဏ တခု၊ ၎င်းဝိပါက် ဥပေက္ခာ သန္တီရဏ တခု၊ပေါင်း အဟိတ်ဝိပါက် သုံးခု၊ကာမာဝစရဝိပါက် ၈-ခု၊ မဟဂ္ဂုတ်ဝိပါက် ၉-ခု၊လောကုတ္တရာဝိပါက် ၄-ခု၊ မနောဒွါရာဝဇ္ဇန်း တခု၊ဟသိတုပ္ပါဒ် တခု၊ ပေါင်းအဟိတ်ကြိယာ ၈-ခု၊မဟဂ္ဂုတ်ကြိယာ ၉-ခု၊ ပေါင်း ၇၆-ပါးသောစိတ်သည်၊မနောဝိညာဏဓာတ်မည်၏။

### ထိုဓာတ်သဘောတို့ဖြစ်ပေါ်ပုံမှာ

**စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။** ။စက္ခုဉ္စပဋိစ္စ၊ မျက်စိကြောင့်၎င်း။ရူပေစ ပဋိစ္စ၊အဆင်းတို့ကြောင့်၎င်း။ စက္ခုဝိညာဏံ၊ မြင်ခြင်းသည်။ဥပ္ပဇ္ဇတိ၊ဖြစ်၏။ ။ဤသို့ စသည်ဖြင့်၊သံယုတ် ပါဠိတော်၌ လာရှိသောအရ၊ စက္ခုဒွါရဟူသော မျက်စိအကြည်၌၊ ရူပါရုံဟူသော၊ အဆင်း ထင်လာသဖြင့်၊ စက္ခုဝိညာဏ် ဟူသော မြင်ခြင်း ဖြစ်ပေါ်ရာ

စက္ခုနှင့် ရူပါရုံ ဟူသော ရုပ်တရားများမှာ၊ အကြောင်းဖြစ်၍၊ စက္ခုဝိညာဏ်ဟူသော နာမ်တရားမှာ၊အကျိုးဖြစ်လေသည်။ထိုကဲ့သို့ မျက်စိ, အဆင်း,မြင်ခြင်း ဟူသော၊ ဒွါရ,အာရုံ,ဝိညာဏ်, ပေါင်းဆုံ၍ သုံးပါးစုံ ပေါ်လာသည်ကို၊ ဓာတ်သဘော တကြွမ်ဖြစ်သည်၊ တသုတ်ဖြစ်သည်ဟု ခေါ်ဆိုရလေ၏။၎င်းနည်းအတိုင်း ကြွင်းသောဓာတ်များလည်း၊ သူ့ဒွါရ သူ့အာရုံနှင့် သူ့ဝိညာဏ်ပေါင်းဆုံ၍ သုံးပါးတစုံ သုံးပါးတစုံဖြစ်အင်ကို၊ ကုန်စင်အောင် မြော်မြင်သိရှိကြပါလေ။

ယခုပြဆိုခဲ့သော ဓာတ်သဘောတို့ဖြစ်ပေါ်ရာတွင်၊ ဝိပဿနာရှုမှတ်ရာ၌ ပါဝင်ပုံမှာ၊ စက္ခုဒွါရ၌ ရူပါရုံထိခိုက်၍ စက္ခုဝိညာဏ် ဖြစ်ပေါ်သဖြင့်၊ မြင်သောအခါ၊ မြင်တယ်ဟု ရှုမှတ်ရာ၊ မျက်လုံး၏ အလယ်မှာ ဥကြောင်း၏ သန်းပမာဏ ကြည်လင်လှသော စက္ခုပသာဒ ကလေးကို၊ စက္ခုဓာတ်ဟုပိုင်းခြားလေ၏။ ဤစက္ခုပသာဒကို အဝိနိဗ္ဘောဂ ဟူသော အဋ္ဌကလာပ်ရုပ် ၈–ပါးနှင့် ဇီဝိတိန္ဒြေတခု ဟူသော၊ ၉–ပါးတို့သည် မှီ၍ ဖြစ်ကုန်၏။၎င်းစက္ခုပသာဒ တခု၊ အဝိနိဗ္ဘောဂရုပ် ၈–ခုနှင့် ဇီဝိတိန္ဒြေ တခု၊ ဤရုပ်ဆယ်ပါးကို စက္ခုဒသက ကလာပ်တခုဟူ၍ ခေါ်ဆိုသည်။ ထိုရုပ်တို့၌ တည်ကုန်သော အဝိနိဗ္ဘောဂရုပ် ၈–ခု၊ ဇီဝိတ တခုနှင့်၊ ကာယပသာဒ တခု၊ ပေါင်းဆယ်ပါးဟူသော ကာယဒသက၊ တဖန် ကာယပသာဒကိုနှုတ်၍ ကြွင်း ၉–ပါးတွင်၊ယောကျ်ားဖြစ်လျှင် ပုမ္ဘာဝ၊ မိန်းမ ဖြစ်လျှင် ဣတ္ထိဘာဝ ဟူသော ဘာဝရုပ် တခုကိုထည့်၍၊ ဘာဝဒသက၊၎င်းကာယ,ဘာဝဒသက နှစ်ခုသည်၊ကံကြောင့်ဖြစ်၍ကမ္မဇရုပ် နှစ်ဆယ်မည်၏။

ထို့နောက်၊အဟာရကြောင့်ဖြစ်သော အဋ္ဌကလာပ်ရုပ် ၈–ခု၊ ဥတုကြောင့်ဖြစ်သော အဋ္ဌကလာပ်ရုပ် ၈–ခု၊ စိတ်ကြောင့်ဖြစ်သော အဋ္ဌကလာပ်ရုပ် ၈–ခု။ပေါင်း ရုပ် ၂၄–ခုသည်၊ အနုပါဒိန္နက ရုပ်မည်၏။ ထိုရုပ်တို့တွင်၊စက္ခုပသာဒတခုကို စက္ခုဓာတ်ဟု ပိုင်းခြား၍၊ ကြွင်းသော ရုပ် ၅၃–ပါးကို စက္ခုဓာတ် မဟုတ်ဟု ပိုင်းခြားလေသည်။

ဤအတူ၊ သောတ,ဃာန,ဇိဝှါတို့၌လည်း၊ အရေအတွက် သချ်ာကို မှတ်အပ်၏။ကာယဓာတ်၌ကား၊စက္ခုစသောဒသက မပါ၊ ကာယပသာဒကို ကာယဓာတ်၊ကြွင်းသောရုပ် ၂၄–ပါးကို ကာယဓာတ် မဟုတ်ဟု ပိုင်းခြားလေ၏။ ဤနေရာ၌၊ အချို့ဆရာတို့သည်၊ ဥတုဇကလာပ်၊ စိတ္တဇကလာပ်တို့၌၊ သဒ္ဒရုပ်ပါ ၉–ခုပြု၍၊ ကြွင်းသောရုပ်ကို ၄၅–ပါးဟုဆို

ကြလေသည်။ ယခု ပြဆိုခဲ့သော ဒွါရ ငါးပါးတို့၏ အာရုံငါးပါးတို့သည်လည်း၊ အသီးအသီး ရူပဓာတ်, သဒ္ဒဓာတ်, ဂန္ဓဓာတ်, ရသဓာတ်, ဖောဋ္ဌဗ္ဗဓာတ်ဟု ရုပ် ၁၂-ပါးကို၊ ဓာတ်ဆယ်ခု ပိုင်းခြား၍၊ ကြွင်းသော ရုပ် ၁၆-ခုကို၊ ဓမ္မဓာတ်ဟု ပိုင်းခြားလေ၏။ ထိုနောက်၊ စက္ခုပသာဒကို မှီ၍ အဆင်းကိုအာရုံပြု၍ဖြစ်သောစိတ်သည်၊ စက္ခုဝိညာဏဓာတ်မည်၏။ နားကိုမှီ၍ အသံကိုအာရုံပြု၍ ကြားသော စိတ်သည်၊ သောတ ဝိညာဏဓာတ်မည်၏။ နှာခေါင်းကိုမှီ၍ အနံ့ကိုအာရုံပြု၍ နံသောစိတ်သည်၊ ဃာန ဝိညာဏဓာတ်မည်၏။ လျှာကိုမှီ၍ အရသာကို အာရုံပြု၍ စားသောစိတ်သည်၊ ဇိဝှါ ဝိညာဏ ဓာတ်မည်၏။ ကိုယ်ကိုမှီ၍ အတွေ့ကို အာရုံပြု၍ ထိသောစိတ်သည်၊ ကာယ ဝိညာဏဓာတ်မည်၏။ ပဉ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိုင်းနွေးသည်၊ မနောဓာတ်မည်၏။ ကြွင်းသောစိတ် ၇၈-ပါးသည်၊ မနော ဝိညာဏဓာတ်မည်၏။ ဤသို့ အလုံးစုံသော လောကီစိတ် ၈၁-ခုတို့ကို၊ ၇-ပါးသော ဝိညာဏဓာတ် ဟု ပိုင်းခြား၍၊ ထိုစိတ်နှင့် ယှဉ်သော ဖဿစသည့် စေတသိက်တို့ကို၊ ဓမ္မဓာတ်ဟု ပိုင်းခြားလေသည်။

ဤသို့လျှင်၊ ၁၈-ပါးသော စိတ်တို့တွင်၊ အခွဲနှင့် တကွ ၁၁-ပါးသောဓာတ်တို့ကို-ရုပ်၊အခွဲနှင့်တကွ ၇စ်ပါးသော ဓာတ်တို့ကို—နာမ်ဟု၊ ဓာတ်၁၈-ပါးကို အကျဉ်းမှတ်သား၍၊နာမ်,ရုပ်နှစ်ပါး၏အစွမ်းအားဖြင့် ပိုင်းခြား၏။ ထိုကဲ့သို့ ခန္ဓာ, အာယတန,ဓာတ်တို့ အဆက်မပြတ်နိုင်ဘဲ၊ ရဟတ်စကြာကဲ့သို့၊ရှည်စွာ လည်နေသည်ကိုပင်၊ သံသရာဟု ခေါ်ဆိုရလေတော့သည်။

**ခန္ဓာနဉ္စ ပဋိပါဋိ၊ ဓာတု အာယတနာနစ။**
**အဗ္ဗောစ္ဆိန္နံ ဝတ္တမာနံ၊ သံသာရောတိ ပဝုစ္စတိ။ ။**

ခန္ဓာနံ၊ရုပ်နာမ် ခန္ဓာတို့၏။ပဋိပါဋိစ၊အစဉ်အဆက်ရင်း။ဓာတု အာယတနာနံ၊ဓာတ်အာယတနတို့၏။ပဋိပါဋိစ၊အစဉ်အဆက်ရင်း။အဗ္ဗောစ္ဆိန္နံ၊ မပြတ်မလပ်။ ဝတ္တမာနံ၊လည်၍ဖြစ်နေသည်ကို။ သံသာရောတိ၊သံသရာ ဟူ၍။ ပဝုစ္စတိ၊ဆိုအပ်လေသတည်း။

ဓာတ် ၁၈-ဖြာကို ပြဆိုခြင်းပြီး၏။

## ဣန္ဒြေ ၆-တန်ကို ဝေဘန်၍ ပြဆိုခြင်း

**ဧထ တုမှေ ဘိက္ခဝေ ဣန္ဒြိယေသု ဂုတ္တဒွါရာ ဝိဟရထ။**

ဘိက္ခဝေ၊ ရဟန်းတို့။ ဧထ၊ လာကြကုန်လော့။ တုမှေ၊ သင်တို့သည်။ ဣန္ဒြိယေသု၊ ဣန္ဒြေခြောက်ပါးတို့၌။ ဂုတ္တဒွါရာ၊ လုံခြုံသော တံခါးရှိကြလေအောင်။ ဝိဟရထ၊ ပိတ်ဆို့၍ နေကြကုန်လော့။ ဤပါဠိတော်၌၊ ဣန္ဒြေသည် ခြောက်ပါးရှိ၏။ ဝိသုဒ္ဓိမဂ်၌ကား အလုံးစုံကို သိမ်းကြုံး၍ ၂၂-ပါး၊ လာ၏။ သို့သော် ပေါဋ္ဌိလမထေရ်ကြီးအား၊ သာမဏေငယ်ဟောကြားသော တောင်ပို့ဥပမာ ကမ္မဋ္ဌာန်းနည်းလမ်းအရ၊ အကျဉ်းမျှပေါင်းချုပ်၍ သံယုတ် ပါဠိတော်၌ လာသော၊ ဣန္ဒြေ ခြောက်ပါးကိုသာ ခွဲခြား၍ ပြဆိုပေအံ့။

ထိုဣန္ဒြေသည်၊ စက္ခုန္ဒြေ,သောတိန္ဒြေ,ဃာနိန္ဒြေ,ဇိဝှိန္ဒြေ,ကာယိန္ဒြေ, မနိန္ဒြေဟု ခြောက်ပါးရှိ၏။ ဣန္ဒြေဟူသည်၊စက္ခုဒွါရ,သောတဒွါရ,ဃာနဒွါရ, ဇိဝှါဒွါရ, ကာယဒွါရ, မနောဒွါရတို့ကို လုံခြုံစေခြင်းဖြစ်၏။ ဒွါရသဒ္ဒါသည်၊သာမညအားဖြင့် ဟင်းလင်းအပေါက်ကို ဟောသော်လည်း၊ အကြည်ပသာဒကို ဒွါရဟုခေါ်ဆိုလေ၏။

တဖန် ဣန္ဒြေသည်၊အစိုးရခြင်းအနက်ကိုဟောသဖြင့်၊စက္ခုမေဝ ဣန္ဒြိယံ စက္ခုန္ဒြိယံ။ ။စက္ခုမေဝ၊ မျက်စိသည်ပင်လျှင်။ ဣန္ဒြိယံ၊ အစိုးရသည် တည်း။စက္ခုန္ဒြိယံ၊မျက်စိသည်ပင်လျှင် အစိုးရသည်။ဟူသောစကားအရ၊ ကြွင်းသော ဣန္ဒြေငါးပါးတို့ကိုလည်းသိအပ်ပေ၏။စက္ခုစသော ဒွါရတံခါးပေါက်တို့ကို၊လုံခြုံအောင်စောင့်ရှောက်ပိတ်ဆို့ရမည်ဟုဆိုလိုသည်။ ဤနေရာ၌၊ လုံခြုံအောင် စောင့်ရှောက် ပိတ်ဆို့ရပုံမှာ၊ ပေါဋ္ဌိလ မထေရ်ကြီးက၊ သာမဏေ ငယ်ကလေးအား၊ ကမ္မဋ္ဌာန်း တောင်းသော အခါ၊ အပေါက်ခြောက်ခုရှိသော တောင်ပို့အတွင်း၌နေသည့် ဖွတ်ရိုင်းကိုဘမ်း လိုသောသူသည်၊ ငါးပေါက်ငါးခုကို လုံအောင်ပိတ်၍၊ ထွက်ဝင်သော အပေါက်က စောင့်ဘမ်းလျှင် မိသကဲ့သို့။ ထို့အတူ ခန္ဓာကိုယ်အတွင်း၌ ရှိသည့် စိတ်ရိုင်းကို မိလိုလျှင်၊စက္ခုစသော ဒွါရ ငါးခုကို လုံအောင်ပိတ် ၍၊မနောဒွါရ တခုက စောင့်ပြီးဘမ်းဟု၊ ကမ္မဋ္ဌာန်း နည်းပေးတော်မူ၏။

ထိုနည်းလမ်းအရ၊စိတ်ရိုင်းကို ဘမ်းသော ကမ္မဋ္ဌာန်း ရှုမှတ်ပုံမှာ၊မြင် လျှင် မြင်တယ်၊ကြားလျှင် ကြားတယ်၊နံလျှင် နံတယ်၊စားလျှင်စားတယ်၊ ထိလျှင် ထိတယ်၊ သိလျှင် သိတယ်ဟု မှတ်ရ၏။ သဘောမှာ၊ မြင်သဲ့ အခိုက်၌၊မြင်တယ်မှတ်လျှင်၊ မြင်ခါမျှနှင့်ပြတ်၍၊အဆင်း ပရမတ်ကိုသာ

သိသဖြင့်၊နှစ်သက်ဘွယ် မနှစ်သက်ဘွယ်ဟု ထင်မှတ်၍၊ ကိလေသာတို့ မစပ်,မယှဉ်,မဝင်,မရောက်နိုင်ပေ။ ဤကဲ့သို့ မြင်ဆဲအခိုက်၌၊ မြင်တယ် မှတ်လျှင်၊မြင်ခါမျှနှင့်မပြတ်ဘဲ၊သညာဉာဏ်ဖြစ်ကိုသာ သိသဖြင့်၊နှစ်သက်ဘွယ်,မနှစ်သက်ဘွယ်ဟုထင်မှတ်၍၊ ကိလေသာတို့ စပ်ယှဉ်ဝင်ရောက်လေ၏။၎င်းအရကိုထောက်ဆ၍သိရန်မှာ။ ။**ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ။** ဒိဋ္ဌေ၊မြင်ရာ၌။ဒိဋ္ဌမတ္တံ၊မြင်ရုံမျှသည်။ဘဝိဿတိ၊ဖြစ်ရာ၏။ ။ဤသို့စသည် လာသောဗာဟိယသုတ်ဖြင့် သိသင့်ပေ၏။ သောတ,ဃာန စသည်တို့၌လည်း၊ ကျယ်ဝန်းစွာလာသည့်ပြင်၊ ယခုလိုရှုမှတ်သော ဝိပဿနာဉာဏ်ဖြင့်၊နိဗ္ဗာန်ရောက် မြင်နိုင်ပုံများကိုပင်လျှင်၊ ဘုရားရှင် ဟောကြားတော်မူသဖြင့်၊ယုံကြည်စွာမှတ်သားသင့်ပေသည်။

ယခုပြခဲ့သော ဗာဟိယသုတ် အဓိပ္ပါယ်အတိုင်း၊မြင်ဆဲ၌ မြင်တယ် မှတ်လျှင်၊ စက္ခုဒွါရလုံခြုံ၍ အစိုးရသည်မည်၏။ မမှတ်လျှင် မလုံခြုံ၍ အစိုးရသည် မမည်။နန်းတော်,အိမ်,ကျောင်း,တံခါး,မလုံလျှင်၊နန်းတွင်း အိမ်တွင်း, ကျောင်းတွင်းသို့ ဒါးမြ ခိုးသူတို့ဝင်၍ ဥစ္စာပစ္စည်းကို ယူငင်သကဲ့သို့။စက္ခုဒွါရဟူသော တံခါးမလုံလျှင်၊မျက်စိပေါက်မှ ကိလေသာတို့ဝင်၍၊ ဥစ္စာထုပ်နှင့်တူသော ကုသိုလ်စိတ်တွေကို လုယူဖျက်ဆီးသွားသည်ဟု ဆိုလိုသည်။ ဤသို့ ဣန္ဒြေ လုံခြုံအောင် စောင့်ရှောက်ရာတွင်၊ ကုရုဏ္ဍကလိုဏ်ဂူ၌သီတင်းသုံးသော၊ဖိဿဂုတ္တမထေရ်ကြီး၊အနှစ် ၆၀-ပတ်လုံး၊ အထက်အမိုးကို မကြည့်စဖူးဟု လာသည်မှာ၊ဣန္ဒြိယ သံဝရ မည်၏။ သေခိယ၌ လာသော၊ ရွာတွင်း၌ လေးထောင်ခန့်ထက် ပို၍ မကြည့်ရသည်မှာ၊ ပါတိမောက္ခသံဝရမည်၏။ ဝိပဿနာနည်းဖြင့် မှတ်သည်မှာ၊သတိသံဝရမည်၏။

**စက္ခုန္ဒြိယ သံဝရ သံဝုတော ဝိဟရတီတိ ဧတ္ထ စက္ခုမေဝ ဣန္ဒြိယံ စက္ခုန္ဒြိယံ၊သံဝရဏတော သံဝရော၊ပိဒဟနတော ထက္ကနတောတိ ဝုတ္တံ၊သတိယာ တံ အဓိဝစနံ။**

(မူလပဏ္ဏာသ ၁၄-အင်္ဂုတ္တိုရ်အဋ္ဌကထာ)

စက္ခုန္ဒြိယသံဝရ သံဝုတော ဝိဟရတီတိဧတ္ထ၊ ဝိဟရတိ-ဟူသော ဤစကား၌။စက္ခုမေဝ၊မျက်စိသည်ပင်လျှင်။ ဣန္ဒြိယံ၊အစိုးရသည်တည်း။ စက္ခုန္ဒြိယံ၊ မျက်စိသည်ပင်လျှင် အစိုးရသည်။ သံဝရဏတော၊ စောင့်ရှောက်ခြင်းကြောင့်။ သံဝရော၊ သံဝရမည်၏။ ပိဒဟနတော၊ ပိတ်ဆို့

ခြင်းကြောင့်။ ထက္ကနတော၊ ဖိက်ခြင်းကြောင့်။ သံဝရော၊ သံဝရမည့်၏။ ဈာတိ၊ဤသို့။ဝုတ္တံ၊ဆိုအပ်၏။ ဝေ၊ဤမျက်စိစောင့်ရှောက်ခြင်း,ပိတ်ဆို့ခြင်းဟူသောအမည်သည်။ သတိသာ၊မြင်လျှင် မြင်တာသ်ဟု မှတ်ခြင်း သတိတခါးရွက်၏။အဓိဝစနံ၊အမည်တည်း။

ဤနေရာ၌၊သတိနှင့် ပညာသည် မကွဲမကွာ၍၊သတိသမ္ပဇည ဆိုသဖြင့်၊သတိသံဝရဖြစ်လျှင်၊ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ၌ လာသော သီလသံဝရ,သတိ သံဝရ, ဉာဏ သံဝရ,ခန္တီ သံဝရ, ဝီရိယသံဝရ-ဟူသော ဤတရား ၅-ပါးတို့သည်၊ တပြိုင်နက် ပါဝင်ကြလေ၏။ ပါဝင် ပုံမှာ၊ ထို ၅-ပါးတို့တွင် သီလသံဝရ အရ၊ ထိန်းသိမ်း စောင့်ရှောက်သဖြင့်၊ မစောင့်ရှောက်သော ဒုသီလကိလေသာကိုပယ်၍၊ သတိသံဝရ အရ၊ မှတ်သဖြင့်၊မမှတ်သော မုဋ္ဌသတိ ကိလေသာကို ပယ်၏။ ဉာဏသံဝရ အရ၊သိသဖြင့်၊မသိသော ကိလေသာကိုပယ်၏။ခန္တီသံဝရအရ၊သည်းခံသဖြင့်၊ သည်းမခံသော ကိလေသာကိုပယ်၏။ ဝီရိယသံဝရ အရ၊ အားထုတ်သဖြင့်၊ အားမထုတ်သော ကောသဇ္ဇ ကိလေသာကိုပယ်၏။ ဤသို့ သတိသံဝရဖြစ်လျှင်အချည်းနှီးပင်မဟုတ်၊လောကုတ္တရာအလုပ် စင်စစ်ပင်တည်းဟု ယုံကြည်သင့်ပေ၏။ ထို အဓိပ္ပါယ်များဖြင့်၊ အဆင်း,အသံတို့ကို၊မမြင်ရ,မကြားရအောင်၊မျက်စိ, နားတို့ကို ပိတ်ထားခြင်းမျိုးသည်၊ ဈာန္ဓေကို စောင့်ရှောက်ရာ မရောက်၍၊ သံဝရဟူ၍ပင် မမည်ဟု မှတ်အပ်၏။ အဘယ့်ကြောင့်ဟူမူကား၊ကာယသဒ္ဒါရ,မနောဒ္ဓါရတို့၌၊အပေါက်သညာဉ်မှုမရှိသောကြောင့် ပေတည်း။

ယခုပြဆိုခဲ့သော အဋ္ဌကထာများအရ၊အဓိဝစန-သဒ္ဒါ ပါရှိသဖြင့်၊ အဓိဝစနံ၊နာမံရှိရာ၊ ဥပစာ-ဟုရှေးဆရာကြီးများ မိန့်ဆိုသည့်အတိုင်း၊ ဥပစာအနက်ဟုမှတ်အပ်၏။လောက၌၊တောင်ကျောင်းမြောက်ကျောင်းရှိရာ၊ ရဟန်း သာမဏေတို့ စားအံ့သည်ဟု ခေါ်ဆိုသကဲ့သို့။ လောဘဒေါသ မဖြစ်အောင် ပိတ်ဆို့ရမည်ကို၊ မျက်စိစသည် တင်စား၍၊ မျက်စိစသည်ကို ပိတ်ဆို့ဟု ဟောတော်မူသည်။

**စက္ခုံ ရူပေန သံဝါသာ၊ ရာဂပုတ္တံ ဝိဇာယတိ။**
**မဟာနတ္ထကရော သောစ၊သံဝါသံ တေန ဝါရယေ။ ။**

သံယုတ်ပါဠိတော်။

စက္ခု၊မျက်စိသည်။ ရူပေန၊အဆင်းနှင့်။ သံဝါသာ၊ ပေါင်းဘော်ခြင်းကြောင့်။ရာဂပုတ္တံ၊ရာဂဟူသောသားကို။ဝိဇာယတိ၊ဖွားမြင်၏။သောစ

ပုတ္တော၊ထိုရာဂသားသည်ကား။ မဟာနတ္ထကရော၊ကြီးစွာသော အကျိုးမဲ့ကိုပြုတတ်၏။ တေန၊ ထို့ကြောင့်။ သံဝါသံ၊ ပေါင်းဘော်ခြင်းကို။ ပါရယျေ၊သတိဖြင့် ရှုမှတ်၍ တားမြစ်ရာ၏။

ဤဒေသနာအရ၊သတိဖြင့်မမှတ်သောသူအား၊မြင်သောအခါ နှစ်သက်လျှင်၊ရာဂဖြစ်သည်ဆိုသဖြင့်၊မနှစ်သက်ခြင်း အမှန်မသိခြင်းတို့ကြောင့်၊ ဒေါသ, မောဟဖြစ်သည်ကိုရင်း၊ မြင်ရာ၌ ရာဂ,ဒေါသ,မောဟတို့ဖြစ်၍၊ ကြားခြင်း စသည်တို့၌ ကိလေသာ ၃-ပါး ဖြစ်သည်ကိုရင်း၊ နည်းမှီချွတွင်၍ ကုန်စင်အောင် သိမြင်ကြပါလေ။

ဈာန်ခွဲ ၆-တန်ကို ပြဆိုခြင်းပြီး၏။

## သစ္စာလေးထွေကို ခွဲဝေ၍ ပြဆိုခြင်း

သစ္စာသည်၊ **သမုတိသစ္စာ၊ပရမတ္ထသစ္စာ၊ လောကီသစ္စာ၊ လောကုတ္တရာသစ္စာ၊ သဘာဝသစ္စာ၊ အရိယသစ္စာ** စသည်ဖြင့်၊ များသောအပြားရှိ၏။ထိုသစ္စာတို့တွင်၊သမုတိသစ္စာသည်၊ သူ,ရဟန်း,ယောကျ်ား, မိန်းမ,လူသေ,ရဟန်းသေစသည်ဖြင့် လွန်စွာများပြား၏။ ပရမတ္ထသစ္စာသည်၊ စိတ်,စေတသိက်, ရုပ်, နိဗ္ဗာန်ဟူ၍ လေးပါး အပြားရှိ၏။ သမုတိသစ္စာနှင့် လောကီစိတ်၊ ၎င်းနှင့် ယှဉ်သော စေတသိက် ရုပ်တို့သည်၊ လောကီသစ္စာမည်၏။လောကုတ္တရာစိတ်၌ယှဉ်သော စေတသိက်၈ပါးနှင့် နိဗ္ဗာန်သည်၊ လောကုတ္တရာ သစ္စာမည်၏။

သဘာဝသစ္စာသည်၊ ပရမတ္ထ တရားတို့၏ ဟုတ်မှန်သော သဘောအသီးသီးအားဖြင့်၊များသောအပြားရှိ၏။ အရိယသစ္စာမှာ၊ဒုက္ခ,သမုဒယ, နိရောဓ,မဂ္ဂ ဟူ၍ လေးပါးအပြားရှိ၏။ ဤသစ္စာလေးပါး၌ ပရမတ္ထတွင်ပါဝင်သော သဘာဝအားလုံးကို၊ ပေါင်းရုံးရေတွက်လျှင်၊ လောကီစိတ် ၈၁-ခု၊လောဘကြဉ်သော စေတသိက် ၅၁-ခု၊ရုပ် ၈-ပါးသည် ဒုက္ခသစ္စာမည်၏။ လောဘသည် သမုဒယသစ္စာမည်၏။နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏။ မဂ်စိတ်လေးခု၌ ယှဉ်သော ဝိတက်,ဝိရတီသုံးခု၊ ဝီရိယ, သတိ,သမာဓိ၊ဤစေတသိက် ၈ပါးသည် မဂ္ဂသစ္စာမည်၏။

ထိုသစ္စာလေးပါးတို့၏ အနက်သဘောမှာ၊ဒုက္ခသစ္စာ၊ဆင်းရဲခြင်း အမှန်၊သမုဒယသစ္စာ၊ဆင်းရဲကိုဖြစ်စေတတ်ခြင်းအမှန်၊နိရောဓသစ္စာ၊ဆင်းရဲချုပ်ငြိမ်းရာအမှန်။ မဂ္ဂသစ္စာ၊ ဆင်းရဲချုပ်ငြိမ်းရာသို့ ရောက်ကြောင်း

မှန်။အထူးမှာ၊သမုဒယသစ္စာ၊ သံ-ဥဒယ၊ သမ-ဥဒယဟု နှစ်ပုဒ်ခွဲ၍၊သံ-သဒ္ဒါ မချွတ်မယွင်း၊ သမသဒ္ဒါ အညီအမျှ ဟောသဖြင့်၊ သမုဒယသစ္စာ-မချွတ်မယွင်း အညီအမျှ ဆင်းရဲဒုက္ခကို ဖြစ်စေတတ်ခြင်းအနက်ဟု ဆိုလိုသည်။ ဤအရိယသစ္စာလေးပါးတို့တွင်၊ဒုက္ခသစ္စာ အရ၊အဖိတသုတ်၌ လာသော ဒုက္ခသည်၊ ဒုက္ခ တပါး, ဒုက္ခတာ တပါးဟူ၍ ၂-ပါးရှိ၏။ ထိုနှစ်ပါးတို့တွင်၊ဒုက္ခသည်၊ ကိုယ်ဆင်းရဲခြင်း-ကာယိက ဒုက္ခ၊စိတ်ဆင်းရဲခြင်း-စေတသိက ဒုက္ခ ဟူ၍ နှစ်ပါးပင် ရှိ၏။ အဖိတ-က သတ္တဝါ အပေါင်း၏ ကြောက်ရွံ့ ထိတ်လန့်ဘွယ် ကောင်းသော ဘေးအပေါင်း ဟူသည်၊ အဘယ်ပါနည်းဟု လျှောက်သော အခါ၊ မြတ်စွာဘုရားက၊ ဤဒုက္ခ နှစ်ပါးကိုပင် ဘေးကြီးဟု ဟောကြားတော်မူ၏။

တဖန်၊ဒုက္ခတာသည်၊**ဒုက္ခ ဒုက္ခတာ၊ သင်္ခါရ ဒုက္ခတာ၊ ဝိပရိဏာမ ဒုက္ခတာ**ဟူ၍ ၃-ပါးအပြားရှိ၏။ ထို ၃-ပါးတို့တွင်၊ အထက်၌ ပြဆိုခဲ့သော ဒုက္ခ ဒေါမနဿဝေါသည့်၊ကာယိက ဒုက္ခ, စေတသိက ဒုက္ခ ၂-ပါးသည်၊သဘောအားဖြင့် ဆင်းရဲသောဒုက္ခ၊ အမည်အားဖြင့် ဆင်းရဲသော ဒုက္ခဖြစ်သောကြောင့်၊ ဒုက္ခ ဒုက္ခတာမည်၏။ ဤကား၊ ပညတ်သဘောတည်း။ ပရမတ် အားဖြင့်၊ ကိုယ် မချမ်းသာခြင်း စိတ် မချမ်းသာခြင်း သဘော မျိုးသည်-ဒုက္ခ ဒုက္ခတာ မည်၏။ နာမ် ရုပ် တို့၏ ဥပါဒ်,ဌီ,ဘင် အားဖြင့်၊ အစဉ်မပြတ် ဆက်စပ်၍၊ ဖြစ်ပျက်နေခြင်း သဘောမျိုးသည်-သင်္ခါရ ဒုက္ခတာမည်၏။ ဘဝ တခု ကုန်ဆုံး၍၊ ပျက်ပြုန် သေကြေခြင်း သဘောမျိုးသည်-ဝိပရိဏာမ ဒုက္ခတာမည်၏။

ထို ၃-ပါးတို့တွင်၊လူအပေါင်းသည် ပိုင်းခြားသောအားဖြင့်၊မိမိလုလ္လဖြင့် ရှံခါ၊သူတပါးလုလ္လဖြင့် ရှံခါ၊ဒုက္ခ ဒုက္ခတာမှ လွတ်နိုင်သေး၏။ထို့အတူ၊ဝိပရိဏာမ ဒုက္ခတာမှ လွတ်နိုင်သေး၏။ အဘယ့်ကြောင့် ဆိုသော်၊ လောက၌ အနာကင်းခြင်း၊ အသက် ရှည်ခြင်း တို့သည် ရှိကုန်၏။ ထို့ကြောင့် ရှံခါလွတ်နိုင်၏။ သင်္ခါရဒုက္ခတာမှကား၊ မိမိလုလ္လ သူတပါး လုလ္လဖြင့် ရှံခါမျှမလွတ်၊အနုပါဒိသေသ နိဗ္ဗာနဓာတ်ဖြင့်သာလျှင် ကင်းလွတ်နိုင်လေတော့သည်။

ဤဒုက္ခတာ ၃-မျိုးကို၊ ဝေဒနာ ၃-ပါးနှင့် စပ်ယှဉ်လျှင်၊ဒုက္ခဝေဒနာသည်-ဒုက္ခ ဒုက္ခတာ မည်၏။ သုခ ဝေဒနာသည်-ဝိပရိဏာမ ဒုက္ခတာ မည်၏။ ဥပေက္ခာဝေဒနာနှင့်ကြွင်းသော သင်္ခါရတရားအပေါင်းသည်၊ ဥပါဒ်,ဌီ,ဘင် အစဉ်အားဖြင့် ဖြစ်ခြင်း ပျက်ခြင်းမစဲ၊ အမြဲနှိပ်စက်သော

ကြောင့်–သင်္ခါရဒုက္ခတာမည်၏။ ထိုဒုက္ခတာ ၃–မျိုးတို့တွင်၊ သင်္ခါရဒုက္ခတာသည်၊သတ္တဝါအပေါင်း၏ကြောက်ရွံ့ဘွယ်ကောင်းသော ဘေးကြီးဟု ဟောကြားတော်မူသဖြင့်၊သစ္စာ၏အရာ၌လည်း၊သင်္ခါရဒုက္ခတာကိုပင်၊ဒုက္ခသစ္စာဟုမှတ်ယူအပ်ပေသည်။

**သမုဒယသစ္စာ** ဟူသည်၊ သင်္ခါရအာရုံ အမျိုးမျိုးကို နှစ်သက်ခြင်း တဏှာမည်၏။ ထိုတဏှာသည်၊ သုတ္တန်နည်း အားဖြင့်၊ ဥစ္စာပစ္စည်း, သား,သမီး,လင်,မယား,အမိ,အဘ,အဘိုး,အဘွား,စသည်ဖြင့် လွန်စွာပင် များပြားလှလေ၏။

အဘိဓမ္မာ နည်းအားဖြင့်ကား၊ အဆင်း အမျိုးမျိုးကို နှစ်သက်ခြင်း–**ရူပတဏှာ**၊အသံအမျိုးမျိုးကို နှစ်သက်ခြင်း–**သဒ္ဒတဏှာ**၊အနံ့အမျိုးမျိုးကို နှစ်သက်ခြင်း– **ဂန္ဓတဏှာ**၊ အစာအမျိုးမျိုးကို နှစ်သက်ခြင်း–**ရသတဏှာ**၊အထိ အတွေ့ အမျိုးမျိုးကို နှစ်သက်ခြင်း–**ဖောဋ္ဌဗ္ဗတဏှာ**၊ ရုပ်သဘော, နာမ်သဘော အမျိုးမျိုးကို နှစ်သက်ခြင်း-**ဓမ္မတဏှာ** ဟူ၍ ၆-ပါး အပြားရှိ၏။

**ဒုက္ခသစ္စံ ဘိက္ခဝေ သမုဒယနိဒါနံ။** ဘိက္ခဝေ၊ရဟန်းတို့။ဒုက္ခသစ္စံ၊ ဒုက္ခသစ္စာသည်။ သမုဒယနိ ဒါနံ၊သမုဒယသစ္စာလျှင် အကြောင်းရင်းဖြစ်ခဲ့ပေ၏။ ဤသို့ ဟောတော်မူသော ဒေသနာအရ၊အထက်တွင် ပြခဲ့သော ဒုက္ခ အမျိုးမျိုးတို့သည်၊ သမုဒယကြောင့် ဖြစ်သည် ဆိုသဖြင့်၊ ထိုထိုသတ္တဝါ သင်္ခါရတို့ကို၊ နှစ်သက် ချစ်ခင် လိုချင် တောင့်တ တွယ်တာငြိကပ်လှသော၊ အာသာဆန္ဒ လောဘကို–သမုဒယသစ္စာဟု မှတ်ယူအပ်ပေသည်။

**နိရောဓသစ္စာ** ဟူသည်၊ဆင်းရဲဒုက္ခခပ်သိမ်းတို့၊ ချုပ်ငြိမ်းအေးမြရာ၊ချမ်းသာခြင်းသဘောဖြစ်၍ နိဗ္ဗာန်မည်၏။ ထိုနိဗ္ဗာန်သည်၊ ခန္ဓာအကြွင်းရှိသော သဉပါဒိသေသနိဗ္ဗာန်, ခန္ဓာအကြွင်းမရှိသော အနုပါဒိသေသနိဗ္ဗာန်ဟု ၂–မျိုးရှိသည်တွင်၊ ဘုရားရဟန္တာတို့ ပရိနိဗ္ဗာန်ပြု၍၊ စုတိ၏နောက်ဖြစ်သော နိဗ္ဗာန်သည်၊ **အနုပါဒိသေသနိဗ္ဗာန်**မည်၏။ ပရိနိဗ္ဗာန်မပြုမီအတွင်း၊မဂ်ဉာဏ်ဖြင့် ထိုးထွင်းသိမြင်သောနိဗ္ဗာန်သည်၊ **သဉပါဒိသေသနိဗ္ဗာန်**မည်၏။

ထိုသဉပါဒိသေသနိဗ္ဗာန်၌၊ယောဂီပုဂ္ဂိုလ်တို့ ဝိပဿနာဉာဏ်တဆင့်တဆင့် အလွန်တွင်၊ဟုတ်မှန်တိုင်း သိမြင်သည့် ဓမ္မသဘောကို ဆင်ခြင်

သောအသမ္မောဟသမ္ပဇဉ်မျိုးနှင့်၊မြင်ခါမျှ,ကြားခါမျှ, နံခါမျှ,စားခါမျှ, ထိခါမျှ,သိခါမျှ,သဘောကိုရှုမှတ်ရာ၌၊ ငါဟုစွဲလမ်းသော ခန္ဓာကိုယ်ကြီးကိုမမြင်ခြင်းသည်ပင်၊အတ္တကွယ်သော နိဗ္ဗာန်မည်၏ ဟု ဟောကြားသော-ဗာဟိယသုတ်များကို ထောက်ထား၍၊ဝိပဿနာဉာဏ်ဖြင့် သိမြင်သည်ကို-တဒင်္ဂနိဗ္ဗာန်။ မဂ်ဉာဏ်ဖြင့် သိမြင်သည်ကို-**သမုစ္ဆေဒနိဗ္ဗာန်** ဟု မှတ်ယူ အပ်ပေသည်။

အထူးမှာ၊ သစ္စယမိုက်များ၌၊ နိရောဓမည်၍ သစ္စာမမည် စသည်ဖြင့် လာရှိရာ၊အကြောင်းမကင်းသော ချုပ်ခြင်းမျိုးသည်၊ နိရောဓသာ မည်၍ သစ္စာမ မည်။ အကြောင်းကင်းသော ချုပ်ခြင်းမျိုးသည်ကား၊ နိရောဓလည်း မည်၍ သစ္စာလည်းမည်၏။ သဘောမှာ ဖြစ်၍ချုပ်ခြင်းသည်၊ နိရောဓသစ္စာမဟုတ်၊ မဖြစ်ဘဲ ချုပ်ခြင်းသည်သာ၊ နိရောဓသစ္စာမည်၏။ ထို့ကြောင့် အကြောင်းမဖြစ်၍ အကျိုး ချုပ်ငြိမ်းခြင်းသဘောကိုသာလျှင်၊ နိရောဓသစ္စာမည်သော နိဗ္ဗာန်ဟု မှတ်ယူအပ်ပေသည်။

**မဂ္ဂသစ္စာ** ဟူသည်။ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိဟူ၍ ၈-ပါး အပြားရှိ၏။ ထိုမဂ္ဂင်တို့၏ တရားကိုယ်မှာ၊ပညာ, ဝိတက်,ဝိရတိ ၃-ခု၊ဝီရိယ,သတိ,ဧကဂ္ဂတာဟူသော စေတသိက်တို့ပေတည်း။

ဤမဂ္ဂင်၈-ပါးကို၊သမ္မာဒိဋ္ဌိ-ကောင်းစွာမြင်ခြင်းဟု အနက်ပေးကြ၏။ သို့သော် ဆန့်ကျင်ဘက်ဖြစ်သော မိစ္ဆာဒိဋ္ဌိကို၊အမှားမြင်ခြင်းဟု အနက်ပေးသည်ကိုရင်း၊ ပရမတ်သဘောအရာကိုရင်း ထောက်စာလျှင်၊ သမ္မာဒိဋ္ဌိကို-အမှန်မြင်ခြင်းဟု အနက်ပေးက သာ၍ပင် သင့်လျော်၏။ သမ္မာသင်္ကပ္ပ စသည်တို့၌လည်း၊ ဤနည်းအတူပင် မှတ်ယူအပ်၏။ရင်းပြင်၊ ဒိဋ္ဌိ သဒ္ဒါသည်၊သိခြင်းအနက်ကိုလည်း ဟောနိုင်လေသည်။ ထိုမဂ္ဂင် ၈-ပါး တို့သည်၊သမ္မာဒိဋ္ဌိ-အမှန်မြင်ခြင်း၊ သမ္မာသင်္ကပ္ပ-အမှန်ကြံခြင်း စသည်ဖြင့်၊ သဒ္ဒါအားလျော်စွာ အနက်အသီးသီး လာသော်လည်း၊ အားထုတ်ပုံ နည်းမှာ၊ “သမ္မာဒိဋ္ဌိ ပုရေ ဇဝံ”စသော ဒေသနာများအရ၊ ရှေ့သွားဖြစ်သော သမ္မာဒိဋ္ဌိ မဂ္ဂင်တခုပိုင်လျှင် ကြွင်းသောမဂ္ဂင်တို့သည် သဘောအားဖြင့်တပြိုင်နက် တချက်တည်းပင် ပါဝင်ပြီးစီးကြလေတော့သည်။

ယခုကဲ့သို့ မဟုတ်ဘဲ၊ သမ္မာသင်္ကပ္ပ အရ၊ကြံဆ၍ အားထုတ်ပါလျှင် ‘အတက္ကာဝစရော” ကြံဆ၍ရသော တရားမဟုတ် ဆိုသည်နှင့် မညီနိုင်

ပေရော။ ၎င်းဖြင့် သမ္မာဝါစာ အရ၊ စကားပြောနေပါလျှင်၊ မနောကံဆိုသည်နှင့် မညီနိုင်ပေ။ ထို့ကြောင့် အကုသိုလ်မပြုခြင်းကို ကုသိုလ်ဆိုသကဲ့သို့၊ အမှန်သိမြင်ခြင်း-သမ္မာဒိဋ္ဌိဖြစ်ရာ၌၊ အမှားကြီးခြင်း-မိစ္ဆာသက်ပ္ပ စသည်မဖြစ်ခြင်းကိုပင်၊ အမှန်ကြံခြင်း-သမ္မာသင်္ကပ္ပ စသည်ဖြင့် ခေါ်ဆိုရလေတော့သည်။

## ဝေမဿဓယံ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ ဘာဝနာ ပါရိပူရိံ ဂစ္ဆတိ။

ဇဝံ၊ ဤသို့။ အဿ၊ ထိုယောဂီပုဂ္ဂိုလ်အား။ အရိယော၊ မြတ်သော။ အယံ အဋ္ဌင်္ဂိကော မဂ္ဂေါ၊ ဤမဂ္ဂင် ၈-ပါး အပေါင်းသည်။ ဘာဝနာပါရိပူရိံ၊ ဘာဝနာ၏ ပြည့်စုံခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။

ဤသို့စသည်ဖြင့်၊ ဥပရိပဏ္ဏာသ ပါဠိတော်၌လာသော ဒေသနာအရ၊ သတိပဋ္ဌာန်နည်းအတိုင်း၊ ကွေးခြင်း,ဆန့်ခြင်းစသော သဘောကို၊ ကွေးတယ်,ဆန့်တယ်စသည်ဖြင့် မှတ်ဆဲခဏ၌၊ ကွေးခြင်း, ဆန့်ခြင်းစသော ပရမတ် ရုပ်နာမ်ကို အမှန်သိမြင်၏။ ထိုသို့အမှန် သိမြင်သော သမ္မာဒိဋ္ဌိ မဂ္ဂင်၌၊ သမ္မာသင်္ကပ္ပစသော မဂ္ဂင်များလည်း၊ သဘောအားဖြင့် တချက်တည်း ပါဝင်ပြီးစီးသည်ဆို၏။ ၎င်းသဘောစုကို ဝိပဿနာဉာဏ်ဖြင့် သိခြင်းသည်၊ လောကီမဂ္ဂင်။ မဂ်ဉာဏ်ဖြင့်သိခြင်းသည်၊ လောကုတ္တရာမဂ္ဂင်မည်၏။ တဒင်္ဂမဂ္ဂင်, သမုစ္ဆေဒ မဂ္ဂင်ဟု ဆိုလိုသည်။

ယခုပြဆိုခဲ့သော သစ္စာတို့၏ ဝိပဿနာစိတ်တချက်၌၊ တပြိုင်နက်ပါဝင်ပြီးစီးပုံများမှာ၊ ကွေးခြင်း,ဆန့်ခြင်းသဘောကို၊ ကွေးတယ်,ဆန့်တယ်ဟု ဝိပဿနာရှုမှတ်၏။ ဤသို့ရှုမှတ်ရာ၌၊ ကွေးခြင်း,ဆန့်ခြင်းသည်၊ ရုပ်နာမ် သဘောအမှန်ဖြစ်၍ ဒုက္ခသစ္စာမည်၏။ ဒုက္ခသည်၊ သမုဒယကြောင့်ဖြစ်သည်ဆိုသဖြင့်၊ ကွေးချင်, ဆန့်ချင်သော သဘောအမှန်သည်၊ သမုဒယသစ္စာမည်။

ထိုအတွေ၊ ရှုမှတ်သောအခါ၊ ပရမတ် ရုပ်,နာမ်ကိုအမှန်သိ၍၊ ထိုအခိုက်၌ မသိခြင်း မောဟစသော၊ ကိလေသာတို့ မဖြစ်ဘဲ ချုပ်ခြင်း အမှန်သည်၊ နိရောဓသစ္စာမည်၏။ ရှုမှတ်သောအတိုင်း၊ ပရမတ် ရုပ်, နာမ်ကို အမှန်သိခြင်းသည်၊ မဂ္ဂသစ္စာမည်၏။ မြင်ခြင်း, ကြားခြင်း စသည်တို့၌လည်း၊ ဤနည်းတူမှတ်ယူအပ်ပေသည်။

**ဧဝံ အဘိဇာနိတွာ ဣစ္စေတံ ပရံ ဒိဋ္ဌေ သတိ ပဿာမီတိ သလ္လက္ခေတ္တာ ကရေဟန္တော ဝိပဿနံ ယထာက္ကမံ ပဝတ္တေတွာ ဝိပဿနာ ဂမနမဂ္ဂေန ဒုက္ခံပိ ပရိဇာနာတိ၊ သမုဒယံပိ ပဇဟတိ၊ နိရောဓံပိ သစ္ဆိကရောတိ၊ မဂ္ဂံပိ ဘာဝေတိ။**


( ပေဋကောပဒေသ အဋ္ဌကထာ နံပါတ် ၂၃ )

ဧဝံ၊ ဤသို့။ အဘိဇာနိတွာ၊ နာမ်, ရုပ်ကို သိ၍။ဣစ္စေတံ ပရံ၊ဤသိပြီး သည်မှ နောက်၌။ဒိဋ္ဌေ၊မြင်သည်။သတိ၊ရှိသော်။ပဿာမီတိ၊မြင်၏ဟူ၍။ သလ္လက္ခေတ္တာ၊ ကောင်းစွာ မှတ်ခြင်းကို။ ကရောန္တော၊ ပြုလျက်။ ဝိပဿနံ၊ ဝိပဿနာကို။ယထာက္ကမံ၊အစဉ်အတိုင်း။ ပဝတ္တေတွာ၊ဖြစ်စေ၍။ ဝိပဿနာ ဂမနမဂ္ဂေန၊ ဝိပဿနာ သွားသော လမ်းဖြင့်။ ဒုက္ခံပိ၊ ဒုက္ခသစ္စာကို လည်း။ပရိဇာနာတိ၊သိ၏။သမုဒယံပိ၊သမုဒယသစ္စာကိုလည်း။ပဇဟတိ၊ ပယ်၏။ နိရောဓံပိ၊ နိရောဓသစ္စာကိုလည်း။ သစ္ဆိကရောတိ၊ မျက်မှောက် ပြု၏။မဂ္ဂံပိ၊မဂ္ဂသစ္စာကိုလည်း။ဘာဝေတိ၊ပွါးများ၏။

အကျဉ်း မှတ်ရန်မှာ၊ ကွေးတာ- ဒုက္ခသစ္စာ။ကွေးချင်တာ-သမုဒယ သစ္စာ။ကွေးတာသိသဖြင့်၊မသိတဲ့ ခေါဟာချုပ်တာ-နိရောဓသစ္စာ။ကွေး တာ သိတာ-မဂ္ဂသစ္စာ။ရှုမှတ်သော အမူအရာဟူသမျှကို၊ဤနည်းအတိုင်း ပင်လျှင်၊ ကုန်စင်အောင် သိမြင်ကြပါလေ။ အထက်တွင် ပြခဲ့သော အဓိပ္ပါယ်အရကိုရုတ်တရက်သဘောမကျခဲ့သော်“စတုသစ္စံပိနိမုတ္တော ဓမ္မောနာမနတ္ထိ” သစ္စာလေးပါးမှ လွတ်သော တရားမည်သည်မရှိ-ဟူ သော ဒေသနာတော်ကို ရှုမျှော်ဆင်ခြင်လျက်၊ယုံကြည်ချက် ဖြစ်သင့်လှ ပေသတည်း။

သစ္စာ ၄-ထွေကို ခွဲဝေ၍ ပြဆိုခြင်းပြီး၏။

## ပဋိစ္စသမုပ္ပါဒ်ကို သိမှတ်ရန် ပြဆိုခြင်း



ဤအထက်၌ပြအပ်သော ပဋိစ္စသမုပ္ပါဒ်စက်ရဟတ် လည်ပုံသဘောများမှာ၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာ- စသည်ဖြင့် လာသော ဒေသနာအရ အဝိဇ္ဇာ,သင်္ခါရ, ဝိညာဏ်, နာမ်ရုပ်,သဠာယတန,ဖဿ,ဝေဒနာ,တဏှာ, ဥပါဒါန်,ဘဝ,ဇာတိ, ဇရာ မရဏ၊သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ-ဟု ဒေသနာ၌ လာ၏။ထိုတရားတို့တွင်၊သောက စသောတရားများမှာ၊ ဇာတိ၏ အကျိုးဆက်မျှဖြစ်၍၊ ပဋိစ္စသမုပ္ပါဒ် စက်၌မဝင်။ အဝိဇ္ဇာ အစ၊ ဇရာ မရဏ အဆုံးရှိသော ၁၂-ပါးကိုသာ၊ ပဋိစ္စသမုပ္ပါဒ် တရားဟု မှတ်သားအပ်ပေ၏။

ဤတရားတို့ကို၊ ကာလ ၃-းပါး၊ အင်္ဂါ ၁၂-ပါး၊အခြင်းအရာ-၂၀၊ အစပ် ၃-ပါး၊အလွှာ ၄-ချ၊ဝဋ် ၃-ပါး၊ မူလ ၂-ပါးဟူ၍ ရေတွက် အပ်ကုန်၏။ထိုတရားတို့တွင်၊ အဝိဇ္ဇာ,သင်္ခါရ နှစ်ပါးသည်၊ အတိတ်ကာလ။ ဇာတိ,ဇရာ မရဏသည်။အနာဂါတ်ကာလ။ ဝိညာဏ်အစ၊ဘဝ အဆုံးရှိသော ၈-ပါးသည်၊ပစ္စုပ္ပန်ကာလ။ ဤသို့ကာလ သုံးပါးဖြစ်၏။

အဝိဇ္ဇာ အစ၊ဇရာမရဏ အဆုံးရှိသော ၁၂-ပါးသည်၊အင်္ဂါ ၁၂-ပါး မည်၏။ အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်,ဘဝ-အတိတ် အကြောင်း ၅-ပါး၊ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ-ပစ္စုပ္ပန် အကျိုး ၅-ပါး၊ တဏှာ, ဥပါဒါန်, ဘဝ, အဝိဇ္ဇာ, သင်္ခါရ-ပစ္စုပ္ပန် အကြောင်း ၅-ပါး၊ ဝိညာဏ်,နာမ်ရုပ်,သဠာယတန,ဖဿ,ဝေဒနာ-အနာဂတ် အကျိုး ၅-ပါး၊ ဤသို့အခြင်းအရာ ၂၀-ဖြစ်၏။ အထူးမှာ၊ ပစ္စုပ္ပန်အကြောင်း၌ တဏှာကစသည်ကို၊ ဘာဝနိကန္တိ အတွက်ဟု မှတ်အပ်ပေသည်။

၎င်း အကြောင်း,အကျိုး တို့တွင်၊ အတိတ် အကြောင်းနှင့် ပစ္စုပ္ပန် အကျိုး၏အကြား-တစပ်၊ပစ္စုပ္ပန်အကျိုးနှင့်ပစ္စုပ္ပန်အကြောင်း၏အကြား-တစပ်၊ ပစ္စုပ္ပန်အကြောင်းနှင့် အနာဂတ် အကျိုး၏ အကြား-တစပ်။ဤသို့ အစပ် ၃-ပါးဖြစ်၏။အတိတ်အကြောင်း တလွှာ၊ပစ္စုပ္ပန်အကျိုး တလွှာ၊ ပစ္စုပ္ပန်အကြောင်း တလွှာ၊အနာဂတ် အကျိုး တလွှာ၊ဤသို့အလွှာလေးခု ဖြစ်၏။အဝိဇ္ဇာ,တဏှာ,ဥပါဒါန်သည်-ကိလေသဝဋ်ဘဝ၌၊ကမ္မဘဝ,ဥပပတ္တိဘဝဟု နှစ်မျိုးရှိ၍၊ ကမ္မဘဝဟုဆိုအပ်သော၊ဘဝတစိတ် ဖြစ်သော သင်္ခါရသည်-ကမ္မဝဋ်၊ ဥပပတ္တိ ဟုဆိုအပ်သော ဘဝတစိတ်သည်၎င်း၊ ကြွင်းသော ဝိညာဏ်စသော ၅-ပါး၊ ဇာတိ,ဇရာ မရဏ ၇-ပါးသည် ၎င်း-ဝိပါကဝဋ်။ဤသို့ဝဋ် ၃-ပါးဖြစ်၏။အဝိဇ္ဇာသည်၊ရှေ့အစွန်း၏-မူလ တဏှာသည်၊ နောက်အစွန်း၏-မူလမည်၏။နောက်က ပြခဲ့သော အခြင်း အရာ ၂၀-တွင်၊အကြောင်းတရားစုသည်-သမုဒယသစ္စာ၊ အကျိုးတရား စုသည်-ဒုက္ခသစ္စာမည်၏။ဤသို့ ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်လည်သည်ကို မှတ်ယူအပ်ပေသည်။ထိုမှပြန်သော်အားဖြင့်"အဝိဇ္ဇာယတွေဝ၊အသေသ ဝိရာဂနိရောဓာ၊ သင်္ခါရနိရောဓော"စသော ဒေသနာအရ၊ အဝိဇ္ဇာချုပ်လျှင်၊သင်္ခါရ စသော တရားများလည်း အလုံးစုံပင် ချုပ်ဆုံး လေကုန်၏။ ၎င်းသဘောမျိုးကိုပင်၊ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် ကြီးပြတ် ပျက်စီး သည်ဟု မှတ်ယူအပ်ပေသည်။

အထက်၌ ပြခဲ့သော ဒေသနာ နှစ်ရပ်တွင်၊ ဝိပဿနာ ရှုမှတ်၍ အကြောင်း အကျိုးမစပ်ဘဲ၊ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ပြတ်ပုံ၊ ဝိပဿနာ မရှုမှတ်၍ အကြောင်းအကျိုးစပ်သဖြင့်၊ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်လည်ပုံ များကို အောက်၌ပြဆိုသောအတိုင်း သိမှတ်အပ်ပေ၏။ယခုဝိပဿနာကို အားထုတ်သောကာလ၊မြင်သောခဏ မြင်တယ်မှတ်သဖြင့်သိ၏။မိန်းမ, ယောကျ်ားဟု မမှတ်၊မမှတ်၍၊မိန်းမ,ယောကျ်ားကို မမြင်ရ၊မြင်ရအောင် အားမထုတ်၊ အားမထုတ်၍ မိန်းမ, ယောကျ်ားကို မမြင်ရ၊ မြင်ရအောင် မတောင့်တ၊ မတောင့်တ၍ မိန်းမ, ယောကျ်ားကို မမြင်ရ၊ မြင်ရအောင် မစွဲလမ်း၊ မစွဲလမ်း၍ မိန်းမ, ယောကျ်ားကို မမြင်ရ၊ မြင်ရအောင် မပြု၊ မိန်းမဘဝ,ယောကျ်ားဘဝကို မရ၊ ရအောင် အားမထုတ်, မတောင့်တ, မစွဲလမ်း,မပြု။

ရှေးဝိပဿနာကို အားမထုတ်မီက၊ မြင်သောခဏ မြင်တယ်မှတ်သဖြင့် မသိ၊မိန်းမ,ယောကျ်ားဟုမှတ်၏၊မှတ်၍ မိန်းမ,ယောကျ်ားကိုမမြင်ရ၊ မြင်ရအောင် အားထုတ်၏၊ အားထုတ်၍ မိန်းမ, ယောကျ်ားကို မမြင်ရ၊ မြင်ရအောင် တောင့်တ၏၊ တောင့်တ၍ မိန်းမ, ယောကျ်ားကို မမြင်ရ၊ မြင်ရအောင် စွဲလမ်း၏၊ စွဲလမ်း၍ မိန်းမ, ယောကျ်ားကို မမြင်ရ၊ မြင်ရအောင် ပြု၏၊ မိန်းမဘဝ,ယောကျ်ားဘဝကိုမရ၊ရအောင် အားထုတ်၏, တောင့်တ၏,စွဲလမ်း၏,ပြု၏။

ကာလအားဖြင့် အကြောင်း,အကျိုးပြတ်ပုံစပ်ပုံများမှာ၊ယခုဝိပဿနာကို အားထုတ်သောကာလ၊မြင်တိုင်း မြင်တိုင်းသိ၍၊ မှတ်အပ်သော နာမ်ရုပ်၌ သိသဖြင့် အဝိဇ္ဇာမရှိ၊ အားမထုတ်သဖြင့် သင်္ခါရမရှိ၊ မတောင့်တသဖြင့် တဏှာမရှိ၊ မစွဲလမ်းသဖြင့် ဉပါဒါန် မရှိ၊မပြုသဖြင့် ကံမရှိ။ယခု အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဉပါဒါန်, ကံ, အကြောင်း မရှိခြင်းကြောင့်၊ နောင်အကျိုး နာမ်ရုပ်မဖြစ်။ ယခုအားထုတ်ဆဲ နာမ်ရုပ်၌၊ အကြောင်း အကျိုးချုပ်ပုံ၊ နောက်မင်္ဂ၏အာရုံနိဗ္ဗာန်နှင့်ဆစ်၍ သိရအောင် ယုံကြည်ဘို့ သတိပြုလေ။

ရှေးဝိပဿနာကို အားမထုတ်မီကာလ၊မြင်တိုင်း မြင်တိုင်း မှတ်၍၊မသိ အပ်သော နာမ်ရုပ်၌၊ မသိသဖြင့် အဝိဇ္ဇာရှိ၏။အားထုတ်သဖြင့် သင်္ခါရ ရှိ၏။တောင့်တသဖြင့် တဏှာရှိ၏။စွဲလမ်းသဖြင့် ဉပါဒါန်ရှိ၏။ပြုသဖြင့် ကံရှိ၏။ ယခု အဝိဇ္ဇာ, သင်္ခါရ, ဉပါဒါန်, ကံအကြောင်း ရှိခြင်းကြောင့်၊

နောင်အကျိုးနာမ် ရုပ်ဖြစ်၏။ ယခု နာမ်ရုပ်၌ အကြောင်းအကျိုး မချုပ်ပုံ နောင်ရဟန္တာတို့၏ သဥပါဒိသေသ၊ အနုပါဒိသေသ နိဗ္ဗာန်နှင့် ဆ၍ သိရအောင် ယုံကြည်တို့ သတိပြုလေ။ သဘောမှာ၊ မြင်သော အခါ၊ ဝိပဿနာမပါဘဲ၊ ပကတိ စိတ်အတိုင်း မြင်ကာယ်ဟု မှတ်သားခြင်းဖြင့်၊ မိန်းမ, ယောကျ်ားခေါ် သော ပညတ်ကိုသာသိလျက်၊ ပရမတ် ရုပ်နာမ် သဘောကို မသိ၍ အဝိဇ္ဇာဖြစ်သဖြင့်၊ မိန်းမ, ယောကျ်ားကို မြင်ရအောင် အားထုတ်ခြင်း တောင့်တခြင်း စွဲလမ်းခြင်း ပြုခြင်းတို့ကြောင့်၊ အကျိုး နာမ်ရုပ်ဖြစ်၏။ ဤကဲ့သို့ အတိတ်က အကြောင်းကြောင့်၊ ပစ္စုပ္ပန်၌ အကျိုးဖြစ်ရာ။ ပစ္စုပ္ပန်၌ အကြောင်းပြုပြန်လျှင်၊ နောင်အနာဂါတ် အခါ တွင် အကျိုးဖြစ်ပေါ် ပြန်လေဦးမည်။

ထိုကဲ့သို့ အတိတ်, အနာဂါတ်, ပစ္စုပ္ပန် သုံးကန်သော ကာလ၌၊ အကြောင်း အကျိုး မပြတ်ဘဲ ဆက်စပ်၍ နေခြင်းသည်၊ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်လည်သည့်မည်၏။ အဝိဇ္ဇာပါယ်မှာ တကြိမ်မြင်ရာ၌၊ ရုပ်နာမ် ကို အမှန်မသိခြင်းသည်၊ အပါယ်သို့ တဘသွားရန် တံဆိပ် ရိုက်နှိပ် ထားခြင်း၊ မှတ်ပုံစာရင်း တင်သွင်းထားခြင်းမျိုးဟု ဆိုလို၏။ ထို့ကြောင့် လက်ဖျစ်တတွက်၊ လျှပ်တပြက်၊ မျက်စိကမ္ဘိတ်အတွင်း၌၊ မြင်သောစိတ်၊ အကြိမ် ကုဋေဘသိန်းမက ဖြစ်သည်ဆိုသော ကျမ်းဂန် စကားကို စဉ်းစား ဆင်ခြင်ပါလျှင်၊ လွန်စွာပင် သိမြင်ထင်ရှားလှပေတော့သည်။

ဤနေရာ၌ ပဋိစ္စသမုပ္ပါဒ် အကြောင်းငါးပါးကို ပွဲကြည့်သောသဘော များဖြင့်၊ ထင်ရှားစွာ သိသင့်ပေ၏။ ထင်ရှားပုံမှာ၊ ပွဲကြည့်သောသူသည် မင်းသား, မင်းသမီးကို မြင်သည်ထင်၏။ ကွယ်၍နေလျှင် ဖယ်ရှားခြင်း၊ အမြင့်သို့ တက်ခြင်းကို အားထုတ်၏။ သဘောကျသဖြင့်၊ ချောသည် လှသည်ဟု နှစ်သက်၏။ နှစ်သက်သဖြင့်၊ ခြေမှခေါင်းအဆုံး၊ တကိုယ် လုံး၌ရှိသော အစိတ်အဂ်ါ အမူအရာတို့ကို လွန်စွာချီးမွမ်း၍ စွဲလမ်း၏။ စွဲလမ်းခြင်း အားကြီးလှသော်၊ မင်းသား,မင်းသမီးဖြစ်လိုခြင်း၊ မင်းသား မင်းသမီးကဲ့သို့ ချောလှလိုသော စိတ် ဖြစ်ခြင်းများ ပြု၏။ ထိုသဘော များတွင်၊ မင်းသား,မင်းသမီးကို မြင်တယ်ထင်မှတ်သဖြင့်၊ ပရမတ် ရုပ် နာမ်ကို မသိခြင်းသည်–အဝိဇ္ဇာမည်၏။ မမြင် မြင်အောင် အားထုတ် ခြင်းသည်–သင်္ခါရမည်၏။ နှစ်သက်ခြင်းသည်–တဏှာမည်၏။ စွဲလမ်း ခြင်းသည်–ဥပါဒါန်မည်၏။ တောင့်တခြင်း, ပြုခြင်းသည်–ကံမည်၏။ ဖြစ်ခိုက်ရုပ်နာမ်ကို အမှန်သိအောင် ရှုမှတ်သော ဝိပဿနာ မပါမရှိဘဲ၊

ပကတိ ပုထုဇန်တို့၏စိတ်ဖြင့်မြင်ခြင်း, ကြားခြင်းစသော၊ ဒွါရ, အာရုံ နာမ် ရုပ် အစုံဖြစ်ရာ၌၊ ဤသို့ကြံ့သော ဥပမာ အတူပင်လျှင်၊ အစဉ်ဖြစ်သော အကြောင်း ဆက်စပ်နေသဖြင့်၊ အကျိုးမပြတ်နိုင်ပုံကို ယုံကြည်စွာ မှတ်ယူအပ်ပေသည်။

**စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ဝေဒနာပစ္စယာ။ လ။ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။**

စက္ခုဉ္စ ပဋိစ္စ၊ မျက်စိကြောင့်၎င်း။ ရူပေစ ပဋိစ္စ၊ အဆင်းတို့ကြောင့်၎င်း။ စက္ခုဝိညာဏံ၊ မြင်ခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တိဏ္ဏံ၊ မျက်စိ, အဆင်း, မြင်ခြင်း သုံးပါးတို့၏။ သင်္ဂတိ၊ ပေါင်းဆုံခြင်းသည်။ ဖဿော၊ ဖဿမည်၏။ ဖဿပစ္စယာ၊ ဖဿဟူသော အကြောင်းကြောင့်။ ဝေဒနာ၊ ခံစားခြင်း ဝေဒနာသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဝေဒနာပစ္စယာ၊ ခံစားခြင်း ဝေဒနာကြောင့်။တဏှာ၊နှစ်သက်ခြင်း တဏှာသည်။ သမ္ဘဝတိ၊ဖြစ်၏။ လ။ ဒုက္ခက္ခန္ဓဿ၊ ချမ်းသာမဘက် သက်သက်သော ဆင်းရဲ အစု၏။ သမုဒယော၊ဖြစ်ခြင်းသည်။ ဟောတိ၊ဖြစ်၏။

သဘောမှာ၊ မျက်စိဖြင့် အဆင်းကို မြင်၍ ၃-ပါးပေါင်းဆုံခြင်းသည်၊ တွေ့ထိခြင်း ဖဿမည်၏။တွေ့ထိခြင်း ဖဿကြောင့်၊ခံစားခြင်း ဝေဒနာ ၃-ပါးတပါးပါးဖြစ်၏။ခံစားခြင်း ဝေဒနာကြောင့်၊နှစ်သက်ခြင်း တဏှာ ဖြစ်၏။ ဤသို့ စသည်ဖြင့်၊ ပဋိစ္စသမုပ္ပါဒ် ဆုံးအောင်သွားလေ။တကြိမ် မြင်ခြင်းကို၊စက် တချက်လည်သည်ဟု ဆိုလို၏။ဤကား ပကတိပုဂ္ဂိုလ် တို့မြင်နေကြသော သဘောတည်း။

ထိုမှ ပြန်သောအားဖြင့်၊ မြင်ရိုက်၌ မြင်တယ်ဟု မှတ်လျှင်၊မျက်စိ, အဆင်း,မြင်ခြင်း ၃-ပါးတို့ ပေါင်းဆုံမှုသည် ဖဿမည်၏။ဖဿကြောင့် ဝေဒနာဖြစ်ရာ၊ မှတ်သောအတိုင်း မြင်ခြင်း ရုပ် နာမ် သဘောကိုသာ သိမြင်၍၊ ချမ်းသာသည်ဟု မထင်သဖြင့် သုခဝေဒနာမဖြစ်၊ဆင်းရဲသည် ဟု မထင်သဖြင့် ဒုက္ခဝေဒနာမဖြစ်၊ ရုပ်နာမ်သဘော၌ အမှန်တည်သော ဥပေက္ခာ ဝေဒနာသာ ဖြစ်၏။ သဘော အချုပ်မှာ၊ မမှတ်သောစိတ်၌ လျစ်လျူရှုခြင်းသည်၊ ရုပ်နာမ်သဘောကို အမှန်မသိ၍၊ ဉာဏဝိပ္ပယုတ် ဥပေက္ခာမည်၏။ မှတ်သောစိတ်၌၊ လျစ်လျူရှုခြင်းသည်ကား၊ ရုပ်နာမ် သဘောကို အမှန်သိ၏။ ဉာဏသမ္ပယုတ် ဥပေက္ခာမည်၏။ အမှန်ကို

မသိခြင်း–အဝိဇ္ဇာဖြစ်လျှင်၊ တဏှာစသည်ဖြင့် ဆက်၍ ပဋိစ္စသမုပ္ပါဒ်
စက်လည်၏။ အမှန်ကိုသိခြင်း–ဝိဇ္ဇာဉာဏ်ဖြစ်လျှင်၊ တဏှာစသည်ဖြင့်
မဆက်မစပ် နိုင်ဘဲ၊ ပဋိစ္စသမုပ္ပါဒ် စက်ပြတ်၏ဟု ဆိုလိုသည်။ ဤသို့
အမြွက်မျှကို ပြလိုက်သဖြင့်၊ ဒွါရ ၆–ပါး၊ အာရုံ ၆–ပါးတို့ ထိခိုက်
ဖြစ်ပေါ်သော နာမ်ရုပ်တရားတို့၌၊ ကာလ ၃–ပါးစပ်၍ စက်လည်ပုံ၊
ကာလ ၃–ပါးမစပ်၍ စက်ပြတ်ပုံ အလုံးစုံကိုပင်၊ကုန်စင်အောင် သိမြင်
သင့်လှပေသည်။

ယခု ပြဆိုခဲ့သော သဘောများမှာ၊ ဝိပဿနာအားထုတ်၍၊ ပစ္စယ
ပရိဂ္ဂဟ ဉာဏ်သို့ ရောက်သော ပုဂ္ဂိုလ်သည်၊ သိမြင်၍ ဆင်ခြင်နိုင်၏။
ထိုကဲ့သို့ သိမြင်ရာ၌၊အမည်သညာကုန်စင်အောင် ပညတ်တင်၍သိခြင်း
မျိုးမဟုတ်၊နာမ်ရုပ်ကြောင့် နာမ်ရုပ်ဖြစ်သည်ဟု ဟုတ်မှန်သော ပရမတ်
သဘောကို သိ၏။ထို့ကြောင့်၊ကာလသုံးပါး၌ဖြစ်သော ပရမတ် ရုပ်နာမ်
တရား၌၊ ယုံမှားခြင်း ၈–ပါး၊ ယုံမှားခြင်း ၁၆-ပါးတို့မှ ကင်းရှင်း
လွတ်မြောက်လေ၏။ ဤသို့ စက္ခုနှင့် ရူပါရုံ တွေ့ဆုံရာ၌၊ ပဋိစ္စသမုပ္ပါဒ်
ဆက်စပ်ပုံ၊ကြိုးပြတ်ပုံသဘောကို ပြလိုက်သဖြင့်၊ ကြွင်းသော ဒွါရနှင့်
အာရုံတို့ တွေ့ဆုံရာ၌၊ ပဋိစ္စသမုပ္ပါဒ် ဆက်စပ်ပုံ၊ကြိုးပြတ်ပုံတို့ကို အလုံးစုံ
သိမြင်ကြလျက်၊ ပဋိစ္စသမုပ္ပါဒ်ဟူသော သံသရာ စက်ရဟတ်ကြီးကို၊
တချက်တည်း ကြိုးပြတ်နိုင်စေရန်၊ ဖြစ်တိုင်း,ဖြစ်တိုင်းသော ရုပ်နာမ်
ပရမတ်၌၊ အသိခြင်း ဆက်စပ်အောင် မနားမရပ် မလစ်လပ်စေဘဲ၊
အဖန်ဖန် အထပ်ထပ်ဖြင့်၊ ပွားများရှုမှတ်သင့်လှပေသတည်း။

ပဋိစ္စသမုပ္ပါဒ်ကို ပြဆိုခြင်း ပြီး၏။

## ပရမတ္ထနှင့် အဝိနိဗ္ဘောဂ စသည်ကို ပြဆိုခြင်း

ဝိပဿနာဟူသည်၊ ပရမတ်အရာဖြစ်၍၊ ပညတ်ကိုလည်း သိသင့်၏။
၎င်းတို့ကိုသိရန် ဝိနိဗ္ဘောဂ, အဝိနိဗ္ဘောဂ ၂–ပါးဖြင့် ပြဆိုရာ၏။ အဝိ
နိဗ္ဘောဂသည်၊ သန္တတိဃန အဝိနိဗ္ဘောဂ၊ သမူဟဃန အဝိနိဗ္ဘောဂ၊
ကိစ္စဃန အဝိနိဗ္ဘောဂ၊ အာရမ္မဏဃန အဝိနိဗ္ဘောဂအားဖြင့် ၄–ပါး
အပြားရှိ၏။ ထို ၄–ပါးတို့တွင်၊ ဘဝီထိဝီ ရှေးကဖြစ်သော ဒွါရအာရုံ
ဝီထိစိတ်၊ ဝိညာဏ် နာမ်ရုပ်တရားတို့၏၊ ယခု နောက်ကဖြစ်သော ဒွါရ
အာရုံ ဝီထိစိတ်၊ ဝိညာဏ် နာမ်ရုပ်တရားတို့နှင့် မကွဲမပြား မခြားမပြတ်၊

အသိဖြင့် မှတ်ဘဲ၊ တပေါင်းတည်း ရှေ့,နောက် နာမ်ရုပ်အစဉ်ရောစပ် ခြင်းသည်၊ သန္တတိဃန အဝိနိဗ္ဘောဂမည်၏။ ထို့ကြောင့် မျက်စိတဆုံ အကုန် သိမ်းကြုံး၍ ကြည့်သော်လည်း၊ တပြိုင်နက် တပေါင်း တည် မြင်သည်ထင်၏။

တဝီထိတည်းဖြစ်သော၊ ဒွါရအာရုံ ရုပ်တရားတို့၏ဝီထိစိတ်ဝိညာဏ် နာမ်တရားတို့နှင့် မကွဲမပြား မခြားမပြတ် အသိဖြင့်မှတ်ဘဲ၊ တပေါင်း တည်း နာမ်ရုပ်အပေါင်း ရောစပ်ခြင်းသည်၊ သမူဟဃန အဝိနိဗ္ဘောဂ မည်၏။ ထို့ကြောင့် မြင်ခြင်း,မှတ်ခြင်း,မျက်စိ အဆင်း တခြားစီဟု၊ နာမ် ရုပ် အပိုင်းအခြား မထင်ဘဲ၊ ရုပ်ကလာပ်,နာမ်ကလာပ်ပေါင်း၊ သောင်း ပြောင်း တပေါင်းတည်း ရောစပ်လေ၏။

ယခုဖြစ်သော ဝီထိစိတ်နှင့်တူသော၊ ရှေးက ဖြစ်သော ဝီထိစိတ်တို့၏၊ ယခု နောက်က ဖြစ်သောဝီထိစိတ် ကိစ္စ အထူးတို့နှင့်၊ မကွဲမပြား မခြား မပြတ် အသိဖြင့်မှတ်ဘဲ၊ တပေါင်းတည်း ကိစ္စ ရှေ့,နောက် ရောစပ် ခြင်းသည်၊ ကိစ္စဃန အဝိနိဗ္ဘောဂမည်၏။ ထို့ကြောင့် ရှေ့က ကြားတာနှင့် ယခု ကြားတာမထူး၊ အတူတူဘဲဟု မှတ်ထင်သဖြင့်၊ ကြားသောကိစ္စ ရှေ့,နောက် ရောစပ်ကြလေ၏။

ယခုဖြစ်သော ဝီထိစိတ်နှင့်တူသော၊ ရှေးက ဖြစ်သော ဝီထိစိတ်တို့၏၊ ယခု နောက်က ဖြစ်သောဝီထိစိတ် ကိစ္စအထူးတို့နှင့်၊ မကွဲမပြား မခြား မပြတ် အသိဖြင့် မှတ်ဘဲ၊ တပေါင်းတည်း ကိစ္စ ရှေ့, နောက် ရောစပ် ခြင်းသည်၊ ကိစ္စဃန အဝိနိဗ္ဘောဂမည်၏။ ထို့ကြောင့် ရှေးက၊ ကြား တာနှင့် ယခု ကြားတာမထူး၊ အတူတူဘဲဟု မှတ်ထင်သဖြင့်၊ ကြားသော၊ ကိစ္စ ရှေ့,နောက် ရောစပ်ကြလေ၏။ ယခုပြုသော အာရုံနှင့် တူသော၊ ရှေးကပြုသော အာရုံတို့၏၊ ယခု နောက်က ပြုသော အာရုံနှင့်၊ မကွဲမပြား မခြား မပြတ် အသိဖြင့် မှတ်ဘဲ တပေါင်းတည်း ရှေ့,နောက် အာရုံ ရောစပ် ခြင်းသည်၊ အာရမ္မဏဃန အဝိနိဗ္ဘောဂမည်၏။ ထို့ကြောင့် ကြာရှည်မြည်သော အသံကိုကြားရာ၌၊ တခါတည်းကြားသည်ထင်၏။ ကွေးတယ်,ဆန့်တယ် အသိမျိုးကို၊ မွေးစ ပေါက်က သိသည်ဆိုမိကြ၏။ ရှေ့,နောက် အာရုံမထူး၊ အတူတူ ရောစပ်မိလေ၏။

ဤသို့ ဖြစ်ဆဲအာရုံကို မရှုမှတ်ဘဲ၊ ဖြစ်သင့်သော အာရုံတို့၏ အမည် သညာကိုသာ တွေးတောကြံဆ၊ ဆင်ခြင်မိကာမျှသည်၊ သုတမယ, စိန္တာ ယမဉာဏ်မျိုးဖြစ်၍၊ ဒွါရ,အာရုံ,ဝိညာဏ် ရုပ်နာမ်တို့၏၊ ရှေ့,နောက်အစဉ်

အပေါင်း ကိစ္စအာရုံတရားတို့ မကွဲမပြား မခြားမပြတ်ဘဲ၊ တပေါင်းတည်း ရောစပ် သောကြောင့်၊ အဝိနိဗ္ဘောဂ ဖြစ်၏။ ထို့ကြောင့် ပရမတ်နှင့် မစပ်ဘဲ ပညတ်သာဖြစ်၍၊ နာမ်ရုပ်ကိုလည်း ပိုင်းခြားခြင်းမဖြစ် နာမ်ရုပ်၏ အကြောင်းကိုလည်း သိမ်းဆည်းသည် မမည်သဖြင့်၊ ဝိပဿနာဟူ၍ပင် မခေါ်ရပေ။

ထိုသို့အဝိနိဗ္ဘောဂ ၄-ပါးကိုပြသဖြင့်၊ ဝိနိဗ္ဘောဂ ၄-ပါးကိုလည်း သိသင့်ပေ၏။ သိပုံမှာ၊ ဖြစ်ဆဲ အာရုံကိုသာ ရှုမှတ်ခြင်းသည်၊ ဘာဝနာမယ ဉာဏ်မျိုးဖြစ်၍၊ ဒွါရ,အာရုံ,ဝိညာဏ် ရုပ်နာမ်တို့၏ ရှေ့,နောက်အစဉ် အပေါင်းကိစ္စ အာရုံတရားတို့၊ ကွဲပြား ခြားပြတ်၊ တပေါင်းတည်း မရောစပ်သောကြောင့်၊ ဝိနိဗ္ဘောဂဖြစ်၏။

- ထို့ကြောင့် ပညတ်မကပ် ပရမတ် ဆတ်ဆတ်ဖြစ်၍၊ ရုပ်နာမ်ကိုလည်း ပိုင်းခြား၏။ ရုပ်နာမ်အကြောင်းကိုလည်း သိမ်းဆည်းနိုင်၏။ ဝိပဿနာလည်းဖြစ်၏။ သဘာဝ, သင်္ခတ, သာမည လက္ခဏာလည်း၊ ဘိုက်သင့်သည့်အားလျော်စွာ ထင်မြင်လေတော့သည်။

ထင်မြင်ပုံမှာ၊ ဖြစ်ဆဲရုပ်နာမ်သည်-သဘာဝ လက္ခဏာမည်၏၊ ရုပ်နာမ်၏ ဥပါဒ်,ဌီ,ဘင်သည်-သင်္ခတ လက္ခဏာမည်၏၊ ရုပ်နာမ်၏ အနိစ္စ,ဒုက္ခ, အနတ္တသဘောသည်-သာမည လက္ခဏာမည်၏။ ထို ၃-ပါးတို့တွင်၊ မြင်ခိုက်၌ မြင်တယ်ဟု ရှုမှတ်လျှင်၊ ဖြစ်ဆဲရုပ်နာမ်၏ သဘာဝ လက္ခဏာ ထင်သည်မည်၏။ သဘာဝလက္ခဏာဆိုသည်မှာ၊ မြင်တယ်ဟု မှတ်ဆဲ၌၊ အဆင်းထင်လာခြင်းသည်၊ ရုပ်၏ ရုပ္ပနသဘောဖြစ်၏။ အာရုံသို့ ညွတ်ခြင်းသည်၊ နာမ်၏ နမနသဘောဖြစ်၏။ ဤသို့သဘာဝလက္ခဏာ ထင်လာလျှင်၊ သင်္ခတ,သာမည လက္ခဏာတို့လည်း ဉာဏ်အားလျော်စွာ ထင်ရ၏။ ယခုလို ဖြစ်ဆဲရုပ်နာမ်ကို မရှုမမှတ်လျှင်၊ သဘာဝလက္ခဏာမှ မထင်၍၊ သင်္ခတ,သာမညလက္ခဏာတို့လည်း မထင်နိုင်ပေ။

မျက်စိဖြင့်မြင်သော ဝိထိကာလ၊ ဝိပါက်ဝိညာဏ်၊ ကြိယာဝိညာဏ်ဖြင့် သိသောခဏ၊ ဘယ်ပုဂ္ဂိုလ်မျိုးမဆို ဖြစ်ဆဲနာမ်ရုပ်ကို အာရုံပြု၍၊ နာမ်ကို နာမ်ဟူ၍သာ၊ ရုပ်ကို ရုပ်ဟူ၍သာ ဝိညာဏ်ဖြင့်သိ၏။ သိသော်လည်း၊ ဝိပါက်ဝိညာဏ်၊ ကြိယာဝိညာဏ် သိရုံမျှသာဖြစ်၍၊ ဝိပဿနာမဟုတ်သဖြင့် နာမ်ရုပ် အပိုင်းအခြား မဖြစ်နိုင်ပေ။

ဝိပါက်ဝိညာဏ်၊ ကြိယာဝိညာဏ်သည်၊ ကိလေသာနှင့် မယှဉ်သည် ဖြစ်၍၊ ဝိညာဏ်မည်၏။ ဖြစ်ဆဲသော နာမ်ရုပ်သည်၊ ကိလေသာ၏အပေါ်

မဟုတ်သည့်ဖြစ်၍ ဝိညာဏ်၏အာရုံမည်၏။ ဓောကာလ မှတ်သောခဏ ပကတိသောပုဂ္ဂိုလ်သည်၊ ဒီလေသာ၏အာရုံဖြစ်သော ပုဂ္ဂိုလ်,သတ္တဝါ ကို အာရုံပြု၍၊ဖြစ်ဆဲ နာမ်ရုပ်ကိုပင်၊ပုဂ္ဂိုလ်,သတ္တဝါ, ယောကျ်ား, မိန်းမ ဟု မှတ်ထင်လေ၏။

ဓောကာလ မှတ်သောခဏ ဝိပဿနာအားထုတ်သောပုဂ္ဂိုလ်သည်၊ ဝိညာဏ်၏အာရုံဖြစ်သော၊ဖြစ်ဆဲ နာမ်ရုပ်ကိုသာ အာရုံပြု၍၊နာမ်ရုပ် ၂–ခု ကိုသာ သိမှတ်ပိုင်းခြားသဖြင့်၊ပုဂ္ဂိုလ်, သတ္တဝါထင်သောပညတ် ကွာ စင်၍၊ ပရမတ်သဘော သက်သက်ကိုသာ ထင်မြင်လေ၏။ ထို့ကြောင့် ဝိပါက်အမှန် ဓောအပြန်ဟု၊ ဆရာကြီးတို့ မိန့်ဆိုတော်မူကြလေသည်။

ဤသို့လျှင်၊ပကတိသော ပုဂ္ဂိုလ်တို့မှာ၊အစိုတ်အစိတ်ဖြစ်သော ပရမတ် သဘောကိုပင်၊ တလုံးတခဲတည်း ပေါင်းစပ်သော၊ ပညတ်သဘောထား ၍၊ယောဂီပုဂ္ဂိုလ်တို့မှာ အစိတ်အစိတ်ပရမတ်ကို ထင်ရာ၌၊ ဥပမာအား ဖြင့်၊ ငွေပေး ငွေယူများကို မှတ်သားအပ်ပေ၏။

မှတ်သားပုံမှာ၊လောကဉ္ဘဏ်တိုက်စာရေးများသည်၊ငွေ ၁၀ဝ–ကို တခါတည်းကိုင်၍၊ တချက်တည်းလှုပ်လိုက်ရာ၊ ပကတိအရပ်သားများ မှာ၊တခါတည်းမြည်သော တသံတည်းဟု မှတ်ထင်လေ၏။ ဘဏ်တိုက် စာရေးမှာမူကား၊ အကြိမ် ၁၀ဝ – မြည်သော်၊ အသံ ၁၀ဝ–ဟုသိ၍၊ အသံ အ,သောငွေ မည်မျှပါ၍၊ ဘယ်အနားမှာဟု တခါတည်း သိနိုင် လေ၏။

တဖန် လောကဓာတ်ကြောင့် ရဟန်းများ ဘောက်ပြန်ခြင်းမရှိ၊ ပုထုဇန်မှာ ဘောက်ပြန်၏ဟုဆိုရာ၌၊ အသံနှင့်အကြားမှာ မထူးခြားပေ။ ရဟန္တာသည့် ကြားကာမျှ အသံကိုသာမှတ်၏။ ပုထုဇန်မှာ ချီးမွမ်းသံ ကဲ့ရဲ့သံဟု မှတ်သဖြင့်၊ ချီးမွမ်းခြင်းမှာ ကောင်းသည်ထင်၍ ချမ်းသာ၏။ ကဲ့ရဲ့ခြင်းမှာ မကောင်းထင်၍ ဆင်းရဲလေသည်။

ထိုအတူပကတိသော ရဟန်း,ရှင်,လူတို့သည်၊ရှေ့ ရုပ်နာမ်အာရုံနှင့်၊ နောက် ရုပ်နာမ်အာရုံတို့မထူး၊ အတူတူဟု ရောစပ်နေသဖြင့် ပညတ် ထင်၏။ယောဂီပုဂ္ဂိုလ်သည်၊တခုနှင့်တခုမစပ်အောင် ဖြစ်တိုင်း,ဖြစ်တိုင်း သိမှတ် နေသဖြင့်၊ အပြတ်ပြတ်ဖြစ်သော ပရမတ်သာ ထင်မြင်လေ၏။ ထို့ကြောင့် အစပ်အစပ်-ပညတ်၊ အပြတ်အပြတ်-ပရမတ်ဟု၊ ဒုတိယ ဝိသုဒ္ဓါရုံ ဆရာတော် ဘုရားကြီး မိန့်ကြားတော်မူလေသတည်း။

**ပရမတ္ထနှင့် အဝိနိဗ္ဘောဂကို ပြဆိုခြင်းပြီး၏။**

## လက္ခဏာရေးသုံးပါးကို မှတ်သားရန် ပြဆိုခြင်း

ဝိပဿနာအလုပ်ဟူသည်၊ ပရမတ် နာမ်ရုပ် တရားကို၊ လက္ခဏာရေး သုံးပါးထင်အောင် အားထုတ်ခြင်းဖြစ်၏။ ဒီသုဒ္ဓိမဂ်၌လာသော အဋ္ဌကထာ၌ကား အနိစ္စလက္ခဏာ၊ အဘယ်ကို နှလုံးမသွင်းခြင်းကြောင့်၊ အဘယ်သည် ဖုံးလွှမ်းခြင်း ကြောင့်၊ အနိစ္စ မထင်ပါသနည်းဟု မေး၍၊ အဖြစ်အပျက်ကို နှလုံးမသွင်း ခြင်းကြောင့်၊ အစဉ်သန္တတိ ဖုံးလွှမ်းခြင်းကြောင့် – အနိစ္စမထင်၊ အဖြစ် အပျက်ကို နှလုံးသွင်း၍ အစဉ်သန္တတိ ပြတ်လျှင်၊ အနိစ္စ လက္ခဏာ ထင်သည်ဆို၏။

ထို့အတူ အဘယ်ကို နှလုံးမသွင်းခြင်းကြောင့်၊ အဘယ်သည် ဖုံးလွှမ်း ခြင်းကြောင့်၊ ဒုက္ခ မထင်ပါသနည်းဟုမေး၍၊ မပြတ်နှိပ်စက်သည်ကို နှလုံး မသွင်း ခြင်း ကြောင့်၊ ဣရိယာပုထ် ဖုံးလွှမ်း ခြင်း ကြောင့်–ဒုက္ခမထင်။ မပြတ် နှိပ်စက် သည်ကို နှလုံးသွင်း၍၊ ဣရိယာပုထ်ကို ခွါလျှင်၊ ဒုက္ခ လက္ခဏာ ထင်သည်ဆို၏။

တဖန် အဘယ်ကို နှလုံးမသွင်း ခြင်းကြောင့်၊ အဘယ်သည် ဖုံးလွှမ်း ခြင်းကြောင့်၊ အနတ္တ မထင်ပါသနည်းဟုမေး၍၊ ရုပ်ဓာတ်,နာမ်ဓာတ်တို့၏ အသီးအခြားကို နှလုံးမသွင်းခြင်းကြောင့်၊ တလုံးတခဲတည်း ဖြစ်သော ဃန ဖုံးလွှမ်းခြင်းကြောင့်–အနတ္တမထင်။ ဓာတ် အသီးအခြားကို နှလုံး သွင်း၍၊ ဃနကွဲလျှင်၊ အနတ္တလက္ခဏာ ထင်သည် ဆို၏။

ဤစကားအရကို သဘောကျသလို ကြံစည်ပြီး အသီးသီး ပြုလုပ်၍ အနည်းနည်းပင် အားထုတ်ကြကုန်၏။ သို့သော် သဘာဝဓမ္မကို တွေ့ဆ ဆလျှင်၊ စိတ်တချက်မှာပင် ၃-ပါးလုံးပါဝင်ကြ၍၊ ရုပ် အနိစ္စ,ရုပ် ဒုက္ခ, ရုပ် အနတ္တ စသည်ဖြင့် အသီးအခြားမရှိဘဲ၊ မြင်-မြင်တယ် စသည်ဖြင့်၊ ဖြစ်ဆဲ ရုပ်,နာမ်ကို ရှုမှတ်လျှင်၊ ရုပ်၏ အနိစ္စ,ဒုက္ခ, အနတ္တ ၃-ပါးသည် အတူတကွ ထင်ရှားလေ၏။

ထင်ရှားပုံမှာ၊ မြင်ခြင်း,ကြားခြင်းစသော သဘောများသည်၊ ဒီပဇာ လံဗိယ၊ မီးအလျှံကဲ့သို့၊ နဒီသောတောဒိယ၊ မြစ်ရေအလျှင်ကဲ့သို့ ဆိုသည့် အတိုင်း၊ အစဉ်မပြတ်ဆက်စပ်နေရာ၊ မြင်ဆဲ မြင်ဆဲ၌၊ မြင်တယ် မြင်တယ် ဟု ရှုမှတ်နေပါလျှင်၊ မှတ်တိုင်း မှတ်တိုင်ပင်၊ မြင်ကာမျှသဘောကို ထင် ရှားသိရှိနိုင်ပေ၏။

ဤကဲ့သို့ သိရှိရာ၌၊ တကြိမ်မြင် တခါမှတ်၊ တကြိမ်မြင် တခါမှတ်၍၊ မြင်တိုင်း,မြင်တိုင်း မှတ်သဖြင့်၊ ရှေ့က မြင်ခြင်းနှင့်၊ နောက်က မြင်ခြင်း မစပ်ဘဲ၊ အသိအမှတ်က ပိုင်းဖြတ်၍၊ ရှေ့,နောက် မြင်ခြင်း သဘော အဆက်ဆက် ပြတ်၏။ ထိုကဲ့သို့ အပြတ်ကို သိခြင်းသည်ပင်လျှင်၊ အဖြစ် အပျက်ကို နှလုံးသွင်း၍၊ ရုပ်၏အနိစ္စလက္ခဏာ ထင်သည်မည်၏။

ထိုအတူ မြင်တိုင်း,မြင်တိုင်း မှတ်သဖြင့်၊ ရှေ့က မြင်ခြင်းနှင့်၊ နောက်က မြင်ခြင်း မဖုံးအောင်၊ အသိအမှတ်က ဖေါ်ထုတ်၍၊ ရှေ့,နောက် မြင်ခြင်း သဘော အဆက်ဆက်ပေါ်၏။ ထိုကဲ့သို့ တခြားစီပေါ်သည်ကို သိမြင်ခြင်း သည်ပင်လျှင်၊ မပြတ်နှိပ်စက်သည်ကို နှလုံးသွင်း၍၊ ရုပ်၏ဒုက္ခလက္ခဏာ ထင်သည်မည်၏။

ဤကဲ့သို့ မြင်,မြင်တယ်ဟုမှတ်ရာ၊ ထင်လာသောအဆင်းဝဏ္ဏဓာတ်၌၊ ပထဝီ,တေဇော,အာပေါ,ဝါယော,ဝဏ္ဏ,ဂန္ဓ,ရသ,ဩဇာဟူသောဓာတ် ရှစ်ပါး အစုကလာပ်ပေါင်း စုနအခဲတခုဖြစ်၏။ သို့သော် အတူတကွဖြစ် သော ဓာတ်ရှစ်ပါးတွင်၊ ဝဏ္ဏတခုသာလျှင်ဉာဏ်၌ထင်၍၊ ကြွင်း ၇-ပါးမှာ ကွဲသွားလေ၏။ ထိုကဲ့သို့ တခုတည်းကိုခွဲ၍ သိမြင်ခြင်းပင်လျှင်၊ ဓာတ် အသီးအခြားကို နှလုံးသွင်း၍၊ ရုပ်၏အနတ္တလက္ခဏာ ထင်သည်မည်၏။ ဤနည်းကို အစဉ်မှီး၍၊ ကြားခြင်း, နံခြင်းစသည်ကို မှတ်ရာ၊ သွားခြင်း,ရပ် ခြင်း, ကွေးခြင်း, ဆန့်ခြင်းစသည်ကို မှတ်ရာ၌၊ ရုပ်သဘောလက္ခဏာ ထင်ပုံ။ သွားချင်, ရပ်ချင်သည်ကို မှတ်ရာ၌၊ နာမ်သဘော လက္ခဏာ ထင်ပုံများကို ကုန်စင်အောင် သိမြင်ကြပါလေ။

**ရူပံ ဘိက္ခဝေ အနိစ္စံ ယဒ-နိစ္စံ တံဒုက္ခံ။ ယံဒုက္ခံ တံအနတ္တာ။**

(ဝိဘင်း ပါဠိတော်။)

ဘိက္ခဝေ၊ ရဟန်းတို့။ ရူပံ၊ ရုပ်သည်။ အနိစ္စံ၊ မမြဲ။ ယံရူပံ၊ အကြင် ရုပ်သည်။ အနိစ္စံ၊ မမြဲ။ တံရူပံ၊ ထိုမမြဲသောရုပ်သည်။ ဒုက္ခံ၊ ဆင်းရဲ၏။ ယံရူပံ၊ အကြင် ရုပ်သည်။ ဒုက္ခံ၊ ဆင်းရဲ၏။ တံရူပံ၊ ထိုဆင်းရဲသော ရုပ်သည်။ အနတ္တာ၊ အစိုးမရ။ ။ဤပါဠိတော်၌ ပကတိ ဖြစ်ပေါ်သော ရုပ်သည် အနိစ္စ, ဒုက္ခ, အနတ္တ ဟူသော လက္ခဏာယာဉ် ၃-ချက်တို့ တပြိုင်နက် ပြီးစီးသည်ဆိုသဖြင့်၊ နောက်က ပြခဲ့သော ဝိပဿနာစိတ် တချက်၌၊ လက္ခဏာယာဉ် ၃-ပါးတပြိုင်နက်ပါဝင်ပုံကို ရှုမှတ်သော ဓွါရ အာရုံ၊ ရုပ်နာမ်အစုံနှင့် အပပ ခွဲခြမ်း ဝေဘန်သော အဓိပ္ပါယ်များကို၊ ရှင်း လင်းစွာ မှတ်သားသိမြင်သင့်လှပေသည်။

လက္ခဏာဟူသည်၊ပရမတ် ရုပ်နာမ်ပေါ်မှာ ထင်လာသဖြင့်၊အတိတ် အနာဂတ်, ပစ္စုပ္ပန် ၃-တန်သော ကာလ၌ ဖြစ်သော ရုပ်နာမ်တို့တွင်၊ ပစ္စုပ္ပန် ရုပ်နာမ်ကိုသာရှုမှတ်ရ၏။ပစ္စုပ္ပန်ရုပ်နာမ်၌ လက္ခဏာထင်လျှင်၊ အတိတ်, အနာဂတ်,ရုပ်နာမ်တို့၌လည်း ထင်လာ၏။ ဝိသုဒ္ဓိမဂ်၌ ကာလ ၃-ပါးပြသည့်မှာလည်း၊ ရှုမှုမဟုတ် ထင်မှုမျိုးဖြစ်၏။ရှုမှုဟုဆိုလျှင်၊ ထင် လာသည့် အတိုင်းကို သိမြင်ရှုမှတ် သုံးသပ်သည်ဟု ယူသင့်ပေ၏။

တဖန် လက္ခဏာ ၃-ပါးစုံရမည်ဟု၊ဓမ္မသင်္ဂဏီပါဠိတော်၌လာသည် မှာ၊ လက္ခဏာ တပါးမျှ ထင်ခိုက်၌၊ မဂ်ဖိုလ်သို့ မဆိုက်နိုင်ပုံကိုသာ ပြတော်မူ၏။ အားထုတ်မှုမှာ တပါးသာဖြစ်၍၊ တပါး ထင်လျှင် ကြွင်း သော ၂-ပါးမှာ၊ အလိုလိုထင်လာကြလေသည်။

ဤသို့ထင်သော လက္ခဏာသည်၊အကျဉ်းအားဖြင့် ၃-ပါး၊ အကျယ် အားဖြင့်၊ အနိစ္စ လက္ခဏာ ၁၀-ပါး၊ ဒုက္ခ လက္ခဏာ ၂၅-ပါး၊ အနတ္တ လက္ခဏာ ၅-ပါး ဟူ၍ ၄၀-အပြားရှိ၏။ ၎င်း လက္ခဏာ ၄၀-ကို၊ ဝိပဿနာ ၄၀-ဟူ၍၎င်း၊ တော ၄၀-ဟူ၍၎င်း ခေါ်ဆိုပေ၏။

အသုံးမှာ လက္ခဏာ ၃-ပါး၌၊ အနိစ္စ အနိစ္စလက္ခဏာ, ဒုက္ခ ဒုက္ခ လက္ခဏာ,အနတ္တ အနတ္တလက္ခဏာ၊ ဤသို့မှတ်သားအပ်၏။ထို ၃-ပါးတို့ တွင်၊ပကတိ ရုပ်သဘော,နာမ်သဘောသည်၊ဖြစ်ပြီး၍ မရှိခြင်းကြောင့်- အနိစ္စ မည်၏။ ဥပါဒ်, ဌီ, ဘင်, သန္တတိ လက္ခဏာ ၃-ပါးတို့၏၊ အစမှ အလယ်၊ အလယ်မှ အဆုံး ပြောင်းရွှေ့သော အခြင်းအရာသည်၊ အနိစ္စ လက္ခဏာ၏။

၎င်းရုပ်သဘော,နာမ်သဘောသည်ပင်၊ အစဉ်မပြတ် နှိပ်စက်သော ကြောင့်၊ ဒုက္ခမည်၏။ ဥပါဒ်, ဌီ,ဘင်, သန္တတိ လက္ခဏာ ၃-ပါးတို့၏ မပြတ်နှိပ်စက်သော အခြင်းအရာသည်၊ ဒုက္ခလက္ခဏာမည်၏။

၎င်းရုပ်သဘော,နာမ်သဘောသည်ပင်၊အလိုသို့မလိုက်ခြင်းကြောင့်၊ အနတ္တမည်၏။ ဥပါဒ်, ဌီ, ဘင်, သန္တတိ လက္ခဏာ ၃-ပါးတို့၏ အလိုသို့ မလိုက်သော အခြင်းအရာသည်၊အနတ္တလက္ခဏာမည်၏။

ထိုရုပ်နာမ်သဘောများသည်၊ဝိပဿနာဉာဏ်၊တော ၄၀-၌လာသော အတိုင်း အမျိုးမျိုးပင် ဉာဏ်၌ ထင်တတ်၏။ သို့သော် ဆိုင်ရာသို့ သွင်း၍ အကျဉ်း အားဖြင့်၊ အနိစ္စ, ဒုက္ခ, အနတ္တဟု ၃-ပါးပင်ရှိ၏။ မှတ်ခြင်း ဆိုသည်နှင့် ထင်ခြင်း သိခြင်းများမှာ အတူတူပင်ဖြစ်သည်။

**အနိစ္စသညိနော မေဃိယ အနတ္တသညာ သဏ္ဌာတိ။**
(အင်္ဂုတ္တိုရ်မေဃိယသုတ်။)

မေဃိယ၊ ချစ်သား မေဃိယ။ အနိစ္စသညိနော၊ အနိစ္စထင်သောသူအား။ အနတ္တသညာ၊ အနတ္တ ထင်ခြင်းသည်။ သဏ္ဌာတိ၊ အလိုလိုတည်လာ၏။ ။သမ္မသနဉာဏ်မှစ၍၊ အနုလောမဉာဏ်တိုင်အောင်ထင်၏။အနိမိတ္တမဂ်, အပ္ပဏိဟိတမဂ်, သုညတမဂ်တို့ကို ထောက်ဆ၍၊ လက္ခဏာ တပါးထင်က ရနိုင်၏ဟု ဆိုသည်များကိုလည်း၊ ယုံကြည်စွာ မှတ်သား သင့်လှပေသတည်း။

လက္ခဏာရေး ၃-ပါးကို ပြဆိုခြင်းပြီး၏။

---

## ကိလေသာအရပ်ရပ်ကို ပေါင်းစပ်၍ ပြဆိုခြင်း

ကိလေသာဟူသည်၊ အညစ်အကြေးသဘောမျိုးဖြစ်၏။ငင်းအညစ်အကြေး ကိလေသာသည်၊ အကျယ်အားဖြင့် တထောင့် ငါးရာ၊ အလတ်အားဖြင့် တရာ့ရှစ်၊ အကျဉ်း အားဖြင့် ဆယ်ပါး၊ မူလအားဖြင့် သုံးပါး၊ ပရိယုဋ္ဌာန, အနုသယ အားဖြင့် နှစ်ပါး၊ ယိုစီးခြင်း သဘော သောဘ အားဖြင့် တပါး။ ဤသို့ အမည်များကို မှတ်သားအပ်၏။

ကိလေသာအကျယ်ငါးပုံမှာ၊နာမ်,နိ,လက်ကိုတည်၊ ကိလေသန္တာန် နှင့်မြှောက်ဆိုသည့်အတိုင်း၊ နာမ်တေပညာသ ၅၃-ပါး၊နိပ္ဖန္နရုပ် အဋ္ဌာရသ ၁၈-ပါး၊ လက္ခဏာရုပ် ၄-ပါး၊ ၃-ရပ်ပေါင်း ၇၅-ပါးကိုတည်၍ ကိလေသာ ၁၀-ပါးနှင့်မြှောက် ၇၅၀-ဖြစ်၏။ ငင်းကို အဇ္ဈတ္တ,ဗဟိဒ္ဓ သန္တာန် ၂-ပါးနှင့်မြှောက် ၁၅၀၀-ဖြစ်သည်။

အလတ်ငါးပုံမှာ "တဏှာ ၃-တန်၊အရင်းခံ၊အာကာသန်နှင့်မြှောက်" ဆိုသဖြင့်၊ ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ ငင်း ၃-ပါးကို အရင်းခံ၍၊ ရူပ,သဒ္ဒ,ဂန္ဓ,ရသ,ဖေါဋ္ဌဗ္ဗ, ဓမ္မ ဟူသော အာရုံ ၆-ပါးနှင့် မြှောက် ၁၈-ပါးရ၏။ အတိတ်, အနာဂတ်, ပစ္စုပ္ပန်ဟူသော ကာလ ၃-ပါးနှင့်မြှောက် ၅၄-ဖြစ်၏။ ငင်းကို သန္တာန် ၂-ပါးနှင့် မြှောက် ၁၀၈-ဖြစ်သည်။ အကျဉ်း တရားကိုယ်မှာ၊ လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ,ဝိစိကိစ္ဆာ, ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပဟူ၍ ၁၀-ပါး ဖြစ်၏။

လောဘ,ဒေါသ,မောဟဟူ၍၊မူလ ၃-ပါးဖြစ်၏။ တနည်း၊ အနုပ္ပန္န ကိလေသာ၊ဥပ္ပန္န ကိလေသာဟူ၍ ၂-ပါးရှိ၏။ အထူးမှာ အနုပ္ပန္နနှင့် ပရိ

ယုဍ္ဍာန်၊ဥပဋ္ဌာန်နှင့်အနုသယ တဲ့ဖြင့်။ဝီတိက္ကမ ကိလေသာမှာသိလနယ်ဖြစ်၍ ဘာဝနာအရာ၌ မဆိုတော့ပြီ။

အထက်တွင် ပြခဲ့သော ကိလေသာတို့သည် အစဉ်မပျက် ဖြစ်နေကြကုန်၏။ဝိပဿနာဟူသည်၊ကိလေသာတို့ကိုပယ်ဖျောက်မှုဖြစ်၏။ဤကဲ့သို့ဖြစ်ပေါ်မှု,ကွယ်ပျောက်မှု ၂-မျိုးသည်၊အတူဖြစ် အတူပျက်သော သဟာဓေကဋ္ဌ,ပဟာနေကဋ္ဌ သဘောမျိုးဖြစ်၍၊ဘာခုပေါ်လျှင် စပ်ဆိုင်ရာတို့ပါဝင်လျက်၊ဘာခုကို ပယ်ဖျောက်လျှင်၊ စပ်ဆိုင်ရာတို့ပါ ကွယ်ပျောက်ကြလေသည်။

ဤအဓိပ္ပါယ်မျိုးမှာ၊ ယထာဝိ မူလေ အနုပဒ္ဒဝေ-စသည့်ဖြင့်၊ ဓမ္မပဒပါဠိတော်၌လာ၏။လိုရင်းမှာ၊သစ်ပင်ကိုသတ်လိုလျှင်၊အကိုင်းအခက်ကိုဖြတ်၍ မသေ၊ အမြစ်ကိုဖြတ်မှ သေသကဲ့သို့။ ထို့အတူ၊ ဒုက္ခ ခပ်သိမ်းချုပ်ငြိမ်းလိုလျှင်၊အများအနား ကိလေသာကို ပယ်သို့မရ၊ အမြစ် ကိလေသာကို ပယ်ရမည့်ဆို၏။

ဥပမာအားဖြင့်၊ ကုမ္ဘာဏ်အသင်းတည်ထောင်၍ တဦးတယောက်ကရှေ့ဆောင်၏၊ မြ ာ်လာလျှင် အသင်းဝင်သူ အကုန်ချမ်းသာ၍၊ ရှုံးသွားလျှင် အကုန်ပင်ဆင်းရဲသကဲ့သို့။ထို့အတူ၊မောဟဖြစ်လျှင် စပ်ယှဉ်သောတရားတို့ပါဝင်၍၊အမောဟဖြစ်လျှင် စပ်ယှဉ်ရာကုသိုလ်တို့ပါဝင်သဖြင့်မောဟနှင့်တကွ စပ်ယှဉ်သောအကုသိုလ်ဟူသမျှ ကွယ်ပျောက်ကြလေသည်။

ထို့ကြောင့်၊ ဝိပဿနာအလုပ်၌၊လိုရင်းအချုပ်မှာ အကုသိုလ်အရာ၌၊ပရိယုဋ္ဌာန်,အနုသယကိုယူ၍၊အကုသိုလ်အရာ၌၊သတိနှင့်ပညာကိုယူလျှင် အကုန်ပင် ပါဝင်သဖြင့်၊ ရုပ်နာမ်စသော ဘုံအရာတွင်လည်း၊ ရုပ်နာမ် ၂-ပါးကို ယူပါလျှင်၊ ခန္ဓာစသော တရားတို့လည်း၊ တချက်တည်းပင်ပါဝင်ပြီးဆီးသည်ဟု မှတ်သူအပ်ပေ၏။

**သတိ တေသံ နိဝါရဏံ။သောတာနံ သံဝရံ ဗြူမိ၊**
**ပညာယေတေ ပိဓီယျရေ။ ။** (အဇိတသုတ်၊)

သတိ၊သတိသည်။တေသံ၊ထိုတဏှာတို့ကို။နိဝါရဏံ၊တားမြစ်နိုင်၏။သတိံ၊သတိကို။ သောတာနံ၊ တဏှာတို့၏။ သံဝရံ၊ အစောင့်အရှောက်ဟူ၍။အဟံ၊ငါဘုရားသည်။ ဗြူမိ၊ဟောတော်မူ၏။ ပညာယ၊ ပညာဖြင့်။ဧတေ၊ ထိုတဏှာတို့ကို။ ပိဓိယျရေ၊ပိတ်ဆို့အပ်ကုန်၏။

အဓိပ္ပါယ်ကား၊ရှုမှတ်သော စိတ်တချက်၌၊ပညာဖြင့် အနုသယကိုပယ်သည်၊သတိဖြင့် ပရိယုဋ္ဌာန်ကိုပယ်သည်။ အဘယ့်ကြောင့်နည်း၊နာမ်ရုပ်ဖြစ်လျှင်၊အနုသယဖြစ်၏။အနုသယဖြစ်လျှင်၊ပရိယုဋ္ဌာန်ဖြစ်၏။ထို့ကြောင့် နာမ်ရုပ်၌ အနုသယတည်၏။ အနုသယ၌ ပရိယုဋ္ဌာန်တည်၏။ ပညာဖြင့် နာမ်ရုပ်ကို ကိလေသာနှင့် မရောနှောအောင် ပိုင်းခြားသည်ရှိသော်၊ နာမ်ရုပ်၌တည်သော အနုသယ၊နာမ်ရုပ်နှင့် မရောနှောရ၍ ပျောက်သည်။

သတိဖြင့် နာမ်ရုပ်ကို၊ ကိလေသာနှင့် မရောနှောအောင် ထင်သည်ရှိသော်၊ နာမ်ရုပ်၌ တည်သော ပရိယုဋ္ဌာန် ဖြစ်ခွင့်မရ၊ မရောနှောကြ၍ ပျောက်သည်။ အနုသယ–အကြောင်း ပျောက်သည်ရှိသော်၊ အကျိုး–ပရိယုဋ္ဌာန်သည်၊ အကြောင်း,အကျိုး၏ အဖြစ်ဖြင့်၊ မရောနှောရ၍ ပျောက်ပျက်၏ဟု ဆိုလိုသည်။

သဘောအထူးမှာ၊ အနုသယ ဥပ္ပန္နကိလေသာသည်၊ အာရုံအားဖြင့် မပြု၊ ဥပါဒ်,ဌီ,ဘင် အားဖြင့်လည်း မဖြစ်သောကြောင့်၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန်ကာလ ၃–ပါးသို့ မဝင်၊ ရုပ်နာမ်ခန္ဓာ၌ဖြစ်ခြင်းငှါ ထိုက်သော သဘောမျှသာတည်း။ပရိယုဋ္ဌာန အနုပ္ပန္န ကိလေသာသည်၊အာရုံပြုသောအားဖြင့်၊ ဥပါဒ်,ဌီ,ဘင်သို့ရောက်သော အားဖြင့်၊ ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတံ့ဆိုရသောကြောင့်၊ အတိတ်,အနာဂတ်, ပစ္စုပ္ပန်ကာလ ၃–ပါး သို့ဝင်သည်ဖြစ်၍၊ရုပ်နာမ်ခန္ဓာ၌ဖြစ်သော သဘောမျှပေတည်း။

ထိုကြောင့် ပရိယုဋ္ဌာန်ကိလေသာအရ၊ကာလအားဖြင့်၊အတိတ်,အနာဂတ်,ပစ္စုပ္ပန်ဟု ကိလေသာ ၃–ပါးရင်း ၃–ပါး။တွင်၊ပစ္စုပ္ပန်ကိလေသာဖြစ်သော ခန္ဓာနာမ်ရုပ်၌ ကိန်းသောအားဖြင့်၊ ဖြစ်ခြင်းငှါ ထိုက်သော အနုသယ ကိလေသာအရ၊ဥပ္ပန္နနာရဟ ကိလေသာ တပါး။ဤသို့ ၄–ပါး ဘေန်အပ်၏။ ၎င်း ၄–ပါးတို့တွင်၊ ဝိပဿနာဉာဏ်, မဂ်ဉာဏ်သည်၊ ကာလ ၃–ပါးမှ လွတ်သော၊ အနုသယ ဥပ္ပန္နနာရဟ ကိလေသာကို ပယ်၏။ ထို့ကြောင့်၊ ဝိပဿနာဉာဏ်, မဂ်ဉာဏ်ပယ်သော ကိလေသာသည်၊ကာလ ၃–ပါးသို့မဝင်၊အနုပ္ပါဒနိရောဓ–မဖြစ်ဘဲ ချုပ်ငြိမ်းသည်ဟု ဆိုရ၏။၎င်းချုပ်ငြိမ်းသော အနုသယ ကိလေသာကြောင့်၊အဆက်ဆက် ပရိယုဋ္ဌာန် ကိလေသာသည်၊ ကာလ ၃–ပါးသို့ မဝင်၊ အနုပ္ပါဒနိရောဓ အဆင့်ဆင့်မဖြစ်ဘဲ ချုပ်ငြိမ်းသည်ဟုဆိုရပြန်၏။

ဤသို့ အနုသယ,ပရိယုဋ္ဌာန် ကိလေသာ မဖြစ်ဘဲ ချုပ်ငြိမ်းခြင်းကြောင့် အဆက်ဆက် ယခု ပစ္စုပ္ပန် ခန္ဓာ နာမ် ရုပ်၌၊ တဖန် တဖန် ဖြစ်ခြင်းငှါ

ထိုက်သောဘဝသည်၊ကာလ ၃-ပါးသို့ မဝင်၊အနုပ္ပါဒနိရောဓ-မဖြစ်ဘဲ ချုပ်ငြိမ်းသည် မည်၏။ ထို့ကြောင့် ချုပ်သောအခါ၊ နိရောဓသစ္စာ ထိုက်သော,အနုသယ ကိလေသာ, ပရိယုဋ္ဌာန် ကိလေသာ၊ ဘဝ တဲ့နန် ခန္ဓာနာမ်ရုပ်ကို၊ ကာလဝိမုတ်ဟု ဆိုရလေသည်။

ထိုကဲ့သို့ ပယ်ခြင်းမျိုးကိုပင်၊ ပဟာန်ဟု ခေါ် ဆိုရ၏။ ၎င်းပဟာန်၌ ဝိပဿနာ ဉာဏ်ဖြင့် ခဏခဏ ပယ်ခြင်းသည်-တဒင်္ဂ ပဟာန် မည်၏။ သမထဖြင့် နီဝရဏကို ခွါ၍ ပယ်ခြင်းသည်-ဝိက္ခမ္ဘန ပဟာန်မည်၏။ မဂ်ဉာဏ်ဖြင့် အမြစ်ဖြတ်၍ ပယ်ခြင်းသည်-သမုစ္ဆေဒ ပဟာန်မည်၏။ ပယ်ဆိုသော်လည်း အထူးပြုရသည်မဟုတ်၊ မီးရောင်ကြောင့် မှောင် ပျောက် သကဲ့သို့။ဉာဏ်ကြောင့် ကိလေသာ ကွယ် ပျောက် သည် ကို၊ ပဟာန်ဖြင့် ပယ်သည်ဟု ဆိုရ၏။

တဖန် အဂ္ဂိုတ္တိုရ်ပါဠိတော်၊ မဟာပုရိသ ဝိတက်အရ၊ ပပဉ္စတရားကို ပြရာ၌၊ မင်္ဂဖိုလ်ဟူသည်၊ အကျယ်မကြိုက် အကျဉ်းလိုက်သော သူမြတ် တို့၏ တရားဆိုသဖြင့်၊ ဝိပဿနာအလုပ်ဟူသည်၊ အကျဉ်းချုပ်ရသော သဘောမျိုး ဖြစ်၍၊အကျဉ်းဖြစ်သော အနုသယ,ပရိယုဋ္ဌာန် ပျောက်လျှင်၊ တဏှာ,မာန,ဒိဋ္ဌိဟူသော ဂါဟ ၃-ပါး၊ပပဉ္စာသ သက္ကာယဒိဋ္ဌိ စသော ကိလေသာ တို့သည်လည်း၊ တပြိုင်နက်တည်း ပျက်စီး ကွယ်ပျောက် သည်ကို၊ ယုံကြည်စွာ နှလုံးသွင်း၍၊အကျဉ်းဖြစ်သော အမြစ်:အရင်းကို သာ၊ အလွယ်တကူနှင့် သခ်သင် ရှင်းလင်းသင့်လှပေသတည်း။

**ကိလေသာ အရပ်ရပ်ကို ပြဆိုခြင်း ပြီး၏။**

**ဘူမိကဏ္ဍ ပြီး၏။**

**ဝိပဿနာ အားထုတ်မှု စသည်ကို ပြဆိုရာ**

## အာရမ္ဘကဏ္ဍ

### ၆-ဒွါရ, ၆-အာရုံ၌ ဝိပဿနာရှုမှတ်ပုံကို ပြဆိုခြင်း

ယခုအခါ၊ အောက်တွင် ရေးသားခဲ့သော သတိပဋ္ဌာန် နည်းလမ်း အရဖြင့်၊ဝိပဿနာ ကမ္မဋ္ဌာန်း အလုပ်၌၊အားထုတ်ရှုမှတ်ပုံ အစီအစဉ်ကို၊ ထင်မြင်သိသာအောင် ရှင်းလင်းစွာ ပြဆိုပေအံ့။ ဤကဲ့သို့ သတိပဋ္ဌာန် နည်းလမ်းဖြင့် ဝိပဿနာကမ္မဋ္ဌာန်းအလုပ်ကို၊အားထုတ်ရှုမှတ်မှုဟူသည်၊ ၆-ခုသော ဒွါရအစဉ်၌၊ ထင်လာသောအာရုံ ၆-ပါးကို၊ သတိပဋ္ဌာန်

လေးပါးဖြင့် မမှားအောင် မှတ်သားခြင်း ဖြစ်ပေ၏။ ထို့ကြောင့်၊ ဒွါရ ၆-ပါးနှင့် သတိပဋ္ဌာန်တရားလေးပါးတို့၏ အရဖြင့်၊ပြဆိုသည့်အတိုင်း မှတ်သား၍၊ပွါးများအားထုတ်ကြပါလေ။

### ယခု ပြဆိုခဲ့သော ဒွါရ, အာရုံ ၆-ပါးတို့တွင်

**စက္ခုဒွါရ**၌ ထင်လာသော အဆင်း-ရူပါရုံကို ဝိပဿနာ ရှုမှတ်ပုံမှာ၊ မျက်စိဖြင့် အဆင်းအမျိုးမျိုးကို မြင်သောအခါ၊ မြင်တယ်ဟူ၍သာ မှတ်။ မိန်းမကို မြင်တယ်၊ယောကျ်ားကို မြင်တယ်၊လူကို မြင်တယ်၊ဘုန်းကြီးကို၊ မြင်တယ်၊ကျွဲ,နွားကို မြင်တယ်၊ဆင်,မြင်းကို မြင်တယ်၊ခွေး,ကို မြင်တယ်၊ အိမ်ကို မြင်တယ်၊ ကျောင်းကို မြင်တယ်၊ ဤသို့စသည်ဖြင့် အဆင်း၏ တည်ရာ သဏ္ဌာန် ဒြပ်နှင့် အမည်သညာတွေကို မမှတ်နှင့်။ သဏ္ဌာန် ဒြပ်နှင့် အမည် သညာတို့သည် ပညတ်ဖြစ်၏။ အဆင်းသည် ပရမတ် ဖြစ်၏။ထို့ကြောင့် မြင်သောခဏ၌ ပညတ်ကွာစေ၍၊ ပရမတ်သဘော မျှသာ အသိဉာဏ်၌ ထင်မြင်လာအောင်၊ မြင်လျှင် မြင်တယ် ဟူ၍သာ မှတ်ရလေ၏။

### ဤကား ‘မြင်သောခဏ၌၊ ဝိပဿနာရှုမှတ်ပုံကို ပြဆိုခြင်းတည်း။

**သောတဒွါရ**၌ ထင်လာသော အသံ၊သဒ္ဒါရုံကို ဝိပဿနာရှုမှတ်ပုံမှာ၊ နားဖြင့် အသံအမျိုးမျိုးကို ကြားသောအခါ၊ ကြားတယ် ဟူ၍သာ မှတ်။ မိန်းမသံ, ယောကျ်ားသံ, လူသံ,ဘုန်းကြီးသံ, ကျွဲ နွားသံ,ဆင် မြင်းသံ, ခွေး ဝက်သံကို ကြားတယ်၊ လူသံတွင်လည်း၊ ငိုသံ ရယ်သံ၊ အော်သံ ခေါ်သံ၊ ပြောသံ ဆိုသံ၊သီချင်းသံ ဘုရားရှိခိုးသံ၊ မိုဃ်းသံ လေသံ၊ ဗုံသံ နှဲသံ၊စည်သံ မောင်းသံ၊ချိုးငှက်သံ ကျေးငှက်သံကို ကြားတယ်၊ ဤသို့ စသည် ဖြင့် အသံ၏ တည်ရာ သဏ္ဌာန်, ဒြပ်နှင့်၊ **အသံ**၏ ဖြစ်ရာ နေရာအရပ် စသော အမည်သညာတွေကို မမှတ်နှင့်။

သဏ္ဌာန်,ဒြပ် နေရာအရပ်နှင့် အမည်သညာတို့သည် ပညတ် ဖြစ်၏။ **အသံ**သည် ပရမတ်ဖြစ်၏။ထို့ကြောင့် ကြားသောခဏ၌ ပညတ်ကွာစေ ၍၊ ပရမတ်သဘောမျှသာ အသိဉာဏ်၌ထင်မြင်လာအောင်၊ ကြားလျှင် ကြားတယ်ဟူ၍သာ မှတ်ရလေသည်။

### ဤကား ကြားသောခဏ၌၊ဝိပဿနာရှုမှတ်ပုံကို ပြဆိုခြင်းတည်း။

**ဃာနဒွါရ** ၌ ထင်လာသော အနံ့-ဂန္ဓာရုံကို ဝိပဿနာ ရှုမှတ်ပုံမှာ၊ နှာခေါင်းဖြင့် အနံ့အမျိုးမျိုးကို နံသောအခါ၊နံတယ်ဟူ၍သာမှတ်။မိန်းမနံ့

ယောက်ျားနဲ့,လူနဲ့,ဘုန်းကြီးနဲ့,ကျွဲနွားနဲ့,ဆင်မြင်းနဲ့,ခွေးဝက်နဲ့, အပုပ်နဲ့, အမွှေးနံ့ကို နံတယ်၊ ဤသို့ စသည်ဖြင့် အနံ့၏တည်ရာ သဏ္ဍာန်,ဖြစ်နှင့်၊ အမည်သညာတွေကို မမှတ်နှင့်။သဏ္ဍာန်,ဒြပ်နှင့် အမည်သညာတို့သည် ပညတ် ဖြစ်၏။ အနံ့သည် ပရမတ် ဖြစ်၏။ ထို့ကြောင့် နံသောခဏ၌ ပညတ် ကွာစေ၍၊ ပရမတ် သဘောမျှသာ အသိဉာဏ်၌ ထင်မြင်လာအောင်၊ နံလျှင် နံတယ်ဟူ၍သာ မှတ်ရလေသည်။

ဤကား နံသောခဏ၌၊ဝိပဿနာရှုမှတ်ပုံကို ပြဆိုခြင်း၊တည်း။

**ဇိဝှါဒွါ**ရ၌ ထင်လာသော အရသာ-ရသာရုံကို ဝိပဿနာရှုမှတ်ပုံမှာ၊ လျှာဖြင့် အစာအမျိုးမျိုးကို စားရသောအခါ၊ စားတယ် ဟူ၍သာ မှတ်။ ထမင်းဟင်းကို စားတယ်၊ ဝက်သား ကြက်သားကို စားတယ်၊ ထန်းလျက် သကြားကို စားတယ်၊ဤသို့စသည်ဖြင့် အရသာ၏ တည်ရာ သဏ္ဍာန်,ဒြပ်နှင့်၊အစာ၏ အမည်သညာတွေကို မမှတ်နှင့်။ သဏ္ဍာန်ဒြပ်နှင့်၊အစာ၏ အမည်သညာတို့သည် ပညတ်ဖြစ်၏။ အစာအရသာသည်၊ ပရမတ်ဖြစ်၏၊ ထို့ကြောင့် စားသောခဏ၌ ပညတ်ကွာစေ၍၊ ပရမတ် သဘောမျှသာ အသိဉာဏ်၌ ထင်မြင်လာအောင်၊ စားလျှင် စားတယ် ဟူ၍သာ မှတ်ရလေသည်။

ဤကား စားသောခဏ၌ ဝိပဿနာရှုမှတ်ပုံကို ပြဆိုခြင်းတည်း။

**ကာယဒွါ**ရ၌ ထင်လာသော အတွေ့-ဖောဋ္ဌဗ္ဗာရုံကို ဝိပဿနာ ရှုမှတ်ပုံမှာ၊ ကိုယ်ဖြင့် အတွေ့အမျိုးမျိုးကိုထိသောအခါ၊ထိလျှင် ထိတယ်၊ ဟူ၍သာ မှတ်။မိန်းမကို ထိတယ်၊ယောက်ျားကို ထိတယ်၊လူကို ထိတယ်၊ ဘုန်းကြီးကို ထိတယ်၊ ကျွဲ,နွားကို ထိတယ်၊ဆင်,မြင်းကို ထိတယ်၊ ခွေး, ဝက်ကို ထိတယ်၊ ပုဆိုးထမီ အင်္ကျီ ပုဝါ ပုဂံ လင်ပန်းကို ထိတယ်၊ သင်္ကန်း သပိတ် ပရိက္ခရာကိုထိတယ်၊ ဤသို့ စသည်ဖြင့်၊အတွေ့၏ တည်ရာ သဏ္ဍာန်,ဒြပ်နှင့် အမည်သညာတွေကို မမှတ်နှင့်။ သဏ္ဍာန်,ဒြပ်နှင့် အမည် သညာ တို့သည် ပညတ်ဖြစ်၏။ အတွေ့သည် ပရမတ် ဖြစ်၏။ ထို့ကြောင့် ထိသောခဏ၌ ပညတ်ကွာစေ၍၊ ပရမတ် သဘောမျှသာ အသိဉာဏ်၌ ထင်မြင်လာအောင်၊ ထိလျှင် ထိတယ် ဟူ၍သာ မှတ်ရလေသည်။

ဤကား ထိသောခဏ၌၊ဝိပဿနာရှုမှတ်ပုံကို ပြဆိုခြင်း၊တည်း၊

**မနောဒွါ**ရ၌ ထင်လာသော သဘော-ဓမ္မာရုံကို ဝိပဿနာရှုမှတ်ပုံမှာ၊စိတ်ဖြင့် သဘောကို သိသောအခါ၊ သိလျှင် သိတယ်ဟူ၍သာ မှတ်။

ဘယ်လှန်းတာ, ညာလှန်းတာကို သိတယ်၊ ကွေးတာ, ဆန့်တာကို• သိတယ်၊ချမ်းသာတာ, ဆင်းရဲတာကို သိတယ်၊ တ်ကောင်းတာ,မကောင်းတာကို သိတယ်၊ ဤသို့စသည်ဖြင့်၊ သဘော၏တည်ရာ သဏ္ဌာန်,၊ဒြပ်နှင့် အမည်သညာတို့ကို မမှတ်နှင့်။ သဏ္ဌာန်,ဒြပ်နှင့် အမည် သညာတို့သည် ပညတ်ဖြစ်၏။သဘောသည် ပရမတ် ဖြစ်၏။ထို့ကြောင့် သိသောခဏ၌ ပညတ်ကွာ၍၊ပရမတ်သဘောမျှသာ အသိဉာဏ်၌ ထင်မြင်လာအောင် သိလျှင် သိတယ်ဟူ၍သာ မှတ်ရလေသည်။ ဤကား သိသော ခဏ၌ ဝိပဿနာရှုမှတ်ပုံကို ပြဆိုခြင်းတည်း။မြင် မြင်တယ်,ကြားကြားတယ်, နံ နံတယ်,စား စားတယ်, ထိ ထိတယ်,သိ သိတယ်၊ မြင်တယ်, ကြားတယ်, နံတယ်,စားတယ်, ထိတယ်,သိတယ်။

**ဤကား ရှုမှတ်ပုံ သက်သက်ကို ပြဆိုခြင်းတည်း။**

၆ဒွါရ,၆-အာရုံ၌ ဝိပဿနာရှုမှတ်ပုံကို ပြဆိုခြင်းပြီး၏။

---

## ရှုမှတ်သော အာရုံ,ဒွါရ သဘာဝပေါ်ဝင်ပုံကို ပြဆိုခြင်း

ဒွါရ ၆-ပါး၌ ထင်လာသော အာရုံ ၆-ပါးကို ရှုမှတ် ပွါးများရာ၌ ခဏအားဖြင့် ၆-ပါးဖြစ်၏။ခဏ ၆-ပါးဟူသည်ကား၊မြင်သော ခဏ, ကြားသောခဏ,နံသော ခဏ, စားသော ခဏ,ထိသော ခဏ,သိသော ခဏ၊ဤသို့အားဖြင့် ခဏ ၆-ပါးဖြစ်၏။ ထိုခဏ ၆-ပါးဖြစ်သော အခါ စပ်ဆိုင်ရာ သဘော တရားတို့သည်လည်း တပြိုင်နက်တည်း ပါဝင်၍၊ ပါဝင်သော သဘာဝတရားအစဉ်ကို၊ အကုန်ပင်လျှင် စိတ်တချက်တည်းနှင့်၊ထင်မြင် သိရှိပြီးဖြစ်လေတော့သည်။

ထို ၆-ပါးသောခဏတို့တွင်၊ မြင်သောခဏ ဟူသည်ကား၊ မျက်စိက-ကြည်လင်၊ အဆင်းက-ထင်၊ စက္ခုဝိညာဏက-မြင်၊ ဖဿက-တွေ့၊ ဝေဒနာက-ခံစား။ ဤငါးပါးတို့ ပေါင်းဆုံမိခြင်းသည်၊ မြင်သောခဏမည်၏။ ထို့ကြောင့် မြင်သောခဏ၌၊ မြင်တယ်ဟု မှတ်လျှင်၊ ကြည်လင်တဲ့သဘော-စက္ခု ဒွါရ-မျက်စိ၊ ထင်တဲ့သဘော- ရူပါရုံ အဆင်း၊ မြင်တဲ့သဘော-စက္ခုဝိညာဏ၊ တွေ့တဲ့ သဘော-ဖဿ၊ ခံစားတဲ့သဘော-ဝေဒနာ၊ ၎င်းသဘောတရား ငါးပါးလုံးကို၊ တပြိုင်နက် တချက်တည်း ပေါင်းရုံး၍ သိသည်မည်၏။

**စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခု ဝိညာဏံ။ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ။** (သံယုတ်ပါဠိတော်)

စက္ခုဉ္စ ပဋိစ္စ၊မျက်စိကြောင့်ရင်း။ရူပေစ ပဋိစ္စ၊အဆင်းတို့ကြောင့်ရင်း။ စက္ခုဝိညာဏံ၊ မြင်ခြင်းသည်၊ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။ တိဏ္ဏံ၊ မျက်စိ, အဆင်း,မြင်ခြင်း ၃-ပါးတို့၏။ သင်္ဂတိ၊ ပေါင်းဆုံခြင်းသည်။ ဖဿော၊ တွေ့ထိခြင်း ဖဿမည်၏။ ဖဿ ပစ္စယာ၊ တွေ့ထိခြင်း ဖဿကြောင့်။ ဝေဒနာ၊ သုခ,ဒုက္ခ, ဥပေက္ခာ ဟူသော၊ခံစားခြင်းဝေဒနာ ၃-ပါးသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။

**ဤကား မြင်သောခဏ၌၊သဘာ၀ပါ၀င်ပုံကို ပြဆိုခြင်းတည်း။**

**ကြားသောခဏ** ဟူသည်ကား၊ နားက-ကြည်လင်၊အသံက-ထင် သောတဝိညာဏ်က-ကြား၊ဖဿက-တွေ့၊ ဝေဒနာက-ခံစား။ ဤငါးပါး တို့ပေါင်းဆုံမိခြင်းသည်၊ကြားသောခဏမည်၏။ ထို့ကြောင့် ကြားသော ခဏ၌၊ကြားတယ်ဟုမှတ်လျှင်၊ကြည်လင်တဲ့သဘော သောတနှါရ-နား၊ ထင်တဲ့သဘော သဒ္ဒါရုံ-အသံ၊ ကြားတဲ့သဘော သောတ-ဝိညာဏ်၊ တွေ့တဲ့သဘော ဖဿ၊ ခံစားတဲ့သဘော-ဝေဒနာ၊ ရင်း သဘောတရား ငါးပါးလုံးကို၊ တပြိုင်နက်တချက်တည်း ပေါင်းရုံး၍ သိသည်မည်၏။

**သောတဉ္စ ပဋိစ္စ သဒ္ဒေစ ဥပ္ပဇ္ဇတိ သောတ ဝိညာဏံ။ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ။** (သံယုတ်ပါဠိတော်။)

သောတဉ္စ ပဋိစ္စ၊နားကြောင့်ရင်း။သဒ္ဒေစ ပဋိစ္စ၊အသံတို့ကြောင့်ရင်း။ သောတဝိညာဏံ၊ကြားခြင်းသည်။ ဥပ္ပဇ္ဇတိ၊ဖြစ်ပေါ်လာ၏။ တိဏ္ဏံ၊နား, အသံ,ကြားခြင်း ၃-ပါးတို့၏။ သင်္ဂတိ၊ ပေါင်းဆုံခြင်းသည်။ ဖဿော၊ တွေ့ထိခြင်း ဖဿ မည်၏။ ဖဿပစ္စယာ၊ တွေ့ထိခြင်း ဖဿကြောင့်။ ဝေ ဒနာ၊ သုခ,ဒုက္ခ,ဥပေက္ခာ ဟူသော၊ခံစားခြင်းဝေဒနာ ၃-ပါးသည်။ဥပ္ပဇ္ဇ တိ၊ဖြစ်ပေါ်လာ၏။

**ဤကား ကြားသောခဏ၌၊ သဘာ၀ပါ၀င်ပုံကို ပြဆိုခြင်းတည်း။**

**နံသောခဏ** ဟူသည်ကား၊ နှာခေါင်းက-ကြည်လင်၊ အနံ့က-ထင်၊ ဃာနဝိညာဏ်က-နံ၊ဖဿက-တွေ့၊ဝေဒနာက-ခံစား။ဤငါးပါးတို့ပေါင်း ဆုံမိခြင်းသည်၊ နံသောခဏမည်၏ ထို့ကြောင့် နံသောခဏ၌၊ နံတယ်ဟု

မှတ်လျှင်၊ ကြည်လင်တဲ့သဘော ဃာနဒွါရ-နှာခေါင်း၊ ထင်တဲ့သဘော ဂန္ဓာရုံ-အနံ့၊ နံတဲ့သဘော-ဃာနဝိညာဏ်၊တွေ့တဲ့သဘော-ဖဿ၊ ခံစားတဲ့သဘော-ဝေဒနာ၊ ၎င်းသဘောတရား ငါးပါးလုံးကို၊ တပြိုင်နက်တချက်တည်း ပေါင်းရုံး၍ သိသည်မည်၏။

**ဃာနဉ္စ ပဋိစ္စ ဂန္ဓေစ ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ။ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ။** (သံယုတ်ပါဠိတော်)

ဃာနဉ္စ ပဋိစ္စ၊ နှာခေါင်း ကြောင့်၎င်း။ ဂန္ဓေစ ပဋိစ္စ၊ အနံ့တို့ကြောင့်၎င်း။ ဃာနဝိညာဏံ၊ နံခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။ တိဏ္ဏံ၊ နှာခေါင်း, အနံ့, နံခြင်း ၃-ပါးတို့၏။ သင်္ဂတိ၊ ပေါင်းဆုံ ခြင်းသည်။ ဖဿော၊ တွေ့ထိခြင်း ဖဿ မည်၏။ ဖဿပစ္စယာ၊ တွေ့ထိခြင်း ဖဿကြောင့်။ဝေဒနာ၊သုခ,ဒုက္ခ,ဥပေက္ခာ ဟူသော၊ခံစားခြင်းဝေဒနာ ၃-ပါးသည်။ ဥပ္ပဇ္ဇတိ၊ဖြစ်ပေါ်လာ၏။

**ဤကား နံသောခဏ၌၊သဘာဝပေါ်ပုံကိုပြဆို ခြင်းတည်း။**

**စားသောခဏ**ဟူသည်ကား၊လျှာက-ကြည်လင်၊အရသာက-ထင်၊ ဇိဝှါဝိညာဏ်က-စား၊ ဖဿက-တွေ့၊ ဝေဒနာက-ခံစား။ ဤငါးပါးတို့ ပေါင်းဆုံမိခြင်းသည်၊စားသောခဏမည်၏။ထို့ကြောင့် စားသောခဏ၌၊ စားတယ်ဟု မှတ်လျှင်၊ ကြည်လင်တဲ့သဘော ဇိဝှါဒွါရ-လျှာ၊ထင်တဲ့သဘော ရသာရုံ-အစာ၊စားတဲ့သဘော-ဇိဝှါဝိညာဏ်၊ တွေ့တဲ့သဘော-ဖဿ၊ခံစားတဲ့သဘော-ဝေဒနာ၊ ၎င်းသဘောတရား ငါးပါးလုံးကို၊ တပြိုင်နက်တချက်တည်း ပေါင်းရုံး၍ သိသည်မည်၏။

**ဇိဝှဉ္စ ပဋိစ္စ ရသေစ ဥပ္ပဇ္ဇတိ ဇိဝှါ ဝိညာဏံ။ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ။** (သံယုတ်ပါဠိတော်)

ဇိဝှဉ္စ ပဋိစ္စ၊လျှာကြောင့်၎င်း။ရသေစ ပဋိစ္စ၊အစာတို့ကြောင့်၎င်း။ဇိဝှါဝိညာဏံ၊စားခြင်းသည်။ဥပ္ပဇ္ဇတိ၊ဖြစ်ပေါ်လာ၏။ တိဏ္ဏံ၊လျှာ,အစာ,စားခြင်း ၃-ပါးတို့၏။ သင်္ဂတိ၊ ပေါင်းဆုံခြင်းသည်။ ဖဿော၊ တွေ့ထိခြင်း ဖဿမည်၏။ ဖဿပစ္စယာ၊ တွေ့ထိခြင်း ဖဿကြောင့်။ ဝေဒနာ၊ သုခ, ဒုက္ခ,ဥပေက္ခာဟူသော၊ ခံစားခြင်း ဝေဒနာ ၃-ပါးသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။

**ဤကား စားသောခဏ၌၊ သဘာဝပေါ်ပုံကိုပြဆိုခြင်းတည်း။**

**ထိသောခဏာ**ဟူ သည်ကား၊ ကိုယ်က-ကြည်လင်၊ အတွေ့က-ထင်၊ ကာယဝိညာဏ်က-ထိ၊ ဖဿက-တွေ့၊ ဝေဒနာက-ခံစား။ ဤငါးပါးတို့ ပေါင်းဆုံမိခြင်းသည်၊ထိသောခဏမည်၏။ ထို့ကြောင့် ထိသောခဏာ၌၊ ထိတယ်ဟု မှတ်လျှင်၊ ကြည်လင်တဲ့သဘော ကာယဒွါရ-ကိုယ်၊ထင်တဲ့ သဘော ဖောဋ္ဌဗ္ဗာရုံ-အတွေ့၊ ထိတဲ့သဘော-ကာယဝိညာဏ်၊ တွေ့တဲ့ သဘော-ဖဿ၊ ခံစားတဲ့သဘော-ဝေဒနာ၊ ၎င်းသဘောတရား ငါးပါး လုံးကို၊တပြိုင်နက် တချက်တည်း ပေါင်းရုံး၍ သိသည်မည်၏။

**ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ။ တိဏ္ဏံ သင်္ဂတိ ဖဿော၊ဖဿပစ္စယာ ဝေဒနာ။**

(သံယုတ်ပါဠိတော်)

ကာယဉ္စ ပဋိစ္စ၊ကိုယ်ကြောင့်၎င်း။ဖောဋ္ဌဗ္ဗေစ ပဋိစ္စ၊အတွေ့တို့ကြောင့် ၎င်း။ ကာယဝိညာဏံ၊ ထိခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။ တိဏ္ဏံ၊ ကိုယ်, အတွေ့, ထိခြင်း ၃-ပါးတို့၏။ သင်္ဂတိ၊ ပေါင်းဆုံခြင်းသည်။ ဖဿော၊ တွေ့ထိခြင်း ဖဿမည်၏။ ဖဿပစ္စယာ၊ တွေ့ထိခြင်း ဖဿ ကြောင့်။ဝေဒနာ၊သုခ,ဒုက္ခ,ဥပေက္ခာဟူသော ခံစားခြင်း ဝေဒနာ ၃-ပါး သည်။ဥပ္ပဇ္ဇတိ၊ဖြစ်ပေါ်လာ၏။

**ဤကား ထိသောခဏာ၌၊ သဘာဝပါဝင်ပုံကို ပြဆိုခြင်းတည်း။**

**သိသောခဏာ** ဟူသည်ကား၊ စိတ်နှလုံးက-ကြည်လင်၊သဘောက- ထင်၊မနောဝိညာဏ်က-သိ၊ဖဿက-တွေ့၊ဝေဒနာက-ခံစား။ဤငါးပါးတို့ ပေါင်းဆုံမိခြင်းသည်၊ သိသောခဏမည်၏။ ထို့ကြောင့် သိသောခဏာ၌၊ သိတယ်ဟု မှတ်လျှင်၊ ကြည်လင်တဲ့သဘော မနောဒွါရ-စိတ်နှလုံး၊ထင် တဲ့သဘော ဓမ္မာရုံ-သဘော၊ သိတဲ့သဘော-မနောဝိညာဏ်၊ တွေ့တဲ့ သဘော-ဖဿ၊ ခံစားတဲ့သဘော- ဝေဒနာ၊၎င်းသဘောတရား ငါးပါး လုံးကို၊တပြိုင်နက်တချက်တည်း ပေါင်းရုံး၍ သိသည်မည်၏။

**မနဉ္စ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ မနောဝိညာဏံ။ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ။** (သံယုတ်ပါဠိတော်။)

မနဉ္စ ပဋိစ္စ၊ စိတ်နှလုံးကြောင့်၎င်း။ ဓမ္မေစ ပဋိစ္စ၊သဘောတို့ကြောင့် ၎င်း။ မနောဝိညာဏံ၊ သိခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။ တိဏ္ဏံ၊ စိတ်နှလုံး, သဘော, သိခြင်း ၃-ပါးတို့၏။ သင်္ဂတိ၊ ပေါင်း ဆုံ ခြင်း

သည်။ ဖဿော၊ တွေ့ထိခြင်း ဖဿ မည်၏။ ဖဿပစ္စယာ၊ တွေ့ထိခြင်း ဖဿ ကြောင့်။ ဝေဒနာ၊ သုခ, ဒုက္ခ, ဥပေက္ခာ၊ ဟူသော ခံစားခြင်း ဝေဒနာ ၃-ပါးသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။

**ဤကား သိသောခဏ၌၊ သဘာဝပေါင်းပုံကို ပြဆိုခြင်းတည်း။**

ဥပမာအားဖြင့် မှတ်သားရန်မှာ၊ ငါးမျိုးသော အစာတို့ဖြင့် ရောနှော ချက်ထားသော ဟင်းလျာကို၊ အနည်းငယ်မျှ စားသောအခါ၊ အရသာ၏ အမည်ကို တခုစီ စိတ်ဖြာပြီး၊ လျှာပေါ်မှာ ခွဲခြား၍ မသိသော်လည်း၊ တပြိုင်နက် တချက်တည်းပင်လျှင်၊ အရသာ ငါးမျိုးတို့ ပါပြီး၊ စားပြီး ဖြစ်လေ၏။

ထိုအတူ ဒွါရ ၆-ပါး၌၊ ထိခိုက်လာသော အာရုံ ၆-ပါးကို ရှုမှတ် သောအခါ၊ ဝိပဿနာစိတ် တချက်, တချက်၌ ပါဝင်သော၊ ဒွါရ, အာရုံ, ဝိညာဏ်, ဖဿ, ဝေဒနာ ငါးပါးတို့ကို၊ တခုစီ တခုစီ အမည်ကို ခွဲခြား၍ မပြောကြား မှတ်သားနိုင်သော်လည်း။ ဓမ္မသဘာဝအားဖြင့်၊ ထိုတရား ငါးပါးတို့ ပါဝင်သဖြင့်၊ ထင်မြင် သိရှိပြီးဖြစ်လေတော့သည်။

ဤမျှသာ မကသေး၊ အောက် ဘူမိကထာ၌ ပြဆိုခဲ့သည့် နည်းအရ၊ ၆-ပါးသောခဏတို့၌၊ သူ့၊ ဒွါရ, သူ့အာရုံ အားလျော်စွာ၊ အတူ တကွ ဖြစ်ပေါ်လာသော ကလာပ်စည်းတွင် ပါဝင်သည့်၊ ရုပ်နာမ်အစဉ် ရုပ်နာမ် အပေါင်းတို့ကိုလည်း၊ တပြိုင်နက် တချက်တည်းပင်၊ သိပြီး မြင်ပြီးဖြစ် လေတော့၏။

ထို့ကြောင့် ယခုပြဆိုခဲ့သော၊ သံယုတ် ပါဠိတော်အလာ ဥပမာအရ နှင့်၊ သဘာဝ ပါဝင်သော ရှုမှတ်စဉ်ကို၊ သဘောဉာဏ် သက်ဝင် ယုံကြည်သဖြင့်၊ အသင့်အတင့် နှလုံးသွင်းခြင်းဟူသော၊ ယောနိသော မန သိကာရကို ရှေ့ထား၍၊ ဒွါရ ၆-ပါး၌ ဖြစ်သော အာရုံ ၆-ပါးတို့က၊ တန့် နားခြင်း မရှိသဖြင့်၊ ဖြစ်ပေါ်တိုင်း သဘောမှန်ကို၊ ဝိပဿနာဉာဏ်၌ ထင် မြင် သိရှိလာအောင်၊ ရှုမှတ်ခြင်းသတိက မဆိုင်းမရပ်ဘဲ၊ အဖန်ဖန် အထပ်ထပ် ပွါးများ အားထုတ်သင့်လှ ပေသတည်း။

**ဤကား သဘာဝပေါ်ပုံကို၊ ဥပမာတင်၍ ပြဆိုခြင်းတည်း။**

**အာရုံ, ဒွါရ၌ သဘာဝပေါင်းပုံကို ပြဆိုခြင်းပြီး၏။**

ဤကျမ်း၌ ပြဆိုရေးသားသော စကားအစဉ်သည်၊ သတိပဋ္ဌာန် ပါဠိတော်တွင် လာသော နည်းလမ်းအရဖြင့်၊ဝိပဿနာကမ္မဋ္ဌာန်းကို အားထုတ်ပုံ အဓိပ္ပါယ်များဖြစ်၏။ ထို့ကြောင့် အားမထုတ်မီ ရှေးဦးအစ၌၊ယထာဘူတကျ၍ဟုတ်မှန်သော သဘာဝဓမ္မကို သိရှိကြစေရန်၊သတိပဋ္ဌာနပုဒ်နှင့်ဝိပဿနာပုဒ်တို့၏အထူးဒွါရဖြစ်သော အနက်အဓိပ္ပါယ် အရကို ရှင်းလင်းကွဲပြားစွာ ရေးသားပြဆိုပေအံ့။

ထို သတိပဋ္ဌာန-ပုဒ်နှင့် ဝိပဿနာ-ပုဒ်တို့တွင်၊ မဟာဋီကာ၌ ဖွင့်ပြသော သတိ-ပုဒ်၏အရမှာ၊ **သတိ ဟိ ဓာရဏာတိ နိဒ္ဒိဋ္ဌာ။ ဓာရဏာဥ္စ သလ္လက္ခဏံ။** ။ဟိ သစ္စံ၊မှန်၏။သတိ၊သတိကို။ဓာရဏာတိ၊ ဓာရဏာ-အနက်ဟူ၍။ နိဒ္ဒိဋ္ဌာ၊ ညွှန်ပြအပ်၏။ ဧတ္ထ၊ ဤသတိကို ဓာရဏာ-- အနက်ဟုညွှန်ပြရာ၌။ ဓာရဏာဥ္စ၊ ဓာရဏာ-ဟူသည်ကား။ သလ္လက္ခဏံ၊ ကောင်းစွာမှတ်ခြင်းတည်း။

**အဓိပ္ပါယ်ကား၊** သတိ-ပုဒ်သည်၊ မှတ်ခြင်း အနက်ဖြစ်၏။ သတိ-ပုဒ်ကို၊အောက်မေ့ခြင်းဟု အနက်ပေးရာ၌လည်း၊မှတ်ခြင်းသဘောကိုသာ ယူရမည်ဟုဆိုလိုသည်။

**အထဝါ ဥပဓာရေတဗ္ဗန္တိ သတိပုဗ္ဗင်္ဂမာယ ပညာယ ဥပလက္ခေတဗ္ဗံ၊ န ဟိ သတိရဟိတာ ပညာ အတ္ထိ။** ။အထဝါ၊တနည်းကား။ ဥပဓာရေတဗ္ဗန္တိ၊ မှတ်အပ်၏ ဟူသည်ကား။ သတိ ပုဗ္ဗင်္ဂမာယ၊ သတိ ရှေ့သွားရှိသော။ ပညာယ၊ ပညာဖြင့်။ ဥပလက္ခေတဗ္ဗံ၊မှတ်အပ်၏။ဟိ သစ္စံ၊ မှန်၏။သတိ ရဟိတာ၊မှတ်ခြင်း သတိမှကင်းသော။ ပညာ၊ အသိဉာဏ်သည်။နတ္ထိ၊မရှိ။

**အဓိပ္ပါယ်ကား၊**အသိဉာဏ်ပညာဟူသည်၊မှတ်ခြင်းသတိနှင့် မကင်းနိုင်သဖြင့်၊သတိ ရှေ့သွားရှိသော ဉာဏ်ပညာကိုသာ၊ဤနေရာ၌ မှတ်ခြင်းအနက် ယူရမည်ဟုဆိုလို၏။

ယခုပြဆိုခဲ့သော ဋီကာစကား၏ အဓိပ္ပါယ်များအရဖြင့်၊ သတိပုဗ္ဗင်္ဂမ ဟုဆိုသော်လည်း၊ သမာဓိမျှ လောက်ကိုသာ မယူဘဲ၊ အသိ ဉာဏ် ပညာ ဟူသော၊ ဝိပဿနာကို ထိအောင် ယူရမည်ဟု ပြဆို၏။ တဖန် မှတ်ခြင်း ဟူသော အနက်ကို၊သညာ စေတသိက်ဟု မယူဘဲ၊ သတိ စေတသိက်ကိုသာ ယူရမည်ဟု ဆိုလိုရင်းသဘောသွားကို၊ ကွဲပြားအောင် သတိထားသင့်ပေသည်။

**ပညာ ပဝိစယောတိ နိဒ္ဒိဋ္ဌာ။ပဝိစယော စေတ္ထ နိစ္ဆယော။ ။**
ပညာ၊အသိဉာဏ်ပညာကို။ ပဝိစယောတိ၊ ပဝိစယ-အနက်ဟူ၍။ နိဒ္ဒိဋ္ဌာ၊ ညွှန်ပြအပ်၏။ ဧတ္ထ၊ ဤပညာကို ပဝိစယ- အနက်ဟု ညွှန်ပြရာ၌။ ပဝိစယော စ၊ပဝိစယ-ဟူသည်ကား။နိစ္ဆယော၊ဆုံးဖြတ်ခြင်းတည်း။

**အဓိပ္ပါယ်ကား၊** ဝိပဿနာအရာ၌၊အသိပညာကို၊ပဝိစယ- ဟုဆိုသဖြင့်၊ ဆုံးဖြတ်ခြင်း-အနက်ယူရမည်ဟုဆိုလိုသည်။

**အထဝါ ဝေတ္တာပေတဗ္ဗန္တိ ပညာပုဗ္ဗင်္ဂမာယ သတိယာ နိန္တိတဗ္ဗံ။ ပညာသဟိတာဝ ဟိ သတိ ဣဓ ဝိပ္ပေတာ၊ န တဗ္ဗိရဟိတာ။** ။အထဝါ၊ တနည်းကား။ ဝေတ္တာပေတဗ္ဗန္တိ၊ ဝေတ္တာပေတဗ္ဗံ–ဟူသည်ကား။ပညာပုဗ္ဗင်္ဂမာယ၊အသိဉာဏ် ရှေ့သွားရှိသော။ သတိယာ၊ မှတ်ခြင်း သတိဖြင့်။ နိန္တိတဗ္ဗံ၊ ဆုံးဖြတ်အပ်၏။ ဟိ သစ္စံ၊ မှန်၏။ ပညာသဟိတာဝ၊ ပညာနှင့်တကွသာလျှင်ဖြစ်သော။ သတိ၊ မှတ်ခြင်း သတိကို။ ဣဓ၊ ဤဝိပဿနာအရာ၌။ အဓိပ္ပေတာ၊ အလိုရှိအပ်၏။ တဗ္ဗိရဟိတာ ထိုပညာမှကင်းသော သတိကို။ န အဓိပ္ပေတာ၊အလိုမရှိအပ်။

**အဓိပ္ပါယ်ကား၊** ပညာသည် ဆုံးဖြတ်ခြင်းအနက်ဖြစ်၏ဆိုရာ၌၊ပညာရှေ့သွားရှိသော သတ်ဖြင့် ဆုံးဖြတ်သည်မည်၏။ထို့ကြောင့် ပညာနှင့် အတူတကွဖြစ်သော သတိကိုသာ၊ ဤနေရာ၌ ဆုံးဖြတ်ခြင်းအနက်ဟု ယူအပ်၏။ တဖန် သတိသည် ဆုံးဖြတ်ခြင်းအနက်ဖြစ်၏ ဆိုသော်လည်း၊ပညာမှကင်းသော သတိကို မယူအပ်ဟု ဆိုလိုသည်။

ယခု ပြဆိုခဲ့သော ဋီကာစကား၏ အဓိပ္ပါယ်များ အရဖြင့်၊ ရုပ်နာမ် စသော ပရမတ် သဘော အမှုအရာကို၊ ဟုတ်တိုင်းမှန်စွာ သိအောင် ရှုမှတ်သော ဝိပဿနာအရာ၌၊ သတိနှင့် ပညာတို့သည်၊ ထေပတ် ယူခဲ့ ဟုဆိုရာ၊ ထည့်သော ခွက်ပါရသော၊ မကင်း မကွာ နိုင်သည့်၊ အဝိနာဘာဝ နည်းမျိုးကဲ့သို့။ သတိဖြစ်လျှင် ပညာ မကင်းကောင်း၊ပညာဖြစ်လျှင်လည်း၊သတိမကင်းကောင်း၍၊တပေါင်းတည်း အတူတကွဖြစ်သည် မည်၏။

တဖန် မှတ်ခြင်းအနက်ကို ပြရာ၌၊သတိ ရှေ့သွားရှိသော ပညာကို ယူ၍၊ သိခြင်း အနက်ကိုပြရာ၌၊ ပညာ ရှေ့သွားရှိသော သတိကို ယူပြန်သည်မှာ၊ ဝိပဿနာအလုပ်ကို အားထုတ်ရှုမှတ်စ အခါတွင်၊ အသိဉာဏ် ပညာ မပေါ်လွင်သေးဘဲ၊မှတ်ခြင်း သတိသာလျှင် ထင်ရှား၏။ အမှတ် များ ဖြောင့်မှန်၍ ဉာဏ်ပေါ် လာသောအခါ၊သတိမှာ မပေါ်လွင်တော့ဘဲ၊ ပညာသာလျှင် ထင်ရှားသည်ဟု ဆိုလို၏။

ဤအခါမျိုးသို့ရောက်လျှင်၊သတိကို မှတ်ခြင်းအနက် မယူဘဲ၊ထင်ခြင်း အနက်ကိုသာယူရမည်။ပညာ သိသမျှသဘောတို့သည်၊အမြဲအစဉ် ထင် နေလေတော့သည်ဟု ဆိုလို၏။ထို့ကြောင့်၊ဥပဋ္ဌာနဋ္ဌေန သတိ--ဟု အဋ္ဌကထာ၌ လာ၏။ ။ဥပဋ္ဌာနဋ္ဌေန၊ အမြဲအစဉ် ထင်နေသော အနက် သဘောကြောင့်။သတိ၊သတိမည်၏။ ။ဤကား သတိအနက်နှင့် တကွ ပညာမကင်းပုံကို ပြဆိုခြင်း။

သတိပဋ္ဌာန–ဟူသောပုဒ်၏ အနက်များစွာတို့တွင်၊ သတိပဋ္ဌာန် အဋ္ဌကထာ၌ လာသော လိုရင်း သဘောမှာ။ ။သတိယာ ပဋ္ဌာနံ သတိပဋ္ဌာနံ။ ။သတိယာ၊မှတ်ခြင်း သတိဖြင့်။ ဝါ၊၏။ပဋ္ဌာနံ၊ထင်ခြင်းတည်း။ သတိပဋ္ဌာနံ၊ သတိထင်ခြင်း။

အဓိပ္ပါယ်ကား၊သတိ–တပုဒ်, ပဋ္ဌာန–တပုဒ်ခွဲ၍၊ သတိက–မှတ်ခြင်း အနက်၊အာရမ္မဏိက။ ပဋ္ဌာနက–အမှတ်၏ထင်ခြင်း ကြိယာ။သဘောမှာ ကာယ,ဝေဒနာ,စိတ္တ,ဓမ္မာ–ဟူသောလေးပါးတို့၌အသုဘထင်၊ဒုက္ခထင်၊ အနိစ္စထင်၊အနတ္တထင်ချက်ကိုယူအပ်၏။

သတိယေဝ ပဋ္ဌာနံ သတိပဋ္ဌာနံ။ ။သတိယေဝ၊ မှတ်သော သတိ သည်ပင်လျှင်။ ပဋ္ဌာနံ၊ ထင်ခြင်းတည်း။ သတိပဋ္ဌာနံ၊ မှတ်သော သတိ သည်ပင်လျှင် ထင်ခြင်း။

အဓိပ္ပါယ်ကား၊ သတိနှင့် ပဋ္ဌာနကို ပုဒ်မခွဲဘဲ၊တပုဒ်ထဲ ပြုလုပ်၍၊ သတိကိုပင် အသိညာဏ် ပညာ၏ ထင်ခြင်း အနက် သဘောဟု ဆိုလို သည်။ ။သတိစ သာ ပဋ္ဌာနဉ္စာတိ သတိပဋ္ဌာနံ။ ။သတိစ၊မှတ်ခြင်း သတိလည်းဟုတ်၏။ သာ၊ ထိုမှတ်ခြင်း သတိဟူသည်။ ပဋ္ဌာနဉ္စ၊ ထင် သည်လည်းဟုတ်၏။ ဣတိတသ္မာ၊ ထိုနှစ်ပါးသော သတ္တိကြောင့်။ သတိ ပဋ္ဌာနံ၊သတိပဋ္ဌာန် မည်၏။

အဓိပ္ပါယ်ကား၊ သတိ- တပုဒ်ထဲကိုပင်၊ ကိုယ်အမူအရာ စသည်ကို၊ မှတ်ခြင်းအနက်, ထင်ရာအနက် နှစ်ချက် ယူရမည်။ ယခု ပြဆိုခဲ့သော၊ အဋ္ဌကထာ၏ စကားတို့တွင်၊ နောက်ဆုံးပြသော အဓိပ္ပါယ် တခုကိုသာ ဤနေရာ၌ယူရမည်ဟုလာ၏။ထိုကဲ့သို့၊သတိ၏အနက် အဓိပ္ပါယ်တို့အရာ ကျယ်သောကြောင့်၊ ဖြောင့် မတ်သော နိဗ္ဗာန်သွား လမ်းမှန်ကို၊ သတိ ပဋ္ဌာန်ဟု မြတ်စွာဘုရား ဟောကြားတော် မူခဲ့ပေသည်။ ဤကား သတိ ပဋ္ဌာန်၏ အရကို အမြွက်မျှ ပြဆိုခြင်းတည်း။

ဝိပဿနာ–ဟူသောပုဒ်၏ အနက်သဘောမှာ။ ။**ဝိဝိဓေန ပဿ နာ ဝိပဿနာ။** ။ဝိဝိဓေန၊ အထူးထူး အပြားပြား အားဖြင့်။ ပဿနာ၊ ရှုခြင်းတည်း။ဝိပဿနာ၊အထူးထူး အပြားပြားရှုခြင်း။ ။ဤသို့အဋ္ဌကထာ တို့၌ လာသော စကားအရ၊ ဝိပုဒ်, ပဿနာပုဒ် နှစ်ချက်ပြရာ၊ အနက် သဘောမှာ၊တမျိုးတည်း ယူရမည်မဟုတ်၊အထူးထူးအထွေထွေ ရှုရမည်

ဟု အဓိပ္ပါယ်ရသဖြင့်၊ အမျိုးမျိုးကြံ၍ ရှုရမည်ဟု ထင်မှတ်ရန် ရှိနေ၏။ ဤကဲ့သို့ရှုသော သတိဉာဏ်ကို အထူးထူး အပြားပြားဟု မယူအပ်၊ သတိဉာဏ်မှာ ရှုရုံသျှ တမျိုးတည်းပင် ဖြစ်၏။ ရှုစရာဖြစ်သော ပရမတ် အာရုံတွေ ကသာ အမျိုးမျိုး အဖုံဖုံဖြစ်နေ၍၊ဖြစ်ပေါ်သော အာရုံအားလျော်စွာ၊ အထူးထူး အပြားပြား ရှုရမည်ဟု ဆိုလိုရင်း အဓိပ္ပါယ်သွားကို၊ မမှားအောင် မှတ်ယူသင့်လှပေသည်။

တနည်းအားဖြင့် မှတ်သားရန်သဘောမှာ။ **၊ဝိဇ္ဇတိ ဥပသဂ္ဂေါ ပဿနာ၁တိ အဇ္ဈော။** (ပေဋကောပဒေသပါဠိတော်)

ဝိဇ္ဇတိ သောသဒ္ဒေါ၊ဝိ–ဟူသော ဤသဒ္ဒါသည်။ ဥပသဂ္ဂေါ၊ဥပသာရပုဒ်မျှသာတည်း။ ပဿနာ၊ရှုခြင်း။ ဇ္ဈတိ၊ဤသည်ကား။ အဇ္ဈော၊လိုအပ်သော အနက်သဘောတည်း။ ။ဤပါဠိတော်၌၊ ဝိ–သဒ္ဒါ အပိုသက်သက်အနက်မရှိ၊ပဿနာ–ပုဒ်သာ ရှုခြင်းအနက်တမျိုးတည်းဟု အဓိပ္ပါယ်ရ၏။ ထိုကဲ့သို့ ယူမှသာ ပါဠိတော်နှင့် အဋ္ဌကထာညီမျှရာ၏။ ယခုလို အနက်မရှိသော သဒ္ဒါမိုက်ကို ထည့်၍ သုံးခြင်း မျိုးသည်၊ အနက်ရှိသော ပုဒ်ကို တန်းဆာ ဆင်သော–ပဒါလင်္ကာရဟု၊ မဂဓဘာသာမှာ သုံးစွဲလေ့ပြု၏။ ဤကဲ့သို့ သုံးသည်မှာ မဂဓဘာသာတွင် မဟုတ်၊ဘာသာတိုင်းမှာပင် ရှိကြလေသည်။

ဤကဲ့သို့ သုံးစွဲကြသော ဘာသာ အမျိုးမျိုးတို့တွင်၊မြန်မာဘာသာ၌ မိုးယံတေ ဘာတေ လာပြီဟု ပြောဆိုရာ၊ ဘာတေ–ဟူသော စကားမှာ အပိုဖြစ်၏။ မှုံ့ဘိုး ပဲဘိုးဟု ပြောဆိုရာ၊ ပဲဘိုး–ဟူသော စကားမှာ အပိုဖြစ်၏။ ယခုလို ပြောဆိုကြသည်မှာ များစွာပင်ရှိလေ၏။ ထို့ကြောင့် ဝိပဿနာဟူသောပုဒ်ကို၊ရှုခြင်းအနက် တမျိုးတည်းသာဟု၊ ယုံကြည်စွာ မှတ်ယူသင့်လှပေသည်။

အသူးမှာ၊ ဝိပဿနာ အားထုတ်ရာ၌၊ ရှုသည့်,ပွါးများသည့်, ဆင်ခြင်သည့်, နှလုံးသွင်းသည်၊ ဤသို့ စသည်ဖြင့် ခေါ်ဆိုကြ၏။ ဤကျမ်း၌ကား၊ မှတ်သည်ဟု ရေးသား၏။ သဘော အတူတူပင်ဖြစ်၏။သို့သော်၊ ရှုသည့်,ပွါးများသည့်,မှတ်သည့် စသည်ဖြင့် ခေါ်ဆိုသောစကားများမှာ လိုရင်းမဟုတ်လှ။ပရမတ်နာမ်ရုပ်တရားတို့၊ ပကတိဖြစ်ပျက်နေသည်ကို ဟုတ်မှန်သော သဘောအတိုင်း၊သိမှုသာလိုရင်းဖြစ်ပေသည်။

ဤကဲ့သို့ သိမှုဆိုသည်မှာလည်း၊မှတ်မှ သိသဖြင့် အတူတူပင်ဖြစ်၏။ သတိနှင့် ပညာတို့ဖြစ်ရာ၌၊အတူတကွဟုဆိုလိုသည်။ လောက၌ လူများ

စကားပြောရာမှာ၊သတိပြုမိရဲ့လား မှတ်မိရဲ့လား သိရဲ့လားမေးရာ၊သတိ ပြုမိပါရဲ့ မှတ်မိပါရဲ့ သိပါရဲ့ဟု ဆိုကြ၏။ ဤကဲ့သို့ ပြောဆိုရာ၌၊ **သတိ, အမှတ်, အသိ** တို့ကို၊ အတူတူပင် သုံးစွဲကြလေသည်။ တဖန် ရှုရမည် ပွါးရမည် ဆင်ခြင်ရမည် စသောစကားတို့၌၊အဓိပ္ပါယ်များသကဲ့သို့ ဖြစ်နေ၍၊ ဘယ်လို ရှုရမလဲ၊ ဘယ်လို ပွါးရမလဲ၊ဘယ်လို ဆင်ခြင်ရမလဲဟု၊ သဘောမကျွဲ ပွေရှုပ်နေတတ်သဖြင့်၊အားထုတ်ရာ၌ မလွယ်ကူပေ။ မှတ်-ဆိုသောစကားမှာ၊ သွား–သွားတယ် မှတ်၊ ရပ်–ရပ်တယ် မှတ်ဆိုသဖြင့်၊ ဘယ်လို မှတ်ရမလဲဟု မေးစရာ နားလယ်စရာမရှိ၊ အဓိပ္ပါယ်ကိုသိ၍ အားထုတ်ရာ၌ လွယ်ကူပေသည်။ ထို့ကြောင့်၊ ရှု ဆင်ခြင် ပွါးများ ဆိုရာ၌၊မှတ်–ဟူသောစကားကို ရေးသားသည်ဟု သတိပြုပါလေ။ဤကား ဝိပဿနာပုဒ်အရကို အမြွက်မျှပြဆိုခြင်းတည်း။

သတိပဋ္ဌာနနှင့် ဝိပဿနာပုဒ်အရကို ပြဆိုခြင်းပြီး၏။

---

### သတိပဋ္ဌာန ဥဒ္ဒေသနှင့် အာနာပါနပဗ္ဗကို ပြဆိုခြင်း၊

## ကောယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ။

ဘိက္ခဝေ၊ ရဟန်းတို့။ ကောယနော၊ တကြောင်းတည်းသော။ အယံ မဂ္ဂေါ၊ ဤသတိပဋ္ဌာန် ဟူသော လမ်းသည်။ သတ္တာနံ၊ သတ္တဝါတို့၏။ ဝိသုဒ္ဓိယာ၊ကိလေသာတို့မှ စင်ကြယ်ခြင်းငှါ။ ဟောတိ၊ဖြစ်၏။ ။ဤသို့ စသည်ဖြင့် ဟောတော်မူသော၊ သတိပဋ္ဌာန် ပါဠိတော်အစ ဥဒ္ဒေသ၏ အဓိပ္ပါယ်မှာ၊ဝိပဿနာအလုပ်ဟူသည်၊သတိပဋ္ဌာန်၌ လာသောအတိုင်း အားထုတ်ရမည်ဆို၏။ သတိပဋ္ဌာန်ဟူသည်၊ ရှုမှတ်ခြင်းအားဖြင့် တပါးတည်း ဖြစ်သော်လည်း၊ အာရုံအားဖြင့်၊ ကာယာနုပဿနာ သတိပဋ္ဌာန်၊ ဝေဒနာနုပဿနာ သတိပဋ္ဌာန်၊စိတ္တာနုပဿနာ သတိပဋ္ဌာန်၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန်ဟူ၍ လေးပါးအပြားရှိ၏။ ထိုလေးပါးတို့တွင်၊သွား,ရပ်, ထိုင်,လျောင်း စသော၊ကိုယ်အမူအရာ၏ သဘောတို့ ဖြစ်ပျက်သည်ကို၊ သိအောင် အဖန်ဖန် ရှုခြင်းသည်၊ ကာယာနုပဿနာ သတိပဋ္ဌာန်မည်၏။ ညောင်းညာ ကိုက်ခဲ မှစသော၊ ဝေဒနာသဘောတို့ ဖြစ်ပျက်သည်ကို၊ သိရအောင် အဖန်ဖန် ရှုမှတ်ခြင်းသည်၊ ဝေဒနာနုပဿနာ သတိပဋ္ဌာန် မည်၏။ ရာဂနှင့် တကွဖြစ်သော စိတ်၊ ရာဂကင်းသော စိတ် စသည်တို့ ဖြစ်ပျက်သည်ကို၊ သိရအောင် အဖန်ဖန်ရှုမှတ်ခြင်းသည်၊စိတ္တာနုပဿနာ သတိပဋ္ဌာန်မည်၏။ ခန္ဓာ,အာယတန စသောသဘောတို့ ဖြစ်ပျက်သည်

ကို၊ သိအောင် အဖန်ဖန် ရှုမှတ်ခြင်းသည်၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန် မည်၏။ ဤသို့ သတိပဋ္ဌာန်လေးပါး၏ အဓိပ္ပါယ်များကို မှတ်သားကြ ပါလေ။

ဤသို့ သတိပဋ္ဌာန် လေးပါးတရားသည်၊ဂုဏ်အားဖြင့် ၇-ပါးအပြား ရှိ၏။ ဂုဏ် ၇-ပါး ဟူသည်ကား၊ ရာဂ, ဒေါသ, မောဟ စသည်တို့မှ စင်ကြယ်ခြင်း တပါး၊ စိုးရိမ်ခြင်းကို လွန်မြောက်ခြင်း တပါး၊ ငိုကြွေး ပူဆွေးခြင်းကို လွန်မြောက်မြင်း တပါး၊ကိုယ်၏ ဆင်းရဲငြိမ်းခြင်းတပါး၊ စိတ်၏ ဆင်းရဲငြိမ်းခြင်း တပါး၊ အရိယာမဂ်ကို ရခြင်း တပါး၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း တပါး။ ဤသို့အားဖြင့် ၇-ပါး၏ သရုပ်များကို မှတ် သားကြပါလေ။

ထိုသတိပဋ္ဌာန်တရား လေးပါးသည်၊ နိဗ္ဗာန်သို့ သွားရန် တကြောင်း တည်းသော ခရီးဖြစ်ခြင်း၊အဖော်မခိုး တယောက်တည်းသာ သွားရခြင်း၊ ကောင်းမွန် ဖြောင့်မတ် မြင့်မြတ်ခြင်းတို့ကြောင့်-**ဧကာယန** မည်၏။ တဖန်၊၎င်းသတိပဋ္ဌာန်တရား လေးပါးသည်၊နိဗ္ဗာန်သို့သွားရန် ခရီးလမ်း ဖြစ်ခြင်း၊ နိဗ္ဗာန်သို့ ပေါက်ရောက်ခြင်း၊နိဗ္ဗာန်ကို အလိုရှိသောသူတို့ အမြဲ မပြတ် တောင့်တာအပ် ရှာမှီး အပ်သောကြောင့်- **မဂ်** လည်း မည်၏။ လောကီမဂ္ဂင်ဟုဆိုလိုသည်။

ထို့ကြောင့်၊ သတိပဋ္ဌာန် နည်းလမ်းဖြစ်သော၊ဤလောကီမဂ္ဂင်ကို ရှု မှတ်ပွားများ၍ သွားပါလျှင်၊လောကုတ္တရာဖြစ်သော မဂ္ဂင်သို့၊ကေန်အမှန် ပင် အမြန်ရောက်နိုင်သည်ဟု၊ အဋ္ဌကထာဆရာ မိန့်မှာတော်မူ၏။ လောကုတ္တရာဟူသည်၊ ကျင့်ကြံ အားထုတ်ရသည်မဟုတ်၊ လောကီမဂ္ဂင်ကို သာလျှင် အားထုတ်ရ၏။ ဤနေရာ၌ သုတ္တ ၇-ပါးတို့တွင်၊ ၆-ပါးသည် လောကီမဂ္ဂင်၌ ပါဝင်၏။ ဉာဏ် ၁၆-ပါးတို့တွင်၊ ဂေါတြဘူအထိ ၁၃-ပါးသည် လောကီမဂ္ဂင်၌ ပါဝင်၏။ ထို့ကြောင့် လောကီမဂ္ဂင်ဖြင့် သွားမှ၊ လောကုတ္တရာမဂ္ဂင်သို့ ပေါက်ရောက်နိုင်သည်ကို၊ ယုံကြည်စွာ မှတ်သားသင့်လှပေသည်။ (ဤကား သတိပဋ္ဌာန ဥဒ္ဒေသကို ပြဆိုခြင်းတည်း။)

ယခုပြဆိုခဲ့သော နိဗ္ဗာန်လမ်းသွား၊ သတိပဋ္ဌာန်တရား လေးပါးတို့ တွင်၊ ကာယာနုပဿနာ သတိပဋ္ဌာန်အရ၊ အာနာပါနပဗ္ဗကို အားထုတ် ပုံမှာ၊ **"သော သတောဝ အဿသတိ၊ သတောဝ ပဿသတိ။"**

သော၊ ထိုယောဂီပုဂ္ဂိုလ်သည်။ သတောဝ၊ မလစ်စေမူ သတိပြု၍ သာလျှင်။ အဿသတိ၊ ထွက်သက်ကိုရှု၏။ သတောဝ၊ မလစ်စေမှု

သတိပြု၍သာလျှင်။ ပဿသတိ၊ ဝင်သက်ကိုရှူ ရှိုက်၏။ ။ဤသို့စသည် ဖြင့် ဟောတော်မူသော ဒေသနာအရ၊ အတွင်းလေထွက်လျှင် ထွက် ဘယ်၊ အပြင်လေဝင်လျှင် ဝင်တယ်ဟု မှတ်ရ၏။ အတွင်းလေ အပြင် လေ၊ လေဟောင်း လေသစ် စသည်ဖြင့် မမှတ်ရ။

အဓိပ္ပါယ်ကား၊ ဤထွက်သက် ဝင်သက်ကို မှတ်ရာ၌၊ အချို့မှာ၊ ထွက် ဘယ် ဝင်တယ်ဟု မှတ်၏။ အချို့မှာ၊ ရှူတယ် ရှိုက်တယ်ဟု မှတ်၏။ အချို့မှာ၊ ပူတယ် ဖိန်တယ်ဟု မှတ်၏။ မှတ်ချင်သလိုပင် မှတ်ရပါ၏။ သဘောမှာမူကား၊ မိမိတို့ပြောဆိုနေကြဖြစ်သော၊ ဝေါဟာရ ဘာသာ စကားအားလျော်စွာ၊ အသိဉာဏ်၌ ထင်ရှားသည့်သာလျှင် လိုရင်းဖြစ် ၏။ ဤနေရာ၌၊ ပစ္စုပဋ္ဌာန်အရကို သဘောကျပါလျှင်၊ အမှန်ပင် ယုံ ကြည် သင့်လှပေသည်။

ထွက်သက် ဝင်သက်သည်၊ အစ,အလယ်,အဆုံး ဟု ၃-ပါးစီရှိ၏။ ထို ၃-ပါးတို့တွင်၊ ထွက်သက်၏အစ-ချက်၊ အလယ်-ရင်ချိုင့်၊ အဆုံး- နှာသီးဖျားဖြစ်၏။ ဝင်သက်၏အစ-နှာသီးဖျား၊ အလယ်-ရင်ချိုင့်၊ အဆုံး- ချက်၊ ဤသို့မှတ်သားရ၏။ထိုထွက်သက် ဝင်သက်တို့ကို မှတ်သောအခါ၊ ထွက်တယ် ဝင်ဘယ်၊ ရှူတယ် ရှိုက်တယ်ဟုမှတ်လျှင်၊ နှာသီးဖျားတွင် ထင်ရှား၍၊ နှာသီးဖျားမှာ စိတ်ကိုထားရ၏။ ဖိန်တယ် ပူတယ်ဟု မှတ် လျှင်၊ချက်၏တည်ရာ ဗိုက်တွင် ထင်ရှား၍၊ ဗိုက်မှာ စိတ်ကိုထားရ၏။

ဧင်းပြင် အနုဗန္ဓနာနည်း၊ ဂဏနာနည်းဟု ပြဆိုရာ၊ ထွက်ခါမျှ ဝင်ခါ မျှကို သိရုံ အမှတ်ပြုခြင်းသည်၊ အနုဗန္ဓနာနည်းမည်၏။ ၁-အစ, ၅-အဆုံး၊ ၁-အစ, ၆-အဆုံး စသည်ဖြင့်၊ ဝါရ အရေအတွက် မှတ်ခြင်းသည်၊ ဂဏနာနည်းမည်၏။ ထို ၂-ပါးတို့တွင်၊ ဂဏနာနည်းမှာ သမထဖြစ်၍၊ ဝိပဿနာ ယောဂီမှာ၊ အနုဗန္ဓနာ နည်းအတိုင်းသာလျှင်၊ အစဉ်မပြတ် အောင် ရှုမှတ်ရလေသည်။

**ယထာ ထမ္ဘေ နိဗန္ဓေယျ၊ ဝစ္ဆံ ဒမံ နရော ဣဓ။**
**ဗန္ဓေယျေဝံ သကံ စိတ္တံ၊ သတိယာ·ရမ္မဏေ ဒဠှံ။ ။**(ဝိသုဒ္ဓိမဂ်)

ဣဓလောကေ၊ ဤလူ့ပြည်လောက၌။ ဝစ္ဆံ၊ ရိုင်းပြကြမ်းထမ်းသော နွားငယ်ကို။ ဒမံ-ဒမေန္တော၊ ယဉ်ကျေးအောင် ဆုံးမလိုသော။ နရော၊ လူ သည်။ ယောတ္တေန၊ ကြိုးဖြင့်။ ထမ္ဘေ၊ သိတိုင်၌။ဒဠှံ၊ ခိုင်မြဲစွာ။ နိဗန္ဓေယျ ယထာ၊ ဖွဲ့ချည်သကဲ့သို့။ ဧဝံ၊ ဤနည်းအတူ။ ဣဓ သာသနေ၊ ဤသာသနာ တော်၌။သကံ စိတ္တံ၊ ရိုင်းပြကြမ်းထမ်းသော မိမိစိတ်ကို။ ဒမံ-ဒမေန္တော၊

ယဉ်ကျေးအောင် ဆုံးမလိုသော။ နှစ်ရော၊ ယောဂီပုဂ္ဂိုလ်သည်။ သတိယာ၊ သတိဘည်းဟူသော ကြိုးဖြင့်။ အာရမ္မဏေ၊ ထွက်သက် ဝင်သက် ဟု သော၊ ကိုယ်,နှုတ်,စိတ် အမူအရာ အာရုံ၌။ ဒဠှံ၊ ခိုင်မြဲစွာ။ ဗန္ဓေယျ၊ ဖွဲ့ ချည်ရာသတည်း။ (ဤကား အာနာပါန ပဒ္ဒ၏ သဘောတည်း။)

သတိပဋ္ဌာန ဥဒ္ဒေသနှင့် အာနာပါနပမ္မကို ပြဆိုခြင်းပြီး၏။

## ဆောင်ပုဒ်လက်ာနှင့် ဇာရိယာပထပဗ္ဗကို ပြဆိုခြင်း

အသစ်ကို မကြိုလင့်၊ အဟောင်းကို မပြန်လင့်။ ဖြစ်အောင် မပြုလင့်၊ ပျက်အောင် မပြုလင့်၊ ဖြစ်တိုင်း,ပျက်တိုင်း ထင်အောင်ရှု။ ဖြစ်အောင်ပြု-လောဘ၊ ပျက်အောင်ပြု-ဒေါသ၊ ဖြစ်တိုင်း, ပျက်တိုင်း မသိ-မောဟ၊ ဤကား ဆောင်ပုဒ်တည်း။ ။အဓိပ္ပါယ်ကား၊ အနာဂတ်ကို ကြိုခြင်းသည်၊ အသစ်ကို ကြိုသည်မည်၏။အတိတ်ကို ကြိုခြင်းသည်၊ အဟောင်းကို ပြန်သည်မည်၏။ လောကအလို မဖြစ်သေးသည်ကို၊ ဖြစ်အောင် ပြုလိုသော သဘောသည်၊ ဖြစ်အောင် ပြုသည်မည်၏။ လောကအလို ဖြစ်ပြီးသည်ကို၊ ပျက်အောင် ပြုလိုသော သဘောသည်၊ ပျက်အောင် ပြုသည်မည်၏။

နာမ်ရုပ်တို့၏ ဖြစ်ခြင်းသည်၊ ဖြစ်တိုင်းမည်၏။ နာမ်ရုပ်တို့၏ ပျက်ခြင်းသည်၊ ပျက်တိုင်းမည်၏။ နာမ်ရုပ်တို့၏ ဖြစ်ခြင်း,ပျက်ခြင်းကို သိခြင်းသည်၊ ထင်အောင် ရှုသည်မည်၏။ လောကအလို မဖြစ်သေးသည်ကို၊ ဖြစ်အောင် ပြုလိုသော သဘောသည်-လောဘမည်၏။ လောကအလို ဖြစ်ပြီးသည်ကို၊ ပျက်အောင် ပြုလိုသော သဘောသည်-ဒေါသမည်၏။ နာမ်ရုပ်တို့တို့၏ ဖြစ်ခြင်း, ပျက်ခြင်းကို မသိခြင်းသည်-မောဟ မည်၏။

(ဤကား အဓိပ္ပါယ်တည်း။)

သဘောမှာကား၊ နာရုပ်တို့၏ ဖြစ်ရာကာလအားဖြင့်၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန်ဟု ၃-ပါးရှိသည်တွင်၊ ဝိပဿနာအလုပ်ကို အစဖွာ အားထုတ်သော ယောဂီ ပုဂ္ဂိုလ်သည်၊ အတိတ်,အနာဂတ်ကာလ၌ဖြစ်သော နာမ်ရုပ်ကို လွှတ်၍၊ ပစ္စုပ္ပန်ကာလ၌ ဖြစ်သော နာမ်ရုပ်ကိုသာ ရှုမှတ်ရမည်ဟု ဆိုလိုသည်။

**အတီတံ နာန္ဝာဂမေယျ၊ နပ္ပဋိကင်္ခေ အနာဂတံ။**
**ယဒတီတံ ပဟီနံ တံ၊ အပ္ပတ္တဉ္စ အနာဂတံ။ ။**
**ပစ္စုပ္ပန္နဉ္စ ယံ ဓမ္မံ၊ တတ္ထ တတ္ထ ဝိပဿတိ။**
**အသံဟိရံ အသံကုပ္ပံ၊ တံ ဝိဒွါ မနုဗြူဟယေ။ ။**

(နေတ္တိပါဠိတော်)

ယံ အတီတံ၊ အကြင်အကာတ်သည်၊ ပဟီနံ၊ ကွယ်ပျောက်ပြီ။ တံ အတီတံ၊ ထိုအတိတ်ကို။ နာနွာဂမေယျ၊ ပြန်မလိုက်ရာ။ ယဉ္စ အနာဂတံ၊ အကြင် အနာဂတ်သည်လည်း။ အပ္ပတ္တံ၊ မရောက်လာသေး။ တံ အနာဂတံ၊ ထိုအနာဂတ်ကို။ န ပဋိကင်္ခေ၊ အလိုမရှိရာ။ ။တတ္ထတတ္ထ-ခဏေခဏေ၊ ထိုထို ခဏခဏ၌။ ပစ္စုပ္ပန္နံ၊ အသစ်အသစ် ဖြစ်သော။ ယဉ္စ ဓမ္မံ၊ အကြင် ပစ္စုပ္ပန်အာရုံကို။ ဝိပဿတိ၊ ရှုမှတ်၏။ တံ ဓမ္မံ၊ ထိုအသစ်အသစ်ဖြစ်သော ပစ္စုပ္ပန်အာရုံကို။ အသံဟိရံ၊ မပြောင်းရွှေ့မီ။ အသကုပ္ပံ၊ မပျောက်ပျက်မီ၊ ဝိဒွါ၊ ပညာရှိသည်။ အနုဗြူဟယေ၊ အဖန်ဖန် ရှုမှတ်ရာ၏။

ဤပါဠိတော်အရဖြင့်၊ ပစ္စုပ္ပန်ကာလ ဆိုရာ၌၊ အဒ္ဓါနပစ္စုပ္ပန်, သန္တတိပစ္စုပ္ပန်မျိုးကိုပင် မယူဘဲ၊ ဥပါဒ်,ဌီ,ဘင်နှင့် ယှဉ်သော၊ ခဏပစ္စုပ္ပန်ကိုသာ ယူအပ်၏။ ပဋိသမ္ဘိဒါမဂ်နှင့် ဝိသုဒ္ဓိမဂ်တို့၌၊ ကာလ ၃-ပါးလုံးဆိုသည်မှာ၊ သမ္မသနဉာဏ်သို့ ရောက်မှ ပြဆိုသဖြင့်၊ ရှုမှတ်ရပုံ မဟုတ်၊ ဉာဏ်ထင်ပုံကိုသာ ပြဆို၏။ ဤသို့ယူမှ သဘာဝကျန၍၊ နေတ္တိပါဠိတော်နှင့်၊ အဓိပ္ပါယ်ညီမျှနိုင်ပေရာ၏။ ထိုသဘောမျိုးကိုပင် ရည်ရွယ်၍၊ မန္တလေးမြို့၊ တတိယ ရွှေကျင်သာသနာပိုင် ဖြစ်တော်မူသော ဒီပဲရင်းဆရာတော်ဘုရားကြီးသည်၊ "အဟောင်း အဟောင်း-ပညတ်၊ အသစ်အသစ်-ပရမတ်၊" ဟုရေးသားတော်မူလေသည်။

ယခုပြဆိုခဲ့သော အဓိပ္ပါယ်သဘောများကို၊ ဥပမာအားဖြင့် မှတ်သားရန်မှာ၊ ရန်သူ ၃-ယောက် လိုက်လာရာ၊ တယောက်မှာ လွန်သွား၍၊ တယောက်ကား မရှိသေးဘဲ၊ တယောက်ထဲသာ ရင်ဆိုင်တွေ့နေလေ၏။ ထိုအခါ နီးကပ်နေသောသူကို နိုင်နင်းပါလျှင်၊ အဝေးတွင်နေသောသူတို့ ထွက်ပြေးသွားကြ၍၊ နိုင်ပြီးသားဖြစ်သည်မှာ၊ လောက၌ လွန်စွာထင်ရှား၏။ ထို့အတူပင်လျှင်၊ လွန်သွားသော အာရုံ၊ မဖြစ်သေးသော အာရုံတို့ကို ရှုမှတ်သဖြင့်၊ ဟုတ်မှန်တိုင်းသော ပရမတ်ကို မမိဘဲ၊ ပညတ်ဘက်သို့သာ ရိုင်လဲလေ၏။ ဖြစ်ဆဲ ပစ္စုပ္ပန်ဆတ်ဆတ်ဖြစ်သော၊ ပရမတ်အာရုံတခုကိုမိအောင် ရှုမှတ်ပါလျှင်၊ အတိတ်, အနာဂတ်ဖြစ်သော အာရုံတို့သည်၊ ဉာဏ်အားထင်ရှား၍ သိပြီးသား ရှုမှတ်ပြီးသားပင် ဖြစ်ကြလေတော့သည်။

**(ဤကား၊ ဆောင်ပုဒ်လင်္ကာအရနှင့် ကာလသုံးပါးကို ပြဆိုခြင်းတည်း။)**

**ပုန စ ပရံ ဘိက္ခဝေ ဘိက္ခု၊ ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ၊ ဌိတော ဝါ ဌိတောမှီတိ ပဇာနာတိ၊ နိသိန္နော ဝါ နိသိန္နောမှီတိ ပဇာနာတိ၊ သယာနော ဝါ သယာနောမှီတိ ပဇာနာတိ၊ ယထာ ယထာ ဝါ ပနဿ ကာယော ပဏိဟိတော ဟောတိ တထာ တထာ နံ ပဇာနာတိ။** (မဟာသတိပဋ္ဌာန်ပါဠိတော်)

ဘိက္ခဝေ၊ ရဟန်းတို့။ ပုန စ၊ တဖန်လည်း။ အပရံ၊ တပါးတုံ။ ဘိက္ခု၊ ရဟန်းသည်။ ဂစ္ဆန္တော၊ သွားစဉ်မှုလည်း။ ဂစ္ဆာမီတိ၊ သွား၏ဟူ၍။ ပဇာနာတိ၊ သိ၏။ ဌိတော ဝါ၊ ရပ်စဉ်မှုလည်း။ ဌိတောမှီတိ၊ ရပ်၏ဟူ၍။ ပဇာနာတိ၊ သိ၏။ နိသိန္နော ဝါ၊ ထိုင်စဉ်မှုလည်း။ နိသိန္နောမှီတိ၊ ထိုင်၏ဟူ၍။ ပဇာနာတိ၊ သိ၏။ သယာနော ဝါ၊ အိပ်စဉ်မှုလည်း။ သယာနောမှီတိ၊ အိပ်၏ဟူ၍။ ပဇာနာတိ၊ သိ၏။ ယထာ ယထာ ဝါ ပန၊ အကြင်အကြင် သွားခြင်း,ရပ်ခြင်း စသော အခြင်းအရာအားဖြင့်လည်း။ အဿ၊ ထိုယောဂီပုဂ္ဂိုလ်၏။ ကာယော၊ ခန္ဓာကိုယ်သည်။ ပဏိဟိတော၊ အမျိုးမျိုးပြုပြင်ပြောင်းလဲ၍ ထားအပ်သည်။ ဟောတိ၊ ဖြစ်၏။ တထာ တထာ၊ ထိုထိုသွားခြင်း,ရပ်ခြင်းစသော အခြင်းအရာအားဖြင့်။ နံ၊ ထိုခန္ဓာကိုယ်ကို။ ပဇာနာတိ၊ သိ၏။ ။ဤပါဠိတော်အရ၊ အားထုတ်ပုံမှာ၊ သွားလျှင် သွားတယ်မှတ်၊ ဘယ်လှမ်းလျှင် ဘယ်လှမ်းတယ်မှတ်၊ ညာလှမ်းလျှင် ညာလှမ်းတယ်မှတ်၊ ရပ်လျှင် ရပ်တယ်မှတ်၊ ထိုင်လျှင် ထိုင်တယ်မှတ်၊ အိပ်လျှင် အိပ်တယ်မှတ်။ထိုထို သွားခြင်း,ရပ်ခြင်းစသော ဣရိယာပုထ်တို့၏ အလှဲ့ အပြောင်း ဖောင်းပွဲ့ခြင်း စသော အမူအရာတို့ ဖြစ်ပေါ်သော အခါ၊ ခေါ်ဝေါ် ပြောဆိုသော ဘာသာ စကားအားဖြင့်၊ ထင်ရှားသော ဝေါဟာရအတိုင်း မှတ်လေ။

အဋ္ဌကထာ၌၊ သွား,ရပ်,ထိုင်, လျောင်းစ သည်ကို၊ သာမညသိခြင်းသည်၊ ခွေးသိ ဝက်သိမည့်၏ဟု ဆို၏။မှတ်ရှုခြင်း ဝိပဿနာမှု မရှိသော၊ ပကတိ လူရဟန်းတို့၏အသိမျိုးကိုဆို၏။ဝိပဿနာ ရှုမှတ်သော ယောဂီပုဂ္ဂိုလ်တို့၏ အသိမျိုးကိုမဆို။ အဘယ့်ကြောင့်နည်း၊ ပကတိ လူရဟန်းတို့၏ အသိမှာ၊သတ္တ အယူကို မစွန့်၊ သတ္တ သညာ မကွာ၊ဘာဝနာမဖြစ်။ ရှုမှတ်သော ယောဂီ ပုဂ္ဂိုလ်မှာ သတ္တ အယူကို စွန့်၏၊ သတ္တ သညာ ကွာ၏၊ ဘာဝနာလည်း ဖြစ်သောကြောင့်ပေတည်း။

ဤနေရာ၌ ခြားနားပုံမှာ၊ သိခြင်းဟူသည်၊ သညာသိ, ဝိညာဏ်သိ, ပညာသိဟူ၍ ၃-မျိုးရှိ၏။ ထို ၃-မျိုးတို့တွင်၊ သညာသိ,ဝိညာဏ်သိမှာ၊ ပကတိ လူရှင်တို့၏ အသိမျိုးမည်၏။ ပညာသိမှာ၊ ယောဂီပုဂ္ဂိုလ်၏ အသိမျိုးမည်၏။ ဥပမာ အားဖြင့် သူငယ်, အရပ်သား, ပန်းတိမ်သည် ၃-ယောက်တို့တွင်၊ သူငယ်သည် ရွှေထုံးကို၊ ဝါသော ဝဏ္ဏဟု သိ၏၊ ရွှေဟူ၍ကား မသိ။ အရပ်သားသည်၊ ဝါသော ရွှေဟူ၍ကား သိ၏၊ ဘယ်နှစ်မူးရေဟူ၍ မသိ။ ပန်းတိမ်သည်မူကား၊ ဝါသော ရွှေဟူ၍ရင်း၊ ဘယ်နှစ်မူးရေဟူ၍ရင်း သိ၏။ သညာသိသည်၊ သူငယ်နှင့်တူ၏။ ဝိညာဏ်သိသည်၊ အရပ်သားနှင့်တူ၏။ ပညာသိသည်၊ ပန်းတိမ်သည်နှင့်တူ၏။ ထို့ကြောင့် ယခုပြဆိုခဲ့သော၊ အားထုတ်၍ သိခြင်းမျိုးကို၊ ဝိဘတ်အားဖြင့်လည်း ဝဏ္ဏမာန်၊ ဓာတ်အားဖြင့်လည်း ပ ရှေးရှိသော ဉာဓာတ်ဖြစ်၍၊ ပစ္စုပ္ပန် ဆတ်ဆတ် ဖြစ်သော၊ ပရမတ်ရုပ်နာမ်ကို အမှန်သိသော ဝိပဿနာပညာသိဟူ၍ မှတ်ယူအပ်ပေသည်။ တဖန် ပါဠိတော်၌၊ သွားလျှင် သွားတယ်သိ–ဟု လာရာ၊ အဋ္ဌကထာ၌၊ စိတ္တဇ ဝါယောဓာတ်ကြောင့်၊ အရိုးစုကြီး ရှေ့သို့ထောင်တက်သည်ကို သွားတယ်ဆိုသဖြင့်၊ အဓိပ္ပါယ် မညီသလို မှတ်ထင်ရန် ရှိနေပေ၏။ ဤနေရာ၌၊ ပါဠိတော်သည်၊ သုဒ္ဓ ဝိပဿနာ ကိုဟော၏။ အဋ္ဌကထာသည်၊ ဓာတ်ကမ္မဋ္ဌာန်း ကို ပြ၏ဟု ယူပါလျှင်၊ အဓိပ္ပါယ် မဆန့်ကျင်ဘဲ၊ အညီအမျှပင် ဖြစ်နိုင်ပေသည်။

**ဤကား ဣရိယာပထကို ပြဆိုခြင်းတည်း။**

ဆောင်ပုဒ်လင်္ကာနှင့် ဣရိယာပထကို ပြဆိုခြင်းပြီး၏။

**သမ္ပဇညတရားကို ဝိုင်းခြား၍ ပြဆိုခြင်း။**

**ပုနစ ပရံ ဘိက္ခဝေ ဘိက္ခု၊ အဘိက္ကန္တေ ပဋိက္ကန္တေ သမ္ပဇာနကာရီ ဟောတိ၊** (သတိပဋ္ဌာန်ပါဠိတော်)

ဘိက္ခဝေ၊ ရဟန်းတို့။ ပုနစ၊ တဖန်လည်း။ အပရံ၊ တပါးတုံ။ ဘိက္ခု၊ ရဟန်းသည်။ အဘိက္ကန္တေ၊ ရှေ့သို့ တက်သည် ရှိသော်။ ပဋိက္ကန္တေ၊ နောက်သို့ ဆုတ်သည်ရှိသော်။ သမ္ပဇာန ကာရီ၊ သိအောင်ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ ။ ဤသို့စသည်ဖြင့် ဟောတော်မူသော ဒေသနာအရ၊ ဝိပဿနာရှုမှတ်ပုံမှာ၊ ရှေ့တက်လျှင် တက်တယ်မှတ်၊ နောက်ဆုတ်လျှင် ဆုတ်တယ်မှတ်၊ တဲ့တဲ့ကြည့်လျှင် ကြည့်တယ်မှတ်၊ ဘေးစောင်းကြည့်လျှင် ကြည့်တယ်မှတ်၊ လက်ခြေကွေးလျှင် ကွေးတယ်မှတ်၊ လက်ခြေဆန့်လျှင်

ဆန့်တယ်မှတ်၊ သဝိတ်သက်နိုး စသည်ကို ကိုင်လျှင် ကိုင်တယ်မှတ်၊ ယူလျှင် ယူတယ်မှတ်၊ ထားလျှင် ထားတယ်မှတ်။ တဘန် စားလျှင် စားတယ်မှတ်၊ သောက်လျှင် သောက်တယ်မှတ်၊ ခဲလျှင် ခဲတယ်မှတ်၊ လျက်လျှင် လျက်တယ်မှတ်၊ကျင်ကြီး,ကျင်ငယ် စွန့်လျှင် စွန့်တယ်မှတ်၊ သွားလျှင် သွားတယ်၊ရပ်လျှင် ရပ်တယ်၊ ထိုင်လျှင် ထိုင်တယ်၊ အိပ်လျှင် အိပ်တယ်မှတ်၊နိုးလျှင် နိုးတယ်၊စကားပြောလျှင် ပြောတယ်၊ဆိတ်ဆိတ် နေလျှင် ဆိတ်ဆိတ်နေတယ်မှတ်။

အဓိပ္ပါယ်ကား၊ ဘိက္ခဝေ,ဘိက္ခု ပါသဖြင့်၊ သက်နိုးဝတ်သော ဥပသမ္ပဒ ရဟန်းကိုသာ ဆိုသည်ဟု မမှတ်နှင့်၊သံသာရေ ဘယံ ဣက္ခတီတိ ဘိက္ခု-ဟုလာသော အရ၊ ရုပ်နာမ်ခန္ဓာ၌၊ ဘေးဟု ထင်မြင်အောင် ရှုမှတ်သော သူကိုသာ၊ ဤနေရာ၌ ဘိက္ခုမည်သည်ဟု၊ အဋ္ဌကထာတို့၌ လည်းကောင်း၊ပါဠိတော်တို့၌လည်းကောင်း၊များစွာပင် လာရှိပေသည်။

တဖန်၊ သဃာဋိ ပတ္တ စီဝရ ဓာရဏေ-ဟု၊ သက်နိုး သပိတ်ကို ဆိုသဖြင့်၊ရဟန်းနှင့်သာဆိုင်၏၊လူနှင့်မဆိုင်ဟု မမှတ်နှင့်။ ရဟန်း၏အသုံးအဆောင်ကိုသာ ပြလိုရင်းဖြစ်၍၊လူများမှာ မိမိတို့၏ အသုံးအဆောင်ကို ယူငင်ကိုင်တွယ်သောအခါ၊ ခေါ်ဝေါ်သော ဘာသာစကားအတိုင်းပင် မှတ်ရလေသည်။ ဤနေရာ၌ ရှင်းလင်းရန်မှာ ပညတ်အားဖြင့်၊ ရဟန်း, ယောကျ်ား,မိန်းမ-ဟု ခေါ်သဖြင့်၊အသုံးအဆောင်များမှာလည်း၊ သက်နိုး ပုဆိုး ထမီ စသည်ဖြင့် ပြောဆိုကြ၏။ ဝိပဿနာရှုမှတ်သော၊ ပရမတ် အရာမှာမူကား၊ ရဟန်း သက်နိုးကိုကိုင်လျှင် ကိုင်တယ်ဟူ၍သာ မှတ် သဖြင့်၊ ကိုင်ကာမျှ-ရုပ်သဘော။ မှတ်ကာမျှ-နာမ်သဘောကိုသာ သိ၏။ လက်ဟူသော-ပညတ်၊ သက်နိုးဟူသော-ပညတ်ကို မမှတ်၍၊ ရဟန်း လက် သက်နိုးတို့ကို မသိပေ။ ဤအတူပင်လျှင်၊ ယောကျ်ား မိန်းမတို့ သည်လည်း၊ ပုဆိုး ထမီကို ကိုင်လျှင် ကိုင်တယ်ဟူ၍သာ မှတ်သဖြင့်၊ ကိုင်ခြင်း,မှတ်ခြင်း ပရမတ် ရုပ်,နာမ်ကိုသာ သိ၏။ ယောကျ်ား မိန်းမ ပုဆိုး ထမီဟူသော-ပညတ်ကိုမမှတ်၍၊ယောကျ်ား မိန်းမ ပုဆိုး ထမီတို့ ကို မသိပေ။ ဤသို့စသဖြင့်၊ ပညတ်နှင့် ပရမတ်တို့ သဘောသွားကို၊ ကွဲပြားအောင် မှတ်သားအပ်ပေသည်။

တဖန်၊ သမ္ပဇာနကာရီ-ဟူအောပုဒ်၌၊ သဒ္ဒါကိုလိုက်၍၊ ပညာဖြင့် ဆင်ခြင်၍ ပြုလေ့ရှိသည်ဟု အနက်ပေးရိုး ပြုကြသဖြင့်၊ တွေးတော ကြံ

စည်၍ ရှုရမည်ကဲ့သို့ မှတ်ထင်ရန် ရှိနေပေ၏။ ဇာနာတိ ပဇာနာတိ သမ္ပဇာနကာရီ-စသည်ဖြင့်၊ သဒ္ဒါအားလျော်စွာ အနက်များပြားသော်လည်း၊ သဘောမှာ **သိမှု** တခုသာ လိုရင်းဖြစ်၏။

ဤနေရာ၌ ထောက်ဆရန် သာဓကမှာ၊ပဋိသင်္ခါ ယောနိသော-ပုဒ်ကို၊ ယောနိသော၊ သင့်သော အကြောင်းအားဖြင့်။ ပဋိသင်္ခါ-ပဋိသင်္ခါယ၊ ပညာဖြင့်ဆင်ခြင်၍ဟု၊ အနက်ပေးရိုး ပြုကြရာ၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌၊ ပဋိသင်္ခါယ-ဇာနိတွာ-ဟု ဖွင့်၏။ ပြည်ဆရာတော်ဘုရားကြီးသည်၊ ထိုတည်ပုဒ်, ဖွင့်ပုဒ်တို့ကို တပုဒ်တည်းပြု၍၊ ပဋိသင်္ခါယ-ဇာနိတွာ၊ သိ၍ဟု အနက်ပေးတော်မူ၏။

ဤကဲ့သို့ အနက်ပေးသည်ကို၊ မဟာဝိသုဒ္ဓါရာမ ဆရာတော်၊ ကျိုက္ကစံဆရာတော်၊ မင်းကွန်းဆရာတော်ဘုရားကြီးတို့ နှစ်သက်တော်မူကြသဖြင့်၊ သမ္ပဇာနကာရီ-ဟူသောပုဒ် အရ၊ ဆင်ခြင် ကြံဆခြင်း အနက်ကို မယူဘဲ၊ သိမှုတခုသာလိုရင်းဖြစ်သည်ဟု၊ ယုံကြည်သော စိတ်ထားဖြင့်၊ ဖြစ်ပေါ်သောအမူအရာများကို သိအောင်၊ မနေ မနားဘဲ ပွားများ ရှုမှတ်အပ်ပေသည်။

အထူးမှာ၊ ယခုပြဆိုခဲ့သော အဓိပ္ပါယ်အရ၊ သွား,ရပ်,ထိုင်,လျောင်း စသော ကိုယ်အမူအရာ၊ ကွေးဆန့် လှဲပြောင်း စောင်းငဲ့ စသော ကိုယ်အမူအရာတို့ကို မှတ်ခြင်းသည်၊ အဇ္ဈတ္တရုပ်ကို ရှုသည်မည်၏။ သင်္ကန်း သပိတ် ပုဆိုး ခေါင်းပေါင်း ထမီ ပဝါစသည်ကို၊ ကိုင်တွယ် ယူငင် ဝတ်ဆင် ပြုပြင်စသည်ကို မှတ်ခြင်းသည်၊ ဗဟိဒ္ဓရုပ်ကို ရှုသည်မည်၏။ဤသို့ အထူးကို မှတ်သားကြပါလေ။

သမ္ပဇညတရားကို ဗိုင်းခြား၍ ပြဆိုခြင်းပြီး၏။

## ဝေဒနာစသော သတိပဋ္ဌာန် ၃-ပါးကို ပြဆိုခြင်း

ယခုအခါ သတိပဋ္ဌာန်နည်းလမ်းအရ၊ဝိပဿနာ ကမ္မဋ္ဌာန်း အားထုတ်ရန်ကို၊ဝေဘန် ဗိုင်းခြား၍ အစဉ်အတိုင်း ပြဆိုခဲ့ရာ၊ ဓာတုပဗ္ဗ,ပဋိကူလပဗ္ဗမှာ၊ဝိပဿနာ၌ ဆိုင်ရာပါပြီး ဖြစ်၍၊ နဝ သိဝထိကပဗ္ဗမှာ၊ သမထယာနိက ပုဂ္ဂိုလ်အတွက် ဖြစ်သည်ဟု၊ ဝိသုဒ္ဓိမဂ်၌ ဆိုသဖြင့်၊ ၎င်း နဝ သိဝထိကပဗ္ဗကို ချွင်းချန်ထား၍၊ ဝေဒနာနုပဿနာ သတိပဋ္ဌာန် စသည်များကိုသာ ရေးသားပြဆိုပေအံ့။

**ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု ဝေဒနာသု ဝေဒနာ နုပဿီ ဝိဟရတိ။ ဣဓ ဘိက္ခဝေ ဘိက္ခု သုခံဝါ ဝေဒနံ ဝေဒ ယမာနော သုခံဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။**

**(သတိပဋ္ဌာန်ပါဠိတော်။)**

ဘိက္ခဝေ၊ရဟန်းတို့။ ကထဉ္စ ပန၊ အဘယ်သို့လျှင်။ ဘိက္ခု၊ ရဟန်း သည်။ ဝေဒနာသု၊ ဝေဒနာတို့၌။ ဝေဒနာနုပဿီ၊ ဝေဒနာကို အဖန် တလဲလဲ ရှုမှတ်လေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေသနည်း။ ဘိက္ခဝေ၊ ရဟန်း တို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ရဟန်းသည်။သုခံဝါ ဝေဒနံ၊ သုခ ဝေဒနာကိုမူလည်း။ဝေဒယမာနော၊ ခံစားသည်ရှိသော်။သုခံ ဝေဒနံ၊သုခ ဝေဒနာကို။ ဝေဒယာမီတိ၊ ခံစား၏ဟူ၍။ ပဇာနာတိ၊သိ၏။

ဤသို့စသည်ဖြင့် ဟောတော်မူသော ဒေသနာအရ၊ ဝိပဿနာ အား ထုတ်ပုံမှာ၊ ချမ်းသာလျှင် ချမ်းသာတယ်မှတ်၊ ဆင်းရဲလျှင် ဆင်းရဲတယ် မှတ်၊ ချမ်းသာ ဆင်းရဲ မထင်ရှားလျှင် မထင်ရှားဘူးမှတ်၊ မသိသာလျှင် မသိသာဘူးမှတ်။

ဤသို့စသည်ဖြင့်၊ သဘောကျသော ဣဋ္ဌာရုံ အမှုအရာမျိုး ဖြစ်လျှင်၊ စိတ်၌ ထင်ရှားသော အတိုင်းမှတ်၊ သုခ ဝေဒနာ မည်၏။ သဘောမကျ သော အနိဋ္ဌာရုံအမှုအရာမျိုးဖြစ်လျှင်လည်း၊ စိတ်၌ထင်သောအတိုင်းပင် မှတ်၊ ဒုက္ခဝေဒနာ မည်၏။ သဘောကျသည်လည်း မဟုတ်၊ မကျသည် လည်း မဟုတ်သော မဇ္ဈတ္တာရုံ အမှုအရာမျိုးဖြစ် လျှင်လည်း၊ စိတ်၌ထင် သော အတိုင်းပင်မှတ်၊ဥပေက္ခာဝေဒနာ မည်၏။

အဓိပ္ပါယ်ကား၊ ဝေဒနာကို ရှုမှတ်ရာ၌၊ ပက်လက် အိပ်တတ်ခါမျှ ဖြစ်သော သူငယ်တို့ ပင်သော်လည်း၊ နို့စို့သော အခါစသည်၌ ချမ်းသာ သည်ဟု သိကြ၏။ ဤအသိမျိုးသည်၊သတ္တ အယူကို မစွန့်၊ သတ္တ သညာ မကွာ၊ဘာဝနာ မဖြစ်ဟုလာ၏။ ပကတိ လူရဟန်းတို့၏ အသိမျိုးကို ဆို လိုသည်။

ရှုမှတ်၍ သိသောအသိမျိုးသည်၊ သတ္တ အယူကို စွန့်၏။သတ္တ သညာ ကွာ၏။ ဘာဝနာဖြစ်၏ဟုလာ၏။ ဝိပဿနာကို အားထုတ်သော၊ ယောဂီ ပုဂ္ဂိုလ်တို့၏ အသိကို ဆိုလိုသည်။

တဖန် ကာမဂုဏ်ငါးပါးနှင့် စပ်၍ဖြစ်သော ဝေဒနာ ၃-မျိုးကို၊ သာ မိသ ဝေဒနာဟုမှတ်။ ထွက်မြောက် ခြင်းနှင့် စပ်၍ ဖြစ်သော ဝေဒနာ ၃-မျိုးကို၊ နိရာမိသ ဝေဒနာဟုမှတ်။ တဖန် မိမိကိုယ်၌ဖြစ်သော ဝေဒနာ

၃-မျိုးကို၊ အဇ္ဈတ္တ ဝေဒနာဟုမှတ်။ သူတပါးတို့၏ ကိုယ်၌ဖြစ်သော ဝေဒနာ ၃-မျိုးကို၊ ဗဟိဒ္ဓ ဝေဒနာဟု မှတ်ယူကြလေ။

**ဤကား ဝေဒနာ နုပဿနာအရ ရှုမှတ်ပုံတည်း။**

**ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ။ ဣဓ ဘိက္ခဝေ ဘိက္ခု သရာဂံဝါ စိတ္တံ သရာဂံ စိတ္တန္တိ ပဇာနာတိ၊ ဝီတရာဂံဝါ စိတ္တံ ဝီတ ရာဂံ စိတ္တန္တိ ပဇာနာတိ။**

(သတိပဋ္ဌာန်ပါဠိတော်။)

ဘိက္ခဝေ၊ ရဟန်းတို့။ ကထဉ္စ ပန၊ အဘယ်သို့လျှင်။ ဘိက္ခု၊ရဟန်းသည်။ စိတ္တေ၊စိတ်၌။ စိတ္တာနုပဿီ၊ စိတ်ကို အဖန်တလဲလဲ ရှုမှတ်လေ့ရှိသည်ဖြစ်၍။ဝိဟရတိ၊နေသနည်း။ ဘိက္ခဝေ၊ရဟန်းတို့။ဣဓ၊ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ သရာဂံဝါ စိတ္တံ၊ ရာဂနှင့်တကွ ဖြစ်သော စိတ်ကိုမူလည်း။ သ ရာဂံစိတ္တန္တိ၊ရာဂနှင့်တကွဖြစ်သော စိတ်ဟူ၍။ပဇာနာတိ၊ သိ၏။ ဝီတ ရာဂံဝါ စိတ္တံ၊ ရာဂကင်းသော စိတ်ကိုမူလည်း။ ဝီတ ရာဂံစိတ္တန္တိ၊ရာဂကင်းသောစိတ်ဟူ၍။ ပဇာနာတိ၊သိ၏။

ဤသို့စသဖြင့် ဟောတော်မူသော ဒေသနာအရ၊ဝိပဿနာ အားထုတ်ပုံမှာ၊လိုချင်လျှင် လိုချင်တယ်မှတ်၊မလိုချင်လျှင် မလိုချင်ဘူးမှတ်၊စိတ်ဆိုးလျှင် ဆိုးတယ်မှတ်၊စိတ်မဆိုးလျှင် မဆိုးဘူးမှတ်၊ မေ့လျှင် မေ့တယ်မှတ်၊ မမေ့လျှင် မမေ့ဘူးမှတ်၊စိတ်တွန့်လျှင် တွန့်တယ်မှတ်၊ စိတ်ပျံ့လွင့်လျှင်ပျံ့လွင့်တယ်မှတ်၊ မြတ်သောစိတ်ဖြစ်လျှင် မြတ်သောစိတ်မှတ်၊ ယုတ်သော စိတ်ဖြစ်လျှင် ယုတ်သောစိတ်မှတ်။

အဓိပ္ပါယ်ကား၊သ ရာဂစိတ်ဟူသည်၊လောဘမူစိတ်ကို ဆိုသဖြင့်၊လိုချင် တပ်မက် နှစ်သက်သော သဘောကိုရ၏။ သ ဒေါသစိတ်ဟူသည်၊ ဒေါသမူကို ဆိုသဖြင့်၊မနှစ်သက်သော သဘောကိုရ၏။သ မောဟ စိတ်ဟူသည်၊မောဟမူစိတ်ကိုဆိုသဖြင့်၊မေ့သောသဘောကိုရ၏။ ထို့ကြောင့် ရှုမှတ်ပုံမှာ၊သဘောကိုသာ ပြဆိုလိုက်၏။ စာနှင့်မညီဟု မထင်သင့်ပေ။

ဤသို့စသည်ဖြင့်၊ စိတ်၌ ထင်လာသမျှသော အာရုံသဘောအမျိုးမျိုးကို၊ထင်သည့်အတိုင်း သိအောင်ရှုမှတ်ခြင်းသည်၊ စိတ္တာနုပဿနာ သတိပဋ္ဌာန်မည်၏။ငင်းရှုမှတ်ပုံမှာ၊သမထကဲ့သို့ စိတ်ကိုမချုပ်ဘဲ၊ စိတ်သွားရာ စိတ်ပေါ်ရာကိုသာ၊သိအောင် လိုက်၍ အစဉ်မပြတ် မှတ်ရမည်ဟု ဆိုလိုသည်။

**(ဤကား စိတ္တာနုပဿနာအရ ရှုမှတ်ပုံတည်း။)**

ဤဓမ္မာနုပဿနာ၌၊ နီဝရဏပဗ္ဗ,ခန္ဓပဗ္ဗ စသည်ဖြင့်လာရာ၊ ဝိပဿနာ၌ လိုရင်းဖြစ်သော ခန္ဓပဗ္ဗ တခုကိုသာ ပြဆိုပေအံ့။ ကြွင်းသော ပဗ္ဗတို့မှာ၊ ထိုက်သည်အား လျော်စွာ ဝိပဿနာရှုမှတ်စဉ်၌ ပါဝင်ပြီးစီးကြလေတော့သည်။

**ပုန စ ပရံ ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ ပဉ္စသု ဥပါဒါနက္ခန္ဓေသု။ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီဝိဟရတိ ပဉ္စသု ဥပါဒါနက္ခန္ဓေသု။ ဣဓ ဘိက္ခဝေ ဘိက္ခု၊ ဣတိ ရူပံ၊ ဣတိ ရူပဿ သမုဒယော၊ ဣတိ ရူပဿ အတ္ထင်္ဂမော။** (သတိပဋ္ဌာန်ပါဠိတော်။)

ဘိက္ခဝေ၊ရဟန်းတို့။ ပုနစ၊တဖန်လည်း။ အပရံ၊ တပါးတုံ။ ဘိက္ခု၊ ရဟန်းသည်။ ပဉ္စသု၊ငါးပါးကုန်သော။ ဥပါဒါနက္ခန္ဓေသု၊ ဥပါဒါနက္ခန္ဓာဖြစ်ကုန်သော။ ဓမ္မေသု၊ တရားတို့၌။ ဓမ္မာနုပဿီ၊ ဥပါဒါနက္ခန္ဓာငါးပါးတို့ကို အဖန်တလဲလဲ ရှုမှတ်လေ့ရှိသည်ဖြစ်၍။ဝိဟရတိ၊နေ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ဘိက္ခု၊ရဟန်းသည်။ ကထဉ္စပန၊ အဘယ်သို့လျှင်။ပဉ္စသု၊ငါးပါးကုန်သော။ ဥပါဒါနက္ခန္ဓေသု၊ ဥပါဒါနက္ခန္ဓာဖြစ်ကုန်သော။ ဓမ္မေသု၊ တရားတို့၌။ ဓမ္မာနုပဿီ၊ ဥပါဒါနက္ခန္ဓာငါးပါးတို့ကို အဖန်တလဲလဲ ရှုမှတ်လေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊နေသနည်း။ ဘိက္ခဝေ၊ရဟန်းတို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ဣတိ ဣဒံ၊ဤသည်ကား။ ရူပံ၊ ရုပ်တည်း။ဣတိ အယံ၊ဤသည်ကား။ရူပဿ၊ရုပ်၏။ သမုဒယော၊ဖြစ်ခြင်းတည်း။ ဣတိ အယံ၊ဤသည်ကား။ ရူပဿ၊ရုပ်၏။ အတ္ထင်္ဂမော၊ ချုပ်ခြင်းတည်း။

ဤသို့စသဖြင့် ဟောတော်မူသော ဒေသနာအရ၊ဝိပဿနာအားထုတ်ပုံမှာ၊ သွား–သွားတယ်၊ရပ်–ရပ်တယ်၊ ထိုင်–ထိုင်တယ်၊ အိပ်-အိပ်တယ် စသည်ဖြင့်၊ ကာယာနုပဿနာ၌ ပြဆိုခဲ့သောနည်းသည်၊ ရူပက္ခန္ဓာကို ရှုမှတ်သည် မည်၏။ချမ်းသာ–ချမ်းသာတယ်၊ဆင်းရဲ–ဆင်းရဲတယ် စသည်ဖြင့်၊ ဝေဒနာနုပဿနာ၌ ပြဆိုခဲ့သောနည်းသည်၊ ဝေဒနက္ခန္ဓာကို ရှုမှတ်သည်မည်၏။

အဆင်းကိုမြင်ရာ၌၊ဖြူ–ဖြူတယ်၊နီ-နီတယ် စသည်ဖြင့်မှတ်ခြင်းသည်၊ သညက္ခန္ဓာကို ရှုမှတ်သည်မည်၏။ သွားမယ်–စားမယ် စသည်ဖြင့် အားထုတ်သော သဘောကို မှတ်ခြင်းသည်၊ သင်္ခါရက္ခန္ဓာကို ရှုမှတ်သည်

မည်၏။ လိုချင်–လိုချင်တယ်၊စိတ်ဆိုး–စိတ်ဆိုးတယ်၊ မေ့–မေ့တယ်၊ သိ–သိတယ် စသည်ဖြင့်၊ စိတ္တာနုပဿနာ၌ ပြဆိုခဲ့သောနည်းသည်၊ ဝိညာဏက္ခန္ဓာကို ရှုမှတ်သည်မည်၏။ **( ဤကား၊ ဓမ္မာနုပဿနာအရ ရှုမှတ်ပုံတည်း။ )**

**ဝေဒနာ စသော သတိပဋ္ဌာန် ၃–ပါးကို ပြဆိုခြင်းပြီး၏။**

ယခုအခါ သတိပဋ္ဌာန် ပါဠိတော်အလာဖြင့်၊ ဝိပဿနာ ရှုမှတ်ရန်ကို ဝေဘန်၍ ပြဆိုခဲ့ရာ၊ ပါဠိအနက်နှင့် အဓိပ္ပါယ်ဆုံးဖြတ်ချက်တို့ပါ ရောယှက်နေသဖြင့်၊ သဘောဉာဏ် မသက်သောသူတို့မှာ ခဲခက်ခြင်းဖြစ်ပေရာ၏။ ထို့ကြောင့်၊ ပါဠိအနက် စသည်တို့ မရောယှက်ဘဲ၊ ရှုမှတ်ပုံ သက်သက်ကိုသာ ဆက်လက်၍ ပြဆိုသင့်ပေ၏။

ဤသတိပဋ္ဌာန် နည်းလမ်းဖြစ်သော၊ ဝိပဿနာကမ္မဋ္ဌာန်း ရှုမှတ်ပုံဟူသည်၊ ဣရိယာ အာရုံတို့နှင့် မကင်းနိုင်သဖြင့်၊ဆိုင်ရာတွင် ထည့်သွင်းပါဝင်ရာ၏။ ထိုရှုမှတ်ပုံ အခြင်းအရာကို၊ ကျယ်ဝန်းစွာ ဖွင့်ပြသင့်သော်လည်း၊ ကုန်ဆုံးခြင်းမရှိသဖြင့်၊ ထောက်ချင့် နည်းမှီးလောက်ရုံ၊ ထမင်း တလုပ်စားရာ၊ ကွမ်း တခါစားရာ၊ ဆေးလိပ် တခါသောက်ရာတို့၌ ရှုမှတ်ပုံများကိုသာ၊ သေချာရှင်းလင်းစွာ ရေးသားပြဆိုပေအံ့။

အားထုတ်စ ပုဂ္ဂိုလ်၊ ထမင်း တလုပ်စားသောအခါ၌၊ စမ်းသပ် လေ့ကျင့်ရန် ရှုမှတ်ပုံမှာ၊ ထမင်းစားချင်–စားချင်တယ်၊ ထမင်းကြည့်–ကြည့်တယ်၊ မြင်–မြင်တယ်၊ လက်ကြွ– ကြွတယ်၊ လက်လှမ်း– လှမ်းတယ်၊ လက်ချ–ချတယ်လို့မှတ်။ထမင်းကိုင်ချင်–ကိုင်ချင်တယ်၊ကိုင်–ကိုင်တယ်၊ ထမင်းလုပ်ပြင်–ပြင်တယ်၊ မ–မတယ်၊ မြှောက်–မြှောက်တယ်ဟု မှတ်။ ပါးစပ်ဟချင်–ဟချင်တယ်၊ ဟ–ဟတယ်၊ ထမင်းခွန့်–ခွန့်တယ်၊ လက်နှုတ်–နှုတ်တယ်၊ ဝါး–ဝါးတယ်၊မျို–မျိုတယ်ဟု မှတ်။

ဟင်းရေသောက်ချင်– သောက်ချင်တယ်၊ ဇွန်းကြည့်– ကြည့်တယ်၊ မြင်-မြင်တယ်၊ လက်ကြွ-ကြွတယ်၊ လက်လှမ်း–လှမ်းတယ်၊ လက်ချ–ချတယ်ဟု မှတ်။ ဇွန်းကိုင်ချင်–ကိုင်ချင်တယ်၊ ကိုင်–ကိုင်တယ်၊ ဟင်းရေခပ်–ခပ်တယ်၊ မ–မတယ်၊ မြှောက်–မြှောက်တယ်ဟု မှတ်။

ပါးစပ်ဟချင်–ဟချင်တယ်၊ဟ–ဟတယ်၊ သောက်–သောက်တယ်၊ ဇွန်းနှုတ်–နှုတ်တယ်၊ လျှာလိန်း–လိန်းတယ်၊ မျို–မျိုတယ်ဟု မှတ်။ ဤကား အားထုတ်စပုဂ္ဂိုလ်၊ထမင်း တလုပ်စားရာ၌စမ်းသပ် လေ့ကျင့်ရန်၊

ထမင်းတွင်၊စိတ်ရင်း သုံးချက်၊စိတ်ဖျားပါသော ရုပ် ၁၅-ချက်။ဟင်းရေ တွင်လည်း၊ စိတ်ရင်း သုံးချက်၊စိတ်ဖျားပါသော ရုပ် ၁၅-ချက် မှတ်ပုံကို အမြွက်မျှ ပြဆိုခြင်းတည်း။

တနည်း၊ နေ့ရက်ကြာ၍ တဖြေးဖြေး အမှတ်တိုးလာသဖြင့်၊ အမှတ် စိတ်သောအခါ၌ မှတ်ပုံများမှာ၊ ထမင်းစားချင် စားချင်တယ်၊ ထမင်း ကြည့် ကြည့်တယ်၊ထမင်းမြင် မြင်တယ်၊လက်ကြွချင် ကြွချင်တယ်၊ ကြွ ကြွတယ်၊ လက်လှမ်းချင် လှမ်းချင်တယ်၊ လှမ်း လှမ်းတယ်၊ လက်ချချင် ချချင်တယ်၊ချ ချတယ်ဟု မှတ်။

ထမင်းနားရောက် ရောက်တယ်၊ ထမင်းနှင့်ထိ ထိတယ်၊ ထမင်း ကိုင်ချင် ကိုင်ချင်တယ်၊ ကိုင် ကိုင်တယ်၊ ထမင်းဖွချင် ဖွချင်တယ်၊ ဖွ ဖွ တယ်၊ထမင်းလုပ်ပြင်ချင် ပြင်ချင်တယ်၊ပြင်ပြင်တယ်၊ထမင်းလုပ်ယူချင် ယူချင်တယ်၊ ယူ ယူတယ်ဟု မှတ်။

ထမင်းလုပ်မချင် မချင်တယ်၊ မ မတယ်၊ မြှောက်ချင် မြှောက်ချင် တယ်၊ မြှောက် မြှောက်တယ်၊ ပါးစပ်နားရောက် ရောက်တယ်၊ ပါးစပ် နှင့်ထိ ထိတယ်၊ပါးစပ်ဟချင် ဟချင်တယ်၊ဟ ဟတယ်၊ ခွန့်ချင် ခွန့်ချင် တယ်၊ ခွန့် ခွန့်တယ်ဟု မှတ်။

လက်နှုတ်ချင် နှုတ်ချင်တယ်၊ နှုတ် နှုတ်တယ်၊ငုံ့ချင် ငုံ့ချင်တယ်၊ ငုံ့ ငုံ့တယ်၊ လက်ချချင် ချချင်တယ်၊ ပုဂံနားရောက် ရောက်တယ်၊ ပုဂံနှင့် ထိ ထိတယ်၊ လက်ထားချင် ထားချင်တယ်၊ ထား ထားတယ်ဟု မှတ်။

ပါးစပ်ပြင်ချင် ပြင်ချင်တယ်၊ ပြင် ပြင်တယ်၊ ဝါးချင် ဝါးချင်တယ်၊ ဝါး ဝါးတယ်၊လျှာလိန်းချင် လိန်းချင်တယ်၊လိန်း လိန်းတယ်၊ မျိုချင် မျို ချင်တယ်၊ မျို မျိုတယ်၊ အရသာရှိ အရသာရှိတယ်၊ ဝမ်းထဲရောက် ရောက်တယ်ဟု မှတ်။ ယခုလို ထမင်း ဝါးမျိုသောအခါ၊ ဝါးချင်တိုင်း ဝါးတိုင်းပင်၊ မျိုချင်တိုင်း မျိုတိုင်းပင်၊ဝါးချင်တယ် ဝါးတယ်၊မျိုချင် တယ် မျိုတယ်ဟု မှတ်လေ။

ဟင်းရေသောက်ချင် သောက်ချင်တယ်၊ ဟင်းခွက်ကြည့် ကြည့် တယ်၊မြင် မြင်တယ်၊ လက်ကြွချင် ကြွချင်တယ်၊ကြွ ကြွတယ်၊လှမ်းချင် လှမ်းချင်တယ်၊ လှမ်း လှမ်းတယ်၊ လက်ချချင် ချချင်တယ်၊ချ ချတယ်ဟု မှတ်။

ဟင်းနားရောက် ရောက်တယ်၊ ဇွန်းနှင့်ထိ ထိတယ်၊ ဇွန်းကိုင်ချင် ကိုင်ချင်တယ်၊ ကိုင် ကိုင်တယ်၊မချင် မချင်တယ်၊မ မတယ်၊မြှောက်ချင် မြှောက်ချင်တယ်၊ မြှောက် မြှောက်တယ်၊ စောင်းချင် စောင်းချင်တယ်၊ စောင်း စောင်းတယ်ဟု မှတ်။

နှစ်ချင် နှစ်ချင်တယ်၊ နှစ် နှစ်တယ်၊ ခပ်ချင် ခပ်ချင်တယ်၊ ခပ် ခပ်တယ်၊ ဖော်ချင် ဖော်ချင်တယ်၊ ဖော် ဖော်တယ်၊ မချင် မချင်တယ်၊ မ မတယ်၊ မြှောက်ချင် မြှောက်ချင်တယ်၊မြှောက် မြှောက်တယ်ဟု မှတ်။

ပါးစပ်နားရောက် ရောက်တယ်၊ပါးစပ်နှင့်ထိ ထိတယ်၊ပါးစပ်ဟချင် ဟချင်တယ်၊ ဟ ဟတယ်၊ သောက်ချင် သောက်ချင်တယ်၊ သောက် သောက်တယ်၊ ဇွန်းနှုတ်ချင် နှုတ်ချင်တယ်၊ နှုတ် နှုတ်တယ်၊ မျိုချင် မျိုချင်တယ်၊မျို မျိုတယ်ဟု မှတ်။

ဇွန်းချချင် ချချင်တယ်၊နေရာကြည့် ကြည့်တယ်၊မြင် မြင်တယ်၊လက်လှမ်းချင် လှမ်းချင်တယ်၊ လှမ်း လှမ်းတယ်၊ လက်ချချင် ချချင်တယ်၊ ချ ချတယ်၊ပုဂံနားရောက် ရောက်တယ်၊ပုဂံနှင့်ထိ ထိတယ်ဟု မှတ်။

ပုဂံထဲထည့်ချင် ထည့်ချင်တယ်၊ ထည့်ထည့် တယ်၊ ထားချင် ထားချင်တယ်၊ ထား ထားတယ်၊ လက်လွှတ်ချင် လွှတ်ချင်တယ်၊လွှတ် လွှတ်တယ်၊လက်ပြန်သိမ်းချင် သိမ်းချင်တယ်၊ သိမ်း သိမ်းတယ်၊ လက်ချချင် ချချင်တယ် ချ ချတယ်ဟု မှတ်။

ယခုပြဆိုခဲ့သောအတိုင်း မှတ်လျှင်၊ ငါးပိ အတို့မပါဘဲ ဟင်းရေသောက်၍၊ ထမင်း တလုပ်စားအခါ၌၊အမှတ်ပေါင်း ၁၀၀–ခန့် ရသဖြင့်၊ ငါးပိ အတို့များပါလျှင် ထိုအမူအရာတို့ကို၊ ဤနည်းအတိုင်းပင် ကုန်စင်အောင်မှတ်ရလေသည်။ **(ဤကား ထမင်းတလုပ်စားရာ၌ ရှုမှတ်ပုံတည်း။)**

ဆေးလိပ်သောက်ရာ၌ ရှုမှတ်ပုံမှာ၊ ဆေးလိပ်သောက်ချင် သောက်ချင်တယ်၊ ဆေးလိပ်ကြည့် ကြည့်တယ်၊ မြင် မြင်တယ်၊ လက်ကြွချင် ကြွချင်တယ်၊ ကြွ ကြွတယ်၊ လှမ်းချင် လှမ်းချင်တယ်၊ လှမ်း လှမ်းတယ်၊ လက်ချချင် ချချင်တယ်၊ ချ ချတယ်၊ အနားရောက် ရောက်တယ်၊ ဆေးလိပ်နှင့်ထိ ထိတယ်ဟု မှတ်။

ကိုင်ချင် ကိုင်ချင်တယ်၊ မ ချင် မ ချင်တယ်၊ မ မတယ်၊ မြှောက်ချင် မြှောက်ချင်တယ်၊ မြှောက် မြှောက်တယ်၊ ယူလာချင် ယူလာချင်တယ်၊

ယူလာ ယူလာတယ်၊ လက်တဘက်သို့ကမ်းချင် ကမ်းချင်တယ်၊ ကမ်း ကမ်းတယ်ဟု မှတ်။

လက်တဘက်ကလှမ်းချင် လှမ်းချင်တယ်၊ လှမ်း လှမ်းတယ်၊ အနား ရောက် ရောက်တယ်၊ ထိ ထိတယ်၊ လက်တဘက်ကကိုင်ချင် ကိုင်ချင် တယ်၊ ကိုင် ကိုင်တယ်၊ လက်တဘက်လွှတ်ချင် လွှတ်ချင်တယ်၊ လွှတ် လွှတ်တယ်၊ မီးခြစ်ယူချင် ယူချင်တယ်၊ ကြည့် ကြည့်တယ်၊ မြင် မြင် တယ်ဟု မှတ်။

မီးခြစ်လက်လှမ်းချင် လှမ်းချင်တယ်၊ လှမ်း လှမ်းတယ်၊ လက်ချ ချင် ချချင်တယ်၊ ချ ချတယ်၊ အနားရောက် ရောက်တယ်၊ ထိ ထိတယ်၊ ကိုင်ချင် ကိုင်ချင်တယ်၊ ကိုင် ကိုင်တယ်၊ မချင် မချင်တယ်၊ မ မတယ် ဟု မှတ်။

မြှောက်ချင် မြှောက်ချင်တယ်၊ မြှောက် မြှောက်တယ်၊ ယူလာချင် ယူလာချင်တယ်၊ ယူလာ ယူလာတယ်၊ လက်တဘက်သို့ကမ်းချင် ကမ်း ချင်တယ်၊ ကမ်း ကမ်းတယ်၊ လက်တဘက်ကလှမ်းချင် လှမ်းချင်တယ်၊ လှမ်း လှမ်းတယ်၊ အနားရောက် ရောက်တယ်၊ ထိ ထိတယ်ဟု မှတ်။

လက်တဘက်ကကိုင်ချင် ကိုင်ချင်တယ်၊ ကိုင် ကိုင်တယ်၊ လက်တ ဘက်ကလွှတ်ချင် လွှတ်ချင်တယ်၊ လွှတ် လွှတ်တယ်၊ မီးခြစ်လှဲ့ချင် လှဲ့ချင် တယ်၊ လှဲ့ လှဲ့တယ်၊ ဖွင့်ချင် ဖွင့်ချင်တယ်၊ ဖွင့် ဖွင့်တယ်၊ မီးခြစ်တံမြင် မြင်တယ်ဟု မှတ်။

မီးခြစ်တံ ကိုင်ချင် ကိုင်ချင်တယ်၊ ကိုင် ကိုင်တယ်၊ မီးခြစ်တံ ထုတ် ချင် ထုတ်ချင်တယ်၊ ထုတ် ထုတ်တယ်၊ မီးခြစ်ပိတ်ချင် ပိတ်ချင်တယ်၊ ပိတ် ပိတ်တယ်၊ လက်တဘက်မြှောက်ချင် မြှောက်ချင်တယ်၊ မြှောက် မြှောက်တယ်ဟု မှတ်။

ပါးစပ်နားရောက် ရောက်တယ်၊ ပါးစပ်နှင့်ထိ ထိတယ်၊ ပါးစပ်ဟ ချင် ဟချင်တယ်၊ဟ ဟတယ်၊ဆေးလိပ်ထည့်ချင် ထည့်ချင်တယ်၊ထည့် ထည့်တယ်၊ ဆေးလိပ်ကိုက်ချင် ကိုက်ချင်တယ်၊ ကိုက် ကိုက်တယ်၊ လက်လွှတ်ချင် လွှတ်ချင်တယ်၊ လွှတ် လွှတ်တယ်ဟု မှတ်။

မီးခြစ် ခြစ်ချင် ခြစ်ချင်တယ်၊ ခြစ် ခြစ်တယ်၊ မီးမြင် မြင်တယ်၊ လက် မြှောက်ချင် မြှောက်ချင်တယ်၊ မြှောက် မြှောက်တယ်၊ မီးတို့ချင် တို့ချင် တယ်၊ တို့ တို့တယ်၊ ဖွာချင် ဖွာချင်တယ်၊ ဖွာ ဖွာတယ်ဟု မှတ်။

ရှုချင် ရှုချင်တယ်၊ ရှု ရှုတယ်၊ ရှိုက်ချင် ရှိုက်ချင်တယ်၊ ရှိုက် ရှိုက်တယ်၊ အငွေ့ထုတ်ချင် ထုတ်ချင်တယ်၊ ထုတ် ထုတ်တယ်၊ အငွေ့ကြည့် ကြည့်တယ်၊ မြင် မြင်တယ်၊ မီးခြစ်တံပစ်ချင် ပစ်ချင်တယ်၊ နေရာကြည့် ကြည့်တယ်၊ မြင် မြင်တယ်၊ ပစ် ပစ်တယ်၊ မီးခြစ်ထားချင် ထားချင်တယ်၊ နေရာကြည့် ကြည့်တယ်၊ မြင် မြင်တယ်ဟု မှတ်။

လက်လှမ်းချင် လှမ်းချင်တယ်၊ လှမ်း လှမ်းတယ်၊ ချချင် ချချင်တယ်၊ ချ ချတယ်၊ ဖျာနားရောက် ရောက်တယ်၊ ဖျာနှင့်ထိ ထိတယ်၊ ထားချင် ထားချင်တယ်၊ ထား ထားတယ်၊ လက်လွှတ်ချင် လွှတ်ချင်တယ်၊ လွှတ် လွှတ်တယ်၊ လက်ပြန်သိမ်းချင် သိမ်းချင်တယ်၊ သိမ်း သိမ်းတယ်ဟု မှတ်။

ယခုလို ဆေးလိပ်သောက်သောအခါ၊ ဖွာတိုင်း ရှုတိုင်း အငွေ့ထုတ်တိုင်းပင်၊ ဖွာတယ် ရှုတယ် ထုတ်တယ်ဟု မှတ်လေ။

ယခုပြခဲ့သောအတိုင်း မှတ်လျှင်၊ ဆေးမလိပ်ရဘဲ မီးတို့၍၊ ဆေးတခါ သောက်သော အခါ၌၊ အမှတ်ပေါင်း ၁၀၀-ကျော်ရှိသဖြင့်၊ ဆေးလိပ်ကို လိပ်၍ သောက်ပါလျှင်၊ ထိုအမှုအရာတို့ကို ဤနည်းအတိုင်းပင်၊ ကုန်စင်အောင် မှတ်ရလေသည်။

**(ဤကား ဆေးလိပ်တခါသောက်ရာ၌ ရှုမှတ်ပုံတည်း။)**

**ထမင်းစား ဆေးသောက်ရာ၌ ရှုမှတ်ပုံကို ပြဆိုခြင်းပြီး၏။**

## ကွမ်းတရာစားရာ၌ ရှုမှတ်ပုံကို ပြဆိုခြင်း

ကွမ်းစားသောအခါ၌ ရှုမှတ်ပုံမှာ၊ ကွမ်းစားချင် စားချင်တယ်၊ ကွမ်းအစ်ကြည့် ကြည့်တယ်၊ မြင် မြင်တယ်၊ လက်ကြွချင် ကြွချင်တယ်၊ ကြွ ကြွတယ်၊ လှမ်းချင် လှမ်းချင်တယ်၊ လှမ်း လှမ်းတယ်၊ လက်ချချင် ချချင်တယ်၊ ချ ချတယ်ဟု မှတ်။

ကွမ်းအစ်နားရောက် ရောက်တယ်၊ ကွမ်းအစ်နှင့်ထိ ထိတယ်၊ ကိုင်ချင် ကိုင်ချင်တယ်၊ ကိုင် ကိုင်တယ်၊ ဖွင့်ချင် ဖွင့်ချင်တယ်၊ ဖွင့် ဖွင့်တယ်၊ မချင် မချင်တယ်၊ မ မတယ်၊ မြှောက်ချင် မြှောက်ချင်တယ်၊ မြှောက် မြှောက်တယ်ဟု မှတ်။

ဖယ်ချင် ဖယ်ချင်တယ်၊ ဖယ် ဖယ်တယ်၊ ချချင် ချချင်တယ်၊ နေရာကြည့် ကြည့်တယ်၊ မြင် မြင်တယ်၊ ချချင် ချချင်တယ်၊ ချ ချတယ်၊ ဖျာ နားရောက် ရောက်တယ်၊ ဖျာနှင့်ထိ ထိတယ်ဟု မှတ်။

ထားချင် ထားချင်တယ်၊ ထား ထားတယ်၊ လက်လွှတ်ချင် လွှတ်ချင်တယ်၊ လွှတ် လွှတ်တယ်၊ ကွမ်းအစ်အံ ယူချင် ယူချင်တယ်၊ ကြည့် ကြည့်တယ်၊ မြင် မြင်တယ်၊ လက်ကြွချင် ကြွချင်တယ်၊ ကြွ ကြွတယ် ဟု မှတ်။

လှမ်းချင် လှမ်းချင်တယ်၊ လှမ်း လှမ်းတယ်၊လက်ချချင် ချချင်တယ်၊ ချ ချတယ်၊ အစ်အံနားရောက် ရောက်တယ်၊ ထိ ထိတယ်၊ ကိုင်ချင် ကိုင်ချင်တယ်၊ကိုင် ကိုင်တယ်၊မချင် မချင်တယ်၊မ မတယ်ဟု မှတ်။

မြှောက်ချင် မြှောက်ချင်တယ်၊ မြှောက် မြှောက်တယ်၊ ဖယ်ချင် ဖယ်ချင်တယ်၊ ဖယ် ဖယ်တယ်၊ ချချင် ချချင်တယ်၊ နေရာကြည့် ကြည့်တယ်၊ မြင် မြင်တယ် ချချင် ချချင်တယ်၊ ချ ချတယ်ဟု မှတ်။

အစ်ဖုံးနားရောက် ရောက်တယ်၊ ထိ ထိတယ်၊ ထားချင် ထားချင်တယ်၊ထား ထားတယ်၊လွှတ်ချင် လွှတ်ချင်တယ်၊လွှတ် လွှတ်တယ်၊ကွမ်း ယူချင် ယူချင်တယ်၊ ကြည့် ကြည့်တယ်၊ မြင် မြင်တယ်ဟု မှတ်။

လက်ကြွချင် ကြွချင်တယ်၊ ကြွ ကြွတယ်၊ လှမ်းချင် လှမ်းချင်တယ်၊ လှမ်း လှမ်းတယ်၊ချချင် ချချင်တယ်၊ချ ချတယ်၊ ကွမ်းနားရောက် ရောက်တယ်၊ကွမ်းနှင့်ထိ ထိတယ်၊ ကိုင်ချင် ကိုင်ချင်တယ်၊ ကိုင် ကိုင်တယ်ဟု မှတ်။

မချင် မချင်တယ်၊မ မတယ်၊ မြှောက်ချင် မြှောက်ချင်တယ်၊ မြှောက် မြှောက်တယ်၊ လက်တဘက်သို့ ကမ်းချင် ကမ်းချင်တယ်၊ကမ်း ကမ်းတယ်၊ လက်တဘက်ကလှမ်းချင် လှမ်းချင်တယ်၊ လှမ်း လှမ်းတယ်၊ အနားရောက် ရောက်တယ်၊ ထိ ထိတယ်ဟု မှတ်။

ကိုင်ချင် ကိုင်ချင်တယ်၊ ကိုင် ကိုင်တယ်၊လက်တဘက်က လွှတ်ချင် လွှတ်ချင်တယ်၊ လွှတ် လွှတ်တယ်၊ ထုံးဘူးယူချင် ယူချင်တယ်၊ ကြည့် ကြည့်တယ်၊ မြင် မြင်တယ်၊ လက်ကြွချင် ကြွချင်တယ်၊ ကြွ ကြွတယ် ဟု မှတ်။

လက်လှမ်းချင် လှမ်းချင်တယ်၊ လှမ်း လှမ်းတယ်၊ ချချင် ချချင်တယ် ချ ချတယ်၊ထုံးဘူးနားရောက် ရောက်တယ်၊ ထုံးဘူးနှင့်ထိ ထိတယ်၊ ကိုင်ချင်ကိုင်ချင်တယ်၊ ကိုင် ကိုင်တယ်၊ မချင် မချင်တယ်၊ မ မတယ်ဟု မှတ်။

မြှောက်ချင် မြှောက်ချင်တယ်၊ မြှောက် မြှောက်တယ်၊ လက်တဘက်သို့ကမ်းချင် ကမ်းချင်တယ်၊ ကမ်း ကမ်းတယ်၊ လက်တဘက်က

လှမ်းချင် လှမ်းချင်တယ်၊ လှမ်းလှမ်းတယ်၊ အနားရောက် ရောက်တယ် ထိ ထိတယ်၊ ကိုင်ချင် ကိုင်ချင်တယ်၊ ကိုင် ကိုင်တယ်ဟု မှတ်။

ထုံးဘူးဖွင့်ချင် ဖွင့်ချင်တယ်၊ ဖွင့် ဖွင့်တယ်၊ ထုံးဘူးယူချင် ယူချင်တယ်၊ ထုံးကြည့် ကြည့်တယ်၊ မြင် မြင်တယ်၊ လက်သွားချင် သွားချင်တယ်၊ သွား သွားတယ်၊ ထုံးဘူးနားရောက် ရောက်တယ်၊ ထိ ထိတယ်ဟု မှတ်။

ထုံးကော်ချင် ကော်ချင်တယ်၊ ကော် ကော်တယ်၊ ထုံးဘူးပိတ်ချင် ပိတ်ချင်တယ်၊ ပိတ် ပိတ်တယ်၊ ထုံးဘူးထားချင် ထားချင်တယ်၊ နေရာကြည့် ကြည့်တယ်၊ မြင် မြင်တယ်၊ လက်တဘက်ကကိုင်ချင် ကိုင်ချင်တယ်၊ ကိုင် ကိုင်တယ်၊ လက်တဘက်ကလွှတ်ချင် လွှတ်ချင်တယ်၊ လွှတ် လွှတ်တယ်ဟု မှတ်။

လက်ကြွချင် ကြွချင်တယ်၊ ကြွ ကြွတယ်၊ လှမ်းချင် လှမ်းချင်တယ်၊ လှမ်း လှမ်းတယ်၊ချချင် ချချင်တယ်၊ချ ချတယ်၊အစ်အံနားရောက် ရောက်တယ်၊ ထိ ထိတယ်၊ ထည့်ချင် ထည့်ချင်တယ်၊ ထည့် ထည့်တယ်၊ ထားချင် ထားချင်တယ်၊ထား ထားတယ်ဟု မှတ်။

လက်လွှတ်ချင် လွှတ်ချင်တယ်၊ လွှတ် လွှတ်တယ်၊ လက်ပြန်သိမ်း သိမ်းချင်တယ်၊သိမ်း သိမ်းတယ်၊ ကွမ်းဆီလက်သွားချင် သွားချင်တယ်၊ သွား သွားတယ်၊ အနားရောက် ရောက်တယ်၊ ထိ ထိတယ်၊ ထုံးတို့ချင် တို့ချင်တယ်၊ တို့ တို့တယ်ဟု မှတ်။

ကွမ်းကိုင်ချင် ကိုင်ချင်တယ်၊ကိုင် ကိုင်တယ်၊ကွမ်းခေါက်ချင်ခေါက်ချင်တယ်၊ခေါက် ခေါက်တယ်၊ လိပ်ချင် လိပ်ချင်တယ်၊ လိပ် လိပ်တယ်၊ လက်တဘက်ကိုင်ချင် ကိုင်ချင်တယ်၊ ကိုင် ကိုင်တယ်၊ လက်ဘဘက် လွှတ်ချင် လွှတ်ချင်တယ်၊ လွှတ် လွှတ်တယ်ဟု မှတ်။

လက်တဘက်ကြွချင် ကြွချင်တယ်၊ ကြွ ကြွတယ်၊ မြှောက်ချင် မြှောက်ချင်တယ်၊ မြှောက် မြှောက်တယ်၊ ပါးစပ်နားရောက် ရောက်တယ်၊ပါးစပ်နှင့်ထိ ထိတယ်၊ ဟချင် ဟချင်တယ်၊ဟ ဟတယ်၊ ခွံ့ချင် ခွံ့ချင်တယ်၊ခွံ့ ခွံ့တယ်ဟု မှတ်။

လက်နုတ်ချင် နုတ်ချင်တယ်၊ နုတ် နုတ်တယ်၊ ငုံချင် ငုံချင်တယ်၊ ငုံ ငုံတယ်၊ ကွမ်းသီးယူချင် ယူချင်တယ်၊ ကြည့် ကြည့်တယ်၊ မြင် မြင်တယ် လက်ချချင် ချချင်တယ်၊ ချ ချတယ်၊ အနားရောက် ရောက်တယ်၊ ထိ ထိတယ်ဟု မှတ်။

ကိုင်ချင် ကိုင်ချင်တယ်၊ ကိုင် ကိုင်တယ်၊ ယူချင် ယူချင်တယ်၊ယူ ယူတယ်၊ မချင် မချင်တယ်၊ မ မတယ်၊ ကြွချင် ကြွချင်တယ်၊ကြွ ကြွတယ်၊ မြှောက်ချင် မြှောက်ချင်တယ်၊ မြှောက် မြှောက်တယ်ဟု မှတ်။

ပါးစပ်နားရောက် ရောက်တယ်၊ ပါးစပ်နှင့်ထိ ထိတယ်၊ ဟချင် ဟချင်တယ်၊ဟ ဟတယ်၊ ခွံ့ချင် ခွံ့ချင်တယ်၊ခွံ့ ခွံ့တယ်၊ လက်နှုတ်ချင် နှုတ်ချင်တယ်၊နှုတ် နှုတ်တယ်၊ငုံချင် ငုံချင်တယ်၊ ငုံ ငုံတယ်ဟု မှတ်။

အစ်အံယူချင် ယူချင်တယ်၊ကြည့် ကြည့်တယ်၊ မြင် မြင်တယ်၊ လက်လှမ်းချင် လှမ်းချင်တယ်၊လှမ်း လှမ်းတယ်၊လက်ချချင် ချချင်တယ်၊ချ ချတယ်၊ အနားရောက် ရောက်တယ်၊ ထိ ထိတယ်၊ ကိုင်ချင် ကိုင်ချင်တယ်၊ ကိုင် ကိုင်တယ်ဟု မှတ်။

မချင် မချင်တယ်၊မ မတယ်၊ ကွမ်းအစ်ထဲထည့်ချင် ထည့်ချင်တယ်၊ ကြည့် ကြည့်တယ်၊ မြင် မြင်တယ်၊ လက်သွားချင် သွားချင်တယ်၊ သွား သွားတယ်၊ အနားရောက် ရောက်တယ်၊ထည့်ချင် ထည့်ချင်တယ်၊ ထည့် ထည့်တယ်ဟု မှတ်။

လက်လွှတ်ချင် လွှတ်ချင်တယ်၊လွှတ် လွှတ်တယ်၊အစ်ဖုံးယူချင် ယူချင်တယ်၊ ကြည့် ကြည့်တယ်၊ မြင် မြင်တယ်၊လက်သွားချင် သွားချင်တယ်၊ သွား သွားတယ်၊ အနားရောက် ရောက်တယ်၊ ထိ ထိတယ်၊ကိုင်ချင် ကိုင်ချင်တယ်၊ ကိုင် ကိုင်တယ်ဟု မှတ်။

မချင် မချင်တယ်၊မ မတယ်၊လက်သွားချင် သွားချင်တယ်၊သွား သွားတယ်၊ အဖုံးနားရောက် ရောက်တယ်၊ ထိ ထိတယ်၊ ဖုံးချင် ဖုံးချင်ထယ်၊ လက်လွှတ်ချင် လွှတ်ချင်တယ်၊ လွှတ် လွှတ်တယ်ဟု မှတ်။

လက်ပြန်သိမ်းချင် သိမ်းချင်တယ်၊ သိမ်း သိမ်းတယ်၊လက်ချချင် ချချင်တယ်၊ချ ချတယ်၊ကွမ်းဝါးချင် ဝါးချင်တယ်၊ဝါး ဝါးတယ်၊ကွမ်းသွေးထွေးချင် ထွေးချင်တယ်၊ နေရာကြည့် ကြည့်တယ်၊မြင် မြင်တယ်၊ ငုံ့ချင် ငုံ့ချင်တယ်၊ငုံ့ ငုံ့တယ်၊ ထွေး ထွေးတယ်၊ ပါးစပ်ပြင် ပြင်တယ်ဟု မှတ်။

ယခုလို ကွမ်းဝါးထွေးသောအခါ၊ ဝါးချင်တိုင်း ဝါးတိုင်း ဝါးချင်တယ် ဝါးတယ်၊ ကွမ်းသွေးထွေးချင်တိုင်း ထွေးတိုင်း ထွေးချင်တယ် ထွေးတယ်ဟု မှတ်လေ။

ယခုပြခဲ့သော အတိုင်းမှတ်လျှင်၊ ဆေး လေးညှင်း စသည် မပါ၊ကွမ်းသီးမညှပ်ဘဲ ကွမ်းနှင့်ကွမ်းသီးကိုယူ၍၊ ကွမ်းတရာစား အခါ၌၊ အမှတ်

ပေါင်း ၂၅၀-ခန့်ရသဖြင့်၊ ဆေး လေးညှာင်းစသည်နှင့် ကွမ်းသီး ညှပ်ခြင်းများပါလျှင်၊ ထိုအမူအရာတို့ကို ဤနည်းအတိုင်းပင်၊ ကုန်စင်အောင်မှတ်လေ။

ဤသို့ထမင်း တလုပ်စား၊ ဆေးတခါသောက်၊ ကွမ်း ကရာစား အခါတို့၌၊ရှုမှတ်ပုံနည်းကို အစဉ်မှီး၍၊ မျက်နှာသစ်ရာ ရေချိုးရာ အိပ်ရာနိုးရာ အဝတ်ဝတ်ရာ ခေါင်းဖီးရာ ခေါင်းပေါင်းရာ မီးမွှေးရာ ထမင်းချက်ရာ၊ ထရာ ထိုင်ရာ စသည်တို့၌လည်း၊ဖြစ်ပေါ်သော အမူအရာအတိုင်းကိုပင်၊ အစဉ်မပြတ်အောင် ရှုမှတ်ရာ၏။

ထိုအတူပင်လျှင်၊ အိမ်တွင်နေ၍လည်း အားထုတ်နိုင်သဖြင့်၊ဆန်မွှပ် စပါးထောင်း ဈေးရောင်း စက်ချုပ် ပေါင်းနှုတ် ကောက်ရိုက် ဆေးလိပ် အဝတ်ရှော် စသည်တို့၌ငှင်း၊ လယ်ထွန် မျိုးနှုတ် သစ်ခုတ် ကောက်ရိတ် စပါးနယ် လှည်းမောင်း ပန်းဘဲ ပန်းတိမ် ပန်းပု ပန်းဒင်း ပန်းရံ လက်သမား လှေထိုး လွှတိုက် စစ်စီထိုး ကြိုးကျစ် စားရေး ရုံးထိုင် စသည်တို့၌ ငှင်း၊ ဖြစ်ပေါ်သော အမူအရာအတိုင်းကိုပင်၊အစဉ်မပြတ်အောင် ရှုမှတ်၍ နေရလေ၏။

ထို့ကြောင့်၊ ဝိပဿနာအလုပ်မှာ၊ အိုးအိမ်ပစ္စည်း သားသမီး လောကီ အလုပ်တို့ကို မစွန့်မခွါရဘဲ၊ နေရာတကာမှာပင် သတိစွဲ၍ အမြဲမပြတ် ရှုမှတ် အားထုတ်နိုင်သဖြင့်၊ ဘဆင့်တဆင့် ဝိဇ္ဇာမျိုး ပါရမီရင့်စေရန်၊ လားရမည့် ဂတိဘဝနှင့် အခါကာလကို ထောက်ချင့် စဉ်းစားပြီး၊ အနောင်လကား နေ့ရက် အချိန်ကုန်မခံဘဲ၊ ခိုင်မာသော သမ္မပ္ပဓာန်ဖြင့်၊ ကျင့်ကြံ ရှုမှတ်သင့်လှပေသတည်း။

ကွမ်းတရာစား၌ ရှုမှတ်ပုံကို ပြဆိုခြင်းပြီး၏။

---

## ဝိပဿနာရှုမှတ်မှု၌ သတိပြုရန်ကို ပြဆိုခြင်း

ယခုပြဆိုခဲ့သော ရှုမှတ်မှု၌၊ ဝိပဿနာအလုပ်ကို အားထုတ်သော ယောဂီပုဂ္ဂိုလ်တို့ သတိပြုရန် အချက်များမှာ၊ စာအုပ်ကိုကြည့်၍ စမ်းသပ် အားထုတ်လိုသူတို့ မှတ်ပုံနည်းကို အကျယ်သိစေခြင်းငှါ၊ **စိတ်ရှင်းရော့, စိတ်များပါ၊** စုံလင်စွာရေးသားလိုက်၏။ အားထုတ်စပုဂ္ဂိုလ်တို့ ရှုမှတ်ရန်မဟုတ်ပေ။ ရက်လကြာရှည်၍ အမှတ်တွေစိပ်လာသောသူတို့ ရှုမှတ်ပုံကိုသာ ပြဆိုခြင်းဖြစ်ပေသည်။

ထို့ကြောင့် မှတ်စဉ်၌၊ယူချင် ယူချင်တယ်၊ ယူ ယူတယ်ဟု မှတ်ရာ၌၊ ယူချင်က–စိတ်ရင်း၊ ယူချင်တယ်က–အမှတ်။ ယူက–စိတ်ဖျား၊ ယူတယ် က-အမှတ်။ဥပမာ၊ကွမ်းစားချင်တယ်သို့ဖြစ်တဲ့စိတ်က တခြား၊စားသော အခါဖြစ်တဲ့စိတ်က တခြားနေသကဲ့သို့။ထိုအတူ၊ယူတဲ့အခါ၌လည်း စိတ် ပါသောကြောင့်၊ စိတ်ဖျား ဟုဆိုလိုက်၏။ ဤနည်းအတိုင်းပင်၊ စိတ်ရင်း, စိတ်ဖျား တို့ကို မှတ်သွားပါလေ။

ရှုမှတ်စအခါ၌ စိတ်ရင်းမှာ၊ထမင်းတလုပ်စား, ဆေး တခါသောက်, ကွမ်း တခါစားတွင်၊ လေးချက်, ငါးချက်မျှပါလျှင် တော်ပြီ၊ စိတ်ဖျားပါ သောရုပ်ကိုသာ များများမှတ်ရ၏။ ဥပမာ၊ ထမင်းတလုပ်စားအခါ၌၊ စိတ်ရင်းရော စိတ်ဖျားပါ အမှတ်ပေါင်း ၁၀၀–ကျော်ပြခဲ့ရာ။ မှတ်စမှာ စိတ်ရင်းကို ၄–ချက်, ၅–ချက်၊ စိတ်ဖျား ပါသောရုပ်ကို ၁၀–ချက်, ၁၅–ချက်မျှမှတ်၍၊ နောက်မှ တစတစတိုး၍ နာမ်, ရုပ်များပါ ပွားပေး ရာ၏။

ဥပမာကား၊ ကလေးငယ်ငယ်မှာ၊ အတိုးနဲသော ငယ်သော အဝတ် များကိုဆင်၍၊ ကြီးလာသောအခါ အရွယ်အားလျော်စွာ တစတစ အတိုး များ၍၊ ကြီးသော အဝတ်များကိုဆင်ပေးရသကဲ့သို့ မှတ်အပ်ပေသည်။

ရှုမှတ်ပုံမှာ၊ထမင်း တလုပ်စားအခါ၌၊အားထုတ်စ ပုဂ္ဂိုလ်မှတ်ရန်ဟု ပြဆိုခဲ့သောနည်းအတိုင်းဖြစ်၏။ ယခုလို အစမှာ အမှတ်ကျဲသော်လည်း၊ နေ့ရက်ကြာ၍ အမှတ်စိပ်လာသောအခါ၊ အမှတ် ၁၀၀–တွင်၊ အချို့နေ ရာမှာ စုံလင်အောင်မပါစေကာမူ၊အချို့နေရာမှာ ပိုမို၍ပင် ပေါ်လာသည် ကိုသိသဖြင့်၊ပေါ်တိုင်းကိုပင် မှတ်နိုင်လာလိမ့်မည်။

ဤကဲ့သို့မဟုတ်ဘဲ၊ အားထုတ်စမှာပင် အမှတ်များများလို၍၊ စိတ်ရင်း ရော စိတ်ဖျားပါ များများမှတ်သွားပါလျှင်၊ မွေးဖွားစ သူငယ်ကို မြန်မြန် ကြီးစေလို၍ ထမင်းကိုများများခွံ့လျှင်၊ မကြာမီပင် ဇပိုးနှင့်ပြီးပျက်စီး တတ်သကဲ့သို့။ မမှတ်တတ်မီ စိတ်ရှုပ်ထွေး၍ ထွက်ပြေးတတ်လေ၏။ ထို့ကြောင့်၊အစမှာ အမှတ်နဲစေရာသည်။

တဖန် မှတ်စအခါ၊လျှောဖျားလှုပ်လာအောင်မှတ်ရ၏။ ဤသို့မှတ်လျှင် စိတ်စွဲ၏။စိတ်စွဲမှ အာရုံနှင့်အမှတ် တထပ်ထဲကျသဖြင့်၊ မှတ်ပုံဒါဏ်ချက် နာနာမိ၍ သမာဓိ ရလွယ်၏။ ၎င်းနောက် မှတ်ပုံ အချိုးကျသောအခါ၊ သတိဖြင့် မှတ်ရုံ၊စိတ်ဖြင့် အာရုံပြုကာမျှနှင့်ပင်၊ဉာဏ်၌ ထင်မြင်လာနိုင် လေ၏။

ယခုလို ရှုမှတ်သော အခါမှာ၊ အာရုံနောက်သို့ လိုက်၍ မမှတ်နှင့်၊ ရောက်လာသော အာရုံကိုသာမိအောင် မှတ်ရ၏။ အာရုံနောက်သို့လိုက်လျှင် ပင်ပန်း၏၊ ရောက်လာသော အာရုံကိုသာမှတ်လျှင် သက်သာ၏။ ဥပမာ၊ အသံကိုမှတ်ရာ၌၊ လူသံဘဲ ခွေးသံဘဲ တောင်ကဘဲ မြောက်ကဘဲ စသည်ဖြင့်၊သညာပေါ်လာခြင်းသည်၊အာရုံနောက်သို့လိုက်သည်မည်၏။ ကြားကာမျှကို မှတ်ခြင်းသည်၊ ရောက်သော အာရုံကိုသာ မှတ်သည်မည်၏။ ဤနေရာ၌ဆက်နေသော အသံကိုမှတ်ရာ၊ ရုတ်တရက် အသံရပ်သွားသောအခါ၊ အမှတ်လဲ ပြတ်သွားတတ်သဖြင့်၊ လွန်စွာ ထင်ရှားလေသည်။

ဥပမာဖြင့် သိရန်မှာ၊လယ် ကတွတ်ပေါက်၌၊ ငါးစောင့်သော ဈိုင်းသည်၊မရှိသော ငါး၊မပေါ်သေးသော ငါးတို့ကို မကောက်ယူ၊ရှိလောက်သောအရပ်၌၊ ပေါ်လာသော ငါးကိုသာ ကောက်ယူလေ၏။ ထို့အတူ မှတ်မယ်ဟု ဂရုမပိုက်၊အာရုံနောက်သို့ မလိုက်ဘဲ၊ ရောက်လာသော အာရုံကိုသာ မှတ်ရ၏။ သို့သော်လဲ မှတ်စရာ ဂရုမပိုက်၊ အာရုံနောက်သို့ မလိုက်ဘဲမနေ၊ သဘောတွေကို သိထားမှု၊ အမှတ် လွယ်ကူစေခြင်းငှါ သာ ရေးသားလိုက်ပေသည်။

တဖန် မှတ်စအခါမှာ၊မြင်တဲ့ သဘော၊ ကြားတဲ့ သဘော၊ လက်လှုပ်တဲ့ သဘော၊ ယားတဲ့ သဘောစသည်ဖြင့် ၂-မျိုး, ၃-မျိုးစသော အာရုံတို့သည်၊ တပြိုင်နက် တချက်တည်း ဖြစ်သည်ဟု ထင်တတ်၏။ ဤသို့ ထင်သဖြင့် ၂-မျိုး, ၃-မျိုး စသောအာရုံတို့ကို၊တချက်တည်းပေါင်းစု၍ မမှတ်နှင့်။

ပရမတ်ဟူသည်၊စိတ်တချက်တည်း၌ ၂မျိုး,၃-မျိုးပြိုင်၍မဖြစ်၊ညအခါ မီးစကို သမ်းလျှင်၊ မြင်သောသူမှာ မီးစက်ဝိုင်းကြီး ထင်ရသကဲ့သို့။ ပရမတ် ရုပ်နာမ်အဖြစ်မြန်သည်ကို ဉာဏ်လိုက်မရှိသေး၍၊အာရုံ ၂-မျိုး, ၃-မျိုး ရောထွေးပြီး တချက်တည်းဖြစ်သည် ထင်ရလေသည်။

ထိုကဲ့သို့ အာရုံ ၂-မျိုး,၃-မျိုး ဆုံဖြစ်သည်ဟု ထင်လျှင်၊ ထင်ရှားရာ အာရုံတခုကိုသာ မှတ်ရ၏။ယခုလို ဆုံဖြစ်သည်ဟု ထင်ရာ၌၊တခုကိုသာ မှတ်သော်လည်း၊ ၂-မျိုး,၃-မျိုးကိုပင် သိပြီးဖြစ်လေ၏။ ယခုလို မဟုတ်ဘဲ ပေါင်းစု၍ မှတ်ပါလျှင်၊ငါး ၂-ကောင်ကို တခါတည်းဘမ်းသဖြင့်၊

တကောင်မှ မမိသကဲ့သို့၊ ဘယ်အာရုံကိုမှ မမိလိုက်ဘဲ ချော်လွဲ၍ သွားတတ်လေတော့သည်။

တဖန် မှတ်စအခါမှာ၊ သွားခြင်း, စားခြင်းစသော၊ ထင်ရှားသည့် အမူအရာတို့ မပေါ်လွင်ဘဲ၊ ထိုင်၍ မှတ်သောအခါတွင်၊ မှတ်စရာ မမြင်သကဲ့သို့ဖြစ်၍ အမှတ်ရပ်၍နေတတ်၏။ ထိုအခါ အာနာပါန အဆုံးတွင်ပြခဲ့သောအတိုင်း၊ ချည်တိုင်သဘွယ်ထားလျက်၊ ထွက်သက်,ဝင်သက်ကို မှတ်ရ၏။

ထွက်သက်,ဝင်သက်မှာ ရပ်နေသည်မရှိ၍၊ တပါးအာရုံ မပေါ်လျှင်၊ ထွက်သက်, ဝင်သက်ကို မှတ်။ တပါးအာရုံပေါ်လျှင် ပေါ်ရာကို မှတ်၊ ထွက်သက်, ဝင်သက်ကို ချည်တိုင်ထား၊ ယခုလို မှတ်သွားလျှင် အာရုံပြတ်သည်မရှိ၍၊ အမှတ်ရပ်နေရခြင်း မဖြစ်တော့ပေ။

ယခုလို မှတ်ရာ၌၊ သွားခြင်း, စားခြင်းစသော၊ ထင်ရှားသည့် အမူအရာတို့ အစဉ်ဆက်ခါ ဖြစ်နေသည်တွင်၊ ထိုအမူအရာများကိုပင် အစဉ်မပြတ်အောင် မှတ်ရ၏။ ထိုင်၍မှတ်သောအခါ၌သာ ကျရာအာရုံကိုလိုက်ရ၏။ ဤကဲ့သို့ မှတ်ဆဲမှာ၊ အာရုံဖြစ်ခိုက် မှတ်ခိုက်၊ ၎င်း၌ စိတ်ကိုထား၍၊ ၎င်းကိုပင် မျက်စိကကြည့်ရလေသည်။

အထူးမှာ၊ စင်္ကြံ သွားသောအခါ၊ ဘယ်ခြေ လှမ်းခိုက် မှတ်ခိုက်၊ စိတ်က ဘယ်ခြေမှာထား၍၊ မျက်စေ့ကလဲ ဘယ်ခြေကိုပင်ကြည့်ရ၏။ ဤကဲ့သို့ မှတ်လျှင်၊ မိပုံ ဒဏ်ချက်နာ၍၊ အာရုံမပြန့် စိတ်မလွင့်ဘဲ၊ တချက်ထဲ, တချက်ထဲပင် မလွဲမချော် ဘမ်းမိ၍၊ သမာဓိ တည်လွယ်၊ ဉာဏ်ပေါ်လွယ်၏။ စင်္ကြံ များများသွားနိုင်လျှင် သာ၍ပင်ကောင်းသေသည်။

ယခုလို မဟုတ်ပါလျှင်၊ မှတ်ဆဲတွင် တပါးအာရုံကိုမြင်က စိတ်ပြန့်လွင့်၏။ အမှတ်မှာ စိတ်မထားပါလျှင်၊ မှတ်သော်လည်း စိတ်လွင့်နေ၍၊ အမူအရာနှင့် အမှတ်တို့မထပ်ဘဲ၊ လွဲမှန်းမသိ လွဲနေသဖြင့်၊ သမာဓိ ရခဲ၊ ဉာဏ် ပေါ်ခဲ၏။ ထို့ကြောင့် သတိဖြင့် စောင့်ရှောက်၍၊ စက္ခုန္ဒြေ မလုံနိုင်လျှင်၊ ပုဝါ တဘက်တို့နှင့် ခေါင်းကိုခြုံပြီး တောင်ဝှေးကိုကိုင်၍ သွားရလေသည်။

ဤကဲ့သို့ ရှုမှတ်သောအခါ၊ အမူအရာကို ဖြေးဖြေးပြု၍၊ ဖြေးဖြေးပင် မှတ်ရ၏၊ မလျှပ်မယှက် မထိလေးစား၊ မသွားချင် သွားချင် သဘောမျိုးကဲ့သို့၎င်း၊ မကျန်းမမာ ဖျားနာနေသော သူကဲ့သို့ပြုရာ၏။

ယခုလို မဟုတ်ဘဲ၊အမှတ် များများရအောင်၊မြန်မြန် အမှုအရာကိုပြု၍ မြန်မြန် မှတ်နေပါလျှင်၊သူငယ်ကို အပြေးခိုင်းရာ၊ မကြာမီ ယိုင်လဲသကဲ့သို့၊ သမာဓိ မခိုင်မြဲဘဲ၊ အာရုံနှင့်အမှတ် ချော်လွဲနေ၍၊ မကြာမီ ဆင်းရဲပင်ပန်းခြင်းများဖြစ်လာတတ်၏။ ထို့ကြောင့် ဘော်ပြခဲ့သော အချက်စုတို့ကို၊ အဖန်ဖန် သတိပြုပြီး၊ ပွါးများမှတ်ရှုသင့်လှပေသတည်း။

ဝိပဿနာရှုမှု၌ သတိပြုရန်ကို ပြဆိုခြင်းပြီး၏။

**အာရမ္ဘကထာပြီး၏။**

**ဟုတ်မှန်သော သဘောလက္ခဏာစသည်ကိုပြဆိုရာ**

# ယထာဘူတ ကထာ

## နာမရူပ ပရိစ္ဆေဒနှင့် ပစ္စယပရိဂ္ဂဟဉာဏ်ကို ပြဆိုခြင်း

ယခုအခါ ဝိပဿနာဉာဏ်၏ အာရုံဖြစ်သော၊ရုပ်နာမ် ခန္ဓာစသည်ကို ပြဆိုပြီး၍၊ထိုရုပ်နာမ် ခန္ဓာစသည်ကို ဟုတ်တိုင်းမှန်စွာသိသော၊ ယထာဘူတ သဘောများကို ပြဆိုပေအံ့။ယထာဘူတ ဟူသည်၊နာမရူပ ပရိစ္ဆေဒ အစ၊ဂေါတြဘူ အဆုံးရှိသော ဝိပဿနာဉာဏ် ၁၃-ပါးတို့ပေတည်း။ ထိုဉာဏ် ၁၃-ပါးတို့တွင်၊ **နာမရူပ ပရိစ္ဆေဒဉာဏ်**သဘောများကို၊ အကျဉ်းအားဖြင့် အောက်၌ပါရှိသောအတိုင်း မှတ်သားအပ်ပေသည်။

**တတ္ထ နာမရူပါနံ ယာထာဝ ဒဿနံ ဒိဋ္ဌိဝိသုဒ္ဓိနာမ။**
(ဝိသုဒ္ဓိမဂ်)

တတ္ထ၊ထိုဝိသုဒ္ဓိ ၇-ပါးတို့တွင်။ နာမရူပါနံ၊ပရမတ် နာမ်ရုပ်တရားတို့၏။ ယာထာဝ ဒဿနံ၊ ဟုတ်မှန်သောသဘောကို သိမြင်ခြင်းသည်။ ဒိဋ္ဌိဝိသုဒ္ဓိနာမ၊ဒိဋ္ဌိဝိသုဒ္ဓိမည်၏။ ။ဤဒိဋ္ဌိဝိသုဒ္ဓိဟူသည်၊ နာမရူပ ပရိစ္ဆေဒ မည်၏။ ထိုဒိဋ္ဌိဝိသုဒ္ဓိ မည်သော၊ နာမရူပ ပရိစ္ဆေဒ ဉာဏ်အရာ၌၊ ရူပ ပရိစ္ဆေဒ-ရုပ်အပိုင်းအခြား၊ နာမ ပရိစ္ဆေဒ-နာမ်အပိုင်းအခြား။ နာမရူပ ပရိစ္ဆေဒ-နာမ်ရုပ်အပိုင်းအခြားဟု မှတ်သားအပ်၏။

**ပိုင်းခြားပုံမှာ။**

ကွေးလျှင် ကွေးတယ်၊ ဆန့်လျှင် ဆန့်တယ်စသည်ဖြင့် မှတ်ရ၏။ ထိုကဲ့သို့ မှတ်ခြင်းသည်၊ ရုပ်ကို ပိုင်းခြားသော **ရူပပရိစ္ဆေဒဉာဏ်**မည်၏။

ဘာဖန် ကွေးတယ် ဆန့်တယ် စသည်ဖြင့် မှတ်သော စိတ်သည် နာမ် မည်၏။ ထို့ကြောင့် ဉာဏ်ထက်သန်လာသောအခါ၊ မှတ်သောစိတ်ကိုပင် မှတ်လျှင်၊ မှတ်တယ်ဟုထပ်၍ မှတ်ရ၏။ ထိုကဲ့သို့ မှတ်ခြင်းသည်၊ နာမ် ကိုပိုင်းခြားသော **နာမ ပရိစ္ဆေဒဉာဏ်**မည်၏။ ဤကဲ့သို့ ကွေးသော တချက်၌၊ ကွေး ကွေးတယ်၊ မှတ် မှတ်တယ်။ ဆန့်သော တချက်၌ ဆန့် ဆန့်တယ်၊ မှတ် မှတ်တယ်ဟု ရုပ်နာမ်နှစ်ပါးအစုံ ထင်မြင်ခြင်း သည်၊ **နာမရူပ ပရိစ္ဆေဒဉာဏ်**မည်၏။ ဉာဏ်စစ် မပေါ်သေးလျှင်၊ ကြိဘန်၍ ရှုမှတ်ရသကဲ့သို့ရင်း၊ ရုပ်နာမ်အမူအရာနှင့် အမှတ်တို့ မထပ် မိဘဲ၊ ရှေ့ကျ နောက်ကျ နေဘိသကဲ့သို့ရင်း၊ လေးလံသော ဝန်ထုပ်ကို ဆွဲ ငင်ရသကဲ့သို့ရင်း၊ စိတ်ထဲ၌ ထင်မြင်နေ၏။ ဉာဏ်ပေါ်လာသောအခါ၊ ကွေးခြင်း, ဆန့်ခြင်း မြင်ခြင်း, ကြားခြင်းစသော ရုပ်နာမ်တို့ဖြစ်သည်ကို၊ သတိဖြင့် မမှတ်ရဘဲ အလိုကို သိခြင်းဖြစ်လာရာ၊ လွန်စွာမှ လျင်ခြင်း ကိုယ်, စိတ် ပေါ့ပါးခြင်းများဖြစ်၏။ ဥပမာအားဖြင့်၊ လေးလံစွာ ဆွဲငင် နေရသောဝန်ထုပ်သည်၊ အလိုလိုရွေ၍ ပါသကဲ့သို့ဖြစ်၏။ ဤကဲ့သို့ ဉာဏ် ပေါ်လာခြင်းမျိုးသည်၊ အချိန်မှာ မကြာလှဘဲ၊ အချိန်မှာ၊ အတန်ငယ်ကြာ တတ်၏။ ထိုကဲ့သို့ အလိုလိုသိခြင်း ဖြစ်ပေါ်မှုကို ဉာဏ်ဟု ခေါ်ဆိုရ၏။ ၎င်းဉာဏ် ပျောက်သွားလျှင်၊ ရှေးကကဲ့သို့ပင် ကိုယ်, စိတ် လေးလံ၍ လာ လေ၏။ သဘောမှာ ဉာဏ်ပေါ်ပေါက်လျှင် မောဟပျောက်၍၊ မောဟ ရောက်လျှင် ဉာဏ်ပျောက်နေသဖြင့်၊ ကိုယ်, စိတ် ပေါ့ပါးခြင်းသည်၊ ဉာဏ်၏ တန်ခိုးသတ္တိ။ ကိုယ်, စိတ် လေးလံခြင်းသည်၊ မောဟ၏ တန်ခိုး သတ္တိဟု ဆိုလိုသည်။

## ဉာဏန္တိ ယထာ သဘာဝံ ဇာနာတိ ပဋိဝိဇ္ဈတီတိ ဉာဏံ။

(ဋီကာကျော်။)

ဉာဏန္တိ၊ ဉာဏ်ဟူသည်ကား။ ယထာ သဘာဝံ၊ ဟုတ်မှန်တိုင်းသော ရုပ်နာမ်၏သဘောကို၊ ဇာနာတိ ပဋိဝိဇ္ဈတိ၊ ထိုးထွင်း၍ သိတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဉာဏံ၊ ဉာဏ်မည်၏။ ။သဘောမှာ ထိုးထွင်း၍သိ ခြင်းဟူသည်၊ ဖေါက်ခွဲ၍ သိခြင်းမည်၏။ ဟုတ်မှန်သော ရုပ်နာမ်ပရမတ် ကို၊ ပညတ်ကိလေသာတို့ မကာမဝင်နိုင်ဘဲ၊ သူ့သဘောအတိုင်းကိုပင်၊ အလိုလို သိမြင်ခြင်းဟု ဆိုလိုသည်။ ၎င်းလင်းရန် အချုပ်မှာ၊ စာခေါ် အမည်အားဖြင့်၊ နာမရူပ ပရိစ္ဆေဒဉာဏ်မည်၏။ မြန်မာအဓိပ္ပါယ်အားဖြင့်၊

ရုပ်နာမ်ပရမတ်နှင့် မောဟစသော ကိလေသာပညတ်တို့၊ မထိမကပ် မစပ်မယှဉ်ရအောင်၊ သတိဉာဏ်က ပိုင်းဖြတ်သည် မည်၏။ ယောဂီဉာဏ်၌ ထင်မြင်ပုံများမှာ၊ ကွေးခြင်း,ဆန့်ခြင်းစသော ရုပ်နာမ်အမူအရာ သဘောတို့ကို၊ သတိ အမှတ်မပြုရဘဲ၊ အလိုလို သိမြင်လာခြင်းသဘော ပေတည်း။

ဤကဲ့သို့သိမြင်လာလျှင်၊ ပုဂ္ဂိုလ်,သတ္တဝါ,ငါ,သူတပါး,ယောကျ်ား, မိန်းမဟု မထင်၊ကွေးခြင်း,ဆန့်ခြင်း စသောသဘောသည်-ရုပ်၊ မှတ်ခြင်း သဘောသည်-နာမ်ဟု၊ ဟုတ်မှန်သောပရမတ် နာမ်,ရုပ်သဘောသက်သက်ကိုသာ တချက်တည်းသိမြင် ဆုံးဖြတ်လေ၏။ ၎င်းနှစ်ပါးတို့တွင်၊ နာမရူပ ပရိစ္ဆေဒဉာဏ်သည်၊ ဂေါစရသမ္ပဇဉ မည်၏။ ဆုံးဖြတ်ခြင်းသည်၊အသမ္မောဟသမ္ပဇဉမည်၏။ ထိုကဲ့သို့ သိမြင်ခြင်းမျိုးကို၊နာမရူပ ပရိစ္ဆေဒဉာဏ် အဆုံးရောက်သည်ဟု မှတ်အပ်ပေသည်။ ဆုံးဖြတ်ပုံမှာ၊ ကွေးခြင်း,ဆန့်ခြင်းစသော အမူအရာတို့ကို အမှတ်မပြုရဘဲ၊အလိုလို သိလာပါကလားဟု၊စိတ်ထဲ၌ဆင်ခြင်ခြင်းဖြစ်၏။ဤကဲ့သို့ဆင်ခြင်သော ဉာဏ်သည်၊အသမ္မောဟသမ္ပဇဉ်မည်၏။ထိုအသမ္မောဟသမ္ပဇဉသည်၊ ဉာဏ်အဆုံး ရောက်တိုင်း,ရောက်တိုင်း ဉာဏ်အားလျော်စွာ ဆင်ခြင်နိုင်၏။ သို့သော်၊ ဉာဏ်၏အမည်ပညတ်ကိုကား၊ အမှန်မသိနိုင်ပေ။

အထူး၌၊ မပြုမလုပ်ရသေးဘဲပြုလျှင် အကျိုးရှိ၏ဟု ဆင်ခြင်မှုသည်၊ သတ္ထကသမ္ပဇဉ်မည်၏။ အကျိုးရှိသော်လည်း၊ မလျောက်ပတ်သည်ကို ပယ်၍ လျောက်ပတ်သည်ကို ဆင်ခြင်မှုသည်၊ သပ္ပါယသမ္ပဇဉ်မည်၏။ ဖြစ်ဆဲ ရုပ်နာမ်ကိုမှတ်၍ သိခြင်းသည်၊ ဂေါစရသမ္ပဇဉမည်၏။ **ဝိပဿနာဉာဏ်ဟုဆိုလိုသည်။** ဝိပဿနာဉာဏ်,မဂ်ဉာဏ်,ဖိုလ်ဉာဏ်တို့ဖြင့် သိပြီးသည်ကို ဟုတ်မှန်တိုင်းပြန်၍ ဆင်ခြင်မှုသည်၊ အသမ္မောဟသမ္ပဇဉ မည်၏။ ၎င်းဆင်ခြင်မှုကို၊ ပစ္စဝေက္ခဏာဉာဏ်ဟု ယူအပ်ပေသည်။

ဤသို့ နာမရူပပရိစ္ဆေဒဉာဏ် အဆုံးရောက်သော၊ အမှန်သိမြင်ခြင်း ယထာဘူတဉာဏ် ဆုံးဖြတ်ခြင်းဖြင့်၊ ကလျာဏ ၃-ပါး, လက္ခဏာ ၁၀-ပါး,အင်္ဂါ ၅-ပါး,ဂုဏ်ခြေ ၅-ပါးတို့ကို ယူအပ်ကုန်၏။ယူပုံမှာ၊ဝိပဿနာ ကေတ္တပဟူသည်၊ ကိလေသာ အဖေါ်ကင်း၊ တကိုယ်တည်းခြင်း တည်သောစိတ်တည်း။ ထိုတကိုယ်တည်းခြင်း တည်သောစိတ်နှင့်ယှဉ်သော ဝိပဿနာ၏၊ အစ, အလယ်, အဆုံး သုံးပါးတို့တွင်၊ အကျင့်၏စင်ကြယ်ခြင်းကား-အစ၊ ဥပေက္ခာကိုပွားခြင်းကား-အလယ်၊ ဉာဏ်ကိစ္စပြီးစီးခြင်း

ကား–အဆုံးတည်း။ ဤသို့ ကလျာဏာသုံးပါးဖြစ်၏။ ဉာဏ်အကျင့်စင်ကြယ်ခြင်း အစ လက္ခဏာသုံးပါးတို့တွင်၊ စိတ်၏ကိလေသာအနှောင့်အယှက်မှ စင်ကြယ်ခြင်း တပါး၊ စိတ်သည် ကိလေသာမှငြိမ်းခြင်း သမထနိမိတ်ကို ကျင့်ခြင်း တပါး၊ စိတ်သည် သမထနိမိတ်သို့ ပြေးဝင်ခြင်း တပါး။ ဤသို့ အစလက္ခဏာ သုံးပါးဖြစ်၏။ ဉာဏ်၏ဥပေက္ခာပွားခြင်းကို အလယ် လက္ခဏာသုံးပါးတို့တွင်၊ ကိလေသာမှ စင်ကြယ်သော စိတ်အမျှရှုခြင်း တပါး၊ သမထနိမိတ်ကိုကျင့်သောစိတ်ကို အမျှရှုခြင်း တပါး၊ ကိလေသာအပေါင်း တကိုယ်တည်းခြင်း ထင်သောစိတ်ကို အမျှရှုခြင်း တပါး။ ဤသို့ အလယ်လက္ခဏာ သုံးပါးဖြစ်၏။ ဉာဏ်၏ပြီးခြင်း အဆုံးလက္ခဏာ ၄–ပါးတို့တွင်၊ ထိုဝိပဿနာစိတ်၌ ဖြစ်သော၊ သမာဓိ, ပညာတရားအစုံတို့၏ အချင်းချင်း မလွန်ခြင်းကြောင့်၊ ကိစ္စပြီးဆုံးခြင်း တပါး၊ ဣန္ဒြေငါးပါးတို့၏ ကိလေသာမှ လွတ်သောကိစ္စတူခြင်းကြောင့်၊ ကိစ္စပြီးဆုံးခြင်း တပါး၊ ထိုသမာဓိ, ပညာတို့၏ အချင်းချင်းမလွန်သော အနက်သဘော ဣန္ဒြေငါးပါးတို့၏ ကိစ္စတူသော အနက်သဘောအား လျောက်ပတ်သော ဝီရိယကို ရွက်ဆောင်ခြင်းကြောင့်၊ ကိစ္စပြီးဆုံးခြင်း တပါး၊ ဥပါဒ်ခဏတရားတို့၏ အခြင်းအရာကို၊ ဌီခဏ, ဘင်ခဏဖြင့် မှီဝဲခြင်းကြောင့်၊ ကိစ္စပြီးဆုံးခြင်း တပါး။ ဤသို့ အဆုံးလက္ခဏာ လေးပါးဖြစ်၏။

ယခုပြဆိုခဲ့သောနည်းဖြင့်၊ ပဋိပဒါဝိသုဒ္ဓိအကျင့်, ဥပေက္ခာနုဗြူဟနအကျင့်,သမ္ပဟံသနအကျင့်သုံးပါးသို့လည်းရောက်၍၊ကလျာဏာ သုံးပါး၊ လက္ခဏာ ဆယ်ပါးနှင့်ပြည့်စုံသော ဝိပဿနာစိတ်သည်၊ ဝိတက်အင်္ဂါ တပါး,ဝိစာရအင်္ဂါ တပါး,ပီတိအင်္ဂါ တပါး,သုခအင်္ဂါ တပါး,ဧကဂ္ဂတာ အင်္ဂါ တပါး။ ဤအင်္ဂါ ငါးပါးနှင့်လည်းပြည့်စုံ၏။

**သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေ** ဤဣန္ဒြေ ၅–ပါးနှင့်လည်း ပြည့်စုံ၏။ထို့ကြောင့် ဝိပဿနာ တဉာဏ်,တဉာဏ်၏ အဆုံး၌၊ ကလျာဏာ သုံးပါး၊ လက္ခဏာဆယ်ပါး၊ အင်္ဂါငါးပါး၊ ဣန္ဒြေ ငါးပါး တို့ကို ယူအပ်၏ဟု ဆိုခဲ့ပေသည်။

**ဤကား နာမရူပ ပရိစ္ဆေဒဉာဏ်၌၊ အကျဉ်းသိမှတ်ရန် ပြဆိုခြင်းတည်း။**

**ပစ္စယပရိဂ္ဂဟဉာဏ်**ဟူသည်၊ ပြဆိုခဲ့ပြီးသော နာမ်ရုပ်နှစ်ပါးတို့၏ အကြောင်းကို သိခြင်းဖြစ်၏။ သိပုံ အဓိပ္ပါယ်မှာ၊ ပုဂ္ဂိုလ်, သတ္တဝါ,

ယောက်ျား, မိန်းမ မရှိ၊ နာမ်, ရုပ်နှစ်ပါးသာ ရှိ၏။ ပုဂ္ဂိုလ်, သတ္တဝါ, ယောက်ျား, မိန်းမ မဖြစ်၊ အကြောင်းတရား အကျိုးတရားသာ ရှိ၏။ အကြောင်းကြောင့်သာ အကျိုးဖြစ်၏ဟု ပဋိစ္စသမုပ္ပါဒ်အခဏ်း၌ ပြဆိုခဲ့သောနည်း အတိုင်းပင် သိမြင်လာလေ၏။

ဤသို့ သိမြင်လာသောအခါ၊အတိတ် နာမ်ရုပ်သည်၊ပစ္စုပ္ပန်သို့ မလာ၊ ပစ္စုပ္ပန် နာမ်ရုပ်သည်၊ အနာဂတ်သို့ မသွား။ ထိုသို့ မလာ, မသွားသော်လည်း၊ ပစ္စုပ္ပန် နာမ်ရုပ်သည်၊အတိတ်က နာမ်ရုပ်ကြောင့်ဖြစ်ရ၏၊အနာဂတ် နာမ်ရုပ်သည်၊ ပစ္စုပ္ပန်က နာမ်ရုပ်ကြောင့်ဖြစ်ရ၏ဟု ဉာတပရိညာဖြင့် ကာလ ၃-ပါးနှင့်စပ်၍ စုတိပဋိသန္ဓေကိုမြင်သဖြင့်၊ ပစ္စယပရိဂ္ဂဟဉာဏ် အားရှိထက်သန်ခြင်းသို့ရောက်၏။ ထိုအခါ ဒိဋ္ဌိအမျိုးမျိုးကင်းကွာသဖြင့် စုတိကိုမြင်၍၊ နိမိတ္တအရ ခပ်သိမ်းသော သင်္ခါရတို့သည်၊ ဟုတ်သော အတိုင်း၊မမြဲခြင်းသဘော-အနိစ္စ၊ပဋိသန္ဓေကိုမြင်၍၊ပဝတ္တအရ ခပ်သိမ်းသောသင်္ခါရတို့သည်၊ဟုတ်သောအတိုင်း၊ဆင်းရဲခြင်း-ဒုက္ခ။စုတိ, ပဋိသန္ဓေ ၂-ပါးစုံကိုမြင်၍၊နိမိတ္တ,ပဝတ္တအရ ခပ်သိမ်းသောသင်္ခါရတို့သည်၊ဟုတ်သောအတိုင်း၊ မမြဲ, ဆင်းရဲက၊ ကိုယ်အလို မကျခြင်း-အနတ္တဟု ဉာဏ်အား ထင်ရှားကုန်၏။

ယခုကဲ့သို့၊ အနိစ္စ, ဒုက္ခ, အနတ္တ ထင်သဖြင့်၊ ပစ္စယပရိဂ္ဂဟဉာဏ်က အဆုံးကျ၍၊ သမ္မသနဉာဏ်က အစ၊ ပစ္စယပရိဂ္ဂဟဉာဏ်၏ တဘက်ကမ်းသို့ရောက်၏။ ဤနေရာတွင်၊ဒိဋ္ဌိအမျိုးမျိုးဆိုရာ၌၊ရှေးက ငါဖြစ်ဘူးလေသလော၊ ရှေးက ငါမဖြစ်ဘူးလေသလော၊ ရှေးက ဘယ်အမျိုး၌ ငါဖြစ်ဘူးလေသနည်း၊ ရှေးက ဘယ်သဏ္ဍာန် ငါဖြစ်ဘူးလေသနည်း၊ ရှေးက ဘယ်အမျိုး ငါဖြစ်ပြီး၍ ဘယ်အမျိုး ငါဖြစ်ဘူးလေ သနည်း။ အတိတ် ယုံမှားခြင်း ၅-ပါး။

နောင်အခါ ငါဖြစ်ရလတံ့လော၊ နောင်အခါ ငါမဖြစ်ရတံ့လော၊ နောင်အခါ ဘယ်အမျိုးငါဖြစ်ရလတံ့နည်း၊ နောင်အခါ ဘယ်သဏ္ဍာန် ငါဖြစ်ရလတံ့နည်း၊ နောင်အခါ ဘယ်အမျိုး ငါဖြစ်ရလတံ့သည်ဖြစ်၍ ဘယ်အမျိုး ငါဖြစ်ရလတံ့နည်း။ အနာဂတ် ယုံမှားခြင်း ၅-ပါး။

ယခု ငါဖြစ်သလော၊ယခု ငါမဖြစ်သလော၊ ယခု ဘယ်အမျိုး ငါဖြစ်သနည်း၊ ယခု အဘယ်သဏ္ဍာန် ငါဖြစ်သနည်း၊ ယခု ဘယ်က ငါလာရလေသနည်း၊ ယခု ဘယ်ကို ငါသွားရမည် ဖြစ်လေသနည်း။ ပစ္စုပ္ပန် ယုံ

မှားခြင်း ၆ ပါး။ ဤသို့ ကာလကိုမှတ်သောအားဖြင့်၊ယုံမှားခြင်း ၁၆-ပါး ဖြစ်၏။

တဖန်၊ ဘုရား၌ ယုံမှားခြင်း၊ တရား၌ ယုံမှားခြင်း၊ သံဃာ၌ ယုံမှားခြင်း၊အကျင့်၌ ယုံမှားခြင်း၊ အတိတ်၌ ယုံမှားခြင်း၊ အနာဂတ်၌ ယုံမှားခြင်း၊ ပစ္စုပ္ပန်၌ ယုံမှားခြင်း၊ ပဋိစ္စသမုပ္ပါဒ်၌ ယုံမှားခြင်း။ ဤသို့ ဌာနကို မှတ်သောအားဖြင့် ယုံမှားခြင်း ၈-ပါးသာဖြစ်၏။

ထို့နောက်၊နာမ်ရုပ်၌ ယုံမှားခြင်း၊နာမ်ရုပ်၏အကြောင်း၌ ယုံမှားခြင်း ဟု၊ အာရုံကိုမှတ်သောအားဖြင့် ၂-ပါးသာဖြစ်၏။ တဖန် ယုံမှားသော အခြင်းအရာ တရားကိုယ်ကို မှတ်သောအားဖြင့်ကား၊ ဝိစိကိစ္ဆာ တပါး သာဖြစ်လေတော့သည်။

တနည်း၊**ပုဗ္ဗန္တာနုဒိဋ္ဌိ** ၁၈-ပါး၊**အပရန္တာနုဒိဋ္ဌိ** ၄၄-ပါးဟု၊ဝါဒကို မှတ်သောအားဖြင့်၊ ဒိဋ္ဌိ ၆၂-ပါးပြား၏။ ရုပ်ကို ကိုယ်ဟူ၍၎င်း၊ ကိုယ် ကိုလည်း ရုပ်ရှိ၏ဟူ၍၎င်း၊ကိုယ်၌လည်း ရုပ်ကို၎င်း၊ ရုပ်၌လည်း ကိုယ် ကို၎င်း၊စွဲလမ်းခြင်း-သက္ကာယဒိဋ္ဌိဖြစ်၍၊ ရုပ်၌ ၄-ပါး, ဝေဒနာ၌ ၄-ပါး, သညာ၌ ၄-ပါး, သင်္ခါရ၌ ၄-ပါး, ဝိညာဏ်၌ ၄-ပါး။ ခန္ဓာကို မှတ် သောအားဖြင့်၊သက္ကာယဒိဋ္ဌိ ၂၀-သာဖြစ်၏။

တဖန်၊ အဝိဇ္ဇာ, ဘဝ, တဏှာကို မှတ်သောအားဖြင့်၊ သဿတ, ဥစ္ဆေဒ ဒိဋ္ဌိ ၂-ပါးသာဖြစ်၏။ ထို့နောက် အယူမှားသော အခြင်းအရာ တရားကိုယ်ကို မှတ်သောအားဖြင့်၊အတ္တဒိဋ္ဌိ တပါးသာ ဖြစ်ရလေတော့ သည်။သဘောမှာ၊ခဏခဏ,ဖြစ်တိုင်း ဖြစ်တိုင်း,တကြိမ် တကြိမ်၊နာမ်, ရုပ်ကို မပိုင်းခြား၊နာမ်ရုပ်၏အကြောင်းကို မပိုင်းခြားသည်ရှိသော်၊မပိုင်း ခြားသော နာမ်ရုပ်၊ မပိုင်းခြားသော နာမ်ရုပ်၏ အကြောင်း၌၊ ယုံမှား သောအခြင်းအရာ၊ ဝိစိကိစ္ဆာဖြစ်၏။ ဝိစိကိစ္ဆာဖြစ်သည်ရှိသော်၊ သဟ ဇေကဋ္ဌအားဖြင့်၊ ယူမှားသောအခြင်းအရာ၊ဒိဋ္ဌိဖြစ်၏။

သိမှတ်ပိုင်းခြားအပ်သော နာမ်ရုပ်၊ သိမှတ်ပိုင်းခြားအပ်သော နာမ် ရုပ်၏အကြောင်း၌၊ယုံမှားသောအခြင်းအရာ-ဝိစိကိစ္ဆာမဖြစ်။ ဝိစိကိစ္ဆာ မဖြစ်သည်ရှိသော်၊ပဟာနေကဋ္ဌအားဖြင့်၊ ယူမှားသောအခြင်းအရာ-ဒိဋ္ဌိ မဖြစ်။ ထို့ကြောင့်၊ ယုံမှားသော အခြင်းအရာ-ဝိစိကိစ္ဆာ တရားကိုယ် အရင်း ကင်းသဖြင့်၊ အရင်းလဲက အဖျား ထင်းဖြစ်သကဲ့သို့။ယုံမှားခြင်း ၁၆-ပါး၊ ယုံမှားခြင်း ၈-ပါးတို့ကင်း၏။ ယူမှားသောအခြင်းအရာ၊ ဒိဋ္ဌိ တရားကိုယ်အရင်း ကွာသဖြင့်၊ အရင်းလဲက အဖျား ထင်းဖြစ်သကဲ့သို့။

သဿတ,ဥစ္ဆေဒ ဒိဋ္ဌိ နှစ်ပါး၊ သက္ကာယဒိဋ္ဌိ နှစ်ဆယ်၊ ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌိတို့ ကွာလေတော့သည်။

ဉာဏ်ထင်ပုံသဘောမှာ၊ကွေးချင်သော စိတ်ဖြစ်သောအခါ၊ကွေးချင် ကွေးချင်တယ်။ ကွေးသော ရုပ်ဖြစ်သောအခါ၊ ကွေး ကွေးတယ်စသည်ဖြင့် ရှုမှတ်နေရာ။ ဉာဏ်ထင်လာသောအခါ၊ ကွေးချင်သော-စိတ်,ကွေးသော-ရုပ် စသည်တို့၊ ဖြစ်ပေါ်တိုင်း ဖြစ်ပေါ်တိုင်း၊ အားထိုက်ရှုမှတ်ခြင်း မပြုရဘဲ၊ အအလိုလို သိပြီးချည်းဖြစ်လာရာ၊လွန်စွာလျင်မြန်၍ ကိုယ်,စိတ်ပေါ့ပါးလျက်၊ ဉာဏ်အား ထက်သန်ခြင်းစသည်များ ဖြစ်လာပေသည်။ ဤသဘောမျိုးဖြစ်ခြင်းသည်၊ ယုံမှားခြင်း အမျိုးမျိုးတို့မှ လွတ်ကင်းသောကြောင့်၊ ကင်္ခါဝိတရဏဝိသုဒ္ဓိမည်၏။ ၎င်း ဝိသုဒ္ဓိသည်ပင်လျှင် နာမ်ရုပ်၏ အကြောင်းကို သိမြင်သောကြောင့်၊ပစ္စယပရိဂ္ဂဟဉာဏ်မည်၏။ထို ပစ္စယ ပရိဂ္ဂဟဉာဏ်နှင့် ပြည့်စုံ ဆုံးဖြတ် သဖြင့်၊ ကလျာဏ သုံးပါး၊ လက္ခဏာ ဆယ်ပါး၊ အင်္ဂါ ၅-ပါး၊ဈာန်ဗြန် ၅-ပါး စသည်များကိုလည်း၊ နောက်ဉာဏ်၌ ပြခဲ့သောအတိုင်း တချက်တည်း ယူအပ်ပေသည်။

ယခုပြခဲ့သော ဒိဋ္ဌိဝိသုဒ္ဓိ ကင်္ခါဝိတရဏ ဝိသုဒ္ဓိမည်သော၊ နာမရူပပရိစ္ဆေဒဉာဏ်၊ပစ္စယပရိဂ္ဂဟဉာဏ်နှစ်ပါးသည် ဟုတ်မှန်သောအတိုင်း သိသောကြောင့်၊ယထာဘူတ ဉာဏ်လည်းမည်၏။မှန်သောအတိုင်း မြင်သောကြောင့်၊သမ္မာဒဿန ဉာဏ်လည်းမည်၏။ဟုတ်မှန်သောသဘော၌ တည်သောကြောင့်၊ဓမ္မဋ္ဌိတိ ဉာဏ်လည်းမည်၏။ ဤဉာဏ်နှစ်ပါးသည်၊ ဝိပဿနာအရာ၌ လိုရင်းဖြစ်၏။ထိုဉာဏ်နှစ်ပါး ဖြောင့်မှန်လျှင်၊ အထက်ဉာဏ်များမှာ လွယ်ကူလေတော့၏။ ထို့ကြောင့်၊ ၎င်းဉာဏ်နှင့် ပြည့်စုံလျှင်၊သောတာပန်ကြီးများကဲ့သို့ပင်၊ ကောင်းသောလားရာဂတိ မြဲခြင်းတူမျှသောကြောင့်၊စူဠသောတာပန် သောတာပန် အငယ်အထွေးဟုအဋ္ဌကထာဆရာမိန့်ဆိုတော်မူသည်။

**ဣမိနာပန ဉာဏေန သမန္နာဂတော ဝိပဿကော၊ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော စူဠသောတာပန္နောနာမ ဟောတိ။** ဝိသုဒ္ဓိမဂ်။

ဣမိနာ ဉာဏေန၊ ဤယထာဘူတဉာဏ်နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ ဝိပဿကော၊ ယောဂီပုဂ္ဂိုလ်သည်။ ဗုဒ္ဓသာသနေ၊မြတ်စွာဘုရား

သာသနာတော်၌။ လဒ္ဓသာသော၊ ရအပ်သော သက်သာရာရှိသည် ဖြစ်၍။ လဒ္ဓပတိဋ္ဌော၊ရအပ်သော ထောက်တည်ရာရှိသည်ဖြစ်၍။နိယတ ဂတိကော၊ ကောင်းရာ ဂတိသို့လားခြင်း မြဲသည်ဖြစ်၍။ စူဠသောတာ ပန္နော နာမ၊စူဠသောတာပန်မည်သည်။ဟောတိ၊ဖြစ်၏။

အထူးမှာ၊ ဤဉာဏ်နှစ်ပါးနှင့်ပြည့်စုံက၊ စူဠသောတာပန်မည်သည်ဟု အဋ္ဌကထာ မိန့်ဆိုရာ၊ အပရိဟိန စသည်ဖြင့် ဋီကာ၌လာသောကြောင့်၊ ယခုဘဝအတွင်း ဆုတ်ယုတ် ပျက်စီးခြင်းမရှိမှ၊ မုချဟုမှတ်ယူအပ်ပေသည်။ ဤကား ပစ္စယပရိဂ္ဂဟဉာဏ်၌ အကျဉ်း သိမှတ်ရန် ပြဆိုခြင်းတည်း။

နာမရူပပရိစ္ဆေဒနှင့် ပစ္စယပရိဂ္ဂဟဉာဏ် ပြီး၏။

## သမ္မသန ဉာဏ် အခဏ်းကို ခွဲခြမ်း၍ ပြဆိုခြင်း။

**ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အနိစ္စံ ခယဋ္ဌေန၊ ဒုက္ခံ ဘယဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေနာတိ သံခိပိတွာ ဝဝတ္ထာပနေ ဉာဏံ သမ္မသနေ ဉာဏံ။** (ပဋိသမ္ဘိဒါမဂ်ပါဠိတော်။)

အတီတာနာဂတပစ္စုပ္ပန္နံ၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန်၌ဖြစ်သော။ ရူပံ၊ ရုပ်သည်။ ခယဋ္ဌေန၊ ကုန်ခန်းတတ်သော အနက်သဘောကြောင့်။ အနိစ္စံ၊ အနိစ္စမည်၏။ ဘယဋ္ဌေန၊ ဘေးထင်သော အနက်သဘောကြောင့်။ ဒုက္ခံ၊ ဒုက္ခမည်၏။ အသာရကဋ္ဌေန၊ အနှစ်ကင်းသော အနက်သဘော ကြောင့်။ အနတ္တာ၊အနတ္တမည်၏။ ဣတိ၊ဤသို့။ သံခိပိတွာ၊အကျဉ်းချုံး၍။ ဝဝတ္ထာပနေ၊ ပိုင်းခြား မှတ်သားရာ၌။ ဉာဏံ၊ဉာဏ်သည်။ သမ္မသနေ ဉာဏံ၊ သမ္မသနဉာဏ်မည်၏။

အဓိပ္ပါယ်ကား၊ ကာလ ၃-ပါး၌ဖြစ်သော ရုပ်တရားကို၊ လက္ခဏာ ရေး ၃-ပါးဖြင့် ရှုမှတ်ထင်မြင်ခြင်းသည်၊ သမ္မသနဉာဏ်မည်၏။ အား ထုတ်ရပုံမှာ၊အထူးမဟုတ် နောက်က ပြခဲ့သောအတိုင်း၊ကျွေးချင် ကျွေး ချင်ဘယ်၊ ကျွေး ကျွေးတယ် စသည်ဖြင့် ရှုမှတ်နေရ၏။

ဤကဲ့သို့ရှုမှတ်နေ၍ ဉာဏ်ထက်သန်လာသောအခါ၊ကာလ ၃-ပါး၌ ဖြစ်သော၊ ရုပ်နာမ်,ခန္ဓာ,အာယတန,ဓာတ်,ပဋိစ္စသမုပ္ပါဒ် စသော၊ တေ ဘူမ္မက သင်္ခါရတရားတို့၌၊လက္ခဏာ ၃-ပါး သဘောများသည်၊ဉာဏ် အားထင်ရှားလာ၏။ ယိုကဲ့သို့ ထင်ရှားသော သဘောမျိုးကိုပင်၊သမ္မသန ဉာဏ်ဟု ခေါ်ဆိုရလေသည်။

ယခုလို ထင်ရှားခြင်းသည်၊ကာလ ၃-ပါးနှင့်,အဇ္ဈတ္တ,ဗဟိဒ္ဓ,ဩဠာရိက,သုခုမ,ဟီန,ပဏီတ,ဒူရ,သန္တိက-ဟူသော တည်ရာဌာန ဩကာသ အရပ် ၁၁-ပါးတို့၌၊ ဖြစ်တိုင်း ဖြစ်တိုင်းသော သင်္ခါရတရားတို့သည်၊ ဌာနတခုမှ ဌာနတခုသို့ မပြောင်းမရွှေ့ဘဲ၊ အမြဲပင် လက္ခဏာရေး သဘောများကို ထင်မြင်နေ၏။

လက္ခဏာသည် အကျယ်အားဖြင့်၊ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ လာသောအတိုင်း၊ တော ၄၀-ဟူ၍ရင်း ဘာဝနာ ၄၀-ဟူ၍ရင်း ခေါ်ဆိုသည့်၊ သမ္မသန ဝိပဿနာဉာဏ် ၄၀-ပြား၏။ထို ၄၀-တို့ကို လက္ခဏာ ၃-ပါးနှင့် ဝေဘန်လျှင်၊ အနိစ္စလက္ခဏာ ၁၀-ပါး၊ ဒုက္ခလက္ခဏာ ၂၅-ပါး၊အနတ္တလက္ခဏာ ၅-ပါး ဖြစ်ပုံများကို၊ အောက်၌ ဘော်ပြထားသောအတိုင်း မှတ်သားအပ်ပေသည်။

ဣမေပဉ္စက္ခန္ဓာ၊ဤခန္ဓာငါးပါးတို့သည်။ အနိစ္စတော-မမြဲခြင်းသဘောဟု၊ ပလောကတော-ပျက်စီးခြင်းဟု၊ စလတော-ရွေ့ရှားခြင်းဟု၊ ပဘင်္ဂုတော-ပြိုကွဲခြင်းဟု၊ အဓုဝတော-မခိုင်မာခြင်းဟု၊ ဝိပရိဏာမဓမ္မတော-ဖောက်ပြန်ခြင်းဟု၊ အသာရကတော-အနှစ်ကင်းခြင်းဟု၊ ဝိဘဝတော-ဆုံးရှုံးခြင်းဟု၊ သင်္ခတတော-ပြုပြင်ခြင်းဟု၊ မရဏဓမ္မတော-သေရခြင်းသဘောဟု၊အနုပဿတိ၊ ထင်ရှား၏။ **။အနိစ္စာနုပဿနာဉာဏ် ၁၀-ပါး။**

ဒုက္ခတော-ဆင်းရဲခြင်း သဘောဟု၊ ရောဂတော -ကျင်နာခြင်းဟု၊ ဂဏ္ဍတော- ထွက်မြင်းနာဟု၊ သလ္လတော- စူးဝင်ခြင်းဟု၊ အဃတော-အကျိုးမဲ့ခြင်းဟု၊ အာဗာဓတော-နှိပ်စက်ခြင်းဟု၊ ဤတိတော-ထိတ်လန့်ဘွယ်ဟု၊ ဥပဒ္ဒဝတော-လွန်စွာ နှိပ်စက်ခြင်းဟု၊ဘယတော-ကြောက်ရွံ့ဘွယ်ဟု၊ ဥပသဂ္ဂတော-ကပ်၍နှိပ်စက်ခြင်းဟု၊ အတာဏတော-စောင့်ရှောက်ကင်းခြင်းဟု၊ အလေဏတော-ပုန်းအောင်းရာကင်းခြင်းဟု၊အသရဏတော-ကိုးကွယ်ရာကင်းခြင်းဟု၊ အာဒီနဝတော-အပြစ်ဖြစ်ခြင်းဟု၊ အဃမူလတော-အကျိုးမဲ့ဖြစ်စေခြင်းဟု၊ ဝဓကတော-သူသတ်သမားဟု၊ သာသဝတော-ယိုစီးခြင်းဟု၊မာရာမိသတော-မာရ်မင်း အစာဟု၊ဇာတိဓမ္မတော-ဖြစ်ခြင်းဟု၊ ဇရာဓမ္မတော-အိုခြင်းဟု၊ ဗျာဓိဓမ္မတော-နာခြင်းဟု၊ သောကဓမ္မတော-ပိုးရိမ်ခြင်းဟု၊ ပရိဒေဝဓမ္မတော-ငိုကြွေးခြင်းဟု၊ ဥပါယာသဓမ္မတော-ပင်ပန်းခြင်းဟု၊ သံကိလေသိကဓမ္မတော-ညစ်ညူးခြင်းဟု၊ အနုပဿတိ၊ထင်ရှား၏။ **ဒုက္ခာနုပဿနာဉာဏ် ၂၅-ပါး။**

ပရတော-သူစိမ်းပြင်ပဟု၊ရိတ္တတော-ဆိတ်ကင်းခြင်းဟု၊တုစ္ဆတော-အချည်းနှီးဟု၊ သုညတော-အသုံးမကျဟု၊ အနတ္တတော-အလိုမကျခြင်းသဘောဟု၊ အနုပဿတိ၊ ထင်ရှား၏။ **အနတ္တာနုပဿနာဉာဏ် ၅-ပါး။**

ဤသို့ ဝိပဿနာဉာဏ် အနက် ၄၀-ပြားသဖြင့်၊ထို ၄၀-၏ ဆန့်ကျင်ဘက် မဂ်ဝင်ပုံ ၄၀-နိဗ္ဗာန်ထင်၍၊ နိဗ္ဗာန်ဝင်ပုံ ၄၀-ရှိကြောင်း၊ဝိပဿနာကထာ၌ အကျယ်လာရှိပေသည်။

ဉာဏ်ထင်ပုံမှာ၊ ကွေးချင် ကွေးချင်တယ်၊ ကွေး ကွေးတယ် စသည်ဖြင့် ရှုမှတ်နေရာ၊ ဉာဏ်ပေါ်လာသောအခါ၊ ကွေးချင်တဲ့ သဘော,မှတ်တဲ့သဘောတို့၊တခုနှင့် တခု မရောနှောဘဲ၊ကွေးပြီးပျောက်,မှတ်ပြီးပျောက် စသည်ဖြင့်၊ အနိစ္စသဘော ထင်လာ၏။

တဖန်၊ ကွေးရခြင်း,မှတ်ရခြင်း စသော သဘောသည်၊ မကွေးချင်,မမှတ်ချင် သကဲ့သို့၊ ဒုက္ခပဋိပဒါ၌ ပြခဲ့သောအတိုင်း၊• အမျိုးမျိုးသော ဆင်းရဲပင်ပန်းခြင်း စသည်ဖြင့်၊ ဒုက္ခသဘောထင်လာ၏။

ထို့အတူ၊ ကွေးခြင်း,မှတ်ခြင်း စသော သဘောသည်၊ "မာယူပမဥ္စ ဝိညာဏံ၊" ဝိညာဏံ၊စိတ်ဝိညာဏ်သည်။ မာယူပမံ၊ မျက်လှည့်နှင့်တူ၏ ဟုဆိုသကဲ့သို့၊အထင်မှားအောင် လှည့်ဖြား၍နေတာ။ အလကားဟာမျိုးဘဲ စသည်ဖြင့် အနတ္တသဘော ထင်လာ၏။

အထူးမှာ၊ ခန္ဓာ ငါးပါးတွင်၊ ဝေဒနက္ခန္ဓာ သတိပဋ္ဌာန် လေးပါးတွင်၊ဝေဒနာနုပဿနာ သတိပဋ္ဌာန်အရ၊ လက္ခဏာရေးသုံးပါးတို့ ဉာဏ်အား ထင်ရှားပုံသဘောမှာ၊ ညောင်းညာကိုက်ခဲ ထုံကျင်သော သဘောများ အထူးပေါ်လာတတ်၏။ ထိုကဲ့သို့ အထူးပေါ်သည်ကိုပင်၊ ဉာဏ်ဟု မထင်နိုင်ဘဲ၊ ရောဂါဟောင်းရှိသူများ မိမိရောဂါထသည်ဟု ထင်တတ်ကြလေ၏။

ထိုသို့ထင်သဖြင့် ကြောက်လန့်ပြီး၊ ဝိပဿနာ ရှုမှတ်မှုကို စွန့်လွှတ်တတ်ကြလေ၏။ ရောဂါဟုတ်လျှင်၊ ရှုမှတ်မှု စွန့်လွှတ်သော်လည်း၊ မပျောက်။ ဉာဏ်သဘောမှာ၊ ရှုမှတ်မှု မလွှတ်ဘဲ စွဲမြဲနေလျှင်၊ တိုးပွားလာ၏။ ရှုမှတ်မှု စွန့်လွှတ်လိုက်လျှင်၊ ချက်ခြင်းလိုပင် ပျောက်ပျက်သွားလေတော့သည်။

အချို့မှာ၊ အထူး ယားခြင်းဖြစ်တတ်၏။ အစ၌ အနည်းငယ်ဖြစ်ရာ၊ ကြမ်းပိုး ပရွက်ဆိတ် သန်း ခြင်များကိုက်သလားဟု ထင်ရ၏။ ထိုအခါ ရှုမှတ်မှု လွှတ်လိုက်လျှင်၊ချက်ခြင်းပင် ပျောက်ပျက်၏။ရှုမှတ်မှု မြဲနေလျှင်၊

တကိုယ်လုံးလိုပင် တိုးပွားထင်ရှားလျက်၊ ဒုက္ခလက္ခဏာ ၂၅-ပါးတွင် ပြခဲ့သောအတိုင်း အပ်နှင့်ထိုးသကဲ့သို့ရင်း၊မီးနှင့်ထိသကဲ့သို့ရင်း စသည် ဖြင့်၊ ဒုက္ခသဘော လွန်စွာသိသာ၏။

ထိုကဲ့သို့ ဖြစ်သော်လည်း၊မကြောက်ရွံ့ဘဲ စွဲမြဲရှုမှတ်ပါလျှင်၊ မကြာ မီပင် အနတ္တသဘော ထင်လာ၍၊ ဆင်းရဲပင်ပန်းသော ဒုက္ခလက္ခဏာ သဘော ကွယ်ပျောက်သဖြင့်၊လျစ်လျူရှုသော သဘောမျိုးသို့ ရောက်၍၊ ရွံ့ကြောက်ဘွယ် သာယာဘွယ်၊ ချမ်းသာခြင်း ဆင်းရဲခြင်း မထင်ဘဲ၊ အမြဲမပျက် ဓမ္မသဘောသက်သက်ကို၊ ဆက်လက်၍ ရှုမှတ်နေနိုင်လေ တော့သည်။

ဤသို့ ထင်မြင်သုံးသပ် ရှုမှတ်ခြင်း၊ သမ္မသနဉာဏ် ထက်သန်လာ သောအခါ၊နာမ်ရုပ်၏ ညွတ်ခြင်း ဘောက်ပြန်ခြင်း သဘာဝလက္ခဏာ၊ နာမ်ရုပ်၏ ဥပါဒ်,ဋ္ဌီ,ဘင်-ဟူသော သင်္ခတလက္ခဏာတို့ကို အမှတ်မပြု သော်လည်း၊ တဖြိုင်နက်တည်း အလိုလိုထင်လာ၏။ ထိုအခါ စိတ်လည်း မပြန့်လွင့်၊ အားထုတ်သော ကိုယ်စိတ်လည်း ခန့်၏၊ ဝိပဿနာ၏ အညစ် အကြေးလည်း ပျောက်၏၊ ဝိတက်အကြီအစည်လည်းငြိမ်း၏၊ ပရိယုဋ္ဌာန် သံယောဇဉ်လည်း ပျောက်၏၊အနုသယလည်း ပျက်စီး၏၊သမ္မသနဉာဏ် အထူးကိုလည်းရလေ၏။

ထိုကဲ့သို့သော သဘောမျိုးထင်လာလျှင်၊ အနိစ္စသညာ, ဒုက္ခသညာ, အနတ္တသညာတို့ ခိုင်မြဲလာသည်ဖြစ်၍၊ နိစ္စသညာ, သုခသညာ, အတ္တ သညာ ကင်းပျောက်သဖြင့်၊ဉာဏ်တဘက်ကမ်းသို့ရောက်၏။ ဤ အနိစ္စာ နုပဿနာ, ဒုက္ခာနုပဿနာ, အနတ္တာနုပဿနာ ဖြင့်၊ သမ္မသန ဉာဏ်၏ ကလျာဏ ၃-ပါး၊ လက္ခဏာ ၁၀-ပါး၊ အင်္ဂါ ၅-ပါး၊ ဇာန္ဓြ ၅-ပါး တို့ကို ယူအပ်ပေသည်။

**သမ္မသနဉာဏ်အခဏ်းကို ပြဆိုခြင်းပြီး၏။**

---

**ဥဒယဗ္ဗယဉာဏ် ၂-ပါးကို ခွဲခြား၍ ပြဆိုခြင်း**

**ပစ္စုပ္ပန္နာနံ ဓမ္မာနံ ဝိပရိဏာမာနုပဿနေ ပညာ ဥဒယဗ္ဗယာ နုပဿနေဉာဏံ။** (ဝိသုဒ္ဓိမဂ်)

ပစ္စုပ္ပန္နာနံ၊ ဖြစ်ဆဲ ပစ္စုပ္ပန်ဖြစ်ကုန်သော။ ဓမ္မာနံ၊ ရုပ်နာမ်ခန္ဓာစသော တရားတို့၏။ ဝိပရိဏာမာနုပဿနေ၊ ဘောက်ပြန်ပျက်စီးခြင်းကို ရှုရာ၌။

ပညာ၊သိသောပညာသည်။ဥဒယဗ္ဗယာနုပဿနေဉာဏ်၊ဥဒယဗ္ဗယဉာဏ် မည်၏။

အဓိပ္ပါယ်ကား၊ သမ္မသနဉာဏ် ထက်သန်လွန်မြောက်၍ အဆုံးသို့ ရောက်သောအခါ၊ ဖြစ်ဆဲ ပစ္စုပ္ပန်ဆတ်ဆတ် ရုပ်နာမ် ခန္ဓာ စသောပရမတ်တရားတို့၏၊ ဖြစ်ခြင်း,ပျက်ခြင်း သဘောများထင်လာ၏။ ထိုကဲ့သို့ ထင်မြင်းမျိုးကို၊ ဥဒယဗ္ဗယဉာဏ်ဟုခေါ်ဆိုသည်။

ဤ ဥဒယဗ္ဗယဉာဏ်၌၊ခန္ဓာ ၅-ပါးတို့၏ အဖြစ်အပျက်ကိုမြင်သဖြင့်၊ ခန္ဓာတပါး၌ အဖြစ် ၅-ပါး,အပျက် ၅-ပါး ဆယ်ပါးဖြစ်၍၊ခန္ဓာ ၅-ပါး၌ အဖြစ် ၂၅-ပါး, အပျက် ၂၅-ပါး ၂-ရပ် ပေါင်းသော်၊ ဥဒယဗ္ဗယဉာဏ် ၅၀-ဖြစ်၏။

ထိုခန္ဓာ ၅-ပါးတို့တွင်၊ ရူပက္ခန္ဓာ၌ ဖြစ်ခြင်း-ဥဒယလက္ခဏာကိုမြင်သည်မှာ၊ အဝိဇ္ဇာဖြစ်ခြင်းကြောင့် ရုပ်ဖြစ်၏၊ တဏှာဖြစ်ခြင်းကြောင့် ရုပ်ဖြစ်၏၊ ကံဖြစ်ခြင်းကြောင့် ရုပ်ဖြစ်၏၊ အာဟာရဖြစ်ခြင်းကြောင့် ရုပ်ဖြစ်၏။ ဤသို့ အကြောင်းဖြစ်သောအနက်ကြောင့်၊ ရူပက္ခန္ဓာ၏ အဖြစ်ကို မြင်၏။ ဖြစ်သော လက္ခဏာကိုမြင်သော်လည်း၊ ရူပက္ခန္ဓာ၏ အဖြစ်ကို မြင်၏။ ဖြစ်ဆဲ ရုပ်တို့မြင်ရာ၌၊ရုပ်ဖြစ်ခြင်း အကြောင်းလေးပါးကိုလည်း မြင်၏ ဟုဆိုလိုသည်။

ထို့အတူ ရူပက္ခန္ဓာ၌၊ ပျက်ခြင်း- ဝယလက္ခဏာကို မြင်သည်မှာ၊ အဝိဇ္ဇာ ချုပ်ခြင်းကြောင့် ရုပ်ချုပ်၏၊ တဏှာ ချုပ်ခြင်းကြောင့် ရုပ်ချုပ်၏၊ ကံချုပ်ခြင်းကြောင့် ရုပ်ချုပ်၏၊ အာဟာရ ချုပ်ခြင်းကြောင့် ရုပ်ချုပ်၏။ ဤသို့ အကြောင်းချုပ်သော အနက်ကြောင့်၊ ရူပက္ခန္ဓာ၏ အပျက်ကိုမြင်၏။ ပျက်ဆဲ ရုပ်ကိုမြင်ရာ၌၊ ရုပ်ပျက်ခြင်း အကြောင်း လေးပါးကိုလည်း မြင်၏ဟု ဆိုလိုသည်။

ကြွင်းသော ခန္ဓာလေးပါးတို့တွင်၊ ဝေဒနက္ခန္ဓာ၌၊ အဝိဇ္ဇာ, တဏှာ, ကံ, ဖဿဟု အကြောင်းလေးပါးကိုမှတ်။ သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့၌၊ အဝိဇ္ဇာ,တဏှာ,ကံ၊ နာမ်ရုပ်ဟု အကြောင်း လေးပါးစီမှတ်။ ဤသို့ ခန္ဓာတပါး၌၊ ဖြစ်ခြင်း-ဥဒယ ၅-ပါး၊ ပျက်ခြင်း-ဝယ ၅-ပါး၊ နှစ်ရပ်ပေါင်း ဆယ်ပါးဖြစ်၍၊ ခန္ဓာ ၅-ပါးတို့၌၊ ဖြစ်ခြင်း-ဥဒယ ၂၅-ပါး၊ ပျက်ခြင်း - ဝယ ၂၅- ပါး၊ နှစ်ရပ် ပေါင်းသော်၊ ဥဒယဗ္ဗယဉာဏ် ၅၀-ဟု မှတ်ယူပါလေ။

"ဤနေရာ၌၊ နာမ်ရုပ်၏ ဖြစ်ခြင်း, ပျက်ခြင်း ထင်ပုံမှာ၊ ကွေးခြင်း

ဆန့်ခြင်းသဘော၊ အလိုလို ပေါ်လာခြင်း၊ အလိုလို ပျောက်သွားခြင်း။ မြင်ခြင်း ကြားခြင်းသဘော၊ အလိုလို ပေါ်လာခြင်း၊ အလိုလို ပျောက်သွားခြင်း စသည်ဖြင့် ထင်မြင်၍ လာလေ၏။

သမ္မသနနှင့် ဥဒယဗ္ဗယဉာဏ်နှစ်ပါးတို့၏ အထူးမှာ၊ သမ္မသနဉာဏ်သည်၊ကာလ ၃-ပါး၌ဖြစ်သော ရုပ်နာမ်ကိုသိ၏။ဥဒယဗ္ဗယဉာဏ်သည်၊ ပစ္စုပ္ပန်ကာလ တပါး၌ဖြစ်သော ရုပ်နာမ်ကိုသိ၏။ ဤနေရာ၌ နူသော ဉာဏ်က အသိများ၍၊ ရင့်သောဉာဏ်က အသိနည်းပါးသကဲ့သို့ ထင်တတ်ကြ၏။ ဥပမာအားဖြင့်၊ မီးစ ကိုင်ရမ်းသည်ကို ကြည့်ရာ၊ နှေးသောအခါ မီးစနှင့် တကွ ရမ်သည်ကိုမြင်ရ၏။ မြန်သောအခါ မီးစက်ဝိုင်းကိုသာ မြင်ရသကဲ့သို့၊ ဉာဏ်နှေး၍ အများ မြင်သည်ဟု ထင်ရသည်၊ ဉာဏ်လျင်မြန်သောအခါ မကွဲမပြားဘဲ၊ တခုထဲ ပေါင်းသင်း၍၊ ဉာဏ် အမြင် သန့်ရှင်းသည်ဟု ယူပါလေ။

ဤဥဒယဗ္ဗယဉာဏ်သို့ရောက်သောအခါ၊ဝိပဿနာ၏ အညစ်အကြေးသဘော၊ ဩဘာသစသော အက္ကုရာယ် ၁၀-ပါး၊ ဥပက္ကိ လေသများ ဖြစ်ပွားလာတတ်ကုန်၏။ ၎င်းအက္ကုရာယ်များကို သာယာနေလျှင်၊ နိဗ္ဗာန်ဟု ထင်၍ မဂ်မှားသို့ သက်ဝင်လေ၏။ ထိုအက္ကုရာယ်များကို ပယ်ရှား သုတ်သင်နိုင်ပါလျှင်၊ နိဗ္ဗာန်လမ်းကို ကေန်မြင်၍ မဂ်မှန်သို့ သက်ဝင် လေတော့သည်။

ထိုသို့ အက္ကုရာယ်များကို ပယ်ရှား၍၊ လက္ခဏာရေး သုံးပါးအတိုင်း ရှုမှတ်သွားနိုင်ခြင်းမျိုးသည်၊ လမ်းမှား လမ်းမှန်ကို ကေန် သိမြင်လျက်၊ အမှားဘက်သို့ မပြိတ္တွယ်ဘဲ စင်ကြယ်သန့်ရှင်းလေသောကြောင့်၊ သမ္မသနဉာဏ်နှင့် အက္ကုရာယ် လွတ်ပြီးသည် တိုင်အောင်သော၊ ဥဒယဗ္ဗယဉာဏ်တစိတ်ကို၊ မဂ္ဂါ မဂ္ဂဉာဏဒဿန ဝိသုဒ္ဓိဟု ခေါ်ဆိုရလေသည်။

ထိုကြောင့် ဤဉာဏ်ကို၊အက္ကုရာယ်အတွင်း၌ တရုဏဝိပဿနာဉာဏ်၊ အက္ကုရာယ် လွတ်ကင်းသောအခါ ဗလဝဝိပဿနာဉာဏ်ဟု၊ ကျမ်းဂန်များ၌ နှစ်ပါးမိန့်ဆိုကြကုန်၏။ ထိုဉာဏ်သို့ရောက်သော ယောဂီပုဂ္ဂိုလ်မှသာ၊ မဆုတ်မယုတ် လွန်စွာအားထုတ်သောကြောင့်၊ အာရဒ္ဓဝိပဿက ပုဂ္ဂိုလ်ဟု အမည်ထူး ရရှိလေ၏။

ဉာဏ် ၂-ပါးတို့တွင်၊ တရုဏ ဝိပဿနာဉာဏ်သို့ ရောက်လျှင်၊ ပညတ် မကင်းမစင်သေးသော်လည်း၊ ပရမတ်သဘောအစစ်ကို မြင်သောကြောင့်၊ ယခုဘဝတွင် မဂ်ဖိုလ်နိဗ္ဗာန်ကို၊ ကေန် ရထိုက်သော

တိ^ဂိတ် ပုဂ္ဂိုလ်ဟု ဆုံးဖြတ်နိုင်၏။ ဥဒယဗ္ဗယဂါမိနီဉာဏ် ခေါ်သော ပဓာနိယင် သဘောမျိုးပေတည်း။

ဗလဝ ဝိပဿနာဉာဏ်သို့ ရောက်သောအခါ၊ပညတ် အကာကွာစင်၊ ပရမတ် ရုပ်နာမ်အစစ်၏ အဖြစ် အပျက်သဘော သက်သက် မျှသာ ထင်မြင်သောကြောင့်၊လွန်ခဲ့သောဉာဏ်များလို အာရုံကိုမရှာရ၊မကြံစည် မတွေးတောရဘဲ အလိုလိုပင် ဉာဏ်တွင် ထင်မြင်၍ သာနေ၏။ ဥပမာ အားဖြင့်၊ရှေးအခါ ခွား၏သဘောကို မသိ၍၊တောကြီးထဲတွင် ပင်ပန်းစွာ ရှာဖွေရာ၊ ရေဆိပ်သို့ ဆင်းသောအချိန်ကို သိသောအခါ၊ ရေဆိပ်တွင် စောင့်နေသဖြင့် လူက မရှာရဘဲ၊ အလိုလိုလာသောနွားကို လွယ်ကူ သက်သာစွာ ဘမ်းယူရသည်နှင့် တူပေသည်။

သဘောမှာ၊ ဉာဏ် ၁၆-ပါးရှိရာ၊ ဥဒယဗ္ဗယဉာဏ်သို့ ရောက်ရန် ကြန့်ကြာသဖြင့်၊ ၎င်းဉာဏ်သို့ ရောက်သောအခါ လျင်မြန်စွာ ပေါက် ရောက်နိုင်သဖြင့်၊ ဆယ်ပုံတွင် တပုံးလောက်မျှ မကျန်မကြွင်း ပေ၍၊ ခဏ ခြင်းပင် အောင်မြင် တော့မည်ဟု ဆိုရပေ၏။ ဥပမာအားဖြင့်၊ တောင်တက်သော လမ်းသည် ခရီးတိုသော်လည်း၊ ပင်ပန်း တာရှည် လျက် ဆင်းသောအခါ၊ ခရီးရှည်သော်လည်း လွယ်ကူသက်သာလျက် လျင်မြန်စွာ ရောက်သည်နှင့် တူပေ၏။

ဥပမာ အရဖြင့်၊ အားထုတ်စ။ နာမ ရူပ ပရိစ္ဆေဒ ဉာဏ်မှ စ၍၊ ဥဒယဗ္ဗယဉာဏ် ထက်ဝက်တိုင်အောင်၊ ဉာဏ် ၃-ဆင့်နှင့် တပိုင်း ရောက်ရန်၊ အားထုတ်မှု အချိန်ကာလ စသည်များသည်၊ မြင့်မောက် လှသော တောင်ကြီးကို ခြေရင်းမှ တောင်ထိပ်သို့တိုင်အောင် တက်ရ သည်နှင့်တူ၏။

ဥဒယဗ္ဗယဉာဏ် တစိတ်မှစ၍၊ သင်္ခါရုပေက္ခာဉာဏ် တိုင်အောင်၊ ဉာဏ် ၇-ဆင့်နှင့် တပိုင်းသို့ရောက်ရန်များသည်၊ တောင်ထိပ်မှ တောင် ခြေသို့ ရောက်အောင် ဆင်းရသည်နှင့်တူ၏။

အနုလောမဉာဏ်မှ ပစ္စဝေက္ခဏာဉာဏ်သို့အရောက်၊ဉာဏ် ၅-ဆင့် သည်၊ တောင်ခြေနှင့် နီးကပ်လျက်၊ အလိုရှိသော ဌာနသို့ရောက်ရန်၊ ဘေးကင်းသောမြေသို့ သွားရသည်နှင့်တူပေ၏။

ယခုပြခဲ့သော ဥပမာအရဖြင့်၊ သဘာဝဖြစ်ဟန်ကို တသန်တည်း မယူဘဲ၊ များသောအားဖြင့် ဖြစ်တတ်သည့် ယေဘုယျနည်းများကိုလည်း၊ နှလုံးထားသင့်လှပေသည်။

ဤသို့ ပစ္စုပ္ပန်သက်သက် နာမ်ရုပ်၏ အဖြစ်အပျက်သဘော ရှုသော သူသည်၊ဖြစ်ခိုက်ဖြစ်ခိုက် တပါးပါးသော ဒွါရ၌၊အာရုံထင်ခြင်း ဝိညာဉ် သိခြင်း၏ အစွမ်းအားဖြင့်၊ သိ၏ဟု သတိထင်အောင် အမှတ်ပြုသဖြင့်၊ ဒွါရ, အာရုံ, ဝိညာဉ် ပစ္စုပ္ပန် နာမ်ရုပ်ထင်၍၊ နာမ်ရုပ်၏-အစ ဥဒယ သည်ကား၊ ဖြစ်သော သဘော၊ နာမ်ရုပ်၏-အဆုံး ဝယသည်ကား၊ ပျက်သော သဘောဟု တမြင်တည်း မြင်၍သာနေ၏။

နာမ်ရုပ်၏ ဖြစ်သောအားဖြင့်၊ လာသော ဥဒယလက္ခဏာ ၂၅-ပါး၊ နာမ်ရုပ်၏ ပျက်သောအားဖြင့်၊သွားသော လက္ခဏာ ၂၅-ပါး ကိုလည်း အမှတ်မပြု၊ မထင်သည်လည်းမဟုတ် ထင်လည်းထင်၏။ စိတ်လည်း မပြန့်လွင့်၊ ကိုယ်စိတ်လည်းခန့်၊ အညစ်အကြေးလည်း ပျောက်၊ ဝိတက် လည်း ငြိမ်း၊ မရှိ ယုဉ္ဇာန်လည်း ပျောက်၊ အနုသယလည်း ပျက်စီး၊ ဥဒယဗ္ဗယ ဉာဏ်အထူးကိုလည်း ရလေ၏။

ထိုအခါ၊ နာမ်ရုပ်၏ ဖြစ်သောသဘောပင် ရှိသော်လည်း၊ထင်သော သတိ အမှတ်အားလျော်စွာ၊ အဖြစ်ကိုလွှတ်၍ အပျက်ကိုသာ မြင်လာသ ဖြင့်၊ ဉာဏ်တဘက်ကမ်းသို့ရောက်၏။ဝိပရိဏာမာနုပဿနာဖြင့်၊ ဥဒယဗ္ဗ ယဉာဏ်၏ ကလျာဏသုံးပါး လက္ခဏာဆယ်ပါး အင်္ဂါငါးပါး ဈာန် ငါးပါး တို့ကိုယူအပ်ပေသတည်း။

ဥဒယဗ္ဗယဉာဏ် ၂-ပါးကို ပြဆိုခြင်းပြီး၏။

---

## အန္တရာယ်ဖြစ်တတ်မှုကို မဟာနာဂဝတ္ထုဖြင့် ပြဆိုခြင်း

ဝိပဿနာအလုပ်ထက်သန်၍၊ဥဒယဗ္ဗယဉာဏ်သို့ ရောက်သောအခါ အညစ်အကြေးဥ။ပက္ကိလေသခေါ်သော အန္တရာယ်ဆယ်ပါးတို့ ဖြစ်ပေါ် လာတတ်ကုန်၏။

### ဝိပဿနုပက္ကိလေသ ၁၀-ပါးဟူသည်ကား

၁။ ဩဘာသ-အရောင်အလင်း
၂။ ဉာဏ-သိခြင်း
၃။ ပီတိ-နှစ်သက်ခြင်း
၄။ ပဿဒ္ဓိ-ငြိမ်းအေးခြင်း
၅။ သုခ-ချမ်းသာခြင်း
၆။ အဓိမောက္ခ-ယုံကြည်ခြင်း
၇။ ပဂ္ဂဟ-အားထုတ်ခြင်း
၈။ ဥပဋ္ဌာန-ထင်ခြင်း
၉။ ဥပေက္ခာ-လျစ်လျူရှုခြင်း
၁၀။ နိကန္တိ-တတ်နှစ်သက်ခြင်း

ဟု ဆယ်ပါးဖြစ်၏။

ဤအနုတ္တရာယ်များဖြစ်တတ်သော်လည်း မဂ်ဖိုလ်ရပြီးသူ၊ အားထုတ်လျက် နည်းမှားသူတို့အား မဖြစ်ပေ၊ ပုထုဇန်အဖြစ်နှင့် ဝိပဿနာအလုပ်လမ်းမှန်၍ ဥဒယဗ္ဗယဉာဏ်သို့ရောက်မှ ဖြစ်ပေါ်နိုင်၏။ ထိုဆယ်ပါးတို့တွင်၊ ဩဘာသ-အရောင်အလင်းသည်၊ များသောအားဖြင့် သမထယာနိက ဈာနလာဘီပုဂ္ဂိုလ်တို့အား ဖြစ်တတ်ကုန်၏။ သုဒ္ဓဝိပဿနာယာနိက ပုဂ္ဂိုလ်တို့အား၊ အနည်းငယ်အားဖြင့် ဖြစ်တတ်ကုန်လေသည်။

အထူးမှာ၊ အနုတ္တရာယ်ဆယ်ပါးတို့တွင်၊ ဩဘာသ စသော ၉-ပါးတို့ကို၊တပ်နှစ်သက်သော-နိကန္တိတပါးသာ လိုရင်းဖြစ်၍၊နိကန္တိ ဆယ်ပါးဖြစ်၏။ ထိုသို့နိကန္တိဆယ်ပါးဖြစ်ရာ၊ တဏှာ,မာန,ဒိဋ္ဌိ ရင်းသုံးပါး မြှောက်ပွား၍၊ ဂါဟ တရား သုံးဆယ် ပြားသည်ကို မှတ်သားအပ်ပေသည်။

အဓိပ္ပါယ်သဘောမှာ၊ အရောင်အလင်း ဖြစ်ရာ၌၊ အနီး, အဝေး၊ အကျဉ်း, အကျယ်၊အနည်း, အများ အားဖြင့် အစားစားရှိရာ၊ အချို့မှာ တထိုင်ရမျှ၊ အချို့မှာ တိုက်ခန်းတခုမျှ စသည်ဖြင့်၊ အချို့မှာ လောကဓာတ်တခုလုံးတွင်ပင် အရောင်အလင်းပေါ်၏။ဗိဋကလတောင်၌နေသော မထေရ်နှစ်ပါးတွင်၊ မထေရ်ငယ်က၊ ထိုအခါ စေတီ ယင်ပြင်၌ ရှိသော ပန်းများကို မြင်ရ၍ လျှောက်လေရာ။ မထေရ်ကြီးက၊ သမုဒ္ဒရာတွင် တယူဇနာမျှဝေးသောအရပ်၌၊ငါးလိပ်စသည်ကို မြင်ကြောင်းမိန့်တော်မူ၏။

ဤအရောင်အလင်းမျိုးသည်၊ ကိလေသာပါးခြင်း ဉာဏ်ကြည်ခြင်းကြောင့်၊ယောဂီပုဂ္ဂိုလ်၏ ကိုယ်အတွင်းမှ ထွက်ပေါ်လာ၏။ထို့ကြောင့်၊ သူတပါးတို့ မမြင်နိုင်ပေ။ ရောင်ခြည်တော်အဖွင့်ကို ထောက်ချင့်ပါလျှင်၊ ဟုတ်မှန်ကြောင်း ယုံကြည်သင့်လှပေ၏။

ဉာဏ်ဖြစ်ရာ၌၊ ရှေးက ရှုမှတ်ခဲ့ဘူးသော ရုပ်နာမ်ခန္ဓာ စသည့် ပရမတ်တရားတို့ကို၊သဘောလက္ခဏာ စသည်များပါ ထိုးထွင်း၍၊သန့်ရှင်းသောဉာဏ်ဖြင့် အစဉ်အတိုင်း အထူးသိမြင်သည့်အပြင်၊ ရှေးအခါတွင် မေ့လျော့ ပျောက်ပျက်နေသော စာများကိုပင်၊ ကြည်လင်စွာ သိမြင်၍ လာလေ၏။

နှစ်သက်ခြင်း ပီတိငါးပါးတွင်၊ ကြက်သီး ထလောက်ရုံမျှ၊ အနည်းငယ် နှစ်သက်ခြင်းမျိုးသည်-ခုဒ္ဒကာပီတိမည်၏။ လျှပ်စစ်ပြက်သကဲ့သို့

ခဏာခဏဖြစ်သော နှစ်သက်ခြင်းမျိုးသည်-ခဏိကပီတိမည်၏။ရေလှိုင်းများ ကွသကဲ့သို့ ဖြစ်သော နှစ်သက်ခြင်း မျိုးသည်-ဩက္ကန္တိကပီတိမည်၏။ ဝါဂွမ်းများကဲ့သို့၊ ကိုယ်လွင့်ပါသွားလောက်အောင် နှစ်သက်ခြင်းမျိုးသည်-ဥဗ္ဗေဂါပီတိမည်၏။ ဆီစိမ်သောဝါဂွမ်းကဲ့သို့၊ တကိုယ်လုံးပြန့်နှံ့၍နေသော နှစ်သက်ခြင်းမျိုးသည်-ဖရဏာပီတိမည်၏။

ဥဗ္ဗေဂါပီတိဖြစ်ဘူးသည်မှာ၊ ရှေးအခါ သိပ်ဟိုဠ်ကျွန်းတွင်၊ တခုသော ညဥ့် မိဘများ စေတီပူဇော်သွားရာ သွိုးမှာ ပဋိသန္ဓေ အရင့်အမာရှိ၍ ကျန်နေ၏၊ ထိုသူငယ်မသည် စေတီကို အာရုံပြုလေရာ ကိုယ်ခန္ဓာသည် ဝါဂွမ်းပမာ ကောင်းကင်သို့ ပါသွားပြီး၊ စေတီယင်ပြင်သို့ ကြည်လင်ချမ်းသာစွာ ရောက်ရလေသည်။

ပဿဒ္ဓိဟူသည်၊ ကိုယ်စိတ်နှစ်ဖြာ လွန်စွာ ငြိမ်းအေးခြင်း သဘောဖြစ်၏။ သုခဟူသည်၊ ကိုယ်စိတ်နှစ်ဖြာ လွန်စွာ ချမ်းသာခြင်း သဘောဖြစ်၏။ အဓိမောက္ခဟူသည်၊ လွန်စွာ ယုံကြည်ခြင်း သဒ္ဓါသဘောဖြစ်၏။ ပဂ္ဂဟဟူသည်၊ လွန်စွာ အားထုတ်ခြင်း ဝီရိယသဘောဖြစ်၏။ ဥပဋ္ဌာနဟူသည်၊ လွန်စွာထင်ခြင်း သတိ သဘောဖြစ်၏။ ဥပေက္ခာဟူသည်၊ လွန်စွာ လျစ်လျူရှုခြင်း တတြမဇ္ဈတ္တုပေက္ခာ သဘောဖြစ်၏။ နိကန္တိဟူသည်၊ ထို ၉-ပါးသော သဘောတို့ဖြစ်သည်ကို၊ သာယာနှစ်သက်တပ်မက်မောခြင်း သဘောဖြစ်၏။

အချုပ်သဘောမှာ၊ ဥဒယဗ္ဗယဉာဏ်သို့ရောက်စအခါ၌၊ သဒ္ဓါ၊သတိစသော သောဘဏစေတသိက်အားလုံးတို့သည်၊ ပေါင်းရုံး ဆုံစီးလျက် တပြိုင်နက်တည်း၊ ကူညီထောက်ပင့်၍ ချီးမြှောက်ခြင်း ပြုကြလေ၏။ ထိုအခါ၊ မောဟစသော ကိလေသာကြမ်းတို့ ကင်းသဖြင့် မကြုံဘူး ထူးကဲသော အရောင်အလင်း၊ အလုံးစုံသိခြင်း နှစ်သက်ခြင်း ကိုယ်စိတ်ငြိမ်းအေးချမ်းသာခြင်း၊ ကိုယ်စိတ် လျင်မြန် ပေါ့ပါး နူးညံ့သိမ်မွေ့ခြင်း၊ ကိုယ်စိတ် ခန့်ကျန်းလေ့လာသဖြင့်၊ ဖြောင့်မတ်ခြင်း စသည်များဖြစ်ကြလေသည်။

ဉာဏ်ထင်ပုံမှာ၊ သမ္မသနဉာဏ်၌၊ ဒုက္ခလက္ခဏာ ဖြစ်ဟန်ကို အမြင်သန်နေသဖြင့်၊ အင်မတန် ပင်ပန်းဆင်းရဲလျက်၊ လဲတော့မည်ကဲ့သို့ ဖြစ်နေရာ၊ ဥဒယဗ္ဗယဉာဏ်သို့ ရောက်လိုက်သောအခါ၊ ရုတ်ကရက် ယူပစ်လိုက်သကဲ့သို့၊ ပေါ့ပါးလျင်မြန် ထက်သန်ရွှန်အား ကြည်လင်ရွှင်လန်းလျက်၊ ဝမ်းမြောက် သိမြင်ခြင်းများ အထူးဖြစ်ပွား၍လာ၏။

ထိုအခါ တညလုံးပင်၊ အိပ်ချင်ငိုက်မြည်း ပျင်းရိခြင်းများ ပျောက်ကင်းလျက်၊ ၎င်းပြည်အတွင်း၌ စကြံ့ဝင်းကြီးများပင်၊ မခံစားရဘူးသော ထူးခြားသည့် အမြိုက်တရားကို ခံစားရရှိပေပြီ။ ယခု ငါခံစားရသော ချမ်းသာသည်၊ မဂ်ဖိုလ်နိဗ္ဗာန် တရားပေတည်းဟု၊ အားကြီးသော နှစ်သက်ပျော်ရွှင်ခြင်းရှိ၍၊ သာယာကပ်ငြိခြင်း နိကန္တိများ ဖြစ်ပွား၍လာလေ၏။

ဤသဘောများသည်၊ ယခုမှ ဝိပဿနာဉာဏ်အား လျော်စွာ ပေါ်ပေါက်လာရာ၊ ရှေးအခါ၌ မိမိသန္တာန်တွင် တကြိမ်တဖန် တရံတဆစ်မျှ၊ အိပ်မက်တွင်ပင် မတွေ့မမြင် မကြားမသိစဘူး၊ အလွန် ထူးသော ဝိတိ ပဿဒ္ဓိ သုခမျိုးဖြစ်၍၊ ဩဘာသစသည်ကို မဂ်ဖိုလ်နိဗ္ဗာန်ဟု ထင်ရလေ၏။ ထင်မှတ်သော်လည်း အမှန်မဟုတ်သေးပေ။

ဥပမာအားဖြင့်၊ ပြည့်တန်သော ကျောက်ပတ္တမြားကို ယူရန်၊ ဝေဘူလ တောင်သို့သွားရာ၊ တရံတခါမျှ မတွေ့မမြင်ဘူးသော၊ ထောင်သောင်း လောက် အဘိုးထိုက်တန်သော ကျောက်ရတနာကို၊ တောင်ခြေမှာ တွေ့သောအခါ၊ ဤရတနာပင် ပြည့်တန်သော ကျောက်ပတ္တမြားဟု၊ အထင်မှားသော ယောကျ်ားကဲ့သို့ဖြစ်လေသည်။

လိုရင်းမှာ၊ ဤသဘောမျိုးကို သာယာနေလျှင်၊ ဝိပဿနာလမ်းမှား၍ အစစ်အမှန်ဖြစ်သော မဂ်ဖိုလ်နိဗ္ဗာန်တရားကို မရနိုင်ပေ။ ဥပမာအားဖြင့်၊ လမ်းမှားပြီး ချောက်ထဲသို့ ကျသွားသောသူသည်၊ ကုန်းပေါ်သို့တက်ရန် ခဲယဉ်းသကဲ့သို့ဖြစ်၏။ ထိုသဘောမျိုးဖြစ်တတ်မှုကို၊ မဟာနာဂမထေရ် ကြီးဝတ္ထုဖြင့် သတိပြု မှတ်သားအပ်ပေသည်။

မဟာနာဂ မထေရ်ကြီးသည်၊ ဩဘာသခေါ်သော အရောင်အလင်း ကိုတွေ့မြင်ရာ၊ အထက်တွင် ပြခဲ့သော ချမ်းသာအထူးကို ခံစားရ၍၊ မဂ်ဖိုလ်နိဗ္ဗာန်တရားပင်ဟု မှတ်ထင်ပြီး၊ ဝိပဿနာ လမ်းစဉ်ကိုဖြတ်၍၊ အားထုတ်ခြင်းကို ဆိုင်းရပ်ထားလေ၏။ ထိုအကြောင်းကို၊ ရဟန္တာ ဖြစ်သော တပည့်ဓမ္မဒိန္နမထေရ်ကသိ၍ ကြွလာရာ၊ အချိန်အခါမလှဘဲ၊ ဘယ်ကိစ္စနှင့်လာသနည်းဟု ဆရာကမေး၍၊ ပုစ္ဆာတခု လျှောက်ထားရန် လာကြောင်း ပြောသဖြင့်၊ အခွင့်ပေးသည့်အတိုင်း မဂ်ဖိုလ်နိဗ္ဗာန်နှင့်စပ်သော အချက်များကိုမေးရာ၊ မေးတိုင်းပင် မဆိုင်းမနားဘဲ ဖြေကြားလေသည်။

ထိုအခါ၊ ဓမ္မဒိန္နမထေရ်က၊ အရှင်ဘုရား၏ ဉာဏ်တော်သည် လွန်စွာ ထက်သန် ရူးယှလှပါ၏။ ဤဟာရေးကို ဘယ်အခါတွင် ရပါသနည်းဟု မျိုးမွမ်းလျှောက်ရာ၊ ရဟန္တာ ထင်မှတ်ပြီး အနှစ်ခြောက်ဆယ် ရှိပြီဟု ပြောပြသဖြင့်၊ သမထကို မေးပြန်လျှင် ဝန်မလေးဆို၍၊ အရှင်ဘုရားကို ထိုးရန်ပြေးလာသော ဆင်ပြောင်ကြီးဟာန် ဘန်ဆင်းပါဟုလျှောက်ရာ၊ လျင်မြန်စွာဘန်ဆင်း၍ အတင်းထိုးမည်ကဲ့သို့ ပြေးလာသည်ကို မြင်လျှင်၊ အဟုတ်ပင်မှတ်ထင် ထိတ်လန့်လျက်၊ သေအံ့သော ဘေးကိုကြောက်၍ ထွက်ပြေးရန် အားထုတ်လေ၏။

ထိုအခါ၊ ဓမ္မဒိန္နမထေရ်က၊ ရဟန္တာများ ကြောက်လန့်ပါသေးသလားဟု လျှောက်ရာ၊မဟာနာဂမထေရ်ကြီးမှာ လွန်စွာထိတ်လန့်သဖြင့်၊ ငါမှားပြီ ကယ်ပါဟု ပြောရာ၊ သတိပဋ္ဌာန်လာသောအတိုင်း နည်းပေး၍၊ မကြာစည် မတွေးတောဘဲ ယုံကြည်ခြင်း စိတ်သဘောထားဖြင့်၊ စင်္ကြံသွား၍ ရှုမှတ်ရာ၊နှစ်လှမ်း သုံးဘာ ါးအခိုက်မှာ ရဟန္တာကြီးဖြစ်လေ၏။ ထို့ကြောင့်၊ အရောင်စသည်တို့ကို မသာယာဘဲ၊ နောက်က ထင်မြင်သာ သော လက္ခဏာသဘောကိုပင်၊ အစဉ်မပြတ်အောင် ရှုမှတ်၍ နေရလေ တော့သည်။

အန္တရာယ်ဖြစ်တတ်မှုကို မဟာနာဂဝတ္ထုဖြင့် ပြဆိုခြင်းပြီး၏။

ဘင်္ဂဉာဏ်၏အဓိပ္ပါယ်ကို သိလွယ်ရန် ပြဆိုခြင်း

**တသေဝ ဥပ္ပဇ္ဇိတွာ ဝိနာသမသင်္ခါရဂတံ နိရုဇ္ဈတီတိ ပဿတော ဓေကေသွိ့ ဌာနေ ဘင်္ဂါနုပဿနံနာမ ဝိပဿနာဉာဏံ ဥပ္ပဇ္ဇတိ။**

(ပဋိသမ္ဘိဒါမဂ်ပါဠိတော်)

ဇဝိနာသမ သင်္ခါရဂတံ၊ ဤသင်္ခါရဍ္ဍ အတွင်းဝင်သေးတရားမည်သည်။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်ပြီး၍။ နိရုဇ္ဈတိ၊ ချုပ်၏။ ဣတိ၊ ဤသို့။ ပဿတော၊ ရှုမြင်သော။ တသေဝ၊ ထိုယောဂီပုဂ္ဂိုလ်အားသာလျှင်။ဇကေသွိ့ ဌာနေ၊အဖြစ်ကိုလွှတ်လျက် အပျက်တခုတည်သော ဌာနဍ္ဍ။ ဘင်္ဂါနုပဿနံနာမ၊ အပျက်ကို ရှုသည်မည်သော။ ဝိပဿနာဉာဏံ၊ ဝိဿနာဉာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

'အဓိပ္ပါယ်ကား၊ အဖြစ်,အပျက်နှစ်ပါးစုံကို မြင်သောဉာဏ်၊ ရင့်သန် လာသဖြင့် ဖြစ်သည်ကိုမထင်၊ အပျက်တခုတည်း မြင်လာခြင်းသည်၊ဘင်္

ဉာဏ်မည်၏။ ဤဘင်္ဂဉာဏ်၏သဘောမှာ၊ ထင်သောအာရုံ ရုပ်နာမ်၏ ပျက်ခြင်း၊ ရှုမှတ်သော ဝိပဿနာစိတ်၏ပျက်ခြင်း နှစ်ပါးလုံးစုံ၍မြင်၏။ ဥဒယဗ္ဗယဉာဏ်၌၊ အပျက်ကိုမြင်သော ဝယဉာဏ်သည်၊ ထင်သောအာရုံ ရုပ်နာမ်ပျက်ခြင်းကိုသာ မြင်၍၊ ရှုမှတ်သော ဝိပဿနာစိတ်ပျက်ခြင်းကို မမြင်၊ ဤသို့ အထူးကို မှတ်သားပါလေ။

**ရူပါရမ္မဏတာ စိတ္တံ ဥပ္ပဇ္ဇိတွာ ဘိဇ္ဇတိ။ တံ အာရမ္မဏံ ပဋိသင်္ခါ တဿစိတ္တဿ ဘင်္ဂံ အနုပဿတိ။** (ပဋိသမ္ဘိဒါမဂ်ပါဠိတော်)

ရူပါရမ္မဏတာ၊ ရုပ်ကိုအာရုံပြုသော။ စိတ္တံ၊ စိတ်သည်။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်၍။ ဘိဇ္ဇတိ၊ ပျက်၏။ တံ အာရမ္မဏံ၊ ထိုရုပ်အာရုံကို။ ပဋိသင်္ခါ၊ အပျက်ဟုသိ၍။ တဿ စိတ္တဿ၊ အပျက်ဟုသိသော ထိုစိတ်၏။ ဘင်္ဂံ၊ အပျက်ကို။ အနုပဿတိ၊ တဆင့် ရှုမြင်၏။

ဤသို့ ရုပ်ကိုရှုမြင်သဖြင့်၊ ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ်ဟူသော နာမ်တရားတို့ကိုလည်း ရှုမြင်၍၊ အလုံးစုံသော သင်္ခါရ တရား တို့သည်လည်း၊ တပြိုင်နက် တချက်တည်း ပါဝင်ပြီးစီးကြလေတော့သည်။ ထိုသို့ သင်္ခါရတရားတို့ အလုံးစုံပြီးစီးခြင်း ရှုမြင်ပုံအခြင်းအရာများကို၊ အောက်၌ပါရှိသောအတိုင်း မှတ်သားအပ်ပေ၏။

သင်္ခါရတရားတို့သည်၊ မမြဲဟု ရှုမြင်၏၊ မြဲသည်ဟု မရှုမြင်။ ဆင်းရဲဟု ရှုမြင်၏၊ ချမ်းသာဟု မရှုမြင်။ ကိုယ်မဟုတ်ဟု ရှုမြင်၏၊ ကိုယ်ဟု မရှုမြင်။ ငြီးငွေ့၏၊ မနှစ်သက်။ တပ်ခြင်းကင်း၏၊ မတပ်မက်။ ချုပ်စေ၏၊ မဖြစ်စေ။ တဖန်ကို စွန့်လွှတ်၏၊ တဖန်ကို မယူ။ ဤ၇-ပါးသော အနုပဿနာဉာဏ်တို့ဖြင့် ရှုမြင်၍လာလေ၏။

ထိုကဲ့သို့ ရှုမြင်သောအခါ၊ ဉာဏ်အထင်မှာ မမြဲဟုမြင်သဖြင့်၊ မြဲသည် ထင်သော သညာပျောက်၏။ ဆင်းရဲဟု မြင်သဖြင့်၊ ချမ်းသာသည် ထင်သော သညာပျောက်၏။ ကိုယ်မဟုတ်ဟု မြင်သဖြင့်၊ ကိုယ်ဟုထင်သော၊ သညာပျောက်၏။ ငြီးငွေ့သဖြင့်၊ တဏှာ ပျောက်၏။ တပ်မက်ခြင်း ကင်းသဖြင့်၊ ရာဂ ပျောက်၏။ ချုပ်စေသဖြင့်၊ သမုဒယ ပျောက်၏။ တဖန်ကို စွန့်သဖြင့်၊ တဖန် မယူ။ ဤသို့ ဆန့်ကျင်ဘက်ကိုပယ်ဖျက်လေသည်။

ယခု ပြဆိုခဲ့သောဉာဏ်၌၊ ပျက်သောအာရုံ၏ ရှေ့ဘင်ဝဏ္ဏမှ၊ အပျက်ဟု ရှုသောဉာဏ်၏ နောက်ဘင်ဝဏ္ဏသို့ ပြောင်းရွှေ့နိုင်သော အင်္ဂါတပါး။ ဘင်္ဂဉာဏ်ဖြင့် ဖြစ်သော ဝဏ္ဏ ဥဒယကိုပယ်၍၊ ပျက်သော ပဏ္ဏဝယ၌ တည်နိုင်သော အင်္ဂါတပါး။ အာရုံ၏ ရှေ့ဘင်ဝဏ္ဏကို

အပျက်ဟု ဆင်ခြင်ပြီး၍၊ ဆင်ခြင်သော ဉာဏ်၏ နောက်ဘင်ဝတ္တုကို၊ အပျက်ဟု ဆင်ခြင်ခြင်း၌ စွမ်းနိုင်သော အင်္ဂါတပါး။ ဘင်္ဂဉာဏ်၏ ဤ အင်္ဂါသုံးပါးအပေါင်းသည်၊ ပဋိသင်္ခါ ဝိပဿနာဉာဏ်မည်၏။

တဖန် မျက်မှောက်ထင်ထင်၊ ယခုရှုမြင်အပ်သော ပစ္စုပ္ပန်အာရုံ အပျက်တို့၊ အစဉ်လိုက်နိုင်သော အင်္ဂါတပါး။ ယခုမျက်မှောက်ထင်ချက် ပစ္စုပ္ပန်အပျက်နှင့်တူအောင်၊ အတိတ်,အနာဂတ်,အာရုံနှစ်ပါးကို၊ အပျက်ဟု ပိုင်းခြားနိုင်သော အင်္ဂါတပါး။ ဘင်္ဂဉာဏ်တည်သမျှ ကာလပတ်လုံး၊ အပျက်၌နှလုံးသွင်းနိုင်သော အင်္ဂါတပါး။ ဘင်္ဂဉာဏ်၏ ဤအင်္ဂါသုံးပါး အပေါင်းသည်၊ ဝယလက္ခဏာ ဝိပဿနာမည်၏။

ထိုမှတပါး၊ အာရုံကိုလည်း၊အပျက်ဟုဆင်ခြင်နိုင်သော အင်္ဂါတပါး။ ဆင်ခြင်သော ဉာဏ်ကိုလည်း၊ အပျက်ဟု ရှုမြင်နိုင်သော အင်္ဂါတပါး။ ပျက်သမျှနိမိတ် သည်းဆိတ်၏ဟု ထင်နိုင်သော အင်္ဂါတပါး။ ဘင်္ဂဉာဏ်၏ ဤအင်္ဂါသုံးပါးအပေါင်းသည်၊ လွန်ကဲသော အသိဉာဏ်ဖြစ်၍၊ အဓိပညာ ဝိပဿနာမည်၏။

၎င်းပြင်၊အာရုံ၏အစွမ်းအားဖြင့် ရအပ်သော၊အနိစ္စာ,နုပဿနာ,ဒုက္ခာနုပဿနာ, အနတ္တာနုပဿနာ သုံးပါးတို့၌၊ ဘင်္ဂဉာဏ်၏အစွမ်းအားဖြင့် ရအပ်သော၊ နိဗ္ဗိဒါ, ဝိရာဂ, နိရောဓ, ပဋိနိဿဂ္ဂ လေးပါးတို့၌၎င်း။ လိမ္မာသော ယောဂီပုဂ္ဂိုလ်သည်၊ ခယ, ဝယ, သုညတ အထင်သုံးပါး၌ လိမ္မာသည်၏အဖြစ်ကြောင့်၊ အထူးထူးသော ဒိဋ္ဌိတို့၌၊ မတုန်လှုပ်နိုင်တော့ပြီ။

ဉာဏ်ထင်ချက်မှာ၊ လွန်စွာပူလှသော အိုးကင်း၌၊ လှော်အပ်သော နှမ်းများ ပေါက်သကဲ့သို့၎င်း။ တောင်ပို့၌ ပလူများထွက်သကဲ့သို့၎င်း၊ တစုံတခုနှင့်ထိသော ပျားအုံ၌၊ ပျားများ လှုပ်ရှားသကဲ့သို့၎င်း။ ရေ၌ကျသော မိုးပေါက်ကြောင့်ဖြစ်သော၊ ရေပွက် ပျက်သွားသကဲ့သို့၎င်း။ ကွေးခြင်း,ဆန့်ခြင်း,မြင်ခြင်း,ကြားခြင်းစသော ရုပ်နာမ်တို့၊ လျင်မြန်စွာ ကုန်သွား,ပျောက်သွား,ပျက်သွားသည်များ ဉာဏ်၌မြင်လာ၏။

မြင်လာပုံ သိလာပုံသဘော၌၊ အသံကို အာရုံပြုလျှင်၊ ပကတိ နားဖြင့် မကြားနိုင်သော၊လွန်စွာသေးငယ် သိမ်မွေ့လှသည့် အသံအမျိုးမျိုးတို့သည်၊ စိစိ စိစိနှင့် အသံချင်းထပ်ပြီး၊ တသံနှင့် တသံ၊မရော မစပ်ဘဲ၊ အပြက် အပြတ် ကြားနိုင်လေ၏။ အာရုံမပြုဘဲ နေသော်၎င်း၊ ဉာဏ်လွန်သွားသော်၎င်း၊ ထိုသဘောမျိုးများ ပျောက်သွားလေတော့သည်။

ဤသို့ ပျက်သောနာမ်ရုပ်ကို ရှု၍ထင်သောအားဖြင့်လာသော၊ အနိစ္စာနုပဿနာ, ဒုက္ခာနုပဿနာ, အနတ္တာနုပဿနာ, နိဗ္ဗိဒါနုပဿနာ, ဝိရာဂါနုပဿနာ, နိရောဓာနုပဿနာ, ပဋိနိဿဂ္ဂါနုပဿနာ ၇-ပါး။ ပျက်သောနာမ်ရုပ်ကိုရှု၍၊ အနုပဿနာ ပယ်ဖျောက်သောအားဖြင့် သွားသော၊ နိစ္စသညာ,သုခသညာ,အတ္တသညာ, နန္ဒီ,ရာဂ, သမုဒယ,အာဒါန ၇-ပါးကို၊ အမှတ်လည်းမပြု၊ ထင်လည်းထင်၏။

ထိုသို့ ထင်သောကြောင့်ပင်လျှင်၊မမြဲဟု ရှု၏၊အမြဲဟု မရှု။ ဆင်းရဲဟု ရှု၏၊ ချမ်းသာဟု မရှု။ အပိုးမရဟု ရှု၏၊အပိုးရဟုမရှု။ ငြီးငွေ့၏၊ မနှစ်သက်။ တပ်မက်ကင်း၏၊ မတပ်မက်။အနုသယ, ပရိယုဋ္ဌာန် ဘဝဖန်ကို ချုပ်စေ၏၊မဖြစ်စေ။အနုသယ, ပရိယုဋ္ဌာန် ဘဝတဖန်ကို စွန့်၏၊ မယူဟု ဆိုနိုင်လေ၏။

ထိုအခါ၊စိတ်လည်းမပြန့်လွင့်။အားထုတ်သော ကိုယ်စိတ်လည်းခန့်၏။ ဝိပဿနာ၏အညစ်အကြေးလည်း ပျောက်၏။ ဝိတက်အကြီအစည်လည်း ငြိမ်း၏။ပရိယုဋ္ဌာန်သံယောဇဉ်လည်းပျောက်၏။အနုသယလည်း ပျက်စီး၏။ဘင်ဉာဏ်အထူးကိုလည်းရ၏။ ဘေးထင်သဖြင့် ဉာဏ်တဘက်ကမ်းသို့ရောက်၏။ ခယာနုပဿနာ, ဝယာနုပဿနာ၊ဘင်ဉာဏ်၏ ကလျာဏ ၃-ပါး, လက္ခဏာ ၁၀-ပါး, အင်္ဂါ ၅-ပါး,ဗုဒ္ဓေ ၅-ပါးကိုယူအပ်၏။

ဘင်ဉာဏ်၏ အဓိပ္ပါယ်ကို ပြဆိုခြင်းပြီး၏။

---

**ဘယ,အာဒီနဝနှင့် နိဗ္ဗိဒါဉာဏ် ၃-ပါးကို ပြဆိုခြင်း**

**ဘင်္ဂေ ဒိဋ္ဌေ ဝေ ဘိန္နသဘာဝါနံမွာနံ အနေကသဟဿ သောကဒုက္ခဝတ္ထုဘာဝေ တထာတထာ ဘာယိတဗ္ဗပကာရ သမနုပဿနဉာဏံ ဘယဉာဏံနာမ။** (ပဋိသမ္ဘိဒါမဂ်)

ဘင်္ဂေ၊ ရုပ်နာမ်တို့၏ အပျက်ကို။ ဒိဋ္ဌေ၊ မြင်သည်ရှိသော်။ ဝေ၊ ဤသို့။ ဘိန္နသဘာဝါနံ ဓမ္မာနံ၊ပျက်တတ်သော သဘောတရားတို့၏။အနေကသဟဿ သောကဒုက္ခ ဝတ္ထုဘာဝေ၊ အထောင်မက များစွာသော သောကဒုက္ခဝတ္ထုတရားတို့၏ အဖြစ်ဖြင့်။ တထာ တထာ၊ထိုထိုအခြင်းအရာအားဖြင့်။ ဘာယိတဗ္ဗပကာရ သမနုပဿနဉာဏံ၊ ကြောက်အပ်သော အခြင်းအရာအားဖြင့် ရှုသောဉာဏ်သည်။ ဘယဉာဏံနာမ၊ ဘေးထင်သော ဘယဉာဏ်မည်၏။

ဤဘယဉာဏ်၌၊ ဘေးထင်ခြင်း ကြောက်ခြင်းဟူသည်မှာ၊ ပုဂ္ဂိုလ်က ကြောက်သည်မဟုတ်၊ ပျက်သော သင်္ခါရတရားစုကို ကြောက်ဘွယ်ဟု ထင်ရုံမျှဖြစ်၏။ ဥပမာအားဖြင့်၊ ရာဇဝတ်မှုကြောင့် သားသုံးယောက်ကို သေဒဏ်ပေးရာ၊ သားကြီးကို သတ်ပြီး၍၊ သားလတ်ကို သတ်ဆဲဖြစ်ရာ၊ သားငယ်ပါ သတ်လတ့်ံဟု မိခင်၏စိတ်မှာ ထင်သဖြင့်၊ သားသုံးယောက်တို့၌ အာလယ ကင်းသကဲ့သို့။ ထိုအတူ၊ ကာလသုံးပါး၌ဖြစ်သော သင်္ခါရတရားတို့၌၊ ကြောက်မက်ဘွယ် ဘေးကြီးဟုထင်လာလေ၏။

တနည်းအားဖြင့်၊ ရာဇဝတ်သားများကို သေဒဏ်အပြစ်ပေးရန်၊ ပြုလုပ်ထားသော ရှားမီးတွင်းသုံးခု၊ တံကျင် သုံးချောင်းကိုမြင်ရာ၊ မိမိအတွက်မှာ အပြစ်မရှိ၍ မကြောက်ပေ၊ သို့သော် အပြစ်ရှိသူများ အတွက် ကြောက်မက်ဘွယ် ထင်သကဲ့သို့။ ထိုအတူ၊ ကာလသုံးပါး၌ဖြစ်သော သင်္ခါရတရားကို၊ ကြောက်ဘွယ် ထင်လာခြင်းမျှဖြစ်လေသည်။

**ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေဉာဏံ။ ဧဝံ ဘာယိတဗ္ဗာနံ တေသံ သဗ္ဗသော အညပဋိသရဏာဘာဝဒဿနံ အာဒီနဝဉာဏံ နာမ။** (ပဋိသမ္ဘိဒါမဂ်ပါဠိတော်)

ဘယတုပဋ္ဌာနေ၊ ဘေးထင်ရာ၌။ ပညာ၊ ပညာသည်။ အာဒီနဝေဉာဏံ၊ အာဒီနဝဉာဏ်မည်၏။ ဧဝံ၊ ဤသို့။ ဘာယိတဗ္ဗာနံ၊ ကြောက်အပ်ကုန်သော။ တေသံ၊ ထိုသင်္ခါရတရားတို့၏။ သဗ္ဗသော၊ အချင်းခပ်သိမ်း။ အညပဋိသရဏာဘာဝ ဒဿနံ၊ ကိုးကွယ်ရာတပါး မရှိသည်၏အဖြစ်ကို မြင်ခြင်းသည်။ အာဒီနဝဉာဏံ နာမ၊ အာဒီနဝဉာဏ်မည်၏။

ဤအာဒီနဝဉာဏ်သည်၊ အလုံးစုံသော သင်္ခါရတရားတို့ကို အပြစ်ဟု ထင်လာရာ၊ အကျဉ်းအားဖြင့် ငါးပါးသောဌာန၌ဖြစ်၏။ ထိုသို့အပြစ်ထင်သဖြင့် ဆန့်ကျင်ဘက်ဖြစ်သော အပြစ်ကင်းသည်ကို မြင်ပြန်ရာ၊ အကျဉ်းအားဖြင့် ၅-ပါးသောဌာနဖြစ်၏။ ထို့ကြောင့်၊ အပြစ်ထင်သော အာဒီနဝဉာဏ် ၅-ပါး၊ အပြစ်ကင်းသည့် နိဗ္ဗာန်ထင်သော သန္တိပဒဉာဏ် ၅-ပါး၊ ပေါင်း ဉာဏ် ၁၀-ပါးကို သိသည်မည်၏။

**ဥပ္ပါဒဉ္စ ပဝတ္တဉ္စ၊ နိမိတ္တံ ဒုက္ခန္တိ ပဿတိ။**
**အာယူဟနံ ပဋိသန္ဓိ၊ ဉာဏံ အာဒီနဝေ ဣဒံ။ ။**
ပဋိသမ္ဘိဒါမဂ်ပါဠိတော်)

ဥပ္ပါဒဉ္စ၊ ယခုဘဝဖြစ်ရခြင်းသည်ကား။ ဒုက္ခံ၊ ဒုက္ခတည်း။ ပဝတ္တဉ္စ၊ ယခု

ဘာဝ အစမှ၊ နောက် အဆုံးတိုင်အောင်၊ အစဉ်မပြတ် ဖြစ်ရခြင်းကား။ ဒုက္ခံ၊ဒုက္ခတည်း။ နိမိတ္တံ၊သင်္ခါရ,ခယ,နိမိတ် ထင်ရခြင်းသည်ကား။ဒုက္ခံ၊ ဒုက္ခတည်း။ အာယူဟနံ၊အမှန်အမှား တဖန်လားအောင် အားထုတ်ရခြင်း သည်ကား။ ဒုက္ခံ၊ဒုက္ခတည်း။ ပဋိသန္ဓိ၊ တဖန် ပဋိသန္ဓေနေရခြင်းသည် ကား။ ဒုက္ခံ၊ ဒုက္ခတည်း။ ဣတိဣမေသု ပဉ္စဌာနေသု၊ ဤငါးပါးသောဌာန တို့၌။ ဉာဏံ အာဒီနဝဉာဏံ၊ဤအာဒီနဝဉာဏ်သည်။ ပဿတိ၊ ထင်မြင်၏။

**အနုပ္ပါဒံ အပဝတ္တံ၊ အနိမိတ္တံ သုခန္တိစ။**
**အနာယူဟနံ အပ္ပဋိသန္ဓိ၊ ဉာဏံ သန္တိပဒေ ဣဒံ။ ။**

(ပဋိသမ္ဘိဒါမဂ်ပါဠိတော်)

အနုပ္ပါဒံ၊ ယခုဘဝ အသစ်မဖြစ်ရခြင်းသည်ကား။ သုခံ၊ သုခတည်း။ အပဝတ္တံ၊ ယခုဘဝ အစမှနောက် အဆုံးတိုင်အောင်၊ အစဉ်ပြတ်ကင်း မဖြစ်ရခြင်းသည်ကား။ သုခံ၊ သုခတည်း။ အနိမိတ္တံ၊ သင်္ခါရ,ခယ,နိမိတ် မထင်ရခြင်းသည်ကား။ သုခံ၊ သုခတည်း။ အနာယူဟနံ၊ အမှန်အမှား တဖန်လားအောင် အားမထုတ်ရခြင်းသည်ကား။ သုခံ၊ သုခတည်း။ အပဋိသန္ဓိ၊ တဖန် ပဋိသန္ဓေ မနေရခြင်းသည်ကား။ သုခံ၊ သုခတည်း။ ဣတိဣမေသု ပဉ္စဌာနေသု၊ ဤ ၅-ပါးသောဌာနတို့၌။ ဉာဏံ သန္တိပဒေဉာဏံ၊ ဤနိဗ္ဗာန်ထင်သော သန္တိပဒဉာဏ်သည်။ ပဿတိ၊ ထင်မြင်၏။

**ကုတောစိ ပဋိသရဏာဘာဝေန တေဟိ ဥက္ကဏ္ဌိတာ ကာရသဟိ တံ ဝိပဿနာဉာဏံ နိဗ္ဗိဒါဉာဏံနာမ။** (ဝိသုဒ္ဓိမဂ်)

ကုတောစိ ပဋိသရဏာဘာဝေန၊တစုံတခုမျှ ကိုးကွယ်ရာမရှိသဖြင့်။ တေဟိ၊ ထိုသင်္ခါရတရားတို့မှ။ ဥက္ကဏ္ဌိတာကာရသဟိတံ၊ ပျင်းရိခြင်း အခြင်းအရာနှင့်တကွသော။ ဝိပဿနာဉာဏံ၊ ဝိပဿနာဉာဏ်သည်။ နိဗ္ဗိဒါဉာဏံနာမ၊ နိဗ္ဗိဒါဉာဏ်မည်၏။

ဤဉာဏ်အရ ပျင်းရိပုံမှာ၊ ဥပမာအားဖြင့်၊ ရွှေဟံသာမင်းသည်၊ မစင် တွင်း နွန်းစလျှားရွာတို့၌ ငြီးငွေ့၍၊ သိတာ သဇ္ဇာရဘန်စသည်တို့၌ ပျော် မွေ့သကဲ့သို့ရှိရင်း။ ခြင်္သေ့မင်းသည်၊ ရွှေချိုင့်၌ငြီးငွေ့၍၊ တောသုံးထောင်၌ ပျော်မွေ့သကဲ့သို့ရှိရင်း။ ဆဒ္ဒါန်ဆင်မင်းသည်၊ မြို့ရွာ၌ ငြီးငွေ့၍၊ဟိမဝန္တာ ၌ပျော်မွေ့သကဲ့သို့ရှိရင်း။ သင်္ခါရတရားတို့၌ပျင်းမုန်းငြီးငွေ့၍၊နိဗ္ဗာန်၌သာ လျှင် ပျော်မွေ့လေတော့သည်။

ဉာဏ်ထင်ချက်မှာ၊ ကွေးခြင်း ဆန့်ခြင်း၊ မြင်ခြင်း ကြားခြင်းစသည် ကို၊ ကြောက်ရွံ့ ထိတ်လန့်ဘွယ်ကဲ့သို့ရှိရင်း၊ အပြစ်ဒေါသကဲ့သို့ရှိရင်း၊

ပျင်းရိငြီးငွေ့ မပျော်မွေ့စွာ ယိကဲ့သို့ရှင်း ထင်၍။ ကွေးခြင်း ဆန့်ခြင်း၊ မြင်ခြင်း ကြားခြင်း စားသောက်ခြင်းစသည်များကိုပင် မပြုချင်ဘဲ၊ မလွှဲသာ၍ ပျင်းရိလျက်နှင့် ပြုနေသည်ဟု ထင်ခြင်းပေသည်။

ဘင်္ဂဉာဏ် တဘက်ကမ်း ရောက်သောသူသည်၊ ဘေးထင်သဖြင့်၊ ဥပ္ပါဒ, ပဝတ္တ,နိမိတ္တ,အာယူဟန,ပဋိသန္ဓိ မူလဝတ္ထု ၅-ပါး၊ ဂတိ,နိဗ္ဗတ္တိ, ဥပပတ္တိ,ဇာတိ,ဇရာ,ဗျာဓိ,မရဏ, သောက, ပရိဒေဝ, ဥပါယာသ ပရိယာယ်ဝတ္ထု ၁၀-ပါး။ ဤသို့အားဖြင့် ၁၅-ပါးသော ဝတ္ထုတို့တွင်၊ တပါးပါး၌ ဘေးတည်းဟု အပြစ်ထင်သော အာဒီနဝဉာဏ် ၅-ပါး၊ ဘေးအေးတည်းဟု နိဗ္ဗာန်ထင်သော သန္တိပဒဉာဏ် ၅-ပါး၊ အစုံစုံဖြင့် ဒွါရ, အာရုံ, ဝိညာဏ်၊ နာမ်ရုပ် ထင်တိုင်းထင်တိုင်း ရှု၍သာနေ၏။

ရှေးရှေးကလာသော မူလဝတ္ထု ၅-ပါး၊နောက်နောက်သို့သွားသော ပရိယာယ်ဝတ္ထု ၁၀-ပါး။ ဤသို့ အားဖြင့် ၁၅-ပါးသော ဝတ္ထုကို အမှတ်လည်းမပြု၊ မထင်သည်လည်း မဟုတ်၊ ထင်လည်းထင်၏။ စိတ်မပြန့်လွင့်၊ ကိုယ်စိတ်ခန့်၏။ အညစ်အကြေးပျောက်၏။ ဝိတက်ငြိမ်း၏။ ပရိယုဋ္ဌာန်ပျောက်၏။ အနုသယပျက်စီး၏။ အာဒီနဝဉာဏ် အထူးကိုလည်းရ၏။

**အထူးမှာ**၊ ဤဉာဏ်သုံးပါးသည်၊ သဒ္ဒါအားဖြင့်သာကွဲ၍၊ သဘောအားဖြင့် တူမျှသောကြောင့်၊ အစ၌ ဘယဉာဏ်၊ အလယ်၌ အာဒီနဝဉာဏ် နှစ်ပါး၏ နိဗ္ဗိဒါနုပဿနာဖြင့်၊ နိဗ္ဗိဒါဉာဏ်၏ ကလျာဏသုံးပါး, လက္ခဏာဆယ်ပါး, အင်္ဂါငါးပါး, ဇွာနြေငါးပါးကို ယူအပ်၏။

ဘယ, အာဒီနဝ ဉာဏ်နှင့် နိဗ္ဗိဒါဉာဏ် ၃-ပါးကို ပြဆိုခြင်းပြီး၏။

---

**သင်္ခါရုပေက္ခာဉာဏ် ၃-ပါးကို မှတ်သားရန် ပြဆိုခြင်း**

**နိဗ္ဗိန္ဒိယမာနေဟိ တေဟိ အတ္တာနံ ဝိမုစ္စိတုံ အဇ္ဈာသယသဟိတံ ဝိပဿနာဉာဏံ မုဉ္စိတုကမျတာဉာဏံနာမ။** (ပဋိသမ္ဘိဒါမဂ်ပါဠိတော်)

နိဗ္ဗိန္ဒိယမာနေဟိ၊ငြီးငွေ့အပ်ကုန်သော။ တေဟိ၊ ထိုသင်္ခါရတရားတို့မှ။ အတ္တာနံ၊မိမိကိုယ်ကို။ ဝိမုစ္စိတုံ၊ လွတ်မြောက်ခြင်းငှါ။ အဇ္ဈာသယသဟိတံ၊ အလိုဆန္ဒနှင့် တကွ ဖြစ်သော။ ဝိပဿနာဉာဏံ၊ ဝိပဿနာဉာဏ်သည်။ မုဉ္စိတုကမျတာဉာဏံနာမ၊ မုဉ္စိတုကမျတာဉာဏ် မည်၏။

ဤဉာဏ်၏ အဓိပ္ပါယ်မှာ ဥပမာအားဖြင့်၊ ကွန်မိသော ငါး၊မြွေမိသော ဘား၊ချိုင့်လှောင်မိသော ကြက်၊ကွင်းမိသော သမင်၊ အလမ္ပါယ်မိသော မြွေ၊ ညွှန်သို့ကျသော ဆင်၊ ဂဠုန်မိသော နဂါး၊ရာဟုဘမ်းသော လမင်း၊

ရန်သူပိုင်းသော ယောကျာ်းတို့သည်၊ လျင်မြန်စွာ လွတ်လိုသကဲ့သို့၊ သင်္ခါရတရားအပေါင်းမှ၊လျင်မြန်စွာထွက်မြောက်လိုခြင်းဖြစ်လေသည်။

**တေသံဧဝ္မွာနံ စတ္တာလီသာယ အာကာရေဟိ အနေကာဒီနဝ ရာသိဘာဝ ပဋိသင်္ခါန ဝသေန သုဋ္ဌု ဝိပ္ပါရတရံ ပဝတ္တမာနံ ဝိပဿနာ ဉာဏံ ပဋိသင်္ခါဉာဏံနာမ။** (ပဋိသမ္ဘိဒါမဂ်ပါဠိတော်)

တေသံဧဝ္မွာနံ၊ထိုသင်္ခါရတရားတို့၏။စတ္တာလီသာယ အာကာရေဟိ၊ တာလေးဆယ်၏ အခြင်းအရာတို့ဖြင့်။ အနေကာဒီနဝ ရာသိဘာဝပဋိသင်္ခါနဝသေန၊တပါးမကများသော အပြစ်စုအဖြစ်ကို သိသည်၏အစွမ်းအားဖြင့်။ သုဋ္ဌု၊ကောင်းစွာ။ ဝိပ္ပါရတရံ၊ပြန့်နှံ့သည်ထက် ပြန့်နှံ့သည်ကို။ ပဝတ္တမာနံ၊ ဖြစ်စေသော။ ဝိပဿနာဉာဏံ၊ ဝိပဿနာဉာဏ်သည်။- ပဋိသင်္ခါဉာဏံနာမ၊ ပဋိသင်္ခါဉာဏ်မည်၏။

ဤဉာဏ်၏ အဓိပ္ပါယ်မှာ၊ဥပမာအားဖြင့်၊ငါးတွင်းနှိုက်သောသူသည်၊ မြွေကို ဘမ်းမိရာ၊ မြင်သောအခါ မြွေမှန်းသိ၍၊ မိမိကို မကိုက်နိုင်ရန်၊ အဖန်ဖန် ပင်ပန်းစေပြီးမှ လွှတ်သကဲ့သို့။ ထို့အတူ၊ သင်္ခါရတရားတို့မှ လွတ်ရန်ရှာကြံရာ၊လက္ခဏာရေးကို အဖန်ဖန်ရှုခြင်းပင်ဟု သိမြင်သဖြင့်၊ တာလေးဆယ်တွင် လာသော နည်းအတိုင်း၊ ဘိဘိ ထက်သန်လျက်၊ နောက်သို့ ပြန်၍ မလည်အောင်၊ အကြိတ်အနယ် ရှုမှတ်ထင်မြင်ခြင်းသဘောများ ဖြစ်လေသည်။

**ဥဒါနိ မုစ္စိနုပါယော လဒ္ဓေါတိ အဓိမတ္တဗျာပါရံ အကတွာ သမေန ဝါယာမေန သင်္ခါရေ ပရိဂ္ဂဏှန္တဿ သင်္ခါရုပရိဂ္ဂဟော မဇ္ဈတ္တာကာရသဟိတံ ဝိပဿနာဉာဏံနာမ။** (ပဋိသမ္ဘိဒါမဂ်ပါဠိတော်)

ဣဒါနိ၊ ယခု အခါ၌။ မေ၊ ငါအား။ မုစ္စိနုပါယော၊ လွတ်အံ့သောအကြောင်းကို။ လဒ္ဓေါ၊ ရပြီ။ ဣတိ၊ ဤသို့။ အဓိမတ္တဗျာပါရံ၊ လွန်စွာအားထုတ်ခြင်းကို။ အကတွာ၊ မပြုမူ၍။ သမေန ဝါယာမေန၊ ညီမျှသောဝီရိယဖြင့်။ သင်္ခါရေ၊သင်္ခါရ တရားတို့ကို။ ပရိဂ္ဂဏှန္တဿ၊ သိမ်းဆည်းသောပုဂ္ဂိုလ်၏။ သင်္ခါရုပရိဂ္ဂဟော၊ သင်္ခါရတရားကိုသိမ်းဆည်းရာ၌။ မဇ္ဈတ္တာကာရ သဟိတံ၊ လျစ်လျူရှုသော အခြင်းအရာနှင့် တကွသော။ ဝိပဿနာဉာဏံ၊ဝိပဿနာဉာဏ်သည်။ သင်္ခါရုပေက္ခာဉာဏံနာမ၊သင်္ခါရုပေက္ခာဉာဏ်မည်၏။

ဤဉာဏ်၏ အဓိပ္ပါယ်မှာ၊ ဥပမာအားဖြင့်၊ တင့်တယ်လှပ၍ ရခါစ ဖြစ်သော မိန်းမ၌၊ လွန်စွာ၌ ချစ်ခင်နေရာ၊ ယုတ်မာသော အကျင့်ကို မြင်၍၊ မခင်မင် မတွယ်တာဘဲ၊ သွားလိုရာ သွားတော့ဟု စွန့်ပစ်ထားသဖြင့်၊ သူတပါးတို့နှင့် ဘောက်ပြန်ပြုကျင့်သည်ကို မြင်သော်လည်း၊ ချစ်ခြင်း, မုန်းခြင်းမရှိဘဲ၊ လင်ယောကျ်ား၏ စိတ်ထဲ၌၊ အညီအမျှပင် နှလုံးသွင်းနိုင်လေတော့၏။

ထို့အတူ၊ ရုပ်နာမ် သင်္ခါရတရားတို့၌၊ နှစ်သက်ခြင်း,အပြစ်မြင်ခြင်း မရှိဘဲ၊ ပကတိ သူ့ သဘောအတိုင်းဖြင့်၊ ချိန်နှင့်တူသော အလားပမာ မပိုမသာမှု၍၊ ညီမျှစွာ အာရုံပြုလျက်၊ လျစ်လျူရှုနိုင်ခြင်း သဘောများ ထင်ရှားဖြစ်ပေါ်လာလေသည်။

ဉာဏ်ထင်ချက်မှာ၊ မုဉ္စိတုကမျတာ၏ သဘောအရ၊ ကွေးခြင်း, ဆန့်ခြင်း, မြင်ခြင်း, ကြားခြင်း စသော ရုပ်နာမ် သင်္ခါရတရားသဘော ဖြစ်ပျက်သည်ကို ရှုမှတ်နေရာ၊ ဒီအာရုံ မှတ်လို့မကောင်း၊ ထိုအာရုံ မှတ်လို့ကောင်းလိမ့်မည်ထင်၍၊ ခဏခဏ အာရုံ နေရာ ပြောင်းလျက်၊ ကောင်းတာကို မမြင့်သဖြင့်၊ ထွက်ပြေးချင်သော စိတ်များပင် ဖြစ်ပေါ်လာသော သဘောတို့ပေတည်း။

ဤကဲ့သို့ ဖြစ်ပြီး၍၊ ကောင်းတာကို မတွေ့ဘဲ၊ စွဲမြဲရှုမှတ်နေမှ သာလျှင်၊ ကောင်းသည် လွတ်မည်ထင်လျက်၊ လက္ခဏာရေး သဘောအစဉ်ကို သိမြင်ခြင်းသည်၊ ပဋိသင်္ခါဉာဏ်သဘောဖြစ်၏။ ထိုကဲ့သို့ အမြင်သန်သဖြင့်၊ တခါတရံ၌ သိသလို မသိသလို၊ မှတ်မိသလို မမှတ်မိသလို၊ သတိလစ်သလို သတိမလစ်သလို၊ မေ့သလို မမေ့သလို၊ ရူးသလို နှမ်းသလို၊ စိတ်၌ ထင်လာခြင်းသည်၊ သင်္ခါရုပေက္ခာဉာဏ် သဘောမျိုး ဖြစ်၏။ ယီးတီးယားတားဆိုသော သဘောမျိုးပေတည်း။

နိဗ္ဗိဒါဉာဏ် တဘက်ကမ်း ရောက်သော သူသည်၊ လွတ်လိုသဖြင့်၊ နောက်ကပြခဲ့သော၊ ဥပ္ပါဒ-စသော မူလဝတ္ထု ၅-ပါး၊ ဂတိ-စသော ပရိယာယ်ဝတ္ထု ၁၀-ပါး။ ဤသို့အားဖြင့် ၁၅-ပါးသော ဝတ္ထုတို့တွင်၊ တပါးပါးကို အစ၌ လွတ်လိုခြင်း၊ အလယ်၌ လွတ်အောင်ဆင်ခြင်ခြင်း၊ အဆုံး၌ ညီညွတ်အောင် ရှုခြင်းအားဖြင့်၊ ၁၅-ပါးသော ဉာဏ်နှင့်ပြည့်စုံ၍၊ သင်္ခါရုပေက္ခာဉာဏ်သုံးပါးဖြင့်၊ ဒွါရ, အာရုံ, ဝိညာဉ်-နာမ်ရုပ် ထင်တိုင်းထင်တိုင်း ရှု၍သာနေ၏။

ရှေးရှေးကလာသော မူလဝဋ္ဋ ၅-ပါး၊ နောက်နောက်သို့သွားသော ပရိယာယဝဋ္ဋ ၁၀-ပါးကို အမှတ်လည်းမပြု၊ မထင်သည်လည်းမဟုတ်၊ ထင်လည်းထင်၏၊ စိတ် မပြန့်လွင့်၊ ကိုယ်စိတ်လည်းခန့်၏၊ အညစ်အကြေး ပျောက်၏၊ ဝိတက် ငြိမ်း၏၊ ပရိယုဋ္ဌာန် ပျောက်၏၊ အနုသယ ပျက်စီး၏၊ သင်္ခါရုပေက္ခာဉာဏ် အထူးကိုလည်းရ၏။ နိဗ္ဗာန်ကို မြင်သဖြင့် ဉာဏ် တဘက်ကမ်းရောက်၏။

**အထူးမှာ**၊ ဤ ဉာဏ်သုံးပါးသည် သဒ္ဒါအားဖြင့်သာ ကွဲ၍၊ **သဘောအားဖြင့်** တူမျှသောကြောင့်၊ အစ၌ မုဉ္စိတုကမျတာဉာဏ်၊ အလယ်၌ ပဋိသင်္ခါ ဉာဏ်၊ အဆုံး၌ သင်္ခါရုပေက္ခာဉာဏ်ဟု မှတ်အပ်၏။ ဤသို့ ပဋိသင်္ခါနုပဿနာဖြင့် မုဉ္စိတုကမျတာဉာဏ်, ပဋိသင်္ခါဉာဏ်,သင်္ခါရုပေက္ခာဉာဏ်သုံးပါး၊ **လက္ခဏာ ၁၀-ပါး,အင်္ဂါ ၅-ပါး, ဇုန်ခြေ ၅-ပါးကို** ယူအပ်၏။

သင်္ခါရုပေက္ခာဉာဏ် ၃-ပါးကို ပြဆိုခြင်းပြီး၏။

---

**အနုလောမ,ဂေါတြဘူနှင့် မဂ်ဉာဏ်စသည်ကို ပြဆိုခြင်း**

**မဂ္ဂုပ္ပတ္တိယာ အနုလောမေဟိ ထာမဗလေဟိ သမ္ပန္နံ ဝိပဿနာဉာဏံ၊ အနုလောမဉာဏံနာမ။** (ပဋိသမ္ဘိဒါမဂ်ပါဠိတော်)

မဂ္ဂုပ္ပတ္တိယာ-မဂ္ဂဥပ္ပတ္တိယာ၊ မဂ်စိတ်,မဂ်ဉာဏ် ဖြစ်ပေါ်လာခြင်းငှါ။ အနုလောမေဟိ၊ လျော်ကုန်သော။ ထာမဗလေဟိ၊ အားစွမ်းတို့နှင့်။ သမ္ပန္နံ၊ ပြည့်စုံသော။ ဝိပဿနာဉာဏံ၊ ဝိပဿနာဉာဏ်သည်။ အနုလောမဉာဏံ နာမ၊ အနုလောမဉာဏ်မည်၏။

အဓိပ္ပါယ်ကား၊ အမတ်ကြီးရှစ်ယောက် ဆုံးဖြတ်သော တရားသည်၊ မင်းကြီး ဆုံးဖြတ်သော တရားနှင့်၊ တသားတည်း ညီမျှ သကဲ့သို့။ အောက်ဟု ဆိုအပ်သော ဥဒယဗ္ဗယဉာဏ် အစ၊ သင်္ခါရုပေက္ခာဉာဏ် အဆုံး ရှစ်ပါးနှင့်၊ အထက်ဟု ဆိုအပ်သော ဗောဓိပက္ခိယတရားသုံးဆယ့်ခုနစ်ပါးတို့ တသားတည်းဖြစ်၍၊ မဂ်ဉာဏ် ဖြစ်ပေါ်ခြင်းငှါ စွမ်းနိုင်အောင်၊ အားစွမ်းနှင့် ပြည့်စုံသော ဝိပဿနာဉာဏ်သည်၊ ရှေ့ဉာဏ်, နောက်ဉာဏ်,လျော်သောကြောင့်၊ အနုလောမဉာဏ်မည်၏။

ဥပ္ပါဒံ၊ အဘိဘုယျိတွာ အနုပ္ပါဒံ ပက္ခန္ဒတီတိ ဂေါတြဘူ။ ပ။ ဗဟိဒ္ဓါ သင်္ခါရနိမိတ္တံ အဘိဘုယျိတွာ နိရောဓံ နိဗ္ဗာနံ ပက္ခန္ဒတီတိ ဂေါတြဘူ။ ။

ဥပ္ပါဒံ၊ ယခုဘဝ အစည်ဖြစ်ရခြင်းကို။ အဘိဘုယျိတွာ၊ လွှမ်း၍။ အနုပ္ပါ၊ ယခုဘဝ အစ မဖြစ်ရခြင်းသို့။ ပက္ခန္ဒတိ၊ ပြေးဝင်တတ်၏။ ဣတိ၊ ထို့ကြောင့်။ ဂေါတြဘူ၊ ဂေါတြဘူမည်၏။ ဗဟိဒ္ဓါ သင်္ခါရနိမိတ္တံ၊ သင်္ခါရ ခယ

နိမိတ် ဗဟိဒ္ဓအာရုံကို။ အတိဘုယျိတွာ၊ လွှမ်း၍။ နိရောဓံ၊ သင်္ခါရ ခယ နိမိတ် ဗဟိဒ္ဓအာရုံမထင်သောအားဖြင့် ချုပ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ပက္ခန္ဒတိ၊ ပြေးဝင်တတ်၏။ ဣတိ၊ ထို့ကြောင့်။ ဂေါတြဘူ၊ ဂေါတြဘူ မည်၏။

ဤသို့လာသော ပဋိသမ္ဘိဒါမဂ်ပါဠိတော်၏ အကျဉ်းချုပ်အဓိပ္ပါယ်မှာ၊ နောက်က ပြဆိုခဲ့သော ရုပ်နာမ် ခန္ဓာ သင်္ခါရတရားတို့ကို ဖြတ်၍၊ နိဗ္ဗာန်သို့ ကပ်သောစိတ်သည်၊ ဂေါတြဘူ ဉာဏ်မည်၏။ သဘောမှာ၊ ပုထုဇဉ်တို့၏အနွယ်ကို ဖြတ်၍၊ အရိယာတို့၏ဇာတ်သို့ ပြေးဝင်ခြင်းဟု ဆိုလိုသည်။

**ပဉ္စက္ခန္ဓေ အနိစ္စတော ပဿန္တော အနုလောမိကံခန္တိံ ပဋိလဘတိ၊ ပဉ္စန္နံ ခန္ဓာနံ နိရောဓေ သမ္မတ္တနိယာမံ ဩက္ကမတိ။**

(ပဋိသမ္ဘိဒါမဂ်ပါဠိတော်)

ပဉ္စက္ခန္ဓေ၊ ခန္ဓာငါးပါးတို့ကို။ အနိစ္စတော၊ မမြဲဟု။ ပဿန္တော၊ မြင်သည်ရှိသော်။အနုလောမိကံခန္တိံ၊အနုလောမဉာဏ်ကို။ပဋိလဘတိ၊ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ခန္ဓာငါးပါးတို့၏။ နိရောဓေ၊ချုပ်ခြင်းသည်။သမ္မတ္တနိယာမံ၊ မဂ်သို့။ဩက္ကမတိ၊ သက်ဝင်၏။

အဓိပ္ပါယ်ကား၊ သင်္ခါရုပေက္ခာဉာဏ်,အနုလောမဉာဏ်တို့ဖြင့်၊ ခန္ဓာငါးပါးတို့ကို၊ ဝိပဿနာဉာဏ် လေးဆယ်တို့ဖြင့်၊ တပါးပါး ထင်သော အဆုံးသည်၊ အနုလောမဉာဏ်မည်၏။ ထိုသဘောတို့ ချုပ်ငြိမ်းခြင်းကို ထင်မြင်မှုသည်၊ မဂ်ဉာဏ်မည်၏ ဟုဆိုလိုသည်။

**ဣမဿပန ဉာဏဿ အနန္တရံ တဿေဝ ဝိပါကဘူတာနိ ဒွေ တီဏိ ဖလစိတ္တာနိ ဥပ္ပဇ္ဇန္တိ။** (ဝိသုဒ္ဓိမဂ်)

ဣမဿပန ဉာဏဿ၊ဤမဂ်ဉာဏ်၏။အနန္တရံ၊အခြားမဲ့၌။ တဿေဝ၊ ထိုမဂ်စိတ်၏သာလျှင်။ ဝိပါကဘူတာနိ၊ အကျိုးဖြစ်၍ဖြစ်ကုန်သော။ ဒွေ တီဏိ ဖလစိတ္တာနိ၊နှစ်ကြိမ်, သုံးကြိမ်သော ဖိုလ်စိတ်တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။

အဓိပ္ပါယ်ကား၊ မီးလျှံ မီးတောက်တို့ ငြိမ်းပျောက်သော်လည်း၊အရှိန် လောက်မျှ ကြွင်းကျန်သော အပူကို၊ အေးငြိမ်းခြင်း ရောက်အောင် နောက်ထပ် ရေလောင်းသကဲ့သို့။ မဂ်ဉာဏ်ဖြင့် ပယ်ပြီးသော ကိလေသာကို၊ ဖိုလ်ဉာဏ်ဖြင့် ထပ်မံ၍ အေးငြိမ်းစေသောကြောင့်၊ မဂ်စိတ်နှင့် ဆက်၍ဖြစ်သော စိတ်ကိုပင်၊ ဖိုလ်ဉာဏ်ဟု ခေါ်ဆိုရလေသည်။

ဤဆိုအပ်ခဲ့ပြီးသော ဉာဏ်လေးပါးတို့သည်၊ အခိုက်အတန့် သဘော များကိုခေါ်သောနည်း၊ အမည်အားဖြင့် ပြားသော်လည်း၊ဖြစ်စဉ်မှာ ဝီထိ တချက်တည်းဖြစ်၍၊ စိတ်အစဉ်မပြတ် အကြားအလပ်မရှိဘဲ၊ တချက် တည်းဆက်စပ်၍ ဖြစ်ကြလေ၏။

အထူးမှာ၊ အန္တရာယ်လွတ်ပြီးသော ဥဒယဗ္ဗယဉာဏ်တစိတ်မှ စ၍၊ အနုလောမဉာဏ်တိုင်အောင်သော ဉာဏ်များသည်၊ အကျင့်စင်ကြယ် သောကြောင့်၊ ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိမည်၏။ မဂ်ဉာဏ်သည်၊အသိ ဉာဏ် စင်ကြယ်သောကြောင့်၊ ဉာဏဒဿန ဝိသုဒ္ဓိမည်၏။ ဂေါတြဘူ ဉာဏ်သည်၊ ရှေ့နောက် ပဋိပဒါနှစ်ပါး မဝင်ဘဲ၊ မဂ်၏အာဝဇ္ဇန်းအရာ၌ တည်၏ဟု မှတ်အပ်ပေသည်။

ပြဆိုခဲ့သော စကားအရ၊ ဉာဏ်လေးပါးတို့ ဝီထိတခုတည်း၌ ကျပုံ မှာ၊ သင်္ခါရုပေက္ခာဉာဏ် တဘက်ကမ်းရောက်သောသူသည်၊ နိဗ္ဗာန်ကို မြင်သဖြင့် အနိစ္စတော-အစ၊ သံကိလေသိကမ္မတော-အဆုံး ရှိသော၊ ဝိပဿနာ လေးဆယ်တို့တွင်၊ အနိစ္စတော၏အရ၊ မဂ်သို့ရောက်သော ဝိပဿနာ ဖြစ်သောကြောင့်၊ သင်္ခါရုပေက္ခာဉာဏ်သည်၊ ဝုဋ္ဌာနဂါမိနီ ဝိပဿနာမည်၏။ ဤဝုဋ္ဌာနဂါမိနီ ဝိပဿနာမည်သော၊ သင်္ခါရုပေက္ခာ ဉာဏ် အနိစ္စာနုပဿနာဖြင့်၊ယခုပင် အနိမိတ္တမဂ်သို့ဝင်ခြင်းငှါ၊တပါးပါး သော ဒွါရ၌ အာရုံထင်သည် ဝိညာဉ်သိသည်၏အစွမ်းအားဖြင့်၊ သိ၏ဟု သတိထင်အောင် အမှတ်ပြုသဖြင့်၊ ဒွါရ, အာရုံ, ဝိညာဉ် ဖြစ်ခိုက်ထင် သော နာမ်ရုပ်ကို၊ မမြဲဟု သင်္ခါရုပေက္ခာဉာဏ်ဖြင့်သုံးသပ်၍ ဘဝင်သို့ သက်လေ၏။

ထို့နောက် ဘဝင်မှထ၍၊ မမြဲဟု သင်္ခါရုပေက္ခာဉာဏ်ဖြင့် သုံးသပ် သော နာမ်ရုပ်ကိုပင်၊ အာဝဇ္ဇန်းဖြင့် ဆင်ခြင်၏။ အာဝဇ္ဇန်း၏ အဆုံး၊ တိက္ခပုဂ္ဂိုလ်အား နှစ်ကြိမ်၊ မန္ဒပုဂ္ဂိုလ်အား သုံးကြိမ်၊ပရိကံ,ဥပစာ,အနု လုံမည်သော အနုလောမဉာဏ်ဖြင့်၊ မမြဲဟု သင်္ခါရုပေက္ခာဉာဏ်ဖြင့် သုံးသပ်သော နာမ်ရုပ်ကိုပင်၊ မမြဲ,မမြဲ,မမြဲဟု သုံးကြိမ်အာရုံပြု၏။

အနုလောမဉာဏ်၏ အဆုံး၊ ပုထုဇဉ်တို့၏အနွယ်ကို ဖြတ်သောအား ဖြင့် လွန်၍၊ အရိယာတို့၏အနွယ်သို့ ဝင်သောအားဖြင့် သက်၍၊ပုထုဇဉ် တဖန်တခေါက်၊ နောက်ပြန်မရောက်သော ဂေါတြဘူဉာဏ်ဖြင့်၊ နိဗ္ဗာန် ကို အာရုံပြု၏။

ဂေါတြဘူဉာဏ်၏ အဆုံး၊ ဒုက္ခသစ္စာကို-ပိုင်းခြားခြင်း ကိစ္စ၊ သမုဒယ သစ္စာကို-ပယ်ခြင်း ကိစ္စ၊ နိရောဓသစ္စာကို-မျက်မှောက်ပြုခြင်း ကိစ္စ၊ မဂ္ဂ သစ္စာကို-ပွားများခြင်း ကိစ္စ။ ဤမဂ်ကိစ္စလေးချက်ကို တပြိုင်နက် ပြီးစေ လျက်၊ သောတာပတ္တိမဂ်ဖြင့် နိဗ္ဗာန်ကို အာရုံပြု၏။

သောတာပတ္တိမဂ်၏ အဆုံး၊ တိက္ခပုဂ္ဂိုလ်အား သုံးကြိမ်၊ မန္ဒပုဂ္ဂိုလ် အား နှစ်ကြိမ်၊ သောတာပတ္တိဖိုလ်ဖြင့် အဇ္ဈတ္တ, ဗဟိဒ္ဓမှထသော၊ မဂ် ပယောဂ သမ္ပဓာန်ငြိမ်းသော၊ ပဋိပဿဒ္ဓိပဟာန် ဖိုလ်အကျိုးကို စံခြင်း ငှါ၊ နိဗ္ဗာန်ကို နှစ်ကြိမ်, သုံးကြိမ် အာရုံပြု၍ ဘဝင်သို့သက်လေ၏။ ဤသို့ မဂ်ဝီထိအစဉ်ကို သိမြင်အပ်ပေသည်။

ယခုပြဆိုခဲ့သော ဉာဏ်တို့၏သဘောများကို၊ ဥပမာအားဖြင့် သိရန် မှာ၊ ရေမြောင်း၏ တဘက်ကမ်း၌ တည်လိုသောသူသည်၊ အဝေးမှ လျင်စွာ ပြေးလာ၍၊ မြောင်းကြီး ဤမှာဘက်ကမ်း၌၊ သစ်ကိုင်းဘွင် ချည်နှောင်၍ ဆွဲအပ်သော၊ကြိုးကိုဖြစ်စေ လှံတံကိုဖြစ်စေ ဆွဲကိုင် ခုန်ကျော် ၍၊ ထိုမှာဘက်ကမ်းသို့ ညွတ်သော ကိုယ်ရှိ၍၊အထက်အဘို့သို့ ရောက်၍၊ ကြိုး လှံတံကို လွှတ်သဖြင့်၊ တုန်လှုပ်လျက် ထိုမှာဘက်ကမ်း၌ ကျ ဆင်း၍၊ ဖြေးညှင်းစွာ ရပ်တည်လေသည်။

ဤအတူပင်လျှင်၊ ယောဂီပုဂ္ဂိုလ်သည်လည်း၊ ဘဝ, ယောနိ, ဂတိ, ဌိတိ,နိဝါသတို့၏ ထိုမှာ ဘက်ကမ်းသဘွယ် ဖြစ်သော နိဗ္ဗာန်၌တည် လို၍၊ ဥဒယဗ္ဗယ စသောဉာဏ်ဖြင့် လျင်စွာပြေးလာ၍၊ အတ္တဘောဟူ သော သစ်ခက်၌ဖွဲ့အပ်သော၊ ရုပ်ဟူသော ကြိုးကိုဖြစ်စေ၊ ဝေဒနာစသော နာမ်တို့တွင်၊ တပါးပါးသော လှံတံကိုဖြစ်စေ၊ အနိစ္စဟူ၍ဖြစ်စေ, ဒုက္ခဟူ၍ ဖြစ်စေ, အနတ္တဟူ၍ဖြစ်စေ၊ ကိုင်တွယ်သကဲ့သို့ ဆင်ခြင်လေ၏။

ဤသို့ အနုလောမ၏အာဝဇ္ဇန်းဖြင့် ဆင်ခြင်၍၊ခန္ဓာငါးပါး၌ လက္ခဏာ ရေး အာရုံများကို မလွှတ်ဘဲ ပဌမ အနုလုံစိတ်ဖြင့်ခုန်၍၊ ဒုတိယ အနုလုံ စိတ်ဖြင့် ထိုမှာဘက်ကမ်းသို့ ညွတ်ကိုင်းသော ကိုယ်ရှိသကဲ့သို့၊ နိဗ္ဗာန်သို့ ညွတ်ကိုင်းသော စိတ်ရှိသည်ဖြစ်၍၊ တတိယ အနုလုံစိတ်ဖြင့် ထိုမှာဘက် ကမ်း၏ အထက်သို့ ရောက်သကဲ့သို့၊ နိဗ္ဗာန်အနီးဖြစ်၍ ၎င်းစိတ်များတို့ ချုပ်ပျောက်လေ၏။

ထို့နောက် သင်္ခါရအာရုံကိုလွှတ်၍၊ ဂေါတြဘူစိတ်ဖြင့် သင်္ခါရကင်း သော နိဗ္ဗာန်၌၊ယောဂီပုဂ္ဂိုလ် အာရုံပြု၍ ကျရောက်လေ၏။အာရုံပြုသော်

လည်း အာသေဝနပစ္စည်းကို မရသောကြောင့်၊ တုန်လှုပ်သော ယောက်ျား ကဲ့သို့ဖြစ်၍၊ မဂ်ဉာဏ်သို့ရောက်မှ ခိုင်မြဲစွာရပ်တည်လျက်၊ နောက်ဆက် သော ဖိုလ်ဉာဏ်ဖြင့်၊ ထပ်မံ ငြိမ်းအေးခြင်း သဘောမျိုးဖြစ်၏။ ဤသို့ ဥပမေယျအစဉ်ကို ချဲ့ထွင်၍ သိမြင်အပ်ပေသည်။

ယခု ပြဆိုခဲ့သော မဂ္ဂဝီထိကျရာ၌၊ ဉာဏ်ထင်ချက် သဘောမှာ၊ အဆင်း, အသံ, အနံ့, အရသာ, အတွေ့, သဘော၊ ဤအာရုံ ခြောက်ပါး သည်–ရုပ်။ မြင်ခြင်း, ကြားခြင်း, နံခြင်း, စားခြင်း, ထိခြင်း, သိခြင်း၊ ဤ ဝိညာဉ် ခြောက်ပါးသည်–နာမ်။ ထို ရုပ်နာမ်တို့ တိုက်ဆိုက်သော အခိုက်အတံ့တို့တွင်၊ ဘယ်အခိုက်အတံ့မဆို၊ ဤကား–ဒုက္ခ၊ ဤကား– နိဗ္ဗာန်ဟု ထင်မြင်လျှင် မဂ်စိတ်မည်၏။

အဓိပ္ပါယ်ကား၊ ဒုက္ခသည်–ဖြစ်ပျက်သောသဘော၊ နိဗ္ဗာန်သည်–မဖြစ် မပျက်သောသဘော။ ဤကား ဒုက္ခဟုထင်ခြင်းသည်၊ ရုပ်နာမ်ကို ပိုင်းခြား သောကြောင့်၊ ရုပ်, နာမ်နှစ်ပါး ဖြစ်ပျက်၍၊ ဆင်းရဲ ထင်မြင်ပြီးလျှင် ပိုင်းခြားသည်မည်၏။ နိဗ္ဗာန်ထင်မြင်၍ မဂ်စိတ်ကျခြင်းသည်၊ ရုပ်နာမ် နှစ်ပါး မဖြစ်မပျက်ဘဲ၊ ဆင်းရဲကင်း၍ ချုပ်ငြိမ်းခြင်းကိုထင်၍၊ နိဗ္ဗာန် မြင်သော မဂ်စိတ်ဟုမှတ်။

**အထူးမှာ၊ ဤကား ဒုက္ခဟု ထင်ခြင်းသည်၊ ဝိပဿနာစိတ်။ ဤကား နိဗ္ဗာန်ဟု ထင်ခြင်းသည်၊ မဂ်စိတ်ဟု မှတ်ယူအပ်ပေသည်။**

ဤမဂ်စိတ် ဖြစ်ပေါ်သောအခါ၊ သစ္စာလေးချက် တပြိုင်နက်ပြီးသည် ဆိုရာ၌၊ သစ္စာဉာဏ် လေးချက်၊ ကိစ္စဉာဏ် လေးချက်၊ ကတဉာဏ် လေးချက်ဟူ၍ သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင်၊ မဂ်စိတ်ဖြစ်ပေါ် သော ဝီထိ၌၊ ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ–ဟု စိတ်အစဉ်လေးပါးကို မှတ်သားအပ်ပေ၏။

ထိုလေးပါးတို့တွင်၊ ပရိကံသည်၊ ဖြစ်ပျက်သမျှ ဒုက္ခဟုသိ၏။ ဥပစာ သည်၊ သိသောသဘော မဂ်ဟုသိ၏။ အနုလုံသည်၊ သိသောသဘော မသိပျောက်၊ သမုဒယပယ်၏ဟု သိ၏။ ဂေါတြဘူသည်၊ မသိပျောက်ခြင်း ကြောင့်၊ ဖြစ်ပျက်ခြင်းအကျိုးကင်း နိဗ္ဗာန်ဟုသိ၏။ ဤသိခြင်းသဘော လေးပါးသည်၊ သစ္စာဉာဏ်လေးချက်မည်၏။

တချက်တည်းသော မဂ်စိတ်သည်၊ ဒုက္ခသစ္စာကို ပိုင်းခြားသော– ပရိညာကိစ္စ၊ သမုဒယသစ္စာကို ပယ်သော–ပဟာနကိစ္စ၊ မဂ္ဂသစ္စာကို

ပွားသော-ဘာဝနာကိစ္စ၊ နိရောဓသစ္စာကို မျက်မှောက်ပြုသော-သစ္ဆိကြိယာကိစ္စ။ ၎င်းကိစ္စလေးချက်သည်၊ တပြိုင်နက်ဖြစ်၏။ ဤကိစ္စဉာဏ်လေးပါးသည်၊ မဂ်ကိစ္စလေးချက်မည်၏။

ဒုက္ခသစ္စာကို-ပိုင်းခြားပြီ၊ သမုဒယသစ္စာကို-ပယ်ပြီ၊ နိရောဓသစ္စာကို-မျက်မှောက်ပြုပြီ၊ မဂ်သစ္စာကို-ပွားပြီဟု မဂ်ဖိုလ်၏နောက်၌၊ ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ် လေးပါးသည်၊ ကတဉာဏ် လေးချက် မည်၏။

ဤသို့ တမဂ်,တမဂ်၌၊ သစ္စာဉာဏ် လေးချက်၊ ကိစ္စဉာဏ် လေးချက် ကတဉာဏ် လေးချက်အားဖြင့်၊ သုံးပါးလေးလီ ဖြစ်၍၊ ဉာဏ် သရုပ်အားဖြင့်၊ တဆယ့်နှစ်ပါး အပြားရှိသည်ကို မှတ်သားအပ်ပေသည်။

သစ္စာလေးချက် ကိစ္စလေးချက်တို့ တပြိုင်နက် ဖြစ်ပုံမှာ၊ ဥပမာအားဖြင့်၊ သစ်ပင်ကို ရေလောင်းသည်နှင့်တူ၏။ သစ်ပင်ကို ရေလောင်းရာ၌၊ အပူ,အအေးခြားနားခြင်းကိစ္စ၊ အပူပျောက်ခြင်းကိစ္စ၊အအေးရောက်ခြင်းကိစ္စ၊ အစဉ်မပျက်အဆက်ဆက် စိမ့်စိုပြန့်နှံ့ခြင်းကိစ္စ။ ဤ လေးပါးသည်၊ တပြိုင်နက် တချက်တည်း ပြီးစီး သကဲ့သို့၊ ထိုအတူပင်လျှင်၊ သစ္စာလေးချက် ကိစ္စလေးချက်တို့ တပြိုင်နက်ဖြစ်အင်ကို၊သိမြင်ယုံကြည်သင့်လှပေသတည်း။

အနုလောမနှင့် ဂေါတြဘူဉာဏ်စသည်ကို ပြဆိုခြင်းပြီး၏။

## ပစ္စဝေက္ခဏာ ဉာဏ်နှင့် ဖိုလ်ဝင်စားပုံကို ပြဆိုခြင်း

**ဖလပရိယောသာနေ ပနဿ စိတ္တံ ဘဝင်္ဂံ ဩတရတိ။ တတော ဘဝင်္ဂံ ဥပစ္ဆိန္ဒိတွာ မဂ္ဂပစ္စဝေက္ခဏတ္ထာယ ဥပ္ပဇ္ဇတိ မနောဒွါရာဝဇ္ဇနံ။**

ပန၊ ဆက်၍ဆိုဦးအံ့။ ဖလပရိယောသာနေ၊ ဖိုလ်၏အဆုံး၌။ အဿ၊ ထိုပုဂ္ဂိုလ်၏။ စိတ္တံ၊ စိတ်သည်။ ဘဝင်္ဂံ၊ ဘဝင်သို့။ ဩတရတိ၊ သက်၏။ တတောပရံ၊ ထိုနောက်၌။ ဘဝင်္ဂံ၊ ဘဝင်ကို။ ဥပစ္ဆိန္ဒိတွာ၊ ဖြတ်၍။ ဝါ၊ ဘဝင်္ဂဿ၊ ဘဝင်၏။ ဥပစ္ဆိန္ဒနတော၊ ပြတ်ခြင်းကြောင့်။ မဂ္ဂပစ္စဝေက္ခဏတ္ထာယ၊ မဂ်ကိုဆင်ခြင်ခြင်းအကျိုးငှါ။ မနောဒွါရာဝဇ္ဇနံ၊ မနောဒွါရာဝဇ္ဇန်းစိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ဤသို့ ဝိသုဒ္ဓိမဂ်၌ လာသည့်အရ၊ ဖိုလ်စိတ်၏နောက် ဘဝင်မှထ၍ ပစ္စဝေက္ခဏာဝီထိ အာဝဇ္ဇန်း၏ အဆုံးအဆုံး၊ ငါးသည့် သောတပတ္တိ

မဂ်ကို ရပြီ၊ ငါသည် သောတာပတ္တိဖိုလ်ကို ရပြီ၊ ငါသည် နိဗ္ဗာန်ကိုရပြီဟု၊ ဗဟုသုတအလို ပစ္စဝေက္ခဏာဉာဏ်ဖြင့် ဆင်ခြင်၏။ ငါသည် မဂ်ကို ရပြီ၊ ငါသည် ဖိုလ်ကို ရပြီ၊ ငါသည် နိဗ္ဗာန်ကို ရပြီဟု၊ အပ္ပသုတအလို ပစ္စဝေက္ခဏာဉာဏ်ဖြင့် ဆင်ခြင်၏။

**မဂ္ဂံ ဖလဉ္စ နိဗ္ဗာနံ၊ ပစ္စဝေက္ခတိ ပဏ္ဍိတော။**
**ဟိနေ ကိလေသေ သေသေစ၊ ပစ္စဝေက္ခတိ ဝါ န ဝါ။ ။**
(သင်္ဂြိုဟ်ပါဠိ)

ပဏ္ဍိတော၊အရိယာပညာရှိသည်။ မဂ္ဂဉ္စ၊ မဂ်ကိုလည်း။ ပစ္စဝေက္ခတိ၊ ဆင်ခြင်မိ၏။ ဖလဉ္စ၊ ဖိုလ်ကိုလည်း။ ပစ္စဝေက္ခတိ၊ ဆင်ခြင်မိ၏။ နိဗ္ဗာနဉ္စ၊ နိဗ္ဗာန်ကိုလည်း။ ပစ္စဝေက္ခတိ၊ဆင်ခြင်မိ၏။ ဟိနေ ကိလေသေစ၊ပယ်ပြီးသော ကိလေသာတို့ကိုငင်း။သေသေစ ကိလေသေ၊ကြွင်းသော ကိလေသာတို့ကိုငင်း။ပစ္စဝေက္ခတိ ဝါ၊ ဆင်ခြင်မိသူလည်းရှိ၏။န ဝါ ပစ္စဝေက္ခတိ၊မဆင်ခြင်မိသူလည်းရှိ၏။

ပစ္စဝေက္ခဏာ ဉာဏ်၏ အဆုံး ဘဝင်သို့ သက်၏။ ဘဝင်မှ ထ၍ အာဝဇ္ဇန်း၏ အခြားမဲ့၌၊ ဥဒယဗ္ဗယဉာဏ်ဖြင့်တည်၏။ တဖန် ဥဒယဗ္ဗယ ဉာဏ်မှစ၍ ဝိပဿနာကို အားထုတ်သဖြင့်၊ သင်္ခါရုပေက္ခာဉာဏ်သို့ ဆိုက်သည်ဖြစ်အံ့၊ ၎င်းဉာဏ်၏အဆုံး ပရိကံ, ဥပစာ,အနုလုံ,ဂေါတြဘူ၊ သို့မဟုတ် ဝေါဒါန် သကဒါဂါမိမဂ်၊ သကဒါဂါမိဖိုလ်၊ ပစ္စဝေက္ခဏာ ဉာဏ် အစဉ်အတိုင်း ဖြစ်၏။ ဤအတူပင်၊ အနာဂါမိမဂ်၊အနာဂါမိဖိုလ်၊ အရဟတ္တမဂ်၊အရဟတ္တဖိုလ်၊ ပစ္စဝေက္ခဏာဉာဏ် အစဉ်အတိုင်းဖြစ်၏။ ပစ္စဝေက္ခဏာဉာဏ်၏အဆုံး၊ ဘဝင်သို့သက်၏။ ဘဝင်မှထ၍ အာဝဇ္ဇန်း၏အခြားမဲ့၌၊ ဥဒယဗ္ဗယဉာဏ်ဖြင့်တည်၏။ ဤသို့ သောတာပန်, သကဒါဂါမ်,အနာဂါမ်,ရဟန္တာ ဖိုလ်လေးယောက်လုံးပင်၊မဂ်, ဖိုလ်, နိဗ္ဗာန်ကို ဆင်ခြင်ပြီး၍ ဥယဗ္ဗယဉာဏ်ဖြင့် တည်မြဲဖြစ်၏။ ထို့ကြောင့်၊ ယံကိဉ္စိ သမုဒယဓမ္မံ သဗ္ဗံ တံ နိရောဓဓမ္မန္တိ ။-ဟု မြတ်စွာဘုရား ဟောတော်မူ၏။

ယံကိဉ္စိ၊အလုံးစုံသည်။ သမုဒယဓမ္မံ၊ဖြစ်ခြင်းသဘောရှိ၏။ တံ သဗ္ဗံ၊ ထိုဖြစ်ခြင်း သဘောရှိသော အလုံးစုံသည်။ နိရောဓဓမ္မံ၊ ချုပ်ပျက်ခြင်း သဘောရှိ၏။ဣတိ၊ဤသို့။အရိယော၊အရိယာသည်။အနုပဿတိ၊ရှု၏။

ယခု ပြဆိုခဲ့သော ဝိသုဒ္ဓါနုပဿနာဖြင့်၊အနုလောမဉာဏ်,ဂေါတြဘူ ဉာဏ် နှစ်ပါး၏၊ ကလျာဏ သုံးပါး၊ လက္ခဏာ ဆယ်ပါး၊ အင်္ဂါ ငါးပါး၊

ဈာန်ငါးပါးကို ယူအပ်၏။ ဤသို့ နာမရူပ ပရိစ္ဆေဒဉာဏ် အစ၊ ပစ္စဝေက္ခဏာဉာဏ် အဆုံး၊ သရုပ်အပြား တဆယ့် ခြောက်ပါး ဖြစ်၏။ ဤဉာဏ်တို့ဖြင့် ရှေးဦးစွာဘကြိမ်၊ အဆုံး ရောက်ပြီးသောသူသည်၊သောတာပန် အရိယာပုဂ္ဂိုလ်မည်၏။

ထို သောတာပန်သည်၊ ပစ္စဝေက္ခဏာဉာဏ် အစုံဖြစ်လျှင်၊ မဂ်ကို ဆင်ခြင်ခြင်း၊ ဖိုလ်ကို ဆင်ခြင်ခြင်း၊ နိဗ္ဗာန်ကို ဆင်ခြင်ခြင်း၊ ပယ်ပြီးကိလေသာကို ဆင်ခြင်ခြင်း၊ကြွင်းကိလေသာကို ဆင်ခြင်ခြင်းဟု၊ငါးပါးရှိ၏။ သကဒါဂါမ်,အနာဂါမ်တို့၌လည်း၊ ဤအတူဖြစ်၍ တဆယ့်ငါးပါးရ၏။ ရဟန္တာမှာ ကြွင်းသောကိလေသာ ဆင်ခြင်ရန်မရှိ၍ လေးပါးရ၏။ အလုံးစုံပေါင်းသော်၊ ပစ္စဝေက္ခဏာဉာဏ် တဆယ့်ကိုးပါးဖြစ်၏။ ဤကား ပစ္စဝေက္ခဏာဉာဏ်၏ သဘောကို ပြခြင်းတည်း။

**ပုဗ္ဗေလဒ္ဓံ မဂ္ဂမေဝ သမာပဇ္ဇိဿာမီတိ ပရိကမ္မံ ကရေယျ။ တဒါပုဗ္ဗေ သကိံ ဥပ္ပဇ္ဇိတွာ နိရုဒ္ဓမဂ္ဂစေတနာနုဘာဝေန ဖလစိတ္တမေဝ ပဝတ္တေယျ၊ န မဂ္ဂစိတ္တံ။** (ဝိသုဒ္ဓိမဂ်)

အဟံ၊ငါသည်။ ပုဗ္ဗေလဒ္ဓံ၊ ရှေး၌ ရအပ်ပြီးသော။ မဂ္ဂမေဝ၊ မဂ်ကိုသာလျှင်။ သမာပဇ္ဇိဿာမိ၊ ဝင်စားအံ့။ ဣတိ၊ဤသို့နှလုံးသွင်း၍။ပရိကမ္မံ၊ ပရိကံကို။ ကရေယျ၊ပြုရာ၏။ တဒါပုဗ္ဗေ၊ထိုရှေးအခါ၌။ သကိံ ဥပ္ပဇ္ဇိတွာ၊ တကြိမ်ဖြစ်ပြီး၍။ နိရုဒ္ဓမဂ္ဂစေတနာနုဘာဝေန၊ ချုပ်ပြီးသောမဂ်စေတနာ၏ အာနုဘော်ဖြင့်။ ဖလစိတ္တမေဝ၊ဖိုလ်စိတ်သည်သာလျှင်။ ပဝတ္တေယျ၊ ဖြစ်ရာ၏။ မဂ္ဂစိတ္တံ၊မဂ်စိတ်သည်။ န ပဝတ္တေယျ၊မဖြစ်ရာ။

အဓိပ္ပါယ်ကား၊ ပရိကံဟူရာ၌၊ ဝိပဿနာကို အားထုတ်မှု ဖြစ်၏။ အားထုတ်သော အခါ၊ ဖိုလ်ဝင်စားလိုလျှင်၊ ငါ ဖိုလ်ကို ဝင်စားမည်ဟု နှလုံးသွင်း အာဘောဂထားရ၏။ဤကဲ့သို့ ထားမှ၊သင်္ခါရုပေက္ခာဉာဏ်၏ အဆုံး၌ ဖလဝီထိစိတ်ကျနိုင်၏။ ထိုကဲ့သို့ နှလုံးသွင်းမထားလျှင်၊ သင်္ခါရုပေက္ခာဉာဏ်၏ အဆုံး၌ မဂ္ဂဝီထိစိတ်ကျ၍၊ အထက် မဂ်ဖိုလ်ကိုသာ ရလေတော့သည်။

**သဗ္ဗထာပိ သမာပတ္တိဝီထိယံ ဘဝင်္ဂသောတောဝိယ။ ဝီထိနိယမော နတ္ထီတိ၊ ဣဒံ စိတ္တုပ္ပါဒဝသီဘူတကာလံ သန္ဓာယ ဝုတ္တံ။** (ဝိသုဒ္ဓိမဂ်)

သဗ္ဗထာပိ၊ အလုံးစုံလည်းဖြစ်သော။ သမာပတ္တိဝီထိယံ၊ သမာပတ္တိဝီထိ၌။ ဘဝင်္ဂသောတောဝိယ၊ ဘဝင်အလျှင်ကဲ့သို့။ ဝီထိနိယမော၊ ဝီထိ

မြဲခြင်းသည်။ နတ္ထိ၊မရှိ။ ဇာတိ ဇာဒံ၊ ဤစကားကို။ စိဏ္ဏဝသိဘူတာကာလံ၊ ဝင်စားခြင်း အလေ့အလာ ဖြစ်ပြီးသော အခါကို။ သန္ဓာယ၊ ရည်၍။ဝုတ္တံ၊ ဆိုအပ်၏။

အဓိပ္ပါယ်ကား၊ အဖန်ဖန် ဝင်စားမှုကို၊ အလေ့အလာဖြင့် ပြီးသည် ဆို၏။တခါဝင်စားလျှင် ဖိုလ်စိတ် နှစ်ကြိမ်,သုံးကြိမ်၊ နှစ်ခါဝင်စားလျှင် သုံးကြိမ်, လေးကြိမ်၊ သုံးကြိမ်ဝင်စားလျှင် လေးကြိမ်, ငါးကြိမ်။ ဤသို့ စသည်ဖြင့် ဝင်စားဖန်များသော်၊ ဖိုလ်စိတ်သည် ဘဝင်ကဲ့သို့ အကြိမ် များစွာဖြစ်နိုင်၍၊ ၎င်းဖိုလ်စိတ်သည် လျှင်မြန်စွာ ဖြစ်ပေါ်နိုင်လေသည်။

သဘောမှာ၊ မြင်မှု,ကြားမှု စသော အာရုံတို့နှင့် တွေ့ဆုံနေရခြင်းကို၊ ပူလောင် ပင်ပန်းလှသည်ထင်၍ ငြိမ်းချမ်းအေးမြလိုသဖြင့်၊ ရပြီးသော မဂ်၏အကျိုးကို ခံစားသည်ဆိုလို၏။ ဖိုလ်ကို ဝင်စားသည်၊ ဖလသမာပတ်ကို ဝင်စားသည်ဟူ၍လည်းခေါ်၏။မဂ်ကား-အကြောင်း၊ ဖိုလ်ကား-အကျိုး၊ မဂ်ကိုရပြီးသော ပုဂ္ဂိုလ်သည်၊ ဘယ်အခါမဆို ဖိုလ်ဝင်စား လိုလျှင် ဝင်စားနိုင်၏။ ဤသို့ ဖြစ်ခြင်းသည်၊ မဂ်၏ တန်ခိုးအာနုဘော် အစွမ်း သတ္တိများဟု မှတ်သားအပ်ပေသည်။ ဤကား၊ ဖိုလ်ဝင်စားပုံ သဘောတည်း။

ပစ္စဝေက္ခဏာဉာဏ်နှင့် ဖိုလ်ဝင်စားပုံကို ပြဆိုခြင်းပြီး၏။

---

ဝိမောက္ခ ၃-ပါးနှင့် အရိယာ ၇-ပါး ပြားပုံကို ပြဆိုခြင်း

**ဝေံ တိဋ္ဌမာနံ တိဝိဓ ဝိမောက္ခမုခဘာဝံ အာပဇ္ဇိတွာ သတ္တ အရိယပုဂ္ဂလဝိဘာဂါယ ပစ္စယော ဟောတိ။** (ပဋိသမ္ဘိဒါမဂ်ပါဠိတော်)

ဧဝံ၊ ဤသို့။ တိဋ္ဌမာနံ၊တည်သော သင်္ခါရုပေက္ခာဉာဏ်သည်။ တိဝိဓ ဝိမောက္ခမုခဘာဝံ၊ သုံးပါးအပြားရှိသော ဝိမောက္ခ၏ အဖြစ်သို့။ အာပဇ္ဇိတွာ၊ရောက်၍။ သတ္တ အရိယပုဂ္ဂလ ဝိဘာဂါယ၊ အရိယာပုဂ္ဂိုလ် ၇-ပါး ဝေဘန်ခြင်းငှါ။ ပစ္စယော၊အကြောင်းသည်။ ဟောတိ၊ဖြစ်၏။

အဓိပ္ပါယ်ကား၊ ဝိမောက္ခသုံးပါးဖြင့် အရိယာပုဂ္ဂိုလ် ၇-ပါး ဝေဘန် ခြင်းသည်၊ဝိပဿနာဉာဏ်တို့တွင်၊ အကျင့်တရား၏ အပြီးအဆုံး၊ အထွဋ် အထိပ်သို့ ရောက်သောကြောင့်၊ သိခါပတ္တ ဝိပဿနာဟူ၍၎င်း၊ မဂ်မှ ထခြင်းကြောင့်၊ ဝုဋ္ဌာနဂါမိနီ ဝိပဿနာဟူ၍၎င်း၊ ခေါ်ဆိုရသော သင်္ခါ ရုပေက္ခာဉာဏ်၌ တည်သဖြင့်၊ထိုဉာဏ်သည် ဝိမောက္ခစသည်ကို ဝေဘန် ခြင်း၏ အကြောင်းရင်းမည်၏။

**ယေသံ ဣမာနိ အနုပဿနာနိ မုခါနိတိ အနိမိတ္တော အပ္ပဏိဟိတော သုညတောတိ တေတယော။** (ပဋိသမ္ဘိဒါမဂ်ပါဠိတော်)

ယေသံ၊အကြင်ဝိမောက္ခတို့၏။ ဣမာနိ အနုပဿနာနိ၊ဤ အနုပဿနာတို့သည်။မုခါနိ၊မုခတို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။ဣတိ အယံ၊ ဤဝိမောက္ခ ဟူသည်။ကတမေ၊အဘယ်သည်တို့နည်း။အနိမိတ္တော၊ အနိမိတ္တ ဝိမောက္ခ ၎င်း။ အပ္ပဏိဟိတော၊အပ္ပဏိဟိတ ဝိမောက္ခ၎င်း။ သုညတော၊သုညတ ဝိမောက္ခ၎င်း။ ဣတိ၊ဤသို့။ တေ တယော၊ ဤသုံးပါးတို့ပေတည်း။

အဓိပ္ပါယ်ကား၊ သင်္ခါရုပေက္ခာဉာဏ်ဖြင့်၊အနိစ္စထင်၍ မဂ်သို့ရောက်လျှင်၊အနိမိတ္တ ဝိမောက္ခ။ဒုက္ခထင်မှတ်၍ မဂ်သို့ရောက်လျှင်၊အပ္ပဏိဟိတ ဝိမောက္ခ။ အနတ္တထင်၍ မဂ်သို့ရောက်လျှင်၊ သုညတ ဝိမောက္ခမည်၏။ သဘောမှာ၊ ဝိမောက္ခသည်-လွတ်ခြင်းမုခသည်-မဂ်ဖြစ်၍။ အနိစ္စထင်၍ မဂ်ရလျှင်၊ အနိမိတ္တမဂ်။ ဒုက္ခထင်၍ မဂ်ရလျှင်၊အပ္ပဏိဟိတမဂ်။ အနတ္တထင်၍ မဂ်ရလျှင်၊သုညတမဂ်ဟု ခေါ်ဆိုရလေသည်။ ဤကား ဝိမောက္ခ၏ အဓိပ္ပါယ်တည်း။

**တတ္ထ သဒ္ဓါနုသာရီ၊ သဒ္ဓါဝိမုတ္တော၊ ကာယသက္ခိ၊ ဥဘတော ဘာဂဝိမုတ္တော၊ဓမ္မာနုသာရီ၊ဒိဋ္ဌပ္ပတ္တော၊ပညာဝိမုတ္တောတိ ဣမေ တာဝ သတ္တအရိယပုဂ္ဂလာ။** (ဝိသုဒ္ဓိမဂ်)

တတ္ထ၊ ထိုအရိယာပုဂ္ဂိုလ်အပြားကို ဆိုသောစကား၌။ သဒ္ဓါနုသာရီ၊ သဒ္ဓါနုသာရီပုဂ္ဂိုလ်တယောက်။ သဒ္ဓါဝိမုတ္တော၊ သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်တယောက်။ကာယသက္ခိ၊ကာယသက္ခိပုဂ္ဂိုလ်တယောက်။ ဥဘတောဘာဂဝိမုတ္တော၊ ဥဘတောဘာဂဝိမုတ္တပုဂ္ဂိုလ်တယောက်။ ဓမ္မာနုသာရီ၊ဓမ္မာနုသာရီပုဂ္ဂိုလ်တယောက်။ ဒိဋ္ဌပ္ပတ္တော၊ ဒိဋ္ဌပ္ပတ္တပုဂ္ဂိုလ်တယောက်။ ပညာဝိမုတ္တော၊ ပညာဝိမုတ္တပုဂ္ဂိုလ်တယောက်။ ဣတိ၊ဤသို့။ ဣမေတာဝ သတ္တ အရိယပုဂ္ဂလာ၊ ဤရေးဦးစွာသော အရိယာပုဂ္ဂိုလ် ၇-ယောက်တို့သည်။ ဟောန္တိ၊ဖြစ်ကုန်၏။

ဤသို့စသည်ဖြင့် လာသော အဓိပ္ပါယ်မှာ၊ အကြင်သူသည် မမြဲဟု နှလုံးသွင်းသည်ရှိသော်၊ သဒ္ဓါများသည်ဖြစ်၍ သဒ္ဓိန္ဒြေကိုရ၏။ ထိုသူသည် သောတာပတ္တိမဂ်ခဏ၌၊ သဒ္ဓါနုသာရီ ပုဂ္ဂိုလ်တယောက်မည်၏။

ကြွင်းသော သောတာပတ္တိ ဖိုလ်ဌာန၊ သကဒါဂါမိ မဂ်ဌာန၊ သကဒါဂါမိ ဖိုလ်ဌာန၊အနာဂါမိ မဂ်ဌာန၊အနာဂါမိ ဖိုလ်ဌာန၊အရဟတ္တ မဂ်ဌာန၊

အရဟတ္တ ဖိုလ်ဥာဏ-ဟူသော၊ ဤ ၇-ပါးသော ဉာဏ်တို့၌၊ သဒ္ဒါဝိမုတ္တ ပုဂ္ဂိုလ်တည်ယောက်မည်၏။

အကြင်သူသည်ကား၊ ဆင်းရဲဟု နှလုံးသွင်းသည်ရှိသော်၊ ငြိမ်းအေးခြင်းများသည်ဖြစ်၍ သမာဓိန္ဒြေကိုရ၏။ ထိုသူသည် သောတာပတ္တိမဂ်ဉာဏ အစ၊ အရဟတ္တဖိုလ်ဉာဏ အဆုံးရှိသော အလုံးစုံ ၈စ်ဉာဏ်တို့၌၊ ကာယသက္ခိပုဂ္ဂိုလ်တည်ယောက်မည်၏။ အရူပဈာန်သို့ ရောက်ပြီး၍၊အရဟတ္တဖိုလ်သို့ ပေါက်ရောက်သော သူသည်မူကား၊ ဥဘတောဘာဂ ဝိမုတ္တ ပုဂ္ဂိုလ်တည်ယောက်မည်၏။

အကြင်သူသည်ကား၊ အစိုးမရဟု နှလုံးသွင်းသည်ရှိသော်၊ အသိများသည်ဖြစ်၍ ပညိန္ဒြေကိုရ၏။ ထိုသူသည် သောတာပတ္တိ မဂ်ခဏ၌၊ ဓမ္မာနုသာရီပုဂ္ဂိုလ်တည်ယောက်မည်၏။ သောတာပတ္တိ ဖိုလ်ဉာဏအစ၊အရဟတ္တမဂ်ဉာဏ အဆုံးဟူသော အလယ်ခြောက်ဉာဏ်တို့၌၊ ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်တည်ယောက်မည်၏။ အရဟတ္တဖိုလ်ဉာဏ၌ ပညာဝိမုတ္တပုဂ္ဂိုလ်တည်ယောက်မည်၏။ ဤသို့မှတ်သားအပ်ပေသည်။

ဤအရာ၌ တနည်းမှတ်ရန်မှာ၊ အကြင်သူသည်ကား၊ မမြဲဟု နှလုံးသွင်း၏။အကြင်သူသည်ကား၊ ဆင်းရဲဟု နှလုံးသွင်း၏။ အကြင်သူသည်ကား၊အစိုးမရဟု နှလုံးသွင်း၏။ ထသော အခါ၌လည်း၊ မမြဲသော-အနိစ္စဖြင့် မဂ်ထ၏။ထိုပုဂ္ဂိုလ်သုံးယောက်တို့သည်လည်း၊ သဒ္ဒါများ၍ သဒ္ဓိန္ဒြေကိုရကုန်၏။ အနိမိတ္တ ဝိမောက္ခမဂ်ဖြင့် လွတ်ကုန်၏။ ပဌမ မဂ်ခဏ၌ သဒ္ဓါနုသာရီ ပုဂ္ဂိုလ်တည်ယောက်မည်၏။ သောတာပတ္တိဖိုလ် အစ၊ အရဟတ္တဖိုလ် အဆုံးရှိသော ၇-ဉာဏ်တို့၌ သဒ္ဒါဝိမုတ္တပုဂ္ဂိုလ်မည်ကုန်၏။

တဖန် အကယ်၍၊ ဆင်းရဲ ဒုက္ခဖြင့် မဂ်ထသည် ဖြစ်အံ့၊ ပုဂ္ဂိုလ်သုံးယောက်တို့သည်လည်း၊ငြိမ်းအေးခြင်းများ၍ သမာဓိန္ဒြေကို ရကုန်၏။ အပ္ပဏိဟိတ ဝိမောက္ခမဂ်ဖြင့် လွတ်ကုန်၏။ သောတာပတ္တိမဂ်ဉာဏ အစ၊ အရဟတ္တ ဖိုလ်ဉာဏ အဆုံးရှိသော အလုံးစုံ ၈စ်ဉာဏ်တို့၌၊ ကာယသက္ခိ ပုဂ္ဂိုလ်တို့ မည်ကုန်၏။ ဤအခါ၌ အကြင် ပုဂ္ဂိုလ်၏ အရူပ ဈာန်သည်၊ ဝိပဿနာ အခြေဖြစ်၏။ ထိုပုဂ္ဂိုလ်သည် အရဟတ္တဖိုလ်၌၊ ဥဘတောဘာဂဝိမုတ္တပုဂ္ဂိုလ်မည်၏။

ထိုပုဂ္ဂိုလ်တို့တွင်၊ အကြင်သူသည်ကား၊ အကယ်၍ အစိုးမရသော-အနတ္တဖြင့် မဂ်ထသည်ဖြစ်အံ့၊ သုံးယောက်သော ပုဂ္ဂိုလ်တို့သည်လည်း၊ အသိများ၍ ပညိန္ဒြေကိုရကုန်၏။ သုညတ ဝိမောက္ခမဂ်ဖြင့်လွတ်ကုန်၏။

ပထမ မဂ်ခဏ၌ ဓမ္မာနုသာရီပုဂ္ဂိုလ်မည်ကုန်၏။ သောတာပတ္တိဖိုလ်ဌာန အစ၊ အရဟတ္တမဂ် အဆုံးရှိသော အလယ် ခြောက်ဌာနတို့၌၊ ဒိဋ္ဌိပ္ပတ္တ ပုဂ္ဂိုလ်သုံးယောက်မည်ကုန်၏။ အရဟတ္တဖိုလ်ဌာန၌ ပညာဝိမုတ္တပုဂ္ဂိုလ် မည်ကုန်၏။ ဤသို့ အရိယာပုဂ္ဂိုလ် ၇-ယောက်အပြားကို၊ ဝေဘန်၍ မှတ်သားအပ်ပေသတည်း။

ဝိမောက္ခ ၃-ပါးနှင့် အရိယာ ၇-ပါး ပြဆိုခြင်းပြီး၏။

**ယထာဘူတ ကဏ္ဍ ပြီး၏။**

---

မဂ်ဉာဏ်ဖြင့် ပယ်သတ်ပုံကိုပြဆိုရာ

# မဂ္ဂပဟာန-ကဏ္ဍ

## ကိလေသာအစဉ်နှင့် သံယောဇဉ်ပယ်ပုံကို ပြဆိုခြင်း

ယခုအခါ ဟုတ်မှန်တိုင်းသိသော ဉာဏ်များကိုပြဆိုပြီး၍၊ ပယ်အပ်သော ကိလေသာများကို၊ ဝိသုဒ္ဓိမဂ်လာသောအတိုင်း ပြဆိုပေအံ့။ ထို ကိလေသာတို့၏ အစဉ်များသည်၊ သံယောဇဉ် ၁၀-ပါး၊ ကိလေသာ ၁၀-ပါး၊မိစ္ဆတ္တ ၁၀-ပါး၊လောကဓံ ၈-ပါး၊မစ္ဆရိယ ၅-ပါး၊ဝိပ္ပလ္လာသ ၃-ပါး၊ ဂန္ထ ၄-ပါး၊ အဂတိ ၄-ပါး၊ အာသဝ ၄-ပါး၊ ဩဃ ၄-ပါး၊ ယောဂ ၄-ပါး၊နီဝရဏ ၅-ပါး၊ပရာမာသ ၄-ပါး၊ဥပါဒါန် ၄-ပါး၊ အနုသယ ၇-ပါး၊ မလ ၃-ပါး၊ အကုသလကမ္မပထ ၁၀-ပါး၊ အကုသလ စိတ္တုပ္ပါဒ် ၁၂-ပါး။ ဤသို့ အစဉ်အားဖြင့်လာရှိပေသည်။

**ထိုကိလေသာတို့တွင်၊ သံယောဇဉ် ပယ်ပုံမှာ၊ အောက်ပါအတိုင်း မှတ်သား အပ်ပေ၏။**

**သံယောဇနေသု တာဝ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသော အပါယဂမနီယာစ ကာမရာဂပဋိဃာတိ ဧတေပဉ္စဓမ္မာ ပထမ ဉာဏဝဇ္ဈာ။** (ဝိသုဒ္ဓိမဂ်)

သံယောဇနေသု၊ သံယောဇဉ် ဆယ်ပါးတို့တွင်။ တာဝ၊ ရှေးဦးစွာ။ သက္ကာယဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိရင်း။ ဝိစိကိစ္ဆာ၊ ဝိစိကိစ္ဆာရင်း။ သီလဗ္ဗတ ပရာမာသော၊ သီလဗ္ဗတပရာမာသသံယောဇဉ်ရင်း။ အပါယဂမနီယာ၊ အပါယ်သို့ လားစေတတ်ကုန်သော။ ကာမရာဂ ပဋိဃာစ၊ ကာမရာဂ သံယောဇဉ်,ပဋိဃ သံယောဇဉ်တို့ရင်း။ ဣတိဧတေပဉ္စဓမ္မာ၊ ဤ ၅-ပါ

သော သံယောဇဉ်တရားတို့သည်။ ပထမ ဉာဏဝဇ္ဈာ၊ ပထမ သောတာပတ္တိမဂ်ဉာဏ်ဖြင့် ပယ်သတ်အပ်ကုန်သောတရားတို့မည်ကုန်၏။

အဓိပ္ပါယ်ကား၊ ကာမရာဂ သံယောဇဉ်၊ ရူပရာဂ သံယောဇဉ်၊ အရူပ, ပဋိဃ, မာန, ဒိဋ္ဌိ, သီလဗ္ဗတပရာမာသ, ဝိစိကိစ္ဆာ, ဥဒ္ဓစ္စ, အဝိဇ္ဇာ သံယောဇဉ်ဟု ဆယ်ပါးရှိသည်တွင်၊ ဒိဋ္ဌိ ဝိစိကိစ္ဆာနှင့် သီလဗ္ဗတပရာမာသ သုံးပါးကို၊ ပထမ မဂ်ဉာဏ်ဖြင့် အကြွင်းမရှိ ပယ်သတ်၏။

ကြမ်းတန်းသော၊ ကာမရာဂနှင့် ပဋိဃကို၊ ဒုတိယ မဂ်ဖြင့်ပယ်သတ်လျက်၊ သိမ်မွေ့သော၊ ကာမရာဂနှင့် ပဋိဃကိုမူကား၊ တတိယ မဂ်ဉာဏ်ဖြင့် အကြွင်းမရှိ ပယ်သတ်၍၊ ရူပရာဂ, အရူပရာဂ, မာန, ဥဒ္ဓစ္စ, အဝိဇ္ဇာဟူသော သံယောဇဉ် ငါးပါးကိုမူကား၊ စတုတ္ထ မဂ်ဉာဏ်ဖြင့် အကြွင်းမရှိ ပယ်သတ်လေသည်။

**သဟော ကာမရာဂ ပဋိဃာ ဩဠာရိကာ ဒုတိယဉာဏဝဇ္ဈာ။ သုခုမာ တတိယဉာဏဝဇ္ဈာ။ ရူပရာဂါဒယော ပဉ္စပိ စတုတ္ထဉာဏဝဇ္ဈာ ဝေ။** (ဝိသုဒ္ဓိမဂ်)

သဟော၊ ကြွင်းကုန်သော။ ဩဠာရိကာ၊ ကြမ်းတန်းကုန်သော။ ကာမရာဂ ပဋိဃာ၊ ကာမရာဂသံယောဇဉ်၊ ပဋိဃသံယောဇဉ်တို့သည်။ ဒုတိယဉာဏဝဇ္ဈာ၊ ဒုတိယမဂ်ဉာဏ်ဖြင့် ပယ်သတ်အပ်သော တရားတို့မည်ကုန်၏။ သုခုမာ၊ သိမ်မွေ့သော ကာမရာဂသံယောဇဉ်, ပဋိဃသံယောဇဉ်တို့သည်။ တတိယ ဉာဏဝဇ္ဈာ၊ တတိယ မဂ်ဉာဏ်ဖြင့် ပယ်သတ်အပ်သော တရားတို့မည်ကုန်၏။ ပဉ္စ၊ ငါးပါးကုန်သော။ ရူပရာဂါဒယောပိ၊ ရူပရာဂစသော သံယောဇဉ် တို့သည်ကား။ စတုတ္ထဉာဏဝဇ္ဈာဝေ၊ စတုတ္ထမဂ်ဉာဏ်ဖြင့် ပယ်သတ်အပ်သော တရားတို့မည်ကုန်သည်သာလျှင်တည်း။

သဘောမှာ၊ မျက်မြင် ပစ္စုပ္ပန်လောက၌ဖြစ်သော ခန္ဓာတို့နှင့်၊ တမလွန်လောက၌ဖြစ်သော ခန္ဓာတို့ကိုငင်း။ အကျိုးနှင့် အကြောင်းကံကိုငင်း။ ဒုက္ခအပေါင်းနှင့်၊ ဝဋ်တွင်းသား သတ္တဝါတို့ကို ငင်း။ ယှဉ်စေတတ် စပ်တတ် နှောင်ဖွဲ့တတ်သည်၏ အဖြစ်ကြောင့်၊ သံယောဇဉ်မည်ကုန်၏။

ငင်းပြင် နောက်နောက်ကိလေသာတို့ကို၊ အပါယ်သို့လားစေတတ်ကုန်သော ကိလေသာ၁၃နက၊ ပထမ မဂ်ဉာဏ်ဖြင့် ပယ်သတ်အပ်သည်ချည်းဟူ၍ မှတ်ယူကြပါလေ။

ကိလေသာအစဉ်နှင့် သံယောဇဉ်ပယ်ပုံကို ပြဆိုခြင်းပြီး၏။

## ကိလေသာဆယ်ပါးနှင့် မိစ္ဆတ္တဆယ်ပါးပယ်ပုံကို ပြဆိုခြင်း

**ကိလေသေသု ဒိဋ္ဌိဝိစိကိစ္ဆာ ပဌမဉာဏဝဇ္ဈာ။ ဒေါသော တတိယဉာဏဝဇ္ဈော။ လောဘ မောဟ မာန ထိန ဥဒ္ဓစ္စ အဟိရိက အနောတ္တပ္ပါနိ စတုတ္ထဉာဏဝဇ္ဈာနိ။** (ဝိသုဒ္ဓိမဂ်)

ကိလေသေသု၊ ကိလေသာ ဆယ်ပါးတို့တွင်။ ဒိဋ္ဌိဝိစိကိစ္ဆာ၊ ဒိဋ္ဌိ ကိလေသာ ဝိစိကိစ္ဆာကိလေသာတို့သည်။ ပဌမဉာဏဝဇ္ဈာ၊ ပဌမမဂ်ဉာဏ်ဖြင့် ပယ်သတ်အပ်သောတရားတို့မည်ကုန်၏။ ဒေါသော၊ ဒေါသကိလေသာသည်။ တတိယဉာဏဝဇ္ဈော၊ တတိယမဂ်ဉာဏ်ဖြင့် ပယ်သတ်အပ်သောတရားမည်၏။ လောဘ မောဟ မာန ထိန ဥဒ္ဓစ္စ အဟိရိက အနောတ္တပ္ပါနိ၊ လောဘကိလေသာ, မောဟ, မာန, ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပ ကိလေသာတို့သည်။ စတုတ္ထဉာဏဝဇ္ဈာနိ၊ စတုတ္ထမဂ်ဉာဏ်ဖြင့် ပယ်သတ်အပ်သောတရားတို့မည်ကုန်၏။

အဓိပ္ပါယ်ကား၊ ကိလေသာဆယ်ပါးတို့တွင်၊ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာနှစ်ပါးကို၊ ပဌမမဂ်ဉာဏ်ဖြင့် အကြွင်းမရှိပယ်သတ်၍။ ကြမ်းတန်းသော ဒေါသကိလေသာကို၊ ဒုတိယမဂ်ဉာဏ်ဖြင့် ပယ်သတ်လျက်။ သိမ်မွေ့သော ဒေါသကိလေသာကို၊ တတိယမဂ်ဉာဏ်ဖြင့် အကြွင်းမရှိ ပယ်သတ်ပြီး။ လောဘစသော ကိလေသာ ၇-ပါးကိုမူကား၊ စတုတ္ထ မဂ်ဉာဏ်ဖြင့် အကြွင်းမရှိပယ်သတ်၏ဟု မှတ်သူအပ်ပေသည်။

သဘောမှာ၊ မိမိသည် ညစ်နွမ်းသည်၏အဖြစ်ကြောင့်ရင်း၊ မိမိနှင့် သမ္ပယုတ်ဖြစ်သော တရားတို့ကို၊ ညစ်နွမ်း စေတတ်သည်၏ အဖြစ်ကြောင့်ရင်း။ ပြဆိုခဲ့သော တရားဆယ်ပါးတို့သည်၊ ကိလေသာမည်ကုန်၏။ ဤကား ကိလေသာပယ်ပုံကို ပြခြင်းတည်း။

**မိစ္ဆတ္တေသု မိစ္ဆာဒိဋ္ဌိ မုသာဝါဒေါ မိစ္ဆာကမ္မန္တော မိစ္ဆာ အာဇီဝေါတိ ဣမေ ပဌမဉာဏဝဇ္ဈာ။** (ဝိသုဒ္ဓိမဂ်)

မိစ္ဆတ္တေသု၊ မိစ္ဆတ္တ ဆယ်ပါးတို့တွင်။ မိစ္ဆာဒိဋ္ဌိ၊ အမှားမြင်ခြင်းရင်း။ မုသာဝါဒေါ၊ မှားသောစကားကို ပြောဆိုခြင်းရင်း။ မိစ္ဆာကမ္မန္တော၊ သူ့အသက်သတ်ခြင်း, သူ့ဥစ္စာခိုးခြင်း, သူ့သားမယားလွန်ကျူးခြင်းဖြင့် အမှားပြုခြင်းရင်း။ မိစ္ဆာအာဇီဝေါ၊ မှားသောအသက်မွေးခြင်းရင်း။ ဣတိ

ဣမေ၊ဤလေးပါးတို့သည်။ပထမ ဉာဏဝဇ္ဈာ၊ပထမမဂ်ဉာဏ်ဖြင့် ပယ်သတ်အပ်သောတရားတို့မည်ကုန်၏။

အဓိပ္ပါယ်ကား၊ မိစ္ဆာဒိဋ္ဌိ,မိစ္ဆာသင်္ကပ္ပ,မိစ္ဆာဝါစာ, မိစ္ဆာကမ္မန္တ, မိစ္ဆာအာဇီဝ,မိစ္ဆာဝါယာမ,မိစ္ဆာသတိ, မိစ္ဆာသမာဓိ, မိစ္ဆာဝိမုတ္တိ, မိစ္ဆာဉာဏဟူ၍ ဆယ်ပါးရှိသည်တွင်၊ မိစ္ဆာဒိဋ္ဌိ,မိစ္ဆာကမ္မန္တ,မိစ္ဆာအာဇီဝနှင့် ဝစီကံလေးပါးတွင်၊ မုသာဝါဒ ဤလေးပါးကို၊ပထမ မဂ်ဉာဏ်ဖြင့် ပယ်သတ်အပ်ကုန်၏။

**မိစ္ဆာသင်္ကပ္ပေါ ပိသုဏဝါစာ ဖရုသဝါစာတိ ဣမေ တတိယ ဉာဏဝဇ္ဈာ။ သမ္ပပ္ပလာပ မိစ္ဆာဝါယာမ မိစ္ဆာသတိ မိစ္ဆာသမာဓိ မိစ္ဆာဝိမုတ္တိ မိစ္ဆာဉာဏာနိ စတုတ္ထဉာဏဝဇ္ဈာနိ။** (ဝိသုဒ္ဓိမဂ်)

မိစ္ဆာသင်္ကပ္ပေါ၊ မှားသောအကြံကို ကြံခြင်းရင်း။ ပိသုဏဝါစာ၊ကုံးတိုက်သော စကားကိုဆိုခြင်းရင်း။ဖရုသဝါစာ၊ကြမ်းတန်းသော စကားကိုဆိုခြင်းရင်း။ ဣတိ ဣမေ၊ဤသုံးပါးတို့သည်။ တတိယ ဉာဏဝဇ္ဈာ၊ တတိယမဂ်ဉာဏ်ဖြင့် ပယ်သတ်အပ်သောတရားတို့မည်ကုန်၏။သမ္ဖပ္ပလာပေါ၊ သိမ်ဖျင်းသော စကားကိုဆိုခြင်းရင်း။မိစ္ဆာဝါယာမော၊ မှားသော အားထုတ်ခြင်းရင်း။ မိစ္ဆာသတိ၊မှားသော အောက်မေ့ခြင်းရင်း။ မိစ္ဆာသမာဓိ၊မှားသော တည်ကြည်ခြင်းရင်း။ မိစ္ဆာဝိမုတ္တိ၊ မှားသော လွတ်ခြင်းရင်း။ မိစ္ဆာဉာဏာနိ၊မှားသော သိခြင်းတို့သည်ရင်း။ စတုတ္ထဉာဏဝဇ္ဈာနိ၊ စတုတ္ထမဂ်ဉာဏ်ဖြင့် ပယ်သတ်အပ်သော တရားတို့မည်ကုန်၏။

အဓိပ္ပါယ်ကား၊ကြမ်းတန်းသော မိစ္ဆာသင်္ကပ္ပနှင့်၊ ဝစီကံလေးပါးတွင်၊ ပိသုဏဝါစာ,ဖရုသဝါစာ ဤသုံးပါးကို၊ဒုတိယမဂ်ဉာဏ်ဖြင့် ပယ်သတ်၍။ သိမ်မွေ့သော၊ မိစ္ဆာသင်္ကပ္ပ,ပိသုဏဝါစာ,ဖရုသဝါစာ သုံးပါးကို၊တတိယမဂ်ဉာဏ်ဖြင့် ပယ်သတ်လေသည်။

ထိုမှတပါး၊သမ္ဖပ္ပလာပ,မိစ္ဆာဝါယာမ,မိစ္ဆာသတိ,မိစ္ဆာသမာဓိ, မိစ္ဆာဝိမုတ္တိ,မိစ္ဆာဉာဏ ဤခြောက်ပါးတို့ကို၊စတုတ္ထမဂ်ဉာဏ်ဖြင့် ပယ်သတ်ကုန်၏။ အထူးမှာ၊ မိစ္ဆာဝါစာကို၊ ဝစီကံအရ လေးပါးခွဲခြားသဖြင့်၊ထင်ရှားကွဲပြားအောင် မှတ်သားကြပါလေ။

ရှင်းပြင်၊ မိစ္ဆာဝါစာ၌ ဝစီကံလေးပါးအရ၊ ပြောဆိုသောစကားအချက်များမှာ၊ နှုတ်ထွက်မျှကို မမှတ်သားဘဲ၊ စေတနာ စိတ်ထားကိုသာ မူချဟု မှတ်သားအပ်ပေသည်။

**စေတနာဟံ စေတ္တ ဝါစာတိ ဝေဒိတဗ္ဗာ။** (ဝိသုဒ္ဓိမဂ်)

ဧတ္ထ၊ ဤမိစ္ဆာဝါစာ၌။ စေတနာဟံ၊ ပြောလိုသော စေတနာကိုသာလျှင်။ ဝါစာတိ၊ ဝါစာဟူ၍။ ဝေဒိတဗ္ဗာ၊ သိအပ်၏။

သဘောမှာ၊ မှားသောအားဖြင့် နှလုံးသွင်းခြင်း စသည်တို့၏ အစွမ်းဖြင့်၊ ဘောက်ပြန်သည်ဖြစ်၍ ဖြစ်တတ်သောကြောင့်၊ ဤဆိုအပ်ခဲ့ပြီးသော ဆယ်ပါးတို့ကို၊ မိစ္ဆတ္တတရားဟူ၍ မှတ်သားအပ်ပေသည်။ ဤကား မိစ္ဆတ္တ ပယ်ပုံကို ပြဆိုခြင်းတည်း။

ကိလေသာနှင့် မိစ္ဆတ္တ ပယ်ပုံကို ပြဆိုခြင်းပြီး၏။

---

လောကဓမ္မနှင့် မစ္ဆရိယပယ်ပုံကို ပြဆိုခြင်း

**လောကဓမ္မေသု ပဋိဃော တတိယဉာဏေန ပဟီယတိ၊ အနုနယော စတုတ္ထဉာဏေန။** (ဝိသုဒ္ဓိမဂ်)

လောကဓမ္မေသု၊ လောကဓံ တရားရှစ်ပါးတို့တွင်။ ပဋိဃော၊ ဒေါသအကုသိုလ်စိတ်ဥပ္ပါဒ်တရားကို။ တတိယဉာဏေန၊ တတိယ မဂ်ဉာဏ်ဖြင့် ပယ်သတ်အပ်၏။ အနုနယော၊ အစဉ်လိုက်သောအကုသိုလ်စိတ်ဥပ္ပါဒ်တရားကို။ စတုတ္ထဉာဏေန၊ စတုတ္ထမဂ်ဉာဏ်ဖြင့် ပယ်အပ်၏။

အဓိပ္ပါယ်ကား၊ လာဘ – လာဘ်ရခြင်း တိုးပွါးခြင်း။ အလာဘ–လာဘ်မရခြင်းပျက်စီးခြင်း။ ယသ-ကျော်စောသတင်းနှင့်အခြွေအရံများခြင်း။ အယသ–ရှိန်စော်မဲ့ကင်း အခြွေအရံနည်းပါးခြင်း။ ပသံသ–ချီးမွမ်းထောမနာသည်ကိုခံရခြင်း။ နိန္ဒာ–ကဲ့ရဲ့ ပြစ်တင်သည်ကို ခံရခြင်း။ သုခ-ကိုယ်, စိတ်နှစ်ဖြာ ချမ်းသာရခြင်း။ ဒုက္ခ–ကိုယ်, စိတ်နှစ်ဖြာ ဆင်းရဲရခြင်းဟု ရှစ်ပါးရှိ၏။

ထိုလောကဓံတရား ရှစ်ပါးတို့သည်၊ အကောင်း,အဆိုး ၂–မျိုးရှိရာ၊ အကောင်းလေးပါးနှင့် တွေ့ဆုံလျှင်၊ ခံမင် တပ်မက် နှစ်သက်ခြင်းဖြစ်ကြ၍၊ လောဘမည်၏။ အဆိုးလေးပါးနှင့် တွေ့ဆုံလျှင်၊ လွန်စွာ စိတ်နှလုံးမချမ်းသာခြင်းဖြစ်ကြ၍၊ ဒေါသမည်၏။

ဤလောဘ, ဒေါသ ၂–ဌာနတို့တွင်၊ ဒေါသနှင့်ဆိုင်ရာ လေးပါးကို၊ တတိယမဂ်ဉာဏ်ဖြင့် ပယ်သတ်၍၊ လောဘနှင့်ဆိုင်ရာ လေးပါးကိုမူ

ကား၊ စတုတ္ထမဂ်ဉာဏ်ဖြင့် ပယ်သတ်လေ၏။ ထိုလေးပါးတို့တွင်၊ ယာသနှင့် ပသံသ ၂-ပါးကို၊ စတုတ္ထမဂ်ဉာဏ် ပယ်၏ဟု အချို့ဆိုကုန်၏။ နှစ်သက်ရာယူပါလေ။ သဘောမှာ၊ လောကနယ်မှ မထွက်ရသေးသမျှ၊ ဘုရားရဟန္တာတို့သော်မှ မလွတ်မကင်းနိုင်ဘဲ၊ အမြဲတွေ့ကြုံနေရသော ဓမ္မတာသဘောမျိုး ဖြစ်လေသောကြောင့်၊ ထိုဆိုခဲ့ပြီးသော ၈စ်ပါးကို၊ လောကဓံတရားဟူ၍ မှတ်သားခေါ်ဆိုရလေသည်။ ဤကား၊ လောကဓံတရားပယ်ပုံတည်း။

**မစ္ဆရိယာနီတိ အာဝါသမစ္ဆရိယံ ကုလမစ္ဆရိယံ လာဘမစ္ဆရိယံ ဓမ္မမစ္ဆရိယံ ဝဏ္ဏမစ္ဆရိယန္တိ။** (ဝိသုဒ္ဓိမဂ်)

မစ္ဆရိယာနီတိ၊ ဝန်တိုခြင်းဟူသည်ကား။ အာဝါသ မစ္ဆရိယံ၊ အရိပ်အာဝါသ၌ ဝန်တိုခြင်းရင်း။ ကုလ မစ္ဆရိယံ၊ အလုပ်အကျွေး ဒါယကာ,ဒါယိကာမဖြစ်သော ဆွေမျိုးညာတိစသည်တို့၌ ဝန်တိုခြင်းရင်း။ လာဘ မစ္ဆရိယံ၊ လာဘ်ပူဇော်သကာ၌ ဝန်တိုခြင်းရင်း။ ဓမ္မ မစ္ဆရိယံ၊ တရားအရာ၌ ဝန်တိုခြင်းရင်း။ ဝဏ္ဏ မစ္ဆရိယံ၊ လှပသောအဆင်း၌ ဝန်တိုခြင်း ဂုဏ်ကျေးဇူး၌ ဝန်တိုခြင်းရင်း။ ဣတိ ဣမေ၊ ဤငါးပါးတို့ပေတည်း။

**မစ္ဆရိယာနိ ပဌမဉာဏဝဇ္ဈာနေဝ။** (ဝိသုဒ္ဓိမဂ်)

မစ္ဆရိယာနိ၊ ငါးပါးသော မစ္ဆရိယတို့သည်။ ပဌမ ဉာဏဝဇ္ဈာနေဝ၊ ပဌမမဂ်ဉာဏ်ဖြင့် ပယ်သတ်အပ်သော တရားတို့မည်ကုန်၏။

သဘောမှာ၊ ဤပြဆိုအပ်ခဲ့ပြီးသော ငါးပါးတို့၌၊ သူတပါးတို့အား ရရှိခြင်း ဆက်ဆံခြင်းကို၊ သည်းမခံနိုင်သော သဘောမျိုးဖြစ်၏။ အကျိုးလိုလား၍ သတိပေး ပြောကြားသည်များကိုလည်း၊ ဝန်တိုခြင်း-မစ္ဆရိယဟု အထင်မှားတတ်၏။ ထိုကြောင့် စိတ်စေတနာနှင့်တကွဖြစ်သော ဝန်တိုခြင်းမျိုးကို၊ မစ္ဆရိယဟု မှတ်သားအပ်ပေသည်။

**ဣမာသု အာဝါသာဒိသု အညေသံ သာဓာရဏဘာဝံ အသဟနာကာရေန ပဝတ္တာနိ မစ္ဆရိယာနိ။** (ဝိသုဒ္ဓိမဂ်)

ဣမာသု အာဝါသာဒိသု၊ ဤအာဝါသစသော ငါးပါးတို့၌။ အညေသံ၊ သူတပါးတို့အား။ သာဓာရဏဘာဝံ၊ ဆက်ဆံသည်၏အဖြစ်ကို။ အသဟနာကာရေန၊ သည်းမခံနိုင်သော အခြင်းအရာဖြင့်။ ပဝတ္တာနိ၊ ဖြစ်ကုန်သော တရားတို့သည်။ မစ္ဆရိယာနိ၊ ဝန်တိုခြင်းမည်ကုန်၏။ ဤကား မစ္ဆရိယပယ်ပုံတည်း။

လောကဓမ္မနှင့် မစ္ဆရိယပယ်ပုံကို ပြဆိုခြင်းပြီး၏။

## ဝိပ္ပလ္လာသ တရားတဆယ့်နှစ်ပါး ပယ်ပုံကို ပြဆိုခြင်း

**ဝိပ္ပလ္လာသာတိ အနိစ္စ ဒုက္ခ အနတ္တ အသုဘေသုယေဝ ဝတ္ထူသု နိစ္စံ သုခံ အတ္တာ သုဘန္တိ ဧဝံ ပဝတ္တော၊ သညာဝိပ္ပလ္လာသော, စိတ္တဝိပ္ပလ္လာသော၊ ဒိဋ္ဌိဝိပ္ပလ္လာသောတိ ဣမေ တယော၊** (ဝိသုဒ္ဓိမဂ်)

ဝိပ္ပလ္လာသာတိ၊ဝိပ္ပလ္လာသ-ဟူသည်ကား။အနိစ္စ ဒုက္ခ အနတ္တအသုဘေသုယေဝ၊အနိစ္စ,ဒုက္ခ,အနတ္တ,အသုဘသာလျှင်ဖြစ်ကုန်သော။ ဝတ္ထူသု၊ ဝတ္ထုတို့၌။နိစ္စံ၊မြဲ၏။ သုခံ၊ချမ်းသာ၏။ အတ္တာ၊အစိုးရ၏။ သုဘံ၊တင့်တယ်၏။ဣတိ ဧဝံ၊ဤသို့ အခြင်းအရာအားဖြင့်။ ပဝတ္တော၊ ဖြစ်သော။ သညာဝိပ္ပလ္လာသော၊ အမှတ်သညာ၏ ဖောက်ပြန်ခြင်းလည်း။ စိတ္တဝိပ္ပလ္လာသော၊ အသိအမြင်၏ ဖောက်ပြန်ခြင်းလည်း။ ဒိဋ္ဌိဝိပ္ပလ္လာသော၊ အယူအဆ၏ ဖောက်ပြန်ခြင်းလည်း။ ဣတိ၊ဤသို့။ ဣမေ တယော၊ ဤသုံးပါးတို့သည်။ ဝိပ္ပလ္လာသာ၊ဝိပ္ပလ္လာသ တရားတို့မည်ကုန်၏။

အဓိပ္ပါယ်ကား၊သညာ,စိတ္တ,ဒိဋ္ဌိ-ဟူသောဝိပ္ပလ္လာသ တရားသုံးပါးကို၊ အနိစ္စ,ဒုက္ခ,အနတ္တ,အသုဘ-ဟူသောလေးပါးနှင့်မြှောက်ပွါး၍၊ အကျယ်အားဖြင့် ဝိပ္ပလ္လာသတရား တဆယ့်နှစ်ပါးဖြစ်၏။ မြှောက်ပွါးပုံမှာ၊ အနိစ္စ၌ နိစ္စဟု၊ အမှတ်သညာ ဖောက်ပြန်ခြင်း။ နိစ္စဟု၊ အသိအမြင် ဖောက်ပြန်ခြင်း။ နိစ္စဟု၊ အယူအဆ ဖောက်ပြန်ခြင်း။ ဤသို့ အနိစ္စ၌၊ သညာဝိပ္ပလ္လာသ,စိတ္တဝိပ္ပလ္လာသ,ဒိဋ္ဌိဝိပ္ပလ္လာသဟု သုံးပါးဖြစ်၏။

ထို့အတူ၊ဒုက္ခ၌ သုခဟု၊မှတ်ခြင်း သိခြင်း ယူခြင်း၊သညာ, စိတ္တ,ဒိဋ္ဌိ-ဟူသော ဝိပ္ပလ္လာသ သုံးပါး။ အနတ္တ၌ အတ္တဟု၊မှတ်ခြင်း သိခြင်း ယူခြင်း၊ သညာ,စိတ္တ,ဒိဋ္ဌိ-ဟူသော ဝိပ္ပလ္လာသ သုံးပါး။အသုဘ၌ သုဘဟု၊ မှတ်ခြင်း သိခြင်း ယူခြင်း၊သညာ,စိတ္တ,ဒိဋ္ဌိ-ဟူသော ဝိပ္ပလ္လာသသုံးပါး။ ဤသို့ တဆယ့်နှစ်ပါးဟု မှတ်သားအပ်ပေသည်။

**ဝိပ္ပလ္လာသေသု အနိစ္စေ နိစ္စံ အနတ္တနိ အတ္တာတိစ သညာ, စိတ္တ, ဒိဋ္ဌိဝိပ္ပလ္လာသာ။ ဒုက္ခေ သုခံ အသုဘေ သုဘန္တိ ဒိဋ္ဌိဝိပ္ပလ္လာသော စာတိ ဣမေ ပဌမဉာဏဝဇ္ဈာ၊** (ဝိသုဒ္ဓိမဂ်)

ဝိပ္ပလ္လာသေသု၊ဝိပ္ပလ္လာသ တဆယ့်နှစ်ပါးတို့တွင်။အနိစ္စေ၊မမြဲသောတရား၌။နိစ္စန္တိစ၊မြဲ၏ဟူ၍လည်း။အနတ္တနိ၊အစိုးမရသောတရား၌။အတ္တာတိစ၊ အစိုးရ၏ဟူ၍လည်း၊ သညာ,စိတ္တ,ဒိဋ္ဌိဝိပ္ပလ္လာသာ၊ သညာဝိပ္ပလ္လာသ, စိတ္တဝိပ္ပလ္လာသ,ဒိဋ္ဌိဝိပ္ပလ္လာသတို့လည်း။ ဒုက္ခေ၊ ဆင်းရဲသောတရား၌။ သုခန္တိစ၊

ချမ်းသာ၏ဟူ၍ရင်း။ အသုဘေ၊ မတင့်တယ်သောတရား၌။ သုဘန္တိ၊ တင့်တယ်၏ဟူ၍ရင်း။ ဣတိ ဣမေ၊ ဤဝိပ္ပလ္လာသရှစ်ပါးတို့သည်။ ပဌမဉာဏဝဇ္ဈာ၊ ပဌမမဂ်ဉာဏ်ဖြင့် ပယ်သတ်အပ်သောတရားတို့မည်ကုန်၏။

အဓိပ္ပါယ်ကား၊ အနိစ္စ၌၊ နိစ္စဟု မှတ်ခြင်း–သညာဝိပ္ပလ္လာသ၊ နိစ္စဟု သိခြင်း–စိတ္တဝိပ္ပလ္လာသ၊ နိစ္စဟု ယူခြင်း–ဒိဋ္ဌိဝိပ္ပလ္လာသသုံးပါး။ အနတ္တ၌၊ အတ္တဟု မှတ်ခြင်း–သညာဝိပ္ပလ္လာသ၊ အတ္တဟု သိခြင်း–စိတ္တဝိပ္ပလ္လာသ၊ အတ္တဟု ယူခြင်း–ဒိဋ္ဌိဝိပ္ပလ္လာသ သုံးပါး။ ဒုက္ခ၌၊ သုခဟု ယူခြင်း–ဒိဋ္ဌိဝိပ္ပလ္လာသ၊ အသုဘ၌၊ သုဘဟုယူခြင်း–ဒိဋ္ဌိဝိပ္ပလ္လာသ နှစ်ပါး။ ဤရှစ်ပါးကို ပယ်၏ ဟုမှတ်အပ်ပေသည်။

**အသုဘေ သုဘန္တိ သညာ, စိတ္တ, ဝိပ္ပလ္လာသာ တတိယဉာဏဝဇ္ဈာ။ ဒုက္ခေ သုခန္တိ သညာ, စိတ္တဝိပ္ပလ္လာသာ စတုတ္ထဉာဏဝဇ္ဈာ။** (ဝိသုဒ္ဓိမဂ်)

အသုဘေ၊ မတင့်တယ်သောတရား၌။ သုဘန္တိ၊ တင့်တယ်၏ဟူ၍။ သညာ, စိတ္တ ဝိပ္ပလ္လာသာ၊ အမှတ်သညာ၏ ဖောက်ပြန်ခြင်း, အသိ၏ ဖောက်ပြန်ခြင်းတို့သည်။ တတိယ ဉာဏဝဇ္ဈာ၊ တတိယမဂ်ဉာဏ်ဖြင့် ပယ်သတ်အပ်သော တရားတို့မည်ကုန်၏။ ဒုက္ခေ၊ ဆင်းရဲသောတရား၌။ သုခန္တိ၊ ချမ်းသာ၏ဟု။ သညာ, စိတ္တ ဝိပ္ပလ္လာသာ၊ အမှတ်သညာ၏ ဖောက်ပြန်ခြင်း,အသိ၏ ဖောက်ပြန်ခြင်းတို့သည်။ စတုတ္ထဉာဏဝဇ္ဈာ၊ စတုတ္ထမဂ်ဉာဏ်ဖြင့် ပယ်သတ်အပ်သောတရားတို့မည်ကုန်၏။

အဓိပ္ပါယ်ကား၊ အသုဘ၌ သုဘဟု ဖောက်ပြန်၍၊ မှတ်ခြင်း, သိခြင်း ဟူသောသညာဝိပ္ပလ္လာသ,စိတ္တဝိပ္ပလ္လာသ နှစ်ပါးကို၊ တတိယ မဂ်ဉာဏ်ဖြင့် ပယ်၍၊ ဒုက္ခ၌ သုခဟု ဖောက်ပြန်၍၊ မှတ်ခြင်း, သိခြင်း ဟူသော သညာဝိပ္ပလ္လာသ,စိတ္တဝိပ္ပလ္လာသ နှစ်ပါးကို၊ စတုတ္ထမဂ်ဉာဏ်ဖြင့် ပယ်သတ်လေသည်။

အထူးမှာ၊ ဒုတိယမဂ်ဉာဏ်ဖြင့် ပယ်သတ်ရာ၌၊ ရှေးဦးစွာပြခဲ့သော သံယောဇဉ်ကဲ့သို့ မှတ်အပ်၏။ ရှေ့ရှေ့၌ ပယ်သောအရာများကို၊ ဤအတူပင်မှတ်ယူအပ်ပေသည်။

သဘောမှာ၊ အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘဟူသော၊ အမှန်တရားလေးပါးတို့တွင်၊ တပါးပါး၌ အမှတ်သညာ၏ မှားခြင်း၊ အသိ၏ မှားခြင်း၊ အယူ၏ မှားခြင်းဟူသော၊ ဖောက်ပြန်သော သဘောမျိုးကို၊ ဝိပ္ပလ္လာသ တရားဟု မှတ်သားခေါ်ဆိုရလေသတည်း။

**ဝိပ္ပလ္လာသ တရားတဆယ့်နှစ်ပါး ပယ်ပုံကို ပြဆိုခြင်းပြီး၏။**

### ဂန္ထလေးပါးနှင့် အဂတိလေးပါးပယ်ပုံကို ပြဆိုခြင်း

**ဂန္ထေသု သီလဗ္ဗတပရာမာသ ဣဒံသစ္စာဘိနိဝေသ ကာယဂန္ထာ ပဌမဉာဏဝဇ္ဈာ၊ ဗျာပါဒကာယဂန္ထော တတိယဉာဏဝဇ္ဈော၊ ဣတရော စတုတ္ထဉာဏဝဇ္ဈော။** (ဝိသုဒ္ဓိမဂ်)

ဂန္ထေသု၊ဂန္ထတရားလေးပါးတို့တွင်။သီလဗ္ဗတပရာမာသ ဣဒံသစ္စာဘိနိဝေသ ကာယဂန္ထာ၊ သီလဗ္ဗတပရာမာသ ကာယဂန္ထ, ဣဒံသစ္စာဘိနိဝေသ ကာယဂန္ထ နှစ်ပါးတို့သည်။ ပဌမ ဉာဏဝဇ္ဈာ၊ ပဌမ မဂ်ဉာဏ်ဖြင့် ပယ်သတ်အပ်သော တရားတို့မည်ကုန်၏။ ဗျာပါဒ ကာယဂန္ထော၊ ဗျာပါဒကာယဂန္ထသည်။ တတိယဉာဏဝဇ္ဈော၊တတိယ မဂ်ဉာဏ်ဖြင့် ပယ်သတ်အပ်သောတရားမည်၏။ ဣတရော၊ ဤဆိုအပ် ခဲ့ပြီးသည်မှ တပါးသော အဘိဇ္ဈာကာယဂန္ထသည်။ စတုတ္ထဉာဏဝဇ္ဈော၊ စတုတ္ထ မဂ်ဉာဏ်ဖြင့် ပယ်အပ်သောတရားမည်၏။

အဓိပ္ပါယ်ကား၊ ဂန္ထတရားသည်၊ အဘိဇ္ဈာ ကာယဂန္ထ, ဗျာပါဒ ကာယဂန္ထ, သီလဗ္ဗတ ပရာမာသ ကာယဂန္ထ, ဣဒံသစ္စာဘိနိဝေသ ကာယဂန္ထဟု လေးပါးရှိသည်တွင်၊ သီလဗ္ဗတပရာမာသနှင့် ဣဒံသစ္စာဘိနိဝေသ နှစ်ပါးကို၊ ပဌမမဂ်ဉာဏ်ဖြင့် ပယ်သတ်၏။

ထို့နောက်၊ ဗျာပါဒ ကာယဂန္ထ တပါးကို၊ တတိယ မဂ်ဉာဏ်ဖြင့် ပယ်၍၊ အဘိဇ္ဈာ ကာယဂန္ထ တပါးကို မူကား၊ စတုတ္ထ မဂ်ဉာဏ်ဖြင့် ပယ်သတ်လေသည်။

သဘောမှာ၊နာမကာယကိုင်း၊ ရူပကာယကိုင်း၊ ထုံးဖွဲ့ချုပ်စပ်တတ်သည်၏ အဖြစ်ကြောင့်၊ ၎င်းတရားလေးပါးကို၊ ဂန္ထဟုခေါ်ဆိုရလေ၏။ ဤကားအဂတိပယ်ပုံကို ပြဆိုခြင်းတည်း။

**အဂတိဂတိ ဆန္ဒဒေါသမောဟဘယေဟိ အကတ္တဗ္ဗ ကရဏသ ကတ္တဗ္ဗာကရဏသ စ အဓိဝစနံ၊ တဥ္စ အရိယေဟိ အဂန္တဗ္ဗတာ အဂတိဂတိ ဝုစ္စတိ။** (ဝိသုဒ္ဓိမဂ်)

အဂတိဂတိ၊ အဂတိ–ဟူသည်ကား။ ဆန္ဒ,ဒေါသ,မောဟ,ဘယေဟိ၊ ချစ်ခြင်း,မုန်းခြင်း,တွေဝေခြင်း,ကြောက်ခြင်းတို့ကြောင့်။အကတ္တဗ္ဗကရဏသ စ၊မပြုသင့်သည်ကို ပြုခြင်း၏၎င်း။ ကတ္တဗ္ဗာကရဏသ စ၊ ပြုသင့်သည်ကို မပြုခြင်း၏၎င်း။ အဓိဝစနံ၊ အမည်တည်း။ ဟိ သစ္စံ၊မှန်၏။ တံ၊

ထိုအဂတိအမှုမျိုးကို။အရိယေဟိ၊အရိယာပုဂ္ဂိုလ်တို့သည်။အဂန္တဗ္ဗတာ၊ မလားအပ်သည့်၏အဖြစ်ကြောင့်။ အဂတိတိ၊ အဂတိဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

အဂတိ ပဌမဉာဏဝဇ္ဈာ။ ။အဂတိ၊အဂတိလေးပါးသည်။ပဌမဉာဏဝဇ္ဈာ၊ ပဌမမဂ်ဉာဏ်ဖြင့် ပယ်သတ်အပ်သောတရားမည်၏။

အဓိပ္ပါယ်ကား၊ အရိယာပုဂ္ဂိုလ်သည်၊ကိုယ်ဖြင့်ပြုလုပ်ရာ,နှုတ်ဖြင့်ပြောဆိုရာတွင်၌ ဆန္ဒ လိုက်ခြင်းမရှိဘဲ၊စိတ်ထဲ၌ ဖြောင့်စွာထား၍၊ ပြုလုပ် ပြောဆိုခြင်းအလေ့ရှိ၏။ သို့သော် အချို့သောနေရာ၌၊ ပုထုဇဉ်တို့၏ ဉာဏ်အမြင်အားဖြင့်၊ ဂတိလိုက်သည်ဟု ထင်ရသော အချက်ရှိသော်လည်း၊ စိတ်ထဲ၌မူကား လိုက်စားခြင်းမရှိ၍၊ စေတနာကိုသာ ပမာဏပြုရ လေသည်။ဤကား အဂတိပယ်ပုံကို ပြဆိုခြင်းတည်း။

ဂန္ထလေးပါးနှင့် အဂတိလေးပါး ပယ်ပုံကို ပြဆိုခြင်းပြီး၏။

---

### အာသဝ ဩဃနှင့် ယောဂတရားပယ်ပုံကို ပြဆိုခြင်း

**အာသဝေသု ဒိဋ္ဌာသဝေါ ပဌမဉာဏဝဇ္ဈော။ကာမာသဝေါ တတိယဉာဏဝဇ္ဈော။ဣတရေ ဒွေ စတုတ္ထဉာဏဝဇ္ဈာ။** (ဝိသုဒ္ဓိမဂ်)

အာသဝေသု၊ အာသဝေါ လေးပါးတို့တွင်။ ဒိဋ္ဌာသဝေါ၊ဒိဋ္ဌာသဝ သည်။ ပဌမဉာဏဝဇ္ဈော၊ ပဌမ မဂ်ဉာဏ်ဖြင့် ပယ်သတ်အပ်သော တရားမည်၏။ကာမာသဝေါ၊ ကာမာသဝသည်။တတိယ ဉာဏဝဇ္ဈော၊ တတိယ မဂ်ဉာဏ်ဖြင့် ပယ်သတ်အပ်သောတရားမည်၏။ ဣတရေ ဒွေ၊ ဤမှ တပါး, နှစ်ပါးသော အာသဝေါတို့သည်။ စတုတ္ထ ဉာဏဝဇ္ဈာ၊ စတုတ္ထ မဂ်ဉာဏ်ဖြင့် ပယ်သတ်အပ်သော တရားတို့မည်ကုန်၏။

အဓိပ္ပါယ်ကား၊ကာမာသဝ,ဘဝါသဝ, ဒိဋ္ဌာသဝ,အဝိဇ္ဇာသဝဟုအာသဝေါတရား လေးပါးရှိသည်တွင်၊ ဒိဋ္ဌာသဝကို ပဌမ မဂ်ဉာဏ်ဖြင့် ပယ်၍၊ကာမာသဝကို တတိယ မဂ်ဉာဏ်ဖြင့်ပယ်၍၊ ထိုနောက် ဘဝါသဝနှင့်,အဝိဇ္ဇာသဝ ၂-ပါးကို၊စတုတ္ထမဂ်ဉာဏ်ဖြင့်ပယ်၏ဟု ဆိုလိုသည်။

တရားကိုယ် အားဖြင့်၊ လောဘ, ဒိဋ္ဌိနှင့်, မောဟ သုံးပါးသာရ၏။ သဘောမှာ၊ အာရုံပြုသည့်၏အစွမ်းအားဖြင့်၊မြွအားဖြင့် ဂေါတြဘူ တိုင် အောင်ရင်း၊ ဩကာသအားဖြင့် ဘဝဂ်တိုင်အောင်ရင်း၊ဖြစ်တတ်သည့်၏ အဖြစ်ကြောင့်၊ အာသဝမည်၏။

တနည်း ဒိုးပေါက်တို့မှ ရေသည်ယိုစီးသကဲ့သို့၊သတိဘည်းဟူသော တံခါးရွက်ဖြင့် မပိတ်အပ်ကုန်သော၊ စက္ခုဒွါရစသော ဒွါရခြောက်ပါး တို့မှ ကိလေသာဟူသောမစင်မကြယ်စက်ဆုပ်ဘွယ်၏အဖြစ်ဖြင့်၊အမြဲ ယိုစီးတတ်သည်၏အဖြစ်ကြောင့်၎င်း။တနည်း၊သံသရာဆင်းရဲကိုပွါးစေ တတ်သည်၏ အဖြစ်ကြောင့်၎င်း၊ အာသဝ မည်၏ဟု မှတ်သူအပ်ပေ သည်။ ဤကား အာသဝပယ်ပုံကို ပြဆိုခြင်းတည်း။

**ဩဃယောဂေသုပိ ယောဝနယော။** (ဝိသုဒ္ဓိမဂ်)

ဩဃယောဂေသုပိ ဩဃယောဂတို့၌လည်း။ ယောဝနယော၊ ဤ ဆိုအပ်ခဲ့ပြီးသော၊ အာသဝနှင့်တူသည်သာတည်း။

အဓိပ္ပါယ်ကား၊ ဩဃလေးပါးနှင့်ယောဂလေးပါးတို့သည်၊အာသဝ နှင့်တူသည့် ဆိုလို၏။ တူပုံမှာ၊ ကာမောဃ, ဘဝေါဃ, ဒိဋ္ဌောဃ, အဝိဇ္ဇောဃ၊ကာမယောဂ,ဘဝယောဂ,ဒိဋ္ဌိယောဂ, အဝိဇ္ဇာယောဂဟု အမည်အားဖြင့်တူမျှကြလေ၏။

တဖန်၊ ဒိဋ္ဌောဃ, ဒိဋ္ဌိယောဂကို၊ ပထမ မဂ်ဉာဏ်ဖြင့်ပယ်၏။ ကာ မောဃ,ကာမယောဂကို၊တတိယ မဂ်ဉာဏ်ဖြင့်ပယ်၏။ကြွင်းသော ဘ ဝေါဃ,ဘဝယောဂနှင့်၊ အဝိဇ္ဇောဃ, အဝိဇ္ဇာယောဂတို့ကို၊ စတုတ္ထမဂ် ဉာဏ်ဖြင့်ပယ်၏။ ဤသို့ ပယ်ပုံအားဖြင့်လည်း တူမျှကြလေသည်။

တဖန်၊ ကာမောဃ, ဘဝေါဃနှင့်၊ ကာမယောဂ,ဘဝယောဂသည်၊ လောဘဖြစ်၍။ ဒိဋ္ဌောဃ, ဒိဋ္ဌိယောဂသည်၊ဒိဋ္ဌိဖြစ်လျက်။အဝိဇ္ဇောဃ, အဝိဇ္ဇာယောဂသည်၊ မောဟဖြစ်၏။ ဤသို့ တရားကိုယ်အားဖြင့် တူမျှ ကြလေ၏။

သဘောမှာ၊ကာမဘဝ,ရူပဘဝ, အရူပဘဝ, သညာဘဝ, အသညာ ဘဝ, နေဝသညာနာသညာဘဝ, ဧကဝေါကာရဘဝ, စတုဝေါကာရ ဘဝ, ပဉ္စဝေါကာရဘဝ, ဘဝ ကိုးပါး တည်းဟူသော ပင်လယ်ရေ အယဉ်၌၊ ဝင်တတ်သည်၏ အဖြစ်ကြောင့်၎င်း၊ ကူးခတ် နိုင်ခဲသည်၏ အဖြစ်ကြောင့်၎င်း၊ ဩဃဟုခေါ် ဆိုရလေသည်။

၎င်းပြင် အာရုံနှင့် ကင်းကွာခြင်းကို၎င်း၊ ဒုက္ခနှင့် ကင်းခြင်းကို၎င်း မပေးဘဲ၊ အမြဲပင်အာရုံဒုက္ခတို့နှင့်၊ ဆက်ဆံ စပ်ယှဉ်သည်၏ အဖြစ် ကြောင့်၊ယောဂဟုခေါ် ဆိုရလေသည်။ဤကား၊ဩဃ,ယောဂ ပယ်ပုံကို ပြဆိုခြင်းတည်း။

အာသဝ၊ ဩဃနှင့် ယောဂပယ်ပုံကို ပြဆိုခြင်းပြီး၏။

83-23

### နီဝရဏ ၅-ပါးနှင့် ပရာမာသ ပယ်ပုံကို ပြဆိုခြင်း

**နီဝရဏေသု ဝိစိကိစ္ဆာနီဝရဏံ ပထမဉာဏဝဇ္ဈံ။ ကာမစ္ဆန္ဒော ဗျာပါဒေါ ကုက္ကုစ္စန္တိ တီဏိ တတိယဉာဏ ဝဇ္ဈာနိ။ ထိန မိဒ္ဓ ဥဒ္ဓစ္စာနိ စတုတ္ထဉာဏဝဇ္ဈာနိ။** (ဝိသုဒ္ဓိမဂ်)

နီဝရဏေသု၊ နီဝရဏငါးပါးတို့တွင်။ ဝိစိကိစ္ဆာ နီဝရဏံ၊ ဝိစိကိစ္ဆာ နီဝရဏသည်။ ပထမဉာဏဝဇ္ဈံ၊ ပထမမဂ်ဉာဏ်ဖြင့်ပယ်သတ်အပ်သော တရားမည်၏။ ကာမစ္ဆန္ဒော၊ ကာမစ္ဆန္ဒ နီဝရဏရင်း။ ဗျာပါဒေါ၊ ဗျာပါဒ နီဝရဏရင်း။ ကုက္ကုစ္စံ၊ ကုက္ကုစ္စနီဝရဏရင်း။ ဣတိ၊ ဤသို့။ တီဏိ၊ သုံးပါးသော နီဝရဏတို့သည်။ တတိယဉာဏဝဇ္ဈာနိ၊ တတိယ မဂ်ဉာဏ်ဖြင့် ပယ်သတ်အပ်သောတရားတို့မည်ကုန်၏။ ထိန မိဒ္ဓ ဥဒ္ဓစ္စာနိ၊ ထိနမိဒ္ဓ, ဥဒ္ဓစ္စံ နီဝရဏတို့သည်။ စတုတ္ထ ဉာဏဝဇ္ဈာနိ၊ စတုတ္ထမဂ်ဉာဏ်ဖြင့် ပယ်သတ်အပ်သော တရားတို့ မည်ကုန်၏။

အဓိပ္ပါယ်ကား၊ ကာမစ္ဆန္ဒ နီဝရဏ, ဗျာပါဒ နီဝရဏ, ထိနမိဒ္ဓ နီဝရဏ, ဥဒ္ဓစ္စကုက္ကုစ္စ နီဝရဏ, ဝိစိကိစ္ဆာ နီဝရဏဟု ငါးပါးရှိသည်တွင်၊ ဝိစိကိစ္ဆာ နီဝရဏကို၊ ပထမမဂ် ဉာဏ်ဖြင့်ပယ်၏။ ကာမစ္ဆန္ဒ, ဗျာပါဒ, ကုက္ကုစ္စ နီဝရဏတို့ကို၊ တတိယဉာဏ်ဖြင့် ပယ်၏။ ထိနမိဒ္ဓ, ဥဒ္ဓစ္စ နီဝရဏတို့ကို၊ စတုတ္ထ မဂ်ဉာဏ်ဖြင့်ပယ်၏။

သဘောမှာ၊ ကုသိုလ်စိတ်ကိုရင်း၊ ချာန်စိတ်ကိုရင်း၊ အစစ္စာကာလ၌ ပိတ်ပင်ခြင်း၊ ကိလေသာဝါသနာကိုဆောင်၍ ပိတ်ဆို့ခြင်း၊ နံရံတံခါး ရွက်စသည်တို့ဖြင့် ပိတ်ဆို့သကဲ့သို့ ပိတ်ဆို့ ကွယ်ကာခြင်း အနက်သဘောကြောင့်၊ နီဝရဏဟုခေါ်ဆိုရလေသည်။ ဤကား၊ နီဝရဏ ပယ်ပုံကို ပြဆိုခြင်းတည်း။

**ပရာမာသော ပထမဉာဏဝဇ္ဈောဝ၊** (ဝိသုဒ္ဓိမဂ်)

ပရာမာသော၊ ပရာမာသသည်။ ပထမဉာဏ်ဝဇ္ဈောဝ၊ ပထမ မဂ်ဉာဏ်ဖြင့် ပယ်သတ်အပ်သော တရားမည်သည်သာလျှင်တည်း။

အဓိပ္ပါယ်ကား၊ ကာယ, ဝေဒနာ, စိတ္တ, ဓမ္မ-ဟူသော အာရုံတရားတို့၏၊ အသုဘ အစရှိသောသဘောကိုလွန်၍၊ မှားသောအားဖြင့် မဟုတ်မမှန် ထင်ရှားမရှိသော၊ သုဘ, သုခ, နိစ္စ, အတ္တ သဘောကို၊ သုံးသပ်သောအခြင်းအရာအားဖြင့်ဖြစ်သော မိစ္ဆာဒိဋ္ဌိမည်၏။ ဤမိစ္ဆာဒိဋ္ဌိကို၊ ပထမ မဂ်ဉာဏ်ဖြင့်ပင်လျှင်၊ အကြွင်းအကျန်မရှိ ပယ်သတ်အပ်လေ တော့သည်။

**ပရာမာသောတိ တဿတဿ ဓမ္မဿ သဘာဝံ အတိက္ကမ္မ ပရတော အဘူတသဘာဝံ အာမသနာကာရေန ပဝတ္တနတော မိစ္ဆာဒိဋ္ဌိယာ စေတံ အဓိဝစနံ။** (ဝိသုဒ္ဓိမဂ်)

ပရာမာသောတိ ဧတံ၊ ပရာမာသော-ဟူသော ဤအမည်သည်။ တဿတဿ ဓမ္မဿ ထိုထိုကာယစသော အာရုံတရား၏။ သဘာဝံ၊ အသုဘစသော သဘောကို။ အတိက္ကမ္မ၊ လွန်၍။ ပရတော၊ မှားသောအားဖြင့်။ အဘူတသဘာဝံ၊ မဟုတ်မမှန် ထင်ရှားမရှိ သုဘစသော သဘောကို။ အာမသနာကာရေန၊ သုံးသပ်သော အခြင်းအရာအားဖြင့်။ ပဝတ္တနတော၊ ဖြစ်ခြင်းကြောင့်။ မိစ္ဆာဒိဋ္ဌိယာ၊ မိစ္ဆာဒိဋ္ဌိ၏။ အဓိဝစနံ၊ အမည်တည်း။ ဤကား ပရာမာသ ပယ်ပုံကို ပြဆိုခြင်းတည်း။

နီဝရဏ ၅-ပါးနှင့် ပရာမာသ ပယ်ပုံကို ပြဆိုခြင်းပြီး၏။

---

### ဥပါဒါန်နှင့် အနုသယ ပယ်ပုံကို ပြဆိုခြင်း

**ဥပါဒါနေသု သဗ္ဗေသမ္ပိ လောကိယဓမ္မာနံ ဝတ္ထုကာမဝသေန ကာမာတိ အာဂတတ္တာ ရူပါရူပရာဂေါပိ ကာမုပါဒါနေ ပတတိ၊ တသ္မာ တံ စတုတ္ထဉာဏဝဇ္ဈံ။ သေသာနိ ပဌမဉာဏဝဇ္ဈာနိ။**

(ဝိသုဒ္ဓိမဂ်)

ဥပါဒါနေသု၊ ဥပါဒါန်လေးပါးတို့တွင်။ သဗ္ဗေသမ္ပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ လောကိယဓမ္မာနံ၊ လောကီတရားတို့၏။ ဝတ္ထုကာမဝသေန၊ ဝတ္ထုကာမ၏အစွမ်းဖြင့်။ ကာမာတိ၊ ကာမဟူ၍။ အာဂတတ္တာ၊ လာသည်၏အဖြစ်ကြောင့်။ ရူပါရူပရာဂေါပိ၊ ရူပရာဂ,အရူပရာဂ သည်လည်း။ ကာမုပါဒါနေ၊ ကာမုပါဒါန်၌။ ပတတိ၊ ကျ၏။ တသ္မာ၊ ထိုကြောင့်။ တံ၊ ထိုကာမုပါဒါန်ကို။ စတုတ္ထဉာဏဝဇ္ဈံ၊ စတုတ္ထမဂ်ဉာဏ်ဖြင့်ပယ်သတ်၏။ သေသာနိ၊ ကြွင်းသောဥပါဒါန်တို့သည်။ ပဌမဉာဏဝဇ္ဈာနိ၊ ပဌမမဂ်ဉာဏ်ဖြင့်ပယ်သတ်အပ်သောတရားတို့မည်ကုန်၏။

အဓိပ္ပါယ်ကား၊ ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်ဟု လေးပါးရှိသည်တွင်၊ ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန် သုံးပါးတို့ကို၊ ပဌမမဂ်ဉာဏ်ဖြင့်ပယ်သတ်၍။ ကာမ, ရူပ, အရူပ ဟူသော ဘဝသုံးပါး၌စွဲလမ်းသည့် ဥပါဒါန်တို့ကို၊ စတုတ္ထမဂ်ဉာဏ်ဖြင့် ပယ်သတ်၏။

သဘောမှာ၊ မြွေသည် ဘားကိုမြဲစွာဖမ်းယူသကဲ့သို့။ လောဘစသောတရားတို့သည်၊ဘဝစသည်တို့ကို၊အပြင်းအထန် မြဲမြံစွာ စွဲလမ်းခြင်းကြောင့်၊ ထိုလေးပါးသော သဘောတို့ကို၊ ဥပါဒါန်ဟု ခေါ်ရလေသည်။ ဤကား၊ဥပါဒါန်ပယ်ပုံကို ပြဆိုခြင်းတည်း။

**အနုသယေသု ဒိဋ္ဌိဝိစိကိစ္ဆာနုသယာ ပထမဉာဏဝဇ္ဈာဝ။ ကာမရာဂ ပဋိဃာနုသယာ တတိယဉာဏဝဇ္ဈာ။ မာန ဘဝရာဂါ ဝိဇ္ဇာနုသယာ စတုတ္ထဉာဏဝဇ္ဈာ** (ဝိသုဒ္ဓိမဂ်)

အနုသယေသု၊အနုသယ ၇-ပါးတို့တွင်။ ဒိဋ္ဌိဝိစိကိစ္ဆာနုသယာ၊ဒိဋ္ဌိအနုသယ,ဝိစိကိစ္ဆာအနုသယတို့သည်။ ပထမဉာဏဝဇ္ဈာဝ၊ပထမမဂ်ဉာဏ်ဖြင့်သာလျှင်ပယ်သတ်အပ်သောတရားတို့မည်ကုန်၏။ကာမရာဂပဋိဃာနုသယာ၊ ကာမရာဂအနုသယ,ပဋိဃအနုသယတို့သည်။ တတိယဉာဏဝဇ္ဈာ၊တတိယမဂ်ဉာဏ်ဖြင့် ပယ်သတ်အပ်သော တရားတို့မည်ကုန်၏။ မာန ဘဝရာဂါ ဝိဇ္ဇာနုသယာ၊ မာနအနုသယ, ဘဝရာဂအနုသယ, အဝိဇ္ဇာအနုသယတို့သည်။စတုတ္ထဉာဏဝဇ္ဈာ၊စတုတ္ထမဂ်ဉာဏ်ဖြင့် ပယ်သတ်အပ်သောတရားတို့မည်ကုန်၏။

အဓိပ္ပါယ်ကား၊ အနုသယသည်၊ ကာမရာဂ,ပဋိဃ,မာန,ဒိဋ္ဌိ, ဝိစိကိစ္ဆာ,ဘဝရာဂ,အဝိဇ္ဇာဟု ၇-ပါးရှိရာ။ ပါယ်ပုံမှာ၊ ပါဠိ အနက်အတိုင်းထင်ရှား၏။ သဘောမှာ၊ ကာမရာဂ အစရှိသော တရား ၇-ပါးတို့သည်၊အားစွမ်းသို့ရောက်၍ကာမရာဂစသည်တို့ဖြစ်ခြင်း၏အကြောင်းဖြစ်သဖြင့်၊ အဖန်တလဲလဲကိန်းတတ်သောကြောင့်၊ အနုသယဟုခေါ် ဆိုရလေသည်။ဤကား၊ အနုသယပယ်ပုံကို ပြဆိုခြင်းတည်း။

ဥပါဒါန်နှင့် အနုသယ ပယ်ပုံကို ပြဆိုခြင်းပြီး၏။

---

မလနှင့်၊ကမ္မပထပယ်ပုံကိုပြဆိုခြင်း

**မလေသု ဒေါသမလံ တတိယဉာဏဝဇ္ဈံ၊ ဇူတရာနိ စတုတ္ထဉာဏဝဇ္ဈာနိ။** (ဝိသုဒ္ဓိမဂ်)

မလေသု၊မလတရားသုံးပါးတို့တွင်။ဒေါသ မလံ၊ဒေါသဟူသော မလသည်။ တတိယဉာဏဝဇ္ဈံ၊ တတိယမဂ်ဉာဏ်ဖြင့် ပယ်သတ်အပ်သောတရားမည်၏။ ဣတရာနိ၊ ဤမှတပါးသော မလတို့သည်။ စတုတ္ထဉာဏဝဇ္ဈာနိ၊စတုတ္ထမဂ်ဉာဏ်ဖြင့် ပယ်သတ်အပ်သော တရားတို့မည်ကုန်၏။

အဓိပ္ပါယ်ကား၊လောဘ,ဒေါသ,မောဟဟူသော မလတရားသုံးပါး ရှိသည်တွင်၊ ဒေါသကို၊ တတိယမဂ်ဉာဏ်ဖြင့်ပယ်၍။ လောဘ,မောဟ တို့ကို၊စတုတ္ထမဂ်ဉာဏ်ဖြင့်ပယ်သည်မည်၏။

**မလာတိ တေလဋ္ဌာန ကာလလံဝိယ၊သယဋ္ဌ အသုဒ္ဓတ္တာ အညေ သဋ္ဌ အသုဒ္ဓဘာဝကရဏတော လောဘ ဒေါသ မောဟာ တယော၊** (ဝိသုဒ္ဓိမဂ်)

မလာတိ၊မလ–ဟူသည်ကား။ တယော၊ သုံးပါးကုန်သော။ လောဘ ဒေါသ မောဟာ၊လောဘ, ဒေါသ, မောဟတို့သည်။တေလဋ္ဌာန ကလလံ ဝိယ၊ လိမ်းကျံသော နယ်ဆီ ချွဲညွှန်များကဲ့သို့။ သယဋ္ဌ၊ မိမိလည်း။ အသုဒ္ဓတ္တာ၊မစင်ကြယ်သည်၏ အဖြစ်ကြောင့်။အညေသဋ္ဌ၊ တပါးသော သူတို့အားလည်း။အသုဒ္ဓဘာဝကရဏတော၊ မစင်ကြယ်သည်၏ အဖြစ်ကိုပြုတတ်သောကြောင့်ရင်း။ မလာ၊မလမည်ကုန်၏။

သဘောမှာ၊ လောဘ,ဒေါသ,မောဟတရားသုံးပါးကို၊ မိမိ သူတပါး နှစ်ဦးသားပင် မစင်ကြယ်ဘဲ၊ ရွံရှာစက်ဆုပ်ဖွယ်ဖြစ်သော လိမ်းကျံ သည့် နယ်ဆီ ချွဲညွှန်များနှင့်တူစွာ၊ ပေရေ ရေထွေး အညစ်အကြေး ဖြစ်သောကြောင့်၊ မလဟုခေါ် ဆိုရလေသည်။ ဤကား၊ မလပယ်ပုံကို ပြဆိုခြင်းတည်း။

**အကုသလကမ္မပထေသု ပါဏာတိပါတော အဒိန္နာဒါနံ မိစ္ဆာ စာရော မုသာဝါဒေါ မိစ္ဆာဒိဋ္ဌိတိ ဣမေ ပထမဉာဏဝဇ္ဈာ၊** (ဝိသုဒ္ဓိမဂ်)

အကုသလကမ္မပထေသု၊ အကုသလကမ္မပထ ဆယ်ပါးတို့တွင်။ ပါဏာတိပါတော၊ ပါဏာတိပါတရင်း။ အဒိန္နာဒါနံ၊ အဒိန္နာဒါနရင်း။ မိစ္ဆာစာရော၊ ကာမေသုမိစ္ဆာစာရရင်း။ မုသာဝါဒေါ၊ မုသာဝါဒရင်း။ မိစ္ဆာဒိဋ္ဌိ၊မိစ္ဆာဒိဋ္ဌိရင်း။ဣတိ ဣမေ၊ ဤငါးတို့သည်။ပထမ ဉာဏဝဇ္ဈာ၊ ပထမမဂ်ဉာဏ်ဖြင့် ပယ်သတ်အပ်သောတရားတို့မည်ကုန်၏။

**ပိသုဏာဝါစာ ဖရုသဝါစာ ဗျာပါဒေါတိ တယော တတိယ ဉာဏဝဇ္ဈာ။သမ္ဖပ္ပလာပါဘိဇ္ဈာစတုတ္ထဉာဏဝဇ္ဈာ။** (ဝိသုဒ္ဓိမဂ်)

ပိသုဏာဝါစာ၊ ဂုံးတိုက်သောစကားရင်း။ ဖရုသဝါစာ၊ ကြမ်းတန်း သောစကားရင်း။ဗျာပါဒေါ၊ သူတပါးအကျိုးကို ဖျက်ဆီးခြင်းရင်း။ဣတိ ဟယော၊ဤသုံးပါးတို့သည်။ တတိယ ဉာဏဝဇ္ဈာ၊တတိယမဂ်ဉာဏ်ဖြင့်

ပယ်သတ်အပ်သောတရားတို့မည်ကုန်၏။ သမ္ဗပ္ပလာပ၊ အဖျင်းအပျက်စကားရင်း။ အဘိဇ္ဈာ၊ သူတပါး၏ စည်းစိမ်ကို မိမိစည်းစိမ် ဖြစ်ရန် ကြံစည်ခြင်းရင်း။ စတုတ္ထဉာဏဝဇ္ဈာ၊စတုတ္ထမဂ်ဉာဏ်ဖြင့် ပယ်သတ်အပ်သောတရားတို့မည်ကုန်၏။

အဓိပ္ပါယ်ကား၊အကုသလကမ္မပထတရား ဆယ်ပါးတို့ကို၊ မဂ်ဉာဏ်ဖြင့် အသီးသီးပယ်ရာ၊အရိယာပုဂ္ဂိုလ်တို့၏ အပြောအဆို အပြု အမူ အရာကိုထောက်ကြည့်သော်လည်း၊ ပဟာတိပုထုဇန်တို့ သိနိုင်ရန် ကျမ်းဂန်နှင့်ညှိ၍မရနိုင်ရာ၊ဝါသနာကိုလည်း သတိပြု၍ စေတနာတခုကိုသာလျှင်၊ ဤအရာ၌ မှတ်ယူအပ်ပေသည်။

သဘောမှာ၊အကုသိုလ်ကံ၏ အဖြစ်ကြောင့်ရင်း၊ဒုဂ္ဂတိ၏အကြောင်း၏ အဖြစ်ကြောင့်ရင်း။ ပါဏာတိ ပါတအစရှိသော ဤတရား ဆယ်ပါးတို့ကို၊ အကုသလကမ္မပထဟု ခေါ်ဆိုရလေသည်။ ဤကား၊ ကမ္မပထ ပယ်ပုံကို ပြဆိုခြင်းတည်း။

မလနှင့် ကမ္မပထ ပယ်ပုံကို ပြဆိုခြင်းပြီး၏။

### အကုသလစိတ္တုပ္ပါဒနှင့် ပယ်ပုံကာလကို ပြဆိုခြင်း။

**အကုသလစိတ္တုပ္ပါဒေသု၊ စတ္တာရော ဒိဋ္ဌိသမ္ပယုတ္တာ ဝိစိကိစ္ဆာသမ္ပယုတ္တော စာတိ ပဉ္စ ပဌမဉာဏဝဇ္ဈာ။** (ဝိသုဒ္ဓိမဂ်)

အကုသလစိတ္တုပ္ပါဒေသု၊အကုသလစိတ္တုပ္ပါဒ် တဆယ့်နှစ်ပါးတို့တွင်။ စတ္တာရော၊ လေးပါးကုန်သော။ ဒိဋ္ဌိသမ္ပယုတ္တာစ၊ ဒိဋ္ဌိသမ္ပယုတ်တို့ရင်း။ ဝိစိကိစ္ဆာသမ္ပယုတ္တောစ၊ ဝိစိကိစ္ဆာသမ္ပယုတ်ရင်း။ ဣတိ၊ ဤသို့။ ပဉ္စ၊ ငါးပါးတို့သည်။ ပဌမဉာဏဝဇ္ဈာဝ၊ ပဌမမဂ်ဉာဏ်ဖြင့် ပယ်သတ်အပ်သောတရားတို့မည်ကုန်၏။

အဓိပ္ပါယ်ကား၊ လောဘမူစိတ္တုပ္ပါဒ် ရှစ်ပါး၊ ဒေါသမူစိတ္တုပ္ပါဒ် နှစ်ပါး၊ မောဟမူစိတ္တုပ္ပါဒ် နှစ်ပါးဟူ၍၊ အကုသိုလ်စိတ္တုပ္ပါဒ် တဆယ့်နှစ်ပါးရှိသည်တွင်၊ လောဘမူသမ္ပယုတ် လေးပါးနှင့် ဝိစိကိစ္ဆာ တပါး။ ဤငါးပါးသော အကုသိုလ်စိတ္တုပ္ပါဒ်တို့ကို၊ပဌမမဂ်ဉာဏ်ဖြင့် အကြွင်းအကျန်မရှိ ပယ်သတ်၏ဟု မှတ်ယူအပ်ပေသည်။

**ဒွေ ပဋိဃသမ္ပယုတ္တာ တတိယဉာဏဝဇ္ဈာ။ သေသာ စတုတ္ထဉာဏဝဇ္ဈာတိ။** (ဝိသုဒ္ဓိမဂ်)

ဒွေ၊ နှစ်ပါးကုန်သော။ ပဋိဃသမ္ပယုတ္တာ၊ ပဋိဃသမ္ပယုတ်တို့သည်။

တတိယ ဉာဏဝဏ္ဏာ၊တတိယမဂ်ဉာဏ်ဖြင့် ပယ်သတ်အပ်သောတရား တို့မည်ကုန်၏။ သေသာ၊ ကြွင်းသော အကုသိုလ်စိတ္တုပ္ပါဒ်တို့သည်။ စတုတ္ထဉာဏဝဏ္ဏာ၊စတုတ္ထမဂ်ဉာဏ်ဖြင့် ပယ်သတ်အပ်သောတရားတို့ မည်ကုန်၏။

အဓိပ္ပါယ်ကား၊ ဒေါသမူဒွေးဟူသော ပဋိဃသမ္ပယုတ်နှစ်ပါးကို၊ တတိယမဂ်ဉာဏ်ဖြင့် ပယ်သတ်၍၊ ကြွင်းသော လောဘမူဝိပ္ပယုတ် လေးပါးနှင့် ဥဒ္ဓစ္စသမ္ပယုတ်ကို၊ စတုတ္ထမဂ်ဉာဏ်ဖြင့် ပယ်သတ်လေ သည်။ ဤကား၊ အကုသလစိတ္တုပ္ပါဒ်ပယ်ပုံကို ပြဆိုခြင်းတည်း။

**ယဋ္ဌ ယေန ဝဇ္ဈံ၊ တံ တေန ပဟာတဗ္ဗနာမ။** (ဝိသုဒ္ဓိမဂ်)

ယဋ္ဌ၊ အကြင်ကိလေသာသည်ကား။ ယေန၊ အကြင်မဂ်ဖြင့်။ ဝဇ္ဈံ၊ ပယ်သတ်၏။ တံ၊ ထိုကိလေသာသည်။ တေန၊ ထိုမဂ်ဉာဏ်ဖြင့်။ ပဟာ တဗ္ဗနာမ၊ ပယ်သတ်အပ်သည်မည်၏။

အဓိပ္ပါယ်ကား၊ ပယ်အပ်သော ကိလေသာတို့ကို၊ လေးပါးသော မဂ်ဉာဏ်တို့ဖြင့် လေးကြိမ် လေးတန်မျှ ပယ်သတ်ငြိမ်းစေရာ၊ အချင်း ခပ်သိမ်း ကိလေသာကုန်ခန်းသော ရဟန္တာ၏အဖြစ်မျိုးကို မဆိုထား ဘိ၊ မဂ်ဉာဏ်ဖြင့် တကြိမ်မျှ ပယ်သတ်သော သောတာပန်အဖြစ်မျိုးကို ရရှိလျှင်ပင်၊ အပါယ်ဒုက္ခမှ ကင်းစင်လွတ်မြောက်ရလေ၏။

ထိုအရိယာသည်၊ ဘယ်မျှပင် ညံ့ဖျင်း ပျင်းရိ၍၊ အားထုတ်ခြင်း ကင်းပြီး၊သတိလစ်ဟင်း ဝေ့ဝေမေ့လျော့ခြင်းများ ဖြစ်စေကာမူ၊ကာမ ဘုံ၌ ရှစ်ကြိမ်မြောက်သော ဘဝကိုမယူမူ၍၊ ၇-ကြိမ်မြောက်သော ဘဝမှာပင်၊ အရဟတ္တဖိုလ်သို့ အလိုလိုဝင်ရောက် ငြိမ်းအေးရလေ၏။ ထို့ကြောင့် စကြာမင်း သိကြားမင်း ဗြဟ္မာမင်းကြီးတို့၏ စည်းစိမ် ချမ်းသာမျိုးထက်၊ သောတာပတ္တိဖိုလ်ချမ်းသာက မြတ်သည်ဟု၊မြတ်စွာ ဘုရား ဟောကြားတော်မူ၏။

**ပထဗျာ ဧကရဇ္ဇေန၊သဂ္ဂဿ ဂမနေနဝါ။**
**သဗ္ဗလောကာဓိပစ္စေန၊ သောတာပတ္တိဖလံ ဝရံ။ ။**
(ဓမ္မပဒပါဠိတော်)

ပထဗျာ၊ဇမ္ဗူသောင်းခွင် မြေအပြင်၌။ ဧကရဇ္ဇေနဝါ၊ တဦးတည်း လွှမ်း၍ အုပ်စိုးခံစားသော စည်းစိမ်ချမ်းသာများထက်ငင်း။ သဂ္ဂဿ၊ နတ်ပြည်ခြောက်ထပ် အထက်ရပ်၌။ ဂမနေနဝါ၊ သွားရောက်လွှမ်းမိုး၍

အုပ်စိုးခံစားရသော စည်းစိမ်ချမ်းသာများထက်ရင်း။ သဗ္ဗလောကာဓိ ပစ္စေနဝါ၊ လောကအလုံးကို သိမ်းကြုံးလွှမ်းမိုး၍ အုပ်စိုးခံစားရသော စည်းစိမ်ချမ်းသာများထက်ရင်း။ သောတာပတ္တိဖလံ၊ သောတာပတ္တိဖိုလ် ချမ်းသာသည်။ ဝရံ၊ သာလွန်မြတ်လှပေသတည်း။

ဤသို့ မဂ်ဉာဏ်ဖြင့်ပယ်သတ်သော ကိလေသာတို့သည်၊ အတိတ်, အနာဂတ်,ပစ္စုပ္ပန် ကာလသုံးတန်မှလွတ်၍ ကာလဝိမုတ်မည်၏။ဥပမာ အားဖြင့်၊ အသီးမရှိသေးသော သစ်ပင်ငယ်ကို ခုတ်ဖြတ်ရာ၊မသီးသေး, သီးပြီး,သီးဆဲဖြစ်သော၊အသီး သုံးရပ်လုံးကိုပင်၊ပယ်သတ်သည်ဟု မဆို နိုင်ပေ။

ထို့အတူ၊ မဖြစ်သေး, ဖြစ်ပြီး, ဖြစ်ဆဲဟူသော၊ ကိလေသာ သုံးရပ် လုံးပင်၊ မဂ်ဉာဏ်ဖြင့် ပယ်သတ်အပ်သည် မမည်။ မဖြစ်သေး, ဖြစ်ပြီး ကိလေသာသည်၊ မရှိ၍ မပယ်တတ်ပေ။ ဖြစ်ဆဲကို ပယ်လျှင်လည်း၊ ကိလေသာနှင့် မဂ်ဉာဏ် တပြိုင်နက်ယှဉ်၍ မဖြစ်သင့်။ ထို့ကြောင့်၊ ကာလသုံးပါးမှ လွတ်ကင်း၍ ဖြစ်ခြင်းငှါထိုက်သော - ဥပ္ပန္နနာရဟ ကိလေသာကို ပယ်သည်ဟု မှတ်ယူအပ်ပေသည်။ဤကား၊ကာလသုံးပါး မှ လွတ်၍ ကိလေသာပယ်ပုံကို ပြဆိုခြင်းတည်း။)

အကုသလစိတ္တုပ္ပ ဒနှင့် ပယ်ပုံကာလကို ပြဆိုခြင်းပြီး၏။

**မဂ္ဂပဟာန—ကဏ္ဍပြီး၏။**

---

အရိယာသူတော်ကောင်း အဖြစ်စသည်ကို ပြရာ

# သပ္ပုရိသ-ကဏ္ဍ

## ပစ္စဝေက္ခဏာဖြစ်ဟန်နှင့် ပထမဉာဏ်ကို ပြဆိုခြင်း

ယခုအခါ နိဗ္ဗာန်ကိုအာရုံပြုသော မဂ်ဉာဏ်ဖြင့်၊ ပယ်အပ်သော ကိလေသာကို ပြပြီး၍၊ အရိယာအဖြစ်၌တည်သော သူတော်ကောင်းတို့ ဆင်ခြင်တွေးတောခြင်းများနှင့်၊ စိတ်နေစိတ်ထား သဘောစသည်များကို၊ အကျဉ်းအားဖြင့် မှတ်သားသိနိုင်ကြရန် ပြဆို ပေအံ့။

**သစေ ဘိက္ခဝေ ဘိက္ခု ကာမရာဂ ပရိယုဋ္ဌိတော ဟောတိ၊ ပရိယုဋ္ဌိတစိတ္တော၀ ဟောတိ။** (ကောသမ္ဗိယသုတ်)

ဘိက္ခဝေ၊ ရဟန်းတို့။ ဘိက္ခု၊ရဟန်းသည်။ ကာမရာဂပရိယုဋ္ဌိတော၊ ကာမရာဂဖြင့် ထိုးကျင့်နှိပ်စက် ဖျက်ဆီးအပ်သည်။ သစေ ဟောတိ၊

အကယ်၍ဖြစ်အံ့။ ပရိယုဋ္ဌိတ စိတ္တုပ္ပါဒ၊ ပရိယုဋ္ဌာန်စိတ်ရှိသည်သာလျှင်။ ဟောတိ နုခေါ၊ ဖြစ်သည် မဟုတ်လော။ ဣတိ၊ ဤသို့။ ပဋိသဉ္စိက္ခတိ၊ ဆင်ခြင်မိ၏။

ဤသို့ စသည်ဖြင့် လာသော ဒေသနာအရ၊ သောတာပန် ဖြစ်သော သူတော်ကောင်း အရိယာသာဝက၊ ရဟန်းရှင်လူ တယောက်ယောက် သောသူသည်၊ ကိုယ်ဖြင့် ပြုအပ်သောအမှု, နှုတ်ဖြင့် ပြုအပ်သောအမှု, စိတ်ဖြင့် ပြုအပ်သောအမှု တခုခုကိုပြုပြီးသောကာလ၊ ဆိတ်ငြိမ်ရာအရပ် သို့ကပ်၍ ဆင်ခြင်လေ၏။

ဆင်ခြင်ပုံမှာ၊ အကြင်အကြင် ပရိယုဋ္ဌာန် ကိလေသာ၊ ထိုးကျင် နှိပ်စက် ဖျက်ဆီးအပ်သည်ဖြစ်၍ ပျက်စီးသောစိတ်ရှိ၏။ ထိုထို ထိုးကျင် နှိပ်စက် ဖျက်ဆီးအပ်သော ကိလေသာကို၊ မိမိသဉ္စာန်၌ မပယ်အပ် သေး၊ ဟုတ်တိုင်းမှန်စွာ ဖြစ်တိုင်းဖြစ်တိုင်း၊ ထိုးကျင်နှိပ်စက်ဖျက်ဆီး သော အကြင်အကြင် ပရိယုဋ္ဌာန်ကိလေသာကို၊ တရံတခါ ငါမသိ မမြင်နိုင်သည်ဖြစ်ခဲ့ရာ၏။ ထိုးကျင်နှိပ်စက် ဖျက်ဆီးလျက်၊ သက်သက် တရံတခါ ငါမသိမမြင်နိုင်သော၊ ထိုထို ပရိယုဋ္ဌာန် ကိလေသာသည်၊ ငါ့အားရှိသေးသလောဟု ဆင်ခြင်၏။ လိုရင်းအဓိပ္ပါယ်ဒုတ်သည်ကို ဖေါ်ထုတ်၍၊ လူပိန်းသိလွယ်အောင်ဆိုသည်၊ ပါဠိသွား အဓိပ္ပါယ်သွား စကားမညီဟု မဆိုသင့်ပြီ။

သောတာပန်ဖြစ်သော အရိယာသူတော်ကောင်းသည်၊ အမှုတခုခုကို ပြုသောကာလ၊ အကယ်၍ ကာမရာဂ ပရိယုဋ္ဌာန်ကိလေသာ၊ ထိုးကျင် နှိပ်စက် ဖျက်ဆီးသည်ဖြစ်အံ့၊ ပရိယုဋ္ဌာန်စိတ်ရှိသည်ပင် မဟုတ်လောဟု ဆင်ခြင်မိ၏။ အကယ်၍ ဗျာပါဒ ပရိယုဋ္ဌာန်ကိလေသာ၊ ထိုးကျင်နှိပ်စက် ဖျက်ဆီးသည်ဖြစ်အံ့၊ ပရိယုဋ္ဌာန်စိတ်ရှိသည်ပင် မဟုတ်လောဟု ဆင်ခြင် မိ၏။

အကယ်၍ ထိနမိဒ္ဓ ပရိယုဋ္ဌာန်ကိလေသာ၊ ထိုးကျင်နှိပ်စက် ဖျက်ဆီး သည်ဖြစ်အံ့၊ ပရိယုဋ္ဌာန်စိတ်ရှိသည်ပင် မဟုတ်လောဟု ဆင်ခြင်မိ၏။ အကယ်၍ ဥဒ္ဓစ္စကုက္ကုစ္စ ပရိယုဋ္ဌာန်ကိလေသာ၊ ထိုးကျင်နှိပ်စက် ဖျက်ဆီး သည်ဖြစ်အံ့၊ ပရိယုဋ္ဌာန်စိတ်ရှိသည်ပင် မဟုတ်လောဟု ဆင်ခြင်မိ၏။

အကယ်၍ ဝိစိကိစ္ဆာ ပရိယုဋ္ဌာန်ကိလေသာ၊ ထိုးကျင်နှိပ်စက် ဖျက်ဆီးသည်ဖြစ်အံ့၊ ပရိယုဋ္ဌာန်ကိလေသာရှိသည်ပင် မဟုတ်လောဟု ဆင်ခြင်မိ၏။ ယခုဘဝ လောကကိုသိခြင်းအကျိုးငှါ၊ ဣဓလောကစိန္တာ

လောကီဝိဇ္ဇာအတတ်ကို၊ အကယ်၍ လေ့ကျက်မိသည်ဖြစ်အံ့၊ ပရိယုဋ္ဌာန်ကိလေသာ ရှိသည်ပင်မဟုတ်လောဟု ဆင်ခြင်မိ၏။

နှောက်ဘာဝ လောကကိုသိခြင်းအကျိုး၌၊ ပရလောကစိန္တာ လောကီဝိဇ္ဇာအတတ်ကို၊အကယ်၍ လေ့ကျက်မိသည်ဖြစ်အံ့၊ ပရိယုဋ္ဌာန် စိတ်ရှိသည်ပင် မဟုတ်လောဟု ဆင်ခြင်မိ၏။

ငြင်းခုံခြင်း ခိုက်ရန်ဖြစ်ခြင်း၊ဝါဒမတူ အယူကွဲပြား စကားများခြင်း၊ တယောက်တယောက် ကဲ့ရဲ့ပြစ်တင်၊ နှင်နှင်ဟု စွပ်စွဲခြင်းသို့ရောက် လျက်၊အမျက်ပြင်းထန် သည်းမခံဘဲ၊အချင်းချင်းနှုတ်လှန်ပြန်ထိုး စကား မျိုးပြောဆိုလျက်၊အကယ်၍ နေခဲ့သည်ဖြစ်အံ့၊ ပရိယုဋ္ဌာန်စိတ်ရှိသည်ပင် မဟုတ်လောဟု ဆင်ခြင်မိ၏။ ။ဤကား၊ အမှတ္တရရ ပြုသောကာလ၊ ဆင်ခြင်မိပုံ ပစ္စဝေက္ခဏာကို ပြခြင်းတည်း။

**သော ဇာနံ ပဿနာတိ။ နတ္ထိ ခေါ မေ တံ ပရိယုဋ္ဌာနံ အဇ္ဈတ္တံ အပ္ပဟိနံ့ ယေန ဘဟံ ပရိယုဋ္ဌာနေန ပရိယုဋ္ဌိတစိတ္တော။**

(ကောသမ္ဗိယသုတ်)

သော ဘိက္ခု၊ထိုဆင်ခြင်မိသော ရဟန်းသည်။ ဇာနံ ပဿနာတိ၊ဤသို့ သိ၏။ ကထံ ပဿနာတိ၊ အဘယ်သို့သိသနည်း။ ယေန ပရိယုဋ္ဌာနေန၊ အကြင်ပရိယုဋ္ဌာန်ဖြင့်။ ပရိယုဋ္ဌိတစိတ္တော၊ ထိုးကျင်နှိပ်စက် ဖျက်ဆီး အပ်သောစိတ်ရှိသော။အဟံ၊ငါသည်။ အဇ္ဈတ္တံ၊မိမိသန္တာန်၌။ အပ္ပဟိနံ့၊ မပယ်အပ်သေးသော။ ပရိယုဋ္ဌာနံ၊ပရိယုဋ္ဌာန်ကို။ ယထာဘူတံ၊ဖြစ်တိုင်း။ န ပဇာနေယျံ၊ မသိနိုင်ရာ။ န ပဿေယျံ၊မမြင်နိုင်ရာ။ တံ ပရိယုဋ္ဌာနံ၊ထိုမ သိနိုင် မမြင်နိုင် မသိမိ မမြင်မိသော ပရိယုဋ္ဌာန်သည်။ မေ၊ ငါ့အား။ နတ္ထိခေါ၊မရှိတော့ပြီ။

အဓိပ္ပါယ်ကား၊ အရိယာ သူတော်ကောင်းသည်၊ အမှတ္တရရပြုပြီး၍၊ ဆင်ခြင်သောကာလ၊ ငါသည် အကြင်အကြင် ပရိယုဋ္ဌာန်ကိလေသာ၊ ထိုးကျင်နှိပ်စက် ဖျက်ဆီးအပ်သည်ဖြစ်၏။ဖျက်စီးသော စိတ်ရှိ၏။ထိုထို ကိလေသာကို၊ မိမိသန္တာန်၌ မပယ်အပ်သေး။

ဟုတ်တိုင်းမှန်စွာ ဖြစ်တိုင်းဖြစ်တိုင်း၊ ထိုးကျင်နှိပ်စက် ဖျက်ဆီး သော၊အကြင်အကြင်ပရိယုဋ္ဌာန် ကိလေသာကို၊တရံတခါ ငါမသိ မမြင် နိုင်ဖြစ်ခဲ့ရာ၏။ ထိုးကျင်နှိပ်စက် ဖျက်ဆီးပြီးလျက်၊ သက်သက် တရံ တခါ ငါမသိ မမြင်နိုင်သော၊ ထိုထိုပရိယုဋ္ဌာန်ကိလေသာသည်၊ငါ့အား

မရှိပြီ။ငါ၏စိတ်သည်၊သစ္စာလေးပါးတရားကို သိခြင်းအကျိုးငှါ၊ကောင်းစွာသိပြီဟု သိ၏။ ။ဤကား၊ အမှတခုချုပြီး၍ ဆင်ခြင်သောကာလ သိပုံတည်း။

ဤသို့သော သူတော်ကောင်း သောတာပန် အရိယာသာဝက၊ရဟန်းရှင်လူ တယောက်ယောက်သောသူသည်၊ ပုထုဇဉ်တို့နှင့် မဆက်ဆံ၊ လောကုတ္တရာဘက် မဂ်ရ ဖိုလ်ရ အရိယာသာဝကအားသာ ဖြစ်သော၊ ဤပထမ မဟာပစ္စဝေက္ခဏာဉာဏ်ကိုရ၏။ ။ဤဆိုအပ်ခဲ့ပြီးသည်ကား၊ ပထမ မဟာပစ္စဝေက္ခဏာကို ပြခြင်းတည်း။

ပစ္စဝေက္ခဏာဖြစ်ဟန်နှင့် ပထမဉာဏ်ကို ပြဆိုခြင်းပြီး၏။

---

### ဒုတိယ တတိယနှင့် စတုတ္ထ ပစ္စဝေက္ခဏာဉာဏ်ကို ပြဆိုခြင်း

**ပုန စ ပရံ ဘိက္ခဝေ အရိယသာဝကော ဣတိ ပဋိသဉ္စိက္ခတိ၊ ဣမံခေါ အဟံ ဒိဋ္ဌိံ အာသေဝန္တော ဘာဝေန္တော ဗဟုလီကရောန္တော လဘာမိ ပစ္စတ္တံ သမထံ၊ လဘာမိ ပစ္စတ္တံ နိဗ္ဗုတိန္တိ။**

(ကောသမ္ဗိယသုတ်)

ဘိက္ခဝေ၊ရဟန်းတို့။ပုန စ၊တဖန်လည်း။ အပရံ၊ဘပါးတုံ။အရိယသာဝကော၊သူတော်ကောင်းဖြစ်သော သောတာပန်အရိယာသာဝကသည်။ ဣတိ ပဋိသဉ္စိက္ခတိ၊ ဤသို့ဆင်ခြင်မိ၏။ ကထံ ပဋိသဉ္စိက္ခတိ၊ အဘယ်သို့ဆင်ခြင်သနည်း။

အဟံ၊ငါသည်။ဣမံဒိဋ္ဌိံ၊ဤသောတာပတ္တိမဂ္ဂင် သမ္မာဒိဋ္ဌိကို။အာသေဝန္တော၊ မှီဝဲရသည်ဖြစ်၍။ ဘာဝေန္တော၊ ပွားရသည်ဖြစ်၍။ ဗဟုလီကရောန္တော၊အကြိမ်များစွာ လေ့လာရသည်ဖြစ်၍။ပစ္စတ္တံ၊အတွန်နိ အတွနေ့ာစိတ္တေ၊ မိမိ၏စိတ်၌။ သမထံ ကေဂ္ဂတံ၊ ငြိမ်သက်တည်ကြည်သည်၏အဖြစ်ကို။လဘာမိ နူခေါ၊ရလေသလော။ပစ္စတ္တံ၊အတွန်နိ အတွနေ့ာစိတ္တေ၊ မိမိ၏စိတ်၌။ နိဗ္ဗုတိံ ကိလေသဝုပသမံ၊ ကိလေသာ၏ ငြိမ်းခြင်းကို။ လဘာမိ နူခေါ၊ရလေသလော။ဣတိ ပဋိသဉ္စိက္ခတိ၊ ဤသို့ဆင်ခြင်၏။

ဤသို့စသည်ဖြင့်လာသော ပါဠိတော်၏အဓိပ္ပါယ်အရ၊ အရိယာသာဝက ဆင်ခြင်သည်မှာ၊ ငါသည် ဤသောတာပတ္တိမဂ္ဂင်သမ္မာဒိဋ္ဌိ အသိအမြင်ကို၊ မှီဝဲရ ပွားများရ လေ့လာရသဖြင့်၊ ပရိယုဋ္ဌာန်ယုလေသာထိုးကျင်နှိပ်စက် ဖျက်ဆီးအပ်သည်ဖြစ်၍ ပျက်စီးသောစိတ်ကို၊ ပရိယုဋ္ဌာန်စိတ်ရှိသည်ပင် မဟုတ်လောဟု ဆင်ခြင်မိ၏။

ဆင်ခြင်မိသော ဓိမိစိတ်၌၊ ကိလေသာ ဖြစ်ခွင့်မရ၊ ငြိမ်သက်တည်ကြည် အေးမြသော၊သမထ ကောဋ္ဌာကို ရလေသလော၊ ကိလေသာ၏ ငြိမ်းခြင်းကို ရလေသလောဟု ဆင်ခြင်မိ၏။

ဆင်ခြင်သောကာလ၊သောတာပတ္တိမဂ္ဂင်သမ္မာဒိဋ္ဌိ ဤအသိအမြင်ကို မှိဝဲရ ပွားများရ လေ့လာရသော ငါသည်၊ ပရိယုဋ္ဌာန် ကိလေသာ သိုးကျင်နှိပ်စက် ဖျက်ဆီးအပ်သည်ဖြစ်၍၊ ဖျက်စီးသောစိတ်ကို ပရိယုဋ္ဌာန်စိတ်ရှိသည်ပင် မဟုတ်လောဟု၊ ဆင်ခြင်သောဓိမိစိတ်၌ ကိလေသာဖြစ်ခွင့်မရ၊ငြိမ်သက် တည်ကြည်အေးမြသော၊သမထ ကောဋ္ဌာကို ရ၏။ ကိလေသာငြိမ်းခြင်းကိုရ၏ဟု သိမြင်လေ၏။

ဤသို့သိသော သောတာပန် အရိယာသာဝကသည်၊ ပုထုဇဉ်တို့နှင့် မဆက်ဆံ၊ လောကုတ္တရာဘက် မဂ်ရ ဖိုလ်ရ အရိယာသာဝကအားသာ ဖြစ်သော၊ ဤဒုတိယ မဟာပစ္စဝေက္ခဏာဉာဏ်ကိုရ၏။ ။ဤကား၊ ဒုတိယ ပစ္စဝေက္ခဏာဉာဏ်သဘောတည်း။

**ပုနစ ပရံ ဘိက္ခဝေ အရိယသာဝကော ဣတိ ပဋိသဉ္စိက္ခတိ၊ ယထာရူပါယာဟံ ဒိဋ္ဌိယာ သမန္နာဂတော။** (ကောသမ္ဗိယသုတ်)

ဘိက္ခဝေ၊ရဟန်းတို့။ ပုနစ၊တဖန်လည်း။အရိယသာဝကော၊သူတော်ကောင်းဖြစ်သော သောတာပန် အရိယာ သာဝကသည်။ ဣတိ ပဋိသဉ္စိက္ခတိ၊ ဤသို့ဆင်ခြင်၏။ ကထံ ပဋိသဉ္စိက္ခတိ၊ အဘယ်သို့ဆင်ခြင်သနည်း။ အဟံ၊ ငါသည်။ ယထာရူပါယ၊ အကြင်သို့သဘောရှိသော။ ဒိဋ္ဌိယာ၊ သောတာပတ္တိမဂ္ဂင်သမ္မာဒိဋ္ဌိနှင့်။ သမန္နာဂတော၊ ပြည့်စုံ၏။

ဤသို့စသည်ဖြင့် ဟောတော်မူအပ်သော ပါဠိတော်၏အဓိပ္ပါယ်အရ၊ သောတာပန် အရိယာသာဝက ဆင်ခြင်သည်မှာ၊ ငါသည် အကြင် သောတာပတ္တိမဂ္ဂင်သမ္မာဒိဋ္ဌိနှင့် ပြည့်စုံ၏။ ဤသာသနာတော်မှ အပ၊ ထိုသောတာပတ္တိသမ္မာဒိဋ္ဌိမဂ္ဂင်နှင့် ပြည့်စုံသော၊တစုံတယောက် ရဟန်း ပုဏ္ဏားရှိလေသလောဟု ဆင်ခြင်၏။

ဆင်ခြင်သောကာလ၊ ငါသည် အကြင်သောတာပတ္တိမဂ္ဂင်သမ္မာဒိဋ္ဌိနှင့် ပြည့်စုံ၏။ ဤသာသနာတော်မှအပ၊ ထိုသောတာပတ္တိမဂ္ဂင်သမ္မာဒိဋ္ဌိနှင့်ပြည့်စုံသော၊တစုံတယောက် ရဟန်းပုဏ္ဏားမရှိဟုသိ၏။ဤသို့သိသော သောတာပန် အရိယာသာဝကသည်၊ပုထုဇဉ်တို့နှင့် မဆက်ဆံ၊ လောကုတ္တရာဘက် မဂ်ရ ဖိုလ်ရ အရိယာသာဝကအားသာဖြစ်သော၊တတိယ

မဟာပစ္စဝေက္ခဏာဉာဏ်ကိုရ၏။ ။ဤကား၊ တတိယ ပစ္စဝေက္ခဏာ ဉာဏ်သဘောတည်း။

**ပုန စ ပရံ ဘိက္ခဝေ အရိယသာဝကော ဣတိ ပဋိသဉ္စိက္ခတိ။ ယထာရူပါယ ဓမ္မတာယ ဒိဋ္ဌိသမ္ပန္နော ပုဂ္ဂလော သမန္နာဂတော၊ အဟမ္ပိ တထာရူပါယ သမန္နာဂတောတိ။** (ကောသမ္ဗိယသုတ်)

ဘိက္ခဝေ၊ရဟန်းတို့။ ပုနစ၊တဖန်လည်း။ အပရံ၊တပါးတုံ။ အရိယာ သာဝကော၊ သူတော်ကောင်းဖြစ်သော သောတာပန် အရိယာသာဝက သည်။ဣတိ ပဋိသဉ္စိက္ခတိ၊ဤသို့ဆင်ခြင်၏။ကထံ ပဋိသဉ္စိက္ခတိ၊ အဘယ် သို့ဆင်ခြင်သနည်း။

ဒိဋ္ဌိသမ္ပန္နော၊ သောတာပတ္တိမဂ္ဂင်သမ္မာဒိဋ္ဌိ အသိအမြင်နှင့် ပြည့်စုံ သော။ပုဂ္ဂလော၊ပုဂ္ဂိုလ်သည်။ယထာရူပါယ၊အကြင်သို့ သဘောရှိသော။ ဓမ္မတာယ၊သဘောနှင့်။သမန္နာဂတော၊ပြည့်စုံ၏။အဟမ္ပိ၊ငါသည်လည်း။ တထာရူပါယ၊ ထိုသို့သဘောရှိသော။ ဓမ္မတာယ၊သဘောနှင့်။ သမန္နာ ဂတော၊ပြည့်စုံ၏။ ဣတိ ပဋိသဉ္စိက္ခတိ၊ဤသို့ဆင်ခြင်၏။

ဤသို့စသည်ဖြင့်လာသော ပါဠိတော်၏အဓိပ္ပါယ်အရ၊ သောတာပန် အရိယာသာဝက ဆင်ခြင်သည်မှာ၊ သောတာပတ္တိမဂ္ဂင်သမ္မာဒိဋ္ဌိ အသိ အမြင်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည်၊ အကြင်သဘောနှင့် ပြည့်စုံ၏။ ငါ သည်လည်း ထိုသဘောနှင့်ပြည့်စုံ၏ဟု ဆင်ခြင်၏။

အဘယ်သဘောနှင့် ပြည့်စုံသနည်း ဟူမူကား၊သောတာပန် အရိယာ သာဝကသည်၊အကြင်အာပတ်မှ ထခြင်းငှါထင်၏။ ထခြင်းငှါထင်သော ထိုအာပတ်သင့်၏။ သင့်သော်လည်း၊ အသားအရေနုနယ်သော သူငယ် သည်၊လက်ခြေဖြင့် မီးကြီးကို ထိ၍၊ ထိသော လက်ခြေကို လျင်မြန်စွာ သိမ်းရုပ်လေ၏။

ထို့အတူ၊သင့်သောအာပတ်ကို၊ဂရုကအာပတ်,လဟုကအာပတ်အား လျော်စွာ၊ ဒေသနာကံ,ဝုဋ္ဌာနကံ ပြုသဖြင့်၊ သင့်သောအာပတ်မှ လျင်စွာ ထ၏။ သင့်သောအာပတ်မှ လျင်စွာထ၍၊ နောင် မသင့်အောင်စောင့် ရှောက်၏။သင့်သောအာပတ်မှ လျင်စွာထ၍၊နောင် မသင့်အောင် စောင့် ရှောက်သောသဘောသည်၊သောတာပတ္တိမဂ္ဂင်သမ္မာဒိဋ္ဌိ အသိအမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်၏သဘောတည်း။

ထိုသောတာပန် အရိယာသာဝကသည် ဆင်ခြင်သော ကာလ၊ သောတာပတ္တိမဂ္ဂင်သမ္မာဒိဋ္ဌိ အသိအမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည်၊ သင့်သောအာပတ်မှ လျှင်စွာထ၍၊ နောင်မသင့်အောင် စောင့်ရှောက်သော အကြင်သဘောနှင့်ပြည့်စုံ၏။

ငါသည်လည်း သင့်သောအာပတ်မှ လျှင်စွာထ၍၊နောင်မသင့်အောင် စောင့်ရှောက်သော ထိုသဘောနှင့် ပြည့်စုံ၏ဟုသိ၏။ ဤသို့ သိသော သောတာပန် အရိယာသာဝကသည်၊ ပုထုဇဉ်တို့နှင့် မဆက်ဆံ၊ လောကုတ္တရာဘက် မင်္ဂရဖိုလ်ရ အရိယာသာဝကအားသာ ဖြစ်သော။ ဤ စတုတ္ထ မဟာပစ္စဝေက္ခဏာဉာဏ်ကိုရ၏။

ဤဉာဏ်သည်၊ ရဟန်းသောတာပန် အရိယာသာဝကတို့နှင့်သာဆက်ဆံ၏။ လူသောတာပန် အရိယာသာဝကတို့နှင့် မဆက်ဆံပေ။ ။ဤကား၊ စလုတ္ထ မဟာပစ္စဝေက္ခဏာဉာဏ်သဘောတည်း။

ဒုတိယ တတိယနှင့် စတုတ္ထပစ္စဝေက္ခဏာဉာဏ်ပြီး၏။

---

ပဉ္စမနှင့် ဆဋ္ဌ မဟာပစ္စဝေက္ခဏာဉာဏ်ကို ပြဆိုခြင်း

**ပုနစ ပရံ ဘိက္ခဝေ အရိယသာဝကော ဣတိပဋိသဉ္စိက္ခတိ။ ယထာ ရူပါယ ဓမ္မတာယ ဒိဋ္ဌိသမ္ပန္နော ပုဂ္ဂလော သမန္နာဂတော၊ အဟမ္ပိ တထာရူပါယ ဓမ္မတာယ သမန္နာဂတော ဟောတိ။**

(ကောသမ္ဗိယသုတ်)

ဘိက္ခဝေ၊ ရဟန်းတို့။ ပုနစ၊ တဖန်လည်း။ အပရံ၊ တပါးတုံ။ အရိယသာဝကော၊ သူတော်ကောင်းဖြစ်သော သောတာပန် အရိယာ သာဝကသည်။ ဣတိ ပဋိသဉ္စိက္ခတိ၊ အဘယ်သို့ဆင်ခြင်သနည်း။

ဒိဋ္ဌိသမ္ပန္နော၊ သောတာပတ္တိမဂ္ဂင်သမ္မာဒိဋ္ဌိ အသိအမြင်နှင့် ပြည့်စုံသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ ယထာရူပါယ၊ အကြင်သို့ သဘောရှိသော။ ဓမ္မတာယ၊သဘောနှင့်။သမန္နာဂတော၊ပြည့်စုံ၏။ အဟမ္ပိ၊ငါသည်လည်း။တထာရူပါယ၊ ထိုသို့သဘောရှိသော။ ဓမ္မတာယ၊ သဘောနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။

ဤသို့စသည်ဖြင့် လာသော ပါဠိတော်၏အဓိပ္ပါယ်အရ၊ အရိယာသာဝက ဆင်ခြင်သည်မှာ၊ သောတာပတ္တိမဂ္ဂင်သမ္မာဒိဋ္ဌိ၊ အသိအမြင်နှင့် ပြည့်စုံသောပုဂ္ဂိုလ်သည်၊ အကြင်သဘောနှင့်ပြည့်စုံ၏။ ငါသည်လည်း၊ ထိုသဘောနှင့်ပြည့်စုံ၏ဟု ဆင်ခြင်၏။

အဘယ်သဘောနှင့် ပြည့်စုံသနည်းဟူမူကား၊ သောတာပန် အရိယာသာဝကသည်၊အဘယ်သို့ပြုရမည်နည်းဟုမေး၍ပြုကောင်းသောသိတင်းသုံးဘော်တို့၏ အကြင်အမှုကြီးငယ် ကိစ္စကိုပြု၏။

ဤသို့ပြုသော်လည်း၊ သားငယ်ရှိသောနွားမသည်၊ မြက်ကိုစားသော်လည်း၊သားကိုသာ အားကြီးစွာ ကြည့်သကဲ့သို့။ထို့အတူ၊သီလ,သမာဓိ, ပညာ သိက္ခာသုံးပါးကိုသာ အားကြီးစွာငဲ့၏။ ဤကဲ့သို့ငဲ့ခြင်းသည်၊သောတာပတ္တိမဂ္ဂင်သမ္မာဒိဋ္ဌိ အသိအမြင် ပြည့်စုံသော ပုဂ္ဂိုလ်၏ သဘောတည်း။

ထိုသောတာပန် အရိယာသာဝကသည် ဆင်ခြင်သောကာလ၊ သောတာပတ္တိမဂ္ဂင်သမ္မာဒိဋ္ဌိ အသိအမြင်နှင့်ပြည့်စုံသောပုဂ္ဂိုလ်သည်၊ သိတင်းသုံးဘော်၏ အမှုကြီးငယ်ကို ပြုသော်လည်း၊သီလ,သမာဓိ,ပညာ သိက္ခာသုံးပါးကိုသာ အားကြီးစွာငဲ့သော အကြင်သဘောနှင့်ပြည့်စုံ၏။ငါသည်လည်းသိတင်းသုံးဘော်၏အမှုကြီးငယ်ကိုပြုသော်လည်း၊သီလ,သမာဓိ, ပညာ သုံးပါးကိုသာ၊ အားကြီးစွာငဲ့သော ထိုသဘောနှင့် ပြည့်စုံ၏ဟု သိမြင်၍လာလေသည်။

ဤသို့သိသော သောတာပန် အရိယာသာဝကသည်၊ ပုထုဇဉ်တို့နှင့် မဆက်ဆံ လောကုတ္တရာဘက် မဂ်ရဖိုလ်ရ အရိယာသာဝကအားသာဖြစ်သော ဤပဥ္စမ မဟာပစ္စဝေက္ခဏာဉာဏ်ကိုရ၏။ ။ဤကား၊ ပဥ္စမ ပစ္စဝေက္ခဏာဉာဏ်သဘောတည်း။

**ပုန စ ပရံ ဘိက္ခဝေ အရိယသာဝကော ဣတိ ပဋိသဉ္စိက္ခတိ။ ယထာရူပါယ ဗလတာယ ဒိဋ္ဌိသမ္ပန္နော ပုဂ္ဂလော သမန္နာဂတော အဟမ္ပိ တထာရူပါယ ဗလတာယ သမန္နာဂတောတိ။**

(ကောသမ္ဗိယသုတ်)

ဘိက္ခဝေ၊ ရဟန်းတို့။ ပုန စ၊တဖန်လည်း။ အပရံ၊တပါးတုံ။အရိယသာဝကော၊ သူတော်ကောင်းဖြစ်သော၊ သောတာပန် အရိယာ သာဝကသည်။ ဣတိ ပဋိသဉ္စိက္ခတိ၊ ဤသို့ဆင်ခြင်၏။ကထံ ပဋိသဉ္စိက္ခတိ၊အဘယ်သို့ ဆင်ခြင်သနည်းဟူမူကား။

ဒိဋ္ဌိသမ္ပန္နော၊ သောတာပတ္တိမဂ္ဂင်သမ္မာဒိဋ္ဌိ အသိအမြင်နှင့် ပြည့်စုံသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ ယထာရူပါယ၊ အကြင်သို့ သဘောရှိ

သော။ဗလတာယ၊ အားစွမ်းနှင့်။ သမန္နာဂတော၊ ပြည့်စုံ၏။အပာဟွိ၊ ငါ သည်လည်း။ တထာရူပါယ၊ ထိုသို့သဘောရှိသော။ ဗလတာယ၊ အား စွမ်းနှင့်။ သမန္နာဂတော၊ ပြည့်စုံ၏။ဣတိ ပဋိသဉ္စိက္ခတိ၊ ဤသို့ဆင်ခြင်၏။

ဤသို့စသည်ဖြင့်လာသော ပါဠိတော်အရ၊ အရိယာသာဝက ဆင် ခြင်သည်မှာ၊ သောတာပတ္တိမဂ္ဂင်သမင်္ဂီ၊ အသိအမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည်၊အကြင်အားနှင့် ပြည့်စုံ၏။ ငါသည်လည်း၊ ထိုအားနှင့်ပြည့်စုံ ၏ဟု ဆင်ခြင်လေ၏။

ဆင်ခြင်ပုံမှာ၊ သောတာပန် အရိယာသာဝကသည်၊ မြတ်စွာဘုရား ဟောကြားတော်မူသောအတိုင်း၊ပြောဟောသော တရားစကားကိုကြား နာသောကာလ၊ စိတ်မပြန့်လွင့်အောင် အရိုအသေပြု၍၊ မမေ့မလျော့ အောင် နှလုံးသွင်း၍၊ ပါဠိအနက် ကုန်စင်အောင် ပိုင်းခြားသောအားဖြင့် ကြားနာနိုင်၏။ ဤသို့ကြားနာနိုင်ခြင်းသည်၊ အရိယာပုဂ္ဂိုလ်တို့ ဆင်ခြင် သော အားစွမ်းနှင့်ပြည့်စုံသည်မည်၏။

ထိုသောတာပန် အရိယာသာဝက ဆင်ခြင်သောကာလ၊ သောတာ ပတ္တိမဂ္ဂင်သမ္မာဒိဋ္ဌိ၊ အသိအမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည်၊ မြတ်စွာ ဘုရား ဟောကြားတော်မူသောအတိုင်း၊ ပြောဟောသော တရားစကား ကို ကြားနာသောကာလ၊ စိတ်မပြန့်လွင့်အောင် အရိုအသေပြု၍၊ မမေ့ မလျော့အောင် နှလုံးသွင်း၏။

ပါဠိအနက် ကုန်စင်အောင် စိတ်ဖြင့်မှတ်၍၊ မပိုက်မငြိုးအောင် နား ထောင်၍၊ အဓိပ္ပါယ်သွားကိုကွဲပြားအောင် ပိုင်းခြားသောအားဖြင့် ကြား နာနိုင်သော အကြင်အားနှင့်ပြည့်စုံ၏။ ငါသည်လည်း ထိုဆိုအပ်ခဲ့ပြီး သော၊ အားနှင့်ပြည့်စုံ၏ဟု သိရှိလေ၏။

ဤသို့သိသော၊ သောတာပန် အရိယာသာဝကသည်၊ပုထုဇဉ်တို့နှင့် မဆက်ဆံ၊လောကုတ္တရာဘက် မဂ်ရ ဖိုလ်ရ အရိယာသာဝကအားသာ ဖြစ်သော၊ ဤဆဋ္ဌမဟာပစ္စဝေက္ခဏာဉာဏ်ကို ရရှိလေတော့သည်။ ။ ဤကား ဆဋ္ဌ ပစ္စဝေက္ခဏာဉာဏ်သဘောတည်း။

ပဥ္စမနှင့် ဆဋ္ဌ မဟာပစ္စဝေက္ခဏာဉာဏ်ကို ပြဆိုခြင်းပြီး၏။

## သတ္တမ ပစ္စဝေက္ခဏာနှင့် ဝိမိကိစ္စာကို ပြဆိုခြင်း

**ပုန စ ပရံ ဘိက္ခဝေ အရိယ သာဝကော ဣတိ ပဋိသဉ္စိက္ခတိ။ ယထာ ရူပါယ ဗလတာယ ဒိဋ္ဌိသမ္ပန္နော ပုဂ္ဂလော သမန္နာ ဂတော၊ အဟမ္ပိ တထာရူပါယ ဗလတာယ သမန္နာဂတောတိ။** (ကောသမ္ဗိယသုတ်)

ဘိက္ခဝေ၊ ရဟန်းတို့။ ပုန စ၊ တဖန်လည်း။ အပရံ၊ တပါးတုံ။ အရိယ သာဝကော၊ သူတော်ကောင်းဖြစ်သော သောတာပန် အရိယာသာဝက သည်။ဣတိ ပဋိသဉ္စိက္ခတိ၊ဤသို့ဆင်ခြင်၏။ ကထံ ပဋိသဉ္စိက္ခတိ၊အဘယ် သို့ ဆင်ခြင်သနည်း။

ဒိဋ္ဌိသမ္ပန္နော၊ သောတာပတ္တိမဂ္ဂင်သမ္မာဒိဋ္ဌိ အသိအမြင်နှင့် ပြည့်စုံ သော။ ပုဂ္ဂလော၊ပုဂ္ဂိုလ်သည်။ယထာရူပါယ၊အကြင်သို့သဘောရှိသော။ ဗလတာယ၊ အားစွမ်းနှင့်။ သမန္နာဂတော၊ပြည့်စုံ၏။ အဟမ္ပိ၊ ငါသည် လည်း။ တထာရူပါယ၊ထိုသို့သဘောရှိသော။ ဗလတာယ၊အားစွမ်းနှင့်။ သမန္နာဂတော၊ပြည့်စုံ၏။ ဣတိ ပဋိသဉ္စိက္ခတိ၊ဤသို့ဆင်ခြင်၏။

ဤသို့စသည်ဖြင့်လာသောပါဠိတော်၏အဓိပ္ပါယ်အရ၊အရိယာသာဝ က ဆင်ခြင်သည်မှာ၊သောတာပတ္တိမဂ္ဂင်သမ္မာဒိဋ္ဌိ အသိအမြင်နှင့်ပြည့်စုံ သောပုဂ္ဂိုလ်သည်၊အကြင်အားနှင့် ပြည့်စုံ၏။ ငါသည်လည်း၊ထိုအားနှင့် ပြည့်စုံ၏။

ပြည့်စုံပုံမှာ၊ သောတာပတ္တိ မဂ္ဂင်သမ္မာဒိဋ္ဌိ အသိအမြင်နှင့် ပြည့်စုံ သောပုဂ္ဂိုလ်သည်၊ မြတ်စွာဘုရားဟောကြားအပ်သောတရားကို၊ ဟော ကြားသောကာလ၊ အဓိပ္ပါယ် ပြောဆိုဘွယ်စကား၏ အနက်သဘော သိသော၊ ဓမ္မဝေဒဉာဏ်ကိုရ၏။

အနက်သဘော၏အဓိပ္ပါယ်ပြောဆိုဘွယ်စကားကိုသိသော၊ ဓမ္မဝေဒ ဉာဏ်ကိုရ၏။ အသိဉာဏ်နှင့်စပ်သော ပီတိပါမောဇ္ဇကိုရ၏။ မြတ်စွာ ဘုရား ဟောကြားအပ်သော တရားကို၊ ဟောကြားသောကာလ၊ အတ္ထ ဝေဒဉာဏ်ကိုရ၊ဓမ္မဝေဒဉာဏ်ကိုရ၊ပီတိပါမောဇ္ဇကို ရသောအားသည်၊ သောတာပတ္တိ မဂ္ဂင်သမ္မာဒိဋ္ဌိ အသိအမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်၏ အားတည်းဟု ဆင်ခြင်လေ၏။

ထိုသောတာပန် အရိယာသာဝကသည် ဆင်ခြင်သောကာလ၊သော တာပတ္တိမဂ္ဂင်သမ္မာဒိဋ္ဌိ အသိအမြင်နှင့် ပြည့်စုံသောပုဂ္ဂိုလ်သည်၊ မြတ် စွာဘုရား ဟောကြားတော် မူအပ်သော တရားကို ဟောကြားသော

ကာလ၊ အဇ္ဈတ္တ ဝေဒ ဉာဏ်ကိုရ၊ ဓမ္မဝေဒ ဉာဏ်ကိုရ၊ ပီတိပါမောဇ္ဇကို ရသောအကြောင်းအားနှင့်ပြည့်စုံ၏။ ငါသည်လည်း၊ ထိုအားနှင့်ပြည့်စုံ၏ဟု သိရှိလေ၏။

ဤသို့သိသော သောတာပန်အရိယာသာဝကသည်၊ ပုထုဇဉ်တို့နှင့် မဆက်ဆံ၊ လောကုတ္တရာဘက်၊ မဂ်ရ ဖိုလ်ရ အရိယာသာဝကအားသာ ဖြစ်သော၊ ဤသတ္တမ မဟာပစ္စဝေက္ခဏာဉာဏ်ကိုရ၏။ အရိယာ သောတာပန်ပုဂ္ဂိုလ်မှာ၊ထိုဉာဏ် ၇-ပါးနှင့်ပြည့်စုံလေတော့သည်။ ။ဤကား၊ သတ္တမ မဟာပစ္စဝေက္ခဏာဉာဏ်သဘောတည်း။

**အယံ ကိရ ရာဇာ သကဒါဂါမိမဂ္ဂေန လောဘ ဒေါသ မောဟာ နိရဝရသေသာ ပဟိယျန္တီတိ အညီ အဟောသိ။** ( မူလ ပဏ္ဏာသ ရူဋ္ဌဒုက္ခန္ဓသုတ်ဘွင့်။ )

အယံ ရာဇာ၊ ဤမဟာနာမ်မင်းသည်။သကဒါဂါမိမဂ္ဂေန၊ သကဒါဂါမိမဂ်ဖြင့်။ လောဘ ဒေါသ မောဟာ၊ လောဘ,ဒေါသ,မောဟတို့သည်။ နိဝရသေသာ၊ အကြွင်းမရှိ၊ ပဟိယျန္တိ၊ ပယ်ကုန်၏။ ဣတိ သညီ၊ ဤသို့ အမှတ်ရှိသည်။အဟောသိ ကိရ၊ဖြစ်ဘူးသတတ်။

ဤသို့စသည်ဖြင့်လာသော အဋ္ဌကထာ၌၊အရိယာတို့ ဝိစိကိစ္ဆာဖြစ်ပုံမှာ၊ ဤမဟာနာမ်မင်းသည်၊ ငါ့အား ဤလောဘ,ဒေါသ,မောဟတို့ရှိကုန်၏ဟု မပယ်သေးသည်ကို သိ၍၊ ပယ်ပြီးသည်ကို ချောက်ထားသော်၊ သင့်လျော်မည်ဟု အမှတ်ရှိလေ၏။

ဤနေရာ၌ အရိယာအား၊ ဤသို့ယုံမှားခြင်းရှိသလောဟု မေးလျှင်၊ ရှိသည်ပင်ဟု ဖြေအပ်၏။အဘယ်နည်းဟူမူကား၊ ဤမည်သောမဂ်ဖြင့် ပယ်၏ဟူသော၊ လောကဝေါဟာရပညတ်၌ မလိမ္မာသောကြောင့်၊ ဤမဟာနာမ်မင်းကဲ့သို့ ယုံမှားခြင်းဖြစ်သည်ဟု မှတ်အပ်ပေ၏။

ထိုသို့ဖြစ်ပါလျှင်၊ ပစ္စဝေက္ခဏာမရှိသလောဟု မေးသင့်ပေ၏။ ပစ္စဝေက္ခဏာရှိသော်လည်း၊ အလုံးစုံသော အရိယာတို့အား ပစ္စဝေက္ခဏာ မစုံနိုင်ပေ။ ထိုပစ္စဝေက္ခဏာသည်၊ ပယ်ပြီးသောကိလေသာကို ဆင်ခြင်ခြင်း တကြိမ်ဖြစ်၏။ ထို့အတူ၊ ကြွင်းသောကိလေသာကို ဆင်ခြင်ခြင်း၊ မဂ်ကိုဆင်ခြင်ခြင်း၊ ဖိုလ်ကိုဆင်ခြင်ခြင်း၊ နိဗ္ဗာန်ကိုဆင်ခြင်ခြင်းဟု ငါးကြိမ်ဖြစ်၏။

ထိုငါးကြိမ်တို့တွင်၊ ပယ်ပြီးကိလေသာကိုဆင်ခြင်ခြင်း၊ ကြွင်းသော ကိလေသာကိုဆင်ခြင်ခြင်း အခွင့်မရသော အရိယာပုဂ္ဂိုလ်အား၊ ပစ္စဝေက္ခဏာမစုံ၊ထိုပုဂ္ဂိုလ်အား မဂ်ပယ်သောကိလေသာ၏ အမည်ပညတ်၌၊ မလိမ္မာသည်၏အဖြစ်ကြောင့်၊ ဤမဟာနာမ်မင်းကဲ့သို့ ယုံမှားခြင်းဖြစ်တတ်လေသည်။

သဘောမှာ၊ ဒေသနာနည်းမတတ် ပညတ်နားမလည်လျှင်၊ ရဟန္တာပင်ဖြစ်သော်လည်း၊ ခေါ်ဝေါ်ပြောဆိုကြသော အမည်ကို၊ ဟုတ်လေသလော မဟုတ်လေသလောဟု ယုံမှားသေး၏။ မဂ်ပယ်သော ဝိစိကိစ္ဆာမျိုးမဟုတ်ပေ။ ထို့ကြောင့်၊ အရိယာတို့ယုံမှားသော အခြင်းအရာ၌၊ ဝိစိကိစ္ဆာသဒ္ဒါနှင့် မဘွင့်ဘဲ၊ သန္ဒေဟ သဒ္ဒါနှင့် အဋ္ဌကထာဆရာ ဘွင့်ပြတော်မူလေသည်။

ဤမဟာနာမ်မင်းသည်၊အခါတပါး၌ လောဘ ဒေါသ မောဟဖြစ်၍၊ အဘယ်မည်သော လောဘ,ဒေါသ,မောဟ ဖြစ်ပါသနည်းဟု၊ မြတ်စွာဘုရားအားလျှောက်၏။ မဂ်ဖြင့် အကုန်မပယ်မလှန်၊ကြွင်းကျန်သော ထိုလောဘ,ဒေါသ,မောဟပင်ဖြစ်၏။ အကုန်ပယ်ခဲ့သည်ရှိသော်၊ လူ့ဘုံ၌ ကာမဂုဏ်ကို ခံစားခြင်း မရှိနိုင်ပြီဟု၊ မူလပဏ္ဏာသ၌ မြတ်စွာဘုရား ဟောကြားတော်မူ၏။

တဖန်၊ ထိုမဟာနာမ်မင်းသည်၊အခါတပါး၌ ရတနာသုံးပါးအား မေ့လျော့ခြင်းဖြစ်၍၊ ထိုအခါ သေလျှင် အဘယ်ဂတိဖြစ်ပါမည်နည်းဟု လျှောက်ထား၏။ မဟာနာမ် သင်မကြောက်လင့်၊ တရားလေးပါးနှင့် ပြည့်စုံသောသူသည်၊ နိဗ္ဗာန်သို့သာလျှင် ညွတ် ကိုင်း ရှိုင်း သော စိတ်ရှိသည်ဟု၊ နေတ္တိပါဠိတော်၌ မြတ်စွာဘုရား ဟောကြားတော်မူ၏။

တရား လေးပါးကား ဘုရား,တရား,သံဃာ ရတနာသုံးပါး၌၊ မတုန်မလှုပ် ယုံကြည်သော သဒ္ဓါတရား သုံးပါး၊ မကျိုးမပေါက် မပျောက်မကြားဘဲ၊ ၅-ပါးသီလမြဲခြင်း တပါး။လေးပါးဖြစ်၏။ ။ဤကား၊အရိယာ၏ ဝိစိကိစ္ဆာကို ပြခြင်းတည်း။

**သတ္တမ ပစ္စဝေက္ခဏာနှင့် ဝိစိကိစ္ဆာကို ပြဆိုခြင်းပြီး၏။**

## အရိယာ၏ဣရိယာပုထ်ယဉ်ကျေးမှုကို ဝတ္ထုတို့ဖြင့် ပြဆိုခြင်း

အရိယာတို့ ယဉ်ကျေးသောဣန္ဒြေသည်၊ ကိုယ်အမူအရာ ယဉ်ကျေးခြင်း–ကာယိန္ဒြေ၊ စိတ်အမူအရာ ယဉ်ကျေးခြင်း– မနိန္ဒြေဟု နှစ်ပါးရှိ၏။ ထိုနှစ်ပါးတို့တွင်၊ ကိုယ်အမူအရာဟူသော ကာယိန္ဒြေ ယဉ်ကျေးပုံကို၊ အောက်၌ပြဆိုသော ဝတ္ထုတို့ဖြင့်သိအပ်၏။

မြတ်စွာဘုရား၏ ဂုဏ်တော်ကိုးပါးတို့တွင်၊အနုတ္တရောပုရိသဒမ္မသာရထိ–ဟူသော ဂုဏ်တော်အရ၊လူကြမ်း နတ်ကြမ်း တိရစ္ဆာန်ကြမ်းတို့အား၊ဒုတ်ထားမဆောင်၊ ကြိမ်းမနှောင်ဘဲ၊တရားသဖြင့်သာလျှင်၊ယဉ်ကျေးအောင် ဆုံးမတော်မူတတ်သော ဂုဏ်သကတ်ကြောင့်၊ အနုတ္တရောပုရိသဒမ္မသာရထိ မည်တော်မူ၏ဟု၊အဓိပ္ပါယ်လာပေသည်။

တဖန်၊သုဂတ– ဟူသော ဂုဏ်တော်အရ၊ မြတ်စွာဘုရား ကြွသွားတော်မူသည်ကို မြင်ကြသော ပညာရှိတို့သည်၊ ကြွခြင်း လှမ်းခြင်း၊ကွေးခြင်း ဆန့်ခြင်း၊ တဲ့တဲ့ကြည့်ခြင်း ရှေ့တက်ခြင်း၊နောက်ဆုတ်ခြင်းစသော ကိုယ်တော် အမူအရာ၏ ပြုပြင်ပြောင်းလဲခြင်းမှာ၊ လွန်စွာမှ သိမ်မွေ့နူးညံ့၍ ယဉ်ကျေးတော်မူပါပေသည်ဟု၊ အထွေထွေ ချီးမွမ်းထောမနာပြီး ဂါထာကိုရွတ်ဆိုကြလေ၏။

ၵင်းပြင်၊အရှင်အဿဇိ ဆွမ်းခံကြွနေစဉ်၊ရှင်သာရိပုတ္တရာအလောင်းတွေ့မြင်ရာ၊သူတကာနှင့် မတူ၊ ကြွခြင်း၊ လှမ်းခြင်း ကွေးခြင်း ဆန့်ခြင်း ရှေ့တက်ခြင်း နောက်ဆုတ်ခြင်းစသော ကိုယ်အမူအရာတို့သည် လွန်စွာထူးခြားလှသဖြင့်၊ ထိုသူအား တရားထူး တရားမြတ်တို့၊ရှိလိမ့်မည်ဟု ယုံမှတ်၍၊ ကျိုးနွံစွာ ဆည်းကပ်လျှောက်ထားလေ၏။

ဤနေရာ၌၊ ကာယိန္ဒြေ ယဉ် ကျေး သည် ဆို သော သ ဘော မှာ၊ ဝိပဿနာကမ္မဋ္ဌာန်းဖြင့် သတိပဋ္ဌာန်နည်းလမ်းအရ၊ ဆုံးမလေ့ကျင့်လာ၍ အချိုးကျ အထုံရလာသောအခါ၊ ဖြစ်ပေါ်သော ကိုယ်အမူအရာဟူသမျှ၌၊ရှုမှတ်ခြင်း သတိမကွာဘဲ စွဲမြဲ၍နေလေတော့သည်။

ထိုသို့ စွဲမြဲသောအခါ၊ ခြေတလှမ်းနှင့် တလှမ်း၊တခါကွေးနှင့် တခါကွေး၊တခါဆန့်နှင့် တခါဆန့်၊ တခါကြည့်နှင့် တခါကြည့်စသော ကိုယ်အမူအရာ၊ ပြုပြင် ပြောင်းလဲခြင်းတို့သည်၊ ကျဲခြင်း စိတ်ခြင်း၊ မြင့်ခြင်း နိမ့်ခြင်း၊ မြန်ခြင်း နှေးခြင်းများမရှိဘဲ၊ တညီတညွတ်ထဲဖြစ်နေလေရာ၊ လွန်စွာကြည့်ရှု၍ တင့်တယ်သော သဘောဟုဆိုလိုသည်။

ယခုကဲ့သို့ ဝိပဿနာအမှုဖြင့်၊ ဟုတ်တိုင်းမှန်စွာ မပြုမလုပ်၊အားထုတ် ဆုံးမခြင်း မရှိသော သူတို့၏ ကိုယ်အမူအရာမှာ၊ မညီညာ မသပ်ယပ် ဘဲ၊ ကျဲတခါ စိပ်တခါ၊ မြင့်တခါ နိမ့်တခါ၊ မြန်တခါ နှေးတခါ စသည် ဖြင့်၊ ဗရမ်းဗတာဖြစ်၍နေလေ၏။

အချုပ်သဘောမှာ၊ ပြဆိုခဲ့သော အမူအရာတို့၊ တခါနှင့်တခါ မပို မသာဘဲ၊တညီတညာထဲ နေခြင်းမျိုးကို၊ ကာယိညွှေယဉ်ကျေးသည်။ တခါ နှင့်တခါ မညီညာဘဲ၊ အနဲ့နဲ့ဖြစ်နေခြင်းမျိုးကို၊ကာယိညွှေကြမ်းတန်းသည် ဟု၊အရိယာတို့စည်းကမ်းဖြင့် ခွဲခြမ်းဝေဘန်၍၊သိမှတ်ရန် ခေါ်ဝေါ်ပြော ဆိုကြလေသည်။ ။ဤကား၊ ကာယိညွှေယဉ်ကျေးပုံတည်း။

အရိယာသူတော်ကောင်းတို့၏ မနိညွှေယဉ်ကျေးပုံမှာ၊ ဘုရားရှင်၏ လက်ထက်တွင် ကျော်စောထင်ရှားသော၊ အရှင်ပိလိန္ဒဝစ္ဆ ဝတ္ထုသွား ဖြင့်မှတ်သား သိရှိအပ်ပေ၏။ ဤနေရာ၌ အရှင်ပိလိန္ဒဝစ္ဆသည်၊ စကား ပြောရာ၌ လွန်စွာကြမ်းတန်းသဖြင့်၊ အဘယ်မှာ စိတ်နူးညံ့သိမ်မွေ့၍၊ ယဉ်ကျေးခြင်း ရှိနိုင်ပါမည်နည်းဟု မေးမြန်းရန်ရှိနေပေ၏။

ထိုနေရာ၌၊ အဋ္ဌကထာ ဋီကာတို့၌လာသော၊ ဥပမာစကားဖြင့် ဖြေ ကြားအပ်ပေ၏။ ဥပမာပုံမှာ၊ဘုရင်မင်းမြတ်က ရာဇဝတ်သားကို၊ ဤသူ ချမ်းသာစွာအိပ်ပါစေ ဆိုသောစကားနှင့်၊ မိဘများက သားသွီးများကို၊ ကျားဆိုးကိုက်လို့ သေပါစေ၊မြွေဆိုးပေါက်၍ သေပါစေဆိုရာ၊အဘယ် စကားက ကြမ်းတန်းရိုင်းပြ၍၊ အဘယ်စကားက သိမ်မွေ့ယဉ်ကျေးပါ သနည်းဟု မေးမြန်းလေသည်။

၎င်းစကားကို၊ သာမညစဉ်းစားလျှင်၊ ဘုရင်၏စကားက သိမ်မွေ့၍၊ မိဘစကားက ကြမ်းတန်းသည်ဟု ထင်မှတ်ရန်ရှိ၏။ သို့သော် ကျမ်း ဂန်တို့၌ကား၊ ဘုရင်၏စကား ကြမ်းတန်းရိုင်းပြ၍၊ မိဘတို့၏စကားက သိမ်မွေ့ယဉ်ကျေးသည်ဟုလာရှိပေ၏။

သဘောမှာ၊ ဘုရာ၏စကားသည်၊အပြောအားဖြင့် သိမ်မွေ့သည်ဟု ထင်ရသော်လည်း၊ စိတ်ထားမှာ သေစေလို၍ကြမ်းတန်း၏။ မိဘတို့၏ စကားမှာမူ၊အပြောအားဖြင့် ကြမ်းတန်းသည်ဟု ထင်ရသော်လည်း၊စိတ် ထားမှာ လိမ္မာစေလို၍၊ သိမ်မွေ့သည်မည်၏ဟုဆိုလိုသည်။

ယခုလို အရိယာပုဂ္ဂိုလ်တို့၏ ကိုယ်အပြုအမူ၊ နှုတ်အပြောအဆိုတို့ ကြမ်းတန်းသည်မှာ၊ဝါသနာဘာဂီ ဆက်တိုင်းမှီ ဆိုသကဲ့သို့၊ ဝါသနာ

ပါ၍ ဖြစ်ကြ၏။ ဝါသနာဆိုသည်မှာ၊ ဘဝများစွာက အလေ့အကျင့် ထုံလာခဲ့ဘူးသော သဘောမျိုးဖြစ်၏။ကိုယ်ဖြင့် ပြုလုပ်ဆဲ၊နှုတ်ဖြင့် ပြောဆိုဆဲ၌၊ စိတ်ထဲက မပါကြပေ။

၅၊ အရှင်ပိလိန္ဒဝစ္ဆ သည်၊ဘဝငါးရာဆက်၍ မင်းမျိုးဖြစ်လာသဖြင့်၊ မောက်မာကြမ်းတန်းသော အပြောအဆိုတို့ ဝါသနာပါလာရာ၊ ယခု ပစ္ဆိမဘဝ၌ ရဟန္တာဖြစ်သော်လည်း၊လူမြင်ရာကိုပင် ဟာရေ ဝသလ၊ဟဲ့ သူယုတ်၊ ဤလိုစသော စကားမျိုးဖြင့်သာ ပြောဆိုခြင်းများလေ၏။

ထိုအပြော အဆိုမျိုးဖြင့်၊ တနေ့သ၌ ပိတ်ချင်းသီး တိုက်လာသော လှည်းသမားအား၊ဟဲ့သူယုတ် ဘာတိုက်လာသလဲဟု မေးရာ၊လှည်းသမား စိတ်ဆိုး၍ ကြွက်ချေးတိုက်လာသည်ဟု ဒေါသနှင့် ပြောကြားမိသဖြင့်၊ အရိယာကို ပြစ်မှားရာရောက်သောကြောင့်၊ချက်ချင်းပင် ပိတ်ချင်းသီးများ ကြွက်ချေးဖြစ်သွား၏။ထိုအခါ ကန်တော့၍ သည်းခံသဖြင့်၊ ချက်ခြင်းပင် ပိတ်ချင်းသီးဖြစ်လာ၏။

နှိုင်းယှဉ်ရန်မှာ၊ အရိယာပုဂ္ဂိုလ်မှန်လျှင်၊ သူတပါးတို့ ဘယ်လိုပင် ပြစ်မှားသော်လည်း၊ စိတ်ထဲက အာဃာတ မထားဘဲ၊ သနားကြင်နာ သဖြင့်၊ သည်းခံလေ့ရှိမြဲဓမ္မတာဖြစ်၏။ ပုထုဇဉ်မှာ၊သည်းခံခြင်း, သည်း မခံခြင်းရှိတတ်၍၊တခုတည်းမှတ်အပ်သော၊ဓမ္မတာသဘောမျိုးမဟုတ်ပေ။ ယခုလို မိမိပြုလုပ် ပြောဆိုရာ၌ စိတ်မပါခြင်း၊ သူတပါး ပြစ်မှား သည်ကို၊ သနားကြင်နာ သည်းခံခြင်းမှာ၊ အရှင်မဟာကစ္စည်းကို ပြစ်မှား သော၊ ဝတ္ထုစသည်ဖြင့် များစွာရှိ၏။ ဤကဲ့သို့သော ဝါသနာမျိုးကို၊ မြတ်စွာဘုရားနှင့် အရှင်ပစ္စေကဗုဒ္ဓါတို့သာ၊အရဟတ္တမဂ်ဖြင့် ပယ်သတ် နိုင်၍၊ သာဝကတို့မှာ အရှင်သာရိပုတ္တရာစသော မထေရ်မြတ်ကြီးတို့ ပင်လျှင်၊မပယ်မသတ်နိုင်ဟု မှတ်အပ်ပေသည်။

ထို့ကြောင့်၊ အရှင်သာရိပုတ္တရာ မထေရ်မြတ်သည်လည်း၊ ဘဝငါးရာ မျောက်မျိုးဖြစ်၍၊ ဝါသနာပါလာသဖြင့်၊ ပစ္ဆိမဘဝ လက်ျာရံ အရိသာ ဝကဖြစ်သော်လည်း၊ မြောင်းများကို တွေ့မြင်သောအခါ၊ ခုံလွှားခြင်းပြုမိ လေသောကြောင့်၊ အရိယာတို့၏ ကာယိန္ဒြေ,မနိန္ဒြေ ယဉ်ကျေးမှုဆိုရာ၌၊ စိတ်ထားသိမ်မွေ့ ယဉ်ကျေးခြင်းများကိုသာ၊ လိုရင်းသဘောဟု မှတ်ယူ အပ်ပေသည်။ ဤကား၊ မနိန္ဒြေယဉ်ကျေးပုံတည်း။

**အရိယာ၏ ဇူန္ဒြေယဉ်ကျေးမှုကို ဝတ္ထုဖြင့် ပြဆိုခြင်းပြီး၏။**

## အရိယာအသွင်၌ မြင်ရုံနှင့် သိနိုင်,မသိနိုင်ပုံကို ပြဆိုခြင်း။

အရိယာပုဂ္ဂိုလ်ပင်ဟု သူတပါးတို့မြင်ရုံနှင့် သိနိုင်ပုံမှာ၊အရှင်အဿဇိ ဆွမ်းခံကြွသည်ကို၊ အရှင်သာရိပုတ္တရာအလောင်း မြင်သောအခါ၊ ဤပုဂ္ဂိုလ်၏ကာယိန္ဒြေ အပြုအမူမှာ၊ သူတပါးတို့နှင့် မတူဘဲ၊ လွန်စွာထူးကဲသဖြင့်၊ ထိုပုဂ္ဂိုလ်၏သဏ္ဍာန်၌၊ အမှန်ပင် တရားထူးရှိလိမ့်မည်ဟု၊ ကြံစည်တွေးဆ၍ အနုမာနအားဖြင့် သိရလေသည်။

၎င်းပြင် ရာဇဂြိုဟ်ပြည်ရှင် ဘုရင်ဗိမ္ဗိသာရမင်းသည်၊ ခေမာမိဖုရားကြီး အသူမှားနေသည်ကို လွန်စွာ သနားတော်မူလှ၍ တရားနာသွားစေရန် ပရိယာယ်တို့ဖြင့် ကြံဘန်လျက်၊ အတန်တန်စေခိုင်းလေရာ၊တပါးသောအခါ၌ သဘင်သည်များ၏ သီချင်းကြောင့်၊မှားယွင်းသောစိတ်အားဖြင့်၊ မြတ်စွာဘုရား ဆွမ်းခံကြွချိန်ကို မှန်းထားပြီး၊ကျောင်းတော်သို့သွားလေ၏။

ဤသို့ခေမာမိဖုယားသွား၍ကျောင်းတော်သို့ရောက်သောအခါ၊ဥယျာဉ်ကို လှည့်ပတ်ပြီး ဂန္ဓကုဋိတိုက်သို့ကြည့်ရာ၊ မြတ်စွာဘုရား ဘန်ဆင်းထားသော သူငယ်မကလေးတွေမြင်ရာ၊ လွန်စွာမှ လှပယဉ်ကျေးပါကလားဟု ပိုက်ငေး၍ ကြည့်ရှုနေစဉ်၊ ပျိုရာမှအိုမင်း၍ ကုန်း ကွခြင်း၊ အသားအရေ တွန့်လိပ်ခြင်း၊ ယိုင်လဲခြင်း၊ သေခြင်း၊ညှိမဲ ပုပ်ပွခြင်း၊ ပိုးလောက် တက်ခြင်းများကို တွေ့မြင်ရလေ၏။

ထိုသို့မြင်သောအခါ၊ ဇမ္ဗူဒိပါတွင် မိမိကိုယ် အလှဆုံးဟုသော၊အထင်များ မှားလေပြီဟု သတိရ၍၊ အသုဘ၌ စိတ်ဝင်စားသေရာ၊မြတ်စွာဘုရားက အသုဘတရားကို ဟောကြားသဖြင့်၊ လွယ်လင့်တကူ မဂ်ဖိုလ်ရ၍၊ နန်းတော်သို့ပြန်သွားလေ၏။ နန်းတော်လေသာပြူတင်းမှ ကြည့်ရှုနေသော မင်းကြီးမြင်လေလျှင်၊ ဧကန်ပင် မဂ်ဖိုလ်တရားကို ရလာပြီဟု၊ သိရှိမိန့်မြွက်တော်မူလေ၏။ ဤကား၊ အရိယာတို့၏အမူအရာ အသွင်အပြင်ကို မြင်ရုံနှင့် သိနိုင်ပုံကို ပြခြင်းတည်း။

အရိသာ၏အသွင်ကို မြင်ရုံနှင့် မသိနိုင်ပုံမှာ၊ အခါတပါး၌ အရှင်မဟာကဿပ မထေရ်မြတ်နှင့်၊ ကပ္ပိယ ဒါယကာကြီး ဆွမ်းခံသွားရာ၊ ဒါယကာကြီးသည် သပိတ်ကိုထမ်း၍ နောက်မှလိုက်ပြီး၊ အရှင်ဘုရား ဤလောကကြီး၌၊ယခုအခါ ရဟန္တာတွေရှိသည်ဟု အများပင် ပြောကြ

ပါ၏။ ရဟန္တာကို တခါလောက်မြင်စမ်းချင်ပါဘိတယ်ဟု လျှောက်ထားလေ၏။

ထိုအခါ ရှင်မဟာကဿပ မထေရ်မြတ်က၊ဒါယကာကြီး လောက၌ ရဟန္တာရှိသော်လည်း၊ ရဟန္တာ၏နောက်က သပိတ်ကိုထမ်း၍ လိုက်နေရစေကာမူ၊ ပကတိမျက်စိဖြင့် မြင်ရုံနှင့် ဤသူကား ရဟန္တာဟု၊ မသိနိုင်ကြောင်းများဖြင့် မိန့်ကြားတော်မူလေသည်။ ။ဤကား၊ မြင်ရုံနှင့် မသိနိုင်ပုံကို ပြဆိုခြင်းတည်း။

**ပဿော ပဿတိ ပဿန္တံ၊ အပဿန္တံ့ပိ ပဿတိ။**

**အပဿန္တော အပဿန္တံ၊ ပဿန္တံ့ပိ နပဿတိ။ ။**

(သံယုတ်ပါဠိတော်)

ပဿော၊ပညာမျက်စိ အမြင်ရှိသောသူသည်။ ပဿန္တံ၊ပညာမျက်စိ ရှိသောသူကို။ ပဿတိ၊ သိမြင်၏။ အပဿန္တံ့ပိ၊ ပညာမျက်စိ အမြင်မရှိသောသူကိုလည်း။ပဿတိ၊သိမြင်၏။ အပဿန္တော၊ပညာမျက်စိ အမြင်မရှိသော သူသည်။ အပဿန္တံ၊ ပညာမျက်စိ အမြင်မရှိသောသူကို။ န ပဿတိ၊မသိမြင်။ ပဿန္တံ့ပိ၊ ပညာမျက်စိ အမြင်ရှိသောသူကိုလည်း။ နပဿတိ၊မသိမြင်။

လိုရင်း အဓိပ္ပါယ်မှာ၊ ပညာမျက်စိရှိမှ ပညာရှိ မရှိကို၊ မြင်ရုံနှင့် သိနိုင်၏။ ပညာမျက်စိမရှိလျှင် ပညာရှိ မရှိကို၊မြင်ရုံနှင့် မသိနိုင်ဟုဆိုလို၏။ဥပမာအားဖြင့်၊ မျက်စိကောင်းသောသူသည် ကြည့်သောအခါ၊ ဤသူ မျက်စိကောင်းသည်၊ ဤသူ မျက်စိကန်းသည်ဟု သိနိုင်လေ၏။ မျက်စိကန်းသောသူသည် ကြည့်သောအခါ၊ ဤသူ မျက်စိကန်းသည်၊ ဤသူမျက်စိကောင်းသည်ဟု မသိနိုင်သကဲ့သို့၊ ထိုအတူပင်လျှင်၊ ဥပမေယျ အစဉ်ကို၊မှတ်ယူသိမြင်အပ်ပေသည်။

သဘောမှာ၊ဝိပဿနာဉာဏ်မျှ မိမိသန္တာန်တွင် မရှိလျှင်၊ဝိပဿနာဉာဏ်ရှိသောသူကို မြင်ရုံနှင့်မသိနိုင်။ ဝိပဿနာဉာဏ် ရှိသောသူသည်၊ ဝိပဿနာ အားထုတ်နေသောသူကိုမြင်လျှင်၊ ဤသူဘယ်ဉာဏ်ကိုရောက်ပြီဟု သိနိုင်လေ၏။ ဤနေရာ၌ အောက်အောက် ဉာဏ်ဖြင့်၊ အထက်အထက် ဉာဏ်ရှိသူမြင်၍ မသိ။ အထက်အထက် ဉာဏ်ရှိမှ၊ အောက်အောက်ဉာဏ်၏ သဘောကို မြင်ရုံနှင့်သိသည်ဟု မှတ်အပ်ပေ၏။

ဤ အတူပင်လျှင်မြက်မိုလ်နှင့် စပ်ရာတွင်လည်း၊အောက်မဂ် အောက်ဖိုလ်ဖြင့်၊အထက်မဂ် အထက်ဖိုလ်၏သဘောကို မသိနိုင်။ အထက်မဂ်အထက်ဖိုလ်သို့ ရောက်ပြီးသောသူ၌သာလျှင်၊ အောက်မဂ် အောက်ဖိုလ်သဘောကို၊မြင်ရုံနှင့်သိနိုင်သေသည်။သို့သော်၊ဉာဏ် မဂ်,ဖိုလ် တူမျှရာ၌၊ ရှေ့လူက နောက်လူ၏သဘောကို သိနိုင်သည်ဟု မှတ်ယူအပ်ပေ၏။

ထို့ကြောင့်၊ ၅င်အသေဖိကိုမြင်ရာ၌၊ ၅င်သာရိပုတ္တရာ အလောင်းသိသော်သည်း၊ ကေန်မုချ မဟုတ်ဘဲ၊ အနုမာနအားဖြင့် မှန်းဆ၍သိလေ၏။ ဤကဲ့သို့မှန်းဆသိသော်လည်း၊ဉာဏ်ပဋိဘာန် ထက်သန်လှ၍၊ဓမ္မသဘာဝ အမှန်ကို၊ကေန်သိမြင်ရာရောက်လေသည်။

ခေမာမိဖုယားး၏ အမှုအရာကိုမြင်သော၊ဗိမ္ဗိသာရမင်းကြီးသည်၊မိမိက အမှန်ကိုသိပြီးဖြစ်၍၊တွေးတောကြံဆခြင်းမရှိဘဲ၊မလွဲကေန် မဂ်ဖိုလ်ကို အမှန်ရပြီးဟု၊မြဲမြံစွာပိုင်းခြား၍ မုချအားဖြင့်ပင်၊ ပြောကြားမိန့်မြွက်နိုင်လေသည်။

အ၅င်မဟာကဿပမထေရ်မြတ်၏ ကပ္ပိယ ဒါယကာကြီးမှာမူကား၊ မိမိက စဉ်းစား ဆင်ခြင်ဉာဏ်မျှမရှိ၍၊သိလောက်အောင် ပြောပြသော်လည်း၊ ရိပ်မိရုံမျှပင် မရှိပေ။ ထိုအတူပင်လျှင် စဉ်းစားဆင်ခြင်ဉာဏ်ကင်း၍၊ နည်းလမ်းမှန်ကို နှလုံးမသွင်းမိသေးပါမူ၊ ဘယ်သူက ဘယ်လိုပြောသော်လဲ၊စိတ်သဘောထဲ၌ ယုံကြည်ခြင်းမရှိပေ။

ဤသဘောမျိုးသည်၊ မြွေ၏ခြေကို မြွေချင်းမှ မြင်နိုင်သည် ဆိုသကဲ့သို့၊နည်းလမ်းမှန်ကို ကျင့်ကြံအားထုတ်ဘူးသော သူမှသာလျှင်၊အမှုအရာကို မြင်ရုံနှင့်၊တရားလွတ်သည် တရားမလွတ်သည်၊ဘယ်ဉာဏ်ရောက်ပြီစသည်ဖြင့် အမှန်ပင်သိမြင်နိုင်လေသည်။

ထို့ကြောင့်၊ ဟုတ်မဟုတ် မှန်မမှန်ကို၊ ကိုယ်တိုင်ပင် သိရှိနိုင်ရန် ၇-ရက်, ၁၀-ရက်မျှ၊ယုံကြည်သောစိတ်ဆန္ဒနှင့် ဝီရိယ မဆုတ်ယုတ်ဘဲ၊ တကယ်အဟုတ် အားထုတ်ရှုမှတ်ပါလျှင်၊ကေန်ပင် နည်းလမ်းမှန်သည်ဟု မိမိတို့ဉာဏ်ကပင် သိမြင်ယုံမှတ်လျက်၊ ဆုံးဖြတ်ခြင်း ပြုလာမည်ဟု၊ ရဲဝံ့စွာ ပြောကြား၍ ပဋိညာဉ်ထားလိုက်ပါသတည်း။

အရိယာအသွင်၌ မြင်ရုံနှင့် သိနိုင်ပုံ,မသိနိုင်ပုံကို ပြဆိုခြင်းပြီး၏။

## အရိယာသောတာပန်၏အင်္ဂါလေးပါးကို ပြဆိုခြင်း

အရိယာသောတာပန်၏ အင်္ဂါသည်၊နေတ္တိ သုတ်မဟာဝါပါဠိတော်တို့၌၊သူတပါးတို့ မဖျက်ဆီးနိုင်သောသဒ္ဓါဖြင့်၊မြတ်စွာဘုရား၌ ယုံကြည်ခြင်း တပါး၊ တရားတော်၌ ယုံကြည်ခြင်း တပါး၊ လူ,ရဟန်း,သိတင်းသုံးဘော်တို့ ချစ်ခင်ခြင်း တပါး၊ ငါးပါးသီလ၌ အမြဲတည်ခြင်း တပါး။ ဤသို့ လေးပါးလာရှိပေ၏။

တဖန်၊နိဒါနဝဂ္ဂသံယုတ် မဟာဝဂ္ဂသံယုတ် ပါဠိတော်တို့၌၊ အထက်နည်းအတိုင်း ရတနာသုံးပါး၌ ယုံကြည်ခြင်း သုံးပါး၊ငါးပါးသီလ၌ အမြဲတည်ခြင်း တပါး။ဤသို့ လေးပါးပင်လာရှိပေ၏။

ဤပါဠိတော်များအရ အင်္ဂါသုံးပါးမှာ ညီမျှ၍၊ တတိယအင်္ဂါမှာ ကွဲပြားသကဲ့သို့ ထင်ရန်ရှိပေ၏။ သို့သော်၊ ရဟန်းများကပင် လူအရိယာအား မြတ်နိုးသည်ဆိုသဖြင့်၊ အရိယာများက သံဃာတော်အားကြည်ညိုခြင်း ယုံကြည်ခြင်းမှာ၊ တပါတည်း ပြီးစီးနိုင်သဖြင့်၊ပါဠိတော်ကြီး လေးကျမ်း၏သဘောသွားသည်လည်း၊ တသားတည်း ညီမျှလေတော့သည်။

ထိုအင်္ဂါတို့တွင်၊ဘုရားရှင်၌ ယုံကြည်ခြင်းမှာ၊မြတ်စွာဘုရားနှင့်တကွ ရုပ်ပွားဆင်းတု ဓာတ်မွေ့သရီ စေတီပုထိုးစသည်တို့၌ ကြည်ညိုခြင်း သဒ္ဓါကိုပင်၊ သူတကာတို့ဖျက်ဆီး၍ မရနိုင်ပေ။ မရပုံမှာ၊ အောက်၌ ပါသောဝတ္ထုဖြင့် မှတ်သားသိရှိအပ်ပေသည်။

ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌၊ မြတ်စွာဘုရား တရားဟောရာ၊ ကြားနာရ၍ သောတာပန်ဖြစ်သော သူဆင်းရဲ သုပ္ပဗုဒ္ဓလူနူသည်၊ နောက်နေ့ လျှောက်ထားရန် ကျောင်းတော်သို့အလာ၊ သိကြားမင်းက စုံစမ်းလို၍၊ဘုရားကို ဘုရားမဟုတ်ဟုဆိုလျှင်၊ ဥစ္စာများစွာပေးမည်ပြော၏။

ထိုအခါ၊လူနူက ကြည့်ပြီးလျှင်၊ နင် ဘယ်သူလဲ သိကြားလော၊ ယခုလောက်မိုက်သောသိကြားနှင့် ငါ စကားမပြောလို၊ ငါသည် မဆင်းရဲ သူတော်ကောင်းဥစ္စာ ရတနာ ၇-ပါးရှိ၏ဟု ပြောကြားပြီး၊ ဘုရားထံသို့ သွား၍ရောက်လျှင်၊ ဤအကြောင်းကိုပင်လျှောက်ထား၍ ပြန်သွားလေ၏။

ဤဝတ္ထုသွားကို ထောက်ထား၍၊အနာထပိဏ်သူဌေး၏ သား၊ ကာလ မည်သောသူ သောတာပန်ဖြစ်သောအခါ၊ ရွှေငွေဥစ္စာကို မမက်ဘဲ၊ဘုရား တရား၌ မတုန်မလှုပ် ယုံကြည်ပုံ၊ အနာထပိဏ်သူဌေးကို အိမ်တံခါး

စောင့်နတ် ချောက်ချား၍၊ ပင်ပန်းဆင်းရဲ လောကီပစ္စည်း မွဲသွားသော်လည်း၊သဒ္ဓါတရားမပျက်ပုံများကို စဉ်းစားသိမြင်အပ်ပေသည်။

ရတနာ ၇-ပါးကား၊ ယုံကြည်ခြင်း-သဒ္ဓါ၊ အကျင့်မြဲခြင်း-သီလ၊ မကောင်းမှုကိုရှက်ခြင်း-ဟိရိ၊မကောင်းမှုကိုလန့်ခြင်း-ဩတ္တပ္ပ၊ အကြားအမြင်များခြင်း-သုတ၊အပေးအကမ်းစိတ်များခြင်း-စာဂ၊ အသိအလိမ္မာများခြင်း-ပညာ။ဤ ၇-ပါးတို့တည်း။

ဤနေရာ၌ပုထုဇန်နှင့် အရိယာသဘော ကွာပုံမှာ၊ လောက၌ တွင်းထွက်ကျောက် ချက်ကျောက်ဟုရှိရာ၊တွင်းထွက်မှာ မပျက်စီးဘဲ၊ ချက်ကျောက်မှာ ပျက်စီးတတ်သကဲ့သို့။ ထိုအတူ။ အရိယာ၏ သဒ္ဓါမှာ၊ အသက်ပင်သေရစေကာမူ ဘယ်တော့မှ မပျက်စီးနိုင်ဘဲ၊ ပုထုဇန်မှာ၊ ခိုင်မြဲသော သဘောဓမ္မတာမျိုး မဟုတ်ပေ။ ။ဤကား၊ ပထမနှင့် ဒုတိယအင်္ဂါ၏အဓိပ္ပါယ်တည်း။

အရိယာသောတာပန်၏ တတိယအင်္ဂါအရ၊ သဟာဓမ္မိကခေါ်သော သိတင်းသုံးဘော်ဆိုရာ၌၊ ဝိနည်းဒေသနာတွင် လာသော ငါးဦး၊ ဘုရားလက်ထက်၌ သုတ္တန်ဆောင် ဝိနည်းဆောင် အဘိဓမ္မာဆောင် ဝိနည်းဓိုရ်ဓမ္မကထိကစသော အပေါင်းအစုမျိုး။ ယခုအခါ သုဓမ္မာ ရွှေကျင် ဒွါရစသော ဂိုဏ်းဂဏမျိုးကို မယူအပ်ပေ။

အကျင့် အသိချင်း တူမျှသော၊သီလသာမည,ဒိဋ္ဌိသာမညမျိုးကိုသာလျှင်၊သိက္ခာသာဇီဝ။သဟာဓမ္မိက သမြုပ္ပစ္စစ္ရှိ၊တူညီသော သိတင်းသုံးဘော်ဟု အရိယာနယ်၌ဆိုရ၏၊ အချုပ်မှာ၊သူတပါးတို့ချစ်ခင်ခြင်း မချစ်ခင်ခြင်းသည် လိုရင်းမဟုတ်၊ အရိယာ်ပုဂ္ဂိုလ်၌ ချစ်ခင်မြတ်နိုး ထိုက်သော ဂုဏ်ရှိခြင်းကိုသာလျှင်၊လိုရင်းဟု မှတ်ယူယုံကြည်အပ်ပေသည်။

ၚင်းပြင်၊ပုဂ္ဂလပညတ် အဋ္ဌကထာ၌၊အရိယာ၏ဂုဏ်ကိုပြသော ပုဒ်တို့တွင်၊ သဒေဝကေန လောကေန အရဏီယတ္တာ အရိယာ-ဟူသောပုဒ်၌၊ နတ်နှင့်တကွသော လူရဟန်းအများသည်၊ ခစားရှိသေ ဆည်းကပ်ထိုက်လေသောကြောင့်၊အရိယာမည်၏ဟုဆို၏။

ဤဒေသနာ၏အဓိပ္ပါယ်အရ၊ ခြွေရံပရိသတ် လာဘ်လာဘ ပေါများခြင်း သာမညကိုယူဆ၍၊ ခြွေရံပရိသတ် လာဘ်လာဘ နည်းပါးပါလျှင်၊ ရဟန္တာကြီးကိုပင် အရိယာဟု၊ပြောလို့မှ မယုံကြည်နိုင်သကဲ့သို့၊ဖြစ်နေတတ်ကြပေသည်။

သဘောမှာ၊ အထက်ကပြခဲ့သောအတိုင်း၊ တပည့်တပန်း ခြွေရံပရိသတ်နှင့်၊လာဘ်လာဘ များခြင်း,နည်းခြင်းမှာ လိုရင်းမဟုတ်၊ဆည်းကပ်ထိုက် ခစားထိုက်၊ကိုးကွယ်မှီဝဲထိုက်ခြင်းစသော ဂုဏ်ရှိခြင်းကိုသာလျှင် လိုရင်းဟု မှတ်အပ်ပေ၏။

သာကေဝဏ္ဏုဖြင့် ထောက်ရှု၍ သိရန်မှာ၊ အရှင်သာရိပုတ္တရာ၏ တပည့်၊ လောကတိဿရဟန္တာသည်၊ အခြွေအရံ တပည့်ဒါယကာ မရှိဘဲ၊ အသက်ရှင်နေသမျှ ဆွမ်းဝအောင် မစားရသဖြင့်၊ ပရိနိဗ္ဗာန်ပြုသောနေ့မှ၊ဆရာက သပိတ်ကိုင်ထား၍၊ဝအောင်စားရလေ၏။

ထို့ ၃တပါး၊ ကဿပ မြတ်စွာဘုရားလက်ထက်၊ ပုထုဇန် ဖြစ်သော ညီ ကပိလရဟန်းမှာ၊မယ်တော် နှမနှင့်တကွ ခြွေရံပရိသတ်ပေါများ၍၊ လာဘ်လာဘ အားကြီးသော်လည်း၊ နောင်တော် ရဟန္တာ ဖြစ်သော သာဂတမထေရ်မှာ၊ မယ်တော်နှင့် နှစ်မပါ မကြည်ညို၍၊မှီခိုရန် တပည့် ဒါယကာ မများဘဲ၊လာဘ်လာဘရှားပါးလေသည်။

ရင်းပြင်၊ ဇမ္ဗုကရဟန်းသည်၊ နေ့အခါ ခြေတချောင်း ထောက်၍၊ ညချောက်လျှင် မစင်စားပြီး၊ အလွဲအမှား ကျင့်သော်လည်း၊ မင်္ဂတိုင်း မဂဓတိုင်းတို့မှ ကြီးကျယ်စွာ ပူဇော်ကြ၍၊ သမ္ဗုဒ္ဓဘုရားမှာ ဝေရဉ္ဇာ ပြည်၌၊ တဝါတွင်းလုံး ဆွမ်းမရဘဲ၊ မယောဆန်မျှကိုသာ ဘုဉ်းပေးရ၏။ တဖန်သော်ကား၊ မြတ်စွာဘုရား၏ အပါးတွင်နေသော၊ သုနက္ခတ္တ အထင်မှား၍၊ဒိဋ္ဌိများထံသို့ ပြောင်းသွားသေး၏။ထို့ကြောင့်၊ပြဆိုခဲ့သော ဝတ္ထုများကိုထောက်ထား၍၊ အဓိပ္ပါယ် အယူမမှားအောင်၊ ဆည်းကပ်ထိုက် ကြည်ညိုထိုက်သော ဂုဏ်များကိုသာ၊လိုရင်းဟု မှတ်သားအပ်ပေသည်။ ။ဤကား၊ တတိယအင်္ဂါ၏အဓိပ္ပါယ်တည်း။

**အရိယာ** သောတာပန်၏ စတုတ္ထအင်္ဂါအရ၊ ငါးပါး **သီလ၌ အမြဲ** တည်သည်ဟုဆိုရာ၊ **ကိဉ္စာပိ** သော ကမ္မကရောတိ ပါပကံ-စသော သုတ္တနိပါတ် ပါဠိတော်၏အဓိပ္ပါယ်မှာ၊ မဂ်ဖြင့် အကြွင်းမဲ့ မပယ်မသတ် သော ဒုစ္စရိုက်များကို၊ ကိုယ်,နှုတ်,စိတ်တို့ဖြင့် လွန်ကျူးဖြစ်မှားမိသော် လည်း၊ ဖုံးကွယ်ထားသော သဘောမရှိဟုလာပေ၏။

ထို့ကြောင့်၊ လွန်ကျူးလိုသော စိတ်မရှိဘဲ၊ သတိမေ့လျော့၍ တား မြစ်သော ဝါရိတ္တသီလတို့ကိုပင်၊ အရိယာအရှင်တို့ တရံတခါ မှားယွင်း မိတတ်သဖြင့်၊စာရိတ္တသီလများမှာ ပြောဘွယ်ရာမသင့်သဖြင့်၊နွေပုဂ္ဂလာ

အနာပတ္တိ–ဟူသော ဒေသနာတော်တို့နှင့်၊ ထောက်ချင့် သိမြင်သင့်လှပေသည်။

သာဓကဝတ္ထုဖြင့် ထောက်ရှု၍သိရန်မှာ၊မြတ်စွာဘုရား လက်ထက်၌၊ စက္ခုပါလမည်သော ရဟန္တာအရှင်၊ စင်္ကြံသွားရာ ပိုးပရံတို့ကိုနင်းမိ၍မသိသော ပုထုဇန်ရဟန်းများက၊မြတ်စွာဘုရားအား လျှောက်ထားရာ၊ စေတနာမရှိသဖြင့် အပြစ်မသင့်ဟု၊ မနောပုဗ္ဗင်္ဂမာဓမ္မာ–စသောဒေသနာကိုဟောတော်မူ၏။

ထို့မှတပြား၊ ဝိသာခါဒကာမကြီး ကျောင်းကိုလာ၍၊ ပြန်သောအခါတွင်၊မဟာလတာတန်းဆာ မေ့ကျန်နေရာ၊အရှင်အာနန္ဒာ ကောက်ယူသွားပြီး သိမ်းထားလေ၏။ အခါတပါး၌ အ ရှင် သာ ရိ ပု တ္တ ရာ ၏။ ကိုယ်ဝတ်သင်းပိုင် တွဲကျနေရာ၊ သာမဏေငယ် လျှောက်ထားသဖြင့်၊ရှိသေခံ့ညားလျက် ကျေးဇူးတင်စကားပြောကြား၍ ပြင်ဝတ်လေ၏။

ဤင်းပြင်၊ရဟန္တာမဖြစ်သော အရှင်ဥပလာဏ် ထေရီမအား၊ သူဌေးသားနန္ဒက ကာမဖြင့် လွန်ကျူးဖြစ်ပွားရာ၊ဖုံးကွယ်၍ မထားဘဲပြောကြားလေ၏။ ထိုအတူ ရဟန္တာမထေရ်ကြီးများကို ရွာသူဒကာမတို့ ကာမဖြင့် လွန်ကျူးဖြစ်ပွားရာတို့၌လည်း၊ ဖုံးကွယ်၍ မထားဘဲ ဟုတ်တိုင်းပြောကြားလေ၏။

ဤဆိုအပ်ခဲ့ပြီးသော ဝတ္ထုများကို ထောက်ထား၍၊ အရိယာပုဂ္ဂိုလ်တို့အား၊လူဖြစ်စေ ရဟန်းဖြစ်စေ ငါးပါးသီလတရား၌၊ မလွန်ကျူး မဖြစ်ပွားဘဲ အမြဲလုံခြုံသည်ဟု မမှတ်မသူရာ၊ စိတ်စေတနာသည်သာလျှင်လိုရင်းဖြစ်၍၊ ပုထုဇန်တို့သိမြင်နိုင်သော သဘောမျိုး မဟုတ်သဖြင့်၊ အရာရာကို ထောက်ချင့်လျက်၊ဟုတ်မှန်တိုင်း မှတ်ယူသင့်လှပေသည်။ ။ ဤကား၊ စတုတ္ထ အင်္ဂါ၏ အဓိပ္ပါယ်တည်း။

အရိယာသောတာပန်၏ အင်္ဂါ ၄–ပါးကို ပြဆိုခြင်း ပြီး၏။

---

## မဂ်ဖိုလ်နှင့်စပ်၍ ပြောအပ်, မပြောအပ်သည်ကို ပြဆိုခြင်း၊

စတုပဟိဘက္ခဝေသောတာပတ္တိယင်္ဂေဟိ ဤသို့စသည်ဖြင့်လာသော၊ နေတ္တိနှင့် သုတ်မဟာဝါ ပါဠိတော်များအရ၊ အထက်တွင် ပြခဲ့သော၊ အင်္ဂါ ၄–ပါးနှင့်ပြည့်စုံသည့်၊ သောတာပန်အရိယာသည်၊ မိမိမဂ်ဖိုလ်

ရကြောင်း ပြောကြားလိုလျှင်၊ မိမိကိုယ်ကိုသာပြောကြားရာ၏ဟု ဆိုသဖြင့်၊ သူတပါးကိုမပြောရဟုထင်မှတ်ရန်ရှိပေ၏။

ဤသို့သော်၊ ထိုသုတ္တန်ပါဠိတော်များ၌၊ လူ, ရဟန်းဟု မပိုင်းခြားဘဲ၊ သာမည အရိယာနှင့်စပ်နေရာ၊ သူတပါးကို ပြောကြားသော်၊ ဆယ်အပြစ်သင့်သည်ဟု တားမြစ်ခြင်းမရှိပေ။ ၎င်းအဓိပ္ပါယ်မျိုးသည် သံယုတ်ပါဠိတော်များ၌လည်းလာရှိပေ၏။

ဝိနည်းဒေသနာတော်၌ကား၊ရဟန်းများ မဂ်ဖိုလ်နှင့်စပ်၍မပြောအပ်၊ အယုတ်ဆုံး ဆိတ်ငြိမ်ရာ၌ မွေ့လျော်သည်ဆိုက၊ ပါရာဇိက အာပတ်သင့်စေဟုလာသဖြင့်၊ လုံးလုံးပင် မပြောရဟုထင်တတ်ကြ၏။ သို့သော်၊ ပါဝိဋ္ဌော ရုဋ္ဌော ပကတော–စသည်ဖြင့်လာရာ၊ယုတ်မာသောစိတ်ထားဖြင့်၊ အဟုတ်မရဘဲ ရသည်ဟုမထင်ဘဲ၊ ဝါကြွားလိမ်လည်၍ ပြောခြင်းကိုဆို၏။

ထို့ကြောင့်၊ **''အညတြ အဓိမာနာ''**ဟု ပြ၏။ အဓိမာနာ၊မဂ်ဖိုလ်ရသည်ဟုထင်ခြင်းကို။ အညတြ၊ ကြဉ်၍။ ဟု နောက်ထပ် ပညတ်တော်မူ၏။ မရသေးသော်လည်း၊ တကယ်အားထုတ်၊ အဟုတ်ရသည်ဟုထင်၍ ပြောကြားလျှင်၊ အာပတ်မသင့်ဟုဆို၏။

ထိုမှတပါး၊ ဈာန်မဂ်ဖိုလ်တရားကို၊ လူသာမဏေတို့အား၊ အမှန်အတိုင်း ပြောကြားလျှင်၊ ပါစိတ်အာပတ် သင့်စေဟု ပညတ် ထားပြီး၊ သေချိန်နီးသောအခါ၊ နှိပ်စက်၍ မေးသောအခါ၊ အကျိုးမရှိမည့်နေရာ၊ အပြစ်ရောက်မည့် နေရာစသဖြင့်၊ အကြောင်းအခွင့်သင့်လျှင်၊ပြောကြားရာ၏ဟု ခွင့်ပြုတော်မူပြန်၏။

**နိက္ကသဝါနံ ကိရ ဒွေ အာကာရာ ဟောန္တိ**– ဤသို့စသည်ဖြင့်၊ သံယုတ်ပါဠိ အဋ္ဌကထာတို့၌လာရှိရာ၊ရဟန္တာတို့အား ရွှေအိုးရသောသူကဲ့သို့၊ မိမိရသောတရားကို သူတပါးတို့အား ရစေလို၍၊ မိမိရကြောင်းကိုကား၊သူတပါးတို့အား မပြောကြားလိုဆိုသဖြင့် မပြောကြားရ၊ ပြောကြားလျှင် ရဟန္တာကိုပင်သော်လည်း၊အရိယာမဟုတ်ဟု ထင်တတ်ကြလေသည်။

ဤဒေသနာတော်၌၊ ရွှေအိုးရသူနှင့် ဥပမာပြဆိုရာ၊ လောက၌ ရွှေအိုးရသောသူသည်၊ အပြစ်ပြုမည့် သူအား မပြော ကြား လို ဘဲ၊ အကျိုးများမည့်သူအား ပြောကြားလိုခြင်း၊ ပြောကြားခြင်းမှ လွန်စွာပင် ထင်

ရှားလှသဖြင့်၊ အရိယာတို့သည် အပြစ်ပြုမည့်သူအား မပြောကြားလိုဘဲ၊ အကျိုးများမည့်သူအား ပြောကြားလိုခြင်း၊ ပြောကြားခြင်းများ ပြုကြလေသည်။

သတိပြုရန်မှာ၊ မြတ်စွာဘုရားသည် ရှေးဦးစွာ၊ အာဇ္ဈာရ ဥဒက ပဉ္စဝဂ္ဂီတို့အား ဟောကြားလိုခြင်း၊ ဥပတိဿသည် ကောလိတကိုပြောကြားလိုသော ဝိတက်ဖြစ်၍၊ တရားသို့ စိတ်မသက်ဝင်နိုင်ဘဲရှိလေ၏။ ထို့ကြောင့် အချင်းခပ်သိမ်းမပြောလိုဟု မမှတ်အပ်ပေ။

ယခုပြဆိုခဲ့သော ဒေသနာများနှင့်၊ အဓိပ္ပါယ်သဘောသွားကို စဉ်းစားဆင်ခြင်ရန်မှာ၊ ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်တို့၊ မဂ်ဖိုလ်ရသော စကားကိုပြောကြကုန်၏။ ရဟန်းတပါးက မာတိကာ ဒကာမကြီးအား၊ ဈာန်မဂ်ဖိုလ်ရသလောဟု မေးရာ၊ အဘိညာဏ်ရသူတို့ သိနိုင်ကြောင်းလျှောက်ထားလေ၏။

ဧင်းပြင်၊ သို့မ်း သုမနဒေဝီ သေခါနီးတွင်၊ အဘဖြစ်သူ အနာထပိဏ်သူဌေးကို မောင်ငယ်ဟုခေါ်ရာ၊ သူဌေးမှာ သောတာပန်မျှသာ၊ သို့မ်းမှာ သကဒါဂါမိဖြစ်၍၊ မောင်ငယ်ခေါ်သည်ဟု မြတ်စွာဘုရား ဟောတော်မူ၏။

တဖန်၊ သိပ်ဟိုင်ဇ်ကျွန်း၌ ရဟန္တာတပါး၊ ပရိနိဗ္ဗာန်ပြုမည်ဟု ကောလာဟလ စကားဖြစ်၍၊ မင်းနှင့်တကွ ပရိသတ်များလာရာ၊ ဒေဒနာတိစီး၍ ညည်းညူသဖြင့် ပြန်သွားကြ၏။ ထိုအခါ ရဟန်းငယ် လျှောက်ထား၍ တရားကို နှလုံးသွင်းရာ၊ ခဏချင်း ရဟန္တာဖြစ်၍ မင်းပရိသတ်များကို ခေါ်စေ၏။

ထို့မှတပါးလည်း၊ ရာဇဂြိုဟ်သူဌေးကြီးနှင့်၊ အရှင်ပိဏ္ဍောလမထေရ်တို့၏ဝတ္ထုကို အကြောင်းပြု၍၊သာဝကများတန်ခိုးမပြရဟုပညတ်တော်မူ၏။ အရှင်မဟာမောဂ္ဂလ်ပုတ္တတိဿမထေရ်သည်၊ တန်ခိုးပြရန် မွေ့သောကမင်းကြီး လျှောက်ထား၍၊ အမျိုးမျိုးသော တန်ခိုးကိုပြတော်မူသည်။

ဧင်းပြင်၊ မိထွေးတော်ဂေါတမီ ပရိနိဗ္ဗာန်ပြုခါနီးတွင်၊ သင်ရရှိသော တန်ခိုးများကို ထင်ရှားသိသာအောင် ပြသွားပါဟု၊ မြတ်စွာဘုရားက ပင် မိန့်ကြားတော်မူ၏။ ဤကဲ့သို့စသော ဝတ္ထုများကို ထောက်ထား၍၊ အကြောင်းအားလျော်စွာ အရိယာအရှင်တို့သည်၊ မဂ်ဖိုလ်ရသည်၊ပြောကြားခြင်း၊ တန်ခိုးပြခြင်းများကို ပြုတော်မူလေသည်။

သဘောမှာ၊ မဂ်ဖိုလ်ကို အမှန်ရခြင်း၊ အမှန်ရသည်ဟု ထင်ခြင်းရှိသောသူတို့နှင့်တကွ၊ တန်ခိုးရှိသောသူတို့အား မဂ်ဖိုလ်ရသည်ဟု မပြောရ၊ တန်ခိုးမပြရဟု တားမြစ်ရာ၌၊ အနုနယရှိသူတို့ပြောခြင်း ပြခြင်းကြောင့် အပြစ်ရှိ၍မဟုတ်၊ ကြားသူမြင်သူတို့က မယုံကြည်ဘဲ၊ စွပ်စွဲကဲ့ရဲ့မိပါက၊ အပြစ်များလှသောကြောင့်ဟု မှတ်ယူအပ်ပေ၏။

ထို့ကြောင့်၊ ကျမ်းဂန်ဒေသနာတို့၌ များပြားစွာသာရှိရာ၊ ယထာဘူတ နည်းမရသောသူတို့မှာ၊ ပါဠိတော် အဋ္ဌကထာအရ၊ ဥပမာပြရာတို့၌ အယူအဆမမှန်လျှင်၊ ဖောက်ပြန် မှားယွင်းတတ်လှသဖြင့်၊ အထူးပင်သတိထားအပ်လေသတည်း။

မဂ်ဖိုလ်နှင့်စပ်၍ ပြောအပ်၊ မပြောအပ်သည်ကို ပြဆိုခြင်းပြီး၏။

---

## အရိယာသောတာပန်ဟု သိနိုင်ရန်ကို ပြဆိုခြင်း

**ဥဘတောဒဏ္ဍကေန စေပိ ဘိက္ခဝေ ကကစေန စောရာ ဩစရကာ အင်္ဂမင်္ဂါနိ ဩက္ကန္တေယျုံ၊ တတြာပိ ယော မနော ပဒေါသေယျ၊ န မေ သော တေန သာသနံ ကရောတိ။** (မူလပဏ္ဏာသ ပါဠိတော်)

ဘိက္ခဝေ၊ ရဟန်းတို့။ ဩစရကာ၊ အယုတ်ကို ပြုတတ်ကုန်သော။ စောရာ၊ ဒမြခိုးသူတို့သည်။ ဥဘတော ဒဏ္ဍကေန၊ အရိုးနှစ်ဘက်တပ်သော။ ကကစေနပိ၊ လွှကြီးဖြင့်လည်း။ အင်္ဂမင်္ဂါနိ၊ ကိုယ်အင်္ဂါကြီးငယ်တို့ကို။ စေ ဩက္ကန္တေယျုံ၊ အကယ်၍တိုက်ဆွဲ လှီးဖြတ်ငြားအံ့။ တတြာပိ၊ ထိုသို့ပြုသောသူ၌လည်း။ ယော၊ အကြင်ပုဂ္ဂိုလ်သည်။ စေ မနောပဒေါသေယျ၊ အကယ်၍ပျက်စီးသွားရန် စိတ်ပြစ်မှားငြားအံ့။ သော၊ ထိုပုဂ္ဂိုလ်သည်။ တေန၊ ထိုသို့စိတ်ပြစ်မှားခြင်းကြောင့်။ မေ၊ ငါဘုရား၏။ သာသနံ၊ ဆုံးမသောစကားတော်ကို။ န ကရောတိ၊ လိုက်နာပြုကျင့်သည် မမည်။ ဝါ၊ ငါဘုရား၏သွေးရင်းတော်နှစ် အရိယာသောတာပန် အစစ်အမှန်ဖြစ်သည် မမည်။

လိုရင်းအဓိပ္ပါယ်မှာ၊ အရိယာသောတာပန်မှန်လျှင်၊ မိမိကို သူတပါးက အသက်စည်းစိမ် ပျက်စီးအောင်ပြုလုပ်စေကာမူ၊ မိမိက အခွင့်သာသော်လည်း၊ ပျက်စီးအောင် အစားချေရန်၊ စိတ်၌ ကြံစည်ခြင်းမျှမဖြစ်၊ သို့သော် ဒေါသမဖြစ်ဟု မမှတ်အပ်ပေ။

သဘောမှာ ဒေါသဖြစ်သော်လည်း၊ ချက်ခြင်းသိ၍ ဖျောက်ပယ်၏။ အနာဂါမ်မှ ဒေါသကိုပယ်နိုင်၏။ သို့သော်၊ စရိုက်ရှိသော အနာဂါမ်

ရဟန္တာများကို အသိခက်လှသဖြင့်၊ အရှင်ဝိဇ္ဇောလဝတ္ထု၌ ပြခဲ့သော ဝါသနာသဘောများကိုလည်း သတိထားအပ်ပေသည်။

သာဓကဝတ္ထုအားဖြင့်ကား၊ မာဂဏ္ဍီ၏ ဂုံးတိုက်ခြင်းဖြင့်၊ ဥတေန မင်းက လေးနှင့်ပစ်ရာ၊ သာမာဝတီမိဖုယားကြီး၏ မေတ္တာစိတ်သဘော ထားသကဲ့သို့ရှင်း၊ သောတာပန်ဥတ္တရာအား သိရိမာပြည့်တန်ဆာမက၊ ဆီပူနှင့်လောင်းရာ၌ ဥတ္တရာ၏ မေတ္တာစိတ်ထား သကဲ့သို့ရှင်း၊ အရိယာ တို့၏စိတ်သဘောများကို ထင်ရှားသိရှိအပ်ပေသည်။

ဤသဘောများကို၊သူတပါးက သိနိုင်သည်မဟုတ်၊ ယခုအခါ နည်း လမ်းမှန်သော ဝိပဿနာအလုပ်ကို၊ အားထုတ်ကြသော ယောဂီပုဂ္ဂိုလ် တို့၊ မဂ်ဖိုလ်ကိုရပြီဟု ထင်မှတ်ယုံကြည်လျှင်၊ အထက်ကပြခဲ့သော အရိယာတို့၏ စိတ်သဘောထားများနှင့် နှိုင်းယှဉ်၍၊ဟုတ် မဟုတ် သိမြင် နိုင်ရန်ဖြစ်ပေသည်။

အထူးမှာ သိက္ခာကာမ ကုလအာစာရ ဖြစ်ကြသော၊ အချို့ပုထုဇန် တို့သည်လည်း၊ မိမိ၏အကျင့် သီလနှင့်စပ်၍ အသက် အသေခံခြင်း၊ သူတပါးတို့က မတရားသဖြင့် နှိပ်စက်ခြင်းများကိုအစားချေခြင်းမပြုရန် သည်းခံခြင်းတရားရှိတတ်လေ၏။

သို့သော်၊သူတပါးတို့ သိလောက်အောင် ကိုယ်ဖြင့်ပြုလုပ်ခြင်း၊ နှုတ် ဖြင့် ပြောဆိုခြင်း မရှိသော်လည်း၊စိတ်ထဲတွင်မဖြစ်ဟု အမှန်မဆိုနိုင်ပေ။ ထို့ကြောင့်၊ ဤကဲ့သို့သော စိတ်နေသဘောထားများကို ထောက်ချင့်၍၊ တရားမှန် တရားမှားဟုစဉ်းစားပြီး၊မိမိကိုယ် မိမိသိသင့်ပေ၏။

သဘောမှာ၊ အရိယာမှန်လျှင် အဟုတ်တကယ်၊ ခဲယဉ်းကျဉ်းကြပ် သော အရေးကြီးများနှင့် ကြုံစေကာမူ၊ အကျင့်သီလကို မဖျက်မစွန့်ဘဲ၊ အသက်ကိုစွန့်ရဲလေ၏။ပုထုဇန်တို့မှာ၊ ဤကဲ့သို့ အရေးကြီးများနှင့် ကြုံ သောအခါ၊ လုံခြုံရန် ခဲယဉ်းပေ၏။ကိုယ်၊နှုတ် လုံသော်လည်း၊ စိတ်လုံ ရန်မှာ မဖြစ်နိုင်ပေ။

ဤနေရာ၌ သောတာပန်ပုဂ္ဂိုလ်များတို့၊ ပုထုဇန်တို့ထက် ထူးခြားစွာ စိတ်သဘော ထားနိုင်ပုံမှာ၊ သောတာပန်သည် မဂ်ဉာဏ်ကို ရသည်နှင့် တပြိုင်နက်၊ သူ့အသက်သတ်ခြင်းစသောမကောင်းမှုများကို၊ အရိယာတို့ ပြုလုပ်ခြင်းမရှိ၊ ထိုအမှုများ ပြတ်ကင်းသောကြောင့်၊ အပါယ်သို့ ကျ ရောက်ခြင်းမဖြစ်ဘဲ၊ သုဂတိဘဝ၌သာ မြဲသောအလားရှိတော့သည်ဟု၊ ဉာဏ်အား ထင်ထင်သိမြင်၍ လာလေတော့သည်။

ထို့ကြောင့်၊စားရေးသောက်ရေး နေထိုင်ရေး၊ ဝတ်ဆင်ရေးစသော လောကီပစ္စည်းတို့၊ ကုသိုလ်ကံ အားနည်းခိုက်ကြုံသဖြင့်၊ မလုံမလောက်နှင့် ကသိကအောက်ဖြစ်စေကာမူ၊ညည်းညူစိတ်ဝမ်း ပင်ပန်းခြင်းမရှိဘဲ၊ ထူးကဲမြင့်မြတ်သော၊ တမလွန်အကျိုးများကို သိစွမ်းလေ၍၊ ရွှင်လန်းစွာ နေနိုင်ပေ၏။

ဥပမာအားဖြင့်၊ လာဘ်လာဘနည်းပါးလျက်၊ ငှက်ဖျားရောဂါများ သောနယ်စွန်နယ်ဖျား၌နေရသည့်၊အမှုထမ်းသား တယောက်ကို၊လာဘ် လာဘများ၍ ရောဂါနည်းပါးသော မြို့များသို့၊ ရွှေ့ပြောင်း ရမည်ဟု အထက်မှ အမိန့်လာလေ၏။ ထိုအခါ ပြင်ဆင်ခြင်း ရွှေ့ပြောင်းရခြင်း ဒုက္ခ၊အနည်းငယ်များသော်လည်း၊ ဆင်းရဲပင်ပန်းသည်ဟု မရေတွက် မမှတ်သားနိုင်တော့ဘဲ၊လွန်ကဲစွာ ရွှင်လန်းဝမ်းမြောက်ခြင်း ဖြစ်သကဲ့ သို့။ ထို့အတူ၊ဥပမေယျ သဘောသွားကို၊ မှတ်သားသိရှိ အပ်ပေသည်။ ဤကား၊မိမိကိုယ်ကို အရိယာဟုသိနိုင်ရန်သဘောပေတည်း။

သူတပါးတို့က သိနိုင်ရန်မှာ၊ အရှင်မဟာကဿပ မထေရ်ကြီး၏ ကပ္ပိယကဲ့သို့သောသူများမှာ၊ လုံးလုံးပင် မသိနိုင်ကြပေ။ ပုထုဇန်ပင် ဖြစ်သော်လည်း၊ အရှင်သာရိပုတ္တရာအလောင်း ဥပတိဿကဲ့သို့၊ ပါရမီ ဓာတ်ခံ ပဋိဘာန်ဖြင့် စဉ်းစားဉာဏ်ရှိသောသူတို့မှာ၊ရှင်အဿဇိ၏ ကိုယ် အမူအရာကို မြင်ရုံနှင့်၊ ထိုသူ၌ တရားထူး ရှိသည်ဟု ဆင်ခြင်သိရှိနိုင် သကဲ့သို့၊ စဉ်းစားဉာဏ်ဖြင့် တွေးတောသိရှိလေသည်။

ဂုဏ်ပြင် ဗိမ္ဗိသာရမင်းကြီးကဲ့သို့၊ ကိုယ်ကတရားကို အမှန်သိပြီးဖြစ် လျှင်၊ ခေမာဓိဖုယား၏ သွားလာသော ကိုယ်အမူရာမြင်ရုံနှင့်၊ အရိယာ ဖြစ်လာပြီဟု မုချအမှန်သိရှိ ပြောကြားနိုင်သကဲ့သို့။ကိုယ်က တရားလမ်း မှန်ကိုကျင့်၍၊အရိယာဖြစ်မှသာလျှင် သောတာပန်ပုဂ္ဂိုလ်တို့၏၊ သွားလာ လုပ်ကိုင်သော ကိုယ်အမူရာကိုမြင်ရုံနှင့်၊ ဤသူကား၊ အရိယာပုဂ္ဂိုလ် ဟု၊ မုချအမှန်သိရှိပြောဆိုနိုင်လေသည်။ ဤကား၊ သူတပါးက အရိယာ ဟု သိနိုင်ရန်သဘောတည်း။

အရိယာသောတာပန်ဟု သိနိုင်ရန် ပြဆိုခြင်းပြီး၏။

## အရိယာ နှစ်မျိုးပြားသည်ကို မှတ်သားရန် ပြဆိုခြင်း

**ဣမာသံ အာဝုသော စတုန္နံ ပဋိပဒါနံ ကတမန္တေ ပဋိပဒံ အာဂမ္မ အနုပါဒါယ အာသဝေဟိ စိတ္တံ ဝိမုတ္တံ။**

အာဝုသော၊ ငါ့ရှင်မောဂ္ဂလာန်။ စတုန္နံ၊ လေးပါးကုန်သော။ ဣမာသံပဋိပဒါနံ၊ ဤအကျင့်တရားတို့တွင်။ ကတမံ ပဋိပဒံ၊ အဘယ်ပဋိပဒါအကျင့်ကို။ အာဂမ္မ၊ စွဲ၍။ တေ၊ သင်၏။ စိတ္တံ၊ စိတ်သည်။ အာသဝေဟိ၊ အာသဝေါတရားတို့မှ။ အနုပါဒါယ၊ မစွဲလမ်းမူ၍။ ဝိမုတ္တံ၊ ကင်းလွတ်ပေသနည်း။

ဤသို့ အရှင်သာရိပုတ္တရာမထေရ်က မေးတော်မူ၍ အရှင်မောဂ္ဂလာန်သည် မိမိရသောမဂ်ဖိုလ်၏ ပဋိပဒါအကျင့်တို့ကို၊ သိမြင်သည့်အတိုင်း မမှားမယွင်းစေဘဲ၊ ရှင်းလင်းစွာလျှောက်ထားလေ၏။

**ဣမာသံ အာဝုသော စတုန္နံ ပဋိပဒါနံ ယာယံ ပဋိပဒါ ဒုက္ခာ ခိပ္ပါဘိညာ ဣမံ ပဋိပဒံ အာဂမ္မ အနုပါဒါယ အာသဝေဟိ စိတ္တံ ဝိမုတ္တံ။**

အာဝုသော၊ ငါ့ရှင်သာရိပုတ္တရာ။ စတုန္နံ၊ လေးပါးကုန်သော။ ဣမာသံ ပဋိပဒါနံ၊ ဤအကျင့်တရားတို့တွင်။ ယာယံ ပဋိပဒါ၊ အကြင်အကျင့်ပဋိပဒါသည်။ ဒုက္ခာ၊ ဆင်းရဲပင်ပန်း၏။ ခိပ္ပါဘိညာ၊ လျင်မြန်သော အသိဉာဏ်ရှိ၏။ ဣမံ ပဋိပဒံ၊ ဤဆင်းရဲပင်ပန်းစွာကျင့်ရ၍ လျင်မြန်သော အသိဉာဏ်ရှိသော ပဋိပဒါကို။ အာဂမ္မ၊ စွဲ၍။ မေ၊ ငါ၏။ စိတ္တံ၊ စိတ်သည် အာသဝေဟိ၊ အာသဝေါတရားတို့မှ။ အနုပါဒါယ၊ မစွဲလမ်းမူ၍။ ဝိမုတ္တံ၊ ကင်းလွတ်ရပါ၏။

ဤသို့လျှောက်ထားပြီးလျှင်၊ တဖန်ရှင်မောဂ္ဂလာန်က မေးတော်မူပြန်ရာ။ အရှင်သာရိပုတ္တရာသည် မိမိရသောမဂ်ဖိုလ်မှာ၊ သုခပဋိပဒါ ခိပ္ပါဘိညာ ဖြစ်ကြောင်းနှင့် လျှောက်ထားလေသည်။

ယခုပြဆိုခဲ့သော ကျမ်းဂန်စကားနှင့် ဝတ္ထုများကို ထောက်ထား၍၊ အရိယာပုဂ္ဂိုလ်မှန်လျှင် မိမိရသောမဂ်ဖိုလ်၊ ကျင့်ရသောပဋိပဒါ၊ ပယ်ပြီး, မပယ်သေးသော ကိလေသာတို့ကို သိနှုံပိုင်းခြား၍၊ ရှင်းလင်းစွာ ပြောကြားတက်ရသည်ဟု ထင်မှတ်ရန်ရှိနေပေသည်။

ဤနေရာ၌ အဓိပ္ပါယ်သဘောကို ရှင်းလင်းရန်မှာ၊ အရိယာသည် ပစ္စဝေက္ခဏာဝီထိစုံသောအရိယာ၊ ပစ္စဝေက္ခဏာဝီထိမစုံသော အရိယာ ဟူ၍ရှင်း၊ တဖန် ဒေသနာပရိယတ် ကျမ်းဂန်တတ်သော ဗဟုသုတ

အရိယာ၊ ဒေသနာပရိယတ် ကျမ်းဂန်မတတ်သော အပ္ပသုတအရိယာ ဟူ၍ငင်း။ ၂-မျိုး ၂-စားရှိပေ၏။

ထိုနှစ်မျိုးတို့တွင်၊ ပစ္စဝေက္ခဏာမစုံသော အရိယာတို့သည်၊ပယ်ပြီး မပယ်သေးသော ကိလေသာ တို့ကို၊ ဆင်ခြင်ခွင့်မရ၍ မသိကြပေ။ ပစ္စဝေက္ခဏာစုံသော အရိယာတို့မှသာလျှင်၊ဆင်ခြင်ခွင့်ကိုရ၍သိနိုင်ကြ လေသည်။

**ဟီနေကိလေသေ သေသေစ၊ ပစ္စဝေက္ခတိ ဝါ န ဝါ၊** (သင်္ဂြိုဟ်)

ပဏ္ဍိတော၊ အရိယာပညာရှိသည်။ ဟီနေ ကိလေသေစ၊ မဂ်ဖြင့် ပယ်ပြီးသော ကိလေသာတို့ကိုငင်း။သေသေ ကိလေသေစ၊ကြွင်းသော ကိလေသာတို့ကိုငင်း။ပစ္စဝေက္ခတိ ဝါ၊ဆင်ခြင်မိသည်လည်းရှိ၏။ န ဝါ ပစ္စဝေက္ခတိ၊မဆင်ခြင်မိသည်လည်းရှိ၏။

ဤသို့သောသင်္ဂြိုဟ်စကားအရကို ဋီကာကျော်၌၊မဟာနာမ် သာကီ ဝင်မင်း၏ ဝတ္ထုဖြင့် ဘွင့်ပြလေ၏။သို့သော်၊ပစ္စဝေက္ခဏာမစုံ၍ပယ်ပြီး, မပယ်သေးသော ကိလေသာကို မသိ၍၊ယုံမှားသဖြင့် မြတ်စွာဘုရားအား လျှောက်ထားလေသည်။

တဖန် ပစ္စဝေက္ခဏာဝီထိစုံ၍ မိမိပင်သိသော်လည်း၊ပရိယတ်မတတ် ပညတ်နားမလည်ပါလျှင်၊သူတပါးတို့အား သိမြင်အောင် မပြောကြား တတ်ပေ။ အကယ်၍ သိသလောက်ကို ပြောကြားစေကာမူ၊ ဒေသနာမျှ လောက်တတ်သူတို့သဘောမကျ မယုံကြည်နိုင်ပေ။ဤအရာ၌၊မဟာနာဂ နှင့် ဓမ္မဒိန္နတို့၏ ဝတ္ထုကို သတိပြုပါလျှင်၊ လွန်စွာ ထင်ရှားပေလိမ့်မည်။

ထိုအရာမျိုးကို ပစ္စဝေက္ခဏာဝီထိစုံလင်၍၊ပရိယတ်ကျမ်းကျင်သော အရိယာတို့မှသာလျှင်၊ မိမိလည်းသိမြင်၍ သူတပါး၏ ဉာဏ်၌ထင်မြင် အောင် ပညတ်တင်ပြီး ဟောပြောတတ်လေသည်။

အရှင် သာရိပုတ္တရာ အရှင် မောဂ္ဂလာန်တို့မှာမူကား၊ အခြားသော သာဝကများနှင့် မတူတန်၊ ပါရမီဉာဏ်ကြီးမားလှသော အဂ္ဂသာဝက ကြီးများဖြစ်ကြ၍၊ သာမညသာဝကတို့နှင့် မနှိုင်းယှဉ်သင့်ပေ။

ထို့ကြောင့်၊အကျင့်ပဋိပတ္တိ မဂ် ဝိမောက္ခ ပယ်ပြီး,မပယ်သေး ကိလေ သာတို့ကို ရှင်းလင်းစွာ မပြောတတ်ရုံမျှနှင့် အရိယာမဟုတ်နိုင်ဟု မြဲခိုင် သောအယူကို မထားကြဘဲ၊ သဘာဝတရား၏ အမှန် အမှား ကိုသာ စဉ်းစားသောဆင်ခြင်ဉာဏ်ဖြင့် ယုံကြည်ရန်သင့်လှပေသတည်း။

အရိယာ ၂-နှစ်မျိုး ပြားသည်ကို ပြဆိုခြင်းပြီး၏။

## ရဟန္တာလေးပါးတို့ ယုံမှားခြင်းဖြစ်ဟန်ကို ပြဆိုခြင်း

မြတ်စွာဘုရားသည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ်၊ ရဟန်းလေးပါးတို့ တရားကိုနာယူပြီး အားထုတ်ကြရာ၊ တပါးမှာ ဖဿာယတန ခြောက်ပါးဖြင့်၊ ဉာဏ်အား ပေါ်ပေါက်၍၊ ရဟန္တာအဖြစ်သို့ရောက်လေ၏။

ငင်းနောက်၊ တပါးမှာ ခန္ဓာ ၅-ပါး၊တပါးမှာ မဟာဘုတ်လေးပါး၊ တပါးမှာ ဓာတ် ၁၈-ပါးဖြင့် ဉာဏ်ပေါ်ပေါက်၍၊ ရဟန္တာ အဖြစ်သို့ အသီးအသီးရောက်ကြရာ၊ တပါးနှင့် တပါးမတူကြဘဲ၊ ကွဲလွဲထူးခြားကြလေ၏။

ထိုရဟန္တာလေးပါးတို့သည်၊ တရံသောအခါ၌ တွေ့ဆုံ၍၊ မဂ်ဖိုလ်ရောက်ပုံ မေးမြန်းကြရာ၊တလမ်း တမျိုးစီဖြစ်နေသဖြင့်၊သင့်တင့်ညီညွတ်ရန် မယူဆနိုင်ကြ၍၊ သဘာဝတရား ကွဲပြားအောင်၊ မြတ်စွာဘုရားအား လျှောက်ထားကြလေသည်။

ထိုအခါမြတ်စွာဘုရားသည်၊ချစ်သားရဟန်းများတို့၊ ရှေးလွန်လေပြီးသောအခါ၊ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းကြီး၌ သားလေးယောက်ရှိသည့်တွင်၊တယောက်မှာမီးလောင်ပြီးစ ပေါက်ပင်ကိုမြင်၍၊တယောက်မှာ ပွင့်ချိန်တွင်တွေ့မြင်သဖြင့်၊တယောက်မှာ သီးချိန်တွင် မြင်လျက်၊တယောက်မှာ အရွက်တိုးပွားချိန်တွင်တွေ့မြင်လေ၏။

ထိုမင်းသားတို့သည် အခါတပါး၌တွေ့ဆုံ၍၊ ပေါက်ပင်ချင်း မတူပုံနှင့် ငြင်းခုံပြောကြားပြီး၊ မင်းကြီးအား သံတော်ဦးတင်လေလျှင်၊ပေါက်ပင်၏အရေး၌ ရထားထိန်းကိုမမေး၍၊ ရှုပ်ထွေးပြီး တမျိုးစီ ထင်ရ၏။ သင်တို့မြင်သောပေါက်ပင်သည်၊ အစဉ်အလာ အခါအချိန်ကွဲလွဲ၍၊အနန္တပုံသဏ္ဌာန်ထင်သော်လည်း၊ တပင်တည်းဖြစ်ကြောင်းများကို မိန့်ကြားတော်မူဘူးလေသည်။

အို့ချစ်သားရဟန်းတို့၊ ရှေးအခါ မင်းသား ၄-ယောက်တို့သည်၊ယခုအခါ သင်ချစ်သားတို့ဖြစ်ကြကုန်၏။ ရှေးအခါ တခုတည်းသောပေါက်ပင်၌၊ ကွဲပြားသည်ဟု မှတ်ထင်ကြကုန်၏။ယခုအခါ တရားသဘောတခုတည်း၌၊အသီးအသီးကွဲသည်ဟု ထင်ကြလေကုန်၏။ရှေးအခါ ဗြဟ္မဒတ်မင်းကြီး မိန့်ကြားသကဲ့သို့၊ ယခုအခါ ငါဘုရားဟောကြားပေ၏ဟု၊ အတိတ်ကိုဆောင်တော်မူသည်။

**ဝေံ သဗ္ဗေဟိဥာဏေဟိ ယေသံ ဓမ္မာ အဇာနိတာ တေ ဝေ ဓမ္မေသု ကင်္ခန္တိ ကိံသုကသ္မိံဝ ဘာတရော။** (ကိံသုကဇာတ်)

ဘိက္ခဝေ၊ ချစ်သားရဟန်းများတို့။ဘာတရော၊ ဗြဟ္မဒတ်မင်းသား ညီနောင်လေးပါးတို့သည်။ ကိံသုကသ္မိံ၊ တခုတည်းသော ပေါက်ပင်၌။ ကင်္ခန္တိ ဣဝ၊မတူကွဲပြားသည်ဟု ယုံမှားကြကုန်သကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ ယေသံ၊ဒေသနာဉာဏ်မပါ အကြွင်အရိယာတို့သည်။ သဗ္ဗေဟိ ဉာဏေဟိ၊ ပရိယတ်မွေကျွန် အလုံးစုံသောဉာဏ်တို့ဖြင့်။ ဓမ္မာ၊ခန္ဓာ, အာယတန, ဓာတ်,ပဋိစ္စသမုပ္ပါဒ်စသောတရားတို့ကို။ အဇာနိတာ၊ မသိကြသေကုန်။ တေ၊ ထိုပရိယတ်ဉာဏ်မပါသော ရဟန္တာတို့သည်။ ဝေ-ဧကန္တေန၊ မုချစင်စစ်အားဖြင့်။ ဓမ္မေသု၊ ပညတ်အမည်ကွဲပြားသော ပရမတ်တရားတို့၌။ ကင်္ခန္တိ၊ တွေးတော ယုံမှားကြသေကုန် သတည်း။

ဤသို့ဟောကြားတော်မူသော၊ ဒေသနာဝတ္ထုသွားအရ၊ဘုရားရှင် ရှိစဉ်အခါတွင်၊ ရဟန္တာကြီးပင်လျှင် ဒေသနာမတတ်၊ပညတ်နားမလည်က ပရိယာယ်အခေါ်ကိုမသိ၍၊ယုံမှားခြင်း ဖြစ်ကြသေးသဖြင့်၊ယခုအခါ စာမတတ်ဘဲ အရိယာဖြစ်ကြသော ပုဂ္ဂိုလ်မြတ်တို့မှာ၊ ပြောဘွယ်ရာမရှိသောကြောင့်၊ သူတပါးတို့သိအောင် မပြောဆိုတတ်ပေ။

ထိုကဲ့သို့ နိဗ္ဗာန်မြင်ပုံခြင်းမတူသည်မှာ၊ သဘာဝတရား၌အမည်များပြားသောကြောင့်ဖြစ်၍၊ လက္ခဏာရေးအခန်းတွင်ပြခဲ့သော အစဉ်ကို ဆင်ခြင်က၊သိမြင်ယုံကြည်သင့်လှပေ၏။သို့သော်၊ယခုလိုနိဗ္ဗာန်မြင်ပုံကွဲပြားသဖြင့်၊ အားထုတ်ရန် နည်းလမ်းမှာ၊ဧကာယနော စသည်ဖြင့် ဟောတော်မူသောကြောင့်၊ တလမ်းတည်းဟု မှတ်ယူအပ်ပေ၏။

ဥပမာအားဖြင့် လမ်းတခုတည်းပင်၊ နန်းတွင်းသို့ဝင်သော လူများစွာတွင်၊ အချို့မှာ နန်းတော်ကိုမြင်၍၊ အချို့မှာ ပြအိုးကိုမြင်၊ အချို့မှာ မျှော်စင်ကိုမြင်၊ အချို့မှာ ဗဟိုစင်ကိုမြင် စသည်ဖြင့်၊ အမျိုးမျိုးပင် တွေ့ကြရာ၏။

ထိုလူများတွင်၊ နန်းတွင်းရှိထင်ရှားသော ဝတ္ထု၊ တခုခုကို ပြောနိုင်လျှင်၊ အမှန်ရောက်သည်မည်၏။ အကုန်ပြောနိုင်မှ ရောက်သည်ဟု မယူသင့်ပေ။ထို့အတူ နိဗ္ဗာန်နှင့်စပ်သော ဓမ္မသဘာဝ တခုခုကိုပြောနိုင်လျှင်၊ အမှန်ပင် နိဗ္ဗာန်ရောက်သည်ဟု မှတ်အပ်ပေ၏။

တဖန် ပြောတတ်မှုဆိုရာ၌၊နန်းတွင်းကို အမှန်ရောက်လျက်၊နန်းတွင်းရှိအထည်ဝတ္ထုတို့ အမည်ကိုမသိက၊ အမည်ကိုထည့်၍ မပြောတတ်ဘဲ၊

အံ့ဘွယ်သရဲဖြစ်သော အခြင်းအရာကိုသာ ပြောတတ်သကဲ့သို့။ ထို့အတူ၊ ဒေသနာကျမ်းဂန်မတတ်က၊ ဓမ္မသဘာဝကို ပညတ်တင်၍မပြောကြားတတ်ဘဲ၊ ထူးခြားကြီးမားသော အံ့သြဘွယ်ဂုဏ်များကိုသာ၊ ဉာဏ်အားထင်သည့်အတိုင်း ပြောကြားတတ်ပေသည်။

ထို့ကြောင့်၊ဒေသနာမတတ်သော အရိယာသူမြတ်တို့ကို၊ဘယ်ပဋိပဒါနှင့် ကျင့်ရသနည်း၊ဘယ်ရှုရကို အမှုးပြုသနည်း၊ဘယ်ဝိမောက္ခဖြင့် ထွက်မြောက်သနည်း၊ ဘယ်ကိလေသာသယ်၍ ဘယ်ကိလေသာ ကြွင်းကျန်သနည်း၊ ဤသို့စသည်ဖြင့်မေးသော် မပြောတတ်ပေ။

သဘောမှာ၊ ကျမ်းဂန်ကြီးကို မသင်ဘူး၊ အဘော်အတန် သင်ဘူးသော်လည်း၊ ဒေသနာအစဉ်ကို ဉာဏ်မထင်၍၊ သိမြင်အောင် မပြောတတ်ရုံမျှနှင့် မဟုတ်မဟုတ် ရောက်တတ်ရာပြောဆို၊ အရူးလိုဘဲစသည်ဖြင့်၊ စွပ်စွဲ ရှုံ့မဲ့ ကဲ့ရဲ့ပြစ်တင်ခြင်းပြုပါလျှင်၊ **သူနိုးက လူလူဟစ် ညစ်ပေ့သူနိုး** ဆိုဘိသကဲ့သို့ ဇောက်ထိုး ပြောင်းပြန်ဖြစ်နေ၍၊ အရိယူပဝါဒကံကိုပင် စိုးရိမ်ဖွယ်ကောင်းလှပေသတည်း။

ရဟန္တာလေးပါးတို့ ယုံမှားခြင်းဖြစ်ဟန်ကို ပြဆိုခြင်းပြီး၏။

---

## လမ်းမှန်နှင့် လမ်းမှား၏ခြားနားပုံကိုပြဆိုခြင်း

**အထခေါ အာယသ္မာ အညာသိကောဏ္ဍညော ဒိဋ္ဌဓမ္မော ပတ္တဓမ္မော ဝိဒိတဓမ္မော ပရိယောဂါဠှဓမ္မော တိဏ္ဏဝိစိကိစ္ဆော ဝိဂတကထံကထော ဝေသာရဇ္ဇပ္ပတ္တော အပရပ္ပစ္စယော သတ္ထုသာသနေ။**

(ဓမ္မစက္ကပဝတ္တနသုတ်)

အထခေါ၊ ဓမ္မစကြာတရားကိုနာကြားပြီးသောထိုအခါ၌။အာယသ္မာ၊ သက်တော်ရှည်သော။ အညာသိ ကောဏ္ဍညော၊ အညာသိ ကောဏ္ဍညသည်။ သတ္ထုသာသနေ၊ မြတ်စွာဘုရား ဆုံးမသော သာသနာ၌။ ဒိဋ္ဌဓမ္မော၊ မြင်အပ်သောတရားရှိ၏။ ပတ္တဓမ္မော၊ ရောက်အပ်သောတရားရှိ၏။ ဝိဒိတဓမ္မော၊ သိအပ်သောတရားရှိ၏။ပရိယောဂါဠှဓမ္မော၊သက်ဝင်အပ်သောတရားရှိ၏။ တိဏ္ဏဝိစိကိစ္ဆော၊ ယုံမှားခြင်းမှ လွန်မြောက်၏။ ဝိဂတ ကထံကထော၊ သို့လောသို့လော တွေးတောခြင်းမှကင်း၏။ ဝေသာရဇ္ဇပ္ပတ္တော၊ ပရိသတ်အလယ်၌ တင့်တယ်ရဲရင့်ခြင်း အဖြစ်သို့ ရောက်၏။ အပရပ္ပစ္စယော၊ သူတပါးပြောကြားခြင်းမရှိ ကိုယ်တိုင်ထိုးထွင်း၍သိမြင်၏။

ဤဒေသနာအရ၊အရိယာသောတာပန် ဖြစ်ကြသောသူတို့၏သဏ္ဍာန်၌၊အမှန်ရှိသည်မှာ လွန်စွာမှထင်ရှားလှသဖြင့်။စာကိုဖတ်ရုံမျှနှင့်ပင် သိနိုင်ကြပေ၏။ သို့သော်၊ ဒေသနာသိမ္မသာ ဖြစ်၍၊ သဘာဝကိုသိရန်မှာ၊ အမှန်ပင် ခဲယဉ်းကြသဖြင့်၊ ဝေသာရဇ္ဇ-ဟူသော ပုဒ်အရကို အနည်းငယ် ရှင်းလင်း၍ပြဆိုပေအံ့။

ပရိသတ်အလယ်၌ တင့်တယ်ရဲရင့်ခြင်းသဘောမှာ၊အားထုတ်သောနည်းလမ်းမှန်၍၊ ပရမတ် ရုပ်နာမ်မျှကွဲလျှင်ပင်၊ ယထာဘူတ သဘောကိုသိမြင်၍၊ရှေးအခါတွင် တရားနှင့်စပ်ယှဉ်ပြီး၊ကြောက်ရွံ့နေရသောဆရာသမားများကိုပင်၊ ရဲရင့်ခြင်းဉာဏ်ထင်လာ၏။

ရဲရင့်ခြင်း ဉာဏ်ထင်ပုံမှာ၊အားထုတ်သော တရားနည်းလမ်းမမှန်၍၊ ပရမတ် ရုပ်နာမ်မျှ မကွဲသေးသောအခါ၊ ဂုဏ်သတင်းကြီးမားသော ဆရာများကိုဆည်းကပ်ပြီး၊ ရင်းရင်းချာချာနေသော တပည့်ဒါယကာများသည်၊ မိမိတို့၏ဆရာအား တရားနှင့်စပ်၍ သိမှတ်လိုသော၊ အချက်များကို လျှောက်ထားမေးမြန်းတတ်လေ၏။

ထိုအခါ ဆရာသမားက ဖြေကြားပါလျှင်၊ စိတ်၌ပင် သဘောမကျ၊ မကျေနပ်သော်လည်း နောက်ထပ်၍မပြောဝံ့ဘဲ၊ကြောက်ရွံ့သောစိတ်များဖြစ်တတ်လေ၏။ ၎င်းသဘောမျိုးမှာ၊ ဆရာကဂုဏ်သတင်းကြီးမား၍၊ တပည့်ဒကာတို့က ကျမ်းဂန်ဗဟုသုတနည်းပါးရတို့၌၊ သာ၍ပင် သိသာထင်ရှား၏။ဗဟုသုတ ကျမ်းဂန်ဉာဏ်ရှိသူတို့မှာ၊ များစွာကြောက်ရွံ့ခြင်းမရှိလှပေ။

အားထုတ်သော တရားလမ်းမှန်၍၊ပရမတ် နာမ်ရုပ်မျှကွဲလျှင်၊မခံချင်ဘဲ ထင်မြင်သိသာအောင် ပြောလို၏။အခါနှင့် ပရိသတ်စသည်တို့အခွင့်မသင့်လှ၍ မပြောရသော်လည်း၊ စိတ်ထဲကမူ ကြောက်ရွံ့ခြင်း ကင်းပလျက်၊ရှေးကလို လောကီဂုဏ်ကို မထောက်ချင့်ဘဲ၊ ရဲရင့်ခြင်းများ ရှိတတ်လေ၏။ဤသို့တရားလမ်းမှန်နှင့် တရားလမ်းမှားတို့၏သဘော ခြားနားကြလေသည်။

တဖန်၊ ထိုကဲ့သို့ တရားလမ်းမှန်သို့ မရောက်သေးပါလျှင်၊ လောကတွင် ဂုဏ်သတင်းကြီးမားသော၊ အမည်ကျော်ကြားသည်ထက်၊ ကျော်ကြားသူများသို့ ရွှေ့ပြောင်းခြင်း။ လောကဂုဏ် မထင်ရှားသော်လည်း၊ တရားနည်းလမ်း ထူးဆန်းသည်ဟု သတင်းကြားတိုင်း၊ ရွှေ့ပြောင်းခြင်း

ဖြစ်၍ ဆရာရှာရခြင်း၊တရားနည်းလမ်း ရှာရခြင်းပင်လျှင်၊ အဆုံးမသတ် အောင် ဖြစ်နေပေသည်။

အားထုတ်သော တရားနည်းလမ်းမှန်၍၊ ပရမတ် ရုပ်နာမ်ကွဲလျှင်၊ဤ သာသနာတော်တွင် ဤဆရာ ဤတရားမှန်ပေပြီ၊ ဤထက်မှန်သော ဆရာ နှင့်တရားများ မရှိတော့ပြီဟု၊ ယုံကြည်နိုင်သော စိတ်များ ဖြစ်ပေါ်လာ သဖြင့်၊ဆရာရှာရန် တရားရှာရန်ကိစ္စများ ပြီးဆုံး၍သွားလေတော့၏။ ဤ ကား၊ အမှန်အမှား ခြားနားရာ၌၊ဒိဋ္ဌဓမ္မော–စသောပုဒ်တို့၏ အကျဉ်းချုပ် သဘောပေတည်း။

သူတော်ကောင်းတရား ၇–ပါးသည်၊ အရိယာပုဂ္ဂိုလ်တို့၌ အမှန်ရှိ သည်မှာ၊ပညာရှိ၍ အရာရာ၌လိမ္မာခြင်း ဗဟုသုတရှိခြင်းဟူသည်၊ကျမ်း ဂန်သင်ကြားဘူးသည်ကို မယူအပ်၊ ပရမတ်အရာနှင့်စပ်၍ လိမ္မာခြင်း၊ အကြားအမြင်များခြင်းမျိုးကိုသာ ယူအပ်၏။ ၎င်းတို့ကိုပင် အထက် တွင် ပြခဲ့သော၊ ဒိဋ္ဌဓမ္မော–စသောပုဒ်တို့၌၊ ထိုက်သည် အားလျော်စွာ သွင်းရလေသည်။

ဤအရာတို့တွင်၊ အပြောအဆို လိမ္မာပုံမှာ၊ ကပ္ပိယ ဒကာကြီးက ရဟန္တာနှင့်စပ်၍လျှောက်ရာ၊အရှင်မဟာကဿပ မထေရ်မြတ်ကြီး ဖြေ အပ်သောစကား။ မာတိကာ ဒကာမကြီးကို၊ ရဟန်းတပါးက အရိယာ ထင်သည်ဟု ပြောရာ၊အဘိညာဏ် ရသောသူတို့သာသိအပ်၏ဟု၊ဒကာ မကြီးလျှောက်ထားသောစကား။ ဤသို့စသည်များကို ထောက်ထား၍၊ လိမ္မာပုံသဘောကို မှတ်သားသိရှိအပ်ပေ၏။

ယခုအခါ၊ ဤကျမ်း၌ ပြဆိုသောနည်းလမ်းအရ၊ တရားကိုအားထုတ် ကြသောသူတို့တွင်၊စာပေမတတ် စကားကိုမျှ ပွင့်ပွင့်လင်းလင်း မပြော တတ်သော၊ ရှမ်းလူမျိုး ဒါယကာတယောက်ကို၊ စာပေတတ်၍ တရား အားထုတ်ဘူးသူဆိုသော ဆရာကြီးက၊သင်တို့ တရားအောင်မြင်သူများ၊ တဦးနှင့်တဦး မတူကြဘူးဆိုတာ၊ဘယ်လိုကြောင့်လဲဟု မေးရာ၊ဘယ်လို ကြောင့်ရမလဲ မြတ်စွာဘုရား ဟောတော်မူတာက၊ဓမ္မက္ခန္ဓာပေါင်း ရှစ် သောင်းလေးထောင် ရှိတာ၊ ဘာတူနိုင်မလဲဟု ပြန်ပြောသေသည်။

တဖန်၊ ဤကျမ်း၌ပါရှိသော သတိပဋ္ဌာန်နည်းလမ်းအရ၊ ဝိပဿနာ ကမ္မဋ္ဌာန်းတရားကို အားထုတ်၍၊ အလုပ်ကိစ္စအောင်မြင် ထမြောက်၍၊ သင်ပုန်းကြီးမျှလောက် စာသင်ကြားဘူးသည့်၊၁၃–နှစ်ရွယ် ရှိသော သူ

ငယ်မကလေး တယောက်နှင့်၊ အသက် ၆၀-ခန့်ရှိသော ကျမ်းဂန်တတ် ဆရာကြီးတို့၊ အလှူအိမ်တခုတွင် တွေ့ဆုံကြလေ၏။

ထိုအခါ၊ ကျမ်းဂန်တတ် ဆရာကြီးက၊ သတိပဋ္ဌာန် နည်းလမ်းအရဖြင့် ပြဆိုသော၊ ဤကျမ်း၌ပါရှိသည့် ဝိပဿနာကမ္မဋ္ဌာန်း၊ အဓိပ္ပါယ်သဘောအတိုင်း အားထုတ်သောသူများကို၊ မှားယွင်းသည်ဟု နှလုံးသွင်း၍၊ ပရိသတ်အလယ်တွင် ဝိပဿနာအလုပ် အောင်မြင်သည်ဆိုကျော်၊ ဤမျှလောက် ရွှေ၊ ငွေ၊ ပိန်၊ ကျောက်တွေကို၊ ဝတ်ဆင်ရသေးသလားဟု သူငယ်မကလေးအား၊ ပြောင်လှောင် ပြောကြားလိုက်လေ၏။

ဤသို့ ပြောသောအခါ၊ သောတာပန်ကြီးဖြစ်သော ဝိသာခါကျောင်းအမကြီးပင်လျှင်၊ လှည်းတစီးတိုက် မျှလောက်သော၊ ရွှေ၊ ငွေ၊ စိန်၊ ကျောက်တွေကို ဝတ်သေးတာ၊ ကျွန်မတို့ တခုတန် ကဆောင်မျှလောက်ကို ဝတ်ဆင်နိုင်တာ၊ ပြောစရာ မဟုတ်ပါဘူးဟု၊ ပြန်ကြား ပြေဆိုလိုက်လေသည်။

ထိုကဲ့သို့သော အသက်အရွယ် ပညာများနှင့်၊ ပြောဆိုပုံအဓိပ္ပါယ်သွားကို ထောက်ထား၍၊ တရားမှန်သိသူနှင့် တရားမှန် မသိသေးသူတို့၏ ခြားနားပုံကို၊ ထင်ရှားစွာ သိသင့်ပေ၏။ ယခုလိုအရွယ် ပညာနှင့်မလိုက်အောင်၊ အပြောအဆိုထူးခြားသည်မှာ များစွာပင်ရှိပေသေး၏။ သို့သော် ဤမျှလောက် ပြဆိုလိုက်သဖြင့်၊ ဟုတ်၊ မဟုတ် ထောက်ချင့်၍၊ ကျယ်ဝန်းစွာပင် သိမြင်သင့်လှပေသည်။

ထို့ကြောင့်၊ တရားမှန်ကို သိမြင်ပါလျှင်၊ အနေအထိုင် အသွားအလာ စသည်တို့ သိမ်မွေ့သပ်ယပ်ခြင်း၊ အပြောအဆိုမှာလည်း စာတတ်လျှင် တတ်သည့်အလျောက်၊ စာမတတ်လျှင် မတတ်သည့် အလျောက်၊ အကြောင်းအားလျော်စွာ သာယာပြေပြစ်၊ အဆစ်အချက် လေးနက်ပိုင်ပိုင်နှင့်၊ သူတပါးတို့ မလှန်နိုင်အောင်၊ ရဲရင့်စွာ ဘုံပြန် ပြောကြားတတ်သည်ဟု၊ များသောအားဖြင့် မှတ်သားအပ်ပေသည်။

ဤကား၊ သူတော်ကောင်းတရား ၇-ပါးနှင့် ဝိဋ္ဌမေမ္မာ-စသော ပုဒ်တို့၏ သဘောသွားပါ၊ ပရိသတ်အလယ်၌ တင့်တယ်ရဲရင့်ခြင်း ဝေသာရဇ္ဇ-ပုဒ်၏ သဘောကို၊ အထူးထုတ်နှုတ်၍ ပြဆိုခြင်းပေတည်း။

လမ်းမှန်နှင့် လမ်းမှားတို့၏ ခြားပုံကို ပြဆိုခြင်းပြီး၏။

**သပ္ပုရိသကဏ္ဍ ပြီး၏။**

အထူးထူးသောနည်းလမ်းကို ခွဲခြမ်းပြဆိုရာ

## နာနာနယ-ဘဏ္ဍာ

### လက္ခဏာ ရသ စသည်တို့၏အဓိပ္ပါယ်ကို ပြဆိုခြင်း

ဝိပဿနာအရာ၌၊ လက္ခ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်ဟု ကျမ်းဂန်တို့၌ ဆိုသည်မှာ၊ ပုဂ္ဂိုလ်က ဓမ္မသဘော၏သရုပ်ကိုထုတ်နှုတ်ယူငင်၍ တင်ရမည်မဟုတ်၊ အားထုတ်ရှုမှတ်သော တရားအစဉ်၌ပစ္စုပ္ပန်အင်္ဂါ ၄-ပါး ပါဝင်၍၊ သူ့သဘောအတိုင်း ဉာဏ်တွင်၊ အလိုလို ထင်ခြင်းမျိုးဖြစ်သည်။

ရှုမှတ်ရာတွင် ပါဝင်ပုံအမြွက်မှာ၊ မြင်-မြင်တယ် မှတ်သောအခါ၊ အဆင်းထင်မှ မျက်စိကြည်၏၊ မျက်စိကြည်မှ အဆင်းထင်၏။မျက်စိဖြင့် အဆင်းကိုမြင်ရာ၌၊ မျက်စိ,အဆင်း,မြင်ခြင်း ၃-ပါးတွင်၊မျက်စိ၏လက္ခဏာစသော သဘောတို့ထင်ပုံမှာ၊ အောက်၌ဖော်ပြခဲ့သော အတိုင်းဖြစ်၏။ အဆင်းထင်သောခဏ မျက်စိ၏ကြည်ခြင်းသည်၊မျက်စိ၏ ရုပ္ပနလက္ခဏာမည်၏။ အဆင်း၌မြင်သောစိတ်ကို ဆွဲပို့ခြင်းသည်၊ မျက်စိ၏ ကိစ္စ ပစ္စုပဋ္ဌာန်မည်၏။ကလာပ်တူ ကမ္မဇ မဟာဘုတ်သည်၊မျက်စိ၏ပဒဋ္ဌာန်မည်၏။

အဆင်း၏ လက္ခဏာစသော သဘောတို့၏ထင်ပုံမှာ၊ မျက်စိကြည့်သောခဏ၊ အဆင်း၏ထင်ခြင်းသည်၊ အဆင်း၏ ရုပ္ပနလက္ခဏာမည်၏။ မြင်သောစိတ်၏ အာရုံဖြစ်ခြင်းသည်၊ အဆင်း၏ ကိစ္စမည်၏။ မြင် မြင်တယ် မှတ်သော ယောဂီဉာဏ်မှာ၊အဆင်းပြု လျှင် အပြုထင်ခြင်းသည် အဆင်း၏ ပစ္စုပဋ္ဌာန်မည်၏။ ကလာပ်တူ မဟာဘုတ်သည်၊ အဆင်း၏ ပဒဋ္ဌာန်မည်၏။

မြင်ခြင်း၏လက္ခဏာစသောသဘောတို့ထင်ပုံမှာ၊မျက်စိကြည့်သောခဏ၊အဆင်းထင်သောခဏ၊ အဆင်းကို အာရုံပြုခြင်းသည်၊ မြင်သောစိတ်၏ နမနလက္ခဏာမည်၏။ အဆင်းကို မြင်ခြင်းသည်၊မြင်သောစိတ်၏ကိစ္စမည်၏။မြင်-မြင်တယ် မှတ်သော ယောဂီဉာဏ်မှာ၊အဆင်းကိုမြင်တယ် ထင်ခြင်းသည်၊ မြင်သောစိတ်၏ ပစ္စုပဋ္ဌာန်မည်၏၊ အဆင်းကို ဆင်ခြင်သော အာဝဇ္ဇန်းသည်၊ မြင်သောစိတ်၏ ပဒဋ္ဌာန်မည်၏။

မျက်စိဖြင့် အဆင်းကို မြင်သောခဏ၊လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်၊ပစ္စုပ္ပန်လက္ခဏာ အင်္ဂါ ၄-ပါးနှင့်ပြည့်စုံသော အဆင်းကို၊ ဖော

ကာလမှာ မြင်-မြင်တယ် မှတ်ခြင်းသည်၊အဆင်းကိုသာ သိသည်မဟုတ်သေး၊ အဆင်း၏ လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်ကိုလည်း သိလေတော့သည်။

ဆင်ပြောင်ကြီး တွေ့ကတည်းက၊ ဆင်ခြေရာ ခံဘွယ်မရှိပြီ ဟူသကဲ့သို့၊အဆင်းကို မြင်-မြင်တယ် မှတ်ကတည်းက၊အဆင်း၏လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်ကို မှတ်ဘွယ်မရှိ၊ သိပြီး ထင်ပြီးပင် ဖြစ်လေတော့၏။ ကြားခြင်း,နံခြင်း,စားခြင်း,ထိခြင်း,သိခြင်းတို့ကို ရှုမှတ်ရာ၌လည်း၊ ဤနည်းအတိုင်းပင် သိမြင်ကြပါလေ။

ဝိပဿနာဉာဏ်အားလျော်စွာ၊ အ တန် ငယ် ချဲ့ထွင်ဝေဘန်၍ သိရန်မှာ၊ လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်ထင်သောသဘောကို၊ဝိပဿနာ၏ သတိ၏ ထင်ချက်မှတ်ချက်၊ ပစ္စုပ္ပန်ဖြစ်သော ရုပ်နာမ်အာရုံဟု မှတ်အပ်၏။

ထင်ပုံကား၊ သဘာဝလက္ခဏာ, သာမညလက္ခဏာ ၂-ပါးတွင်၊ ဝိပဿနာဉာဏ်နှင့် သတိအား၊ပစ္စုပ္ပန်ဖြစ်သောရုပ်သည်၊ရုပ္ပနလက္ခဏာ သဘောထင်၏။အာရုံပြုသော နာမ်သည်၊နမနလက္ခဏာ သဘောထင်၏။

လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်ဆိုရာ၌၊ ၂-ဌာန ခွဲယူပုံမှာ၊ သဘာဝလက္ခဏာ၊သမ္ပတ္တိရသ၊ဥပဋ္ဌာနကာရ ပစ္စုပဋ္ဌာန၊ပဒဋ္ဌာန။ဤသို့ တဌာနယူအပ်၏။တဖန်၊ သာမညလက္ခဏာ၊ကိစ္စရသ၊ ဖလ ပစ္စုပဋ္ဌာန၊ ပဒဋ္ဌာန၊ဤသို့ တဌာနယူအပ်၏။

ထိုသို့ခွဲယူရာ၊ရှေ့ ဌာနယူပုံ၌ ထင်သောဉာဏ်သည်၊ရုပ်နာမ်သဘောသက်သက်မှစ၍ ထင်သောကြောင့်၊ရှုမှတ်စဖြစ်သော နာမရူပပရိစ္ဆေဒ ဉာဏ်မှစ၍၊ ထိုက်သည်အားလျော်စွာထင်၏။ နောက်ဌာနယူပုံ၌ ထင်သောဉာဏ်သည်၊ အနိစ္စ, ဒုက္ခ, အနတ္တ ထင်သောကြောင့်၊ ဥဒယဗ္ဗယဉာဏ် အစ၊ အနုလောမဉာဏ် အဆုံးပေတည်း။

၎င်း ၂-ဌာနတို့တွင်၊ ရှေ့ ဌာနယူပုံ၌ ထင်ပုံကား၊ ပစ္စုပ္ပန် ရုပ်အာရုံ ထင်သောသဘောသည်၊ ရုပ္ပနလက္ခဏာမည်၏။ပစ္စုပ္ပန် နာမ်အာရုံ ထင်သောသဘောသည်၊ နမနလက္ခဏာမည်၏။ ၎င်း ရုပ္ပနလက္ခဏာ, နမနလက္ခဏာ ၂-ပါးသည်၊ သဘာဝလက္ခဏာမည်၏။ ထိုသဘာဝလက္ခဏာ၏ဖြစ်ဆဲခဏ္ဍာနှင့် ပြည့်စုံခြင်းသည်၊ သမ္ပတ္တိရသမည်၏။

ရုပ်ထင်ဘို့၊ အဆင်း,အသံ,အနံ့,အရသာ,အတွေ့,သဘောဟု၊ နာမ်ထင်ဘို့၊ မြင်တယ်,ကြားတယ်,နံတယ်,စားတယ်,ထိတယ်, သိတယ်ဟု၊

ဉာဏ်အားထင်သော အခြင်းအရာသည်၊ဥပဋ္ဌာနကာရ ပစ္စုပဋ္ဌာန်မည်၏။ အသီးအသီး နီးစွာသောအကြောင်းသည်၊ ပဒဋ္ဌာန်မည်၏။ ၎င်း ပဒဋ္ဌာန်သည်၊ ပစ္စယပရိဂ္ဂဟဉာဏ်သို့ရောက်မှ ထင်၏။ ဤကား၊ ရှေ့ ဋ္ဌာနယူပုံ အရ၊လက္ခဏာစသည်တို့ ထင်ပုံတည်း။

နောက် ဋ္ဌာနယူပုံ၌ ထင်ပုံကား၊ ထင်သော ရုပ္ပနလက္ခဏာ, နမန လက္ခဏာ ၂-ပါး၏၊ ဥပါဒ်,ဋ္ဌီ,ဘင်တို့၏ တူကြသောသဘောသည်၊သာမညလက္ခဏာမည်၏။၎င်း ဥပါဒ်,ဋ္ဌီ,ဘင်ဟူသော၊ သာမညလက္ခဏာ၏ ဖြစ်သောကိစ္စ, ပျက်သောကိစ္စသည်၊ ကိစ္စရသမည်၏။ ဖြစ်သည်,ပျက်သည်ဟု ဉာဏ်အားထင်ခြင်းသည်၊ ဖလ ပစ္စုပဋ္ဌာန်မည်၏။ အသီးသီး နီးစွာသောအကြောင်းထင်ခြင်းသည်၊ ပဒဋ္ဌာန်မည်၏။ ၎င်းပဒဋ္ဌာန်သည်၊ ဥဒယဗ္ဗယ ဉာဏ်သို့ ရောက်မှထင်၏။ ဤကား၊ နောက် ဋ္ဌာန ယူပုံအရ၊ လက္ခဏာစသည်တို့ထင်ပုံတည်း။

**သာမညံ ဝါ သဘာဝေါ ဝါ လက္ခဏံနာမ၊ ကိစ္စံ ဝါ သမ္ပတ္တိ ဝါ ရသောနာမ၊ ဖလံ ဝါ ဥပဋ္ဌာနကာရော ဝါ ပစ္စုပဋ္ဌာနံနာမ၊ အာသန္နကာရဏံ ပဒဋ္ဌာနံနာမ။** (ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ)

သာမညံ၊ သဘာဝလက္ခဏာ နာမ်ရုပ်၏၊ ဥပါဒ်, ဋ္ဌီ, ဘင်ချင်းတူသည်၏အဖြစ်သည်။ လက္ခဏံနာမ၊ သာမညလက္ခဏာမည်၏။ ကိစ္စံ၊ သဘာဝလက္ခဏာ နာမ်ရုပ်၏၊ ဖြစ်သောကိစ္စ, ပျက်သောကိစ္စသည်။ ရသောနာမ၊ ရသမည်၏။ ဖလံ၊ ဖြစ်အကျိုး, ပျက်အကျိုးဟု ဉာဏ်အား ထင်ခြင်းသည်။ ပစ္စုပဋ္ဌာနံနာမ၊ ပစ္စုပဋ္ဌာန်မည်၏။ အာသန္နကာရဏံ၊ နီးစွာသောအကြောင်းသည်။ ပဒဋ္ဌာနံနာမ၊ ပဒဋ္ဌာန်မည်၏။ ရှေ့ ဋ္ဌာန ထင်ပုံအနက်။

သဘာဝေါ၊ နာမ်ရုပ်သဘောသည်။ လက္ခဏံနာမ၊ သဘာဝလက္ခဏာမည်၏။ သမ္ပတ္တိ၊ နာမ်ရုပ်၏ခန္ဓာနှင့် ပြည့်စုံခြင်းသည်။ ရသောနာမ၊ ရသမည်၏။ ဥပဋ္ဌာနကာရော၊ နာမ်ရုပ်၏အခြင်းအရာ ဉာဏ်အားထင်ခြင်းသည်။ ပစ္စုပဋ္ဌာနံ နာမ၊ ပစ္စုပဋ္ဌာန် မည်၏။ နောက် ဋ္ဌာနထင်ပုံ အနက်။

ယခု ပြဆိုခဲ့သော အဓိပ္ပါယ်သဘောသွားနှင့်၊ အဋ္ဌကထာ၏ စကားကို ထောက်ထား၍၊၄-ပါးသော လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ကို၊ ယောဂီပုဂ္ဂိုလ်တို့၏ဉာဏ်ဖြင့် ကြံဖန်တွေးတောရသော သဘော

မျိုးမဟုတ်၊ ပရမတ်နာမ်ရုပ်တို့ ဖြစ်ပျက်ဟန်ကို၊ ဟုတ်မှန်တိုင်း ရှုမှတ်၍ သိသော၊ ဝိပဿနာဉာဏ်တွင် ပါဝင် ပြီးစီးခြင်း ဖြစ်၏။

ဤသို့ အလိုအလျောက် ပါဝင်ပြီးစီးသွားသော၊ သဘောများကိုပင် လျှင် အမည်ပညတ်တင်၍၊ ဤသဘောကား–လက္ခဏာ၊ ဤသဘောကား–ရသ၊ ဤသဘောကား–ပစ္စုပဋ္ဌာန်၊ ဤသဘောကား–ပဒဋ္ဌာန်ဟု၊ ဝေဘန်မှတ်သား၍ ပြောကြားခေါ်ဆိုခြင်းမျှသာဖြစ်ပေ၏။

ထိုသဘောကို ဒေသနာဉာဏ်ရှိသော ယောဂီပုဂ္ဂိုလ်မှာ၊ ဝိပဿနာဉာဏ်စဉ်ဖြင့် အမည်ပညတ်တို့တင်၍ ပြောတတ်၏။ ဒေသနာဉာဏ်မရှိသောသူမှာ မပြောတတ်ပေ။ သို့သော်၊ ပြောတတ်,မပြောတတ်သည်မှာ ပဓာနမဟုတ်လှ၊ သဘာဝတရားတို့ ပါဝင်ပြီးစီးခြင်းသည်သာလျှင် လိုရင်းဖြစ်ပေ၏။

ဥပမာကား၊ ရောဂါပျောက်ရန် ဆေးကိုသောက်ရာ၌ ဘယ်အမြစ် ဘယ်အပွင့် ဘယ်အသီးပါသည်၊ ဘယ်လို အရသာရှိသည်ဟု၊ သိသည်ကား ပဓာနမဟုတ်၊ ရောဂါကို ပျောက်စေနိုင်သည့် ဆေးအရသာများ၊ ဝမ်းထဲသို့ ဝင်သွားခြင်းသည်သာလျှင် လိုရင်းဖြစ်သကဲ့သို့၊ ထို့အတူပင် မှတ်ယူ ယုံကြည်အပ်လှပေသတည်း။

လက္ခဏာ, ရသစသည်ကို ပြဆိုခြင်းပြီး၏။

---

## ဗောဓိပက္ခိယ အဓိပ္ပါယ် သိလွယ်ရန် ပြဆိုခြင်း

**ဗောဓိယာ ပက္ခေ ဘဝါတိ ဗောဓိပက္ခိယာ။** ။ယေခမ္မာ၊အကြင် သတိပဋ္ဌာန် စသော တရားတို့သည်။ ဗောဓိယာ၊ မဂ်ဉာဏ်၏။ ပက္ခေ၊ အပင်းအသင်း၌။ ဘဝါ၊ဖြစ်သည်တို့တည်း။ ဣတိ၊ထို့ကြောင့်။ တေဓမ္မာ၊ ထိုသတိပဋ္ဌာန် စသောတရားတို့သည်။ ဗောဓိပက္ခိယာ၊ ဗောဓိပက္ခိယ မည်ကုန်၏။

ဗောဓိပက္ခိယ ဟူသည်၊ ပိဋကတ် ၃–ပုံကို အကျဉ်းချုံး၍၊ တချုတည်းသော အပေါင်းအားဖြင့်၊ မဂ်ဉာဏ်၏ အပင်းအသင်း ဖြစ်သော ကြောင့်၊ ဗောဓိပက္ခိယမည်၏။ ထိုဗောဓိပက္ခိယသည်၊ သတိပဋ္ဌာန် စသော အမည်အားဖြင့် ၇–ပါးရှိရာ။ အစပ် အစိပ် အမည်အားဖြင့်၊ ၃၇–ပါး အပြားရှိ၏။ သဘောအားဖြင့်မူကား၊ တချက်တည်း ပြီးစီးလေသည်။

**ကာယဂတာ သတိ ဘာဝိတာ ဗဟုလီကတာ စတ္တာရောပိ သတိပဋ္ဌာနာ ပရိပူရေန္တိ။** (အင်္ဂုတ္တိုရ်ပါဠိတော်)

ကာယဂတာ သတိ၊ကိုယ်အမူအရာ၌ မှတ်ခြင်းသတိကို။ ဘာဝိတာ၊

ပ္ပါးအပ်သည်ရှိသော်။ ဗဟုလီကတာ၊ အကြိမ်များစွာ ပြုအပ်သည်ရှိသော်။ စတ္တာရောပိ၊ ၄-ပါးလည်း ဖြစ်ကုန်သော။ သတိပဋ္ဌာနာ၊ သတိပဋ္ဌာန်တို့သည်။ပရိပူရေန္တိ၊ပြည့်စုံကုန်၏။

အဓိပ္ပါယ်ကား၊ ကွေးခြင်း, ဆန့်ခြင်း စသည်ကို၊ ကွေးတယ်, ဆန့်တယ်စသည်ဖြင့် မှတ်လျှင်၊သတိပဋ္ဌာန် ၄-ပါးသည်၊ သဘောအားဖြင့် ပြီးသည်မည်၏။ ပြီးပုံမှာ၊ ကွေးခိုက်၌ ကွေးတယ်ဟု မှတ်ရာ၊ ကွေးခြင်းသဘောသည် - ကာယ၊ ကွေးလို့ ကောင်း, မကောင်းသဘောသည်-ဝေဒနာ၊ မှတ်ခြင်းသဘောသည်-စိတ္တ၊သဘောအတိုင်း ထင်ခြင်းသည်-ဓမ္မ အဖန်ဖန် ရှုမှတ်ခြင်းသည်-အနုပဿနာ။ ဤသို့ သဘောအားဖြင့်၊ ၄-ပါး ပုံး ပြီးစီးသည်မည်၏။

သမ္မဒေ ပဓာနံ သမ္မပ္ပဓာနံ။ ။သမ္မဒေဝ၊ကောင်းစွာသာလျှင်။ပဓာနံ၊အားထုတ်ခြင်းသည်။ သမ္မပ္ပဓာနံ၊ သမ္မပ္ပဓာန်မည်၏။ ။ထိုသမ္မပ္ပဓာန်သည်၊ ဖြစ်ပြီးသော အကုသိုလ် တရားတို့ကို၊ ကွယ် ပျောက် အောင် အားထုတ်ခြင်း။ မဖြစ်ဘူးသေးသော အကုသိုလ်တရားတို့ကို၊ နောင်တဖန် မဖြစ်ရအောင် အားထုတ်ခြင်း။ မဖြစ်ဘူးသေးသော ကုသိုလ်တရားတို့ကို ဖြစ်အောင်အားထုတ်ခြင်း။ ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို၊ ပျောက်ပျက်မသွားစေဘဲ ခိုင်မြဲတိုးပွားအောင် အားထုတ်ခြင်းဟူ၍ ၄-ပါးရှိ၏။

သဘောအားဖြင့်မှုကား၊ တချက်တည်းပင် ပြီးစီးလေ၏။ ပြီးစီးပုံမှာ၊ပေါက်ရောက်အောင် မဖြစ်ဘူးသေးသော ကုသိုလ်ဟူသည်၊ မဂ်၏ ဝိပဿနာ တရားတခုသာဖြစ်၏။ အခြားကုသိုလ်များမှာ၊ဖြစ်ဘူးပြီးသော တရားတို့သာမည်၏။ ထို့ကြောင့်၊ ဝိပဿနာတရားကို အားထုတ်လျှင်၊ ဖြစ်ဘူးသောအကုသိုလ်ကိုပယ်ခြင်း၊မဖြစ်သေးသောအကုသိုလ်ကိုမဖြစ်စေခြင်း၊မဖြစ်ဘူးသော ကုသိုလ်ကို ဖြစ်စေခြင်း၊ဖြစ်ပြီးသော ကုသိုလ်ကို တိုးပွားစေခြင်း။ ဤသို့ သဘောအားဖြင့်၊၄-ပါးလုံး ပြီးစီးသည်မည်၏။

ဣဒ္ဓိယာ ပါဒေါ ဣဒ္ဓိပါဒေါ။ ။ဣဒ္ဓိယာ၊ပြည့်စုံခြင်း၏။ပါဒေါ၊အခြေသည်။ဣဒ္ဓိပါဒေါ၊ဣဒ္ဓိပါဒမည်၏။ ။ဣဒ္ဓိပါဒ်သည်၊ ဆန္ဒိဒ္ဓိပ္ပါဒ်, စိတ္တိဒ္ဓိပ္ပါဒ်, ဝီရိယိဒ္ဓိပ္ပါဒ်, ဝိမံသိဒ္ဓိပ္ပါဒ်ဟူ၍ ၄-ပါးရှိ၏။သဘောအားဖြင့်မှုကား၊၄-ပါးလုံးတချက်တည်း ပြီးစီးလေ၏။

ပြီးစီးပုံမှာ၊ အားထုတ်ခြင်းသည်-**ဝီရိယ**၊အားထုတ်လိုခြင်း နိဗ္ဗာန်ကို အလိုရှိခြင်းသည်-**ဆန္ဒ**၊အာရုံ၌တည်ခြင်း ဧကဂ္ဂတာသည်-**စိတ္တ**၊ ဟုတ် မှန်တိုင်း ပရမတ်ရုပ်နာမ်သဘောကို သိခြင်းသည်-**ဝီမံသ**။ ဤသို့ ၄-ပါး လုံးပြီးစီး၍။ထို ၄-ပါးကို မဂ်ဖိုလ်ကိစ္စ ပြီးစီးပြည့်စုံခြင်း၏ ခိုင်ခံ့သော အခြေအမြစ်သို့ ရောက်သောကြောင့်၊ ဣဒ္ဓိပါဒဟု ခေါ်ဆိုလေသည်။

ဣန္ဒြိယာ ကမ္မံ ဣန္ဒြိယံ။ ။ဣန္ဒြိယာ၊အစိုးရခြင်း၏။ ကမ္မံ၊အမှုသည်။ ဣန္ဒြိယံ၊ဣန္ဒြေမည်၏။ ။ဣန္ဒြေသည်၊ သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ,ပညိန္ဒြေဟူ၍၊ ၅-ပါးရှိ၏။သဘောအားဖြင့်မူကား၊၅-ပါးလုံး တချက်တည်းပြီးစီးလေ၏။

ပြီးစီးပုံမှာ၊ ယုံကြည်ခြင်းသည်-သဒ္ဓိန္ဒြေ၊ အားထုတ် ခြင်းသည် ဝီရိ ယိန္ဒြေ၊ အာရုံထင်ခြင်းသည်-သတိန္ဒြေ၊ငြိမ်သက် တည်ကြည်ခြင်းသည်- သမာဓိန္ဒြေ၊ အမှန်ကိုသိခြင်းသည်-ပညိန္ဒြေ၊ ဤသို့ ၅-ပါးတချက်တည်း ပြီးစီးလေ၏။ ထို ၅-ပါးကို အကုသိုလ်တရား မဝင်နိုင်အောင်၊ ဝိတ်ပင် လုံ့ဖြိုခြင်း ပိုင်ပိုင် နိုင်နိုင် အစိုးရခြင်းများကြောင့်၊ ဣန္ဒြေဟု ခေါ်ရပြန် လေသည်။

အကမ္ပနဋ္ဌေန ဗလာနိ။ ။အကမ္ပနဋ္ဌေန၊ ကြောက်ရွံ့ တွန့်ဆုတ် လှုပ်ရှားခြင်းမရှိသော အနက်ကြောင့်။ ဗလာနိ၊ဗိုလ်တို့မည်ကုန်၏။ ။ ဗိုလ်သည်၊ သဒ္ဓါဗိုလ်, ဝီရိယဗိုလ်, သတိဗိုလ်, သမာဓိဗိုလ်,ပညာဗိုလ် ဟူ၍ ၅-ပါးရှိ၏။ သဘောအားဖြင့်မူကား၊ ၅-ပါးလုံး တချက်တည်း ပြီးစီးလေ၏။ ပြီးစီးပုံမှာ၊ ဣန္ဒြေနှင့်တူ၏။ ထို ၅-ပါးကို၊ကိလေသာရန်သူ ဖျက်ဆီး၍၊ ပျက်စီးခြင်း မဖြစ်နိုင်အောင်၊ ဝိပဿနာဉာဏ်သည် လွန်စွာ ထက်သန် အား ကောင်း သော ကြောင့်၊ ဗလ-ဗိုလ်ဟု ခေါ်ဆိုရပြန် လေသည်။

စတုသစ္စဓမ္မေ သုဋ္ဌု ဗုဇ္ဈတီတိ သမ္ဗောဓိ၊ သမ္ဗောဓိယာ အင်္ဂေါ သမ္ဗောဇ္ဈင်္ဂေါ။ ။စတုသစ္စဓမ္မေ၊သစ္စာ လေးပါးတို့ကို။သုဋ္ဌု၊ကောင်းစွာ။ ဗုဇ္ဈတိ၊သိတတ်၏။ဣတိ၊ထို့ကြောင့်။သမ္ဗောဓိ၊သမ္ဗောဓိမည်၏။ သမ္ဗော ဓိယာ၊ သစ္စာ ၄-ပါးကိုသိသော မဂ်ဉာဏ်၏။ အင်္ဂေါ၊ အင်္ဂါသည်။ သမ္ဗောဇ္ဈင်္ဂေါ၊ သမ္ဗောဇ္ဈင်မည်၏။

သမ္ဗောဇ္ဈင်သည်၊ သတိ သမ္ဗောဇ္ဈင်, ဓမ္မဝိစယ သမ္ဗောဇ္ဈင်,ဝီရိယ သမ္ဗောဇ္ဈင်, ပီတိ သမ္ဗောဇ္ဈင်,ပဿဒ္ဓိ သမ္ဗောဇ္ဈင်,သမာဓိ သမ္ဗောဇ္ဈင်,

ဥပေက္ခာ သမ္ဗောဇ္ဈင်ဟူ၍ ၇-ပါးရှိ၏။သဘောအားဖြင့်မူကား၊ ၇-ပါး လုံးပင် တချက်တည်းပြီးစီးလေ၏။

ပြီးစီးပုံမှာ၊ ဝိပဿနာ ရှုမှတ်ဆဲတွင်၊ အာရုံ၌ အထင်ကောင်းခြင်းသည်-သတိ၊ ဆုံးဖြတ်၍ သိခြင်းသည်-ဓမ္မဝိစယ၊အားထုတ်ခြင်းသည်-ဝီရိယ၊နှစ်သက်ခြင်းသည်-ပီတိ၊ကိုယ်, စိတ်ငြိမ်းအေးခြင်းသည်-ပဿဒ္ဓိ၊ ငြိမ်သက်တည်ကြည်ခြင်းသည်-သမာဓိ၊လျစ်လျူရှုခြင်းသည်-ဥပေက္ခာ။ ဤသို့ ၇-ပါးလုံး တချက်တည်း ပြီးစီးလေ၏။ ထို ၇-ပါးကို မဂ်ဉာဏ်၏ ကောင်းစွာမှန်ကန်သော အင်္ဂါဖြစ်သောကြောင့်၊သမ္ဗောဇ္ဈင်ဟုခေါ် ဆိုရလေသည်။

**တသ္မ ဖေံ ဍုမံ အရိယံ အဋ္ဌင်္ဂိကံ မဂ္ဂံ ဘာဝယတော သတ္တပိ ဗောဇ္ဈင်္ဂါ ဘာဝနာပါရိပူရိံ ဂစ္ဆန္တိ။** (ဥပရိပဏ္ဏာသ ပါဠိတော်)

ဇေံ၊ဤသို့။အဋ္ဌင်္ဂိကံ၊အင်္ဂါ ၈-ပါးရှိသော။အရိယံ၊ဖြူစင်မြင့်မြတ်သော။ ဍုမံ မဂ္ဂံ၊ဤမဂ္ဂင်ကို။ ဘာဝယတော၊ပွားသော။ တသ္မ၊ ထို ပုဂ္ဂိုလ်အား။ သတ္တပိ၊ ၇-ပါးသည်းဖြစ်ကုန်သော။ ဗောဇ္ဈင်္ဂါ၊ဗောဇ္ဈင်တရားတို့သည်။ ဘာဝနာပါရိပူရိံ၊ဝိပဿနာဘာဝနာ၏ ပြည့်စုံခြင်းသို့။ ဂစ္ဆန္တိ၊ရောက်ကုန်၏။

မဂ္ဂင်၈ပါးကို သစ္စာအခဏ်း၌ ပြဆိုခဲ့ပြီ၊ဥပရိပဏ္ဏာသပါဠိတော်၌၊ ဗောဓိပက္ခိယ တရားတို့ ဝိပဿနာစိတ် တချက်တွင်၊ တပြိုင်နက် ပါဝင်ပြီးစီးပုံကို ကျယ်ဝန်းစွာ ဟောတော်မူ၏။ သဘော မှာမူကား၊ အားထုတ်စအခါ၌ သတိထင်ရှား၏။ထို့နောက် ဝီရိယထင်ရှား၏။သဒ္ဓါ နောက် ဣန္ဒြိယ္ပါဒ်လေးပါး ထင်ရှားပြန်၏။၎င်းနောက် ဗိုလ် ၅-ပါးတို့ထင်ရှားလာ၏။၎င်းနောက် ဗောဇ္ဈင် ၇-ပါး။ ၎င်းနောက် မဂ္ဂင် ၈-ပါးတို့ ထင်ရှားလာလေသည်။

ဥပမာအားဖြင့်၊ ရေကြည်, အမြှုပ်, သားတစ်, တခဲနက်, ခက်မ,ဆံ, အမွေး,ခြေသည်း,လက်သည်း အားလုံးရင့်ခြင်းဟု ၇-မျိုးရှိရာ၊ရင့်ခြင်း သဘောလက္ခဏာကိုသာ မှတ်သား၍၊ ခေါ် ဝေါ် ပြောဆိုအပ်သကဲ့သို့။ ထို့အတူ၊ ဝိပဿနာဉာဏ် ထက်သန် ရင့်ကျက်ခြင်း သဘောများကို မှတ်သား၍၊ထင်ရှားသော အမည်အားလျော်စွာ၊သတိပဋ္ဌာန်,သမ္မပ္ပဓာန် စသည်ဖြင့် ၇-ပါးမျှခွဲခြား၍ ဟောတော်မူ၏။

ထို့ကြောင့် အမည်အားဖြင့် ၇-ပါး၊ အင်္ဂါအားဖြင့် ၃၇-ပါးသော ဗောဓိပက္ခိယ တရားတို့၏ ပဓာန အချုပ် အချာ ဖြစ်သော၊ သမထ, ဝိပဿနာ ၂-ပါး ရှိပါသောကြောင့်၊ ဝိပဿနာစိတ်တချက်၌ ဗောဓိပက္ခိယတရား ၃၇-ပါးတို့၊တပြိုင်နက်ပြီးစီးသည်ကို ယုံကြည်စွာ မှတ်ယူသင့်လှပေသတည်း။

**တသ္မိမေ ဒွေ ဓမ္မာ ယုဂနန္ဓာ ဝတ္တန္တိ သမထော စ ဝိပဿနာ စ။**

(ဥပရိပဏ္ဏာသပါဠိတော်)

ဧဝံ၊ဤသို့။အဋ္ဌင်္ဂိကအင်္ဂါ ရှစ်ပါးရှိသော။အရိယံ၊ဖြူစင်မြင့်မြတ်သော။ ဈာနံ မဂ္ဂံ၊ ဈာန်မဂ္ဂင်ကို။ ဘာဝယတော၊ ပွားသော။ တဿ၊ထိုပုဂ္ဂိုလ်အား။ သမထော စ၊ သမထရင်း။ ဝိပဿနာ စ၊ ဝိပဿနာရင်း။ ဒွေ၊ နှစ်ပါးကုန်သော။ ဣမေ ဓမ္မာ၊ဤတရားတို့သည်။ ယုဂနန္ဓာ၊အစုံတို့သည်။ဝတ္တန္တိ၊ တပြိုင်နက်ဖြစ်ကုန်၏။

ဗောဓိပက္ခိယ အဓိပ္ပါယ်ကို ပြဆိုခြင်းပြီး၏။

---

လွယ်လွယ်နှင့်သိပုံကို သိသာရုံ ပြဆိုခြင်း။

**ဧဝံ ဘိက္ခဝေ ဇာနိတုံ တထာဂတော အာစိက္ခိယမာနော ဒေသိယ မာနော ပကာသိယမာနော ပညာပိယမာနော ပဋ္ဌပိယမာနော ဝိဝရိယမာနော ဝိဘဇ္ဇိယမာနော ဥတ္တာနီံ ကရဏီယ မာနော န ဇာနန္တိ။** (ဝိဘင်းပါဠိတော်)

ဘိက္ခဝေ၊ ရဟန်းတို့။ တထာဂတော၊ ငါဘုရားသည်။ ဧဝံ၊ ဤသို့။ ဇာနိတုံ၊သိစေခြင်းငှါ။ အာစိက္ခိယမာနော၊ပြောကြားပါလျက်။ ဒေသိယ မာနော၊ ဟောထားပါလျက်။ ပကာသိယမာနော၊ ထင်ရှားပြပါလျက်။ ပညာပိယမာနော၊ ပညတ်ပါလျက်။ ပဋ္ဌပိယမာနော၊ ဖြစ်စေပါလျက်။ ဝိဝရိယမာနော၊ ဖွင့်လှန်ပါလျက်။ ဝိဘဇ္ဇိယမာနော၊ ခွဲခြမ်းပါလျက်။ ဥတ္တာနီံကရဏီယမာနော၊ ပေါ်လွင်အောင် ထုတ်ဖော်၍ ဟောတော်မူပါလျက်။ သတ္တာ၊သတ္တဝါတို့သည်။ နဇာနန္တိ၊မသိနိုင်ကြလေကုန်။

**ပဋိသောတဂါမိံ နိပုဏံ၊ ဂမ္ဘီရံ ဒုဒ္ဒသံ အဏုံ။**
**ရာဂရတ္တာ န ဒက္ခန္တိ၊ တမောခန္ဓေန အာဝုတာ။ ။**

(မဟာဝါပါဠိတော်)

ပဋိသောတဂါမိံ၊ သောတာပတ္တိ မဂ်ဉာဏ်တည်းဟူသော လှိုင်းဂယက်၊အညာဘက်သို့ ဆန်တက်ကူးသွားရာ ဖြစ်ပေထသော။နိပုဏံ၊

သိမ်မွေ့စွာထသော။ ဂမ္ဘီရံ၊ လွန်စွာခက်ခဲ၍ နက်နဲတော်မူထသော။ ဒုဒ္ဒသံ၊ သိမြင်နိုင်ရန် ခဲယဉ်းစွာထသော။ အတက္ကံ၊ ပရမာဏုမြူနှင့် အလားတူပေထသော။ ဓမ္မံ၊ သစ္စာလေးရပ် တရားမြတ်ကို။ ရာဂရတ္တာ၊ တဏှာထူထပ်လွန်စွာတပ်သဖြင့်၊ စွဲကပ်ငြိတွယ်၍ နေကြကုန်သော။ တမောခန္ဓေန၊ မောဟ တိမ်တောင် အမိုက်မှောင်ဖြင့်။ အာဝုတာ၊ ဖုံးယှက်ပိတ်ကာ သတ္တဝါတို့သည်။ န ဒက္ခန္တိ၊ မသိမမြင်နိုင်ကြလေကုန်။

အဓိပ္ပါယ်အကျဉ်းမှာ၊ ဝိဘင်းဒေသနာအရ၊ ကျင့်ကြံပုံနည်းလမ်းဟူသမျှကို၊ သတ္တဝါတို့စိတ်ဖြင့် တွေးတောဆင်ခြင်ခြင်းမပြုရအောင်၊ မြတ်စွာဘုရားကပင်၊ ဂစ္ဆန္တောဝါ ဂစ္ဆာမီတိ ပဇာနာတိ။ သွားဆဲ သွားခိုက် သွားခြင်း သဘောမျှကို၊ သိအောင်မှတ် စသည်ဖြင့် ထင်ရှားစွာဟောတော်မူ၍။ အားထုတ်ရန် လွယ်ကူသည်မည်၏။

အောက်ဂါထာ၏အဓိပ္ပါယ်မှာ၊ သဘောလက္ခဏာနှင့်သရုပ်သဉ္ဇာအမည်တို့ကို၊ ကြံစည်ခြင်းမရှိဘဲ ဟောထားသည့်အတိုင်း၊ နိဗ္ဗာန်သို့ ကိုင်းရှိုင်းစိတ်စွဲလျက်၊ ခိုင်မြဲသော ဆန္ဒဝီရိယတို့ ထက်သန်၍၊ အပြင်း အထန်အားထုတ်မှ ရမည်ကို၊ မယုံကြည်သော သဘောကဲ့သို့၊ ဒေသနာဉာဏ်စဉ်နှင့်၊ စိတ်ထင်သလို တွေးတောဆင်ခြင်နေပါလျှင် လွန်စွာပင် သိမြင်နိုင်ရန် ခက်ခဲနက်နဲသည်မည်၏။

ထင်ရှားဖြစ်ပေါ်သည့် သူ့သဘောအတိုင်းကို သိခြင်းသည်၊ဘာဝနာမယဉာဏ်မည်၏။ တွေးတောဆင်ခြင်သည့် အတိုင်းကို သိခြင်းသည်၊ စိန္တာမယဉာဏ်မည်၏။ဘာဝနာမယဉာဏ်သည်၊ပရမတ်ကိုသိ၏။စိန္တာမယဉာဏ်သည်၊ ပညတ်ကို သိ၏။ ဓမ္မသဘော ပရမတ်ကို လိုက်လျှင် လွယ်၏။ အားထုတ်ပုံ အစဉ်မှာ၊ ပေါ်လွင်စွာပြထား၍ လွယ်ကူလျက်၊ ဆန့်ကျင်ဘက် စိတ်အစွဲကြောင့် ခက်ခဲနေကြ၏ဟု ဆိုလိုသည်။

ဆန့်ကျင်ဘက်စွဲပုံမှာ၊ စာတတ်သည့် ဘယ်လူ, ဘယ်ရဟန်း, ဘယ်ဘုန်းကြီး, ဘယ်ဆရာတော်တို့တောင်မှ လန်ကျသေးတာဘဲ၊ သူလိုငါလို သာမည စာပေမတတ်သည့် လူ,ရဟန်း,ပုဂ္ဂိုလ်တို့မှာ၊ ဘာရနိုင်မှာလဲ စသည်ဖြင့် ထင်တတ်ပြောတတ်ကြ၏။ ဓမ္မသဘောလား, ငါ့သဘောလားဟု စဉ်းစားသင့်၏။ ဓမ္မသဘောသို့ မလိုက်ဘဲ၊ငါ့သဘော လိုက်သဖြင့်၊ ပေါဋ္ဌိလနှင့်၊ မဟာသိဝစသော၊ မထေရ်ကြီးတို့ ခက်ခဲပုံများကို ထောက်ထားသင့်ပေသည်။

သဘောမှာ၊ဝိပဿနာအလုပ်သည်၊ယောကျ်ား, မိန်းမဟူသည့်ငင်း၊ လူ,ရဟန်းဟူသည့်ငင်း၊စာတတ်၊မတတ်ဟူသည့်ငင်းလိုရင်းမဟုတ်ပေ။ စိတ်ဆန္ဒဝီရိယတို့ မြဲမြဲ ထက်သန်ခြင်း သာလျှင် လိုရင်း ဖြစ်ပေ၏။ ထို့ကြောင့်၊ **လူဖျင်းလုလ္လ တခဏ** ဆိုသကဲ့သို့၊မခိုင်မမြဲရေ့ရဲ ပျင်းရိသောဆန္ဒဖြင့်၊ ဘာရနိုင်မလဲဟု ထင်မှတ်၍၊မကြာမကြာစိတ်ခါတ်ရွေ့ရှားပြီး၊ အနည်းနည်း တရားပြောင်းလွဲနေပါလျှင်၊တနှစ်ဆယ်ခါ ပြောင်းတောင်မှ မရှိ ဆိုသကဲ့သို့၊သူတော်ကောင်းတရား ခိုအောင်းရန်၊စိတ်တည်ငြိမ်ခြင်း မရှိ၍ မရနိုင်ပေ။

ထိုကဲ့သို့ မဘောက် ပြန်ဘဲ၊ **တနေ့ တလံ၊ ပုဂံ ဘယ် ပြေးမလဲ** ဆိုသကဲ့သို့၊ ခိုင်မြဲသော ဆန္ဒဖြင့် ရနိုင်တယ် ထင်မှတ်၍၊ စိတ်ခါတ် မပြောင်းဘဲ စွဲလမ်း အားထုတ် ပါလျှင်၊ **ငုပ်မိ သဲတိုင်၊ တက်နိုင် ဖျားရောက်** ဆိုသကဲ့သို့၊ လိုလား ရည်မှန်းသည့် တရားကို၊ စိတ်ဆန္ဒ အားလျော်စွာ ရနိုင်လေတော့သည်။

**စိတ္တေန နီယျတေ လောကော၊ စိတ္တေန ပရိကဿတိ၊**
**စိတ္တဿ ဧကဓမ္မဿ၊ သဗ္ဗေဝ ဝသမန္ဝဂူ။ ။**

(ဓမ္မပဒပါဠိတော်

စိတ္တေန၊စိတ်သည်။လောကော၊သတ္တလောကကို။နီယျတေ၊ဆောင်၏။ စိတ္တေန၊စိတ်သည်။လောကော၊သတ္တလောကကို။ပရိကဿတိ၊ဆွဲငင်၏။ စိတ္တဿ၊ စိတ်ဟုဆိုအပ်သော။ ဧကဓမ္မဿ၊ တခုသောတရား၏။ ဝသံ၊ အလိုသို့။ သဗ္ဗေဝ၊ အလုံးစုံသောတရားတို့သည်သာလျှင်။ အန္ဝဂူ၊ အစဉ် တပိုက် လိုက်ကြရလေကုန်၏။

မနောပုဗ္ဗင်္ဂမာ ဓမ္မာ။ ။ဓမ္မာ၊ ဝေဒနာ စသော တရား အပေါင်းတို့သည်။ မနောပုဗ္ဗင်္ဂမာ၊ စိတ်ဟူသော ဝိညာဏက္ခန္ဓာ သာလျှင်၊ ရှေ့သွားခြင်း, ပြဋ္ဌာန်းခြင်း ရှိကြလေကုန်၏။ ။ဆန္ဒဝတော ကိံ နာမ န သိဇ္ဈတိ။ ဝီရိယတော ကိံ နာမ န သိဇ္ဈတိ။ ။ဆန္ဒဝတော၊ ဆန္ဒရှိသောသူအား။ကိံ နာမ န သိဇ္ဈတိ၊အဘယ်အမှု မပြီးဘဲရှိနိုင်ပါ အံ့နည်း။ ဝီရိယတော၊အားထုတ်ခြင်း လုလ္လရှိသောသူအား။ ကိံ နာမ န သိဇ္ဈတိ၊ အဘယ်အမှု မပြီးဘဲ ရှိနိုင်ပါအံ့နည်း။ သိဇ္ဈတိဧဝ၊ ပြီးစီးနိုင်တော့သည် သာလျှင်တည်း။

အချုပ်မှာ၊စိတ် ဆန္ဒ ဝီရိယ ညံ့ဖျင်း၍၊မရနိုင်ဟုနှလုံးသွင်း မှတ်ထင်ပြီး၊ ရေ့ရဲရဲ အားထုတ်နေလျှင်၊ ဘယ်တော့မှ မရနိုင်ဖာဆိုလိုသည်။

အားထုတ်ရန် နည်းလမ်း လွယ်ကူလျက်၊ ခက်ခဲသည် ထင်ရပုံမှာ၊ တောကြီးတောင်ကြီးများ၌ မွေးဖွားသော လူရိုင်းသည်၊ သစ်ငုတ် ခလုတ် ကျောက်ခဲ စသည်တို့ဖြင့် ထူထပ်လျက်၊ အသွားအလာ အဆင်းအတက် ခက်သော ကမ္ဘားစောက်၌၊ ပလိုင်းနှင့် ရေကျည်တောက်ကို သယ်ယူ ၍၊ လွယ်ကူ လျင်မြန်စွာ သိချင်းများနှင့်၊ ပေါ့ပါး ချမ်းသာ ခြင်းဖြင့် ဆင်းတက်သွားလာနိုင်လေ၏။

ထိုသူသည် မင်းနေပြည်လမ်းများ၌၊ ဝန်ထမ်း မပါဘဲ ပေါ့ပါးစွာ ကိုယ်လွတ်သွားရသော်လည်း၊ မကြာခဏပင် ညောင်းညာ ကိုက်ခဲ၍၊ ဆင်းရဲပင်ပန်းခြင်း ဖြစ်လာသဖြင့်၊ မင်းနေပြည်လမ်းက အသွားခက်၍၊ တောင်ပေါ်လမ်းက အသွားလွယ်သည်ဟု ထင်၏။

သို့သော်၊ အထင်ကလွဲနေသဖြင့် တရက်နှစ်ရက်မျှ လေ့ကျင့်လျှင်၊ ဟုတ်မှန်သည့်အတိုင်း လွယ်လင့်ခြင်းဖြစ်နိုင်၏။ ဤကဲ့သို့ မလေ့ကျင့်ပါ လျှင်၊ ဘယ်တော့မှ လွယ်လင့်သည်မထင်၊ လွယ်လင့်ခြင်း မဖြစ်နိုင်တော့ ပေ။ ဥပမေယျကို စပ်ယှဉ်၍ ဉာဏ်ရှိတိုင်း သိမြင်ကြပါလေ။

အချို့မှာ၊ ပဋိသောတဂါမိံ နိပုဏံ-စသော ဂါထာအရ၊ ရုံညင်းစေ့ကို မြင့်မိုရ်တောင် ဖုံးလွှမ်းထားသကဲ့သို့၊ သစ္စာလေးပါးကို သိမြင်ရန်မှာ၊ လွန်စွာမှ ခက်ခဲလှသည်ဟုပြသော ဥပမာစကားဖြင့်၊ ကျင့်စဉ်တရားကိုပင် နက်နဲသည်ထင်ပြီး၊ အနည်းနည်း ကြံစည်တတ်ကြလေသည်။

အချို့မှာ၊ ဂစ္ဆန္တောဝါ ဂစ္ဆာမီတိ-စသည်ဖြင့် ဟောတော်မူတိုင်း ပြောလျှင်၊ လွယ်ကူလှသည် သွားတာ,စားတာကိုဖြင့် အထူးမှတ်နေမှ မဟုတ်၊ ကလေး သူငယ်ပင်သိသည်ဟု ထင်ကြ၏။ ကျင့်နည်းလွယ်လွယ်ပြသော ပါဠိတော်ကို သတိမထား။ ကျင့်နည်းလွယ်သော်လည်း၊ မယုံကြည်၍ လေ့ကျင့် မစမ်းသဖြင့်၊ မဂ်ဖိုလ်ရောက်အောင် ကျင့်ရာ၌၊ ခက်ခဲမှန်းကို မသိကြပေ။ ထို့ကြောင့်၊ လွယ်လွယ်နှင့် ခက်လှသည်၊ တိမ်တိမ်နှင့်နက်လှသည်၊ မယုံလျှင် ကိုယ်တိုင်စမ်းကာ၊ စိတ်ပန်းလို့ မှိုင်ရမည် ဟု၊ ရှေးဆရာကြီးတို့ မိန့်ဆိုကြကုန်၏။

**တမေနံ ဘိက္ခဝေ ဗာလံ ပုထုဇ္ဇနံ အန္ဓံ အစက္ခုကံ အပဿန္တံ အဇာနန္တံ ကိန္တံ ကရောမိ။** (ဝိဘင်းပါဠိတော်)

ဘိက္ခဝေ၊ ရဟန်းတို့။ ပုထုဇ္ဇနံ၊ ပုထုဇဉ်ဖြစ်သော။ အန္ဓံ၊ ပညာမျက်စိ ကန်းသော။ အစက္ခုကံ၊ ပညာမျက်စိ မရှိသော။ အပဿန္တံ၊ မမြင်နိုင်

သော။ အဓ ဓာနန္တံ၊ မသိနိုင်သော။ တမေနံ ဗာလံ၊ ထိုသူမိုက်ကို။ အဟံ၊ ငါ ဘုရားသည်။ ကိန္တိ ကရေမိ၊ အဘယ်သို့ ပြုလိမ့်မည်နည်း။

**နာဟံ ဘိက္ခဝေ လောကေန ဝိဝဒါမိ၊ လောကောဝ မယာ ဝိဝဒတိ။** (ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်)

ဘိက္ခဝေ၊ ရဟန်းတို့။ အဟံ၊ ငါဘုရားသည်။ လောကေန၊ လူရဟန်း အပေါင်းနှင့်၊ န ဝိဝဒါမိ၊ ခိုက်ရန်စကား မများ။ လောကောဝ၊ လူရဟန်း အပေါင်းကသာလျှင်။ မယာ၊ ငါဘုရားနှင့်။ ဝိဝဒတိ၊ ခိုက်ရန်စကား ပြော ကြားလေ၏။

အဓိပ္ပါယ်မှာ၊ **အကျဉ်းကို အကျယ်၊ အလွယ်ကို အခက်၊** စိတ်ထင်တိုင်း ဆန့်ကျင် လျက်၊ တဘက်တလမ်းလုပ်နေသော လူရဟန်းအများကို၊ ငါဘုရားဘယ်လိုမှ မပြုတတ် ပေ။ **အမှားကို အမှန် အမှန်ကို အမှား** ဟု၊ ငါဘုရားကို ရန်တွေ့နေကြသည်ဆိုလို၏။ ထို့ကြောင့်၊ ကျင့်နည်းမှာ လွယ်ကူလျက်၊ သိအောင်ကျင့်ပုံမှာသာ ခက်သည်ဟု၊ ယုံကြည် ချက် ရှိသင့်လှပေသတည်း။

လွယ်လွယ်နှင့် ခက်ပုံကို ပြဆိုခြင်းပြီး၏။

---

## ပါရမီ အရှယ် ခေတ်တို့ကို တွက်စစ်၍ ပြဆိုခြင်း

**ပါရမီဟူသည်၊** မဂ်ဖိုလ်ရထိုက်သော တိပဟိတ်ပုဂ္ဂိုလ်မှ ပြည့်စုံ၏။ ဒွိဟိတ်ပုဂ္ဂိုလ်မှာ မပြည့်စုံ၊ ဤသို့ကျမ်းဂန်တို့၌ လာရှိရာ။ ယခုအခါ များ သောအားဖြင့် ပါရမီမပြည့်သော ဒွိဟိတ်ပုဂ္ဂိုလ်ဟု စွဲလမ်းပြီး၊ ကမ္မဋ္ဌာန်း ကို အားမထုတ်ကြ။ တချို့မှာ၊ ဝိသာခါ၊ အနာထပိဏ်တို့ကဲ့သို့၊ သောတာ ပန်ဖြစ်ရန် ကျင့်ကြံရသည်မဟုတ်၊ စိတ်ထဲက အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ ကို ပယ်လိုက်လျှင်၊ အလွယ်နှင့်ပင် ပြီးစီးသည်ဟု အယူရှိကြလေသည်။

ထိုအယူများအရ၊ ဘုရားရှင်လက်ထက်၌ ပါရမီပြည့်၍ တိပဟိတ်ဖြစ် လျက်၊ တရားဘက်အားမထုတ်၍ ဆုတ်ယုတ်ပျက်စီးသော၊ အဇာတ သတ်နှင့် မဟာနေသူဌေးသားကိုရင်း။ ဘုရားရှင်လက်ထက်၌ ပိဋကတ် သုံးပုံကိုဆောင်လျက်၊ တရားဘက်ကို အားထုတ်မရသော၊ ပေါဋ္ဌိလ မထေရ်စသည်တို့ကိုရင်း။ အကြောင်း အကျိုး၊ ကာလ ဒေသ၊ အဇ္ဈာသယ ကို ဘောက်ဆသင့်ပေ၏။

တိဟိတ် ဒွိဟိတ်ဟု ပကတိအတိုင်း သိနိုင်ရန်မှာ၊ မြတ်စွာဘုရား၏ အရာဖြစ်၏။ ရဟန္တာ သာဝကတို့၏ အရာမဟုတ်ပေ။ ထို့ကြောင့်၊ မဟာပန် ရဟန္တာကြီးသည်၊ စူဠပန်ရဟန်းကို ကျွတ်ထိုက်သူမဟုတ်ဟု

ဆိုပြီး နှင်ထုတ်လေ၏။ တဖန်၊ ရဟန်းတပါးသည် ရှင်သာရိပုတ္တရာထံ၌ တရားမရနိုင်သဖြင့်၊ ဘုရားရှင်ထံရောက်မှ တရားရလေ၏။ ဤအရာမျိုးကို ဗုဒ္ဓဝေနေယျဟူ၍လည်း ဆိုပေသည်။

တိဟိတ်သည် အကျဉ်းတရားကို နာကြားရုံမျှနှင့်၊ မဂ်ဖိုလ်ရသော ဥဃ္ဃဋိတညူပုဂ္ဂိုလ်၊ အကျဉ်းအကျယ်တရားကို ကြားနာရမှ၊ မဂ်ဖိုလ် ရသော ဝိပဥ္စိတညူပုဂ္ဂိုလ်၊ ကြားနာမှတ်သားပြီး တရားကိုအားထုတ်မှ၊ မဂ်ဖိုလ်ရသောနေယျပုဂ္ဂိုလ်ဟုသုံးမျိုးရှိ၏။ ထိုသုံးမျိုးတို့တွင်၊ ပထမ, ဒုတိယ ပုဂ္ဂိုလ်နှစ်မျိုးမှာ၊ ထင်ရှားရာ များရာသို့လိုက်လျှင်၊ ယခုအခါတွင် မရှိသကဲ့သို့ထင်ရ၏။ သို့သော်၊ ခေတ္တ ပုဂ္ဂလ အဇ္ဈာသယ စသည်ကိုထောက်ချင့်က၊ လုံးလုံးမရှိဟု မဆိုရဲပေ။

တဖန် တိဟိတ်သည်၊ နိယတ, အနိယတ ဟုနှစ်မျိုးရှိရာ၊ ရှေးဘုရားလက်ထက်က ဗျာဒိတ်ရသောသူသည်၊ နိယတပုဂ္ဂိုလ်မည်၏။ ဗျာဒိတ်မရသောသူသည်၊ အနိယတပုဂ္ဂိုလ်မည်၏။ နိယတပုဂ္ဂိုလ်မှာ၊ မချွတ်မလွဲဘဲ မဂ်ဖိုလ်ရ မြဲ၏။ အနိယတပုဂ္ဂိုလ်မှာ၊ ကလျာဏမိတ္တနှင့် ပေါင်းမိလျှင် ရနိုင်၏၊ ပါပမိတ္တနှင့် ပေါင်းမိက မရနိုင်။ ထိုသို့လမ်းနှစ်ခွ ဖြစ်နေသောကြောင့်၊ မဂ်ဖိုလ်ရ မမြဲဟုမှတ်အပ်၏။

သဘောမှာ၊ တိဟိတ်, ဒွိဟိတ်ဟု မသိနိုင်။ နိယတ, အနိယတ ဟု မသိနိုင်။ အနိယတ တိဟိတ်ဖြစ်သော် စိတ်မချရ။ ဒွိဟိတ်မှန်သော်၊ အလိုလို တိဟိတ်မဖြစ်။ ထို့ကြောင့်၊ ဒွိဟိတ်ထင်လျှင် နောက်ဘဝ တိဟိတ်ဖြစ်နိုင်ရန်၊ တိဟိတ်ဖြစ်လျှင် ယခုဘဝတွင် မဂ်ဖိုလ်ရရန်၊ ပါရမီပြည့်စုံ၍သာ ဤလို အခါကောင်းနှင့် ကြုံရသည်ဟု၊ ယုံကြည်သောဆန္ဒဖြင့် ကလျာဏမိတ္တကို၊ တွေ့အောင်ရှာပြီး၊ လျင်မြန်စွာ အားထုတ်သင့်လှပေသတည်း။

**အသက်အရွယ်နှင့်စပ်၍ သိမှတ်ရန်မှာ၊** ယခုအခါ အသက်တရာ တန်း၌၊ ပထမ, ဒုတိယ, တတိယဟု သုံးပါးပိုင်းခြား၍၊ တရားကိုအားထုတ်ရန် ပြသည်မှာ၊ တိဏ္ဏမညတရံ ယာမံ၊ ပဋိဇဂ္ဂေယျ ပဏ္ဍိတော။ ။ ပဏ္ဍိတော၊ ပညာရှိသည်။ တိဏ္ဏံ ယာမာနံ၊ အရွယ်သုံးပါးတို့တွင်။ အညတရံ ယာမံ၊ တပါးသောအရွယ်ပတ်လုံး။ ပဋိဇဂ္ဂေယျ၊ သုတ်သင်ရှင်းလင်းရာ၏။

ဤသို့ဓမ္မပဒပါဠိတော်၌၊ အရွယ်သုံးပါးတွင်၊ တပါးပါးသောအရွယ်မှာ သံသရာကထွက်ရန်၊ ဘဝသမ္ပတ္တိအတွက် တရားဘက်ကို သက်သက် အားထုတ်ရမည်ဟု၊ အပိုင်းအခြားထား၍ ဟောကြားတော်မူ၏။

တဖန်၊ ပေဒ္ဒကောပဒေသနှင့် နေတ္တိပါဠိတော်ကြီးများ၌၊ အရွယ်ကို မပိုင်းခြားဘဲ ယနေ့ချက်ခြင်း အားထုတ်ရမည်၊ နက်ဖြန်သေမည်ကို အဘယ်သူ သိနိုင်မည်နည်းဟု၊ အရေးကြီးစွာ ဟောကြားတော်မူပြန် လေ၏။

**အဇ္ဇေဝ ကိစ္စံ အာတပ္ပံ၊ ကော ဇညာ မရဏံ သုဝေ။** ။အဇ္ဇေဝ၊ ယနေ့ပင်လျှင်။ကိစ္စံ၊မဂ်ဖိုလ်ရမှုကို။ အာတပ္ပံ၊ပြုလုပ်အပ်၏။ သုဝေ၊နက်ဖြန်။မရဏံ၊ သေရမည်ကို။ကော၊ အဘယ်သူသည်။ဇညာ၊ သိနိုင်ပါအံ့နည်း။

မဟာဓနသူဌေးသားနှင့် ၎င်း၏ဇနီးတို့သည်၊ ပါရမီပြည့်စုံပြီးဖြစ်ကြ၍၊ ပထမအရွယ်က တရားသို့သက်ဝင်လျှင်၊ သူဌေးသားမှာ ၄-မဂ်, ၄-ဖိုလ်၊ ၎င်း၏ဇနီးမှာ ၃-မဂ်, ၃-ဖိုလ်ရနိုင်၏။ဒုတိယအရွယ်ရောက်မှ လိုက်ပါလျှင်၊ သူဌေးသားမှာ ၃-မဂ်, ၃-ဖိုလ်၊ ၎င်း၏ဇနီးမှာ ၂-မဂ် ၂-ဖိုလ်ရနိုင်၏။ တတိယအရွယ်သို့ကျမှ လိုက်ခဲ့သော် သူဌေးသားမှာ၊ ၂-မဂ် ၂-ဖိုလ်၊၎င်း၏ဇနီးမှာ တမဂ်,တဖိုလ်ရနိုင်၏။ယခုမှာ နှစ်ယောက် စလုံးမဂ်ဖိုလ်မှ၊ဆုံးရှုံးကြလေ၏ဟု ဟောတော်မူသည်။

သဘောမှာ၊အရွယ်ကိုပိုင်း၍ ဟောခြင်းသည်၊ပုဂ္ဂိုလ်ကို ငဲ့၏။နောက် ဒေသနာနှင့် ဝဏ္ဏသည်၊တရားကို ငဲ့၏။ဤသို့ ပါရမီပြည့်သော်လည်း၊ အရွယ်ရှိမှ လွယ်ကူခြင်း၊လျင်မြန်ခြင်း မဂ်ဖိုလ်ရခြင်း ဖြစ်နိုင်၏။အရွယ်ငယ် သောသူသည်၊ စိတ်အား,ကိုယ်အား ထက်သန်သဖြင့်၊ အရွယ်ကြီးသော သူထက် လျင်မြန်စွာ ရလွယ်နိုင်၏။ထို့ကြောင့် အရွယ်မလွန်ခင်ကြိုတင် ၍ အားထုတ်သင့်လှပေသည်။

**ခေတ်ဟူသည်မှာ၊** မဂ်ဖိုလ် ရနိုင်သောအခါဖြစ်၏။သာသနာနှစ် ကို ဝေဘန်ရာ၊ဘိက္ခုနီခန္ဓကအဋ္ဌကထာ၌၊ပဋိသမ္ဘိဒါပတ္တ,သုက္ခဝိပဿက, အနာဂါမ်,သကဒါဂါမ်,သောတာပန်ဟု တထောင်စီဆို၏။

အင်္ဂုတ္တိုရ်,ပါထေယျအဋ္ဌကထာတို့၌၊ ပဋိသမ္ဘိဒါပတ္တ, ဆဠဘိညာ, တေဝိဇ္ဇ, သုက္ခဝိပဿက, ပါတိမောက္ခသံဝရဟု တထောင်စီဆို၏။ သံယုတ်အဋ္ဌကထာ၌၊ ပထမဗောဓိ ပဋိသမ္ဘိဒါ,ဆဠဘိညာ,တေဝိဇ္ဇ,အာသဝက္ခယ တထောင်စီ၊အနာဂါမ် သကဒါဂါမ် သောတာပန် တထောင်။ ဤသို့သာသနာ ၅၀၀၀-ကို ဝေဘန်၏။

**ဣမေစ သုဘဒ္ဒ ဘိက္ခူ သမ္မာ ဝိဟရေယျုံ၊ အသုညော လောကော အရဟန္တေဟိ အဿ။** (မဟာဝါ ပါဠိတော် ပရိနိဗ္ဗာနသုတ်။)

သုဘဒ္ဒ၊သုဘဒ်ရဟန်း။ဣမေစ ဘိက္ခူ၊ဤရဟန်းတို့သည်ကား။သမ္မာ ဖြောင့်မှန်စွာ။ ဝိဟရေယျုံ၊အားထုတ်၍နေကုန်ငြားအံ့။ လောကော၊သတ္တလောကကြီးသည်။ အရဟန္တေဟိ၊ရဟန္တာတို့မှ။အသုညော၊မဆိတ်နိုင်သည်။အဿ၊ဖြစ်ရာ၏။

**အသုညောလောကော အရဟန္တေဟိ အဿာတိ နဋ္ဌဝံ သရဝံ ဝိယ နိရန္တရော အဿ။** (ငင်းအဋ္ဌကထာ)

အသုညောလောကော အရဟန္တေဟိ အဿာတိ၊ အဿ – ဟူသည်ကား။နဋ္ဌဝံ သရဝံဝိယ၊ကျူတော,ကိုင်းတောကဲ့သို့။နိရန္တရော၊အစဉ်မပြတ်သည်။ အဿ၊ဖြစ်ရာ၏။

**ယောခေါ အာနန္ဒ မယာ ဓမ္မောစ ဝိနယောစ ဒေသိတော ပညတ္တော သော ဝေါ မမစ္စယေန သတ္ထာတိ။** (ပရိနိဗ္ဗာနသုတ်)

အာနန္ဒ၊အာနန္ဒာ။ ခေါ၊စင်စစ်။ မယာ၊ငါဘုရားသည်။ ယောဓမ္မောစ၊ အကြင်သုတ္တန်, အဘိဓမ္မာကိုလည်း။ ဒေသိတော၊ ဟောအပ်ပြီ။ ယော ဝိနယောစ၊ အကြင်ဝိနည်းကိုလည်း။ ပညတ္တော၊ ပညတ်အပ်ပြီ။ သော ဓမ္မဝိနယော၊ ထိုသုတ္တန်, ဝိနည်း,အဘိဓမ္မာတရားအပေါင်းသည်။ မမစ္စယေန၊ ငါဘုရားလွန်တော်မူသဖြင့်။ ဝေါ၊သင်ချစ်သားတို့၏။ သတ္ထာ၊ ဆုံးမသောဆရာသည်။ ဘဝိဿတိ၊ ဖြစ်လတ့ံ။ ဣတိ၊ဤသို့။ အာဝေါစ၊ မိန့်တော်မူ၏။

လိုရင်း အဓိပ္ပါယ်မှာ၊ ဒေသနာ လာသည့်အတိုင်း ဖြောင့်မှန်စွာ အားထုတ်သွားပါက၊ ငါဘုရားရှိသော ကာလကဲ့သို့ပင် ဤလောကကြီး၌၊ ဘယ်အခါမှ ရဟန္တာမကွယ်နိုင်ဟု လာသဖြင့်၊ ယခုအခါ သာသနာတော်ခေတ်၊ အနှစ် နှစ်ထောင်ကျော်မျှ ရှိသေး၍၊ သတိပဋ္ဌာန်လေးပါး နည်းလမ်းအရ၊ ယထာဘူတ ကျအောင် ကျင့်ကြံပါလျှင်၊ ရဟန္တာကြီးများပင် ဖြစ်နိုင်သေးသည်ဟု၊ ယုံကြည်ခြင်း ရှိသင့်လှပေသတည်း။

ပါရမီ အရှယ် ခေတ်တို့ကို ပြဆိုခြင်းပြီး၏။

### သာသနာ့အမွေ ယုတ်,မြတ် ၂-ပါးကို ခွဲခြား၍ ပြဆိုခြင်း

**ဓမ္မဒါယာဒါ မေ ဘိက္ခဝေ ဘဝထ၊ မာ အာမိသဒါယာဒါ၊ အတ္ထိ မေ တုမှေသု အနုကမ္ပာ၊ ကိန္တိ မေ သာဝကာ ဓမ္မဒါယာဒါ ဘဝေယျုံ၊ နော အာမိသဒါယာဒါတိ။** (မူလပဏ္ဏာသ ဓမ္မဒါယာဒသုတ်)

ဘိက္ခဝေ၊ရဟန်းတို့။ မေ၊ ငါဘုရား၏။ သာဝကာ၊တပည့်သားတို့သည်။ဓမ္မဒါယာဒါ၊လောကုတ္တရာအမွေကို ခံယူထိုက်ကုန်သည်။ဘဝထ၊ ဖြစ်ကြကုန်လော့။ အာမိသ ဒါယာဒါ၊ လောကီအမွေကို ခံယူကြကုန်သည်။မာ ဘဝထ၊မဖြစ်ကြပါကုန်လင့်။တုမှေသု၊ သင်ချစ်သားတို့၌။မေ၊ ငါဘုရား၏။အနုကမ္ပာ၊အစဉ်ကြောင့်ကြမှုသည်။ အတ္ထိ၊ရှိ၏။ ကိံ အတ္ထိ၊ အဘယ်သို့ ရှိသနည်းဟူမူကား။ မေ၊ ငါဘုရား၏။ သာဝကာ၊ တပည့်သားတို့သည်။ ကိန္တိ၊အဘယ်သို့လျှင်။ ဓမ္မဒါယာဒါ၊လောကုတ္တရာအမွေကိုသာ ခံယူကြကုန်သည်။ ဘဝေယျုံ၊ ဖြစ်ပါကုန်အံ့နည်း။ အာမိသဒါယာဒါ၊လောကီအမွေကို ခံယူကြကုန်သည်။ နော ဘဝေယျုံ၊မဖြစ်ဘဲရှိပါကုန်အံ့နည်း။ဣတိ၊ဤသို့အစဉ်ကြောင့်ကြမှုသည်။မေ၊ငါဘုရားအား။ အတ္ထိ၊ရှိပေသတည်း။

အဓိပ္ပါယ်ကား၊သာသနာတော်၌ ခံစံရသော အမွေသည်၊ ဓမ္မအမွေ, အာမိသ အမွေဟု လောကုတ္တရာ, လောကီ ၂-မျိုးရှိ၏။ ထိုအမွေကို ရအောင်ပြုမှုသည်လည်း၊ဓမ္မပူဇာ,အာမိသပူဇာ-တရားဖြင့်ပူဇော်ခြင်း, ပစ္စည်းဖြင့် ပူဇော်ခြင်းဟု ၂-မျိုးပင်ရှိ၏။ ၎င်း ၂-ပါးကို ဓမ္မာနုဂ္ဂဟ, ပစ္စယာနုဂ္ဂဟ-တရားဖြင့် ချီးမြှောက်ခြင်း, ပစ္စည်းဖြင့် ချီးမြှောက်ခြင်း ၂-မျိုးဟူ၍လည်းဆိုရ၏။

ထို ၂-မျိုးတို့တွင်၊ လောကုတ္တရာ ဓမ္မအမွေကိုသာ ခံယူကြ၊လောကီ အာမိသအမွေကို မခံယူကြနှင့်ဟု ဆိုသဖြင့်၊ ဓမ္မပူဇာ-ဓမ္မာနုဂ္ဂဟ အမှုကိုသာပြုကြ၊ အာမိသပူဇာ - ပစ္စယာနုဂ္ဂဟ အမှုမျိုးကို မပြုကြနှင့်ဟု အဓိပ္ပါယ်ရ၏။ သဘောမှာ၊ ဝိပဿနာ အလုပ်ကိုသာ၊ အရေးကြီးစွာ အားထုတ်ကြ၊ ဒါန,သီလ,သမထမှုမျိုးလောက်နှင့်၊ အားကိုးတင်းတိမ်၍ မနေကြနှင့်ဟု ဆိုလိုသည်။

**အာမိသပူဇာစ နာမေသာ သာသနံ ဓာရေတုံ နသက္ကောတိ၊ မဟာဝိဟာရသဒိသမ္ပိ ဝိဟာရံ ...**

**ဝိဟာရသဟဿံ မဟာစေတိယသဒိသဥ္စ စေတိယသဟဿံပိ သာသနံ ဓာရေတုံ နသက္ကောန္တိ။** (ပရိနိဗ္ဗာနသုတ်အဖွင့်)

ဩသာ အာမိသပူဇာနာမ၊ ဤ ပစ္စည်းဖြင့် ပူဇော်ခြင်းမည်သည်ကား။ သာသနံ၊ သာသနာတော်ကို။ ဧက ဒိဝသံပိ၊ တနေ့တရက်မျှသော်ငြင်း။ ဧက ယာဂုပါန ကာလမတ္တံပိ၊ ယာဂုဘကြိမ် သောက်သော ကာလမျှ သော်ငြင်း။ သန္ဓာရေတုံ၊ ကောင်းစွာတည်စေမှုသော၄ါ။ န သက္ကောတိ၊ မစွမ်းနိုင်။ မဟာဝိဟာရ သဒိသံ၊ မဟာဝိဟာရ ကျောင်းတိုက်ကြီးနှင့် တူသော။ ဝိဟာရ သဟဿမ္ပိ၊ ကျောင်းတိုက်ပေါင်း တထောင်သည် ငြင်း။ မဟာစေတိယ သဒိသဥ္စ၊ မဟာစေတီကြီးနှင့်တူသော။ စေတိယ သဟဿမ္ပိ၊ စေတီပေါင်း တထောင်သည်ငြင်း။ သာသနံ၊ သာသနာ တော်ကို။ ဓာရေတုံ၊ တည်စေမှုသော၄ါ။ န သက္ကောန္တိ၊ မစွမ်းနိုင်ကုန် သတည်း။

အဓိပ္ပါယ်ကား၊ ပစ္စည်းဖြင့် ပူဇော်ခြင်း မည်သည်၊ မဟာဝိဟာရ ကျောင်းတိုက်ကြီးနှင့် တူသော၊ ကျောင်းတိုက်ပေါင်း တထောင်သည် ငြင်း၊ မဟာစေတီကြီးနှင့်တူသော၊ စေတီပေါင်း တထောင်သည်ငြင်း၊ သာသနာတော်ကိုတည်အောင်၊တနေ့တရက်မျှ မစွမ်းနိုင်ဟု အဋ္ဌကထာ ဖွင့်ရာ၊ဝိ–သဒ္ဒါမှာ၊ ကျောင်းပေါင်း,စေတီပေါင်း ထောင်,သောင်းမက ယူလေ။ ဤအာမိသပူဇာမျိုးဖြင့် မင်္ဂဖိုလ်ဟူသော၊ လောကုတ္တရာ ဓမ္မ အမွေမျိုးကို မရနိုင်ဟု ဆိုလိုသည်။

ယခုကဲ့သို့၊ ကျောင်းစေတီများကို ဆောက်လုပ်ပြုစုသည်ကို မဆို ထားဘိ၊သက်တော်ထင်ရှားရှိသော မြတ်စွာဘုရားအား၊ရှိခိုးပူဇော်ခြင်း, ကြည်ညိုနှစ်သက်ခြင်းပြုသည့်ကိုပင်၊အကျိုးမမြင် မရှိဟု ဝက္ကလိရဟန်း အား၊ မြတ်စွာဘုရား ပြစ်တင်မောင်းမဲတော်မူ၏။

**ကိံ တေ ဝက္ကလိ ဣမိနာ ပူတိကာယေန ဒိဋ္ဌေန၊ ယော ခေါ ဝက္ကလိ ဓမ္မံ ပဿတိ သော မံ ပဿတိ၊ ယော ဓမ္မံ န ပဿတိ သော မံ န ပဿတိ။** (ဝက္ကလိသုတ်)

ဝက္ကလိ၊ဝက္ကလိရဟန်း။ ဣမိနာ ပူတိကာယေန၊ ဤငါဘုရား၏ ခန္ဓာ ကိုယ် အကောင်ပုပ်ကို။ ဒိဋ္ဌေန၊ ကြည့်ရှုဖူးမျှော်၍ နေသဖြင့်။ တေ၊သင် အား။ ကိံ အတ္ထိ၊ဘယ်အကျိုးရှိပါအံ့နည်း။ ဝက္ကလိ၊ ဝက္ကလိရဟန်း။ခေါ၊ စင်စစ်။ယော၊အကြင်သူသည်။ ဓမ္မံ၊ပရမတ်ရုပ်နာမ် တရားမှန်ကို။ပဿ

တိ၊သိမြင်၏။ သော၊ထိုသူသည်။မံ၊ငါဘုရားကို။ ပဿတိ၊တွေ့မြင်သည် မည်၏။ ယော၊အကြင်သူသည်။ ဓမ္မံ၊ ပရမတ်ရုပ်နာမ် တရားမှန်ကို။ န ပဿတိ၊မသိမြင်။သော၊ထိုသူသည်။မံ၊ငါဘုရားကို။ န ပဿတိ၊တွေ့မြင် သည်မမည်။

အဓိပ္ပါယ်ကား၊ ပရမတ်ရုပ်နာမ်ကို ဉာဏ်ဖြင့် အမှန်သိလျှင်၊ စကြာ ဝဠာပင် ကွာခြားသော်လည်း၊ ငါဘုရား အနီးတွင် နေသည်မည်၏။ ပရ မတ်ရုပ်နာမ်ကို၊ ဉာဏ်ဖြင့် အမှန်မသိလျှင်၊ ငါဘုရား၏ သင်္ကန်းစွန်း ကိုင်ထားသော်လည်း၊ စကြာဝဠာကွာခြားသော အရပ်ဝေး၌ နေသည် မည်၏။ တရားမှန်ကိုမြင်မှ၊ ဘုရားမှန်,သံဃာမှန်ကို မြင်နိုင်၏။ တရား မှန်ကို မမြင်လျှင်၊ ဘုရားမှန်, သံဃာမှန်ကို မမြင်နိုင်ဟု ဆိုလိုသည်။

သတိပြုရန်မှာ၊ တရားမှန်ကို မသိသေးသမျှ သတ္တဝါအနန္တတို့မှာ၊ ဝိနိပါတိက ဘေးကြီးမှ မလွတ်နိုင်ကြကုန်။ ဝိနိပါတိက ဆိုသည်မှာ၊ ဤဘဝမှ သေလွန်သောအခါ၊ ဘယ်ဘဝ ဘယ်အမျိုးသို့ သွားရမည်ဟု၊ အတည်မရှိ ဂတိမခြဲ ဖရိုဖရဲ ဗရမ်းဗတာနှင့်၊ အညာမှ ချိုင်ချလိုက် သော အုန်းသီး, ထန်းသီးများကဲ့သို့၊သွားချင်ရာသွား ရောက်ချင်ရာရောက် လေတော့ဟု၊ ပေါက်လွှတ် ထားရသော သဘောမျိုးဖြစ်၏။

ဤသဘောမျိုး ဖြစ်သည်ရှိသော်၊အပါယ်လေးပါး၌ နစ်မြုပ်ခြင်းများ သည့်ပြင်၊ လူ, နတ်ဘဝပင် တခါတရံ ကြုံကြိုက်ပါသော်လည်း၊ နာနာ သတ္တာရ ဩဠောကန ဘေးကြီးနှင့် မကင်းနိုင်ကြပေ။ နာနာသတ္တာရ ဩဠောကန ဘေးဆိုးကြီးဆိုသည်မှာ၊ ဘာသာအယူ အမျိုးမျိုးပြောင်း လွဲ၍၊ ဆရာအမျိုးမျိုးကို ခစားဆည်းကပ်ရခြင်းများပေတည်း။

ထိုဘေးကြီးသည်၊ တဘဝအတွင်းမှာပင် အမျိုးမျိုးပြောင်းသည့်ပြင်၊ ဘာသာအယူ တူညီပါသော်လည်း၊ ယခု အခါတွင် ပေါ်သော၊ စကြာ ကိုယ်တော်,ပျောက်စေဆရာ,ဓာတ်လုံးဆရာ,တောင်ဖွေးဆရာ, အောင် တော်မူဂိုဏ်း,ပုတီးဂိုဏ်း စသော ဆရာလိမ်တို့နှင့် တွေ့ကြုံ၍၊ ငွေကုန် လူပန်း ထောင်တန်းသို့ကျ၊ ဆင်းရဲဒုက္ခ အမျိုးမျိုးဖြစ်ရသဖြင့်၊လွန်စွာမှ ကြောက်ဘွယ်ကောင်းလေရာ၊ ဘာသာအယူ မတူမျှ၍၊ သံသရာဘဝ အဆက်ဆက်၌ ခံစားရမည့် ဆင်းရဲဒုက္ခများမှာ၊ ဆိုဘွယ်ရာပင် မရှိ တော့ပေ။

**နာနာသတ္တာရာနံ မုခံ ဩလ္လောကေန္တီတိ ပုထုဇ္ဇနာ။** ။နာနာ သတ္တာရာနံ၊အထူးထူးသောဆရာတို့၏။မုခံ၊မျက်နှာကို။ဩလ္လောကေန္တိ၊

မော်၍ ကြည့်တတ်ကုန်၏။ ဇာတိ၊ထို့ကြောင့်။ ပုထုဇ္ဇနာ၊ ပုထုဇနမည်ကုန်၏။

ပုထုဇန်တို့၏ အဖြစ်မည်သည်၊ဤအလေ့သဘောမျိုးကို မလွန်နိုင်ဟုဆိုလို၏။ တရားမှန်ကို သိမြင်လျှင်၊ အထက်တွင် ပြခဲ့သော ဝိနိပါတိကဘေးကြီး၊ နာနာသဗ္ဗာဂရ ဩဒ္ဒလွောကန ဘေးကြီးတို့မှ တခါတည်းလွတ်ကင်းသဖြင့်၊ ဘုရားရှာရခြင်း, ဆရာရှာရခြင်း, ဘာသာအယူပြောင်းရခြင်းစသော ဒုက္ခခပ်သိမ်းတို့မှ၊အေးငြိမ်းချမ်းသာ ရလေဟော့သည်။

စဉ်းစားရန်မှာ၊ ရှေးဘုရားတို့၏သာသနာနှင့် တွေ့ကြုံစဉ်၊ ဂေါတမဘုရားရှင်သာသနာ၌နိဗ္ဗာန်ရပါလို၏ဟု ဆုတောင်းလာရာ။ယခုမြတ်စွာဘုရားသာသနာနှင့် ကြုံသောအခါ၊ တရားကို အားမထုတ်ဘဲ၊ နောက်မေတ္တေယျ ဘုရားရှင်၏သာသနာကိုသာ ဆုတောင်းနေပြန်လျှင်၊ နောင်မေတ္တေယျ ဘုရားရှင်၏ သာသနာနှင့် တွေ့ဆုံပါသော်လည်း၊ နောက်နောက် ဘုရားရှင်တို့၏သာသနာကိုသာ ဆုတောင်း၍နေကြလိမ့်မည်။

ဤကဲ့သို့ဖြစ်နေလျှင်၊ ဘုရားမဆုံး,နောက်မဆုံး၍ တသက်လုံး ဆုတောင်းနေသော်လည်း၊ အာညောင်းရုံရှိလေ၏။ ယခုလိုအခါကောင်း၌မင်း, သူဋ္ဌေးအဖြစ်၊ မင်းကတော်, သူဋ္ဌေးကတော်အဖြစ်၊ မင်းဆရာ, သူဋ္ဌေးဆရာ အဖြစ်မျိုးတွင်၊ အကျိုးပေးနိုင်သော၊ ဒါန, သီလ, သမထမှုခေါ်သည့်၊ အာမိသအမွေမျှလောက်နှင့် တင်းတိမ်ဆုတောင်း၍ မနေသင့်ပေ။

**ထို့ကြောင့်၊ ဘဝတပါးသို့ ပြောင်းခါနီးတွင်၊ အရေးကြီးစွာ မှာထားသောမိဘတို့၏စကားကိုးလိမ္မာသောသားသမီးတို့၏မှတ်သားလိုက်နာသကဲ့သို့၊လောကုတ္တရာဓမ္မအမွေကိုရစေတတ်သော၊ ဝိပဿနာတရားကိုသာ၊ ပွားများအားထုတ်သင့်လှပေသတည်း။**

**သာသနာ့အမွေ ၂-ပါးကိုခွဲခြား၍ ပြဆိုခြင်းပြီး၏။**

---

## ကျွတ်လွတ်ပုံ အစဉ်ကို ဆင်ခြင်ရန် ပြဆိုခြင်း

ဘုရားရှင် သာသနာနှင့် တွေ့ကြုံ၍၊ ဘုံသုံးပါးမှ ကျွတ်လွတ်သောပုဂ္ဂိုလ်တို့၏သင်္ချာအစဉ်ကို၊မေတ္တေယျအနာဂတဝင်အဋ္ဌကထာ၌၊ဘုရားရှင် တဆူတဆူတို့၏ သာသနာတွင်၊ကျွတ်တန်းဝင်သော အရေအတွက်သည်၊ ၂၄-သင်္ချေ,ကုဋေ ခြောက်ဆယ်,ဗိုလ်ခြေ တသိန်းဟုဆို၏။သော

တတ္တကိဂါထာ၌ကား၊ ၂၄-သင်္ချေ,ကုဋေ ခြောက်သိန်း, ကုဋေ တသိန်း ဟုဆိုလေသည်။

**စတုဝီသတိ အသင်္ချေယေ၊ သဋ္ဌိစ သတကောဋိယော။**
**ပါဏေ သတသဟဿာနိ၊ ဂေါတမုဗ္ဗေါ ပမောစယိ။ ။**

(သောတတ္တကီဂါထာ)

ဂေါတမဗုဒ္ဓေါ၊ ဘုရားတဆူသည်။ စတုဝီသတိ အ သ င်္ချေယေ၊ ၂၄-သင်္ချေကုန်သော။ ပါဏေ စ၊ သတ္တဝါတို့ကိုင်း။ သဋ္ဌိသတသဟဿ ကောဋိယော၊ ကုဋေခြောက်သန်းကုန်သော။ ပါဏေစ၊ သတ္တဝါတို့ကို ၎င်း။ ကောဋိ သဘာသဟဿာနိ၊ ကုဋေတသိန်းကုန်သော။ ပါဏေစ၊ သတ္တဝါတို့ကို၎င်း။ ပမောစယိ၊သံသရာဝဋ်မှ ကင်းလွတ်စေတော်မူ၏။

အထူးမှာ၊အနက်ပေးသောအခါ၊ သတ သဟဿာနိ၌၊ သဟဿ-သဒ္ဒါကိုယူ၍၊သဋ္ဌိသဟဿ ကောဋိယော။ တဖန် ကောဋိ- သဒ္ဒါကိုယူ၍၊ ကောဋိ သတသဟဿာနိ ဟုယှဉ်။ ဤသို့ယှဉ်ခြင်းသည်၊ သမ္ဗန္ဓ သင်္ချာနည်းဟူသတည်း။

အထက်ပါ ကျမ်းနှစ်စောင်တွင်၊ အဋ္ဌကထာ၌ ကုဋေခြောက်ဆယ် ဗိုလ်ခြေတသိန်းဆို၏။ သောဘတ္တကီ၌ကား၊ ကုဋေခြောက်သန်း ကုဋေ တသိန်းဆိုသဖြင့် အဆိုမညီသကဲ့သို့ဖြစ်၏။ သို့သော်၊ သင်္ချေမှာ ညီမျှ၍၊ နောက်ကျမ်းများက အပြစ်မဆိုကြပေ။

ကျွတ်တန်းဝင်ကြသည်မှာ၊ဓမ္မစက္ကပဝတ္တနသုတ် တပွဲ၌ပင် အသင်္ချေ လွန်၍၊မင်္ဂလသုတ် မဟာသမယသုတ် ပွဲစသည်တို့၌ အသင်္ချေလွန်ကြ ကုန်သဖြင့်၊အနာဂတာင်ကျမ်းလာ သင်္ချာမှာနည်းလှသည်ဟု၊ အချို့ အဋ္ဌ ကထာ ဋီကာတို့ပယ်ကုန်၏။သို့သော်၊အရေအတွက်ကိုလွန်သော စကား ဖြစ်ပေ၍ စဉ်းစားသင့်ပေသည်။

ကျွတ်ပြီး ကျွတ်ဆဲများတွင်၊ မိလိန္ဒပဉ္ဟာနှင့် အဋ္ဌကထာ ကြီးတို့၌၊ ဘုရားရှင်သက်ထက်တွင်၊တဆဲ့လေးသင်္ချေမျှ ကျွတ်တန်းသို့ဝင်ကြသေး သည်ဟု အခိုင်အမာဆိုသဖြင့်၊ နောက်ကျွတ်လွတ်ရန်အတွက် သင်္ချေ တဆယ်ကျော် ကျန်သေး၏။

ဇိနလင်္ကာရ ဋီကာသစ်၌ကား၊ဘုရားရှင်ရှိစဉ်တွင်၊သင်္ချေနှစ်ဆယ်နှင့် ကုဋေသုံးသန်း၊ ကုဋေခြောက်သိန်း၊ကုဋေ ၇-သောင်း၊ကုဋေ ၇-ထောင်

ကျွတ်တန်းဝင်၍။လေးသင်္ချေနှင့် ကုဋေနှစ်သိန်း၊ ကုဋေလေးသိန်း၊ကုဋေ ၃-ထောင် ကျန်သေးသည်ဆို၏။

ဤနေရာ၌ အဆိုမညီကြသော်လည်း၊ ဒီခါကာလ ရှေ့နောက်ကျနေသဖြင့်၊ အဖြစ်မသယူသင့်လှဟု ထင်မိပေသည်။ သတိပြုရန်မှာ၊ကြွင်းကျန်သော ပုဂ္ဂိုလ်များသည်၊ သာသနာ့ခေတ် အနှစ်ငါးထောင် အတွင်းဖြစ်၍၊ အလိုရှိသောသူတို့ ပါဝင်ခြင်းဖြစ်စေရန်၊မြဲမြဲစွာ အားထုတ်သင့်လှပေသည်။

အတိုင်းတိုင်း အပြည်ပြည်တို့တွင်၊ မဂ်ဝတိုင်း၌ ကျွတ်တန်းဝင်ကြသည့် သောတာပန်,သကဒါဂါမ်တို့သည် ၂-သန်း လေးသိန်းရှိကုန်၏။ ကျွတ်ဆဲပုဂ္ဂိုလ်တို့မှာ၊ သင်္ချေသင်္ချေ မရေမတွက်နိုင်ရာဟု ဇဝနနတ်သားလျှောက်ထား၏။ ဤသဘောများကို စဉ်းစားလျှင်၊အခါကာလ ဌာနဒေသနှင့်၊မိတ္တအစ္ဆာသယ အားလျော်စွာ၊နီးစပ်ရာသို့ လိုက်ပါခြင်းများ၍၊ အချို့မှာ ပဲကြီးပြုတ်ရာ စုန်း ပြူး ပါ သ ကဲ့ သို့၊ တဖိမ်တည်း၌ပင်သော်လည်း၊ ကြွင်းကျန်၍ နေတတ်ခြင်းသဘောတို့၊ အနည်းငယ်ရှိတတ်လေသည်။

စဉ်းစားရန်မှာ၊ ခေါက်ရှာ၄က်သည် နိုင့်တုံမြင့်တုံ ပျံသကဲ့သို့။သာသနာသည်လည်း အစဉ်မဟုတ်ဘဲ၊ မှိန်လိုက် လင်းလိုက်ဖြစ်သည်ဟု ကမ်းဂန်၌လာ၏။ ရာဇဝင်ကိုကြည့်လျှင် သိနိုင်လေသည်။ ထို့ကြောင့် အာသာဝတီနွယ်နီနတ်ပန်းကို နဘ်အများတောင်းတမျှော်မှန်း၍ ဆင်မြန်းကြသကဲ့သို့၊ ယခုလို အခါကောင်းမှာ၊ သူ့ထက်ငါ ကြိုးစားပြီး၊ ပွားများရှုမှတ်သင့်လှပေသတည်း။

ကျွတ်လွတ်ပုံ အစဉ်ကိုဆင်ခြင်ရန် ပြဆိုခြင်းပြီး၏။

---

ပေါက်ရောက်ရန်ကာလကို အမြွက်မျှ ပြဆိုခြင်း

**ယောဟိကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ သတ္တဝဿာနိ၊ တဿ ဒွိန္နံ ဖလာနံ အညတရံ ဖလံ ပါဋိကင်္ခံ ဒိဋ္ဌေဝ ဓမ္မေ အညာသတိ ဝါ ဥပါဒိသေသေ အနာဂါမိတာ။**

(သတိပဋ္ဌာန်ပါဠိတော်)

ဘိက္ခဝေ၊ ရဟန်းတို့။ ယောပန ကောစိ၊အမှတ်မရှိ တစုံတယောက်သောသူသည်။သတ္တဝဿာနိ၊ ၇-နှစ်တိုင်အောင်။စတ္တာရော၊လေးပါးကုန်သော။ဣမေ သတိပဋ္ဌာနေ၊ဤသတိပဋ္ဌာန်တရားတို့ကို။ဧဝံ၊ဤသို့ငါဘုရားဟောတော်မူတိုင်း။ ဘာဝေယျ၊ ရှုမှတ်ပွားများငြားအံ့။ တဿ၊ထိုပုဂ္ဂိုလ်

အား။ဒိဋ္ဌေဝဓမ္မေ၊မျက်မှောက်သောဘဝ၌ပင်လျှင်။အညာဝ၊အရဟတ္တဖိုလ်သည်မူလည်း။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဥပါဒိသေသေ၊ ခန္ဓာကြွင်းသည်။ သတိ၊ရှိသော်။ အနာဂါမိ တာဝ၊အနာဂါမိဖိုလ်သည်မူလည်း။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ဇာတိ၊ ဤသို့။ဒွိန္နံဖလာနံ၊ ၂-ပါးကုန်သောဖိုလ်တို့တွင်။အညတရံဖလံ၊တပါးပါးသောဖိုလ်ကို။ ပါဋိကင်္ခံ၊အလိုရှိအပ်၏။

ဤသို့စသည်ဖြင့် ဟောတော်မူသော ဒေသနာအရ၊သတိပဋ္ဌာန်နည်းအတိုင်း ၇-နှစ် အားထုတ်လျှင်၊ အရဟတ္တဖိုလ်နှင့် အနာဂါမိဖိုလ် တပါးပါးကို ရနိုင်လေ၏။ ခြောက်နှစ်,ငါးနှစ်မျှနှင့်လည်း ရနိုင်၏။ ၇-လ။ပ။ ၇-ရက်မျှနှင့်လည်း ရနိုင်၏ဟု အဓိပ္ပါယ်လာသည်၊ ၎င်းပြင် ပါထေယျပါဠိ,ဒုတိယဥဒုမ္ဗရိကသုတ်၌၊ နိဂြောဓပရိဗိုဇ်အားလည်း ထိုအတူဟောတော်မူ၏။

တဖန် မဇ္ဈိမပဏ္ဏာသ ဗောဓိရာဇကုမာရသုတ်၌မူကား၊ ခြောက်ရက်။ပ။ တရက်မျှနှင့်ပင် ရနိုင်၍၊ ငါ့ဘုရားထံတွင် ပဓာနိယင် ၅ ပါးပြည့်စုံလျှင်၊ နံနက်အခါ ဆုံးမသော်၊ ညနေတွင် မဂ်ဖိုလ်ရတုံ့။ ညနေဆုံးမသော်၊ နံနက်တွင်ရနိုင်လတ့ံဟု ဟောတော်မူ၏။ ဝိသုဒ္ဓိမဂ်၌ ၇-နှစ်မှ, ၇-ရက်ပိုင်းခြင်းသည်၊ အလယ်အလတ် ပုဂ္ဂိုလ်များအတွက်ဟုမိန့်ဆိုသည်။

ပါဠိ အဋ္ဌကထာတို့၌၊ အထက်ပုဂ္ဂိုလ် တနေ့မှ ခုနစ်ရက်အတွင်း၊ အလတ်ပုဂ္ဂိုလ် ခုနစ်ရက်မှ ခုနစ်နှစ်အတွင်း၊အညံ့ပုဂ္ဂိုလ် ခုနစ်နှစ်မှ ဆယ်နှစ်, ဆယ့်ငါးနှစ်စသည်ဖြင့် အသက်ရှည်သမျှ ပိုင်းခြားရာ၊အကျိုးမှာ ၃-မဂ်,၃-ဖိုလ်၊ ၄-မဂ်, ၄-ဖိုလ်တိုင်ဆိုသဖြင့်၊ တမဂ်,တဖိုလ်မျှ ရနိုင်ရန် ကာလကို၊ ထောက်ဆနိုင်းယှဉ်၍ သိမြင်သင့်ပေ၏။

ဝိသုဒ္ဓိမဂ်၌လာသော မဟာသိဝမထေရ်ကြီးသည်၊ အပြင်းအထန်အားထုတ်ရာ၊အနှစ် နှစ်ဆယ်ကြာမှ ကိစ္စပြီးစီးသည်ဆို၏။ ၎င်းကျမ်း၌ပင် မဟာနာဂမထေရ်ကြီးသည်၊ ခြောက်နှစ်လှမ်းမျှနှင့် ကိစ္စပြီးသည်ဆို၏။ ယခုအခါတွင် များသောအားဖြင့်၊ပါဠိ အဋ္ဌကထာတို့၏ သဘောသွားနှင့် မဟာနာဂမထေရ်ကြီး လျင်မြန်သည်များကို မစဉ်းစားဘဲ၊ မဟာသိဝမထေရ်ကြီးပင် အနှစ် နှစ်ဆယ်ကြာသေးတာ၊ ငါတို့မှာမဖြစ်နိုင်ဟု ထင်တတ်ကြလေသည်။

ထိုမထေရ်နှစ်ပါးတို့တွင်၊ မဟာနာဂ မထေရ်သည်၊ နည်းပေးညွှန်ကြားသော တပည့်ဓမ္မဒိန္န၏စကားကို၊ ခံ့ညား ရှိသေစွာ လိုက်နာ၍

အားထုတ်၏။ မဟာသိဝမထေရ်သည်၊ပရိယာယ်ဖြင့်ပြောသော တပည့် ဝိဏ္ဍပါတ်ရဟန်းအား၊ဒေသနာဉာဏ်နှင့် မာနထား၍ အားထုတ်၏။ဤသို့ ခြားနားသော မထေရ်တို့ စိတ်ထားကို၊ စဉ်းစား ဆင်ခြင် နိုင်ပါလျှင်၊ ဝိပဿနာအရာ၌၊ဟုတ်တိုင်းမှန်စွာကိုပင် သိမြင်၍လာကြပေလိမ့်မည်။

**ကာလေန ကာလဉ္စိ သမယေ သမယေ နနုစ ကမ္မဋ္ဌာနံနာမ၊ မုဟုတ္တမ္ပိ အဆင်္ဍေတွာ နိရန္တရံ မနသိကာတဗ္ဗံ။ ကသ္မာ ဘဂဝါ ကာလေနကာလဉ္စိ အာဟာတိ။**

(မူလပဏ္ဏာသအဋ္ဌကထာ၊ဝိတက္ကသဏ္ဌာနသုတ်)

ကာလေန.ကာလဉ္စိ၊ကာလေန-ကာလံ-ဟူသည်ကား။သမယေသမ ယေ၊အခါခါတိုင်း အခါတိုင်း။ နနုစ ကောန္တေန၊စင်စစ်အားဖြင့်။ကမ္မဋ္ဌာနံ နာမ၊ကမ္မဋ္ဌာန်းမည်သည်ကား။မုဟုတ္တမ္ပိ၊တခဏမျှလည်း။ အ ဆင်္ဍေတွာ၊ မစွန့်လွှတ်မူ၍။ နိရန္တရံ၊အစဉ်မပြတ်။ မနသိကာတဗ္ဗံ၊နှလုံးသွင်းအပ်၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ ဘဂဝါ၊ မြတ်စွာဘုရားသည်၊ ကာလေနကာလဉ္စိ၊ ကာလေန ကာလံ-ဟူ၍။အာဟ၊ ဟောတော်မူ၏။ ဣတိ၊ထို့ကြောင့်။နိရန္တရံ၊အစဉ်မပြတ်။မနသိကာတဗ္ဗံ၊နှလုံးသွင်းအပ်၏။

အဓိပ္ပါယ်ကား၊ မဂ်ဖိုလ်ကိုရလို၍ ကမ္မဋ္ဌာန်းအားထုတ်လျှင်၊ မဂ်ဖိုလ် ကိုမရမီအတွင်း နားရပ်ခြင်းမပြုရ။ နားရပ်ခြင်းရှိနေလျှင်၊ နားတထိုင်, သွားတတိုင် ဆိုသကဲ့သို့၊ ခရီးပေါက်နေ၍ ၇-ရက်နှင့် ရမည်သူမှာ၊ တလ, တလခွဲစသည် ကြာဘတ်သဖြင့် မီးပွတ်သော ယောက်ျားကဲ့သို့၊ မနား မရပ် အားထုတ်ရမည်ဟု ကျမ်းဂန်၌ဥပမာပြသည့်အတိုင်း၊ အလိုဆန္ဒရှိ သော မဂ်ဖိုလ်ကိုရမှ၊ ရပ်နားရမည်ဟု ဆိုလိုသည်။

ဤကဲ့သို့ ညီညွတ်အောင် အားထုတ်ပါလျှင်၊မကြာမတင်ဘဲ သွားဆဲ, ရပ်ဆဲ,ထိုင်ဆဲ,အိပ်ဆဲ၊ ကြားဆဲ,မြင်ဆဲ, စားဆဲ, သောက်ဆဲ, ကွေးဆဲ, ဆန့်ဆဲ၊ ဘယ်ခဏ,ဘယ်ကာလ,ဘယ်အခါမဆို၊ မဂ်ဖိုလ်ကို ရနိုင်သည် ဟု မှတ်အပ်ပေ၏။

**ယဿ သဒ္ဓါစ ဗလဝတီ၊ ဝိပဿနာစ အာရဒ္ဓါ၊ တဿ ဂစ္ဆန္တဿ တိဋ္ဌန္တဿ နိသီဒန္တဿ နိပဇ္ဇန္တဿ ခါဒန္တဿ ဘုဉ္ဇန္တဿ မဂ္ဂဖလ ပဋိဝေဓော နာမ နဟောတီတိ နတ္ထိ။** (ပုဂ္ဂ"ညတ် အဋ္ဌကထာ)

ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ သဒ္ဓါစ၊ ယုံကြည်ခြင်း သည်လည်း။ ဗလဝတီ၊ အားကြီး၏။ ဝိပဿနာစ၊ရှုမှတ်ခြင်းကိုလည်း။ အာရဒ္ဓါ၊လွန်

စွာအားထုတ်၏။ တသော၊ ထိုပုဂ္ဂိုလ်အား။ ဂစ္ဆန္တော၊ သွားစဉ်။ ဌိတ္တော၊ ရပ်စဉ်။ နိသိန္နော၊ ထိုင်စဉ်။ နိပန္နော၊ အိပ်စဉ်။ ခါဒန္တော၊ ခဲစဉ်။ ဘုဉ္ဇန္တော၊ စားစဉ်။ မဂ္ဂဖလ ပဋိဝေဓော နာမ၊ မဂ်ဖိုလ်ကို ထိုးထွင်း သိမြင်ခြင်းမည်သည်။ န ဟောတီတိ၊ မဖြစ်ဟူသည်ကား။ နတ္ထိ၊ မရှိ။ အတ္ထိဧဝ၊ ရှိနိုင်သည်သာလျှင်တည်း။

မာတိကာ ဒကာမကြီး နန္ဒမာတာ စသောသူတို့သည်၊ အိမ်တွင် ချက်ပြုတ်လုပ်ကိုင်၍၊ မဂ်ဖိုလ်ကို ရကုန်၏။ မဟာနာဂထေရ် သွားဆဲ၊ မဟာသိဝထေရ် ထိုင်ဆဲ မဂ်ဖိုလ်ရ၏။ သိဟိုဠ်ကျွန်း ဒကာမတယောက်၊ ကျင်ကြီးစွန့်ဆဲ မဂ်ဖိုလ်ရ၏။ ထို့ကြောင့်၊ အခိုက်အတန့်ခဏနှင့် နေ့ရက် အခါ ကာလများကို၊ အချိန်အားဖြင့် ပိုင်းခြား၍ သိနိုင်ပေသည်။

သတိပြုရန်မှာ၊ ယခုအခါ ဝိပဿနာ အားထုတ်ကြသော သူတို့တွင်၊ အသက် ၁၂–နှစ်အရွယ်ခန့်ရှိ သူငယ်မကလေး တယောက်၊ ၁၀–ရက်မျှနှင့် ဝိပဿနာအောင်မြင်၍၊ အသက် ၆၀–ခန့်ရှိ တကာကြီးတယောက်မှာ၊ ၄–လကျော် ၁၀–လနီးမှ အောင်မြင်လေ၏။ ဤ ၂–ယောက်မှာ၊ အမြန်ဆုံးနှင့် အနှေးဆုံးဖြစ်၏။ ၎င်းအတွင်း၌ အသက်,အရွယ်,ရက်,လ အနည်းအများဖြင့်၊ အစားစားပင် များစွာရှိကြလေသည်။

ယခု ပြဆိုခဲ့သော ပါဠိအဋ္ဌကထာ အရ၊ သာဓက ဝတ္ထုသွားနှင့် တွေ့ကြုံသော ပုဂ္ဂိုလ်များကို ထောက်ထား၍၊ ဤ ကျမ်း၌ ပါရှိသော အဓိပ္ပါယ် နည်းလမ်းအတိုင်း၊ ညွှန်ကြားသည့်ဆရာ၏စကားကို ခံ့ညား လိုက်နာ၍၊ တလ, တလခွဲကြာအောင် အားထုတ်ပါလျှင်၊ ၁၀–ယောက် တွင်၊ ၈–ယောက်မှာ မဂ်ဖိုလ်ကိုရနိုင်၏။ ၈–ယောက်တွင်၊ ၁–ယောက်, ၂–ယောက်မျှ နောက်ကျနေလျှင်၊ ရလောက်သော အခြေတွင် နီးကပ် နေပြီဟု၊ ထိုသူ၏ စိတ် ဓာတ်၌ပင် ထင်မြင်သိရှိ၍ လာလိမ့်မည်ကို၊ အတည်ကျ ပြောကြား ဝန်ခံလိုက်ပေသတည်း။

ပေါက်ရောက်ရန် ကာလကို အမြွက်မျှ ပြဆိုခြင်းပြီး၏။

---

## သတိပဋ္ဌာန် ကျေးဇူး၊ ဂုဏ်ကို သိသာ ရုံပြဆိုခြင်း

တရံရောအခါ၊ မြတ်စွာဘုရားသည် ၃–ပါးသောကာလ၌၊ သဗ္ဗညုတ ဉာဏ်ကိုရသော ဘုရားရှင်တို့အား၊အဘယ်တရားကျေးဇူးများသနည်းဟု

မေးတော်မူ၍၊ အရှင်သာရိပုတ္တရာသည် မိမိဉာဏ်မှာ ထင်သည့်အတိုင်း လျှောက်ထားလေ၏။

**ယေတေ ဘန္တေ အဟေသုံ အတီတမဒ္ဓါနံ အရဟန္တော သမ္မာ သမ္ဗုဒ္ဓါ၊ သဗ္ဗေတေ ဘဂဝန္တော ပဉ္စနီဝရဏေ ပဟာယ စေတ သော ဥပက္ကိလေသေ ပညာယဒုဗ္ဗလီကရဏေ စတူသုသတိပဋ္ဌာ နေသု သုပတိဋ္ဌိတစိတ္တာ သတ္တသမ္ဗောဇ္ဈင်္ဂေ ယထာဘူတံ ဘာဝေ တွာ အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဇ္ဈိံသု။**

(မဟာပရိနိဗ္ဗာနသုတ်)

ဘန္တေ၊မြတ်စွာဘုရား။ အတီတမဒ္ဓါနံ၊ လွန်လေပြီးသော ရှေးအခါ၌။ အရဟန္တော၊ပူဇော်အထူးကို ခံတော်မူထိုက်ကုန်သော။ သမ္မာသမ္ဗုဒ္ဓါ၊ သစ္စာ ၄-ပါးကို သိကုန်ပြီးသော။ ယေတေ ဘဂဝန္တော၊ အကြင်ဘုရား ရှင်တို့သည်။ အဟေသုံ၊ ပွင့်တော် မူကြလေကုန်ပြီ။ သဗ္ဗေ၊ ခပ်သိမ်း ကုန်သော။ တေ ဘဂဝန္တော၊ ထိုဘုရားရှင်တို့သည်။ စေတသော၊ စိတ် တော်ကို။ ဥပက္ကိလေသေ၊ ညစ်ညူး ပူပန်စေတတ်ကုန်သော။ ပညာယ၊ ပညာကို။ ဒုဗ္ဗလီကရဏေ၊ အားနည်းအောင် ပြုတတ်ကုန်သော။ ပဉ္စ နီဝရဏေ၊ ငါးပါးသော နီဝရဏတို့ကို။ ပဟာယ၊ ပယ်၍။ စတူသု၊ ၄-ပါးကုန်သော။ သတိပဋ္ဌာနေသု၊သတိပဋ္ဌာန်တရားတို့၌။ သုပတိဋ္ဌိတ စိတ္တာ၊ ကောင်းစွာတည်သော စိတ်ရှိတော်မူကြကုန်သည်ဖြစ်၍။ သတ္တ သမ္ဗောဇ္ဈင်္ဂေ၊ ၇-ပါးသော သမ္ဗောဇ္ဈင် တရားတို့ကို။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။ ဘာဝေတွာ၊ပွားများတော်မူကြကုန်၍။ အနုတ္တရံ၊ အတုမရှိသော။ သမ္မာသမ္ဗောဓိံ၊အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ် တော်မြတ်ကို။ အဘိသမ္ဗုဇ္ဈိံသု၊ထိုးထွင်း၍ သိတော်မူကြလေကုန်ပြီ။

အဓိပ္ပါယ်ကား၊ သတိပဋ္ဌာန် တရားကို ပွားများ၍၊ ဘုရားအဖြစ်သို့ ရောက်ကြသည်ဟု ဆိုလို၏။ သတိပဋ္ဌာန်၌တည်၍ ဗောဇ္ဈင် တရားကို ပွားများသည်ဆိုရာ၌၊ သတိပဋ္ဌာန်ကို ပွားများမှ ဗောဇ္ဈင်တရားပြည့်စုံ သည်ဆိုသော စကားကို ထောက်ထားသင့်၏။ အနာဂတ်, ပစ္စုပ္ပန်တို့၌ လည်း၊ ဤနည်းအတူ လျှောက်ထားလေသည်။

တဖန် အခါ တပါး၌၊ တရားအပေါင်းတွင် အဘယ်တရားသည်၊ ကျေးဇူးများ မြတ်ပါသနည်းဟု ပုဏ္ဏားတယောက် လျှောက်ထားရာ၊ မြတ်စွာဘုရားသည်၊ အင်္ဂုတ္တိုရ် ပါဠိတော် ဆက္ကနိပါတ် ဓမ္မိကဝဂ်၌၊

အပ္ပမာဒေါ ခေါ ဗြဟ္မဏာ ဧကောဓမ္မော ဘာဝိတော ဗဟုလီကတော ဥဘောအတ္ထေ သမဓိဂ္ဂယှ တိဋ္ဌတိ။—ဤသို့ စသည်ဟောတော်မူ၏။

အဓိပ္ပါယ်ကား၊ အိုပုဏ္ဏားမမေ့မလျော့သော သတိတရားတခုကို ပွားများလျှင်၊ မျက်မှောက်, သံသရာ နှစ်ဖြာသော အကျိုးကို ရနိုင်၏။ လောက၌ ခြေရှိသော သတ္တဝါတို့တွင်၊ ဆင်သည် အကြီးဆုံး ဖြစ်၏။ မင်းအပေါင်းတွင်၊ စကြာဝတေးမင်းသည် အမြတ်ဆုံး ဖြစ်၏။ ဣမ် ကျောင်းအဆောက်အဦးတွင်၊အထွဋ်တုပိကာသည် အထက်ဆုံးဖြစ်၏။ ကြယ်တာရာအပေါင်းတွင်၊ လမင်း၏ အရောင်သည် အလင်းဆုံးဖြစ်၏။ ထိုအတူ တရားအပေါင်းတွင် သတိသည်၊အသာဆုံး,အလွန်ဆုံး,အမြတ်ဆုံး,ကျေးဇူးအများဆုံးဟု ဆိုလိုသည်။

ငင်းပြင်၊ ဆရာ တိပိဋကစူဠသုမန မထေရ်က၊ သတိပဋ္ဌာနမဂ်သည် အဘယ်မဂ်နည်းဟု မေးရာ၊တပည့်တိပိဋကစူဠနာဂမထေရ်က၊ပုဗ္ဗဘာဂ မဂ်ဟု လျှောက်၏။ ထိုအခါ ဆရာက လောကုတ္တရာမဂ်ဆိုသဖြင့်၊တပည့် က ပုဗ္ဗဘာဂမဂ်ဟု လျှောက်ပြန်ရာ၊ ဆရာက လောကုတ္တရာ မဂ်ဟု ဆိုပြန်၍၊ တပည့်က ထပ်မံမပြောကြားဘဲ ထသွားကြလေ၏။

ထိုနောက် ဆရာမထေရ်သည် ရေချိုးအုံသို့ သွားရင်း၊ သတိပဋ္ဌာန် ဒေသနာကို နှုလုံးသွင်းလေသော်၊ယောဟိကောစိ ဘိက္ခဝေ ဣမေစတ္တာ ရော သတိပဋ္ဌာနေ ဧဝံဘာဝေယျ သတ္တဝဿာနိ—ဟူသော နိဂုမ်းသို့ ရောက်မှ မိမိ မှားယွင်းကြောင်းသိ၍၊ နောက် အဋ္ဌမီဥပုသ်နေ့ ညဉ့်တွင်၊ တပည့် စူဠနာဂ ပြောဟောသော တရားသဘင်သို့ ကြွသွားပြီး၊ငါ့အယူ မှားသည်ဟု ပြောကြားလေသည်။

ထိုအခါ စူဠနာဂမထေရ်သည်၊ ဤကဲ့သို့သော ဆရာကြီးငင်လျှင်၊ ထင်မြင်ချက်သတိလစ်သေးသဖြင့်၊ နောက်သား နောင်လာတို့ ခေတ်၌ ပြောဘွယ်ရာ မရှိပေဟု နှုလုံးထားလျက်၊ ပဋိသမ္ဘိဒါမဂ်မှ ထုတ်နှုတ်၍၊ သုတ်မဟာဝါ မဟာပတိပဋ္ဌာန် အဖွင့်၌၊ ခိုင်ခံ့အောင် ထည့်သွင်းထားခဲ့ပေသည်။

**ကာယနုပဿနာ ဝုစ္စတိ ပုဗ္ဗဘာဂသတိပဋ္ဌာနမဂ္ဂေါ။ အယမ္ပိ မဂ္ဂေါ ဘာဝိတော အနုပုဗ္ဗေန နိဗ္ဗာနသမ္ပတ္တိကိရိယံ သာဓေတိ။**

(သတိပဋ္ဌာန်အဖွင့်)

ပုဗ္ဗဘာဂ သတိပဋ္ဌာနမဂ္ဂေါ၊ပုဗ္ဗဘာဂ သတိပဋ္ဌာနမဂ်ကို။ ကာယနု မဂ္ဂေါ၊ တကြောင်းတည်းသော နိဗ္ဗာန် သွားလမ်း ခရီးဟူ၍။ ဝုစ္စတိ၊

ဆိုအပ်၏။ ဟိ၊ ထို စကားမှန်၏။ အယံ မဂ္ဂေါ၊ ဤ သတိပဋ္ဌာနမဂ်ကို။ ဘာဝိတော၊ပွားများအပ်သည်ရှိသော်။ အနုပုဗ္ဗေန၊အစဉ်သဖြင့်။ နိဗ္ဗာန သစ္ဆိကိရိယံ၊နိဗ္ဗာန်သို့ မျက်မှောက်ပြုခြင်းကို။ သာဓေတိ၊ ပြီးစေနိုင်၏။

အဓိပ္ပါယ်ကား၊ သတိပဋ္ဌာန်သည် ပုဗ္ဗဘာဂမဂ် ဖြစ်သောကြောင့်၊ သတိပဋ္ဌာန်နည်းအတိုင်း သွားမှ နိဗ္ဗာန်သို့ ရောက်နိုင်၏။ သတိပဋ္ဌာန် နည်းမှတပါး၊ နိဗ္ဗာန်သို့ သွားရန် လမ်းမရှိဟု ဆိုလိုသည်။ ၎င်းပြင်၊ ရှင်သာရိ ပုတ္တရာ ဝိသာခါစသော၊ ဥဏ္ဏာဒိုတည်း ပုဂ္ဂိုလ်တို့ပင် သော် လည်း၊ သတိပဋ္ဌာန်နှင့်ကင်း၍ နိဗ္ဗာန်ကို ရခြင်းမရှိ။ ၄-ပါးလုံးသော်၎င်း၊ ၃၂-ပါးလုံးသော်၎င်း၊ တပါးကိုသော်၎င်း၊နှလုံးသွင်းမှ နိဗ္ဗာန်ကို ရနိုင် ၏ဟု လာရှိပေသည်။

ထိုမှတပါးလည်း၊ နိဗ္ဗာန်သို့သွားသည့် ဗောဓိပက္ခိယ တရားတို့တွင်၊ ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင်တို့၌ ပါဝင်သဖြင့်၊ လွန်စွာပင် အရေးကျယ် အရေးကြီး ရှေ့ဆောင်ဦးစီးဖြစ်ကြသော၊ သဒ္ဓါ,သတိ, ဝီရိယ, သမာဓိ, ပညာဟူသော တရား ၅-ပါးတို့တွင်လည်း၊ သတိ တပါးကို သာလျှင် အမှူးတင်ထားလေ၏။

သဒ္ဓါနှင့် ပညာ၊ ဝီရိယနှင့် သမာဓိ၊ ၄-ပါး စုံညီအောင် ညှိနိုင်းမှ နိဗ္ဗာန်ကို ရနိုင်လေရာ၊ သဒ္ဓါလွန်လျှင်၊ ဝက္ကလိရဟန်းကဲ့သို့ဖြစ်တတ်၏။ ပညာလွန်လျှင်၊ ရှင်သာရိပုတ္တရာ ကဲ့သို့ ဖြစ်တတ်၏။ ဝီရိယလွန်လျှင်၊ ရှင်အာနန္ဒာကဲ့သို့ ဖြစ်တတ်၏။ သမာဓိလွန်လျှင်၊ မဟာနာဂထေရ် စသည်တို့ကဲ့သို့ ဖြစ်တတ်လေ၏။

ထို့ကြောင့်၊ သဒ္ဓါ လွန်လျှင်-ဆွန့်၊ ပညာ လွန်လျှင်-ကွန့်၊ ဝီရိယ လွန်လျှင်-ဥဒ္ဓစ္စ၊ သမာဓိလွန်လျှင်-ကောသဇ္ဇဟု ဆိုကြလေ၏။ သဘော မှာ၊ သဒ္ဓါစသော ၄-ပါးတွင်၊တပါးပါး လွန်ကဲအားကြီးနေလျှင်၊ နိဗ္ဗာန် ကိုပင် မရနိုင်ပေ။ သတိမှာ လွန်သည်မရှိ၊ လွန်ကဲ အားကြီးမှသာ နိဗ္ဗာန်ကို ရနိုင်၏ ဆိုလိုသည်။

**သတိ ပန သဗ္ဗတ္ထ ဗလဝတီ ဝဋ္ဋတိ။** ။သတိပန၊ သတိသည်ကား။ သဗ္ဗတ္ထ၊အလုံးစုံသောအရာဌာနတို့၌။ဗလဝတိ၊အားကြီးလွန်ကဲခြင်းသည်။ ဝဋ္ဋတိ၊သင့်၏။ ။ဥပမာကား၊မြင်း ၄-ကောင် ကသောရထား၌၊ ရထား မောင်းသမား လိုရင်းဖြစ်သကဲ့သို့။သတိရှေ့ဆောင်ဦးစီး၍ လွန်ကဲအား ကြီးမှသာ၊သဒ္ဓါနှင့်-ပညာ၊ ဝီရိယနှင့်-သမာဓိတို့၊ ညီမျှခြင်း ရှိနိုင်၏ဟု ဆိုလိုသည်။

တဖန် ဓမ္မပဒ၌၊ သတိကို ပဓာနပြု၍၊ အပ္ပမာဒဝဂ်ဟု အသီးအခြား လာ၏။ သုံးဖြာသောပိဋကတ် ငါးရပ်သောနိကာယ်တို့၌လည်း၊ သတိ အားကြီးပုံကို အနည်းနည်းဟောတော်မူ၏။ နေ့စဉ် ဟောကြားသော ဒုလ္လဘသည်လည်း သတိတရားပင်ဖြစ်၏။

**၎င်းပြင် ပရိနိဗ္ဗာန်စံခါနီး၌၊ ဝေဠုဂါမရွာကြီးတွင် ဝါကပ်တော်မူသောအခါ၊**

**အတ္တဒီပါ ဝိဟရထ, အတ္တပဋိသရဏာ, အနညပဋိသရဏာ။**

**ဓမ္မဒီပါ ဝိဟရထ, ဓမ္မပဋိသရဏာ, အနညပဋိသရဏာ။**

**ဤသို့စသည်ဖြင့်**

မိမိကိုယ်ကိုသာ မှီခိုပုန်းအောင်းရာပြု၍ နေကုန်လော့။
မိမိကိုယ်သည်သာ ကိုးကွယ်ရာရှိ၏။
မိမိကိုယ်မှတပါး ကိုးကွယ်ရာမရှိ။
တရားကိုသာ မှီခိုပုန်းအောင်းရာပြု၍ နေကြကုန်လော့။
တရားသာလျှင် ကိုးကွယ်ရာရှိ၏။
တရားမှတပါး ကိုးကွယ်ရာမရှိ။....

ဟု အကျဉ်းမျှ ဟော၍၊ အတ္တ, ဓမ္မဟူသည်၊ သတိပဋ္ဌာန် တရား ၄-ပါးပင်တည်းဟု အကျယ်ဟောတော်မူ၏။

**တရားရှာ ကိုယ်မှာ** – ဟူသော စကားသည်၊ ဤ ဒေသနာတော် များနှင့် တသားတည်းညီမျှပေသည်။

**ဟန္ဒဒါနိ ဘိက္ခဝေ အာမန္တယာမိ၊ ဝေါ ဝယဓမ္မာ သင်္ခါရာ အပ္ပမာ ဒေန သမ္ပာဒေထ။**

ဘိက္ခဝေ၊ သံသရာဝဋ်၊ တဏှာညွတ်မှ၊ ကျွတ်လွတ်ဘို့ရာ၊ ကျင့်သမ္မာကို၊ ရှာကြံကြံငြား၊ ဒို့ချစ်သား, ချစ်သမီးအပေါင်းတို့။ ဟန္ဒ၊ ယခု။ ဒါနိ-ဣဒါနိ၊ ပရိနိဗ္ဗာန် စံဝင်ခါနီး၊ ချိန်ခါကြီး၌။ ဝေါ တုမှာကံ၊ သံသရာထဲ၊ ဩဃဝဲမှ၊ ရှောင်လွှဲဖယ်ခွါ၊ ကျွတ်လွတ်ရာကို၊ လျင်စွာလိုလား၊ သင် ချစ် သား, ချစ်သမီးတို့အား။ အာမန္တယာမိ၊ ငါဘုရားခေါ်တော်မူ၏။ အာမန္တယာမိ၊ လေးလီသစ္စာ၊ ခိုင်မာလာကို၊ အသာလွယ်ကူ၊ စိတ်တံချူဖြင့်၊ ဆွတ်ယူ ဘို့ရာ၊ မိန့်မှာမြွက်ကြား၊ ထိုစကားကို၊ သနားယူကြုံး၊ နောက်ဆုံး ခေါ် မူ၏။ သင်္ခါရာ၊ တေဘူမ္မိကာ၊ သင်္ခါရ၌၊ ဒွါရ, အာရုံ၊ ဝိညာဏ်ကြိုကြိုက်၊ ပေါင်းဆုံခိုက်မှာ၊ ဖြစ်ပေါ်လာငြား၊ ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့သည်။ ဝယဓမ္မာ၊ အကြောင်းဓမ္မတာ၊ ဖြစ်ပေါ်လာက၊ လျင်စွာကုန်ပြီး၊ ပျက်စီး

ကြလေကုန်၏။ တသ္မာ၊ ထို့ကြောင့်။ တုမှေ၊လေးမင်္,လေးဖိုလ်၊ ခိုဝင်လို ကြား၊ သင်ချစ်သား,ချစ်သမီးတို့သည်။ အပ္ပမာဒေန၊သတိဟုတရား၊လက်ကိုင် ထား၍၊ ခြောက်ပါးဒုန္ဒြေ၊ ဝင်ပေါက်တွေကို၊ မှတ်လေ မြင်, ကြား၊ နံ, စား,ထိ,သိ၊ပိတ်ဘိလုံစေ၊ ဈာန်ရေယာပထ၊ သွား,ရပ်,ထိုင်,အိပ်၊ မဆိတ် အမှတ်၊ မပြတ်ပွါးများ၊ မမေ့မလျော့သော သမ္ပဇဉ်တရားနှင့်။ သမ္ပါဒေ ထ၊ အရိုးကြေကြေ၊ အရေခန်းခန်း၊ မဆုတ်တန်းပွါး၊ လုလ္လထား၍၊ ယောကျ်ား ဇာနည်၊ ဇာနည် မိန်းမ၊ ဖြစ်ရစ်ကြဟု၊ လောက်ဌကုံလို၊ ပြည့်စုံကြစေကုန်လော။

၄၅-ဝါပတ်လုံး ဟောကြားတော်မူသော တရားအပေါင်းကို၊ အပ္ပ မာဒ-ဟူသော ပုဒ်တခုတည်း၌ထည့်သွင်း၍ ဟောတော်မူသည်ဟု အဋ္ဌ ကထာ၌ဆို၏။ ဤသို့လာသောအဓိပ္ပါယ်များကို ယုံကြည် မှတ်သားစေ ခြင်းငှါ၊ သတိတရားကို အလုံးစုံ၌ အလိုရှိရမည်ဟု ဟောကြားတော် မူ၏။

**သတိံ စ ခွါဟံ ဘိက္ခဝေ သဗ္ဗတ္ထိကံ ဝဒါမိ။** ။ဘိက္ခဝေ၊ ရဟန်းတို့ ခေါ်၊ စဝ်စစ်။သတိံ စ၊ သတိကိုသာလျှင်။သဗ္ဗတ္ထိကံ၊အလုံးစုံသောအရာ ၌ အလိုရှိအပ်၏ဟူ၍။အဟံ၊ငါဘုရားသည်။ဝဒါမိ၊ဟောတော်မူ၏။

သတိပဋ္ဌာန် ကျေးဇူးဂုဏ်ကို ပြဆိုခြင်းပြီး၏။

ပုထုဇန် ၂-မျိုးပြားသည် ကို မှတ်သားရန် ပြဆိုခြင်း

**ဒုဝေ ပုထုဇနာ ဝုတ္တာ၊ ဗုဒ္ဓေနာဒိစ္စ ဗန္ဓုနာ။**
**အန္ဓော ပုထုဇ္ဇနော ဧကော၊ ကလျာဏေကော ပုထုဇ္ဇနော။**

(အင်္ဂုတ္တိုရ်၊ ၂ ဋ္ဌကထာ)

ဧကော၊တယောက်သော။အန္ဓောပုထုဇ္ဇနော၊အန္ဓပုထုဇန်ရင်း။ဧကော၊ တယောက်သော။ ကလျာဏပုထုဇ္ဇနော၊ကလျာဏပုထုဇန်ရင်း။ ဣတိ၊ ဤသို့။ အာဒိစ္စဗန္ဓုနာ၊ နေမင်း၏အဆွေဖြစ်တော်မူသော။ ဗုဒ္ဓေန၊မြတ်စွာ ဘုရားသည်။ ဒုဝေ၊နှစ်ယောက်ကုန်သော။ ပုထုဇနာ၊ ပုထုဇန်တို့ကို။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။

ဤအင်္ဂုတ္တိုရ်ပါဠိတော်အရ၊ ရုပ်နာမ်,ခန္ဓာ,အာယတန, ဓာတ်,ပဋိစ္စ သမုပ္ပါဒ် စသော၊ ပရမတ်တရားတို့ကို မသိသောသူသည်၊ အန္ဓပုထုဇန်

မည်၏။ထိုရုပ်နာမ်စသော ပရမတ်တရားတို့ကို သိသောသူသည်၊ကလျာဏ ပုထုဇဉ်မည်၏ဟု အဋ္ဌကထာ၌လာ၏။

ထိုအရာ၌ အချို့မှာ၊ သရုပ်သဘောကို သိလျှင်ပင်၊ ကလျာဏပုထုဇဉ်ဟု မှတ်ထင်တတ်၏။ သရုပ်သဘောကိုမျှ မသိသောသူနှင့်စာလျှင်၊ ဟုတ်တန်ရာသကဲ့သို့ဖြစ်၏။ စင်စစ်မှာ၊ ရုပ်နာမ်စသော ပရမတ်တရားတို့၏ သဘောကို သိမှ၊ကလျာဏပုထုဇဉ်ဟု ဆိုသင့်ပေသည်။

ထိုသဘော ဟုတ်မဟုတ်ကို၊ မူလပဏ္ဏာသအဋ္ဌကထာ၌ လာသော အဓိပ္ပါယ်မှာ၊ ပကတိပုထုဇဉ်, သေက္ခပုထုဇဉ်ဟု ၂-မျိုးရှိသည်တွင်၊ လောကီလူတို့၏ အစိုးအစဉ်အတိုင်း၊ဝိပဿနာအလုပ်မှန်ကို အားမထုတ်ဘဲ၊ စိတ်က ကြံစည်ဆင်ခြင်၍၊အတွေးအထင်ဖြင့် သိခြင်းသည်၊ပကတိ ပုထုဇဉ်မည်၏။ထိုပုထုဇဉ်သည်၊ရုပ်နာမ်နှင့်ကိလေသာကို မပိုင်းခြားဘဲ၊ မြင်သောအခါ ယောကျ်ား,မိန်းမ,ပုဂ္ဂိုလ်,သတ္တဝါထင်လျက်၊ နှစ်သက်ခြင်း ကဏှာဖြစ်၏ဟုဆိုလိုသည်။

ဝိပဿနာအလုပ်မှန်ကို အားထုတ်၍၊စိတ်က ကြံစည်ဆင်ခြင်ခြင်းမရှိဘဲ၊ ပကတိ သူ့သဘောအတိုင်း ဖြစ်ပေါ်လာသည်ကို၊ ဝိပဿနာအမှတ်ဖြင့် သိခြင်းသည်၊သေက္ခပုထုဇဉ်မည်၏။ ထိုပုထုဇဉ်သည်၊ ရုပ်နာမ်နှင့် ကိလေသာကို ပိုင်းခြား၍၊မြင်သောအခါ မြင်တယ်မှတ်သဖြင့်၊ ဖြစ်ပေါ်တိုင်းသော ရုပ်နာမ်အာရုံသက်သက်မျှ ဉာဏ်၌ထင်မြင်လျက်၊နှစ်သက်ခြင်းတဏှာမဖြစ်ဟုဆိုလို၏။

ဝိညာဏ်၏ အာရုံသည်၊ ရုပ်နာမ်သက်သက်ဖြစ်၏။ ကိလေသာ၏ အာရုံသည်၊ ပုဂ္ဂိုလ်,သတ္တဝါ, ယောကျ်ား, မိန်းမဖြစ်၏။ မုချဆတ်ဆတ် ပရမတ်ပင်မှန်သော်သည်း၊ ကိလေသာ၏အာရုံဖြစ်က ပုဂ္ဂိုလ်,သတ္တဝါ, ယောကျ်ား,မိန်းမဟုထင်၏။ ဤနည်းကိုမှီး၍၊ ကြားခြင်း,နံခြင်း,စားခြင်း, ထိခြင်း,သိခြင်းတို့၏ အဓိပ္ပါယ်ကိုလည်း၊ အကျယ်ချဲ့ဘွင်၍ ဟုတ်မှန်တိုင်း သိမြင်ကြပါလေ။

**အပ္ပတိဋ္ဌေ အနာလမ္ဗေ၊ ကော ဂမ္ဘီရေ နသီဒတိ။**
**အပ္ပတိဋ္ဌေ အနာလမ္ဗေ၊သေခေါ ဂမ္ဘီရေ နသီဒတိ။**

(သံယုတ်ပါဠိတော်)

အပ္ပတိဋ္ဌေ၊ထောက်ဘည် မှီခိုရာလည်းမရှိသော။ အနာလမ္ဗေ၊ ဆွဲကိုင် အားပြုရာလည်းမရှိသော။ဂမ္ဘီရေ၊လွန်စွာကျယ်နက် ချောက်နရက်၌။ကော၊အဘယ်သူသည်။န သီဒတိ၊မနစ်မြုပ်ပါသနည်း။အပ္ပတိဋ္ဌေ၊

ထသော။အနာလမ္ဘေ၊ထသော။ ဂန္တီရေ၊ချောက်နရက်၌။ သေခေါ၊လမ်းမှန်သော ဝိပဿနာအလုပ်ကို အားထုတ်သော သေက္ခပုဂ္ဂိုလ်သည်။နသိဒတိ၊မနစ်မမြုပ်နိုင်သတည်း။

အဓိပ္ပါယ်ကား၊ နည်းလမ်းမှန်ကို အားထုတ်သော သေက္ခပုဂ္ဂုဇန်ပုဂ္ဂိုလ်မှသာ၊ သံသရာဝဲစာရက်မှ တက်၍၊ အရိယာဘုံဘက်သို့ ရောက်နိုင်သည် ဆိုသဖြင့်၊ အကျင့်နည်းလမ်းဟုတ်သော ဝိပဿနာအလုပ်ကို အားမထုတ်ရသေးသောသူသည်၊ ထောက်တည် ဆွဲကိုင်ရာမရှိ၊ အတိဂန္တီရ နက်ကျယ်လှသော သံသရာပင်လယ်ကြော၌၊ နစ်မြုပ်၍ မျောနေရသောကြောင့်၊လွန်စွာမှ ထိတ်လန့်ကြောက်ရွံ့ဘွယ် ကောင်းလှပေတော့သည်။

ဤသို့အစမထင်သော သံသရာတွင်၊ ကျင်လည်မျောပါးနေရသော သတ္တဝါတို့သည်၊လိပ်ကာဏ်းထန်းပိုးကို ဥပမာပြ၍ဟောသော၊ကာဏကစ္ဆပသုတ်၊ လက်သည်းဖျား၌ တင်ထားသောမြေမှုန့်ကို ဥပမာပြ၍ဟောသော၊နခသိခူပမ သုတ်စသည်ကို ထောက်ဆ၍ငင်း၊ မျက်မြင်အားဖြင့်လည်း မြို့ကြီးတချ၌ရှိသော လူအရေအတွက်သည်၊တောင်ပို့တချ၌ ရှိသော ခြသတ္တဝါလောက် မများသဖြင့်ငင်း၊ လူအဖြစ် ရခဲသည်ကိုသိသင့်၏။

**စတ္တာရောအပါယာ ဂေဟာသဒိသာ။** ။စတ္တာရော အပါယာ၊အပါယ်လေးဘုံတို့သည်။သတ္တာနံ၊ သတ္တဝါတို့၏။ဂေဟာ သဒိသာ၊ အမြဲနေသောအိမ်နှင့် တူကုန်၏။ ။ဤသို့စသောဒေသနာတော်များကို ထောက်ထား၍၊ဘဝပေါင်း ထောင် သောင်း သိန်းသန်းတွင်၊ လူ့ဘဝတကြိမ်ဖြစ်ရန် ခဲယဉ်းကြောင်းကို၊ ကောင်းကောင်းယုံကြည်ကြပျက်၊ လွန်စွာမှ သတိရှိသင့်လှပေသည်။

ငင်းပြင် အဘိဓမ္မာသုတ်၌၊အသုတပုထုဇန်,သုတပုထုဇန်ဟု ၂ မျိုးရှိ၏။ထိုနှစ်မျိုးတို့တွင်၊ နည်းလမ်းမှန်ကိုမကြား ဘူး အားမထုတ်ဘူးသေးသောသူသည်၊အသုတပုထုဇန်မည်၏။ ငင်းသူသည် မြင်သောအခါ၊ ငါက ယောကျ်ား, မိန်းမကိုမြင်သည်ဟု၊မျက်စိ,အဆင်း,မြင်ခြင်း-ရုပ်နာမ်များကို၊အမှားအလွဲစွဲ၍ တပေါင်းတည်းသိသည်မည်၏။

နည်းလမ်းမှန်ကို ကြားဘူး အားထုတ်ဘူးသောသူသည်၊သုတပုထုဇန်မည်၏။ ငင်းသူသည် မြင်သောအခါ၊ မျက်စိဖြင့် အဆင်းကိုမြင်သည်ဟု၊ မျက်စိ, အဆင်း, မြင်ခြင်း- ရုပ်နာမ်များကို၊ ဟုတ်မှန်တိုင်းကွဲပြား၍ တ

ခြားစိ သိသည်မည်၏။ ဤပုထုဇဉ်နှင့်စပ်၍ အရပ်ရပ်သောဒေသနာတို့၌ ကျယ်ဝန်းစွာလာရှိပေသည်။

ဤသို့ပြဆိုခဲ့သော ကျမ်းဂန်စကားနှင့် အဓိပ္ပါယ်သွားကို ထောက်ထား၍၊ပုထုဇဉ် ၂–မျိုးတို့၏သဘောများကို ထင်ရှားစွာ သိမြင်ရန်မှာ၊ **''စာသင် ကရင်တောင် တတ်ကဲ့၊ သဘောနိုက်တော့ မိုက်ထတ်တယ်''**ဟူ၍၎င်း။**''သဘောဟုတ်မှ လောကုတ္တရာ''**ဟူ၍၎င်း ပြောဆိုကြကုန်၏။အစဉ်အလာ ပြောကြားကြသော ရှေးမထေရ်တို့၏စကားထောက်ချင့်၊ သရုပ်သင်္ချာနှင့် အမည်သညာကိုသိကာမျှ၊ ကလျာဏပုထုဇဉ် အစစ် အမှန်မဟုတ်သေးဘဲ၊ ပရမတ် နာမ်ရုပ်၏ သဘောကို ဟုတ်မှန်သော အတိုင်းသိမှ၊ ကလျာဏပုထုဇဉ် အစစ်အမှန် ဖြစ်နိုင်သည်ဟု ယုံကြည်သင့်လှပေ၏။

ထို့ကြောင့် မွေးစပေါက်ကစ၍ မိဘရိုးရာ၊ လောကဓမ္မတာအတိုင်း ပြောဆို ထင်မှတ်သော၊ ပကတိ အန္ဓပုထုဇဉ်အဖြစ်မှ လွန်မြောက်၍၊ ယခုဘဝတွင် မဂ်ဖိုလ်သို့မရောက်ရစေကာမူ၊ပါရမီ အဆောက်အဦးရင့်၍ နောက်ဘဝများ၌ လွယ်လင့်တကူရရှိနိုင်ရန်၊ဟုတ်မှန်သော ပရမတ်မျိုးစေ့ ဗီဇကိုချလျက်၊ ကလျာဏပုထုဇဉ်တို့၏ နည်းလမ်းဖြစ်သော၊ ဝိပဿနာကမ္မဋ္ဌာန်းကို ဖြောင့်တန်းစွာ၊ ကြိုးပမ်း အားထုတ်သင့်လှပေသတည်း။ ပုထုဇဉ် ၂-မျိုးပြားသည်ကို ပြဆိုခြင်းပြီး၏။

---

မာရ်စစ်သည် ဆယ်တပ်ကို သိမှတ်ရန် ပြဆိုခြင်း

**(က) ကာမာ တေ ပဌမာ သေနာ၊ ဒုတိယာ အရတိ ဝုစ္စတိ။**
**တတိယာ ခုပ္ပိပါသာ တေ၊ စတုတ္ထီ တဏှာ ဝုစ္စတိ။ ။**

**(ခ) ပဉ္စမံ ထိနမိဒ္ဓံ တေ၊ ဆဋ္ဌာ ဘီရူ ပဝုစ္စတိ။**
**သတ္တမီ ဝိစိကိစ္ဆာ တေ၊ မက္ခော ထမ္ဘော စ အဋ္ဌမော။ ။**

**(ဂ) လာဘော သိလောကော သက္ကာရော၊**
**မိစ္ဆာလဒ္ဓေါ စ ယော ယသော။**
**ယော စတ္တာနံ သမုက္ကံသေ၊**
**ပရေ စ အဝဇာနာတိ။** ။ (ပဓာနသုတ်ပါဠိတော်)

(၁) **ပါဠိမ၊** ဟာယ်မာရ်ယုတ်။ ကာမာ၊ လူဘဝ, နတ်ဘဝ, ဗြဟ္မာ့ ဘဝ၊ လူစည်းစိမ်, နတ်စည်းစိမ်, ဗြဟ္မာစည်းစိမ် ဟူသော–ဝတ္ထုကာမ

ထို ဘဝ, ထို စည်းစိမ်တို့၌ ပျော်ပိုက်သော၊ တဏှာ သုံးပါးဟူသော- ကိလေသာကာမ၊ ဣကာမ ၂-ပါး အယုတ်တရားစုသည်။ တော၊သင် မာရ်နတ်၏။ ပဌမံ သေနာ၊ ရှေးဦးစွာသော ပထမစစ်တပ်တော်ကြီး ပေတည်း။

(၂) **အရတိ၊** ရဟန်းအဖြစ်၌ မမွေ့လျော်ခြင်း၊ပရိယတ်, ပဋိပတ်၌ မမွေ့လျော်ခြင်း၊ ဆိတ် ငြိမ်သော တောတောင်အရပ်၌ မမွေ့လျော်ခြင်း သမထဘာဝနာ ဝိပဿနာတို့၌ မမွေ့လျော်ခြင်းဟူသော၊အရတိတရား, ဥက္ကဏ္ဌိတတရားစုကို။ဒုတိယ သေနာ၊နှစ်ခုမြောက်သောဒုတိယစစ်တပ် ကြီးဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။

(၃) **ခုပ္ပိပါသာ၊** ရူတင်ပဋိပတ် လွန်ကျဉ်းကျပ်၍၊ နွားငတ်ရေကျ မစားရဘဲ၊မိသကဘတ် ရှိတတ်ရာရာ၊ မျှတခါ၌ ဆာလောင်နွမ်းချည့် ဖြစ်တုံဘိသော်၊ ဆားထိတိရူး ထွန့်ထွန့်လူးသို့၊ အထူးစိတ်စက် အကုန် ပျက်၍၊ ဝိတက်ဗလပ ရမက်ထူခြင်းတည်းဟူသော၊ ခုပ္ပိပါသာ တရား စုသည်။ တော၊ သင်မာရ်နတ်မင်း၏။ တတိယသေနာ၊ တတိယစစ်တပ် တော်ကြီးပေတည်း။

(၄) **တဏှာ၊** ဝမ်းကဟာ၍ ဆာလောင်ချည့်နဲ့ ရှိလာခဲ့သော်၊ စိတ်၌ ကိုယ်၌ အားနွဲ့အင်ယုတ် အကြံဆုတ်လျက်၊ လုပ်ရန်ခပင်း မှုဘင်းလင်း ကို၊ မချဉ်းလိုက်ချင် ပျင်းစိတ်ဝင်၍၊မရွှင်မလန်း စိတ်ကုန်ခန်းခြင်းတည်း ဟူသော၊တဏှာတရားစုကို။ တော၊သင်မာရ်နတ်၏။ စတုတ္ထီသေနာ၊လေးခု မြောက်သော စတုတ္ထစစ်တပ်တော်ကြီးဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။

(၅) **ထိနမိဒ္ဓံ၊** အလုပ်မတွင် အပျင်းဝင်၍၊ မရွှင်ညှိုးနွမ်း စိတ်ကုန် ခန်းသော်၊တသမ်းဝေဝေ မှိုင်တွေငေးမှေ့၊ဖြစ်သနေ့မှစ၍လည်းကောင်း သမ်းကျောင်းဝယ်၊ ဘယ်ပြောင်းညာပြန် မှောက်လှန်လူးလဲ၊ တနွဲ့နွဲ့ အိပ်ခြင်းတည်းဟူသော၊ ထိနမိဒ္ဓတရားစုသည်။ တော၊ သင်မာရ်နတ်၏။ ပဉ္စမံ၊ငါးခုမြောက်သော ပဉ္စမစစ်တပ်တော်ကြီးပေတည်း။

(၆) **ဘီရု၊** အပျင်းစိတ်နှင့် အအိပ်များ၍၊တရားမတက် စိတ်မတက် ဘဲ၊ရမက်နွယ်နွယ် စိတ်သိမ်ငယ်သော်၊ ဘယ်ဘယ်ညာညာ တွေလာ စုတ်နူတ်၊ အကြံရှုပ်၍ သစ်ငုတ်ကိုပင်၊ ဆင်ဘဲ, ကျားဘဲ, ဘီလူးဘဲဟု အသဲတုန်ဆတ်၊ တဖျပ်ဖျပ် လန့်ခြင်းတည်းဟူသော၊ ဘီရုတရားစုကို။

တော၊သင်မာရ်နတ်၏။ ဆဋ္ဌာသေနာ၊ ခြောက်ခုမြောက်သော စစ်တပ်တော်ကြီးဟူ၍။ ပဝုစ္စတိ၊ဆိုအပ်၏။

(၇) **ဝိစိကိစ္ဆာ၊** အကျင့်ပြု၍ ကြောက်မှုကင်းကွာ၊ ရဲပြန်ပါ၍ ဘာဝနာအလုပ်၊ အားထုတ်ပြန်လည်း ဈာန်လမ်း, မဂ်လမ်း၊ စခန်း တိမ်မြုပ် ငုပ်ကြီးငုပ်၍၊ အလုပ်အကြံ အမှန်မုချ၊ လမ်းရိုးကျမည် မကျ မည်ဟု၊ နှစ်လီထွေးယှက် အရေးပျက်အောင်၊ ကန့်ကွက်ဆီးတားတတ် သော၊ ဝိစိကိစ္ဆာတရားစုသည်။ တော၊ သင်မာရ်နတ်၏။ သတ္တမီသေနာ၊ ခုနစ်ခုမြောက်သော သတ္တမ စစ်တပ်တော်ကြီးပေတည်း။

(၈) **မက္ခော ထမ္ဘော၊** ယုံမှားဒွိဟ ကင်းစင်ပ၍၊ နေ့ညအားထုတ် တွင်တွင်လုပ်ရာ၊ .ဘာဝနာနိမိတ် အရိပ်အဆင် အထူးမြင်၍၊ အထင်ကို ပွါး ရှိပြန်ငြားသော်၊ တပါးသူကို လူရာမသွင်း၊ဂုဏ်သတင်းကို နှင်းနယ် ချေဖျက်၊ မိမိထက်သျှင် အသက်သိက္ခာ၊ထေရ်ဝ ကြီးမား သူတို့အားကို၊ ညွတ်တွားမပြု မောက်မာမှုဟူသော၊ မက္ခ, ထမ္ဘ တရားစုသည်။ တော၊ သင်မာရ်နတ်၏။ အဋ္ဌမော၊ ရှစ်ခုမြောက်သော အဋ္ဌမစစ်တပ်တော်ကြီး ပေတည်း။

(၉) **တဒါ၊** ထိုအထူးဝိသေ ဖြစ်ပေါ်လေသဖြင့်၊ မော်လောက်, မောက်လောက် ခရီးရောက်သော အခါ၌။ လာဘောစ၊ လာဘ်သပ္ပကာ များသည်တာ၌၊ သာယာ,တက်ကြွသော-တဏှာ,မာနသည်၎င်း။ သိ လောကောစ၊အရပ်လေးမျက်နှာ ကြော်ငြာနှံ့ပြားသည်၌၊သာယာ,တက် ကြွသော-တဏှာ, မာနသည်၎င်း။ သက္ကာရောစ၊တပါးသူတို့ မရစဘူး ထူးမြတ်သော လာဘ်ကိုရရာ၌၊သာယာ, တက်ကြွသော-တဏှာ,မာန သည်၎င်း။ မိစ္ဆာလဒ္ဓေါ၊ လာဘ်များသည်ထက်များအောင် တရားတု, တရားယောင်တို့ကိုပြု၍၊ ပါပိစ္ဆတဏှာနှင့် ယှဉ်လျက် စင်စစ် အမှောက် အမှားပြု၍ရအပ်သော။ ယော ယသောစ၊ အကြွင်အခြံအရံ အကျော် အစော၌၊သာယာ,တက်ကြွသော-တဏှာ,မာနသည်၎င်း။တော၊သင်မာရ် နတ်၏။ နဝမော၊ ကိုးခုမြောက်သော နဝမ စစ်တပ်တော်ကြီးပေတည်း။

(၁၀) **အတ္တာနံ၊** မိမိကိုယ်ကို။ ယော သမုက္ကံသော၊အကြွင်ချီးပင့် မြှောက်စားမှုသည်၎င်း။ပရေသူတပါးတို့ကို။ယော အဝဇာနာတိ၊အကြွင် မထိမဲ့မြင် မထီလေးစားပြုမှုသည်၎င်း။အတ္ထိ၊ရှိပေ၏။သော၊ထို မိမိကိုယ် ကို မြှောက်ပင့်၍၊သူတပါးကို မထီမဲ့မြင်ပြုခြင်းသည်။ တော၊သင်မာရ်နတ် ၏။ ဒသမော၊ ဆယ်ခုမြောက်သော ဒသမ စစ်တပ်တော်ကြီးပေတည်း။

ဤကား၊ ပုဂ္ဂလာဓိဋ္ဌာန် ဒေသနာတော်ကို၊ ဓမ္မာဓိဋ္ဌာန်ပြု၍ ထင်ရှားအောင်၊ အနက်မြန်မာ ပြန်ဆိုလိုက်ခြင်းဖြစ်၏။ လူ့အဖြစ်ကို မစွန့်နိုင်၍ လူ့ဘောင်၌ပင်၊ ပုထုဇန်အဖြစ်နှင့် သေဆုံးကြသော လူစု။ လူတို့လူ့ဒါန်းသော ကျောင်း, သင်္ကန်း, ဆွမ်း, ဆေး ပစ္စည်းလေးပါးကို မစွန့်နိုင်၍၊ ပဗ္ဗဇိတ ကာမဂုဏ်အလယ်၌ပင်၊ ပုထုဇန်အဖြစ်နှင့် သေဆုံးကြသော ရဟန်းစု။ ဤလူ, ရှင်, ရဟန်းတို့သည် မာရ်မင်း၏ ကာမဟူသော ပထမစစ်တပ်ကြီးနှင့်ဆိုင်မိ၍၊ မလှတမ သေဆုံးကြသော သူတို့ပေတည်း။

တဖန် အချို့သော လူ, ရှင်, ရဟန်းတို့သည်၊ ပထမစစ်တော်ကြီးမှ အလွတ် ထွက်ခဲ့၍၊ ဆိတ်ငြိမ်ရာ တောအရပ်တွင်၊ ရူတင် ပဋိပတ်နှင့် နေကြသော ပုဂ္ဂိုလ်စု။ သမထအာရုံ, ဝိပဿနာ အာရုံနှင့် နေကြရာ၊ သမထနိမိတ်, ဝိပဿနာနိမိတ်၊ အရိပ်အသွင် အထူး မြင်ကြကုန်သော ပုဂ္ဂိုလ်တစုဟု အသီးသီးပြု၍ ရှိကြလေ၏။

ဤပုဂ္ဂိုလ်တို့သည်၊အရတိ,ခုပ္ပိပါသာ, တဏှာ,ထိနမိဒ္ဓ,ဘီရု,ဝိစိကိစ္ဆာ-ဤစစ်တပ်ကြီး ၆-တပ် ဝိုင်းမိပြန်၏။လွတ်အောင် မထွက်နိုင်ကြကုန်ဘဲ ထိုတပ်ထဲမှာပင် ပုထုဇန်အဖြစ်နှင့်၊ မလှတမ သေဆုံးကြရပြန်ကုန်၏။

ထို့နောက်၊ အရိပ်အသွင် နိမိတ်ကိုမြင်၍၊ မက္ခထမ္ဘ လာဘ်လာဘ စသည်တို့ကို၊ သာယာ တက်ကြွသဖြင့်၊ တဏှာ, မာနရှိကြသော ပုဂ္ဂိုလ်တို့သည်၊ ၎င်း မက္ခထမ္ဘ စသော နောက်ဆုံးတပ်ထဲတွင်၊ ပုထုဇန်အဖြစ်နှင့်ပင် သေဆုံးကြကုန်၏။

အချုပ်မှာ၊ သာမည-သဒ္ဓါ, ပညာ, လုလ္လ ဝိရိယမျိုးနှင့် မဖြစ်နိုင်ဘဲ၊ လွန်ကဲသော-သဒ္ဓါ, ပညာ, လုလ္လဝိရိယမျိုးမှ လွတ်မြောက်နိုင်သဖြင့်၊ ထို မာရ်နတ်မင်း၏ ဆယ်ချသော စစ်အတွင်းမှ၊ လွတ်ကင်းအောင် ထွက်နိုင်သောသူတို့ လွန်စွာနည်း၏ဟု ဆိုလိုသည်။

**သော နမုစိ တေ သေနာ၊ ကဏှဿ ဘိပ္ပဟာရိနီ။**
**နန အသူရော ဇိနာတိ၊ ဇေတွာစ လဘတေ သုခံ။ ။**

(ပဓာနသုတ်ပါဠိတော်)

နမုစိ၊လူ,နတ်,ဗြဟ္မာ-သတ္တဝါကို၊ သံသရာညွတ် ဒုက္ခဝဋ်မှ၊ မလွတ်စေမူ အတင်းပြုသည့်၊ ဗိုလ်ထုကြီးလတ် ဟယ်မာရ်နတ်။ ဧသာ၊ ဤကာမ,အရတိ၊အစရှိသော တရားစုသည်။တေ၊သင်မာရ်နတ်၏။သေနာ၊ စစ်သည်ဗိုလ်ထု ရဲမက်စုပေတည်း။ ကဏှဿ၊နှလုံးအမူ အဖြူမဘက်၊ ထယ်လုံးနက်သား၊ ရဲမက်ကြီးလတ် သင်မာရ်နတ်၏။ အဘိပဟာရိနီ၊

ရဟန်း,ရသေ့ ဟူသ၍ကို၊တွေ့တိုင်းပစ်ခတ် အသေသတ်သော၊သေနတ်မီးပေါက် အမြောက်, စိန်,ဖုံးကြီးတွေလည်းမည်၏။

အသူရော၊ သဒ္ဓါ, ဆန္ဒ, ဝီရိယ,ဉာဏ်၊ မစွမ်းသန်သူ ပုထုဇန်မွဲ သူမရဲများသည်။ နံ၊ထိုစစ်သည် တပ်ကြီးဆယ်တန်၊ သင်၏ရန်ကို။ နဖိနာတိ တွန်းလှန်တိုက်ဖျက် အလွတ်ထွက်ခြင်းငှါ၊ မစွမ်းနိုင်ကြလေ။ သူရော ဝေ၊ သဒ္ဓါ, ဆန္ဒ, ဝီရိယ, ဉာဏ်၊ထက်သန်ကြီးမား လွန်စွန့်စားသော၊ ယောကျ်ား အာဇာနည် များသည်သာလျှင်။ ဇိနာတိ၊ မြက်နွယ်တပင် ထိမထင်သို့၊ အလျင်အမြန် တွန်းလှန်တိုက်ဖျက်၊ အလွတ်ထွက်ခြင်းငှါ စွမ်းနိုင်ကြလေ၏။ ဇေတွာစ၊ တွန်းလှန်တိုက်ဖျက်၊ အလွတ်ထွက်နိုင်မှသာလျှင်။ သုခံ၊ ဗိုလ်ထုအများ ဆယ်တပ်သားတို့၏၊ ခေးဘေး,လှံဘေး လက်နက်ဘေးမှ၊ ကင်းဝေးလှစွာ မြတ်ချမ်းသာကို။ လဘတေ၊ ခံစားရရှိနိုင်ကြလေသတည်း။

ပြဆိုခဲ့သော မာရ်နတ်မင်း၏ စစ်တပ်ကြီးဆယ်တပ်တို့ကို၊ တွေ့မြင်ကြကုန်သော ယောဂီပုဂ္ဂိုလ်တို့သည်၊ ငါသည် ယခု ဘယ်စစ်တပ်သို့ ဆိုက်ရောက်နေပြီဟု သိရသဖြင့်၊ရောက်ရာ စစ်တပ်များမှလွန်၍၊ အဆုံးစွန်သော စစ်တပ်မှ ထွက်မြောက်နိုင်ရန်၊ အဖန်ဖန် စစ်တိုက်သော အလားဖြင့်၊ ဝိပဿနာကမ္မဋ္ဌာန်းတရားကို မနေမနားဘဲ၊ ကြိုးစားရှုမှတ်သင့်လှပေသတည်း။

မာရ်စစ်သည် ဆယ်တပ်ကို ပြဆိုခြင်းပြီး၏။

## သတိပြုရန် အခက်းခက်းတို့ကို ခွဲခြမ်း၍ ပြဆိုခြင်း

ယခုအခါ လွန်စွာမြင့်မြတ်လှသည့်၊သာသနာတော်ကြီးနှင့် တွေ့ဆုံ၍၊ ဒုလ္လဘငါးပါးနှင့် ပြည့်စုံကြသော ရဟန်းသူတော်ကောင်း၊ဒုလ္လဘ လေးပါးနှင့် ပြည့်စုံကြသော လူသူတော်ကောင်း အပေါင်းတို့သည်၊ ဤကျမ်း၏အဆုံးတွင် စုဆောင်း၍ပြအပ်သော၊ အရပ်ရပ် နည်းလမ်းသာဝေကဝဇ္ဇသွားနှင့်၊ မျက်မြင်ဒိဋ္ဌ တွေ့ကြုံနေကြသော အမှုများကို၊ သဘာဝတရား၌ မယွင်းမမှားကြစေရန်၊ အဖန်ဖန် သတိထား၍ အရေးကြီးစွာ စဉ်းစားဆင်ခြင်သင့်လှပေသည်။

စဉ်းစားရန်မှာ၊ပရမတ်သဘောတရားမည်သည်၊အမှန်သို့ မရောက်သေးသူတို့မှာ၊ အနမတဂ္ဂ သံသရာမှစ၍ အထုံဝါသနာ အလေ့အလာ အားကြီး များပြားစွာဖြင့်၊ အရိုးအစဉ် မှတ်ထင် နေကြသော၊ ပညတ်

တရားနှင့် မခြားနားသကဲ့သို့ဖြစ်နေ၍၊ မိမိတို့၏ အယူဝါဒ လွဲမှားသော်လည်း၊ ပယ်ရှားစွန့်လွှတ်ရန်မှာ လွန်စွာမှ ခဲယဉ်းလှပေသည်။

ခဲယဉ်းသည့် အကြောင်းမှာ၊ မိမိကိုယ်က အမှားအမှန်ကို မသိခြင်းကြောင့်ရင်း၊ အမှန်ဟုသိသော်လည်း ဆရာသမားကို ငဲ့ခြင်း၊ တပည့်ဒကာကို ငဲ့ခြင်း၊ ပစ္စည်းလာဘ်လာဘ ဂုဏ်ပကာသနနှင့်၊ ဆရာအဖြစ်မှ တပည့်၊ အကြီးအဖြစ်မှ အငယ်၊အထက်တန်းမှ အောက်ကျခြင်း စသော လောကီရေးတို့ကြောင့်၊များသောအားဖြင့် ခဲယဉ်းကြလေသည်။

ဤကဲ့သို့ ဖြစ်ဘူးသည်မှာ၊ဥရုဝေဠစသော ရှင်တထောင်ချွတ်ခဏ်း၌ မကြုံစဘူး ထူးဆန်းအံ့သြဘွယ်ကောင်းသော၊ တန်းခိုးကို အမျိုးမျိုး ပြသော်လည်း၊အရှင်ဂေါတမ တန်ခိုးကြီးပါပေ၏၊ငါတို့လို ရဟန္တာကား မဟုတ်ဟု ပြောဆိုပြီး၊ အနည်းနည်း ငြင်းပယ်လေ၏။ထိုသို့ပြောဆိုသည်မှာ မိမိတရားကသာ မှန်၍၊ သူတပါး၏ တရားကို အမှားထင်ခြင်းပေတည်း။

နောက်ဆုံး မပယ်နိုင်သောအခါ၊ဆရာ ဥရုဝေဠက သင်တို့ဘယ်လို သဘောရသလဲ၊ငါဖြင့် ဂေါတမနောက်သို့ လိုက်ချင်ပြီဟုဆိုရာ၊ တပည့်များက တပည့်တော်တို့ လိုက်ချင်သည်မှာကြာပါပြီ၊ဆရာကိုငဲ့ညှာ၍သာ နေရပါသည်ဟု ပြောကြလေသည်။

ငင်းပြင်။ သေတဗျူ့ရှိ ရာဇညမင်းကို ချွတ်သောအခဏ်း၌၊ အရှင်ကုမာရကဿပသည်၊ အမျိုးမျိုးသော ဥပမာကိုပြ၍ဟောရာ၏ တရားမှန်သော်လည်း တပည့်တော်၏ အယူကိုမစွန့်နိုင်ပါဟု၊အခါခါ ငြင်းပယ်လေသည်။

တရားမှန်လျက်နှင့် အဘယ့်ကြောင့် ငြင်းသနည်းဟုမေးရာ၊သာဝတ္ထိ ရာဇဂြိုဟ်စသော တိုင်းပြည်ရှိခင်းများ သိပြီးဖြစ်၍၊ အယူဝါဒပြောင်းရာ၌ကဲ့ရဲ့ကြမည်ကို ရှက်သည်ဟုပြော၏။ဤကဲ့သို့ပြောသည်မှာ သံသရာရေးထက်၊ လောကရေးကို ငဲ့ကွက်၍ ရှက်သင့်ရာ၌ မရှက်ဘဲ၊ မရှက်သင့်ရာ၌ ရှက်ခြင်းကြောင့်ဖြစ်လေ၏။

တဖန် သိဉ္စည်းဆရာကြီးသည်၊ တပည့် ဥပတိဿက၊ ဂေါတမမြတ်စွာဘုရားထံမှာ အမှန်တရားရှိသည်၊ ကြွတော်မူပါဟုပြောရာ။လောက၌ အမှန်နှင့်အမှား ဘယ်ကများသနည်းဟု မေးသဖြင့်၊ အမှန်က နည်းပါး၍ အမှားက များကြောင်းပြောပြလေ၏။

ဤသို့ပြောသောအခါ၊ သင်သွားလိုလျှင် သွားတော့ ငါမလိုက်လို၊ အမှန်လိုက်နိုင်သူ အနည်းငယ်သာ ဂေါတမထံမှာရှိ၍၊ အမှားလိုက်သူများစွာတို့ ငါ့ထံမှာ ကျန်ခဲ့လိမ့်မည်ဟု၊ မြစွာတည်သော အိုးစရိုးကြီးအဖြစ်မှ၊ ခပ်လောင်းသော အိုးငယ်မဖြစ်လိုဟု၊ဥပမာဖြင့် ပြောဆိုလိုက်လေ၏။

ထိုကဲ့သို့ ပြောဆိုသည်မှာ၊ လွန်စွာမွန်မြတ်လှသည့် မဂ်ဖိုလ်နိဗ္ဗာန်ကြီးများကိုပင်၊ စားရေး ဝတ်ရေးစသော လောကီ ပစ္စည်းလောက်မျှ အဘိုးမတန်သကဲ့သို့၊ ထက်သန် အားကြီးလှသော၊ လောဘ, ဒေါသ, မောဟတို့ကြောင့် ဖြစ်ရလေတော့သည်။

ယခုပြဆိုခဲ့သော ဝတ္ထုသက်သေများကို ထောက်ထား၍၊ မဂ်ဖိုလ်နိဗ္ဗာန်ကို အမှန်လိုလားသဖြင့်၊ တရားကိုရှာကြသော သူတော်ကောင်းတို့သည်၊ အကြောင်းအကျိုး အမှားအမှန်ကို၊ ကေန်မသိရှိ မတွေ့မြင်ကြသေးလျှင်၊ဤကျမ်းတွင် ရေးသားပါရှိသော၊အားထုတ်နည်းများကို၊စမ်းသပ်ပြုလုပ်ရန်၊ အမှန်ပင်သင့်လျော်လှပေသည်။

မိမိအယူဝါဒ၊ မှားသည်ဟုသိလျက်နှင့်၊ လောကီအတွက်ဖြစ်သော၊ ဆရာ,တပည့်,ဒကာ,ဒကာမ၊ ပစ္စည်းလာဘ်လာဘနှင့် ဂုဏ်ပကာသနစသည်တို့ကို ငဲ့ကွက်၍၊အမှန်ဘက်သို့ မလိုက်နိုင်ကြ ဖြစ်နေသောသူများမှာ၊ **"အသိခေါက်ခက်-အဝင်နက်"** ဆိုသကဲ့သို့၊ ပြောဘွယ်ရာ မရှိသဖြင့် မိမိ၏ အကျိုးအပြစ်များကို၊ လွန်ကဲစွာသတိထားပြီး စဉ်းစားဆင်ခြင်ရန်သာ ရှိကြလေတော့သည်။

အထူးမှာ။ လမ်းမှန်နှင့် လမ်းမှား ၂-မျိုးတို့တွင်၊လမ်းမှန်သို့ လိုက်သောသူသည်၊လမ်းမှား လိုက်နေသူကို များစွာနူတ်ဖြင့် အပြစ်မဆိုတတ်ပေ။သို့သော်၊တရားကို ထိခိုက်လာလျှင်၊ ပြင်းပြစွာမခံနိုင်သော စိတ်များဖြစ်တတ်ကြလေ၏။ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုသောအခါ၊ သုဘဒ်ရဟန်းကြီးပြောသည်ကိုအရှင်မဟာကဿပ မထေရ်ကြီးညည်းညူပြီး သံဝေဂဖြစ်သကဲ့သို့ မှတ်အပ်ပေ၏။

တရားမှန်သို့ မလိုက်မိသေးသောသူကမူကား၊ တရားမှန်သို့ လိုက်မိသောသူကို လွန်စွာအပြစ်ဆိုတတ်ကြလေ၏။ထိုပုဂ္ဂိုလ်တို့တွင် ဒေသနာဉာဏ်ကြီးမား၍၊ ဗဟုသုတများသောသူတို့မှာ သာ၍ပင်၊ အမှားမှ အမှန်သို့ရောက်အောင် ပြုပြင်ရန် ခဲယဉ်းလှပေ၏။ ထို့ကြောင့်၊ ဤသဘော

မျိုးကိုရည်၍၊ **အမှားကြတော့ အမှန်ဖြစ်၊ အမှန်အစစ် အမှားထင် ဘုရားရှင်ပင် ဟောလို့မရ** ဟု မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီး၊ မိန့်ကြားတော်မူဘူးလေသည်။

သို့သော်၊ ဤကဲ့သို့ အပြစ်ဆိုလွန်းသောသူများ၊ အမှန်ကို ပယ်မှာမှ လိုက်စားလာ၍ အမှန်ကိုသိသောအခါ၊ အရှင်သာရိပုတ္တရာ၏ မဟာကော စသည်တို့ကဲ့သို့၊ လွန်ခဲ့သောအမှားများကို ဝမ်းနည်းပူဆွေးသောအား ဖြင့်၊ တမ်းတကြွေးခြင်းများ အားကြီးတတ်၍ မှားယွင်းခြင်း မရှည်လျား မတိုးပွားမီ၊ သတိတရားကို မြဲမြဲစွာရှေ့ထားပြီး များများကြီး ဆင်ခြင် စဉ်းစားသင့်လှပေသတည်း။

**သတိပြုရန်အစကားခကားတို့ကို ပြဆိုခြင်းပြီး၏။**

## ဤကျမ်းအပြီးအဆုံး နိဂုမ်းဂါထာပါဠ်အနက်ကို ပြဆိုခြင်း

၁ ဧကတ္တိံ့ အဋ္ဌဝသ်ေ၊မာဂသိရေဝ ပုဏ္ဏမေ။
ဘီးလင်းပုရေ ဝသန္တေန၊ဝိဟာရေရည မဏ္ဍိတေ။ ။
၂ နာနာကုလာန မဏ္ဍာသ၊နာနာဒေသနိဝါသိနံ၊
မယာ ဂတော အယံဂန္ထော၊အနာယာသေန နိဋ္ဌိတော။
၃ ဣမိနာယံ ဂဟေတွာန၊အာဂုဘောထေဝ သာသနေ။
နာနာကုလာ သုခံ သဗ္ဗေ၊ဓမ္မံ ဇုဏှိန္တု သဗ္ဗနာဂါ။

ဘီးလင်းပုရေ၊ သာသနာခေတ် အနှစ်ငါးရာ၊ ရှေးအခါက၊ ရာဇာဝင် လိန် နာဂသိန်တို့၊ အကြိမ်များစွာ သာသနာကို၊ ကောင်းစွာပြုကြ၊ ထွန်း လင်းပသည့် သာဂရပြည်အဝင် ယခုခေတ်တွင်၊ ပြင်သစ်မင်းတို့ ပိုင်နင်း အာဏာ လွှမ်းသာယာသည်၊ နိလာကျောက်တွင်း မြို့ဘီးလင်း၌။ မဏ္ဍိ တော၊ နိမ့်မြင့်ဝေဆာ ပဒေသာသို့၊ ရက္ခာပင်မျိုး ဖြန့်ကြက်မိုး၍၊ ကောင်းပိုး ယှက်သန်း စိတ်အေးချမ်းသဖြင့်၊ ဝိမ့်စမ်းအပေါင်း ပျော်ဘွယ်ကောင်း အောင်၊ ကျုံးမြောင်းပတ်လယ်၊ အသွယ်သွယ် တို့ဖြင့်၊ တင့်တယ်စွာ တန်းဆာဆင်အပ်သော။ အရည ဝိဟာရေ၊ ယောဂီစိတ်ဓာတ် ပုဂ္ဂိုလ်မြတ် တို့၊ မပြတ်နိစ္စ သပ္ပါယဖြင့် မျှတစမွါယ် လွှန့်တင့်တယ်သည့်၊ မွေ့လျော် ဘွယ်ကောင်း ခေမာသိမ် မည်သော ကောရကျောင်း၌။ ဝသန္တေန၊ ယောဂါဝစရ အမည်ရလျက်၊ ပဓာနငြမ်း ဝိပဿနာကမ္မဋ္ဌာန်းကို၊ ခွဲခြမ်း

တွေတွေ၊ ဟောပြောပြသ၍နေသော။ မယာ၊ကျိုက္ကစံ ပဏ္ဍိမွေ၊ အနွဏ္ဏ ခေါ်မည် ငါမထေရ်သည်။

နာနာဒေသ နိဝါသိနံ၊ အထူးထူးသော မြို့,ရွာ,ခရိုင် နိုင်ငံတို့၌ နေထိုင်ကြကုန်သော။ နာနာကုလာနံ၊မွန်, ရှမ်း, မြန်မာ အစဖြာလျက်၊ ဂန္ဓာရ တိုင်းသား ယိုးဒယား,ခမင်၊ ထို့အပြင် လော, ယွန်း၊ သိဟိုဠ်ကျွန်းနှင့် ခေါ်ညွှန်းဂျာပန် အင်္ဂလန်,ဟိန္ဒူ၊ဗမ္မူ၊တလွှား အထူးထူးသောလူမျိုးများတို့၏။ အတ္တာသယ၊ မိမိတို့ဘာသာ အက္ခရာဖြင့်၊ လွယ်စွာရေးတင် ရှုဆင်ခြင်လျက်၊ အစဉ်မပြား ကျင့်ကြံသွား၍၊ မဂ်ဖိုလ် နိဗ္ဗာန်တိုင်အောင် အကျိုးများကြစေခြင်းငှါ။ကထော၊ပါဠိ,အဋ္ဌကထာ,ဋီကာ ဓိပ္ပါယ်လာနှင့်၊ များစွာသီးသီး ဆရာကြီးတို့၏၊အနည်းနည်းဝါဒ ညီအောင်ပြလျက်၊ သဘာဝလာဟန် နည်းလမ်းမှန်ကို၊ စီမံရေးသားတော်မူအပ်သော။ အဃံ ဂဏ္ဌော၊ နိဗ္ဗာန်သွားလမ်း ဝိပဿနာကမ္မဋ္ဌာန်း၏၊ ထူးဆန်း နက်ကျယ်သဘောအဓိပ္ပါယ်ကို၊ သိလွယ်စေခြင်းငှါ နည်းဖြာဖြာဖြင့်၊ ထင်စွာဖွင့်ပြ ဖြောင့်မှန်လှသည့်၊ နာမသညာ သကတ်လာကြောင့်၊ **ဝိပဿနာဒီပနီ** အမည်ရှိသော။ ဝါ၊ပရမတ်ရုပ်နာမ် ဖြစ်ပျက်ဟန်ကို၊ဖန်ဖန်စေ့ငု ဉာဏ်စက္ခုဖြင့်၊ကြည့်ရှု အားထုတ်နိုင်ရန်နည်းလမ်း အခဏ်းခဏ်းကို၊ ခွဲခြမ်းဝေဘန်၍ ပြဆိုရာ ပြဆိုကြောင်း ဖြစ်သောကြောင့်၊ **ဝိပဿနာဒီပနီ** အမည်ရှိသော ဤကမ္မဋ္ဌာန်း ကျမ်းသည်။ ကောဇ္ဇ အဋ္ဌဝသော၊ မြန်မာ့ဝေါဟာ ကောဇာသက္ကရာဇ်၊ရေတွက်စစ်သော် ၁၂၈၈-ခုနှစ်၌။ မာဂသိရဝ ပုဏ္ဏမေ၊ နတ်တော်လပြည့် တနင်္ဂနွေနေ့၌။အနာယာသေန၊မငြိုငြင် မပင်ပန်း ချမ်းသာလွယ်ကူခြင်းဖြင့်။ နိဋ္ဌိတော၊ကျမ်းဂန်အဆုံး နိဂုံးခါးပတ် အပြီးသတ်လေပြီ။

ဣမံနယံ၊ ဤကျမ်းဂန်၌ ဖြောင့်မှန်ဖွင့်ပြ နည်းလမ်းအရကို။ ဂဟေတွာန၊ သို့လောသို့လော မတွေးတောဘဲ၊ သဘောစင်ပြု စိတ်စွဲယူ၍။ အာရဘေထေဝ၊ အပတ်တကုတ် လွန်စွာ အားထုတ် ကုန်ရာ သလျှင်ကတည်း။ အာရဘိတွာန၊ ယုံကြည်စိတ်ခတ် အမြဲကပ်လျက်၊ အပတ်တကုတ် လွန်စွာအားထုတ်နိုင်ကြကုန်သည်ဖြစ်၍။ဣဓသာသနေ၊မြတ်စွာဘုရား ဟောကြားမိန့်မှာ ဤသာသနာတော်မြတ်အတွင်း၌။ ဝါ၊ ဣဓဘဝေ၊ မျက်မြင်ဒိဋ္ဌ တွေ့ကြုံနေကြသည့် ဤယခုပစ္စုပ္ပန်ဘဝ၌။ အစိရမ္ဘိ၊ ကာလတွက်ချင့် မကြာမြင့်ပင်လျှင်။ နာနာကုလာ၊ အထူးထူးအပြားပြား များစွာသောလူမျိုးတို့မှ ဖြစ်ကြကုန်သော။ဘဇ္ဇေ၊ခပ်သိမ်းဉာဏ်သုံ အလုံးစုံ

ကုန်သော။ သဗ္ဗနာ၊ အယူတပါး မမှားမစောင်း သူတော်ကောင်း အပေါင်းဘို့သည်။ သုခံ၊ သုခပဋိပဒါ ခိပ္ပါဘိညာဟုဆိုအပ်သော၊ လျင်မြန်သော အသိဉာဏ်ဖြင့် ချမ်းသာလွယ်ကူလှစွာ။ ဓမ္မံ၊ မဂ်ဖိုလ်နိဗ္ဗာန်တရားမှန်ကို။ ဗုဒ္ဓါနံ၊ သစ္စာလေးဆင့် ငုံအာရင့်၍ ပွင့်လင်းသိမြင်နိုင်ကြပါစေကုန်သတည်း။ ဣတိ၊ ဤတွင်အဆုံး နိဂုမ်းခါးပတ် အပြီးသတ်သည့်တည်း။ ။ကျမ်းပြီးအဆုံး နိဂုမ်းကထာပါဌ်အနက် ပြီး၏။

**နာနာနယ ကထာ ပြီး၏။**

တိုက်အုပ်စရိယ ထေရေန၊ မင်းကွန်းဝိဟာရ ဝါသိနာ။
ကိဋ္ဌကာလံ သုပသိတွာ၊ သဗ္ဗေဒံ သုဝိသောဓိတံ။
ခလိတံ ကိဋ္ဌ သောဓေတွာ၊ ပဿန္တု တုဋ္ဌမာနသာ။
ဣမိနာ ပုညကမ္မေန၊ သိဇ္ဈံပဋ္ဌေါမိ နိဗ္ဗုတိံ။ ။

## ဝိပဿနာဒီပနီကျမ်းကြီး ပြီးပြီ။

## မင်းကွန်း
## နိဗ္ဗာန မဂ္ဂဒီပနီ
## မကြာမီ ပုံနှိပ် ထုတ်ဝေပါမည်
## မျှော်ပါ။

# အမှား-အမှန် ပြင်ဆင်ချက်။

| မျက်နှာ နံပါတ် | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၃၇ | ၁၄ | ၂ ဒွိဟိတ် | ဒွိဟိတ် |
| ၅၅ | ၁၂ | ၅၇၂၀ | ၁၇၂၀ |
| ၅၉ | ၂၆ | ဧဝဒနံ | ဝေဒနံ |
| ၆၉ | ၃ | ဣမယေသု | ဣန္ဒြိယေသု |
| ၇၉ | ၂၂ | ရှေ့အစွန်း၏-မူလ | ရှေ့အစွန်း၏-မူလ။ |
| ၈၄ | ၂၄ | မခြားမပြယ် | မခြားမပြတ် |
| ၈၈ | ၃၀ | အပပခွဲခြမ်း | အဖုံဖုံခွဲခြမ်း |
| ၉၀ | ၆ | သုညတမဂ်တို့ကိ | သုညတမဂ်တို့ကို |
| ၉၁ | ၂၁ | အကုသိုလ် | ကုသိုလ် |
| ၉၂ | ၂၀ | ၃-ပါး ၎င်း ၃-ပါး။တွင် | ၃-ပါး။၎င်း ၃-ပါးတွင်၊ |
| ၉၃ | ၂ | ချုပ်ငြိမ်းသည် | ချုပ်ငြိမ်းသည် |
| ၉၆ | ၂ | တ်ကောင်းတာ, | ကောင်းတာ, |
| ၉၆ | ၂၆ | စက္ခုဝိညာဏ | စက္ခုဝိညာဏ် |
| ၉၇ | ၂၉ | နံ့သောခဏမည်၏ | နံ့သောခဏမည်၏။ |
| ၁၀၂ | ၁ | ဝဝတ္ထာပေတာဗွံန္တိ | ဝဝတ္ထာပေတဗ္ဗန္တိ |
| ၁၀၆ | ၇ | လွန်ခမြောက်မြင်း | လွန်းမြောက်ခြင်း |
| ၁၀၈ | ၂၁ | နာမ်ရုပ်တို့တို့၏ | နာမ်ရုပ်တို့၏ |
| ။ | ၂၃ | နာရုပ်တို့၏ | နာမ်ရုပ်တို့၏ |
| ၁၀၉ | ၁ | အကတ်သည် | အတိတ်သည် |
| ၁၁၁ | ၅ | ရွှေထိုး | ရွှေတုံး |
| ။ | ၁၀ | ဝိဘတ် | ဝိဘတ် |
| ။ | ၂၃ | သမ္ပဇာနကာရီ | သမ္ပဇာနကာရီ |
| ၁၁၂ | ၉ | မမူတ်နှင့် | မမှတ်နှင့် |
| ။ | ၂၉ | ဟူအောပုဒ်၌ | ဟူသောပုဒ်၌ |
| ၁၂၄ | ၂၀ | ဖုံးချင်ထယ် | ဖုံးချင်တယ် |
| ။ | ၂၉ | ကွင်သီး | ကွမ်းသီး |
| ၁၂၅ | ၁၃ | စားရေး | စာရေး |
| ။ | ၂၀ | အနောင်ယကား | နောင်အလကား |
| ၁၃၀ | ၂၆ | ဖေါက်ခွ | ဖေါက်ခွဲ |
| ၁၃၃ | ၁၈ | သမသန | သမ္မသန |
| ၁၃၅ | ၇ | ကိုယ်,စက် | ကိုယ်,စိတ် |
| ၁၃၈ | ၁ | တုမ္ဗိတော | တုမ္ဟတော |

# အမှား-အမှန် ပြင်ဆင်ချက်။

| မျက်နှာ နံပါတ် | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၁၄၁ | ၁၉ | အန္တ္တရာယ် | အန္တရာယ် |
| ၁၄၃ | ၄ | နာပ်ရှပ် | နာမ်ရုပ် |
| ။ | ၂၁ | အညစ်အကြေးဥ။ပက္ကိလေသ | အညစ်အကြေး ဥပက္ကိလေသ |
| ၁၄၆ | ၈ | တတြိမ်တဖန် | တကြိမ်တဖန် |
| ၁၄၇ | ၂ | ဤဟရားကို | ဤတရားကို |
| ၁၅၀ | ၉ | ဘဝဖန် | ဘဝ တဖန် |
| ၁၅၅ | ၁၅ | မမြင့်သဖြင့် | မမြင်သဖြင့် |
| ၁၅၆ | ၂၉ | အနုပ္ပါ၊ | အနုပ္ပါဒ်၊ |
| ၁၆၁ | ၄ | သမုဒသစ္စာကို- | သမုဒယသစ္စာကို- |
| ။ | ၂၁ | ပစ္စဝေက္ခဏာတ္တာယ | ပစ္စဝေက္ခဏာတ္တာယ |
| ။ | ၂၆ | ဘဝင်္ဂသာ | ဘဝင်္ဂသ |
| ၁၆၂ | ၂၄ | ဥယဗ္ဗယဉာဏ် | ဥဒယဗ္ဗယဉာဏ် |
| ၁၆၃ | ၁၈ | တတြိမ် | တကြိမ် |
| ၁၇၁ | ၂၂ | နိန္ဒ | နိန္ဒ |
| ၁၇၈ | ၁၅ | တတိယဉာဏ် | တတိယမဂ်ဉာဏ် |
| ။ | ၂၇ | သဘာ | သုဘာ |
| ၁၈၁ | ၄ | ကာလလံဝိယ | ကလလံဝိယ |
| ။ | ၁၉ | ဋ္ဌိဒ္ဒိ | ဒ္ဒိဋ္ဌိ |
| ။ | ၂၄ | ဤငါးတို့သည် | ဤငါးပါးတို့သည် |
| ၁၈၃ | ၂၉ | လွှမ်း၍ | လွှမ်းမိုး၍ |
| ၁၈၇ | ၂၈ | ပရိယုဋ္ဌာန်ယုလေသာ | ပရိယုဋ္ဌာန်ကိလေသာ |
| ၁၉၄ | ၁၀ | နိရဝရသေသာ | နိရဝသေသာ |
| ။ | ။ | အညီအဟောသိ | သညီအဟောသိ |
| ၁၉၅ | ၁၂ | ဒေသ | ဒေါသ |
| ၁၉၇ | ၂၅ | ဘုရာ | ဘုရင် |
| ၁၉၈ | ၂၅ | အရိသာဝက | အရိယာသာဝက |
| ၂၁၂ | ၂၇ | မပတ်သေး | မပယ်သေး |
| ၂၁၅ | ၂၅ | ဝိဒ္ဒိတခမ္မော | ဝိဒ္ဒိတဓမ္မော |
| ၂၄၂ | ၁၈ | တွေ့ကြုံဘော | တွေ့ကြုံသော |
| ၂၄၆ | ၂၇×၂၈ | ခေါ်မူ၏။ | ခေါ်တော်မူ၏။ |
| ၂၅၀ | ၂၉ | ဝဋ္ဋကာမ | ဝဋ္ဋကာမ၊ |
| ၂၅၂ | ၂၈ | ပရေသူတပါးတို့ကို။ | ပရေ၊ သူတပါးတို့ကို။ |
| ၂၅၄ | ၄ | နဇီနာတိ | နဇီနာတိ၊ |

## မင်းကွန်း

## ကမ္မဋ္ဌာန်းပေါင်းချုပ် မည်သော

# အရိယာမဂ္ဂဒီပနီ

●

**မင်းကွန်း၊ ဓမ္မကထိက ဝိပဿနာကျမ်းပြုဆရာကြီး ဦးမြတ်ကျော်**

ရေးသားအပ်သော ဤစာအုပ်မှာ၊ မိမိ အလိုရှိရာ စခန်းသို့ လွယ်ကူစွာ ရောက်လိုသွားလိုသောခရီးသွားပုဂ္ဂိုလ်သည် မိမိသွားရာလမ်းခရီးစဉ်ကို ပိုင်ပိုင်နိုင်နိုင် သိမှသာ လိုရာစခန်းသို့ ဖြောင့်တန်းစွာ ရောက်နိုင်သလို အရိယာမဂ်တည်းဟူသော ရိပ်သာစခန်းသို့ ဝင်ရောက်လိုသော ယောဂီပုဂ္ဂိုလ် အပေါင်းအား အရိယာ မဂ်စခန်း၏သွားရာ ခရီးစဉ်နှင့် တူသည့် သိမှတ်လေ့လာ ကျင့်သုံးထိုက်သော ပရပတ် ရုပ်,နာမ် နှင့် သတိပဋ္ဌာန် အချက်အလက်တို့ကို (၁) သာသနာ့ယုဂ ကဏ္ဍ၌ သာသနယုဂ ခေတ်ငါးတန်ကို ဝေဘန်ထားခြင်း (၂) ကမ္မဋ္ဌာန နုဂ္ဂဟ ကဏ္ဍ၌ ကမ္မဋ္ဌာန်း တောင်းခံယူပုံနည်းနှင့် ယောဂီပုဂ္ဂိုလ်တို့၏ ပုဗ္ဗကိစ္စအရပ်ရပ်ကို ဝေဘန်ထားခြင်း (၃) ဝိစာရဏာ ကဏ္ဍ၌ ယောဂီပုဂ္ဂိုလ်တို့၏ ဉာဏ်၌ထင်လာသည့် အာရုံကို မေးမြန်းပုံနှင့် ရုပ်,နာမ်,ပရမတ်, ခွဲခြားပုံကိုတခမ်းတနား ဖေါ်ပြထားခြင်း (၄)ဉာဏကဏ္ဍ၌ အရိယာတို့ကျင့်စဉ် မဂ္ဂင်ရှစ်ပါးကို အထင်အရှား ဝေဘန်ထားခြင် (၅) ပကိဏ္ဏက ကဏ္ဍ၌ သာသနာ နှင့် စပ်လျဉ်းသည့် အရပ်ရပ်သော ဝါဒစကားကို ပြဆိုရှင်းလင်းထားခြင်း (၆) ဝိသောဓန ကဏ္ဍ၌ သရဏဂုံ အရ၌ အတု အပ အစစ် အမှန်ကို ဝေဘန်ထားခြင်း (၇) ပုစ္ဆာဝိသဇ္ဇနာကဏ္ဍဖြင့် ခက်ခဲသော ကမ္မဋ္ဌာန်းဆိုင်ရာ ပုစ္ဆာ အထွေထွေကို ဖြေဆိုထားခြင်း (၈) ဝိနိစ္ဆယ ကဏ္ဍ၌ လယ်တီ၊ မင်းကွန်း၊ ညောင်လွန့်၊ မိုးညှင်း၊ ငှက်တွင်း ဓမ္မစေတီစသော ဂိုဏ်းဆရာတို့၏ ဝါဒအရပ်ရပ်ကို ဆုံးဖြတ်ပြဆိုထားခြင်းဖြင့်၊ ယောဂီပုဂ္ဂိုလ်တို့၏ အလိုဆန္ဒကို တင်းပြည့် ကျပ်ပြည့် ဖြည့် စွမ်း နိုင် သော အထက်တန်းကျသည့် အရိယာ မဂ်လမ်းပြ စာအုပ်တအုပ်ဖြစ်ပေသည်။ ပဋိပတ္တိလိုက်စားသူတိုင်း ဝယ်ယူဘတ်ရှု လေ့လာအားထုတ် သင့်ပေကြောင်း။

**တအုပ် ၁၀။**

သာသနာ့အလင်း စာပေဌာန

**အမှတ် ၁၆-ရွှေတိဂုံ ဘုရားကြီးဈေး-ရန်ကုန်။**